www.burmeseclassic.com

# မြသန်းတင့်

# ခေတ်သစ်သမိုင်း ငှိုကာ

ဒုတိယအကြိမ်

# E.H. Carr

# What Is History ?

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၃၈/ ၂၀၀၂ ၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၂၅/ ၂၀၀၂ (၈)

ထုတ်ဝေသူ – ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)(မြဲ ၀၉၁၀)၊ အမှတ်(၁၁၁)၊ ၃၃ လမ်း၊ ကျောက်တံတား။ ပုံနှိပ်သူ –ဒေါ်မြင့်မြင့်အေး(ရွှေတိဂုံအော့ဖ်ဆက်)၊ ၆/က၊ ဒေါနလမ်း၊ ရေကျော်၊ ပုဇွန်တောင်။ ကွန်ပျူတာ – မြန်မာ။ စာအုပ်ချုပ် – စွယ်တော်။ မျက်နှာဖုံးပန်းချီ – ဘဌေးကြည်

အုပ်ရေ – ၁၀၀၀
တန်ဖိုး – ကျပ်
အကြိမ် – ဒုတိယအကြိမ်

ဖြန့်ချိရေး

မြန်မာစာအုပ်တိုက် – အမှတ်–၁၄၅၊ ၃၆လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း – ၀၁–၂၅၆၁၈၂၊ ၂၅၃၂၉၅
ထွန်းဦးစာပေ – ၈၄လမ်း၊ ၂၉–၃၀လမ်းကြား၊ မန္တလေး။

မြန်မာစာအုပ်တိုက်



# ခေတ်သစ်သမိုင်းငြိကာ

## မြသန်းတင့်

၂၀၀၂ အောက်တိုဘာ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခေတ်သစ်သမိုင်းဋီကာ | ၃ |
| ၂။ | သမိုင်း၁သဿနှ၊ သမိုင်းအမြင် | ၁၅ |
| ၃။ | သမိုင်းဆရာနဲ့ သမိုင်းအချက်အလက် | ၂၉ |
| ၄။ | လူ့အဖွဲ့အစည်းတဲ့ လူပုဂ္ဂိုလ် | ၃၅ |
| ၅။ | သမိုင်းခေတ်နဲ့ သမိုင်းဆရာ | ၄၇ |
| ၆။ | လူထုဟာ သမိုင်းဖန်တီးသူဖြစ်တယ် | ၅၉ |
| ၇။ | သမိုင်းဟာ သိပ္ပံပညာရပ်လား၊ ဝိဇ္ဇာပညာရပ်လား | ၆၇ |
| ၈။ | သမိုင်းနိမိတ်ဖတ်ချက်၊ သမိုင်းသင်ခန်းစာ | ၇၇ |
| ၉။ | သမိုင်းဝင်ပုဂ္ဂိုလ်၊ ကိုယ်ကျင့်တရား၊ သမိုင်းဆရာ | ၈၇ |
| ၁၀။ | သမိုင်းကို ဘယ်စံနဲ့ တိုင်းကြမလဲ | ၉၇ |
| ၁၁။ | သမိုင်းနဲ့ ပစ္စယတရား | ၁၀၉ |
| ၁၂။ | သမိုင်းဆိုင်ရာ ဟေတုကဝါဒ | ၁၁၅ |
| ၁၃။ | သမိုင်းရှောင်တခင်ဖြစ်မှု၊ သို့မဟုတ် ကလီယိုပက်ထရာ၏နှာတံ | ၁၂၅ |
| ၁၄။ | သမိုင်းဟာ အစဉ်တိုးတက်နေတယ် | ၁၃၅ |
| ၁၅။ | သမိုင်းနဲ့ အကြွင်းမဲ့တရား | ၁၄၃ |
| ၁၆။ | နိုင်လျှင်အာဏာနည်း၊ ရှုံးလျှင်သစ္စာဖောက် | ၁၄၉ |
| ၁၇။ | သမိုင်းဟာ ပြောင်းလဲမှု၊ လှုပ်ရှားမှု | ၁၅၇ |
| ၁၈။ | အချက်အလက်နဲ့ တန်ဖိုး | ၁၆၁ |
| ၁၉။ | သမိုင်းနဲ့ အနာဂတ် | ၁၆၅ |
| ၂၀။ | သမိုင်းဆရာနဲ့ ဖရိုက် | ၁၇၃ |
| ၂၁။ | ဆင်ခြင်တုံတရား တော်လှန်ရေး | ၁၇၉ |
| ၂၂။ | ပရမတ္ထသမိုင်း | ၁၈၇ |
| ၂၃။ | ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာကြီးဟာ လှုပ်ရှားပြောင်းလဲနေတယ် | ၁၉၅ |




www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းဆရာနဲ့သူ့အချက်အလက်များ

အောက်ပါဆောင်းပါးဟာ အင်္ဂလိပ်လူမျိုး သမိုင်းပါမောက္ခတစ်ယောက်ဖြစ်တဲ့ **အီး၊ အိတ်ချ်၊ ကား**[1] ရဲ့ဟောပြောချက်များထဲက ကောက်နှုတ်ချက်များ ဖြစ်ပါတယ်။ ဟောပြောချက်များဟာ ၁၉၆၀ ပြည့်နှစ်၊ ကိန်းဗရစ်တက္ကသိုလ်မှာပြုလုပ်တဲ့ မက္ကောလေး ထရီဗီလျံ အထိမ်းအမှတ် ဟောပြောပွဲတွေမှာ ပို့ချသွားတဲ့ ပို့ချချက်များ ဖြစ်ပါတယ်။ မက္ကောလေးဟာ ထင်ရှားတဲ့ သမိုင်းဆရာကြီးတစ်ဦးဖြစ်ခဲ့ပြီး ထရီဗီလျံ ဟာလဲ ထင်ရှားတဲ့ အင်္ဂလိပ်သမိုင်းဆရာကြီးတစ်ဦး ဖြစ်ပါတယ်။ ကိန်းဗရစ်တက္ကသိုလ်ဟာ အခါအားလျော်စွာ သမိုင်းဆရာကြီးများရဲ့အထိမ်းအမှတ် ဟောပြောပွဲများကို ပြုလုပ်ရာမှာ သက်ရှိ ထင်ရှားရှိနေတဲ့ သမိုင်းဆရာတွေကို ပင့်ဖိတ်ပြီး ဟောပြောပို့ချစေခဲ့ပါတယ်။

ပါမောက္ခကားဟာ ၁၈၉၂ ခုနှစ်မှာမွေးပြီး ကိန်းဗရစ်တက္ကသိုလ်မှာ ပညာသင်ခဲ့ပါတယ်။ ၁၉၁၆ ခုနှစ်မှာ တက္ကသိုလ်ကထွက်ပြီး ၁၉၁၆ ခုနှစ်မှာ ဗြိတိသျှနိုင်ငံခြားရေးဌာနမှာ ဝင်ရောက် အမှုထမ်းခဲ့ပါတယ်။ ၁၉၃၆ ခုနှစ်မှာ နိုင်ငံခြားရေးဌာနကထွက်ပြီး ဝေလပြည်နယ် တက္ကသိုလ်မှာ ကမ္ဘာ့နိုင်ငံရေးရာ ပါမောက္ခအဖြစ် အမှုထမ်းခဲ့ပါတယ်။ ၁၉၄၁ ခုမှ ၁၉၄၆ ခုနှစ် အတွင်းမှာတော့ ပါမောက္ခကားဟာ နာမည်ကျော် 'တိုင်းသတင်းစာကြီး'မှာ လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ပါတယ်။ ၁၉၅၃ ခုနှစ်နဲ့ ၁၉၅၅ခု အတွင်းမှာ အောက်စဖို့တက္ကသိုလ်၊ ဘေလီယမ်ကောလိပ်မှာ နိုင်ငံရေးပညာ နည်းပြအဖြစ် ဆောင်ရွက်ခဲ့ပြန်ပါတယ်။ ပါမောက္ခကားဟာ ကျမ်းပေါင်းများစွာနဲ့သမိုင်းရေးရာ စာတမ်းများစွာကို ရေးသားခဲ့တဲ့ ပညာရှင်တစ်ဦးလဲ ဖြစ်ပါတယ်။ သူ့ရဲ့ထင်ရှားတဲ့ ကျမ်းတွေထဲမှာ တစ်ခုကတော့ အတွဲ ခြောက်တွဲရှိတဲ့ 'ဆိုဗီယက် ရုရှားနိုင်ငံသမိုင်း 'ဖြစ်ပါတယ်။

ယခုဖော်ပြပါ ဆောင်းပါးဟာ ကိန်းဗရစ်တက္ကသိုလ်မှာ ဟောပြောခဲ့တဲ့ ဟောပြော ချက်များထဲက ကောက်နုတ်ချက် ဖြစ်ပါတယ်။

မြန်မာပြန်သူ

1. E H. Carr



## ခေတ်သစ်သမိုင်းဇာတ်ကြောင်း

သမိုင်းဆိုတာဘာလဲ။ ဒီမေးခွန်းဟာ မေးစရာမလိုတဲ့မေးခွန်း၊ အဓိပ္ပာယ်မရှိတဲ့ မေးခွန်းလို့တချို့က ထင်ကောင်းထင်ကြလိမ့်မယ်။ လိုတယ် မလိုဘူးဆိုတာကို 'ကိန်းဗရစ်ခေတ်သစ်သမိုင်းကျမ်း 'ပထမနှိပ်ခြင်းနဲ့ ဒုတိယနှိပ်ခြင်း နိဒါန်းမှာပါတဲ့ စာပိုဒ်နှစ်ခုကို နှိုင်းယှဉ်ပြရင်းဖြေပါ့မယ်။ 'ကိန်းဗရစ် ခေတ်သစ်သမိုင်းကျမ်း 'ကို ကြီးကြပ်တည်းဖြတ်ရတဲ့ သမိုင်းဆရာကြီး **လော့ဒ်အက်တန်**[1] ရဲ့၁၈၉၆ခု အောက်တိုဘာလထဲမှာ ကိန်းဗရစ်တက္ကသိုလ် ပုံနှိပ်တိုက် အုပ်ချုပ်ရေးအဖွဲ့ထံ တင်တဲ့ အစီရင်ခံစာထဲမှာ အောက်ပါစာပိုဒ် တစ်ပိုဒ်ပါပါတယ်။

'ဆယ့်ကိုးရာစုနှစ်ကြီးက အမွေပေးခဲ့မည့် အသိဉာဏ်ပညာ အဝဝကို အများပြည်သူတို့အကျိုးငှာ ပြည့်စုံစွာ မှတ်တမ်းတင်ခွင့် ရရှိခြင်းသည် ထူးခြားသော အခွင့်အရေးကြီး တစ်ရပ် ဖြစ်ပါသည်။ . . . မျှတစွာ အလုပ်တာဝန် ခွဲဝေခြင်းဖြင့် ကျွန်ုပ်တို့သည် နိုင်ငံတကာရေးရာသုတေသနနှင့် ပတ်သက်၍ အရင့်ကျက်ဆုံး ကောက်ချက်များ၊ နောက်ဆုံးမှတ်တမ်းမှတ်ရာများကို လူတိုင်းလက်သို့ရောက်အောင် ပို့ဆောင်ရန် ကြိုးစားကြရမည် ဖြစ်သည်။"

" ကျွန်ုပ်တို့သည် **အန္တိမသမိုင်း**[2] ကိုမူ လက်ရှိမျိုးဆက်တွင် ရနိုင်တော့မည် မဟုတ်ချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် သမားရိုးကျရာဇဝင်သမိုင်းကိုမူ ဖော်ထုတ်နိုင်ကြပေလိမ့်မည်။ ယခုအချိန်၌ ကျွန်ုပ်တို့တွင် သတင်းအချက်အလက်များအားလုံးကို ရရှိနိုင်ပြီ ဖြစ်ရုံမျှမက ပြဿနာတိုင်းကိုလည်း ဖြေရှင်းနိုင်သော အနေအထားတွင် ရောက်ရှိနေပြီ ဖြစ်သည့်အလျောက် သမားရိုးကျရာဇဝင်မှ အန္တိမရာဇဝင် သို့သွားသော လမ်းကြောင်းတွင် ကျွန်ုပ်တို့ ရောက်နေသော နေရာကိုပြနိုင်ကြပြီ ဖြစ်ပေသည်။"

1. Lord Acton 2. Ultimate History

www.burmeseclassic.com



နောက်ထပ်နှစ်ပေါင်းများကိုဆယ်စုနှစ်တွေ ကြာတဲ့အခါမှာ 'ကိန်းဗရစ်သမိုင်းကျမ်း' ကို ပြုစုသောဆရာကြီး ပုံနှိပ်ထုတ်ဝေခဲ့တယ်။ အဲဒီမှာဒီယနိုဝါဒ်ခြင်းနိဒါန်းမှာ တည်းဖြတ်သူ ပါမောက္ခ ဆာဂျော့ကလပ်ကဲ့သို့သော 'အန္တိမရာဇဝင်သမိုင်း' ကို ရရှိနိုင်လိမ့်မယ်လို့ ယူဆခဲ့ကြတဲ့ အက်တန်နဲ့ သူ့လုပ်ဖော်ကိုင်ဖက်များရဲ့အယူအဆကို ဝေဖန်ပြီးနောက် အောက်ပါအတိုင်း ရေးသားခဲ့ပြန်ပါတယ်။

" မနောင်းမျိုးဆက် ခေတ်များမှ သမိုင်းဆရာများသည် ထိုမျှော်မှန်းချက် (ပြည့်စုံသောတစ်နေ့တွင် 'အန္တိမရာဇဝင်သမိုင်း' ကို ရရှိလိမ့်မည် ဟူသောမျှော်မှန်းချက်) ကို ယခုအခါ ရှိကြောင်းမပြုကြတော့ပြီ။ မိမိတို့၏ သမိုင်းကျမ်းများကို နောက်လူတို့က အဖန်တလဲလဲ ပြုပြင်ရေးသား ကြလိမ့်မည်ဟုမျှော်လင့်ပြီး ဖြစ်ကြပေသည်။ မျိုးဆက်တောက အမွေထားခဲ့သော အသိပညာတို့သည် လူတစ်ဦး သို့မဟုတ် လူများများ၏ စိတ်ဆန္ဒများမှတစ်ဆင့် သက်ဆင်းလာခဲ့ကြပြီး ထိုစိတ်ဆန္ဒများ၏ 'ပုံသွင်း' ပေးချက်အရ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်ဟု ယူဆကြပေသည်။ ထို့ကြောင့် ထိုအသိပညာများထဲတွင် မည်သည့်အရာကမျှ ပြောင်းလဲစေခြင်း ငှာမတတ်နိုင်သော၊ အမြဲမပြောင်းလဲ ကျသော၊ ပုဂ္ဂိုလ်ဆန္ဒစွဲမပါသော အဏုမြူမှုန်များ ပါဝင်ဖွဲ့ဆည်းထားသည် ဟုလည်း မယူဆကြတော့ပေ။ စူးစမ်းရှာဖွေမှုသည် အဆုံးမသတ် ရှိနေမည်သာ ဖြစ်ပေသည်။ ဤတွင် စိတ်မရှည်သောပညာရှင်တို့သည် သံသယဝါဒသို့ ပြေးဝင်ခိုလှုံကြတော့သည်။ သို့မဟုတ်လျှင်လည်း သမိုင်းအကဲဖြတ်ချက်တို့သည် ပုဂ္ဂိုလ်စွဲ၊ အမြင်တို့ ပါဝင်နေသည့်အလျောက် ယင်းတို့အားလုံးသည်လည်း သူ့နည်းနှင့်သူ မှန်ကန်လျက် ရှိသဖြင့် လောကတွင် 'ဒိဋ္ဌမမ္မ' ကျသော သမိုင်း အမှန်တရားဟူ၍လည်း မရှိနိုင်ဟူသော အယူအဆတွင် ပြေးဝင်ခိုလှုံသွားကြလေသည်။"

ဒါကိုကြည့်ရင် သမိုင်းနဲ့ပတ်သက်တဲ့ အယူအဆဟာ ပညာရှိများကြားမှာ ပင်လျှင် တစ်ဦးနဲ့တစ်ဦးမတူ၊ အမြင်ခြင်း ဖြောင့်ဖြောင့်ကြီးကွဲလွဲ ဆန့်ကျင်နေတာကိုတွေ့ နေရတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အဲဒီသမိုင်းအယူအဆတွေကို စူးစမ်း လေ့လာသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ၁၈၉၀ ခုနှစ်များမှာရေးခဲ့တဲ့ အယူအဆ (အက်တန်၏အယူအဆ) ဟာ မမှန်ဘူးလို့ပြောနိုင်လောက်အောင် ကျွန်တော့်မှာ လုံလောက်တဲ့ အထောက်အထားတွေ ရှိတယ်လို့ထင်ပါတယ်။ ဒါပေမယ့် ၁၉၅၀ ခုနှစ် များအတွင်းမှာရေးခဲ့တဲ့ အယူအဆများ(ပါမောက္ခ ဂျော့ကလပ်၏အဆိုအမိန့်)ဟာ လုံးဝမှန်ကန်တယ်လို့ ပြောရလောက်အောင်တော့လဲ ကျွန်တော်မရဲသေးဘူး။ ဒီအကြောင်းကိုပြောရတာဟာ သမိုင်းရဲ့တရားကို အကြောင်းကိုပြောရတာထက် တောင် ကျယ်ဝန်းနက်ရှိုင်းတယ်လို့ထင်စရာရှိတယ်။ အမှန်ကတော့ သမိုင်းအယူအဆ

---

1. Sir George Clark





နဲ့ပတ်သက်တဲ့ အက်တန်နဲ့ ဆာဂျော့ကလပ်တို့ရဲ့ပဋိပက္ခဟာ ကာလနှစ်ခုအကြားမှာ လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့အမြင်တွေပြောင်းလဲသွားရာက ပေါ်ပေါက်လာတဲ့ ပဋိပက္ခသာ ဖြစ်ပါတယ်။ အက်တန်ဟာ သူ့အယူအဆကိုတင်ပြရာမှာ ဝိတိုရိယ ခေတ်နှောင်းကာလရဲ့အပြုယုံကြည်ချက်၊ ဝိတိုရိယခေတ်နှောင်းကာလရဲ့ အမြင်ရှင်းတဲ့ ကိုယ့်ကိုယ်ကို ယုံကြည်ချက်နဲ့ဖော်ပြသွားခြင်းဖြစ်တယ်။ ဆာဂျော့ ကလပ်ကတော့ **ဘီဂျင်နရေးရှင်း**' လို့ခေါ်တဲ့ **ဘီတနစ်**[2] မျိုးဆက်ခေတ်ရဲ့ထွေပြားတဲ့ သံသယဝါဒ နဲ့ဇဝေဇဝါနိုင်မှုကို ပဲ့တင်ထပ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ သမိုင်းဆိုတာ ဘာလဲဆိုတဲ့ အမေးကို ဖြေဖို့ကြိုးစားတဲ့နေရာမှာ ကျွန်တော်တို့ဟာလည်း (သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ) ဒီခေတ်မှာ ကျွန်တော်တို့ရောက်ရှိနေတဲ့ အနေအထားကို ရောင်ပြန်ဟပ်ပြီး ဖြေရမှာပါပဲ။ ကျွန်တော်တို့မှီတင်းနေထိုင်ရာ လက်ရှိလူ့အဖွဲ့ အစည်းကြီးကိုဘယ်လိုသဘောထားသလဲ၊ ဘယ်လို မြင်သလဲဆိုတဲ့ ကျယ်ပြန့်တဲ့ ပြဿနာကြီးကို ဖြေဆိုတဲ့ အဖြေရဲ့အစိတ်အပိုင်း တစ်ခုပဲ ဖြစ်နေမှာပါပဲ။ သေချာစွာ လေ့လာ လိုက်တဲ့အခါမှာ အခုကျွန်တော် တင်ပြမယ့် ပြဿနာဟာ သေးဖွဲရာများ ရောက်နေမလားလို့ကျွန်တော် မစိုးရိမ်ပါဘူး။ ဒီလောက်ကြီးကျယ်ပြီး ဒီလောက် အရေးကြီးတဲ့ ပြဿနာကြီးကို မနိုင်မနင်း ကောက်ကိုင်မိမှာကိုပဲ ကျွန်တော် စိုးရိမ်ပါတယ်။

၁၉ ရာစုနှစ်ကြီးဟာ အချက်အလက်တွေကို အလွန်အသားပေးတဲ့ ခေတ်ကြီး ဖြစ်တယ်။ 'ကျွန်တော် လိုချင်တာဟာ အချက်အလက် တွေပဲဖြစ်တယ်။ လောကမှာ အချက်အလက်ကိုပဲ လိုချင်တယ်' လို့ မစ္စတာ ဂရက်ဂရိုင်း[3] က ဟာ့ဒ်တိုင်းမ်စ်[4] ဆိုတဲ့ စာအုပ်မှာ ရေးခဲ့ပါတယ်။ ဆယ့်ကိုးရာစုနှစ် သမိုင်းဆရာများ အားလုံးလောက်ကလဲ သူ့နဲ့သဘောတူကြပါတယ်။ ၁၈၃၀ ခုနှစ်များ အတွင်းတုန်းက သမိုင်းကို အမှား အမှန် စောကြောစစ်ဆေးတာကို သမိုင်းဆရာ **ရန်ကေး**[5] က တရားမှန်ကန်စွာ ကန့်ကွက် ရေးသားရာမှာ သမိုင်းဆရာရဲ့ အလုပ်ဟာ 'အရှိကို အရှိအတိုင်း ရေးသားဖို့သာ' ဖြစ်တယ်လို့ ရေးခဲ့ပါတယ်။ များစွာလေးနက်ခြင်း မရှိလှသည့်တိုင် ဒီစကားလုံးဟာ တော်တော်လေး သြဇာလွှမ်း မိုးခဲ့ပါတယ်။ ဂျာမန်၊ ဗြိတိသျှနဲ့ပြင်သစ်သမိုင်းဆရာ မျိုးဆက်သုံးဆက်ဟာ 'အရှိကို အရှိတိုင်း' ဆိုတဲ့ စကားလုံးကို ဂါထာလို ရွတ်ဖတ် သရဇ္ဈာယ်ပြီး တိုက်ပွဲဝင်ခဲ့ကြတယ်။ ကိုယ့်ဦးနှောက်နဲ့ကိုယ် ကျေးဇူးခြင်းဆိုတဲ့ ငြီးငွေ့ဖွယ်ပင်ပန်းစရာကောင်းတဲ့ တာဝန်ကြီး တစ်ရပ်ကို ရှောင်လွှဲဖို့အတွက် သူတို့ဟာ ဒီစကားလုံးကို ဂါထာလို ရွတ်ဖတ် သရဇ္ဈာယ်ကြခြင်း ဖြစ်ပါတယ်။

သမိုင်းကို သိပ္ပံပညာရပ်ကြီး တစ်ခုအနေနဲ့တူထောင်ဖို့စိတ်ထားခဲ့ကြတဲ့

---

1. Beat Generation 2. Beatnik, 3. Gradgrind 4. Hard Times 5. Ranke



www.burmeseclassic.com

www.burmeseclassic.com

အပြုဝါဒီများကလည်း သူတို့အရှိန်အဝါတွေကို သုံးပြီး အချက်အလက်ကိုးကွယ်ရေးကို အသားပေးခဲ့ကြတယ်။ 'အချက်အလက်တွေကို သေချာအောင်လုပ်ပါ ပြီးမှ အဲဒီ အချက်အလက်တွေပေါ်ကနေပြီး ကိုယ့်ကောက်ချက်ကိုဆွဲထုတ်ယူပါ' လို့ အပြုဝါဒီ တွေက ပြောခဲ့ကြပါတယ်။ ဗြိတိန်မှာတော့ သမိုင်းအမြင်ဟာ အတွေ့အကြုံဝါဒရဲ့ အစဉ်အလာတွေနဲ့ တထပ်တည်း ဖြစ်နေပါတယ်။

ဗြိတိသျှဒဿနိကဗေဒသမိုင်းကို ပြန်ကြည့်ရင် လော့ခ်[1] မှသည် ဘာထရန်ရပ်ဆဲ အထိအတွေ့ အကြုံဝါဒဟာ ဩဇာကြီးခဲ့ပါတယ်။

အတွေ့အကြုံဝါဒီတို့ရဲ့အသိပညာဆိုင်ရာ သဘောတရားမှာ ပြုလုပ်သူနဲ့ ပြုလုပ်ခြင်းခံရသူဟာ (ကတ္တားပိုင်းနဲ့ကမ္မပိုင်း) တို့ဟာ တစ်ခုစီ သီးခြားတည်ရှိနေကြတယ်လို့ ယူဆပါတယ်။ အချက်အလက်များက အာရုံထင် အရာများလိုပဲ အပြင်ကနေ ဝင်ရောက်လာပြီး အာရုံခံသူရဲ့သိစိတ်နဲ့သီးခြားကင်းလွတ်နေတယ်လို့ ယူဆကြပါ တယ်။ အာရုံကိုရရှိခြင်းဖြစ်စဉ်ဟာ (တစ်နည်း အချက်အလက်ကို ရရှိတဲ့ ဖြစ်စဉ်ဟာ) မလှုပ်မရှား အသေဖြစ်တယ်လို့ယူဆပါတယ်။ အချက်အလက်တွေ သူ့အာရုံထဲကို ဝင်ရောက်လာတော့မှ အာရုံကို ရရှိသူဟာ စတင်လှုပ်ရှားခြင်းပြုတယ် လို့ယူဆပါတယ်။ ဒါကြောင့်မို့ အတွေ့အကြုံ ဝါဒီဂိုဏ်းရဲ့ အသုံးကျသော်လည်း ဘက်လိုက်တဲ့ ကျမ်းတစ်စောင် ဖြစ်တဲ့ **'အောက်စဖို့အင်္ဂလိပ် အဘိဓာန် သခင်ပကျမ်း'** က အချက်အလက်ကို အနက်ပေးတဲ့ နေရာမှာ **'ကောက်ချက်နဲ့ကွဲပြားခြားနားသော အတွေ့အကြုံအချက်အလက်အစုအပေါင်း'** လို့ အနက်ပေးခဲ့ပါတယ်။ ဒါဟာ အများလက်ခံထားကြတဲ့ သမိုင်းနဲ့ ပတ်သက်တဲ့ သမားရိုးကျ အမြင်ပါပဲ။ သမိုင်း ဆိုတာ သေချာစွာသိထားတဲ့ အချက်အလက်တွေကို စုပေါင်းထားတာဖြစ်တယ်။ သမိုင်းဆရာဟာ အချက်အလက်တွေကို မှတ်တမ်းတွေ၊ ကျောက်စာတွေ၊ မင်စာတွေ ထဲကရနိုင်တယ်။ အချက်အလက်ဟာ ငါးသည်ရဲ့ဗန်းထဲက ငါးတွေနဲ့တူတယ်။ သမိုင်း ဆရာဟာ အဲဒီထဲက အချက်အလက်တွေကို စုစည်းမယ်၊ အိမ်ကိုယူသွားမယ်။ သူ ကြိုက်တဲ့ ပုံစံနဲ့အဲဒီငါးတွေကို ချက်ပြုတ်ကြော်လှော်ပြီး တည်ခင်းမယ်။ အက်တန် ကတော့ ဖွယ်ဖွယ်ရာရာကို ကြိုက်တတ်သူ မဟုတ်တဲ့အတွက် သူရတဲ့အချက် အလက်ကို ရိုးရိုးပဲ ချက်ပြုတ်ပြီး တည်ခင်းတယ်။ 'ကိန်းဗရစ်ခေတ် သမိုင်းကျမ်းကြီး' ကို ပြုစုဟဲ့သူများအား ညွှန်ကြားချက်ပေးရာမှာ အက်တန်က 'ကျွန်တော်တို့ရေးတဲ့ ဝါတာလူးစစ်ပွဲ အကြောင်းဟာ ဂျာမန်ကိုဖြစ်ဖြစ်၊ အင်္ဂလိပ်ကို ဖြစ်ဖြစ်၊ ပြင်သစ်ကို ဖြစ်ဖြစ်၊ ဒတ်ချ်လူမျိုးကိုပဲဖြစ်ဖြစ် ဘယ်သူ့ကိုမဆို ကျေနပ်မှု ပေးနိုင်ရမယ်။ သမိုင်း ကျမ်းပြုလာသူများရဲ့စာရင်းကို ကြည့်ရင် ဒီသမိုင်းကျမ်းမှာ ဘယ်သူဟာ ဘယ်နေရာ

1. John Lock





ကဘယ်နေရာအထိရေးတယ်၊ ဘယ်အခန်းကိုဘယ်သူရေးတယ်ဆိုတာ ဘယ်သူမှ မပြောနိုင်အောင် ရေးရမယ်။ ဒီအချက်ဟာ သမိုင်းပြုစုရာမှာ အရေးကြီးတဲ့ လိုအပ်ချက် ဖြစ်တယ်' လို့ ပြောတယ်။ အက်တန်ရဲ့သမိုင်းအယူအဆကို ဝေဖန်ခဲ့တဲ့ ဂျော့ကလပ် သည်ပင်လျှင် သမိုင်းကို ပြုစုရာမှာ 'အမာခံအချက် အလက်နဲ့ အပေါ်ယံအခွံနဲ့တူတဲ့ အငြင်းပွားဖွယ် အဓိပ္ပာယ်ကောက်ချက်ကို သီးသန့်ခွဲခြားထား ရမယ်' လို့ ပြောခဲ့တယ်။ ဒီနေရာမှာ အပေါ်ယံအခွံဟာ အတွင်းသား အမာခံထက် ပိုပြီးအရေးကြီးတယ်၊ ပိုပြီးအရသာရှိတယ်ဆိုတာကို ဂျော့ကလပ် မေ့သွားဟန်တူတယ်။ 'အချက်အလက်ကို ရောက်အောင် ပထမသွား၊ ပြီးတော့မှ အဓိပ္ပာယ်ဖွင့်' ဆိုတဲ့ ဆောင်ပုဒ်ဟာ အတွေ့ အကြုံဝါဒီတို့ရဲ့သမိုင်းအမြင်၊ သမားရိုးကျဂိုဏ်းရဲ့ သမိုင်းအမြင်ဖြစ်တယ်။ ဒါ ကြောင့်ထင်ပါရဲ့။ ထင်ရှားတဲ့ လစ်ဘရယ်သတင်းစာဆရာကြီး တစ်ဦးဖြစ်တဲ့ စီ၊ပီ၊စကော့[1] က 'အချက်အလက်တို့သည် အထွတ်အမြတ်ဖြစ်၍ ထင်မြင်ချက်မှာ လွတ်လပ်၏' လို့ ရေးခဲ့ဟန်တူပါတယ်။

ကျွန်တော်ကတော့ ဒီအဆိုအမိန့်တွေကို လက်မခံချင်ပါဘူး။ ဒီနေရာမှာ အတိတ်ကထားခဲ့တဲ့အသိပညာတွေနဲ့ပတ်သက်လို့ဒဿနဆန်ဆန် မဆွေးနွေးတော့ ပါဘူး။ သမိုင်းနဲ့ပတ်သက်လို့ ဥပမာတစ်ခုပဲ ကျွန်တော် ပြချင်ပါတယ်။ ရောမစစ်ဘုရင် ဆီဇာဟာ ရူဘီကွန် ချောင်းကလေးကို ဖြတ်ကျော်သွားတယ်ဆိုတဲ့ အချက်နဲ့ ဒီအခန်းရဲ့ အလယ်မှာ စားပွဲတစ်လုံးရှိတယ်ဆိုတဲ့ အချက်ဟာ နှစ်ခုစလုံး အချက်အလက်မှန်တွေ ဖြစ်တယ်။ သို့မဟုတ် နှိုင်းယှဉ်လို့ရတဲ့ အချက်အလက်တွေ ဖြစ်တယ်။ ဒီအချက် နှစ်ချက်စလုံးဟာ ကျွန်တော်တို့ရဲ့သိစိတ်ထဲကို ရောက်လာကြတယ်။ သိမြင်တဲ့ လူတစ်ဦးအဖို့ ဒီအချက်နှစ်ချက်စလုံးဟာ ဒိဋ္ဌဓမ္မကျတဲ့အချက်တွေဖြစ်တယ်။ ဒီမှာတင် ပြဿနာပေါ်လာပြီ။ အတိတ်တုန်းက ရှိခဲ့တဲ့ အချက်အလက်တိုင်းကို သမိုင်း အချက်အလက်လို့ခေါ်ရတော့မှာလားလို့မေးစရာ ဖြစ်လာပြီ။ ကောင်းပြီ။ ဒါဖြင့်ရင် သမိုင်းအချက်အလက်နဲ့အတိတ်တုန်းက အချက်အလက်ကို ကျွန်တော်တို့ ဘယ်လို ခွဲခြားကြမလဲ။ အချက်အလက်တစ်ခုဟာ သမိုင်းအချက်အလက်တစ်ခုဟုတ်မဟုတ် ကို ဘယ်မှတ်ကျောက်နဲ့စစ်ဆေးကြည့်မှာလဲ။

သမိုင်းအချက်အလက်ဆိုတာဘာလဲ။ တော်တော်အရေးကြီးတဲ့ ပြဿနာ ဖြစ်တဲ့အတွက် ဒီပြဿနာကို ကျွန်တော်တို့သေသေချာချာ လေ့လာဖို့လိုပါတယ်။ သမားရိုးကျ သမိုင်းဆရာများအဖို့ကတော့ အခြေခံအချက်အလက်များဟာ သမိုင်း ဆရာအားလုံးအဖို့အတူတူချည်းပဲ။ အဲဒီအချက်အလက်တွေဟာ သမိုင်းရဲ့ ကျောရိုးပဲလို့ယူဆကြတယ်။ ဥပမာအားဖြင့် ၁၀၆၆ ခုနှစ်မှာ တိုက်ခဲ့တဲ့ ဟေးစတင်း

1. C. P .Scott



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲ ဆိုပါတော့။ ဒီလို အချက်အလက်များဟာ ဘယ်သမိုင်းဆရာအဖို့ပဲ ဖြစ်ဖြစ် ပြောင်းလဲလို့ မရတဲ့ အခြေခံအချက် ဖြစ်တယ်လို့ ယူဆကြတယ်။ ဒါပေမယ့် ဒီအမြင်ကို လက်ခံမယ်ဆိုရင် သတိပြုစရာ နှစ်ချက်ရှိတယ်လို့ ကျွန်တော်ထင်တယ်။ ပထမ အချက်အားဖြင့် သမိုင်းဆရာ အဓိကအရေးတကြီးထားတဲ့ အချက်အလက်ဟာ ဒီလို အချက်အလက်မျိုး မဟုတ်ဘူးဆိုတဲ့ အချက်ပဲ။ ဟုတ်ပါတယ် ဟေ့စတင်းတိုက်ပွဲကြီးဟာ ၁၀၆၅ ခုနှစ်၊ သို့မဟုတ် ၁၀၆၇ ခုနှစ်မှာ ဖြစ်တာမဟုတ်ဘဲ ၁၀၆၆ ခုနှစ်မှာ ဖြစ်တယ်ဆိုတဲ့ အချက်ဟာ သိဖို့အရေးကြီးပါတယ်။ ဒီတိုက်ပွဲကြီးဟာ အီစလင်မှာ သို့မဟုတ် ဘရိုက်တန်မှာ ဖြစ်ပွားတာမဟုတ်ဘဲ ဟေ့စတင်းအရပ်မှာဖြစ်တယ် ဆိုတာလည်း အရေးကြီးတာ မှန်ပါတယ်။ သမိုင်းဆရာဟာ ဒီလို အချက်အလက်မျိုးမှာ မှားလို့မဖြစ်ပါဘူး။ ဒါပေမယ့် ဒီလိုပြဿနာမျိုးပေါ်လာရင် သမိုင်းဆရာကြီး ဟောက်စမင်း[1] ရဲ့စကားတစ်ခွန်းကို သွားသွားပြီးသတိရနေပါတယ်။ 'သမိုင်းဆရာအဖို့ တိကျမှုရှိခြင်းဟာ ထူးခြားတဲ့အရည်အချင်း တစ်ခုမဟုတ်ဘူး၊ သာမန်တာဝန်တစ်ရပ်သာဖြစ်တယ်' လို့သူကပြောခဲ့ပါတယ် သမိုင်းဆရာတစ်ယောက် ကို တိကျမှုရှိပါပေတယ်လို့ချီးကျူးခြင်းဟာ အဆောက်အအုံဆောက်ရာမှာ အသားကျနေတဲ့ သစ်ကိုရွေးသုံးပြီး ကွန်ကရစ်ကို ကောင်းကောင်းစပ်တဲ့အတွက် ဗိသုကာတစ်ယောက်ကို သွားပြီး ချီးကျူးတာမျိုးနဲ့တူနေတယ်။ ဒီအချက်တွေဟာ သူ့အလုပ်ရဲ့လိုအပ်တဲ့ အခြေခံအချက်များသာဖြစ်တယ်။ သူ့ရဲ့အဓိက လုပ်ငန်း မဟုတ်ဘူး။ ဒီလိုအခြေခံအချက်တွေ ပြည့်စုံဖို့အတွက် သမိုင်းဆရာမှာ သမိုင်းရဲ့ 'အရံ သိပ္ပံပညာရပ်များ' လို့ ခေါ်ကြတဲ့ ရှေးဟောင်းသုတေသနပညာတို့၊ ကျောက်စာပညာ တို့ ဒင်္ဂါးသွန်းတဲ့ပညာရပ်တို့၊ သက္ကရာဇ်တွက်တဲ့ပညာတို့ ရှိသားပဲ၊ အိုးကွဲအပိုင်း အစတို့၊ ကျောက်တိုင်အကျိုးအပဲ့တို့ရဲ့မူလဇစ်မြစ်နဲ့သူတို့ပေါ်ပေါက်တဲ့ ခေတ်ကာလ ကို ခန့်မှန်းကြည့်ဖို့အတွက် သမိုင်းဆရာမှာ အထူးကျွမ်းကျင်မှု ရှိဖို့မလိုပါဘူး။ ဒီပညာရပ်တွေမှာ ကျွမ်းကျင်တဲ့ ပညာရှင်တွေရှိသားပဲ။ သူတို့ဆုံးဖြတ်ပေးမှာပေါ့။ အလာတူပဲ မှုန်ဝါးနေတဲ့ ကျောက်စာတစ်ခုကို ဖတ်ပြီး အဓိပ္ပာယ်ဖော်ဖို့၊ တိကျတဲ့ ရက်စွဲတစ်ခုကို တွက်ချက်နိုင်အောင် နက္ခတ္တဗေဒတွက်ချက်မှုတွေလုပ်ဖို့အတွက် သမိုင်းဆရာမှာ အထူးကျွမ်းကျင်မှုရှိဖို့မလိုပါဘူး။ သက်ဆိုင်ရာ ပညာရှင်တွေက တွက်ပေးပြီး ဆုံးဖြတ်ပေးကြပါလိမ့်မယ်။ သမိုင်းဆရာများအားလုံး တညီတညွတ် တည်း လက်ခံထားကြတဲ့ အခြေခံအချက်အလက်များလို့ခေါ်တဲ့အရာတွေဟာ သမိုင်းမဟုတ် ပါဘူး။ အဲဒီ အရာတွေဟာ သမိုင်းဆရာအတွက် ကုန်ကြမ်းများသာ ဖြစ်ပါတယ်။

1. Housman



နောက် သတိပြုစရာတစ်ချက်ရှိသေးတယ်။ အဲဒါကတော့ စောစောကပြောခဲ့တဲ့ အခြေခံအချက်အလက်များကို ထူထောင်အတည်ပြုဖို့ကိစ္စဟာ အဲဒီအချက်အလက်တွေရဲ့အရည်အသွေးအပေါ်မှာမတည်ဘူး။ သမိုင်းဆရာရဲ့ ကြိုတင်သိမြင် ဆုံးဖြတ်မှုပေါ်မှာ တည်တယ်ဆိုတဲ့ အချက်ပဲ။ စီ၊ပီ၊စကော့က 'အချက်အလက်ဟာ အထွတ်အမြတ်ဖြစ်တယ်။ ထင်မြင်ချက်ကတော့လွတ်လပ်တယ်' လို့ သာပြောသွားပေမယ့် ဒီနေ့ခေတ်မှာ သတင်းစာဆရာတွေဟာ အချက်အလက်တွေကိုချည်၊ လျှောက်ရေးနေကြတာမဟုတ်ဘူး။ အဲဒီ အချက်အလက်တွေထဲက အရေးကြီးတာကို ရွေးထုတ်၊ အရေးမကြီးတာတွေကိုပယ်၊ ရွေးပြီးသားကို စီစဉ်တကျ ရေးသား တင်ပြခြင်းဖြင့် လူထုထင်မြင်ချက်ကို ဩဇာပေးရာမှာ ဘယ်လောက်အထိရောက်ဆုံး ဖြစ်တယ်ဆိုတာကို သတင်းစာဆရာတိုင်းလိုလိုသိကြတယ်။ အချက်အလက်တွေက စကားပြောလာပါလိမ့်မယ်လို့လဲ တချို့ကြပြောကြသေးတယ်။ ဒီစကားဟာလဲ မမှန်ဘူးလို့ ကျွန်တော်ထင်တယ်။ သမိုင်းဆရာကဖေါ်ထုတ်တင်ပြလိုက်မှသာလျှင် အချက်အလက်ဟာ စကားပြောလာခြင်းဖြစ်တယ်။ ဘယ်အချက်အလက်ကို စင်မြင့်တင်မယ်၊ ဘယ်အချက်အလက် ချန်ထားမယ်၊ ဘယ်အချက်အလက်ကို ဘယ်နေရာမှာ အပြောခိုင်းမယ်လို့ စီစဉ်ဆုံးဖြတ်သူဟာ သမိုင်းဆရာသာလျှင် ဖြစ်တယ်။ ပီရန်ဒယ်လို[1] ရဲ့ ဝတ္ထုထဲမှာ လားမသိဘူး။ ဇာတ်ဆောင်တစ်ယောက်က ပြောဖူးတယ်။ အချက်အလက်တစ်ခုဟာ အိတ်ကြီးလိုပဲ ပျော့တွဲကျနေတယ်တဲ့။ ကိုယ်ကအထဲကို တစ်ခုခုထည့်မှ အဲဒီအိတ်ဟာ မတ်လာတယ်တဲ့။ ကိုယ်က အထဲကို ပစ္စည်းတစ်ခုခု မထည့်မခြင်း ဒီအိတ်ကြီးဟာ ပျော့တွဲပြီး ပုံကျနေမှာပဲတဲ့။

၁၀၆၆ ခုနှစ်မှာ ဟေ့စတင်းအရပ်မှာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲကြီးတစ်ပွဲကို ကျွန်တော်တို့ စိတ်ဝင်စားနေတာဟာ တခြားကြောင့် မဟုတ်ဘူး။ သမိုင်းဆရာက အဲဒီတိုက်ပွဲကို ကြီးကျယ်တဲ့ သမိုင်းအဖြစ်အပျက်ကြီး တစ်ရပ်လို့ယူဆနေလို့သာဖြစ်တယ်။ ဘာမဟုတ်တဲ့ ရူဘီကွန်ဆိုတဲ့ ချောင်းသေးသေးကလေးကို ဆီဇာဘုရင်ကြီး ဖြတ်ကူးသွားတာကို သမိုင်းအချက်အလက်ကြီး တစ်ခုလို့ဆုံးဖြတ်သူဟာ တစ်ခြားသူ မဟုတ်ဘူး။ သူ့အကြောင်းနဲ့သူဆုံးဖြတ်တဲ့ သမိုင်းဆရာသာဖြစ်တယ်။ ဆီဇာ မတိုင်ခင်ကရော၊ ဆီဇာဖြတ်ပြီးတဲ့နောက်မှာရော ရူဘီကွန် ချောင်းကလေးကို လူသန်းပေါင်းများစွာ ဖြတ်ခဲ့ကြပေမယ့် ဘယ်သူမှ စိတ်မဝင်စားခဲ့ကြဘူး မဟုတ်လား။ ခင်ဗျားဟာ လွန်ခဲ့တဲ့ နာရီဝက် လောက်တုန်းက ဒီအဆောက်အအုံထဲကို ခြေလျင် ဖြစ်စေ၊ ဘိုင်စကယ်နဲ့ဖြစ်စေ၊ မော်တော်ကားနဲ့ဖြစ်စေ ရောက်လာခဲ့တယ်ဆိုတဲ့ အချက်ဟာလည်း ရူဘီကွန်ချောင်းကလေးကို ဆီဇာဘုရင်ဖြတ်ခဲ့တယ်ဆိုတဲ့ အချက်

1. Pirandello

www.burmeseclassic.com

www.burmeseclassic.com



လိုပဲ ပြီးသွားခဲ့တဲ့၊ ဖြစ်သွားခဲ့တဲ့ အတိတ်က အချက်အလက်တစ်ခုပဲ မဟုတ်လား။ ဒါပေမယ့် ခင်ဗျား ဒီအဆောက်အအုံထဲကို ရောက်လာတယ်ဆိုတဲ့ အချက်အလက်ကိုတော့ သမိုင်းဆရာတွေက လျစ်လျူပြုထားလိုက်ကြမှာပဲ။

'သိပ္ပံပညာဆိုတာ အစစ်အမှန်လို့ သိရတဲ့ သိမြင်မှုများကို ရွေးချယ်စုစည်းထားတဲ့ စနစ်တရပ်ဖြစ်တယ်။' လို့ ပါမောက္ခ **တဲလကော့ပါဆန်**[1] က ပြောခဲ့ဖူးတယ်။ အမှန်ကတော့ ဒီဖွင့်ဆိုချက်ပင်လျှင် နည်းနည်းရှုပ်ထွေးနေသေးတယ်။ ထားပါတော့လေ။ သမိုင်းဟာ အဲဒီလို ပညာရပ်မျိုးဖြစ်တယ်။ သမိုင်းဆရာဟာ ရွေးချယ်တတ်ရတယ်။ မရွေးချယ်တတ်လို့မဖြစ်ဖူး။ သမိုင်းအမာခံ အချက်အလက်တို့ မည်သည် သမိုင်းဆရာတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ သီးခြားကင်းလွတ်စွာ တည်နေတယ်။ ဒိဋ္ဌဓမ္မကျစွာ တည်နေတယ်ဆိုတဲ့ အယူအဆဟာ မှားယွင်းတဲ့ အယူအဆသာဖြစ်တယ်။ ဒါပေမယ့် ဒီအယူအဆအမှားကို ဖျောက်ပစ်ဖို့ကတော့ တော်တော်ကလေးခက်ပါတယ်။ အတိတ်က ဖြစ်ပျက်ခဲ့တဲ့ အချက်အလက်တစ်ခုနဲ့ သာမန်အချက်အလက်ကနေပြီး သမိုင်းအချက်အလက်တစ်ရပ် ဘယ်လိုဖြစ်လာပုံကို ကျွန်တော် ဥပမာတစ်ခုဆောင်ပြပါမယ်။ ၁၈၅၀ ခုနှစ်တုန်းက စတယ်လာဘရစ်ဇ်ဝိတ်အရပ်က ပေါင်မုန့်သည်တစ်ယောက်ဟာ အသေးအဖွဲကိစ္စလေး တစ်ခုကြောင့် ရန်ဖြစ်ရာကနေပြီး စိတ်ဆိုးနေတဲ့လူအုပ်ကြီးက ဝိုင်းဝန်းကန်ကျောက်လို့သေသွားခဲ့ရတယ်။ ဒီအချက်ဟာ သမိုင်းအချက်အလက်လား။ 'မဟုတ်ဘူး' လို့လွန်ခဲ့တဲ့ တစ်နှစ်လောက် အချိန်အထိတော့ မဆိုင်းမတွ ကျွန်တော်ဖြေမိမှာပဲ။ အဲဒီ မျက်မြင်ကိုယ်တွေ့ အဖြစ် အပျက်ကို အလွန်လူသိနည်းတဲ့ ကိုယ်ရေးမှတ်တမ်း တစ်စောင်မှာဖော်ပြထားတယ်။ ဒီအကြောင်းဟာ ဘယ်သမိုင်းဆရာကမှ ဖော်ပြလောက်အောင်တန်ဖိုးရှိလှတဲ့ အကြောင်းမဟုတ်ဘူး။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတော့ သမိုင်းဆရာ ဒေါက်တာ **ကစ်ဆန်ကလပ်**[2] က အောက်စဖို့တက္ကသိုလ်မှာပို့ချတဲ့ ဗိတိုရိယခေတ်အင်္ဂလန်ပြည်အကြောင်း သမိုင်းပို့ချချက်ထဲမှာ ဒီအကြောင်းကို ထုတ်နုတ်ဖော်ပြသွားခဲ့တယ်။ သူကဒီလိုပြောလိုက်ရုံနဲ့ သမိုင်းအချက်အလက်တစ်ခုဖြစ်သွားရောတဲ့လားလို့ မေးစရာရှိပါတယ်။ သမိုင်းအချက်အလက်တော့ မဖြစ်သေးပါဘူး။ ဒါပေမယ့် ယခုအနေအထားအတိုင်း ပြောရရင်တော့ အဲဒီ အဖြစ်အပျက်ဟာ သမိုင်းအချက်အလက် ဖြစ်ဖို့ရွေးချယ်ထားတဲ့ အဖွဲ့ထဲမှာတော့ အသင်းဝင်တစ်ယောက်ဖြစ်ဖို့အဆိုပြုခြင်း ခံထားရပြီလို့ ကျွန်တော်ပြောချင်တယ်။ ဒေါက်တာကလပ်ရဲ့အဆိုကို ထောက်ခံမယ့်သူ၊ ဆော်ဩမယ့်လူသာ လိုတော့တယ်။ နောင်နှစ်များမကြာခင်မှာပဲ ဒီအချက်ကို သမိုင်းစာအုပ်တွေရဲ့အောက်ခြေမှတ်စုတွေထဲမှာ တွေ့လာရတော့မယ်။ အောက်ခြေမှတ်စုတွေထဲကနေပြီး ဆယ့်ကိုးရာစု

1. Talcott Parson; 2. Dr. Kitson Clark





နှစ်အကြောင်းရေးထားတဲ့ သမိုင်းစာအုပ်တွေထဲမှာနေရာယူလာတော့မယ်။ နောင်အနှစ်နှစ်ဆယ် သုံးဆယ်လောက်ဆိုရင်ပဲ ဒီအချက်အလက်ဟာ သမိုင်းအချက်အလက်တစ်ခု ဖြစ်လာတော့မှာသေချာတယ်။ တကယ်လို့ ဒီအချက်အလက်ကိုဘယ်သူကမှ ထောက်ခံခြင်း၊ အတည်ပြုပေးခြင်းမရှိဘူးဆိုရင်တော့ ဒေါက်တာကလပ် ဆွဲတင်ဖို့ကြိုးစားတဲ့ကြားထဲကပဲ ဒီအချက်အလက်ဟာ အတိတ်နဲ့ပတ်သက်တဲ့ သမိုင်းမဟုတ်သော အချက်အလက်တွေကြားထဲမှာ လျှောကျပျောက်ကွယ်သွားတော့မှာပါပဲ။ ဒါဖြင့်ရင် အဲဒီအချက်အလက်ဟာ သမိုင်းအချက်အလက် ဖြစ်လာမလား၊ မလာဘူးလားဆိုတဲ့ ကိစ္စကိုဘယ်အရာက အဆုံးအဖြတ်ပေးမှာလဲ။

ဒေါက်တာကလပ် ကောက်နုတ်တင်ပြသွားတဲ့ ဒီအဖြစ်အပျက်နဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သို့မဟုတ် ကောက်နုတ်ချက်ကို အခြားသောသမိုင်းဆရာတွေက အရေးတကြီးထားပြီး လက်ခံတယ်မခံဘူး အပေါ်မှာတည်ပါတယ်။ အဲဒီအဖြစ်အပျက်ဟာ သမိုင်းအချက်အလက် အတန်းအစားထဲမှာ ပါသလားမပါဘူးလားဆိုတဲ့ကိစ္စဟာ အဓိပ္ပာယ်ဖွင့်ဆိုချက် အပေါ်မှာတည်နေပါတယ်။ ဒါကြောင့်မို့ သမိုင်းအချက်အလက်တိုင်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ အလွန်အရေးကြီးပါတယ်။

ဒီနေရာမှာ ကျွန်တော့်ကိုယ်တွေ့သတိရချက်ကလေးတစ်ခုကို ပြောချင်ပါသေးတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက ကျွန်တော်ဟာ ဒီတက္ကသိုလ်မှာ ရှေးဟောင်းသမိုင်းကို လေ့လာခဲ့ပါတယ်။ အဲဒီတုန်းက အထူးဘာသာရပ် အနေနဲ့ 'ပါရှန်းစစ်ပွဲများခေတ်ကဂရိနိုင်ငံ' အကြောင်းကို ကျွန်တော်လေ့လာရပါတယ်။ ကျွန်တော့်စာအုပ်စင်ပေါ်မှာ အဲဒီခေတ်သမိုင်းနဲ့ပတ်သက်တဲ့ အုပ်တွဲကြီးတွေ ဆယ့်ငါးအုပ်၊ အုပ်နှစ်ဆယ်လောက်ရှိပါတယ်။ အဲဒီ အုပ်တွဲကြီးတွေထဲမှာပါတဲ့ အချက်အလက်တိုင်းဟာ ကျွန်တော့်ဘာသာရပ်နဲ့ ပတ်သက်ပြီးအချက်အလက်အကုန်ပြည့်စုံနေပြီလို့ ကျွန်တော်ထင်ခဲ့ပါတယ်။ ဆိုပါစို့။ အဲဒီအုပ်တွဲကြီးတွေထဲမှာ ဂရိပြည်အကြောင်းနဲ့ပတ်သက်လို့ အဲဒီတုန်းကသိခဲ့ရတဲ့၊ သိနိုင်ခဲ့တဲ့အချက်အလက်တွေ အကုန်လောက်ပါတယ်လို့ ကျွန်တော်ထင်ခဲ့ပါတယ်၊ အကုန်ပါသင့် သလောက်လည်း ပါခဲ့တာအမှန်ပါပဲ။ ဒါပေမယ့် များပြားလှစွာအဖြစ်အပျက် ကုဋေကုဋာတွေထဲကနေပြီး ခုအချက်အလက်တွေကို ဘယ်လိုများရွေးထုတ်ခဲ့ကြသလဲ၊ ဘယ်လိုအကြောင်းကြောင့်ရွေးထုတ်ခဲ့ကြသလဲ၊ ဘယ့်အတွက်ကြောင့် သမိုင်းအချက်အလက်များအဖြစ်မှတ်တမ်းတင် ကျန်ရစ်ခဲ့သလဲဆိုတာကိုတော့ ကျွန်တော် မစဉ်းစားဖုံမိဘူး။ ဒီနေ့အထိရှေးဟောင်းနဲ့အလယ်ခေတ်သမိုင်းကို ကျွန်တော်တို့ စိတ်ဝင်စားနေတာဟာ တခြားကြောင့် မဟုတ်ဘူး။ အဲဒီသမိုင်းကျမ်းများဟာ ကျွန်တော်တို့လက်လှမ်းမီနိုင်တဲ့နေရာမှာ အချက်အလက်တွေအားလုံး ပါဝင်နေတယ်လို့ လွဲမှားစွာထင်နေကြလို့သာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တယ်။ ကျွန်တော်တို့သိတဲ့ အနည်းငယ်သော အချက်အလက်များဟာ သမိုင်းအချက်အလက်များ ဖြစ်နေကြတဲ့အတွက် သမိုင်းအချက်အလက်နဲ့ အတိတ်နဲ့ ပတ်သက်သော အခြားသောအချက်အလက်များအကြားက ခြားနားမှုဟာလည်း ပျောက်ကွယ်သွားရတော့တယ်။ ရှေးဟောင်းသမိုင်းနဲ့ အလယ်ခေတ်သမိုင်းနှစ်ခုစလုံးကို ပြုစုခဲ့တဲ့ သမိုင်းဆရာဘယ်ရီက 'ရှေးဟောင်းနဲ့ အလယ် ခေတ်သမိုင်းတို့ ရဲ့မှတ်တမ်းတွေထဲမှာ ပြတ်နေတဲ့ ကွင်းဆက်တွေ အများကြီးရှိတယ်'လို့ ပြောခဲ့ပါတယ်။ သမိုင်းဆိုတာ ဖယားကွက် အပိုင်းအစကလေးတွေ ပျောက်နေတဲ့ ပဟေဠိဖယားကွက်ကြီးနဲ့ အလားသဏ္ဌာန် တူတယ်လို့ ပြောလေ့ရှိကြတယ်။ ဒါပေမယ့် ပျောက်နေတဲ့ အပိုင်းအစကလေးတွေက ဒီလောက် အရေးမကြီးလှပါဘူး။ ခရစ်မပေါ်မီ ငါးရာစုခေတ်က ဂရိပြည်ကြီးရဲ့ ရုပ်ပုံလွှာကို ကျွန်တော်တို့ပီပီသသ မမြင်ရတာဟာ အဲဒီ အစိတ်အပိုင်းကလေးတွေ ပျောက်နေလို့မဟုတ်ဘူး။ အဲဒီခေတ် ဂရိပြည်ကြီးရဲ့ ရုပ်ပုံလွှာကို အေသင်မြို့ထဲမှာ မီတင်းနေထိုင်ကြတဲ့ လက်တစ်ဆုပ်စာ လူနည်းစုကလေးက ရေးဆွဲခဲ့ကြလို့သာဖြစ်တယ်။ ဒီတော့ ကျွန်တော်တို့ဟာလဲ ခရစ်မပေါ်မီ ငါးရာစု ဂရိပြည်ကြီးကို အဲဒီခေတ်ကြီးက အေသင်မြို့တော်ကြီးသားတစ်စု မြင်သလိုပဲ မြင်နိုင်တော့တယ်။ စပါတန်လူမျိုးတွေ၊ ကော်ရင်သီယန်လူမျိုးတွေ၊ သီဗန်လူမျိုးတွေ မြင်သလို မမြင်နိုင်တော့ဘူးပေါ့။ ပါးရှန်းလူမျိုးတွေမြင်သလို မမြင်နိုင်တော့ဘူးပေါ့။ ကျေးကျွန်တွေ သို့မဟုတ် အေသင်မြို့ကြီးသား မဟုတ်တဲ့အခြားသူတွေ မြင်သလို မမြင်နိုင်တော့ဘူးပေါ့။ ကျွန်တော်တို့ မြင်နေရတဲ့ရုပ်ပုံကိုက သူတို့ရွေးချယ်ပေးပြီးသား၊ သူတို့စိစစ်ပေးပြီးသား ရုပ်ပုံဖြစ်နေပြီလေ။ တခြားအတွေးအမြင်ကွဲလွဲတဲ့ လူတွေမြင်ရသလို ကျွန်တော်တို့မမြင်ရတော့ဘူးပေါ့။

အလားတူပဲ အလယ်ခေတ်သမိုင်းကိုရေးထားတဲ့ ခုခေတ်သစ်သမိုင်းကျမ်းတစ်စောင်ကိုလဲ ကျွန်တော်ဖတ်ကြည့်တယ်။ အလယ်ခေတ်ဟာ ဘာသာတရားကို အလွန်ကိုင်းရှိုင်းကြတယ်လို့ရေးထားတာကို တွေ့ရတယ်။ ဒီအချက်ကို ခုခေတ်သမိုင်းဆရာတွေ ဘယ်လိုလုပ်များသိကြသလဲ၊ မှန်ကော ဘယ်လောက်အထိ မှန်သလဲလို့ ကျွန်တော်စဉ်းစားမိတယ်။ အလယ်ခေတ်သမိုင်းရဲ့အချက်အလက်များလို့ ကျွန်တော်တို့သိထားတဲ့အရာတွေဟာ စင်စစ်မှာတော့ ဘာသာရေးကို စာတွေ့ ကိုယ်တွေ့ လိုက်စားခဲ့ကြတဲ့ ဘုန်းတော်ကြီး၊ သမိုင်းဆရာ အဆက်ဆက် တို့ကရေးခဲ့၊ ရွေးချယ်ပေးခဲ့ကြတာဖြစ်တယ်။ ဘာသာတရားဟာ အထွတ်အထိပ် အရေးကြီးတဲ့အရာ ဖြစ်တယ်လို့ယူဆလက်ခံသူတွေက ရေးခဲ့ကြတာဖြစ်တယ်။ ဒါကြောင့် သူတို့ အရေးကြီးတယ်လို့ ထင်တဲ့အရာကိုသာ မှတ်တမ်းတင်ခဲ့ကြပြီး သူတို့အရေးမကြီးဘူးလို့ ထင်တဲ့ အရာတွေကို ချန်လှပ်ပစ်ခဲ့ကြတာ ဖြစ်တယ်။ ဘာသာတရား ကိုင်းရှိုင်းသူအဖြစ် ဖော်ပြထားတဲ့ ရုရှားကျေးတောသားရဲ့ရုပ်ပုံလွှာကို ၁၉၁၇ခု (အောက်တိုဘာ) တော်လှန်ရေးက ဖျက်ဆီးပစ်ခဲ့တယ်။ ဒါပေမယ့် (မှန်သည် ဖြစ်စေ၊ မှားသည်ဖြစ်စေ) ဘာသာတရား ကိုင်းရှိုင်းသူအဖြစ် ဖော်ပြထားတဲ့ အလယ်ခေတ်လူသားရဲ့ ရုပ်ပုံလွှာကတော့ ပျက်မသွားဘူး။ ဘယ်ပျက်ပါ့မလဲ၊ အလယ်ခေတ်လူသားနဲ့ ပတ်သက်လို့ ကျွန်တော်တို့သိပြီးဖြစ်တဲ့ အချက်အလက်များအားလုံးလောက်ကို ဘာသာတရားယုံကြည်သူများက ရွေးချယ်မှတ်တမ်းတင်ပေးခဲ့တာကိုး။ ဒီတော့ အခြားသူများကိုလည်း သူတို့လိုမြင်ပြီး သူတို့လိုပဲ ယုံကြည်စေချင်တာပေါ့။ ဒီမှာတင် အလယ်ခေတ်လူသားဟာ ဘာသာတရားကိုင်းရှိုင်းခြင်း မရှိဘူးလို့ သက်သေပြနိုင်မယ့် အထောက်အထားမှန်သမျှဟာလည်း ရှာလို့ဖွေလို့မရအောင် ပျောက်ပျက်သွားကြတော့တာပဲ။ ပျောက်ကွယ်သွားကြတဲ့ မျိုးဆက်အသီးသီးသော သမိုင်းဆရာများ၊ စာချီများ၊ မှတ်တမ်းတင်သူများရဲ့သေဆုံးသွားတဲ့လက်ဟာ ကျွန်တော်တို့တောင်းပန်လို့တောင် မရတော့ဘဲ အတိတ်ခေတ်ကြီးရဲ့ ရုပ်ပုံကားချပ်ရဲ့ပုံသဏ္ဌာန်ကို အဆုံးအဖြတ်ပေးသွားကြပါပကောလား။ သူကိုယ်တိုင် ကျွမ်းကျင်တဲ့ အလယ်ခေတ်သမိုင်းဆရာကြီးတစ်ဦးဖြစ်တဲ့ ပါမောက္ခဘာရာကလောက 'ကျွန်တော်တို့တွေ့ဖတ်နေကြတဲ့ သမိုင်းဟာ အချက်အလက်တွေပေါ်မှာ အခြေခံတာတော့မှန်ပါရဲ့။ ဒါပေမယ့် တိတိကျကျ ပြောရရင်တော့ သိပ်ပြီးအချက်အလက်တော့ မခိုင်လုံလှဘူး။ ကျွန်တော်တို့ ဖတ်နေတာဟာ အားလုံးက လက်ခံပြီးဖြစ်တဲ့ အကဲဖြတ်ချက်များကို တန်းစီထားခြင်းသာဖြစ်တယ်'ရယ်လို့ပြောခဲ့တယ်။

ဒါတွေကို ထားပါတော့လေ။ ခု ကျွန်တော်တို့ အလယ်ခေတ်သမိုင်းနဲ့ ကွဲပြားခြားနားသော်လည်း အလားတူ အရေးကြီးတဲ့ ခေတ်သစ်သမိုင်းကြောင်းကိုပဲ ပြောကြပါစို့။ ရှေးဟောင်းနဲ့ အလယ်ခေတ်အမိုင်းဆရာများဟာ အချက်အလက်များစွာ ထဲက သူတို့ ကောင်းတယ်၊ မှန်တယ်လို့ထင်တဲ့အချက်များကို စပါးလှေ့သလို လှေ့ပေးခဲ့ကဲ့အတွက် သူတို့ကို ကျေးဇူးတင်မယ်ဆိုရင် ကျေးဇူးတင်ရမှာပါပဲ။ သူတို့ဟာ အချက်အလက်တွေ တစ်ပြုံတစ်ခေါင်းကြီးထဲက ကောင်းမယ်၊ မှန်မယ်ထင်တဲ့ အချက်တွေကို နှစ်ပေါင်းများစွာ ကြိုးစား ရွေးထုတ်ပေးခဲ့ပေတာကိုး။ လစ်တန်စထရက်ချီ[1] နောက်ရွတ်ရွတ် ပြောသလိုပေါ့။ 'သမိုင်းဆရာရဲ့အရေးကြီးဆုံး အရည်အချင်းကတော့ ဘာမှ မသိဖို့ပဲ။ ဘာမှ မသိဘဲနဲ့အကျဉ်းချုံး၊ ဘာမှမသိဘဲနဲ့အကျယ်ချဲ့၊ ဘာမှမသိဘဲနဲ့ ချန်လှပ်၊ ဘာမှမသိဘဲနဲ့ ရွေးထုတ်တတ်တဲ့အရည်အချင်းပဲ'တဲ့။ တစ်ခါတလေမှာတော့ ကျွန်တော်လဲ ရှေးဟောင်းနဲ့ အလယ်ခေတ်သမိုင်းကို ရေးနေတဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ စေ့စပ်သေချာမှု၊ အရည်အချင်းပြည့်ဝမှုကို အားကျမိတဲ့ အခါတွေရှိပြီး သူတို့လို

1. Lytton Strectchy







www.burmeseclassic.com

www.burmeseclassic.com

စေ့စပ်သေချာချင်လိုက်တာ၊ သူတို့လို အရည်အချင်းရှိချင်လိုက်တာလို့ တောင့်တမိတတ်ပါတယ်။ ဒါပေမယ့် သူတို့ဟာ သူတို့ကိုင်တွယ်နေတဲ့ အကြောင်းအရာ ဘာသာရပ်ကို မသိနားမလည်လို့ စေ့စပ်သေချာနေကြတာပဲ။ ဒါ့ကြောင့်မို့ သူတို့မှာ အရည်အချင်းရှိနေကြတာပဲလို့ ကိုယ့်ကိုယ်ကို ဖြေသိမ့်ယူရပါတယ်။

ခေတ်သစ် သမိုင်းဆရာကတော့ (ကိုယ့်မျက်စိရှေ့မှာတင် ဖြတ်သန်းနေတဲ့ ခေတ်ကြီးအကြောင်းကို ရေးရတဲ့အတွက်) သူ့မှာ ဘာမှမသိဘဲ နေလို့မရပါဘူး။ သိနေရပါတယ်။ သူ့ကျတော့ ဒီခေတ်ကြီးအကြောင်းကို မသိအောင်တောင် တမင်လုပ်ယူနေရပါသေးတယ်။ ဒီလို လုပ်နိုင်လေလေ သူခေတ်ကြီးအကြောင်းကို အနီးစပ်ဆုံးရေးနိုင်လေလေ ဖြစ်လာပါသေးတယ်။ ခေတ်သစ်သမိုင်းဆရာမှာ လုပ်ငန်းနှစ်ခုရှိပါတယ်။ တစ်ခုကတော့ ထင်ရှားထူးခြားတဲ့ အချက်အလက်အချို့ကို ရှာဖွေပြီး အဲဒီအချက်အလက်တွေကို သမိုင်းအချက်အလက် ဖြစ်အောင် ပြောင်းလဲပစ်ဖို့ဖြစ်ပါတယ်။ နောက်လုပ်ငန်းတစ်ခုကတော့ မထင်ရှားမထူးခြားတဲ့ အဖြစ်အပျက်များစွာကို သမိုင်းမဆန်တဲ့ အဖြစ်အပျက်များအဖြစ် ရွေးထုတ်ဖယ်ရှားပစ်ဖို့ဖြစ်ပါတယ်။ ဒီအလုပ်ဟာ ဆယ့်ကိုးရာစုနှစ် သမားရိုးကျ အယူအဆနဲ့တော့ ပြောင်းပြန်ပါပဲ။ ဆယ့်ကိုးရာစုနှစ်တုန်းကတော့ သမိုင်းဆိုတာ အငြင်းမပွားနိုင်သော ဒိဋ္ဌမမှုကျသော အချက်အလက် များနိုင်သမျှ အများဆုံးကို ပေါင်းဆည်းထားတဲ့ အရာလို့ယူဆခဲ့ကြပါတယ်။ ခုခေတ်မှာ အဲဒီအတိုင်း သွားလုပ်လို့ကတော့ အဲဒီ သမိုင်းဆရာဟာ လိုက်လို့ဆုံးမှာ မဟုတ်တော့ဘူး။ သမိုင်းလုပ်ငန်းကို စွန့်ချင်လဲ စွန့်တော့။ ဒါမှ မဟုတ်ရင်လဲ တံဆိပ်ခေါင်းတို့၊ ရှေးဟောင်းပစ္စည်းတို့ ရှာဖွေစုဆောင်းသူ ဖြစ်သွားမှာပေါ့... ဒါမှမဟုတ်သေးရင်လဲ စိတ်ရောဂါကုဆေးရုံကိုသာ သွားပေတော့။ လွန်ခဲ့တဲ့နှစ်တစ်ရာအတွင်းမှာ သမိုင်းဆရာများဟာ ဒီအယူအဆကြောင့် တော်တော် ကို့ရို့ကားယားဖြစ်ခဲ့ကြပြီး ဂျာမနီ၊ ဂရိတ်ဗြိတိန်နဲ့ အမေရိကန်ပြည်ထောင်စုတို့မှာ ခြောက်သွေ့ရှုပ်ထွေးတဲ့ အချက်အလက်ဆိုင်ရာ သမိုင်းကျမ်းတွေ တော်တော်များများ ထွက်ခဲ့ကြတယ်။ သမိုင်းဆရာလောင်းတွေရဲ့အသေးစိတ်ထားတဲ့ အထူးပြုကျမ်းငယ်တွေ တစ်ပြုံတစ်ခေါင်းကြီး ထွက်ခဲ့ကြတယ်။ အကြောင်းအရာက နည်းသည်ထက်နည်းလာပြီး အချက်အလက်က များသည်ထက်များတယ်။ နောက်ဆုံးမှာတော့ အချက်အလက်တည်းဟူသော ပင်လယ်သမုဒ္ဒရာကြီးအောက်မှာ စုန်းစုန်းမြုပ် ပျောက်ကွယ်သွားကြတော့တာပါပဲ။



## သမိုင်းဒဿန သမိုင်းအမြင်

သမိုင်းဟာ အငြင်းမပွားနိုင်တဲ့ ဒိဋ္ဌမမှုကျတဲ့ အချက်အလက်များကို များနိုင်သမျှ အများဆုံး စုဆောင်းထားတဲ့အရာဖြစ်တယ်ဆိုတဲ့ တစ်ဖက်သတ်အစွဲအလမ်းကြောင့်သာလျှင် လော့ဒ်အက်တန်ဟာ သမိုင်းဆရာအဖြစ်မှ ကျဆုံးသွားရခြင်းဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ အခြားသူများပြောသလို ကက်သလစ်အယူအဆနဲ့လစ်ဘရယ်အယူအဆတို့ရဲ့ပဋိပက္ခဖြစ်မှုကြောင့် ကျဆုံးသွားရခြင်းမဟုတ်ပါဘူး။ လော့ဒ်အက်တန်ရဲ့ ခပ်စောစောပိုင်းဆောင်းပါးတစ်ပုဒ်ထဲမှာ သူ့ဆရာ ဒိုလင်ဂါးနဲ့ ပတ်သက်လို့ လော့ဒ်အက်တန်က ဒီလိုရေးခဲ့ပါတယ်။ 'ဒိုလင်ဂါးသည် အချက်အလက် ပြည့်စုံခြင်းမရှိဘဲ မည်သည့်အခါမျှ သမိုင်းကိုရေးခြင်းမပြု။ သူ့အမြင်၌ အချက် အလက်ဆိုသည်မှာလည်း ဘယ်တော့မှ ပြည့်စုံသည်ဟု မယူဆချေ 'လို့ရေးခဲ့ပါတယ်။ ဒီနည်းအားဖြင့် လော့ဒ်အက်တန်ဟာ သူ့စီရင်ချက်ကို သူ့ဘာသာသူ ကြိုတင်ချမှတ်ခဲ့ပါတယ်။

ကိန်းဗရစ်တက္ကသိုလ်လို တက္ကသိုလ်မျိုးမှာ လူတိုင်း အထင်ကြီးလေးစားရတဲ့ ဂုဏ်ထူးဆောင် သမိုင်းပါမောက္ခကြီး တစ်ယောက်ဖြစ် သော်လည်း သမိုင်းကျမ်းဆိုလို့ တစ်စောင်မှ မရေးဖူးတဲ့ ထူးခြားတဲ့ သမိုင်းဆရာကြီးတစ်ဦး ဖြစ်သူ (သူ့ကိုယ်သူ)ကို အဲဒီလို ကြိုတင်စီရင်ချက်ချခဲ့ပါတယ်။ သူကွယ်လွန်ပြီး နောက်တစ်နှစ်မှာ ထုတ်ဝေတဲ့ 'ကိန်းဗရစ်တက္ကသိုလ် ခေတ်သစ်သမိုင်းကျမ်း 'နိဒါန်းကို ဖတ်ကြည့်လိုက်တဲ့ အခါမှာလဲ အဲဒီနိဒါန်းမှာ လော့ဒ်အက်တန်ဟာ သူ့သချိုင်းဂူကကမ္ပည်းစာကို သူကိုယ်တိုင် ရေးထိုးခဲ့တာမျိုးကို တွေ့နိုင်ပါတယ်။ အဲဒီနိဒါန်းမှာ လော့ဒ်အက်တန်က 'သမိုင်းဆရာဟာ သူ့လိုအပ်တဲ့ အရည်အချင်းတွေကို ဖြည့်ရင်းဖြည့်ရင်းနဲ့ နောက်ဆုံးမှာ စာပေပညာရှင်တစ်ဦး အဖြစ်ကနေ စွယ်စုံကျမ်းပြုဆရာ ဖြစ်တော့မယ့်အခြေအနေမျိုးကို ရောက် နေပြီ 'လို့ညည်းတွားခဲ့ပါတယ်။

ဒါကို ကြည့်ရင် တစ်ခုခုတော့ မှားနေပြီဆိုတာကို တွေ့နိုင်တယ်။ ဒါဖြင့်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာမှာမှားနေသလဲ။ သမိုင်းကိုပြုစုရာမှာ နိုင်မာတဲ့အချက်အလက်တွေကို မမောနိုင်မပမ်းနိုင် အပတ်တကုတ်၊ အဆုံးအစမရှိ စုဆောင်းရမယ်ဆိုတဲ့အယူအဆဟာ မှားနေပြီဆိုတာကို ပြနေပါတယ်။ အချက်အလက်များကိုယ်တိုင်က စကားပြောလာလိမ့်မယ်ဆိုတဲ့အယူအဆဟာ မှားနေကြောင်းကိုပြနေတယ်။ အဲဒီတုန်းကတော့ 'သမိုင်းဆိုတာဘာလဲ' ဆိုတဲ့ မေးခွန်းကိုမေးဖို့မလိုဘူးလို့ သမိုင်းဆရာတွေက ထင်ခဲ့ကြပါတယ်။ (ဒီနေ့ထက်တိုင်လဲ ဒီလိုပဲထင်ကြတဲ့ ပုဂ္ဂိုလ်တွေရှိသေးတယ်။) ဒီလိုထင်နေတဲ့ အယူအဆဟာ မှားနေတယ်ဆိုတာကို ပြနေပါတယ်။

ဆယ့်ကိုးရာစုနှစ်က ထွန်းကားခဲ့တဲ့ အချက်အလက်ကိုးကွယ်မှုဝါဒကို မှတ်တမ်းအထောက်အထားကိုးကွယ်မှုဝါဒက ထောက်ခံအားပေးပြီး အထွဋ်အထိပ်ရောက်အောင်လုပ်ပေးခဲ့ပြန်တယ်။ မှတ်တမ်းအထောက်အထားဟာ အချက်အလက်ဆိုတဲ့ ဝတ်ကျောင်းကြီးထဲက ပဋိညာဉ်ကျမ်းကြီးတစ်ဆူ ဖြစ်နေတယ်။ ရိုသေကိုင်း ရှိုင်းတဲ့ သမိုင်းဆရာဟာ အဲဒီအချက်အလက်တွေ၊ မှတ်တမ်းတွေဆီကို ဝပ်တွားဝင်ပြီး အချက်အလက်တွေ၊ မှတ်တမ်းတွေအကြောင်းကို လေသံကလေးနဲ့ခပ်တိုးတိုး ပြောကြတယ်။ မှတ်တမ်းတွေထဲမှာ ပါသမျှအကုန် မှန်တယ်လို့ယူဆကြတယ်။ ဒါပေမယ့် ကောက်ဖတ်လိုက်တဲ့အခါမှာ အမိန့်ပြန်တမ်းတွေ၊ စာချုပ်စာတမ်းတွေ၊ မြေငှားစာချုပ်တွေ၊ စိမ်ကိန်းစာအုပ်ပြာတွေ၊ အစိုးရချုပ် အပြန်အလှန်ပေးစာတွေ၊ ကိုယ်ရေးကိုယ်တာပေးစာတွေနဲ့ နေ့စဉ်မှတ်တမ်းတွေစတဲ့ အဲဒီ မှတ်တမ်းအထောက်အထားတွေထဲမှာ ဘာတွေသွားတွေ့ရသလဲ။ အဲဒီမှတ်တမ်းရေးသူတွေထင်တာ ဘယ်လိုဖြစ်ခဲ့တယ်၊ ဖြစ်သင့်တယ်၊ ဖြစ်လိမ့်မယ်လို့ထင်တာ၊ သူထင်သလို တခြားလူတွေကိုလဲ ထင်စေချင်တာ၊ သူထင်တယ်လို့သူ့ဘာသာသူ ထင်နေတာတွေကလွဲလို့ တခြားဘာမှ ထူးထူးဆန်းဆန်း မတွေ့ရပါဘူး။ တကယ်က ဒီအရာတွေဟာ သူ့အတိုင်းဆိုရင် ဘာမှ အဓိပ္ပာယ်မရှိပါဘူး။ သမိုင်းဆရာက ကောက်ကိုင်ပြီး အနက်အဓိပ္ပာယ် ဖွင့်တော့မှသာ အဓိပ္ပာယ် ရှိလာကြတာပါ။ မှတ်တမ်းတွေထဲကပဲရရ၊ တခြားဘယ်ကပဲရရ၊ အချက်အလက်ဆိုတာကို သမိုင်းဆရာက စိစစ်ရွေးထုတ်ပြီးကာမှ အသုံးကျလာတာပါ။ သမိုင်းဆရာက အသုံးချတယ် ဆိုတာလဲ ရွေးထုတ်စိစစ်တာမျိုးလောက်ပဲ ရှိပါတယ်။

ဒီအချက်ကို ထင်ရှားအောင် ကျွန်တော်ကိုယ်တိုင် သေသေချာချာသိတဲ့အချက် တစ်ခုနဲ့ ဥပမာပြပါ့မယ်။ ၁၉၂၉ ခုနှစ်မှာ ဂျာမန်ဝေမာသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ ဂူစတပ်စထရီဇီမန်း[1] ကွယ်လွန်ခဲ့ပါတယ်။ သူကွယ်လွန်တော့ အစိုးရဆိုင်ရာ၊ အစိုးရတစ်ပိုင်းဆိုင်ရာ နဲ့ကိုယ်ရေးကိုယ်တာဆိုင်ရာ စာရွက်စာတမ်းတွေ တစ်ထမ်းကြီး ကျန်ရစ်ခဲ့ပါတယ်။ သေတ္တာကြီး အလုံးသုံးရာနဲ့အပြည့်ပါပဲ။ သူ

1. Stresse Mann





နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့တဲ့ ခြောက်နှစ်တာနဲ့သက်ဆိုင်တဲ့ မှတ်တမ်းတွေချည်းပဲ။ ဒီတွင် ဒီလောက် ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရဲ့အထိမ်းအမှတ်အဖြစ် ဒီစာရွက်စာတမ်းတွေကို ထုတ်ဝေသင့်တယ်လို့သူ့မိတ်ဆွေတွေနဲ့ ဆွေမျိုးတွေက ယူဆကြတယ်။

ဒါနဲ့သူ့ရဲ့သစ္စာရှိတဲ့ အတွင်းဝန်ဖြစ်တဲ့ ဘန်းဟာ့ဒ်[1] က ဒီစာရွက်စာတမ်းတွေကို တည်းဖြတ်ပါတယ်။ သုံးနှစ်အတွင်းမှာ တစ်တွဲကို စာမျက်နှာခြောက်ရာကျော်စီရှိတဲ့ အုပ်တွဲသုံးတွဲ ထွက်လာခဲ့ပါတယ်။ သေတ္တာကြီး အလုံးသုံးရာထဲက ရွေးချယ်ထားတဲ့ မှတ်တမ်းအထောက်အထားများ ဖြစ်ပါတယ်။ သာမန်အားဖြင့်ဆိုရင်တော့ ဒီမှတ်တမ်းအထောက်အထားတွေဟာ မြေတိုက်ထဲမှာ သို့မဟုတ် ထပ်ခိုးပေါ်မှာ မှိုတက်နေမှာပဲ။ ဒါမှမဟုတ်ရင်လဲ ပျက်စီး ပျောက်ဆုံးသွားကြမှာပဲ။ ဒါမှမဟုတ်သေးရင်လဲ နောင်နှစ်တစ်ရာလောက် ကြာတဲ့အခါမှာ စိတ်ဝင်စားတဲ့ပညာရှင်တစ်ယောက်ယောက်က တွေ့သွားပြီး အဲဒီ မှတ်တမ်းအထောက်အထားတွေနဲ့ ဘန်းဟာ့ဒ် ရွေးချယ်တည်းဖြတ်ထားတဲ့ ကျမ်းတွေကို ညှိနှိုင်းတိုက်ဆိုင် ကြည့်ချင်ကြည့်မှာပဲ။

ဖြစ်ပုံကတော့တော်တော်လေး ဝတ္ထုဆန်ပါတယ်။ ၁၉၄၅ ခုနှစ်မှာ အဲဒီ စာရွက်စာတမ်းတွေအားလုံးဟာ ဗြိတိသျှနဲ့အမေရိကန် အစိုးရတွေရဲ့လက်ထဲကို ရောက်လာခဲ့ကြတယ်။ အဲဒီအစိုးရတွေက စာရွက်စာတမ်းအထောက်အထားတွေ အားလုံးကို ဖလင်ကူးပြီး ပညာရှင်တွေ အသုံးချဖို့ဆိုပြီး လန်ဒန်ကပြည်သူ့မှတ်တမ်းရုံးနဲ့ ဝါရှင်တန်က အမျိုးသားမော်ကွန်းတိုက်မှာ ထားပေးတယ်။

အဲဒီ စာရွက်စာတမ်းတွေကို ကျွန်တော်တို့စိတ်ရှည်ရှည်နဲ့ ဂရုစိုက်ကြည့်ရင် ဘန်းဟာ့ဒ် ဘာလုပ်ခဲ့သလဲဆိုတာကို ကျွန်တော်တို့တွေ့လာရပါလိမ့်မယ်။ ဘန်းဟာ့ဒ် လုပ်ပုံဟာ တခြားသူတွေလုပ်တာထက် ဘာမှပိုပြီးလွန်ကဲတာမရှိပါဘူး။ ဘာမှ အထိတ်တလန့်ဖြစ်စရာ မလိုပါဘူး။ နိုင်ငံခြားရေးဝန်ကြီး စထရီဇီမန်း ကွယ်လွန်တဲ့အခါမှာ သူ့နိုင်ငံရေး ပေါ်လစီဟာ ကြီးကျယ်တဲ့ အောင်မြင်မှုကြီးတွေနဲ့ သရဖူဆောင်းခဲ့တယ်လို့ထင်စရာပါပဲ။ လိုကာနိုင်း စာချုပ်ကို ချုပ်နိုင်ခဲ့တာ၊ ဂျာမနီကို နိုင်ငံပေါင်းချုပ်အသင်းကြီးထဲ ဝင်ခွင့်ရအောင် လုပ်နိုင်ခဲ့တာ၊ အမေရိကန် အစိုးရဆီက ချေးငွေများ ရခဲ့တာ၊ မဟာမိတ်သိမ်းပိုက်ရေးတပ်များကို ရိုင်းလင်းနယ်က ရုပ်သိမ်းသွားအောင် လုပ်နိုင်ခဲ့တာ ဒီအချက်တွေဟာ စထရီဇီမန်းရဲ့နိုင်ငံခြားရေးဝါဒမှာ အရေးအကြီးဆုံး အချက်တွေပါပဲ။ ဒီတော့ ဘန်းဟာ့ဒ်ဟာ ဒီအချက်တွေနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်း အထောက်အထားတွေကို အထူးအလေးပေးပြီး စုဆောင်းရွေးချယ်ဖော်ပြတာဟာ ဘာမှ မဆန်းပါဘူး။

1.Bern Hard



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စထရိဒ်မန်းရဲ့ဆိုဗီယက်တို့နဲ့ပတ်သက်တဲ့ အရှေ့ပိုင်းပေါ်လစီကတော့ ပြောပလောက်အောင် ဘာမှအောင်မြင်မှု မရခဲ့ဘူး။ မှတ်တမ်း အထောက်အထား တွေထဲကရတဲ့ နှစ်နိုင်ငံရဲ့ဆွေးနွေးပွဲများက ပေါ်ထွက်လာတဲ့ရလဒ်တွေကလည်း အသေး အဖွဲ့ကလေးတွေချည်းဆိုတော့ ဘာမှ ဒီလောက်စိတ်ဝင်စားစရာ မကောင်းလှဘူး။ ဒီလောက်ကလေးတွေနဲ့တော့ စထရိဇ်မန်းရဲ့ ဂုဏ်သတင်းကို ပိုပြီးကြီးမားလာအောင် မလုပ်နိုင်ဘူး။ စထရိဇ်မန်းရဲ့အရှေ့ပိုင်းဆိုင်ရာပေါ်လစီကို ရေးမယ်ဆိုတော့ မှတ်တမ်း တွေထဲက မနည်းရှာထုတ်မှရပါလိမ့်မယ်။ အမှန်ကတော့ စထရိဇ်မန်းဟာ တစ်လျှောက် လုံး ဆိုဗီယက်ယူနီယံနဲ့ဆက်ဆံရေးကိစ္စတွေကို အထူးအာရုံစိုက်ပြီး တစ်သမတ် တည်းလုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ သူ့နိုင်ငံရေးဝါဒပြန်ကြည့်ရင် ဆိုဗီယက်ယူနီယံနဲ့ ဆက်ဆံရေးကိစ္စအတွက် ကြိုးပမ်းတာက ပိုလို့များတယ်ဆိုတာ တွေ့ရတယ်။ ဘန်းဟာ့ဒ်ဟာ ဒီအကြောင်းကို အနည်းငယ်ပဲဖော်ပြသွားပါတယ်။ သူဖော်ပြသ လောက် အချက်အလက်တွေကတော့ တခြားသမိုင်းဆရာတွေလဲ ဖော်ပြပြီးသား ဖြစ်ပါတယ်။

ကျွန်တော်ပြောမယ့် အကြောင်းက ဒါတင်မကပါဘူး။ ဘန်းဟာ့ဒ်ရဲ့ သမိုင်းကျမ်း အတွဲတွေထွက်ပြီးမကြာခင်မှာပဲ ဂျာမနီမှာ ဟစ်တလာတက်လာပါတယ်။ ဒါနဲ့အတူ စထရိဇ်မန်းကိုလဲ ဂျာမနီမှာ ဘယ်သူမှ မသိကြတော့ပါဘူး။ အဲဒီ သမိုင်းကျမ်းစာအုပ် များဟာ ဆိုင်တွေပေါ်က ပျောက်ကွယ်သွားကြပါတယ်။ ကျမ်းတော်တော်များများကို ဖျက်ဆီး ဖျောက်ဖျက်ပစ်လိုက်ဟန်တူပါတယ်။ ဒီနေ့ဆိုရင် အဲဒီသမိုင်းကျမ်းဟာ ရှားပါးစာအုပ်တစ်အုပ် ဖြစ်နေပါပြီ။ ဒါပေမယ့် အနောက်နိုင်ငံမှာတော့ ဘန်းဟာ့ဒ်ရဲ့ ဂုဏ်သတင်းဟာ ကြီးမြဲကြီးနေပါတယ်။ ၁၉၃၅ ခုနှစ်မှာ အင်္ဂလိပ်ပုံနှိပ်ထုတ်ဝေသူ တစ်ဦးက အဲဒီဘန်းဟာ့ဒ်ရဲ့သမိုင်းကျမ်းအင်္ဂလိပ် ဘာသာပြန်ကိုထုတ်ပါတယ်။ ထုတ်တယ်ဆိုပေမယ့် အကုန်မဟုတ်ပါဘူး။ ဘန်းဟာ့ဒ်ရွေးချယ်ထားတဲ့ မှတ်တမ်းများ ထဲက တချို့ကို ထပ်မံရွေးချယ်ပြီး ထုတ်တာပါ။ မူရင်းသုံးပုံတစ်ပုံလောက်ကို ချုံ့လုပ်ထားခဲ့ပါတယ်။ ဘာသာပြန်ဆရာဖြစ်တဲ့ **ဆက်တန်**[1]ဟာ ထင်ရှားတဲ့ ဘာသာပြန်ဆရာတစ်ဦးဖြစ်ပြီး သေချာစေ့စပ်စွာ ပြန်ထားပါတယ်။ သူ့ရဲ့အမှာစာမှာ ဆက်တန်က 'အင်္ဂလိပ်ဘာသာပြန်တွင် အနည်းငယ်ချုံ့ထားပါသည်။ သို့ရာတွင် အင်္ဂလိပ်သုတေသီများ၊ စာဖတ်သူများ စိတ်ဝင်စားခြင်းမရှိသည့် အပိုင်းများသာ ဖြစ်ပါသည်'လို့ ရေးထားပါတယ်၊ ဒါဟာလဲ သဘာဝကျပါတယ်။ သို့သော်လည်း အဲဒီလို ချုံ့လုပ်ပစ်လိုက်တဲ့ အခါကျတော့ မူရင်းရွေးချယ်ထားတဲ့ ဘန်းဟာ့ဒ်သမိုင်း ကျမ်းထဲမှာတောင် နည်းနည်းလေးသာ ပါတဲ့ စထရိဇ်မန်းရဲ့ အရှေ့ပိုင်းပေါ်လစီ

1. Sutton





အကြောင်းဟာ လုံးဝမပေါ်သလောက် ဖြစ်နေပြီ။ စထရိဇ်မန်းရဲ့ နိုင်ငံခြားရေးဝါဒမှာ အရေးကြီးတဲ့အခန်းကပါနေတဲ့ ဆိုဗီယက်ယူနီယံဟာ တစ်ခါတစ်ရံမှသာ ပေါ်လာတဲ့ ဧည့်သည်လို ဖြစ်နေပါတယ်။

ဒီတော့ အထူးလေ့လာကျွမ်းကျင်သူများမှအပ ဆက်တန်ရဲ့သမိုင်းကျမ်းဘာသာ ပြန်ဟာ အနောက်နိုင်ငံက လူများအဖို့စထရိဇ်မန်းရဲ့မူရင်းလိုဖြစ်သွားပါတော့တယ်။ တကယ်လို့စထရိဇ်မန်းရဲ့ မှတ်စုမှတ်တမ်းတွေ စစ်အတွင်းတုန်းက ပျက်စီးသွားခဲ့ရင် သို့မဟုတ် ကျန်ရှိနေသေးတဲ့ ဘန်းဟာ့ဒ် ရေးထားတဲ့သမိုင်းကျမ်းတွဲတွေ ပျက်စီးသွား ခဲ့တယ်ဆိုရင်တော့ ဆက်တန်ရဲ့ဘာသာပြန်ကို ဘယ်သူကမှစစ်ဆေးနေကြမှာ မဟုတ်ပါဘူး။ လက်ခံလိုက်ကြရတော့မှာပါ။ သမိုင်းဆရာများဟာ မူရင်းမှတ်တမ်းကို မရတဲ့အခါမှာ ပုံနှိပ်ပြီးသား မှတ်တမ်းတွေကိုပဲ လက်ခံရလေတော့ ဆက်တန်ရဲ့ ဘာသာပြန်ကိုပဲ လက်ခံကြရပေတော့မှာပေါ့။

ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်လို့ကျွန်တော်ရှေ့ကို တစ်ဆင့်တက်ပြီး ပြောချင် ပါသေးတယ်။ ဘန်းဟာ့ဒ်နဲ့ဆပ်တန်အကြောင်းကို ထားပါတော့။ ဥရောပသမိုင်းမှာ အရေးကြီးတဲ့ အခန်းကပါခဲ့တဲ့ ခေါင်းဆောင်ပုဂ္ဂိုလ် တစ်ယောက်ရဲ့မှတ်တမ်းအစစ် တွေကို သုတို့စာအုပ်တွေကြောင့် ကျွန်တော်တို့သိရတယ်လို့ပဲထားပြီး ကျေးဇူးတင်စွာ အသိအမှတ် ပြုလိုက်ကြသည်ပဲ ထားပါစို့။ စထရိဇ်မန်းရဲ့မှတ်တမ်းတွေကို ဖတ်ပြီး ကျွန်တော်တို့ဘယ်လောက်များ သိကြရသလဲ၊ အဲဒီ မှတ်တမ်းတွေထဲမှာ ဘာလင်မှာ စထရိဇ်မန်းနဲ့ ဆိုဗီယက်သံအမတ်ကြီးတို့ရဲ့ဆွေးနွေးပွဲတွေနဲ့ ပတ်သက်လို့ မှတ်တမ်း ရာပေါင်းများစွာ ပါတယ်။ ဒါတွင်မကဘူး။ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး **ချီချီရင်**[1] နဲ့ဆွေးနွေးချက်မှတ်တမ်းတွေလည်း ဆယ်ပေါင်းများစွာ ပါပါတယ်၊ ဒီမှတ်တမ်းတွေ ထဲမှာတူညီတာတစ်ချက်ပဲ ရှိတယ်။ အဲဒီမှတ်တမ်းတွေမှာ စထရိဇ်မန်းဟာ စကား အများဆုံး ပြောသူဖြစ်ပြီး သူပြောတဲ့ စကားတွေဟာလဲ ရှေ့နောက်ညီညွတ်ပြည့်စုံနေတဲ့ စကားတွေဖြစ်နေသလောက် တစ်ဘက်က ပုဂ္ဂိုလ်ကျတော့ စကားနည်းနေပြီး ပြောသ လောက်မှာလဲ ရှုပ်ရှုပ်ထွေးထွေး မပီမသ၊ ဝိုးတိုးဝါးတားတွေ ဖြစ်နေတာကို တွေ့ရပါ တယ်။ ဒါဟာ သံတမန်ဆိုင်ရာ ဆွေးနွေးပွဲ မှတ်တမ်းများမှာ တွေ့ရိုးတွေ့စဉ်ပါပဲ။ အဲဒီ မှတ်တမ်းတွေကိုဖတ်ကြည့်ရင် တကယ် ဘာဖြစ်ခဲ့တယ်ဆိုတာထက် ဘာဖြစ်ခဲ့ တယ်လို့ စထရိဇ်မန်းထင်တာ၊ တခြားသူတွေကို ထင်စေချင်တာ၊ သူဖြစ်စေချင်တာတွေ စတဲ့ အတ္တနောမတီတွေကိုပဲ တွေ့ရပါတယ်။

ဒါကြောင့် ဒီမှတ်တမ်းတွေကို ရွေးချယ်တာဟာ ဘန်းဟာ့ဒ်နဲ့ဆပ်တန်တင် မကပါဘူး။ စထရိဇ်မန်းကိုယ်တိုင်သည်ပင်လျှင် သူမှတ်ချင်တာတွေလောက်ကိုပဲ

1. Chicherin



www.burmeseclassic.com

www.burmeseclassic.com

မှတ်ထားခဲ့တာပါ၊ တစ်ခါဒီဆွေးနွေးပွဲနဲ့ ပတ်သက်လို့ ရှိရှိရင်ရဲ့ မှတ်တမ်းတွေကို ဖတ်ရင်လဲ ရှိရှိရင် ဖြစ်စေချင်တာ၊ စတဲ့ သူ့အတ္တနောမတိတွေကိုပဲ တွေ့ရမှာပါပဲ။ တကယ် ဘာဖြစ်ခဲ့သလဲဆိုတဲ့ အချက်ကိုတော့ သမိုင်းဆရာက သူ့စိတ်ကူးနဲ့သူ ဆက်စပ် တည်ဆောက်ယူရမှာဖြစ်ပါတယ်။

ဟုတ်ပါတယ်။ အချက်အလက်တွေနဲ့မှတ်တမ်းတွေဟာ သမိုင်းဆရာအဖို့အလွန် ရေးကြီးပါတယ်။ ဒါပေမယ့် အချက်အလက်တွေနဲ့ မှတ်တမ်းအထောက်အထားတွေကို ကိုးကွယ်ခြင်း မပြုသင့်ပါဘူး။ သူတို့ကို ရေးချရုံနဲ့သမိုင်း မဖြစ်ပါဘူး။ သမိုင်းဆိုတာ ဘာလဲဆိုတဲ့ နက်နဲတဲ့မေးခွန်းကို ဖြေဆိုရာမှာ သူတို့ဟာအဆင်သင့် ပြုလုပ်ပြီး အဖြေများ မဟုတ်ပါဘူး။

ဆယ့်ကိုးရာစုနှစ် သမိုင်းဆရာများဟာ သမိုင်းဒဿနနဲ့ပတ်သက်လို့ နက်နက်နဲနဲ မစဉ်းစားခဲ့ကြဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဒီလို ဘာကြောင့် မစဉ်းစားခဲ့ကြသလဲ ဆိုတာနဲ့ပတ်သက်လို့ကျွန်တော့်အမြင်ကို တင်ပြချင်ပါတယ်။

သမိုင်းဒဿနဆိုတဲ့ စကားလုံးကို ဗောလ်တဲယား[1] က တီထွင်ခဲ့တာပါ။ ဒီစကားလုံးကို နေရာပေါင်းများစွာမှာ အဓိပ္ပာယ်အမျိုးမျိုးနဲ့သုံးခဲ့ကြပြီးပါပြီ။ ဒါပေမယ့် ကျွန်တော်ကတော့ ' သမိုင်းဆိုတာဘာလဲ ' ဆိုတဲ့ အမေးကိုဖြေဆိုတဲ့နေရာမှာ သုံးချင်ပါတယ်။ အနောက်ဥရောပက ပညာရှင်များအဖို့ ဆယ့်ကိုးရာစုနှစ်ကြီးဟာ အကောင်းမြင်ဝါဒနဲ့ ကိုယ့်ကိုယ်ကိုယုံကြည်မှုကို မွေးဖွားပေးလိုက်တဲ့ အေးအေးဆေးဆေးခေတ်ကြီး ဖြစ်ပါတယ်။ ပေါ်ပေါက်နေတဲ့အချက်အလက်တွေကလဲ ကျေနပ်စရာပါပဲ။ အဲဒီအချက်အလက်တွေကို စစ်ဆေးလိုစိတ်၊ အချက်အလက်တွေဟာ ဘယ်လောက် မှန်သလဲဆိုတဲ့ တော်တော်ခွကျတဲ့မေးခွန်းကို ဖြေကြားလိုစိတ်တွေဟာလည်း တော်တော်အားနည်းတဲ့ခေတ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ သမိုင်းဆရာ ရန်ကေး[2] က ဆိုရင် 'သမိုင်းရဲ့အဓိပ္ပာယ်ကိုဖွင့်ဆိုဖို့ကိစ္စဟာ ကျွန်တော်တို့ကိစ္စမဟုတ်ဘူး။ ဘုရားကိုယ်တော်ရှင်ရဲ့အလုပ်သာဖြစ်တယ်။ သမိုင်းဆရာရဲ့အလုပ်ကတော့ အချက်အလက်တွေကို ဂရုစိုက်ဖို့သာဖြစ်တယ် 'လို့ဘာသာရေးကဲတဲ့ အမြင်နဲ့ပြောခဲ့တယ်။ သမိုင်းဆရာ ဘတ်ဟာ့ဒ်[3] ကတော့ ' ကျွန်တော်တို့တတွေ လူဖြစ်လာတာဟာ အလုံးစုံသော ဉာဏ်တော်ကိုရဖို့လူဖြစ်လာတာမဟုတ်ဘူး' လို့လှောင်ပြောင်တဲ့ လေသံနဲ့ ခပ်ဆွဆွ ပြောခဲ့တယ်။

၁၉၃၁ ခုနှစ်မှာ ပါမောက္ခ ဘတ်တာဖီး[4] က 'သမိုင်းဆရာတွေဟာ အရာဝတ္ထုတွေရဲ့ သဘာဝကို စဉ်းစားနေတာမဟုတ်ဘူး။ သူတို့ဘာသာရပ်ရဲ့သဘာဝကိုတောင် သိပ်စဉ်းစားဘဲမဟုတ်ဘူး' လို့ ကျေနပ်ရောင့်ရဲစွာ ပြောခဲ့တယ်။ ဒါပေမယ့် ဒီနေရာမှာ

1.Voltaire 2. Ranke 3. Buckhard 4. Butterfield





ကျွန်တော့်အရင်တစ်ပတ်က ပို့ချသွားတဲ့ သမိုင်းဆရာတစ်ဦး ဖြစ်တဲ့ ဒေါက်တာရဲဆော[1] ကတော့ မှန်ကန်တဲ့ ဝေဖန်ရေးအမြင်ကို ကိုင်စွဲပြီး ပထမကမ္ဘာစစ်ကြီး အကြောင်း ရေးထားတဲ့ ဝင်စတန်ချာချီရဲ့ 'ကမ္ဘာ့အကျပ်အတည်း' [2] ဆိုတဲ့ သမိုင်းစာအုပ်နဲ့ ပတ်သက်လို့ မှန်ကန်စွာ ဝေဖန်သွားတာကို တွေ့ရပါတယ်။ သူက ချာချီရဲ့ စာအုပ်ဟာ ထရော့စကီ[3] ရဲ့ 'ရုရှားတော်လှန်ရေးသမိုင်း' [4] နဲ့အရေးပါပုံချင်း၊ ရှင်းလင်းပြတ်သားပုံချင်း၊ ခွန်အားရှိပုံချင်းတူညီပေမယ့် အချက်တစ်ချက်မှာတော့ အားနည်းနေတဲ့အကြောင်း၊ အဲဒါကတော့ ချာချီရဲ့သမိုင်းကျမ်းထဲမှာ ' သမိုင်းဒဿန 'မပါတဲ့အကြောင်း ဝေဖန်သွားပါတယ်။

ဗြိတိသျှသမိုင်းဆရာများကတော့ ဒီလိုနိုင်းယှဉ်ချက်ကို လက်မခံကြပါဘူး။ ဒီလို လက်မခံတာဟာလဲ သမိုင်းဟာ အဓိပ္ပာယ်မရှိဆိုတဲ့ အယူအဆကို ယုံကြည်ကြလို့ မဟုတ်ဘဲ သမိုင်းရဲ့အဓိပ္ပာယ်ဟာ ဖွင့်ပြောလို့ ရတဲ့အရာမျိုးမဟုတ်၊ နဂိုပကတိအတိုင်း တည်ရှိနေတဲ့အရာမျိုးဖြစ်တယ်လို့ ယူဆကြလို့ဖြစ်တယ်။ ဆယ့်ကိုးရာစု လစ်ဘရယ်ဝါဒရဲ့သမိုင်းအမြင်ဟာ ဘောဂဗေဒမှာ လွတ်လပ်စွာ ကူးသန်းရောင်းဝယ် ရေးဝါဒနဲ့ နီးကပ်စွာဆက်နွယ်နေကြတယ်။ ဘောဂဗေဒနယ်ပယ်က လွတ်လပ်စွာကူးသန်း ရောင်းဝယ်ရေးဝါဒဟာလဲ ကမ္ဘာကြီးကိုကြည့်မြင်ရာမှာ တည်ငြိမ်ပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့အမြင်က ပေါ်ထွက်လာတာဖြစ်တယ်။ လူဟာ ကိုယ်သန့်ရာအလုပ် တစ်ခုကို ကောက်လုပ်သွားရင် ပုန်းကွယ်နေတဲ့ ဘုရားသခင်ရဲ့လက်ဟာ အလိုလို ကူညီစောင့်ရှောက် သွားတာပဲဆိုတဲ့ အမြင်ကပေါ်ထွက်လာတာဖြစ်တယ်။

အလားတူပဲ။ သမိုင်းနဲ့ဆိုင်တဲ့ ကိစ္စတွေမှာလဲ သူတို့ဟာ ဒီလိုပဲ မြင်ခဲ့ကြတယ်။ သမိုင်းအချက်အလက်များဟာ လောကီနဲ့မဆိုင်တဲ့တစ်နေရာကို ညွှန်ပြနေတဲ့ မဖောက်မပြန် မှန်ကန်တဲ့လောကနိယာမတရားကြီးကို ဖော်ပြတဲ့အရာဖြစ်တယ်လို့ သူတို့ယူဆခဲ့ကြတယ်။ အဲဒီခေတ်ဟာ ဒုစရိုက်တွေကင်းတဲ့ခေတ် ဖြစ်လေတော့ သမိုင်းဆရာများဟာ ဧဒင်ဥယျာဉ်ထဲက သမိုင်းဆိုတဲ့ ဘုရားသခင်ရှေ့တော်မှောက်မှာ သူတို့ကိုယ်ပေါ်မှာ ဒဿနဆိုတဲ့ သစ်ရွက်ဖုံးအုပ်ခြင်း မပြုကြတော့ဘဲ ကိုယ်လုံးတီး လျှောက်သွားနေကြတယ်။ အဲဒီနောက်ကျတော့ ကျွန်တော်တို့သမိုင်းဆရာများဟာ လဲဒုစရိုက်ကို သိလာခဲ့ကြပြီး ယုတ်ညံ့နိမ့်ကျတဲ့အဖြစ်ကို ရောက်ရတော့တာပါပဲ။ ဒီတော့ ဒီနေ့ခေတ်မှာ သမိုင်းနဲ့ပတ်သက်လို့ဒဿနမရှိရဘူးလို့ယူဆနေကြတဲ့ သမိုင်းဆရာများဟာ မြို့စွန်က ကိုယ့်ခြံကလေးထဲမှာဧဒင်ဥယျာဉ်ကို အသစ်ဖန်ဆင်းပြီး ကိုယ်လုံးတီး ကိုလိုနီနယ်ပယ် ကလေးတစ်ခုကို သိသိကြီးနဲ့အချည်းနှီး ထူထောင် နေတဲ့လူတွေနဲ့ တူနေတယ်။ ဒီနေ့ခေတ်မှာ သမိုင်းဆိုတာဘာလဲဆိုတဲ့ တော်တော်

1.Rowse 2. World Crisis 3. Trotsky 4. History of the Russian Revolution



www.burmeseclassic.com

www.burmeseclassic.com

နှကျတဲ့မေးခွန်းကို ရှောင်လွှဲလို့မရတော့ဘူး။

ကောင်းပြီ။ ဒါဖြင့် သမိုင်းဆိုတာ ဘာလဲ။ ဒီပြဿနာနဲ့ပတ်သက်လို့လွန်ခဲ့တဲ့ အနှစ်ငါးဆယ်အတွင်းမှာ လေးနက်တဲ့ကျမ်းတွေ တော်တော်များများရေးခဲ့ ပေါ်ထွက်ခဲ့ကြပါပြီ။ သမိုင်းမှာ အချက်အလက်ဟာ အချက်အချာဖြစ်ပါတယ်။ အရေးတကာ့ အရေးကြီးဆုံး ဖြစ်တယ်ဆိုတဲ့အယူအဆကို စတင်ယှဉ်ပြိုင်အန်တုလိုက်တဲ့ နေရာကတော့ ဂျာမနီမှာပါ။ ၁၈၈၀ နဲ့ ၁၈၉၀ ပြည့်နှစ်များကြားမှာ ဒီစိန်ခေါ်သံဟာ ဂျာမနီကပေါ်ထွက်လာခဲ့ပါတယ်။ ဂျာမနီဟာ ငြိမ်ငြိမ်ဆိမ်ဆိမ်ရှိတဲ့ ဆယ့်ကိုးရာစုနှစ်လစ်ဘရယ်ဝါဒကို ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားအောင်လုပ်လိုက်တဲ့ တိုင်းပြည်လည်း ဖြစ်ပါတယ်။ ဒီစိန်ခေါ်သံကို ကြွေးကြော်လိုက်တဲ့ ဒဿနဆရာများကို ခုခေတ်မှာ လူတွေက သိပ်မသိကြတော့ပါဘူး။ သူတို့အထဲက ဒီလ်သေး[1] ဆိုတဲ့ ဒဿနပညာရှင် ဆိုရင် ဗြိတိန်မှာ မကြာသေးမီကမှ အသိအမှတ်ပြုခြင်းခံရပါတယ်။ ဆယ့်ကိုးရာစုကုန်ခါနီးဖြစ်တဲ့ အဲဒီအချိန်တုန်းက ဂျာမနီဟာ နေဥစ္စာတိုးတက်နေပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုပြင်းထန်နေတဲ့ အချိန်ဖြစ်လေတော့ အချက်အလက် ကိုးကွယ်မှုကို တိုက်ခိုက်ခဲ့ကြတဲ့ 'ဒိဋ္ဌိ' တွေကို သိပ်ဂရုမစိုက်နိုင်အားခဲ့ကြဘူး။ ဒါပေမယ့် . . . နှစ်ဆယ်ရာစုနှစ်အစကို ရောက်တဲ့အခါမှာ အဲဒီမီးရှူးတိုင်ဟာ အီတလီရဲ့ လက်ထဲကို ရောက်သွားတယ်။ အီတလီ ဒဿနပညာရှင်ဖြစ်တဲ့ ကရိုစီ[2] က သမိုင်းဒဿနတစ်ရပ်ကို ထုထောင်ခဲ့တယ်။ အမှန်ကတော့ ကရိုစီဟာ ဂျာမန် ဒဿနပညာရှင်ကြီးတွေရဲ့အမွေကို ဆက်ခံသူသာဖြစ်ပါတယ်။ 'သမိုင်းအားလုံးဟာ ခေတ်ပြိုင်သမိုင်းသာဖြစ်တယ်' လို့ သူကပြောခဲ့ပါတယ်။ သဘောကတော့ သမိုင်းဆိုတာဟာ အတိတ်ကို ပစ္စုပ္ပန်မျက်စိ၊ ပစ္စုပ္ပန်ပြဿနာများနဲ့ ယှဉ်တွဲစဉ်းစားရတဲ့အရာဖြစ်တယ်။ ဒါကြောင့် သမိုင်းဆရာရဲ့ အဓိကအလုပ်ဟာ မှတ်တမ်းတင်ဖို့မဟုတ်ဘဲ နှိုင်းချိန်အကဲဖြတ်ဖို့ဖြစ်တယ်။ တကယ်လို့သာ နှိုင်းချိန်အကဲဖြတ်ခြင်းမပြုရင် ဘယ်အရာကို မှတ်တမ်းတင်ထိုက်တယ်ဆိုတာကိုလည်း သူဘယ့်နှယ်လုပ် သိနိုင်ပါတော့မလဲ။

၁၉၁၀ ပြည့်နှစ်မှာ အမေရိကန်သမိုင်းဆရာဖြစ်တဲ့ **ကားလ်ဘက်ကား**[3] ကလဲ 'သမိုင်းအချက်အလက်ဆိုတာ သမိုင်းဆရာဖန်တီးမှ ဖြစ်လာတဲ့အရာ ဖြစ်တယ်' လို့ ပြောင်ကျကျစကားလုံးကို ရွေးသုံးပြီးပြောခဲ့တယ်။ အဲဒီတုန်းကတော့ အဲဒီစိန်ခေါ်ချက်တွေကို လူတွေကကောင်းကောင်းသတိမပြုခဲ့ကြသေးပါဘူး။ ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းကျမှသာလျှင် ကရိုစီဟာ ပြင်သစ်ပြည်နဲ့ဗြိတိန်တို့မှာ လူသိများလာခဲ့ပါတယ်။ ကရိုစီဟာ သူ့ရှေ့က ဂျာမန်ပညာရှင်တွေထက် အတွေးအခေါ်အရာမှာ နက်နဲသိမ်မွေ့လို့၊ ဒါမှမဟုတ် အရေးအသားမှာ ရှင်းလင်းပြေပြစ်လို့ဆိုတဲ့ အကြောင်းကြောင့်တော့မဟုတ်ပါဘူး။

1. Dilthey 2. Croce 3. Carl Becker





ပထမကမ္ဘာစစ်ကြီး ပြီးတဲ့နောက်မှာ အချက်အလက်များဟာ ၁၉၁၄ ခုနှစ်ကထက် များပြားလာပါတယ်။ ဒါကြောင့်မို့ကျွန်တော်တို့ဟာလဲ ဒီလောက်များပြားတဲ့ အချက်အလက်တွေကို ရွေးထုတ်ဖို့အတွက် သမိုင်းဒဿနကို ရှာဖွေလာခဲ့ကြပါတယ်။ ကရိုစီဟာ ဒီရာစုနှစ်ရဲ့တစ်ဦးတည်းသော ဗြိတိသျှတွေးခေါ်ရှင်ဖြစ်တဲ့ အောက်စဖို့ တက္ကသိုလ် ဒဿနပညာရှင်နဲ့ သမိုင်းပညာရှင် ကိုလင်းဝုဒ်[4] အပေါ်မှာ တော်တော်လေး ဩဇာကြီး ပါတယ်။ ကိုလင်းဝုဒ်ဟာ သမိုင်းဒဿနနဲ့ပတ်သက်လို့အရေးကြီးတဲ့ ဖြည့်ဆည်းချက်ကြီးများကို လုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။ ကိုလင်းဝုဒ်ဟာ သူရေးမယ်လို့ စိမ်ကိန်းချထားတဲ့ စနစ်ကျတဲ့ကျမ်းကြီးကို မပြုစုလိုက်ရဘဲ ကွယ်လွန်သွားခဲ့ရပါတယ်။ ဒါပေမယ့် သမိုင်းဒဿနနဲ့ပတ်သက်ပြီး သူ့ရဲ့ပုံနှိပ်ပြီးနဲ့ပုံမနှိပ်ရသေးတဲ့ စာတမ်းများကို စုပေါင်းပြီး 'သမိုင်း၏မူလစိတ်'[5] ဆိုတဲ့ အမည်နဲ့ သူကွယ်လွန်ပြီးတဲ့နောက်မှာ ထုတ်ဝေခဲ့ပါတယ်။

ကိုလင်းဝုဒ်ရဲ့ သမိုင်းအမြင်ကို အောက်ပါအတိုင်း အတိုချုပ်ပြောလို့ရလိမ့်မယ်လို့ ထင်ပါတယ်။ သမိုင်းရဲ့ ဒဿနဟာ 'အတိတ်တစ်ခုတည်း' နဲ့လည်းမဆိုင်ဘူး။ 'အတိတ်ဟာ ဘယ်လိုရှိသလဲဆိုတဲ့ သမိုင်းရဲ့အတွေးအခေါ်တစ်ခုတည်း' နဲ့လည်း မဆိုင်ဘူး။ အဲဒီ နှစ်ခုအပြန်အလှန်ဆက်သွယ်မှုနဲ့သာဆိုင်တယ်။ (ဒါကိုတစ်နည်း ပြောရရင် သမိုင်း ဆိုတာ သမိုင်းကိုလေ့လာစူးစမ်းနေတဲ့ သမိုင်းဆရာရဲ့ စူးစမ်းမကိုခေါ်တာလဲ မဟုတ်ဘူး။ သမိုင်းဆရာက စူးစမ်းနေတဲ့ အတိတ်ကာလကို ခေါ်တာလည်းမဟုတ်ဘူးလို့ အဓိပ္ပာယ်ထွက်ပါတယ်။) သူက 'သမိုင်းဆရာက လေ့လာစူးစမ်းနေသော အတိတ် ကာလသည် သေသွားသော အတိတ်ကာလမဟုတ်။ ပစ္စုပ္ပန်တွင် တစ်နည်းအားဖြင့် အသက်ရှင်နေသော ကာလဖြစ်သည်' လို့ဆိုပါတယ်။ ဒါပေမယ့် အတိတ်က အဖြစ်အပျက်တစ်ခုရဲ့နောက်ကွယ်မှာရှိတဲ့ အတွေးအခေါ်၊ အဓိပ္ပာယ်ကို သမိုင်းဆရာက နားလည်ခြင်းမရှိရင် အဲဒီ အတိတ်အဖြစ်အပျက်က သေသွားပြီ၊ အဓိပ္ပာယ်ကင်းမဲ့ပြီ လို့သူက ယူဆပါတယ်။ ဒါကြောင့် 'သမိုင်းအားလုံးသည် အတွေးအခေါ်၏သမိုင်းမျှသာ ဖြစ်သည်' လို့ပြောပြီး 'သမိုင်းဟူသည် ထိုသမိုင်းကိုလေ့လာနေသူ သမိုင်း ဆရာ၏စိတ်ထဲတွင် နောက်တစ်ဖန် ပေါ်ပေါက်လာခဲ့သော ထိုသမိုင်း၏အတွေးမျှသာ ဖြစ်သည်' ရယ်လို့လည်း ပြောခဲ့ပါတယ်။

သမိုင်းဆရာရဲ့စိတ်ထဲမှာ အတိတ်ကို ပြန်လည်ဆက်စပ် တည်ဆောက်ယူရတာဟာ အတွေ့အကြုံ၊ အထောက်အထားတွေအပေါ်မှာ အမှီပြုနေရပါတယ်။ သို့သော်လည်း ဒီလိုဆိုလိုက်တဲ့အတွက် ဒီဖြစ်စဉ်ဟာ အတွေ့အကြုံဖြစ်စဉ် မဟုတ်

4. Colling Wood 5. The Idea of History



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ အချက်အလက်တွေကို ပြန်လည်ရွတ်ဆိုနေရတဲ့ ကိစ္စမျိုးမဟုတ်ပါဘူး။ အတိတ်ကို ပြန်တည်ဆောက်ရတဲ့ အလုပ်ဟာ အချက်အလက်တွေကို ရွေးထုတ်ခြင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့အကျုံးဝင်ပါတယ်။ အဲဒီလို ပြုလုပ်လိုက်တဲ့ အခါကျမှသာလျှင် သမိုင်းအချက်အလက် ဖြစ်လာပါတယ်။

ကိုလင်းဝုနဲ့တစ်သဘောတည်း ပြောသွားတဲ့သူကတော့ သမိုင်းဆရာ ပါမောက္ခ **အုတ်ရှော့**[1] ဖြစ်ပါတယ်။ သမိုင်းဟာ သမိုင်းဆရာအတွေ့အကြုံဖြစ်တယ်။ 'သမိုင်းကို သမိုင်းဆရာသာလျှင်ဖန်တီးတယ်။ တခြား ဘယ်သူကမှ ဖန်တီးတာ မဟုတ်ဘူး။ သမိုင်းကိုရေးခြင်းဟာ သမိုင်းကိုဖန်တီးတဲ့ တစ်ခုတည်းသောနည်းလမ်းသာဖြစ်တယ်' လို့သူကပြောခဲ့ပါတယ်။

ဒီအမြင်ဟာ ပြည့်စုံခြင်းမရှိသည့်တိုင် လူတွေမေ့လျော့ထားကြတဲ့ အမှန်တရားတချို့ကို အလင်းရောင်ထဲ ဆွဲထုတ်ပြခဲ့ ပါတယ်။

ပထမအချက် ။ ။ သမိုင်းအချက်အလက်တွေဟာ ကျွန်တော်တို့ဆီကို ဘယ်တော့မှ 'အရောအနှောမရှိ၊ အစစ်ပကတိ ရောက်လာတာမဟုတ်ဘူး။ အချက်အလက်ဆိုတာဟာ သူ့အတိုင်းပကတိ' အစစ်တည်နေနိုင်တာ မဟုတ်ဘူး။ မှတ်တမ်းတင်သူရဲ့အတွေးအခေါ်နဲ့ဆန်ခါတိုက်ပြီးမှ ရောက်လာတာဖြစ်တယ်. ဒါကြောင့် သမိုင်းကျမ်းတစ်စောင်ကို ကျွန်တော်တို့ကောက်ဖတ်ပြီဆိုရင် အဲဒီကျမ်းမှာပါတဲ့ အချက်အလက်ကိုမကြည့်ဘဲ အဲဒီသမိုင်းကျမ်းကိုရေးတဲ့ သမိုင်းဆရာကို ကျွန်တော်တို့ကြည့်သင့်တယ်။ ခုကျွန်တော်တို့ဂုဏ်ပြုကျင်းပနေတဲ့ သမိုင်းဆရာကြီး ထရီဗီလျံကိုပဲ ဥပမာကြည့်ကြစို့။ သူ့ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှာ ပါတဲ့အတိုင်း ထရီဗီလျံဟာ ဝှစ်အစဉ်အလာအရ ကြီးပြင်းလူလားမြောက်ခဲ့ရသူဖြစ်တယ်။ ဒီတော့ သူ့ကို ဝှစ်အစဉ်အလာရှိတဲ့ အင်္ဂလိပ်လစ်ဘရယ်သမိုင်းဆရာလို့နာမည်ပေးရင် သူက ငြင်းမယ်မထင်ပါဘူး။ သူ့မျိုးရိုးစဉ်ဆက်ကို အင်္ဂလိပ်ဝှစ်အစဉ်အလာ သမိုင်းဆရာကြီးအော်တိုထရီဗီလျံကနေပြီး ဝှစ်သမိုင်းဆရာတွေထဲမှာ အထင်ရှား ဆုံးဖြစ်တဲ့ မကောလေးအထိ ပြန်ပြီးရေးပြသွားတာ အကြောင်းမဲ့မဟုတ်ပါဘူး။ ထရီဗီလျံရဲ့ အကောင်းဆုံးနဲ့ အရင့်ကျက်ဆုံး သမိုင်းကျမ်းကတော့ **'အန်းဘုရင်မကြီး၊ လက်ထက်တော်အင်္ဂလန်ပြည်'** [2] ဆိုတဲ့ကျမ်းဖြစ်ပါတယ်။ ရေးတဲ့အကြောင်းက အန်းဘုရင်မကြီးရဲ့ လက်ထက်တော်ကို နောက်ခံပြုရေးသွားပါတယ်။ အဲဒီကျမ်းကို ဖတ်သူဟာ အဲဒီနောက်ခံကားနဲ့ယှဉ်တွဲဖတ်မှသာလျှင် အဓိပ္ပာယ်အပြည့်အဝ ရပါလိမ့်မယ်။ ဒီလိုဖတ်ဖို့လည်း သမိုင်းဆရာကတိုက်တွန်းထားပါတယ်။ ဒီလို မဟုတ်ဘဲ စုံထောက်ဝတ္ထုဖတ်သူများလို အဆုံးကို ကောက်လှန်ပြီး ဖတ်လိုက်မယ်ဆိုရင်တော့

1.Oake Shott 2. England Under Queen Anne





တတိယတွဲအဆုံးမှာ ဝှစ်ပါတီဝင်တို့ရဲ့သမိုင်းအမြင်လို့ ကျွန်တော်တို့ဒီနေ့ခေါ်နေကြတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပဲ တွေ့ရမှာပါပဲ။

ထရီဗီလျံဟာ ဝှစ်ရဲ့မူလဇစ်မြစ်၊ ဝှစ်အစဉ်အလာဖြစ်ပေါ်တိုးတက်လာပုံတို့ကို လေ့လာစူးစမ်းနေတယ်လို့ပဲ ထင်ရမှာပဲ။ ဒီအစဉ်အလာ တတိယမြောက် ဝီလျံဘုရင် ကွယ်လွန်ပြီးနောက်မှ ဖြစ်ပေါ်လာတာလို့ ရေးထားတာတွေကိုတွေ့ရမှာပါပဲ။ အမှန်ကတော့ အန်းဘုရင်မကြီးရဲ့လက်ထက်တော်ကျမှ ဝှစ်အစဉ်အလာဟာ ကြီးထွားလာတာမဟုတ်ဘဲ ရှေးအစဉ်အဆက်က ရှိခဲ့တာ ဖြစ်ပေမယ့် ထရီဗီလျံရေးတဲ့အခါကျတော့ မှန်သလိုလို ဖြစ်နေပြီး သူ့ဖွင့်ဆိုချက်ကိုလည်း လက်ခံရမလိုလို ဖြစ်နေတယ်။ ဒါပေမယ့် အဲဒီသမိုင်းကျမ်းရဲ့တကယ့်တန်ဖိုးကိုသိချင်တယ်ဆိုရင်တော့ ဒီလောက်ကလေးကြည့်ရုံနဲ့မပြီးပါဘူး။ သမိုင်းဆရာဟာ အဲဒီကျမ်းမှာ ဘာကိုရည်ရွယ်နေသလဲဆိုတာကို သိဖို့လိုပါတယ်။

ကိုလင်းဝု ပြောသလို သမိုင်းဆရာရဲ့အလုပ်ဟာ သူ့ကျမ်းထဲမှာပါတဲ့ သမိုင်းဇာတ်ဆောင်တွေရဲ့ စိတ်ထဲမှာဖြစ်ပေါ်နေတဲ့အတွေးတွေကို ကိုယ့်ဘာသာကိုယ်ပြန်တွေးတဲ့အလုပ်ဖြစ်တယ် ဆိုတဲ့စကားအတိုင်း ဒီမှာလဲသမိုင်းဖတ်သူဟာ သမိုင်းဆရာရဲ့ စိတ်ထဲမှာ ပေါ်ပေါက်နေတဲ့ အတွေးတွေကို ပြန်တွေးနေဖို့လိုအပ်ပါတယ်။ သမိုင်းအချက်အလက်ကို မလေ့လာခင် သမိုင်းဆရာကို လေ့လာဖို့လိုပါတယ်။ ဒါကလဲ သိပ်ခက်ခဲလှတဲ့ ကိစ္စမဟုတ်ပါဘူး။ အသိဉာဏ်ရှိတဲ့ သာမန်တက္ကသိုလ်ကျောင်းသားကလေးတစ်ယောက်တောင် လုပ်လေ့ရှိတဲ့ကိစ္စပါ။ တစ်ခါမှာ ကျောင်းသားကလေးတစ်ယောက်ကို စိန့်ဂျူကောလိပ်က ပညာရှင်ဂျုံးရဲ့ စာအုပ်တွေကို အဖတ်ခိုင်းတော့ အဲဒီကျောင်းသားဟာ စိန့်ဂျူကောလိပ်က သူငယ်ချင်းတစ်ယောက်ယောက်ဆီသွားပြီး ဂျုံးဆိုတဲ့ ပညာရှင်ကြီးဟာ ဘယ်လိုပုဂ္ဂိုလ်ကြီးလဲ (သူ့ဦးထုပ်ထဲမှာ ဘယ်လိုပျားမျိုး ဝှက်ထားသလဲ) သူ့အတွေးအခေါ်၊ အယူအဆဟာ ဘာလဲဆိုတာကို သွားပြီးမေးသလိုပါပဲ။ ဒီတော့ သမိုင်းကျမ်းတစ်စောင်ကို ဖတ်တော့မယ်ဆိုရင် ပျားမြည်သံကို နားထောင်ကြည့်ဖို့လိုပါတယ်။ အဲဒီလို သမိုင်းကျမ်းထဲက ပျားမြည်သံကြားလည်းမကြားရ၊ ဘာသံမှမကြားရဘူး ဆိုရင်တော့ ခင်ဗျားကိုယ်တိုင် နားပင်းနေလို့ရင်လည်းဖြစ်မယ်၊ ဒါမှမဟုတ်ရင်လဲ အဲဒီသမိုင်း ဆရာက တော်တော်ထုံထိုင်းတဲ့သမိုင်းဆရာရင်လည်း ဖြစ်ရလိမ့်မယ်။ အချက်အလက်တွေဟာ ငါးတန်းက ငါးဗန်းထဲမှာတည်ထားတဲ့ ငါးတွေနဲ့အလားသဏ္ဍာန်မတူပါဘူး။ အလွန်ကျယ်ပြောပြီး လူမရောက်နိုင်တဲ့ သမုဒ္ဒရာကြီးထဲမှာ ကူးခတ်နေတဲ့ ငါးတွေနဲ့တူပါတယ်။ သမိုင်းဆရာဟာ ဘယ်လိုငါးမျိုးကိုဖမ်းမိမလဲဆိုတာကတော့ သူ့အပေါ်မှာလည်း တစ်စိတ်တစ်ပိုင်းတည်တယ်။ အထူးသဖြင့်တော့ အဲဒီ သမိုင်းဆရာဟာ သမုဒ္ဒရာရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို နေရာဒေသမျိုးမှာသွားပြီး ငါးများသလဲ၊ ဘယ်လိုငါးမျှားတံ၊ ဘယ်လို ပိုက်ကွန်မျိုးကိုအသုံးပြုသလဲ ဆိုတာပေါ်မှာတည်ပါတယ်။ ဒါကလည်း သမိုင်းဆရာက ဘယ်ငါးမျိုးကိုဖမ်းမလဲဆိုတဲ့အချက်က ဆုံးဖြတ်ပါတယ်။ ဒီလိုရှာတဲ့အတိုင်း အများအားဖြင့်တော့ သမိုင်းဆရာဟာ သူလိုချင်တဲ့ အချက်ကို ရတတ်တာချည်းပါပဲ။

သမိုင်းဆိုတာ အနက်ဖွင့်ဆိုခြင်းပါပဲ။ ဒီတော့ ကျွန်တော့်သဘောကိုပြောရမယ်ဆိုရင် သမိုင်းဆိုတာဟာ ဆာဂျော့ကလပ် ပြောသလို 'အငြင်းပွားနိုင်သော အချက်အလက် ပေျာ့ဖတ်များ ဝိုင်းရံနေတဲ့ အမာခံအနက်ဖွင့်ဆိုချက်' လို့ပဲ ခေါ်ချင်ပါတယ်။ ကျွန်တော့်ဖွင့်ဆိုချက်ဟာ တစ်ဖက်သတ် ကျချင်ကျနေပါလိမ့်မယ်။

ဒုတိယအချက်။ ။ သမိုင်းဆရာဟာ သူရေးနေတဲ့ခေတ်က လူတွေရဲ့ စိတ်နေသဘောထား၊ အဲဒီခေတ်ကလူတွေရဲ့အတွေးအခေါ်ကို ထိုးထွင်းတီထွင်မှုရှိရှိ နားလည်ဖို့လိုပါတယ်။ 'ထိုးထွင်းတီထွင်မှုရှိရှိ နားလည်မှု' လို့ကျွန်တော်သုံးလိုက်ပါတယ်။ 'စာနာစိတ်'လို့ကျွန်တော်မသုံးပါဘူး။ စာနာမှုလို့သုံးလိုက်ရင် သူတို့နဲ့သဘောတူရာ ရောက်သွားမှာစိုးလို့ဖြစ်ပါတယ်။

ဆယ့်ကိုးရာစုနှစ်က လူများဟာ အလယ်ခေတ်သမိုင်းကို သိပ်မသိကြဘူး။ အလယ်ခေတ်ဟာ အစွဲအလမ်းတွေကလဲသိပ်ကြီး၊ အဲဒီ အစွဲအလမ်းတွေကြောင့် ရက်စက်ရိုင်းပျမှုတွေကလဲ သိပ်များလေတော့ လူတွေဟာ အလယ်ခေတ်ကို သိပ်မကြိုက်ကြဘူး။ အလယ်ခေတ်ကိုသိပ်မကြိုက်ကြတော့ အလယ်ခေတ်က လူတွေအကြောင်းကိုလဲ ထိုးထွင်းတဲ့ ပဋိဘာန်ဉာဏ်နဲ့နားမလည်နိုင်ကြဘူး။ တခြားမကြည့်ပါနဲ့။ အနှစ်သုံးဆယ်စစ်ပွဲနဲ့ပတ်သက်တဲ့သမိုင်းဆရာ ဘန်းဟာ့ဒ်ရဲ့ ရှုတ်ချရေးသားချက် တစ်ခုတည်းကိုပဲ ကြည့်ပါ။ ' ကက်သလစ်ဖြစ်စေ၊ ပရိုတက်စတင့်ဖြစ်စေ၊ မည်သည့်အယူဝါဒမဆို မိမိ၏ကြီးစိုးမှုကို လူမျိုးတစ်မျိုးအပေါ်သို့ အတင်းအကျပ် ပြုလုပ်ခြင်းသည် ရှက်ဖွယ်သော အပြုအမူဖြစ်ပေသည်' လို့ရေးခဲ့ပါတယ်။ ဘန်းဟာ့ဒ်ဟာ ဆယ့်ကိုးရာစုနှစ် လစ်ဘရယ် သမိုင်းဆရာတစ်ဦး ဖြစ်တယ်။ ကိုယ့်တိုင်းပြည်ကာကွယ်ရေးအတွက် စစ်တိုက်ရတာဟာ မှန်ကန်ဂုဏ်ပြောင်တဲ့အလုပ်ဖြစ်တယ်ဆိုတဲ့ သင်ကြားချက်အောက်မှာ ကြီးပြင်းလာခဲ့ရသူ ဖြစ်တယ်။ ကိုယ့်ဘာသာတရားကို ကာကွယ်ဖို့အတွက် စစ်တိုက်ရတာဟာ အယူသည်းရာရောက်ပြီး မကောင်း ဘူးလို့မြင်တဲ့ အယူအဆရဲ့ သင်ကြားချက်အောက်မှာကြီးပြင်းလာရသူ ဖြစ်တယ်။ ဒီလို ပုဂ္ဂိုလ်က အနှစ်သုံးဆယ် စစ်ပွဲကို တိုက်ခဲ့ရသူတွေရဲ့ စိတ်ထဲကို ဝင်ကြည့်ဖို့ဆိုတာ တော်တော်ခက်တဲ့ကိစ္စ ဖြစ်ပါတယ်။

ခု ကျွန်တော်လေ့လာနေတဲ့ အကြောင်းအရာထဲမှာ ဒီလို အခက်အခဲမျိုးတွေကို ကျွန်တော်တွေ့နေရတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်လောက်အတွင်း ဆိုဗီယက်ယူနီယံ





အကြောင်းရေးတဲ့ အနောက်နိုင်ငံကစာတွေ၊ အနောက်နိုင်ငံအကြောင်းရေးတဲ့ ဆိုဗီယက်ယူနီယံကစာတွေထဲမှာ ဒီလိုထိုးထွင်းတဲ့ ပဋိဘာန်ဉာဏ်နဲ့နားလည်မှု မရှိတဲ့အတွက် အခက်အခဲတွေတွေ့နေရတယ်။ အဲဒီ နှစ်ဘက်စလုံးက သမိုင်းရေးသူများဟာ တစ်ဘက်က လူတွေရဲ့စိတ်ထဲကို ဝင်မကြည့်နိုင်ကြဘူး။ ဒီတော့ ဘာဖြစ်ကုန်သလဲ တစ်ဘက်က ရေးတဲ့စာတွေ၊ တစ်ဘက်ကလုပ်တဲ့ အပြုအမူတွေ အားလုံးဟာ အခြားတစ်ဘက်ကနေကြည့်ရင် ရန်လိုတဲ့သဘော၊ အဓိပ္ပာယ်မဲ့တဲ့သဘော၊ အပေါ်ယံ ဟန်ဆောင်တဲ့ သဘောလို့ထင်နေကြရတယ်။ သမိုင်းဆရာဟာ သူရေးနေတဲ့ သမိုင်းခေတ်က ပြည်သူတွေရဲ့ စိတ်နဲ့စိတ်ချင်းဆက် မိနေရမယ်။ ဒီလို စိတ်ချင်းမဆက်မိရင် သမိုင်းကို ရေးလို့မရဘူး။

တတိယအချက်။ ။ ကျွန်တော်တို့ဟာ ပစ္စုပ္ပန်ရဲ့မျက်စိနဲ့သာလျှင် အတိတ်ကို ကြည့်ကြရမယ်၊ ပစ္စုပ္ပန်ရဲ့မျက်စိနှင့်သာလျှင် အတိတ်ကို နားလည်ရမယ်။ သမိုင်းဆရာဟာ သူ့ခေတ်ရဲ့ပစ္စည်းဖြစ်တယ်။ သူ မှီတင်းနေထိုင်ရာ လက်ရှိအခြေအနေများနဲ့ ဆက်သွယ်ပတ်သက်နေတယ်။ ဒီမိုကရေစီ၊ နယ်ချဲ့စနစ်၊ လက်နက်နိုင်ငံကြီး၊ စစ်တော်လှန်ရေးစတဲ့ စကားလုံးတွေဟာ လက်ရှိခေတ်ရဲ့အနက်အဓိပ္ပာယ်နဲ့ သုံးနှုန်းထားတဲ့ စကားလုံးတွေ ဖြစ်တယ်။ ဒီစကားလုံးတွေကိုမသုံးလို့မရဘူး။ ရှေးဟောင်းသမိုင်းဆရာကတော့ တိုင်းရေးပြည်ရေး၊ ဘာသာစသဖြင့် ရှေးခေတ်ကစကားလုံးတွေကို သုံးခဲ့တယ်။ သဘောကတော့ သူတို့ဟာ ဒိဋ္ဌဓမ္မကျရမယ်၊ ဘက်မလိုက်ရဘူးဆိုတဲ့မှုတွေအတိုင်း ရေးချင်တဲ့ သဘောပေါ့။ ဒါပေမယ့်မထူးပါဘူး။ ရှေးဟောင်းသမိုင်းကို ရေးနေပေမယ့် ရှေးစကားလုံးတွေနဲ့ရေးနေပေမယ့် သိပ်တော့အကြောင်းမထူးလှပါဘူး။ သူတို့ဟာလဲ ပစ္စုပ္ပန်ထဲမှာမှီတင်းနေထိုင်ကာဖြစ်လေတော့ ကိုယ်နဲ့မရင်းနှီးတဲ့ ရှေးကျတဲ့ စကားလုံးတွေကိုသုံးခြင်းအားဖြင့် ကိုယ့်ကိုယ်ကို အတိတ်ထဲရောက်နေတယ်လို့ လိမ်ညာနေတာနဲ့တူပါတယ်။

ရောမက ရှေးဝတ်ကျောင်းခန်းမကြီးတွေ ဂရိက ရှေးဝတ်ကျောင်းကြီးတွေထဲ သွားပြီး သမိုင်းအကြောင်း ပို့ချရုံနဲ့ရောမသမိုင်းဆရာ၊ ဂရိသမိုင်းဆရာ ဖြစ်မလာလိုပါပဲ။ ပြင်သစ် ' တော်လှန်ရေးကြီး ' ထဲမှာ ပါရီက လူထုများဟာ အရေးကြီးတဲ့အခန်းက ပါခဲ့ကြတယ်။ ဒီပါရီလူထုအကြောင်းကို ရေးတိုင်း ပြင်သစ်သမိုင်းဆရာအဆက်ဆက်က သူတို့ကို ' လူအုပ်၊ လူထု၊ လူလေလူလွင့်၊ လူသောင်းကျန်းများ ' ဆိုတဲ့ စကားလုံးတွေကို သုံးခဲ့ကြတယ်။ ဒါပေမယ့် ဒီအသုံးအနှုန်းတွေဟာ အဓိပ္ပာယ် သေသေချာချာ ကြည့်သူများအဖို့တော့၊ နိုင်ငံရေးအယူအဆပါနေတယ်။ ရေးသူရဲ့ အတွေးအခေါ်ကို ဖော်ပြနေတယ်။ ရေးသူရဲ့အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဖော်ပြနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်။ သမိုင်းဆရာဟာ စကားလုံးတွေကို ရွေးချယ်သုံးစွဲရမယ်။ ဒီလို ရွေးချယ် သုံးစွဲပြီဆိုကတည်းက သမိုင်းဆရာဟာလဲ 'ကြား' မဟုတ်တော့ဘူး။ စကားလုံးတင် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ အနှစ်တစ်ရာအတွင်း ဥရောပမှာ အာဏာချိန်ခွင်လျှာ ပြောင်းလဲခဲ့တဲ့အတွက် ဖရက်ဒရစ်သည်ဂရိတ်ဘုရင်ကြီးနဲ့ ပတ်သက်တဲ့ဗြိတိသျှသမိုင်းဆရာတွေရဲ့သဘောထားဟာလဲပြောင်းလဲသွားခဲ့ရတယ်။ ခရစ်ယာန်သာသနာ့အတွင်းက ပရိုတက်စတင့်နဲ့ရိုမန်ကက်သလစ် ကြားမှာ အင်အားချိန်ခွင်လျှာ အပြောင်းအလဲတွေ ပေါ်ပေါက်ခဲ့တဲ့အတွက် လိုယိုလာ[၁]၊ မာတင်လူသာ[၂]၊ ကရွမ်းဝဲလ်[၃] စသူတို့နဲ့ပတ်သက်တဲ့ သမိုင်းဆရာရဲ့အမြင်ဟာလဲ ပြောင်လဲသွားခဲ့ရတယ်။ လွန်ခဲ့တဲ့ အနှစ်လေးဆယ်အတွင်း ပြင်သစ်တော်လှန်ရေးကြီးနဲ့ ပတ်သက်တဲ့အမြင်ဟာ ရုရှားအောက်တိုဘာတော်လှန်ရေကြီးကြောင့် ဘယ်လောက် ပြောင်းလဲသွားသလဲဆိုတာ ဝေးဝေးလံလံ၊ ခက်ခက်ခဲခဲ ရှာနေစရာတောင် မလိုပါဘူး။

သမိုင်းဆရာဟာ အတိတ်နဲ့မဆိုင်ဘူး။ ပစ္စုပ္ပန်နဲ့ဆိုင်တယ်။ ပါမေကွာထရိုဗာရိုးပါး[၄] ကတော့ သမိုင်းဆရာဟာ 'အတိတ်ကို ချစ်မြတ်နိုးရမယ်လို့ ပြောဖူးတယ်။ ကျွန်တော်ကတော့ သူ့အဆိုအမိန့်ကို သံသယရှိချင်တယ်။ အတိတ်ကို ချစ်မြတ်နိုးတဲ့ကိစ္စဟာ လူအိုလူမင်းကြီးတွေ၊ အဖွဲ့အစည်းအို၊ အဖွဲ့အစည်းဟောင်းတွေရဲ့ အိမ်လွမ်းတဲ့ စိတ်ကူးယဉ်မှုသာ ဖြစ်တယ်။ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို စိတ်ဝင်စားမှု၊ ယုံကြည်မှု လျော့ပါးတဲ့ လက္ခဏာတစ်ရပ်သာ ဖြစ်တယ်။ လက်ရှိသုံးစွဲနေတဲ့ စကားအသုံးအနှုန်းအတိုင်း ပြောရရင်သမိုင်းဆရာဟာ 'သေနေတဲ့အတိတ်ရဲ့လက် ' ထဲက လွတ်မြောက်အောင် ရုန်းထွက်ရမယ်ဆိုတဲ့အမြင်ကို ကျွန်တော်သဘောကျတယ်။ သမိုင်းဆရာရဲ့ အလုပ်ဟာ အတိတ်ကိုချစ်ဖို့မဟုတ်ဘူး။ အတိတ်ကလွတ်မြောက်အောင်လုပ်ဖို့တင်လဲ မဟုတ်ဘူး။ သမိုင်းဆရာရဲ့အလုပ်ဟာ ပစ္စုပ္ပန်ကိုနားလည်ရေးအတွက် သော့တစ်ချောင်းအနေနဲ့ အတိတ်ကို ပိုင်နိုင်ကျွမ်းကျင်ဖို့၊ နားလည်ဖို့သာ ဖြစ်တယ်။

1. Loyola 2. Martin Luther 3. Cromwell 4. Trevor Roper



## သမိုင်းဆရာနဲ့သမိုင်းအချက်အလက်

ဒီအချက်တွေကတော့ ကိုလင်းဝုဒ်ရဲ့သမိုင်းအမြင်လို့ခေါ်နိုင်တဲ့ အချက်တွေပါပဲ။ ဒါပေမယ့် ကိုလင်းဝုဒ်ရဲ့သမိုင်းအမြင်က ပေါ်ထွက်လာနိုင်တဲ့ အန္တရာယ်တွေရှိတယ်။ အဲဒါကတော့ သမိုင်းကိုပြုစုရာမှာ သမိုင်းဆရာရဲ့အခန်းကို အဆုံးစွန်အတိုင်းအတာအထိ အလေးအနက်ထားလိုက်တဲ့အတွက် ဒိဋ္ဌမမ္မကျတဲ့ သမိုင်းကို လုံးဝစွန့်လွှတ်ပစ်ရာရောက်တယ်ဆိုတဲ့ အချက်ပါပဲ။ သူ့အမြင်အတိုင်းသာဆိုရင် သမိုင်းဆိုတာဟာ သမိုင်းဆရာက ပြုစုဖန်တီးထားတဲ့အရာ ဖြစ်တယ်လို့ပဲ ပြောရတော့မယ်။ ကိုလင်းဝုဒ်ဟာ တစ်ကြိမ်တစ်ခါမှာ အဲဒီအစွန်းအထိ ရောက်သွားတာကို တွေ့ရတယ်။ ဒီသဘောကို သူ့စာ (သူ့ရဲ့ပုံနှိပ်ခြင်းမပြုတဲ့မှတ်စု) များကို တည်းဖြတ်သူက ထုတ်နုတ်ကိုးကားတဲ့အထဲမှာတွေ့လိုက်ရတယ်။

သူက....

'စိန့်ဩဂတ်စတင်းဟာ'[၁] သမိုင်းကို ခေတ်ဦး ခရစ်ယာန်အမြင်နဲ့ကြည့်တယ်။ **တီလာမောင့်**[၂] က ၁၇ ရာစု ပြင်သစ်လူမျိုး တစ်ယောက်အနေနဲ့ကြည့်တယ်။ **ဂစ်ဗွန်**[၃] က ၁၈ရာစု အင်္ဂလိပ်လူမျိုးတစ်ယောက်အနေနဲ့ကြည့်တယ်။ **မွန်ဆင်**[၄] က ၁၉ရာစု ဂျာမန်လူမျိုးတစ်ယောက်အနေနဲ့ကြည့်တယ်။ ဘယ်သူ့အမြင်ဟာ မှန်သလဲလို့မေးစရာ မလိုပါဘူး။ သူ့အမြင်နဲ့သူတော့မှန်နေကြတာချည်းပါပဲ 'လို့သူက အဲဒီမှတ်စုထဲမှာ ရေးခဲ့တယ်။

ကိုလင်းဝုဒ်ရဲ့ဒီအမြင်ဟာ သံသယဝါဒ ကဲလွန်းတယ်လို့ကျွန်တော်ဆိုတယ်။ 'သမိုင်းဆိုတာဟာ ကလေးတစ်ယောက်ရဲ့အက္ခရာစာလုံးတွေထည့်ထားတဲ့သေတ္တာနဲ့ အတူတူပဲ။ ကျွန်တော်တို့ကြိုက်တဲ့ စာလုံးတစ်လုံးကို ကောက်ပေါင်းလို့ရတယ်' လို့ပြောတဲ့ **ဖရောက်ဒီ**[၅] ရဲ့ အမြင်နဲ့အတူတူပါပဲ။

1.St. Augustine 2. Tillamont 3. Gibbon 4. Mommsen 5. Froude


www.burmeseclassic.com

www.burmeseclassic.com

ကိုလင်းဝုဒ်ဟာ ' ကတ်ကြေးကိုက်၊ ကော်ကပ်သမိုင်း ' တစ်နည်းပြောရရင် သမိုင်းဆိုတာဟာ အချက်အလက်တွေစုပေါင်းထားတဲ့အရာဆိုတဲ့ အမြင်ကို ဆန့်ကျင်လွန်းတဲ့အတွက် သမိုင်းဟာ လူ့ဦးနှောက်ထဲက ထွက်လာတဲ့အရာသာ ဖြစ်တယ်ဆိုတဲ့အမြင်ကိုရောက်သွားပြီး စောစောက ကျွန်တော်ထုတ်နုတ်ပြခဲ့တဲ့ ဂျော့ကလပ်ရဲ့အမြင်လို ' ဒိဋ္ဌဓမ္မကျသော သမိုင်းအမှန်တရားဟူသည်မရှိ ' ဆိုတဲ့ အမြင်ကို ပြန်ရောက်သွားပါတယ်။ သမိုင်းဆိုတာ ဘာမှအဓိပ္ပာယ်ရှိတဲ့အရာ မဟုတ်ဘူးလို့အယင်လူတွေက ပြောခဲ့တဲ့နေရာမှာ သမိုင်းဆိုတာ အဆုံးအစမရှိ အဓိပ္ပာယ်တွေနဲ့ပြည့်နေတယ်ဆိုတဲ့အမြင်ကို သူကအစားထိုးလိုက်ပေမယ့် သဘောက တော့ အတူတူပါပဲ။ သူ့အဆိုဟာလဲ ပထမအဆိုလိုပဲ မသင့်တဲ့အဆိုဖြစ်တယ်။

တောင်ကြီးတစ်တောင်ကို ရှုထောင့်အမျိုးမျိုးကနေကြည့်တဲ့အတွက် ပုံသဏ္ဍာန် အမျိုးမျိုးနဲ့မြင်နေရတယ်။ ဘာကြောင့် ဒီတောင်ကြီးဟာ ဘာပုံသဏ္ဍာန်ရယ်လို့ တိတိ ကျကျမရှိဘူး။ ပုံသဏ္ဍာန်အမျိုးမျိုးကို ဆောင်တယ်လို့ပြောတာမျိုးနဲ့အတူတူပါပဲ။

သမိုင်းအချက်အလက်တွေကို ထုထောင်တဲ့နေရာမှာ အနက်အဓိပ္ပာယ် အယူ အကောက်ဟာ လွန်စွာအရေးကြီးတယ်။ ဒါပေမယ့် အဓိပ္ပာယ် အယူအကောက်ဟာလဲ ဒိဋ္ဌဓမ္မကျတာရယ်လို့ဘယ်အခါမှ မရှိနိုင်ဘူး။ ဒါကြောင့် အနက်ကောက်ကာတွေ အားလုံးဟာ သူ့နည်းနှင့်သူတော့ မှန်နေကြတာပဲလို့ ပြောတာမျိုးနဲ့တူနေတယ်။ သမိုင်းအချက်အလက်ဟာ အခြေခံအားဖြင့် ဒိဋ္ဌဓမ္မကျတဲ့အနက်ကောက်ပုံမျိုး ဘယ်တော့မှ မရနိုင်ဘူးလို့ပြောတာမျိုးနဲ့တူနေတယ်။ သမိုင်းမှာ ဒိဋ္ဌဓမ္မကျမှုရှိရမယ် ဆိုတဲ့ အချက်နဲ့ပတ်သက်လို့နောက်အခန်းများမှာ ကျွန်တော်ဆက်ပြောပါဦးမယ်။

ကိုလင်းဝုဒ် သမိုင်းအမြင်မှာ ဒီထက်ပိုပြီး အန္တရာယ်တစ်ခုရှိပါသေးတယ်။ သူက သမိုင်းဆရာဟာ သူလေ့လာနေတဲ့ သမိုင်းခေတ်ကို ကြည့်မြင်တဲ့နေရာမှာ သူ့လက်ရှိ မှီတင်းနေထိုင်ရာ ခေတ်ရဲ့မျက်စိနဲ့ကြည့်ရမယ်လို့ပြောသွားတယ်။ ပစ္စုပ္ပန်ပြဿနာ များကို နားလည်ရေးအတွက် သော့ချက်အနေနဲ့အတိတ်က ပြဿနာတွေကို လေ့လာ ရမယ်လို့ပြောသွားတယ်။ ကိုလင်းဝုဒ်ဟာ အချက်အလက်တွေကို ကြည့်မြင်ရာမှာ အတွေ့အကြုံ ဝါဒီ သက်သက်အဖြစ်ကို ရောက်မသွားဘူးလား။ ပစ္စုပ္ပန်ရည်ရွယ်ချက် တစ်ခုခုနဲ့ကိုက်ညီနေရင် သမိုင်းကို အဓိပ္ပာယ်ကောက်ယူပုံဟာ မှန်ကန်တယ်လို့ဆိုရာ ရောက်မနေပေဘူးလား။ ဒီအမြင်အတိုင်းသာဆိုရင် သမိုင်းအချက်အလက်ဆိုတာဟာ ဘာမှ အရေးမကြီး၊ အနက်အဓိပ္ပာယ်ကောက်ပုံသာလျှင် အရေးကြီးတယ်လို့ဆိုရာ ရောက်နေတယ်။

ဒီသဘောအတိုင်းပဲ **နစ်ရှေး**[1] ကလဲ ပြောခဲ့ဖူးတယ်။ 'အယူအဆတစ်ခု မှားနေတာကို

1. Nietzsahe





ကျွန်တော်တို့ကန့်ကွက်စရာ မလိုပါဘူး။ အရေးကြီးတာက အဲဒီအယူအဆဟာ ဘဝကိုတည်တံ့စေသလား၊ ဘဝကို တိုးတက်စေသလား၊ မျိုးနွယ်ကို တည်တံ့စေ သလား၊ မျိုးနွယ်ကို ဖြစ်ထွန်းစေသလားဆိုတဲ့ အချက်ဖြစ်တယ်' လို့ နစ်ရှေးက ပြောခဲ့တယ်။ အမေရိကန်လက်တွေ့ပဓာနဝါဒီများကလည်း ပွင့်ပွင့်လင်းလင်း မဟုတ် သည့်တိုင် ဒီသဘောကို ထောက်ခံခဲ့ကြတယ်။ အသိပညာဟာ ရည်ရွယ်ချက် မှန်ခြင်း မမှန်ခြင်း အပေါ်မှာ တည်တယ်လို့သူတို့ကဆိုခဲ့ကြတယ်။

တချို့ကျတော့လဲ ဒီအယူအဆကို လက်ခံပါတယ်လို့ဖြောင်ထုတ်ဖော်ကြွေးကြော် ခြင်း မပြုကြသည့်တိုင် လက်တွေ့မှာ ဒီအတိုင်းဆောင်ရွက်နေကြတာကို စိတ်မချမ်းမြေ့ ဖွယ်ရာ တွေ့နေရတယ်။ ခု ကျွန်တော်လေ့လာနေတဲ့ သမိုင်းကာလနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာဆိုရင် အဲဒီအန္တရာယ်ကို သဘောမပေါက်ကြဘဲ သမိုင်းအချက်အလက်ကို ကျော်လွန်ပြီး ကိုယ်သန်ရာ သန်ရာကို အဓိပ္ပာယ်ကောက် နေကြတာကို တွေ့နေရတယ်။ ဒီနေ့ဆိုဗီယက်နဲ့ဆိုဗီယက်ဆန့်ကျင်ရေး သမိုင်းပေဒဂိုဏ်းများက ရေးသားပြုစုကြတဲ့ သမိုင်းကျမ်းတွေကိုဖတ်ကြည့်ရင် ဒီအချက်ကို ထင်ထင်ရှားရှား တွေ့နိုင်တယ်။ တစ်ခါ တလေများ သူတို့ကိုဖတ်ပြီး ဆယ့်ကိုးရာစုနှစ်က ခေတ်စားခဲ့တဲ့ အချက်အလက် သက်သက် သမိုင်းဆိုတဲ့သဘောတရားကိုတောင် ပြန်ပြီးတမ်းတရမယ်လိုလို ဖြစ်နေ သေးတယ်။

ဒီနေ့ကျွန်တော်တို့ခေတ်ဟာ နှစ်ဆယ်ရာစု အလယ်ခေတ်ကာလဖြစ်တယ်။ ဒီနေ့ခေတ်မှာ အချက်အလက်တွေနဲ့ပတ်သက်လို့ သမိုင်းဆရာ ဆောင်ထိန်းရမယ့်တာဝန် ဟာ ဘာလဲဆိုတာကို သတ်မှတ်သင့်တယ်ဆိုရင် ဒီတာဝန်ကို ဘယ်လိုသတ်မှတ် ကြမလဲ လွန်ခဲ့တဲ့ နှစ်များအတွင်းက မှတ်တမ်းအထောက်အထားတွေကို လိုက်ရှာ ဖွေပြီး ဖတ်ခဲ့တယ်။ ကျွန်တော့်သမိုင်းကျမ်းမှာလည်း ကျနစွာအောက်ခြေမှတ်စုထိုးထားတဲ့ အချက်အလက်တွေကို တတ်နိုင်သလောက်ထည့်ခဲ့တယ်။ အချက်အလက်တွေနဲ့ မှတ်တမ်းအထောက်အထားတွေကို ပယ်လှပ်စပယ် လျစ်လျူပြုတဲ့ သဘောကို မရောက်အောင်လို့ ဒီလိုထည့်ခဲ့တာပါ။ သမိုင်းဆရာဟာ သူ့အချက်အလက်တွေကို ရိုသေလေးစားရမယ်။ အချက်အလက်တွေ မှန်ကန်တိကျမှုကို ဂရုစိုက်ရုံနဲ့ဂုဏ်ယူများ ကျေပြီလို့မဆိုနိုင်ဘူး။

သမိုင်းဆရာဟာ သူရေးနေတဲ့ သမိုင်းဦးတည်ချက်၊ သူရည်ရွယ်ထားတဲ့ အနက် အဓိပ္ပာယ်ဖွင့်ဆိုမှုနဲ့သက်ဆိုင်တဲ့ သိပြီးအချက်အလက်များနဲ့ သိနိုင်တဲ့အချက် အလက်များအားလုံးကို ဖော်ပြဖို့ကြိုးစားရပေလိမ့်မယ်။ ဗိတိုရိယခေတ် အင်္ဂလိပ်လူမျိုး ဟာ စာရိတ္တအရာမှာ သန့်ရှင်းသူ၊ စဉ်းစားဉာဏ်အရာမှာ မြင့်မားသူဆိုတာကို ချင်ရင် ၁၈၅၀ ပြည့်နှစ်တုန်းက စတယ်လာဘာရစ်ဝိတ် ရပ်ကွက်မှာ ဖြစ်ပွားခဲ့တဲ့ ကြေငြာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဖော်ပြရပေလိမ့်မယ်။ ဒါပေမယ့် ဒီလိုပြောလိုက်တဲ့အတွက် သမိုင်းရဲ့အသက်သွေးကြောဖြစ်တဲ့ အနက်အဓိပ္ပာယ် ကောက်ယူမှုကို စွန့်ပစ်ရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ ပညာရေးနယ်ကမဟုတ်တဲ့ မိတ်ဆွေများနဲ့ပညာရေးနယ်မှာ ရှိသော်လည်း အခြား ဘာသာရပ်ပညာရှင် ဖြစ်ကြတဲ့ မိတ်ဆွေတော်တော်များများကပဲ သမိုင်းကို ပြုစုတဲ့အခါမှာ ဘယ်လိုများပြုစုသလဲလို့ ကျွန်တော့်ကို မေးလေ့ရှိကြတယ်။ သမိုင်းကို ပြုစုတဲ့အခါမှာ သမိုင်းဆရာဟာ အဆင့်နှစ်ဆင့်ကို ဖြတ်သန်းရတယ်လို့ပဲ ဖြေရလိမ့်မယ်။ ပထမ သက်ဆိုင်ရာ အထောက်အထား မှတ်တမ်းတွေကို အချိန်ယူပြီး လေ့လာရတယ်။ မှတ်စုစာအုပ်ထဲမှာ အချက်အလက်တွေကို ကူးရတယ်။ ပြီးတော့မှ အဲဒီ မှတ်တမ်းအထောက်အထားတွေ ခဏချထားပြီး မှတ်စုစာအုပ်တွေကို ထုတ်ပြီး သမိုင်းကျမ်းကို အစအဆုံးရေးရတယ်။ ဒါက သမားစဉ်လုပ်နေကျပါ။

ကျွန်တော်ကတော့ ဒီလိုလုပ်တာမျိုးကို တယ်မကြိုက်လှဘူး။ ကျွန်တော့်အဖို့တော့ အရေးကြီးတဲ့ အထောက်အထားမှတ်တမ်းတွေကို စတင်ဖတ်မိပြီဆိုရင်ပဲ ရေးချင်စိတ်တွေ တဖွားဖွားပေါ်လာပြီး မအောင့်နိုင်တော့ဘဲ ရေးချလိုက်မိတာပါပဲ။ ဒီလို ရေးရာမှာလည်း ကျမ်းအစရယ်၊ ဘာရယ်လို့မဟုတ်ဘူး။ ကိုယ်စိတ်ဝင်စားရာနေရာက ကောက်ရေးလိုက်တာပါပဲ။ ဒီနောက်တော့ ရေးလိုက်ဖတ်လိုက်နဲ့ရေးတာနဲ့ဖတ်တာကို တစ်ပြိုင်တည်း လုပ်သွားတာပဲ။ ဖတ်ရင်းလဲ ထပ်ဖြည့်သွားတာ၊ ဖြုတ်ပစ်တာ၊ ပြန်ရေးတာ၊ ဖျက်ပစ်တာတွေ ရှိပါတယ်။ ဖတ်ရင်းရေးရင်းလုပ်နေတာ ဖြစ်လေတော့ အဖတ်ကို အရေးကပဲ ဦးဆောင်သွားပါတယ်။ အရေးက ဦးဆောင်တဲ့အတွက် အဖတ်ဟာလဲ ပိုပြီး အကျိုးရှိလာပါတယ်။ ရေးလေလေ ကိုယ်ရှာစမ်း ရှာဖွေတာကို ပိုပြီး သိလာလေလေပါပဲ။ တချို့ သမိုင်းဆရာများကျတော့လဲ ကလောင်တို့၊ မင်အိုးတို့၊ လက်နှိပ်စက်တို့ကို မသုံးဘဲ မူကြမ်းကို ခေါင်းထဲမှာတင် အကြမ်းလျာထားပြီး ရေးကြတယ်။ တချို့စစ်တုရင်သမားများ စစ်တုရင်ရုပ်နဲ့စစ်တုရင်ခုံမပါဘဲ ခေါင်းထဲမှာတင် အကွက်ချကြည့်သလိုပေါ့။ ဒီအရည်အချင်းမျိုးကို ကျွန်တော် သဘောကျပါတယ်။ ဒါပေမယ့် ကျွန်တော်မှာတော့ဒီအရည်အချင်းမျိုးမရှိပါဘူး။ ဒါပေမယ့် ဘယ်လိုပဲပြောပြော ငိပိမြည်မြည် သမိုင်းဆရာတစ်ယောက်အဖို့ကတော့ အဲဒီအလုပ်နှစ်ခုဟာ ဘောဂဗေဒသမားတွေ ပြောလေ့ရှိတဲ့ 'အပင်' နဲ့ 'အထွက်' ဆိုတဲ့ စကားလို တစ်ပြိုင်နက်တည်း လုပ်ရမယ့်အလုပ်တွေ ဖြစ်တယ်။

လက်တွေ့အားဖြင့်ကြည့်ရင် အဖတ်နဲ့အရေးဆိုတဲ့ အလုပ်နှစ်ခုဟာ ဖြစ်စဉ်ကြီးတစ်ခုရဲ့ အစိတ်အပိုင်းတွေပဲလို့မြင်ပါတယ်။ ဒီနှစ်ခုကို ခွဲခြားပစ်လိုက်တာနဲ့သို့မဟုတ် ဒီနှစ်ခုအနက်တစ်ခုခုကို ဦးစားပေးလိုက်တာနဲ့တစ်ပြိုင်နက် အများနှစ်ခုကို ကျူးလွန်နိုင်ပါတယ်။ အများတစ်ခုကတော့ ဘာမှအနှစ်သာရမရှိတဲ့၊ ထူးခြားချက်မရှိတဲ့



ကတ်ကြေးကိုက် ကော်ကပ်သမိုင်းမျိုး ရေးမိတာမျိုးဖြစ်ပြီး နောက်အများတစ်ခုကတော့ ဝါဒဖြန့်သမိုင်း၊ ဒါမှမဟုတ် သမိုင်းဝတ္ထုရေးတာမျိုး ဖြစ်တယ်။ သမိုင်းအချက်အလက်ကို အခြေခံပေမယ့် သမိုင်းနဲ့ဘာမှမဆိုင်တဲ့ အရေးအသားမျိုးကို ဖွဲ့နွဲ့တန်ဆာဆင်ရေးတာမျိုးပဲ ဖြစ်နိုင်တယ်။ ဒါကြောင့် သမိုင်းဆရာနဲ့သမိုင်းအချက်အလက်တို့ဘယ်လို ဆက်သွယ်နေတဲ့ အကြောင်းကို စစ်ဆေးရှာဖွေရတဲ့အလုပ်ဟာ တော်တော် အန္တရာယ်ကြီးတဲ့ အလုပ်လို့ကျွန်တော်ထင်တယ်။ တစ်ဘက်မှာ သမိုင်းဆိုတာ အချက်အလက်များကို ဒိဋ္ဌမမ္မကျစွာ စုဆောင်းခြင်း၊ သမိုင်းမှာ အချက်အလက်သည်အဓိက၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် သာမညဆိုတဲ့ ချောက်ကမ်းပါးကြီးရှိပြီး တစ်ခြားတစ်ဘက်မှာတော့ သမိုင်းမှာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် အဓိက၊ အချက်အလက်သည် သာမညလို့ယူဆတဲ့ ချောက်ကမ်းပါးကြီး ရှိနေတယ်။ တစ်နည်းပြောရရင် ဗဟိုဆွဲငင်အားဟာ အတိတ်မှာရှိတယ်ဆိုတဲ့ သမိုင်းအမြင်နဲ့ ဗဟိုဆွဲငင်အားဟာ ပစ္စုပ္ပန်မှာ ရှိတယ်ဆိုတဲ့ သမိုင်းအမြင်တို့ဖြစ်တယ်။

သမိုင်းဆရာနဲ့သမိုင်းအချက်အလက်တို့ရဲ့ ဆက်သွယ်ပုံကို လေ့လာတဲ့အခါမှာ ကျွန်တော်ဟာ အဲဒီအစွန်းနှစ်ဘက်ကိုရောက်အောင် သိမ်မွေ့စွာ သိုးကာသီကာနဲ့ ကွေ့ရှောင်နေရတယ်။ ဒါပေမယ့် ခုတော့ ကျွန်တော်တို့မှာ ထင်သလောက်အန္တရာယ် မများလှတော့ပါဘူး။ ခု ကျွန်တော်ပြောမယ့်အချက်တွေ ထဲမှာလည်း အချက်အလက်နဲ့ အနက်ကောက်ပုံတို့ကို ခွဲခြားထားတာကို ကစ်မြားနည်းတွေနဲ့တွေ့ရမှာပါပဲ။ သီးခြားနဲ့ ယေဘုယျ၊ အတွေ့အကြုံနဲ့အယူအဆ ဆန္ဒနဲ့ဒိဋ္ဌခမ္မစတဲ့ စကားလုံးတွေကို သုံးပြီး ခွဲခြားထားတာကို တွေ့ရမှာပါပဲ။

သမိုင်းဆရာဟာ တွေ့ကြုံနေရတဲ့အခက်အခဲက အခြားအခက်အခဲ မဟုတ်ပါဘူး။ လူဆိုတဲ့ သတ္တဝါရဲ့ ပင်ကိုစရိုက် သဘာဝပါပဲ။ အလွန်နုနယ် သေးငယ်တဲ့ ကလေးအရွယ်နဲ့ အလွန်ရင့်မှည့်နေတဲ့ အိုမင်းချိန်တို့မှအပ လူဟာ မိမိမိုတင်းနေထိုင်ရာ ပတ်ဝန်းကျင်ကိုချည်း အစဉ်အမြဲ အရှုံးပေး အလိုလိုက်နေရတဲ့ သတ္တဝါမဟုတ်ဘူး။ ပတ်ဝန်းကျင်ကို လုံးဝဥဿုံ လွှမ်းမိုးသြဇာပေးနိုင်တဲ့ သတ္တဝါ မဟုတ်ပြန်ဘူး။ လူနဲ့ ပတ်ဝန်းကျင်တို့ဆက်သွယ်နေကြပုံဟာ သမိုင်းဆရာနဲ့သူ့အကြောင်းအရာတို့ ဆက်စပ်နေကြပုံနဲ့အတူတူပါပဲ။ သမိုင်းဆရာဟာ သူ့အချက်အလက်တွေရဲ့ကျိုးနွံတဲ့ အစေခံလည်း မဟုတ်ဘူး။ သူ့အချက်အလက်တွေပေါ်မှာ သူထင်တိုင်း ပြုမူနိုင်တဲ့ အရှင်သခင်လဲ မဟုတ်ဘူး။ သမိုင်းဆရာနဲ့သူ့အချက်အလက်တွေရဲ့ ဆက်သွယ်ပုံဟာ အညမည ဆက်ဆံရေး ဖြစ်တယ်။ တန်းတူညီမျှ ဆက်ဆံရေးဖြစ်တယ်။ အပေးအယူသဘောရှိတဲ့ ဆက်ဆံရေးဖြစ်တယ်။

သမိုင်းကျမ်းတစ်စောင်ကို ပြုစုရေးသားနေတုန်းမှာ ခဏရပ်ပြီး ကိုယ်လုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို ပြန်စဉ်းစားလိုက်တဲ့ အခါမှာ သူဟာ အဖြစ်အပျက်ကို အနက်ဖွင့်ဆိုချက်နဲ့ ကိုက်အောင်ပုံသွင်းခြင်း၊ အနက်ဖွင့်ဆိုချက်ကို အချက်အလက်နဲ့ကိုက်အောင် ပုံသွင်းခြင်း ဆိုတဲ့ ဖြစ်စဉ်ကြီးနှစ်ခုကို တစ်ပြိုင်နက်တည်း လုပ်နေတယ်ဆိုတာကို တွေ့ရလိမ့်မယ်။ ဒါကို သမိုင်းရေးနေတဲ့ သမိုင်းဆရာတိုင်း သိကြပါတယ်။ ဒီနှစ်ခုအနက် တစ်ခုခုကို ဦးစားပေးလိုက်လို့မရပါဘူး။

သမိုင်းဆရာဟာ သမိုင်းကိုပြုစုတော့မယ်ဆိုတာနဲ့ယာယီရွေးချယ်ထားတဲ့ အနက် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့အစပြုတယ်။ အဲဒီ ဖွင့်ဆိုချက်တွေ၊ အဓိပ္ပာယ် ကောက်ယူ ချက်တွေအရ အချက်အလက်ကို ရွေးတယ်။ ကိုယ်တိုင်ရွေးတာလည်းရှိတယ်။ သူများ ရွေးတာလည်းရှိတယ်။ သူများရွေးပြီးသားကို ယူတာလည်းရှိသပေါ့။ ဒီလိုနဲ့ရွေးရင်း ရွေးရင်းကပဲ ခတ်စောစောက သတ်မှတ်ထားတဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ အချက်အလက် ရွေးချယ်ပုံတွေ၊ စီစဉ်ထားပုံတွေဟာ တဖြည်းဖြည်းမသိမသာပြောင်း သွားကြတယ်။ အချက်အလက်ကြောင့် အဓိပ္ပာယ်ကောက်ပုံပြောင်း၊ အဓိပ္ပာယ် ကောက်ပုံကြောင့် အချက်အလက်ရွေးပုံပြောင်းပြီး နှစ်ခုအပြန်အလှန် ဩဇာပေး နေကြတယ် ဆိုပါတော့။ ဒီမှာ သူတို့နှစ်ခုတင် အပြန်အလှန်ဩဇာပေး ပြောင်းနေ ရုံတင်မကဘူး။ အတိတ်နဲ့ပစ္စုပ္ပန်တို့ဟာလဲ အပြန်အလှန် ဩဇာပေးပြီး ပြောင်းသွား ကြတယ်။ သမိုင်းဆရာဟာ ပစ္စုပ္ပန်ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ သမိုင်း အချက် အလက်ဟာ အတိတ်ဖြစ်တယ်။ ဒီလိုနဲ့သမိုင်းဆရာနဲ့အချက်အလက်ဟာလဲ အပြန်အလှန် ဩဇာပေးပြီး ပြောင်းသွားကြတယ်။ သမိုင်းဆရာနဲ့ သမိုင်းအချက် အလက်ဟာ ခွဲခြားလို့မရတဲ့ အရာနှစ်ခု ဖြစ်တယ်။ အချက်အလက်မရှိတဲ့ သမိုင်း ဆရာဟာ အောက်ခြေပင်မြင့် ကင်းပြီး အသီးအပွင့်မရှိတဲ့ အပင်နဲ့တူတယ်။ သမိုင်းဆရာ မရှိတဲ့ အချက်အလက်တွေကတော့ ဆွေးမြည့်ပြီး ခြောက်သယောင်းနေတဲ့ အမြစ်နဲ့ တူတယ်။

ဒါကြောင့် သမိုင်းဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ကျွန်တော် ပထမဆုံးပေးချင်တဲ့ အဖြေကတော့ သမိုင်းဆရာ ဆိုတာ သမိုင်းဆရာနဲ့သူ့အချက်အလက်တွေကြားက စဉ်ဆက်မပြတ် အပြန်အလှန် ဆက်သွယ်နေတဲ့ ဖြစ်စဉ်တစ်ရပ်၊ အတိတ်နဲ့ပစ္စုပ္ပန်တို့ရဲ့ အဆုံးမရှိ ဆက်သွယ်မှု တစ်ရပ်လို့ဖြေချင်ပါတယ်။



## လူ့အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်

လူ့အဖွဲ့အစည်းနဲ့လူပုဂ္ဂိုလ် ဘယ်သူကအရင်ကျသလဲဆိုတဲ့ ပြဿနာဟာ ကြက်မ နဲ့ကြက်ဥ ဘယ်သူကအရင်လဲဆိုတဲ့ ပြဿနာလိုပါပဲ။ အဲဒီပြဿနာကို ယုတ္တိဗေဒ ဆိုင်ရာ ပြဿနာတစ်ရပ်အနေနဲ့စဉ်းစားသည်ဖြစ်စေ၊ သမိုင်းပြဿနာတစ်ရပ်အနေနဲ့ စဉ်းစားသည်ဖြစ်စေ တိကျတဲ့အဖြေကို မရနိုင်ပါဘူး။ ဘယ်အဖြေကိုပဲ ပေးပေး တစ်ဘက်က ပြန်ချေပလို့ရတာချည်းပါပဲ။ ပြန်ပြီးချေတဲ့အဖြေဟာလဲ တစ်ဖက်သတ် ကျတဲ့ ချေပချက်ပဲဖြစ်မှာပဲ။ လူ့အဖွဲ့အစည်းနဲ့လူပုဂ္ဂိုလ်ဟာ ခွဲခြားလို့မရဘူး။ သူတို့ နှစ်ခုဟာ ဝိရောဓိဖြစ်နေကြတဲ့အရာတွေမဟုတ်ဘူး။ တစ်ခုကိုတစ်ခု အပြန်အလှန် အထောက်အကူပြုနေကြတဲ့ အရာတွေဖြစ်တယ်။

'ဘယ်လူသားမှ၊ ပေါမျှားပြည့်စုံ၊ ကျွန်းရိပ်မြုပ်ဟု၊ ခေါ်တဲ့မရ၊ အစသူငါ လူတိုင်း သာလျှင်၊ ပထဝီဝင်၊ မြေပြင်တိုက်ကြီး၊ အသီးသီး၏၊ အစိတ်အပိုင်းတည်း' လို့ ကဗျာစာဆို ဂျွန်းဒန်းက ရေးဖွဲ့ဖူးပါတယ်။ အမှန်ပါပဲ။ သူ့အဆိုဟာ အမှန်တရားရဲ့ မြင်ကွင်းတစ်ခုပါပဲ။ သူနဲ့ဆန့်ကျင်ဘက် ဂန္ထဝင်ပုဂ္ဂလိကဝါဒီ တစ်ဦးဖြစ်တဲ့ ဂျွန်စတူး ဝပ်မီးလ် ကတော့ 'အတူရောနှော ပေါင်းသင်းနေထိုင်ကြသောအခါ၌ လူတို့သည် အခြားသော ရုပ်ဒြပ်အနှစ်သာရ အဖြစ်ပြောင်းလဲ သွားကြသည်မဟုတ်' လို့ ရေး ခဲ့ပါတယ်။ ဟုတ်ပါတယ်။ ရောနှောပေါင်းသင်းနေထိုင်ကြတဲ့အတွက် လူဟာ ရုပ်ဒြပ်အနှစ်သာရအားဖြင့် ပြောင်းလဲသွားတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မီးလ်ရဲ့ အဆိုက လူဟာ ရောနှောပေါင်းသင်းခြင်းမပြုဘဲလည်း နေနိုင်ကယ်ဆိုတဲ့ သဘောကို ရောက်နေပါတယ်။

ကျွန်တော်တို့ဟာ မွေးလာကတည်းက ပတ်ဝန်းကျင် ကမ္ဘာလောကကြီးရဲ့ ပြုပြင်စီရင်ခြင်းကို ခံလိုက်ရပါတယ်။ ဇီဝဗေဒဆိုင်ရာ ယူနစ်တစ်ခု အဖြစ်ကနေပြီး ပေါင်းသင်းဆက်ဆံရေး ယူနစ်တစ်ခုအဖြစ် ပြောင်းလဲပေးဟာကို ခံလိုက်ကြတယ်။

www.burmeseclassic.com


ဘယ်သမိုင်းအဆင့်ပဲဖြစ်ဖြစ်၊ သမိုင်းမတိုင်မီ ဘယ်ကာလမှာဖြစ်ဖြစ်၊ လူဟာ လူ့အဖွဲ့အစည်းတစ်ခုတည်းမှာ မွေးလာရတာပါ။ အဲဒီ လူ့အဖွဲ့အသည်းရဲ့ ပြုပြင်ပုံသွင်းခြင်းကို ခံခဲ့ရတာပါ။ သူပြောနေတဲ့ ဘာသာစကားဟာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်စီက အမွေရခဲ့တဲ့ အမွေအနှစ်မဟုတ်ပါဘူး။ သူကြီးပြင်းလာရာ လူမှုအစုတစ်ခုဆီက ရခဲ့တဲ့ လူမှုဖြည့်ဆည်းချက်တစ်ခု ဖြစ်ပါတယ်။ သူ့အတွေးအခေါ်ရဲ့ပုံပန်းသဏ္ဍာန်ကို ဘာသာစကားနဲ့ပတ်ဝန်းကျင်က ဆုံးဖြတ်ပြဋ္ဌာန်းပေးပါတယ်။ သူ့ရဲ့ကနဦး အတွေးအခေါ်များဟာ အခြားသူများထံက ဆင်းသက်လာခြင်းဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း လူ့အဖွဲ့အစည်းနဲ့ကင်းကွာနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ စကားလည်းပြောတတ်မှာမဟုတ်ပါဘူး။ စိတ်ကူးလည်းရှိမှာမဟုတ်ပါဘူး။ ရော်ဘင်ဆန်ကရူးဆိုး ဒဏ္ဍာရီမှာ စွဲမက်စရာကောင်းနေတဲ့ အချက်တစ်ခုကတော့ လူ့အဖွဲ့အစည်းနဲ့ကင်းကွာနေတဲ့ လူတစ်ယောက်ကို ဖန်တီးဖို့ကြိုးစားနေတဲ့အချက်ပါပဲ။ ဒါပေမယ့် ဒီကြိုးပမ်းမှုဟာ မအောင်မြင်ခဲ့ဘူး။ ရော်ဘင်ဆန်ကရူးဆိုးဟာ ဒြပ်မဲ့တဲ့ တစ်သီးပုဂ္ဂလ တစ်ယောက် မဟုတ်ဘူး။ ယော့နယ်က အင်္ဂလိပ်လူမျိုး တစ်ယောက်ဖြစ်တယ်။ သူ့မှာ သမ္မာကျမ်းစာပါလာတယ်။ သူကိုးကွယ်တဲ့ဘုရားကိုသူဝတ်ပြုတယ်။ နောက်တော့ ရော်ဘင်ဆန်ကရူးဆိုးဟာ ဖရိုက်ဒေးဆိုတဲ့ လူတစ်ယောက်ကို တွေ့တယ်။ ဒီနောက်မှာတော့ သူတို့နှစ်ယောက်ဟာ လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ကြတော့တာပါပဲ။

ဒီလိုပဲ လူ့အဖွဲ့အစည်းနဲ့ကင်းနေတဲ့ ပုဂ္ဂိုလ် တစ်ယောက်ကို ဖန်တီးဖို့ကြိုးစားသူကတော့ **ဒေါ့စတော့ယက်စကီး**[1] ရဲ့ **ဓိစ္ဆာ**[2] ဆိုတဲ့ ဝတ္ထုထဲက ကရီးလော့ဗ် ဆိုတဲ့လူဖြစ်ပါတယ်။ သူ့မှာ လူ့အဖွဲ့အစည်းနဲ့လုံးဝကင်းလွတ်နေတဲ့အကြောင်းကို ပြချင်တဲ့အတွက် ကရီးလော့ဗ်ဟာ သူ့ကိုယ်သူ အဆုံးစီရင်ပြလိုက်ပါတယ်။ ဟုတ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးက လွတ်လပ်စွာလုပ်ဆောင်နိုင်တဲ့အရာဆိုလို့ကိုယ့်ကိုယ်ကို အဆုံးစီရင်တဲ့ ကိစ္စတစ်ခုတည်းပဲရှိပါတယ်။ အခြားလုပ်ရပ်များကတော့ လူ့အဖွဲ့အစည်းဝင်တစ်ဦးရဲ့အဖြစ်နဲ့တစ်နည်းမဟုတ်ရင် တစ်နည်းအားဖြင့် ဆက်စပ်နေတာချည်းပါပဲ။

ခေတ်ဦးလူသားဟာ ယဉ်ကျေးတဲ့ လူသားထက် ပုဂ္ဂလိက ဆန်မှုနည်းပါးကြောင်း၊ သူနေထိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ပြုပြင်စီရင်မှုကို ပိုပြီးခံရကြောင်းနဲ့မနုဿဗေဒ ပညာရှင်များက ဆိုကြတယ်။ သူတို့အဆိုဟာ မှန်သင့်သလောက် မှန်တယ်လို့ ကျွန်တော်ထင်တယ်။ ရိုးစင်းတဲ့ လူ့အဖွဲ့အစည်းများမှာ လူတွေဟာ တော်တော်တူညီကြတယ်။ ရှုပ်ထွေးပြီး ခေတ်ရှေ့တန်းရောက်တဲ့ လူ့အဖွဲ့အစည်းများမှာထက် အလုပ်အကိုင် ကွဲပြားခြားနားမှု၊ တစ်ဦးခြင်း ကျွမ်းကျင်အရည်အချင်း ကွဲပြားခြား

1. Dostoevsky 2. The Devil





နားမှုတို့နည်းတဲ့အတွက် လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီးမကွဲပြားလှဘူး။ ရှေ့တန်းရောက်တဲ့ ခေတ်မီလူ့အဖွဲ့အစည်းများမှာတော့ လူပုဂ္ဂိုလ်တစ်ဦးခြင်းကွဲပြားခြားနားမှုဟာ ပိုပြီးကြီးမားသည်ထက် ကြီးမားလာခဲ့တယ်။ ဒါပေမယ့် ပုဂ္ဂိုလ်တစ်ဦးခြင်း ကွဲပြားမှုနဲ့လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးတက်မှုတို့ဟာ ဝိရောဓိဖြစ်နေတယ်လို့တော့ယူဆလို့မရပေဘူး။ လူ့အဖွဲ့အစည်းရဲ့ဖြစ်ပေါ်တိုးတက်မှုနဲ့ လူပုဂ္ဂိုလ်တစ်ဦးခြင်းရဲ့ ဖြစ်ပေါ်တိုးတက်မှုဟာ ခွဲခြားလို့မရနိုင်ဘူး။ ရှုပ်ထွေးပြီး ရှေ့တန်းကျတဲ့လူ့အဖွဲ့အစည်းမှာ လူပုဂ္ဂိုလ်တစ်ဦးခြင်းရဲ့အပြန်အလှန်ဆက်စပ်မှီခိုမှုဟာလည်း ရှုပ်ထွေးတဲ့ သဏ္ဍာန်များကို ဆောင်လာတတ်ကြတယ်။ ဒါကြောင့်မို့ ခေတ်သစ်လူမျိုးရေးအဆောက်အအုံတစ်ခုမှာ ပုဂ္ဂလိကအဖွဲ့ဝင်တွေကို အတွေးအခေါ်နဲ့စိတ်နေစိတ်ထားတွေ ပုံသွင်းပေးဖို့သူတို့အချင်းချင်းကိုတူညီအောင် လုပ်ဆောင်ဖို့ကိစ္စဟာ ရှေးခေတ်ဦးမျိုးတူစု လူ့အဖွဲ့အစည်းတွေမှာတုန်းကလို လွယ်မှာမဟုတ်ဘူးလို့ထင်ရင်တော့ မှားလိမ့်မယ်။

လူမျိုးတစ်မျိုးရဲ့ အမျိုးသား စရိုက်လက္ခဏာဟာ ဇီဝဗေဒဆိုင်ရာ ကွဲလွဲချက်တွေပေါ်မှာ တည်တယ်။ ဇီဝဗေဒဆိုင်ရာကွဲလွဲချက်တွေရှိရင် သူတို့ရဲ့ စိတ်နေစိတ်ထား စရိုက်လက္ခဏာများဟာလဲ ကွဲလွဲကြတယ်ဆိုတဲ့အယူအဆဟာ ခေတ်မမီတော့ဘူး။ ဒီအယူအဆဟာမှားနေပြီ။ သို့သော်လည်း လူ့အဖွဲ့အစည်းမှာ လူမျိုးရေးနောက်ခံ ကွဲလွဲမှုတွေ၊ ပညာရေးဆိုင်ရာ ကွဲလွဲခြားနားချက်တွေကြောင့် လူမျိုးတစ်မျိုးနဲ့တစ်မျိုး စရိုက်လက္ခဏာတွေမတူဘဲ ကွဲပြားခြားနားရခြင်းဖြစ်တယ်ဆိုတဲ့ အချက်ကိုတော့ ပစ်ပယ်လို့မရသေးဘူး။ လူ့သဘာဝဆိုတဲ့အရာဟာ တော်တော်ပြောရခက်တဲ့ကိစ္စပါ။ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည်၊ ရာစုနှစ် တစ်ခုနဲ့တစ်ခုတောင် မတူကြဘူး။

ဒီလို ကွဲပြားခြားနားတဲ့အတွက် လူ့သဘာဝဆိုတဲ့အရာကို တည်ဆဲလူနေမှု အခြေအနေတွေနဲ့ အစဉ်အလာတွေက ပုံသွင်းဖန်တီး လိုက်တဲ့အတွက် သူ့ကိုလဲ သမိုင်းအခြင်းအရာ တစ်ရပ်အနေနဲ့သဘောထားလို့မရပါဘူး။

ဆိုပါစို့၊ အမေရိကန်၊ ရုရှားနဲ့အိန္ဒိယလူမျိုးတို့ရဲ့ 'လူ့သဘာဝ' စရိုက်မှာ မတူတာတွေ အများကြီးရှိနေတယ်။ အဲဒီလို မတူတဲ့အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်း ဆက်ဆံရေးကိစ္စများမှာလဲ သဘောထားတွေမတူကြဘဲ ဖြစ်လာခဲ့ကြတယ်။ တစ်နည်းပြောရရင် ကိုယ့်တိုင်းပြည် ဘယ်လိုအုပ်ချုပ်သင့်တယ်ဆိုတဲ့ ကိစ္စတွေမှာလဲ သူတို့ အချင်းချင်းကြားမှာ ခြားနားလာကြတယ်။ ဒါကြောင့် အမေရိကန်တစ်ဦးချင်း၊ ရုရှား တစ်ဦးချင်း၊ အိန္ဒိယလူမျိုးတစ်ဦးချင်းရဲ့ ကွဲပြားခြားနားမှုတွေကိုလေ့လာချင်ရင် အမေရိကန်လူ့အဖွဲ့အစည်း၊ ရုရှားလူ့အဖွဲ့အစည်း၊ အိန္ဒိယလူ့အဖွဲ့အစည်းတစ်ခုလုံးတွေကိုလေ့လာတာဟာ အကောင်းဆုံးနည်း ဖြစ်နေတယ်။


www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးတဲ့ခေတ်လူသားဟာလဲ ရှေးခေတ်ဦးကလူသားလို့ပဲ သူမိုတင်းနေထိုင်ရာ လူ့အဖွဲ့အစည်းရဲ့ ပြုပြင်စီရင်ပေးခြင်းကို ခံရတာပါပဲ။ အလားတူပဲ၊ အဲဒီ လူ့အဖွဲ့အစည်းဟာလည်း လူကတစ်ဖန်ပြန်ပြီး ပြုပြင်စီရင်ပေးတာကို ခံရတာပဲ။ ကြက်မ မရှိဘဲ ကြက်ဥ မရှိနိုင်သလို ကြက်ဥမရှိဘဲလည်း ကြက်မမရှိနိုင်တဲ့ သဘောအတိုင်းပါပဲ။

ဒီအကြောင်းတွေကို ကျွန်တော်ပြောနေရတာ တခြားကြောင့်မဟုတ်ပါဘူး။ ခု ကျွန်တော်တို့အနောက်ကမ္ဘာကြီး ဖြတ်သန်းလာတဲ့ ထူးခြားမှတ်သား ဖွယ်ကောင်းတဲ့ သမိုင်းခေတ်ကြီးက ဒီအချက်တွေကို မှုန်ဝါးသွားအောင်လုပ်ခဲ့လို့ ကျွန်တော် ပြန်ပြောနေရခြင်းပါ။ လူပုဂ္ဂိုလ်အယူအဆစွဲဟာ သမိုင်းဒဿနိကတွေမှာ တော်တော်လေးကို လွှမ်းမိုးခဲ့ပါတယ်။ ဘတ်ဟာဒ်ရဲ့ '**အီတလီပြည် ပြန်လည်ဆန်းသစ်ရေး ခေတ်ယဉ်ကျေးမှု**'[1] ဆိုတဲ့ သမိုင်းကျမ်း ဒုတိယပိုင်းမှာ 'လူပုဂ္ဂိုလ်၏အခန်းကဏ္ဍ ဖြစ်ပေါ်လာပုံ' ဆိုတဲ့ အပိုင်းတစ်ပိုင်းပါပါတယ်။ သူ့အဆိုအရ ပုဂ္ဂိုလ်ကိုးကွယ်ဆည်းကပ်မှုဟာ ရီးနေဆွန်းလို့ခေါ်တဲ့ ပြန်လည်ဆန်းသစ်ရေးခေတ်က အစပြုခဲ့ပါတယ်။ အဲဒီခေတ် မတိုင်မီတုန်းက လူဟာ သူ့ကိုယ်သူ မျိုးနွယ်တစ်ခု၊ လူထုတစ်ရပ်၊ ပါတီတစ်ခု၊ အိမ်ထောင်စုတစ်ခု၊ ဒါမှမဟုတ် အသင်းတစ်ခုရဲ့အဖွဲ့ဝင်တစ်ခုသာဖြစ်တယ်လို့ သူ့ကိုယ်သူ သဘောထားခဲ့သော်လည်း နောက်ပိုင်းမှာတော့ လူဟာ သူ့ကိုယ်သူ ဝိညာဉ်တန်ခိုးဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးလို့ထင်လာပြီး အဲဒီအတိုင်းလည်း ဖြစ်လာခဲ့တယ်လို့ သူက ရေးခဲ့ပါတယ်။ ဒီနောက်တော့ ပုဂ္ဂိုလ်အယူအဆစွဲဟာ အရင်းရှင်စနစ်ပေါ်ထွန်းလာတာ၊ ပရိုတက်စတင့်ဘာသာထွန်းကားလာတာ၊ စက်မှုတော်လှန်ရေးကြီးဖြစ်လာတာ၊ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးဝါဒ ထွန်းကားလာတာတွေနဲ့ ဆက်စပ်မိသွားပါတယ်။ ပြင်သစ်တော်လှန်ရေးကြီးက ကြေညာခဲ့တဲ့ လူ့အခွင့်အရေးနဲ့ ပြည်သူ့အခွင့်အရေး ဆိုတာတွေဟာ တခြားမဟုတ်ပါဘူး။ တစ်သီးပုဂ္ဂလရဲ့ အခွင့် အရေးကို ဆိုလိုခြင်းပဲ ဖြစ်ပါတယ်။ ဆယ်ကိုးရာစုနှစ်မှာ ပေါ်ထွန်းခဲ့တဲ့ အသုံးကျမှုဝါဒရဲ့ဒဿနဟာ ပုဂ္ဂလိက ဝါဒအပေါ်မှာ အခြေခံပါတယ်။ ဗိတိုရိယခေတ် လစ်ဘရယ်ဝါဒကို ကိုယ်စားပြုတဲ့ ကျမ်းတစ်စောင်ဖြစ်တဲ့ **မော်လေ**[2] ရဲ့ '**စေ့စပ်ရေးဦးကာကျမ်း**'[3] မှာဆိုရင် ပုဂ္ဂလိကဝါဒနဲ့ အသုံးကျဝါဒကို 'လူ့ပျော်ရွှင်ချမ်းမြေ့မှုနှင့်စည်းစိမ်ချမ်းသာတို့အတွက်ဘာသာတရား' လို့တောင်ခေါ်ထားပါတယ်။ လူ့လောကကြီး စည်ပင်တိုးတက်လာတာဟာ 'အကြမ်းထည်နိုင်သေးတဲ့ပုဂ္ဂလိကဝါဒ' ကြောင့်ဖြစ်တယ်လို့လည်း ပြောခဲ့ပါသေးတယ်။ တစ်စုံတစ်ခုသော သမိုင်းခေတ်ကာလမှာတော့ အဲဒီအချက်ဟာ မှန်ကောင်းမှန်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်ပြောချင်တဲ့ အဓိကအကြောင်းကတော့ ခေတ်သစ်ကမ္ဘာကြီးနဲ့အတူ ပေါ်ထွန်းလာတဲ့ ပုဂ္ဂလိကဝါဒဟာ တိုးတက်နေတဲ့ ယဉ်ကျေးမှုနဲ့ပုံမှန်ဖြစ်စဉ်တစ်ခုသာ ဖြစ်တယ်ဆိုတာကို ပြောချင်တာပါ။ လူမှုတော်လှန်ရေးကြီး [illegible]တာနဲ့ တစ်ပြိုင်နက် လူမှုအစုသစ်တွေဟာ အာဏာကို ရလာခဲ့ကြတယ်။ အဲဒီ အာဏာသစ်ဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းတွေကတစ်ဆင့် လည်ပတ်စပြုလာပြီး လူပုဂ္ဂိုလ်သစ်တွေရဲ့ တိုးတက်ရာ တိုးတက်ကြောင်းကို အခွင့်အလမ်းသစ်တွေ ဖန်တီးပေးခဲ့တယ်။

အရင်းရှင်စနစ်ရဲ့ စောစောပိုင်းအဆင့်များမှာ ကုန်ထုတ်လုပ်ရေးနဲ့ကုန်စည်ဖြန့်ချိရေး ကိစ္စတွေကို ပုဂ္ဂလိကတွေရဲ့ လက်ထဲကိုထိုးအပ်ခဲ့တယ်။ ပုဂ္ဂလိက ထိုးထွင်းဦးဆောင်မှုဟာ လူနေမှုစနစ်ကြီး တိုးတက်ရေးမှာ အဓိက အရေးကြီးတဲ့အရာဖြစ်တယ်လို့ အဲဒီလူနေမှုစနစ်ကြီးရဲ့သဘောတရားက ယူဆတယ်။ ဒါပေမယ့် အဲဒီဖြစ်စဉ်ကြီးတစ်ခုလုံးဟာ ဘုံလူမှုဖြစ်စဉ်ကြီးတစ်ခု ဖြစ်နေပြီး သမိုင်းဖြစ်ပေါ်တိုးတက်မှုအဆင့်မှာ အရေးကြီး ထူးခြားတဲ့ အဆင့်တစ်ရပ်ကို ကိုယ်စားပြုနေတယ်။

အဲဒီ ဖြစ်ပေါ်မှုကြီးနဲ့ အဲဒီသဘောတရားတို့ဗဟိုချက်မဖြစ်တဲ့ အနောက်ကမ္ဘာလောကမှာပင်လျှင် ပုဂ္ဂလိကဝါဒထွန်းကားတဲ့ သမိုင်းခေတ်ကြီးဟာ ကုန်ဆုံးစပြုနေပြီဆိုတဲ့ အရိပ်အယောင်များကို ကျွန်တော်တို့မြင်တွေ့နေကြရပြီး ဒီနေရာမှာ လူထုဒီမိုကရေစီ ပေါ်ထွန်းလာခဲ့တာ၊ စီးပွားရေးကုန်ထုတ်လုပ်ငန်းများနဲ့ အဖွဲ့အစည်းများမှာ ပုဂ္ဂလိက သဘောပျောက်ပြီး ဘုံသဘောဆောင်လာတာတွေကို ကျွန်တော်အကျယ် မပြောတော့ပါဘူး။ ဒါပေမယ့် ရှည်လျားပြီး စည်ပင်တဲ့ အရင်းရှင်ခေတ်ကြီးက ထုတ်လုပ်ပေးလိုက်တဲ့ ပုဂ္ဂလိကဝါဒဟာ အနောက်ဥရောပနိုင်ငံများနဲ့ အင်္ဂလိပ်စကားပြောတိုင်းပြည်များမှာ ယခုတိုင်အားကောင်းနေသေးတယ် ဆိုတာကိုတော့ သတိပြုသင့်တယ်လို့ ထင်ပါတယ်။

လွတ်လပ်ခွင့်နဲ့တန်းတူညီမျှခွင့်၊ သို့မဟုတ် ပုဂ္ဂလိကလွတ်လပ်ခွင့်နဲ့ လူမှုရေးတရားမျှတမှုတို့ကို ဒြပ်မဲ့ ပြောဆိုနေကြတဲ့ အချိန်မှာ ဒီတိုက်ပွဲတွေဟာ အတွေးအခေါ်နယ်ပယ်က တိုက်ပွဲသက်သက် မဟုတ်ဘူးဆိုတာကို မေ့နေတတ်ကြတယ်။ အဲဒီ တိုက်ပွဲဟာ တစ်ဦးချင်း ပုဂ္ဂလိကတွေက တစ်ဘက်၊ လူ့အဖွဲ့အစည်းကြီးက တစ်ဘက် တိုက်တဲ့ တိုက်ပွဲ မဟုတ်ဘူး။ လူ့အဖွဲ့အစည်း အတွင်း လူပုဂ္ဂိုလ်အစု အချင်းချင်းတွေရဲ့ တိုက်ပွဲသာဖြစ်တယ်။ အဲဒီ အစုတိုင်းက သူတို့အတွက် အကျိုးရှိမယ်ထင်တဲ့ ပေါ်လစီတွေကို ချမှတ်ပြီး သူတို့ကို အန္တရာယ်ဖြစ်စေမယ့် ပေါ်လစီတွေကို တိုက်ဖြတ်နေကြတာ ဖြစ်တယ်။ ဒါကြောင့် ဒီနေ့မှာ ပုဂ္ဂလိကဝါဒဟာ သာမန် လူမှုရေးလှုပ်ရှားမှုတစ်ရပ်မျှသာ မကတော့ဘဲ စိတ်ဝင်စားတဲ့ အစုကြီးတစ်စုရဲ့ နိုင်ငံတကာ ကြွေးကြော်သံတစ်ခု ဖြစ်လာခဲ့တယ်။ အဲဒီ အစုကြီးဟာလဲ အငြင်းပွားစရာ အသွင်လက္ခဏာတွေ ရှိနေပြန်တော့ ကျွန်တော်တို့ဟာ ကမ္ဘာကြီးမှာ ဘာဖြစ်လို့ ဘာဖြစ်မှန်းမသိ၊ ဘယ်သူကဆိုးလို့ ဘယ်သူကကောင်းမှန်းမသိဘဲ ယောင်ဝါးဝါး

1. Civilization of the Renaissance in Italy 2. Morley 3. On Compromise





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြရတယ်။ လူပုဂ္ဂိုလ်ဟာ ကိရိယာဖြစ်ပြီး လူ့အဖွဲ့အစည်းနဲ့နိုင်ငံတော်ဟာ ရည်မှန်းချက်ပန်းတိုင် ဖြစ်နေတဲ့အတွက် ဒါဟာ မကောင်းဘူးဆိုပြီး ပုဂ္ဂလိကဝါဒကို ထူထောင်နေကြတာကို ကျွန်တော်ဘာမှ မပြောလိုပါဘူး၊ ဒါပေမယ့် လူပုဂ္ဂိုလ်ဟာ လူ့အဖွဲ့အစည်းနဲ့တခြားစီ ဖြစ်တယ်။ လူ့အဖွဲ့အစည်းနဲ့ကင်းလွတ်နေတယ်ဆိုတဲ့ ဒြပ်မဲ့အယူအဆကိုကိုင်ပြီး သမိုင်းကို လေ့လာကြည့်ရင်တော့ ကျွန်တော်တို့ဟာ အတိတ်ကိုလည်း နားလည်နိုင်မှာ မဟုတ်ဘူး။ ပစ္စုပ္ပန်ကိုလည်း နားလည်နိုင်မှာ မဟုတ် ဘူး။ စကားတွေဘေးချော်ပြီး ပြောသွားတာ လိုရင်းကိုရောက်ပါတော့မယ်။ သမားရိုးကျ သမိုင်းအမြင်အရ ဆိုရင်တော့ သမိုင်းဆိုတာဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းတွေရဲ့အကြောင်း ကို ရေးတဲ့ အကြောင်းအရာပဲလို့ ထင်မြင်ယူဆကြတယ်။ ဒီအမြင်ကို ဆယ့်ကိုးရာစုနှစ် လစ်ဘရယ်သမိုင်းဆရာတွေ မြေတောင်မြှောက်ပေးခဲ့ကြတယ်။ မမှန်ဘူးလို့တော့ ပြောလို့မရပါဘူး။ ဒါပေမယ့် သိပ်လွန်ပြီ်းဆန်ပြီး ခေတ်နဲ့မညီတော့တဲ့အတွက် အဲဒီအမြင်ကို ကျွန်တော်တို့ နက်နက်ရှိုင်းရှိုင်း စူးစမ်းလေ့လာဖို့ လိုနေပြီ။

သမိုင်းဆရာရဲ့အသိပညာဟာ သူတစ်ဦးတည်းပိုင်တဲ့ သူ့ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူး။ မျိုးဆက်ပေါင်းများစွာ၊ တိုင်းပြည်ပေါင်းများစွာကလူတွေဟာ အဲဒီအသိပညာကို ကူညီပြီး စုဆောင်းပေးခဲ့တာပါ။ သမိုင်းဆရာက လေ့လာနေတဲ့ လူပုဂ္ဂိုလ်တွေဟာ လေဟာနယ်ထဲမှာ သီးခြားလွတ်ကင်းစွာ နေခဲ့ကြတဲ့လူတွေ မဟုတ်ဘူး။ အဲဒီခေတ်လူ့အဖွဲ့အစည်းရဲ့ နောက်ခံနဲ့ဆက်စပ်ပြီး အဲဒီခေတ်လူ့အဖွဲ့အစည်းရဲ့ စေ့ဆော်ချက်အရ ပြုမူလှုပ်ရှားခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ သမိုင်းဆိုတာဟာ ပစ္စုပ္ပန်မှာရှိတဲ့ သမိုင်းဆရာနဲ့အတိတ်မှာရှိတဲ့ အချက်အလက်တို့ရဲ့ အပြန်အလှန် လုပ်ဆောင်မှု၊ အဲဒီနှစ်ခုရဲ့တွေ့ဆုံဆက်သွယ်မှု ဖြစ်တယ်လို့ပြီးခဲ့တဲ့ ဟောပြောချက်ထဲမှာ ကျွန်တော် ပြောခဲ့ပါတယ်။ ဒီတော့ သမိုင်းဆရာနဲ့ အချက်အလက်တို့နဲ့ပတ်သက်လို့လူပုဂ္ဂိုလ်ဟာ ဘယ်လောက်အရေးကြီးတယ်။ လူမှုအဖြစ်အပျက်ဟာ ဘယ်လောက်အရေးကြီးသလဲ ဆိုတာကို ကျွန်တော်တင်ပြချင်ပါတယ်။ သမိုင်းဆရာတွေဟာ ဘယ်လောက်အထိ ပုဂ္ဂလိကဆန်ရမလဲ။ သူတို့နေထိုင်ရာ လူ့အဖွဲ့အစည်းနဲ့သူ့ခေတ်ကြီးကို ဘယ်လောက်အထိ မှီခိုနေရသလဲ။ သမိုင်းအချက်အလက်ဆိုတာဟာ ဘယ်အတိုင်းအတာအထိ လူပုဂ္ဂိုလ်တွေရဲ့ အချက်အလက်ဖြစ်သင့်သလဲ။ ဘယ်အတိုင်းအတာအထိ အများနဲ့ဆိုင်တဲ့ လူမှုအချက်အလက်တွေ ဖြစ်သလဲဆိုတာကို ကျွန်တော်စူးစမ်းကြည့်ချင်ပါတယ်။

ကောင်းပြီ။ ဒီတော့ သမိုင်းဆရာဟာ ပုဂ္ဂလိကလူသားတစ်ဦးဖြစ်တယ်။ အခြားသော ပုဂ္ဂလိကများလိုပဲ သူလည်းပဲ အများစုဆိုတဲ့ လူမှုပတ်ဝန်းကျင်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ သမိုင်းဆရာဟာ သူမှီတင်းနေထိုင်ရာ လူ့အဖွဲ့အစည်းကြီးရဲ့ ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်တယ်။ သူသိသည်ဖြစ်စေ မသိသည်ဖြစ်စေ သမိုင်းဆရာဟာ အဲဒီလူ့အဖွဲ့အစည်းကြီးရဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်တယ်။ အတိတ်က အချက်အလက်တွေကို ချဉ်းကပ် လေ့လာရာမှာ သူဟာ အဲဒီအနေအထားနဲ့ ချဉ်းကပ်တယ်။ သမိုင်းရဲ့လမ်းကြောင်းဟာ 'စီတန်းလှည့်လည်ပွဲကြီး' တစ်ခုနဲ့ တူတယ်လို့ ကျွန်တော်တို့တစ်ခါတလေ ပြောလေ့ရှိကြတယ်။ တော်တော်ကောင်းတဲ့ ဥပမာပါပဲ။ ဒါပေမယ့် သမိုင်းဆရာဟာ အဲဒီစီတန်းလှည့်လည်ပွဲကြီးကို တောင်ထိပ်ကနေပြီး လင်းယုန်လို ကြည့်တာမျိုးတော့ မဖြစ်ရဘူး။ သူကိုယ်တိုင် အဲဒီစီတန်းလှည့်လည်ပွဲကြီးထဲမှာ လိုက်ပါပြီး ကြည့်ရလိမ့်မယ်။ သမိုင်းဆရာဟာ အဲဒီစီတန်းလှည့်လည်ပွဲကြီး တစ်နေရာက လိုက်ပါလာတဲ့ အညတရ လူတစ်ယောက်ပဲ ဖြစ်ရလိမ့်မယ်။ စီတန်းလှည့်လည်ပွဲဟာ ကွေ့ကောက်နေပြီး တစ်ခါတလေမှာ ညာဘက်ကို ကွေ့သွားတယ်။ တစ်ခါတလေ ဘယ်ဘက်ကို ချိုးသွားတယ်။ တစ်ခါတလေမှာ နောက်ကြောင်းပြန်လှည့်လာတယ်။ စီတန်းလှည့်လည်ပွဲကြီးမှာပါတဲ့ သူတွေရဲ့ အနေအထားဟာ အမြဲပြောင်းနေတယ်။

ဒီလိုပြောင်းနေတဲ့အတွက် အလယ်ခေတ်သမိုင်းကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ဘိုးဘေးများထက်ပိုပြီး ကြည်ကြည်လင်လင် မြင်ချင်မြင်နေတတ်တယ်။ တစ်ခါတလေမှာလဲ ဆီဇာဘုရင်ဟာ ဒန်တေတို့ခေတ်က ထက် ပိုပြီး ကျွန်တော်တို့နဲ့ နီးနေတတ်ပြန်တယ်။ စီတန်းလှည့်လည်ပွဲကြီးမှာ လိုက်ပါ လာရတဲ့လူဟာ မြင်ကွင်းအသစ်တွေ၊ ရှုထောင့်အသစ်တွေ တွေ့ရတတ်တယ်။ သမိုင်း ဆရာဟာ အဲဒီစီတန်းလှည့်လည်ပွဲကြီးနဲ့အတူလိုက်သွားရတယ်။ စီတန်းလှည့်လည် ပွဲမှာ သူဘယ်နေရာကပါသလဲ။ သူပါနေတဲ့နေရာကိုလိုက်ပြီး အတိတ်ကိုပြန်လည် စောင်းငဲ့ကြည့်တဲ့ သူ့ရှုထောင့်ဟာလဲ ကွာခြားသွားတယ်။

ကိုယ်နဲ့အင်မတန် ဝေးလှတဲ့ခေတ်ကို ပြန်ကြည့်ရင်လည်း ဒီအတိုင်းပါပဲ။ ရှေးဟောင်းသမိုင်းကို ကျွန်တော်တို့သင်ယူခဲ့ရတုန်းက ပြဋ္ဌာန်းခဲ့တဲ့ သမိုင်းကျမ်းတွေကတော့ (ခုလဲ ဒီကျမ်းတွေပဲလို့ထင်ပါတယ်။) **ဂရုတ်**[1] ရဲ့ 'ဂရိနိုင်ငံသမိုင်း' နဲ့ **မွန်ဆင်**[2] ရဲ့ 'ရောမနိုင်ငံသမိုင်း' တို့ဖြစ်ပါတယ်။ အဲဒီကျမ်းကို ပြုစုတဲ့ ၁၈၄၀ ခုနှစ်များတုန်းက ကျမ်းပြုတဲ့ သမိုင်းဆရာ ဂရုတ်ဟာ ခေတ်ပြင်ဆန္ဒရှိတဲ့ ဘဏ်တိုက်ပိုင်ရှင် တစ်ဦးဖြစ်တယ်။ ဒီကျမ်းကိုရေးချိန်မှာ သူ့ရှေ့မှာ တက်သစ်စ နိုင်ငံရေးနိုးကြားစ ဗြိတိသျှ လူလတ်တန်းစားကို မြင်နေရတယ်။ ဒီတင် အေသင်ခေတ်က ဒီမိုကရေစီ အကြောင်းကို ရေးတဲ့အခါမှာ သူ့ရှေ့မှာ မြင်တွေ့နေရတဲ့ ဗြိတိသျှ လူလတ်တန်းစားကို ပုံတူထားပြီး ရေးလိုက်တာပါပဲ။ သူ့ကျမ်းထဲမှာ ဂရိခေါင်းဆောင် ပဲရီကလီဟာ

1. Grote 2. Mommsen







www.burmeseclassic.com

www.burmeseclassic.com



ဘင်သမ်းရဲ့ ဝါဒကို လက်ခံတဲ့၊ အဲဒီခေတ် ခေါင်းဆောင်များလို၊ အေသင်မြို့ကြီး လက်နက်နိုင်ငံကြီး ဖြစ်လာပုံဟာလဲပဲ အဲဒီခေတ်က ဗြိတိသျှလူလတ်တန်းစား တစ်မှုဟုတ်ချင်း အားကောင်းလာတဲ့ပုံမျိုးလို ရေးသားထားတာကို တွေ့နိုင်တယ်။ ဒါပေမယ့် ဂရုတ်ရဲ့ကျမ်းထဲမှာ အေသင်ခေတ်က ကျေးကျွန်တွေရဲ့ အကြောင်းဆိုလို့ လုံးဝမပါလာဘူး။ ဒါဟာ ဂရုတ်တို့ခေတ်မှာ သူ့လူတန်းစားက ဗြိတိန်နိုင်ငံမှာရှိတဲ့ စက်ရုံအလုပ်သမားတွေရဲ့ ပြဿနာကို လျစ်လျူရှုထားတဲ့ သဘောကနေပြီး ဆင်းသက်လာတာ ဖြစ်တယ်လို့ဆိုရင် မရိုင်းဘူးလို့ ကျွန်တော်ထင်တယ်။

သမိုင်းဆရာ မွန်းဆင်းကတော့ ဂျာမန်လစ်ဘရယ် တစ်ဦးဖြစ်တယ်။ ၁၈၄၈ ခုနှစ် ဂျာမန်တော်လှန်ရေးမှာ အရေးနိမ့်တာတွေ၊ ဖရိုဖရဲ ဖြစ်တာတွေ၊ ရှုပ်ထွေးတာတွေကိုမြင်ပြီး စိတ်ပျက်နေသူ ဖြစ်တယ်။ ၁၈၅၀ ပြည့်နှစ်မှာ 'ရောမနိုင်ငံသမိုင်း' ကို ရေးတဲ့အချိန်ဟာ ရီယယ်ပိုလစ်တစ် ခေါ်တဲ့ အာဏာနိုင်ငံရေးဆိုတဲ့ စကားလုံးတို့ အယူအဆတို့ပေါ်ပေါက်လာချိန် ဖြစ်တယ်။ ဂျာမန်တော်လှန်ရေးကြီး အရေးနိမ့်သွားတာကို ကြည့်ပြီး အင်အားကောင်းတဲ့ ဂျာမနီဖြစ်လာဖို့အတွက် သူတို့တိုင်းပြည်မှာ နိုင်မာပြတ်သားတဲ့ ခေါင်းဆောင်တစ်ယောက် လိုနေတယ်လို့ သူယူဆနေတယ်။ ဒါကြောင့် ဆီဇာဘုရင်ရဲ့ အကြောင်းကိုရေးတဲ့အခါကျတော့ သူ့အရေးအသား တစ်ခုလုံးဟာ အဲဒီမျှော်မှန်းချက်၊ အဲဒီဆန္ဒအတိုင်း သူရေးတော့တာပါပဲ။

ဒီလိုမမြင်နိုင်ရင် သူ့သမိုင်းကျမ်းရဲ့ တန်ဖိုးကို ဘယ်လိုမှ နားလည်နိုင်မှာ မဟုတ်ဘူး။ သူ့အမြင်မှာ ပျက်စီးပြီး ဖရိုဖရဲ ဖြစ်နေတဲ့ ဂျာမန်နိုင်ငံကြီးကို အဲဒီလို ပြတ်သားခိုင်မာတဲ့ ခေါင်းဆောင်တစ်ယောက်က ခေါင်းဆောင်မှဖြစ်မယ်လို့ မြင်နေတာကိုး။ ဒီတော့ ဒီအတိုင်းပဲရေး မှာပေါ့။ ရောမနိုင်ငံမှာ ထင်ရှားတဲ့ ရှေ့နေနိုင်ငံရေးသမား စီဆာရိုကတော့ သူ့အမြင်မှာ ဘာမှအရာမရောက်တဲ့ လေသမားသက်သက် ပျော့စိစိနဲ့ဘာကိုမှ ပြတ်ပြတ်သားသားမဆုံးဖြတ်နိုင်သူလို့ မြင်နေတယ်။ ဒါကြောင့်မို့ သူ့ ရာဇဝင်ကျမ်းထဲမှာ စီဆာရိုရဲ့ အခန်းကဏ္ဍဟာ ပျောက်နေတယ်။

ခုချိန်မှာ ဂရုတ်ရဲ့ 'ဂရိနိုင်ငံသမိုင်းကျမ်း' ကို ပြန်ဖတ်ရင် ကျွန်တော်တို့ ခရစ်မပေါ်မီ ငါးရာစုနှစ်တုန်းက အေသင်နိုင်ငံရဲ့ ဒီမိုကရေစီအကြောင်းကိုသိရသလို ၁၈၄၀ ခုနှစ်များအတွင်းက အင်္ဂလန် လစ်ဘရယ်အတွေးအခေါ်ကိုလဲ တွေ့ရမှာပဲ။ အလားတူပဲ ၁၈၄၀ ခုနှစ်များအတွင်းက ဂျာမန်တော်လှန်ရေးကြီးကြောင့် ဂျာမန် လစ်ဘရယ်တွေ ဘယ်လို ဖြစ်သွားသလဲဆိုတာကိုသိချင်ရင် မွန်းဆင်ရေးတဲ့ 'ရောမနိုင်ငံသမိုင်းကျမ်း' ကို ပြန်ဖတ်ရင် သိနိုင်တယ်။

ပြောရတာတော်တော်တော့ ခွကျတယ်။ ဒါပေမယ့် ဒီလိုပြောလိုက်တဲ့အတွက် မွန်းဆင်ရဲ့သမိုင်းကျမ်းနဲ့ဂရုတ်ရဲ့ သမိုင်းကျမ်းတွေဟာ အရေးကြီးတဲ့ သမိုင်းကျမ်း





ကြီးတွေအဆင့်ကလျှော့ကျသွားပြီလို့ မဆိုနိုင်ဘူး။ သမိုင်းဆရာတစ်ဦး ဖြစ်တဲ့ ဘယ်ရီ[1] ကတော့ မွန်းဆင်ရဲ့ သမိုင်းဆရာအဖြစ် ကြီးမားတဲ့အောင်မြင်မှုဟာ သူ့ရဲ့ 'ရောမနိုင်ငံသမိုင်းကျမ်း' မဟုတ်ဘဲ အချက်အလက်၊ အထောက်အထား စုံလင်မှုနဲ့ ရောမဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေနဲ့ပတ်သက်တဲ့ မှတ်စုများဖြစ်တယ်လို့ပြောသွားပါတယ်။ ကျွန်တော်ကတော့ သူ့အဆိုကို လက်မခံချင်ဘူး။ ဒီအတိုင်းသာ ဆိုရင် သမိုင်းဆရာရဲ့ အလုပ်ဟာ အချက်အလက်တွေကို စုဆောင်းတဲ့ကိစ္စ သက်သက်ပဲ ဖြစ်နေတော့မှာပေါ့။ သမိုင်းတစ်စောင်ကို ပြုစုနေတုန်းမှာ သမိုင်းဆရာဟာ သူ့ရဲ့အတိတ်ကို ကြည့်မြင်သုံးသပ်ချက်ဟာ မျက်မှောက်ပြဿနာများနဲ့ပတ်သက်တဲ့ သူ့အမြင်တွေ၊ အယူအဆတွေ ရောင်ပြန်ဟပ် နေဖို့လိုပါတယ်။ ဒါမှသာလျှင် လေးစားလောက်တဲ့ သမိုင်းကျမ်းတစ်စောင် ဖြစ်လာနိုင်ပါတယ်။

ရောမသမိုင်းကို ရေးတဲ့အခါမှာ မွန်းဆင်ဟာ သမ္မတနိုင်ငံကြီး ပြိုလဲပျက်စီးသွားတဲ့ နေရာမှာတင် အဆုံးသတ်လိုက်ပါတယ်။ နောက်ပိုင်းကို ဆက်မရေးတော့ပါဘူး။ ဒီလို မရေးတဲ့အတွက် တချို့ကလဲ ဘာဖြစ်လို့မရေးသလဲလို့ တအံ့တဩဖြစ်ကြပါတယ်။ အဲဒီအပိုင်းကို ဆက်ရေးမယ်ဆိုရင် အချိန်လည်းရှိတယ်။ အချက်အလက်တွေလည်း ရှိပါတယ်။ ဒါပေမယ့်မရေးခဲ့ပါဘူး။ အဲဒီရှေ့ပိုင်းတွေကို မွန်းဆင် ရေးခဲ့တုန်းက ဂျာမနီမှာ ပြတ်သားခိုင်မာတဲ့ ခေါင်းဆောင်မပေါ်ခဲ့သေးပါဘူး။ ရှေ့ပိုင်းကို ရေးနေတုန်းက တိုင်းပြည်တစ်ပြည်မှာ ပြတ်သားခိုင်မာတဲ့ ခေါင်းဆောင်တစ်ယောက် ရှိရင် ဘယ်လို ဖြစ်နိုင်တယ်ဆိုတာကိုလဲ ကောင်းကောင်း မစဉ်းစားမိကြသေးဘူး။ မွန်းဆင်မှာ ရောမနိုင်ငံနဲ့ပတ်သက်လို့စိတ်ဝင်စားစရာ မကျန်တော့ဘူး။ ကုန်သွားပြီ။ ဒါကြောင့်မို့ ရောမလက်နက် နိုင်ငံတော်ကြီးနဲ့ပတ်သက်တဲ့အကြောင်း ဆက်ပြီးမရေးတော့တာပါ။

ခေတ်သစ်သမိုင်းဆရာတွေကို ပြန်ကြည့်ရင်လဲ ဒီအတိုင်းပါပဲ။ ခပ်စောစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ သမိုင်းဆရာ ထရီဗီလျံရဲ့ 'အန်းဘုရင်မကြီးလက်ထက်တော် အင်္ဂလန်ပြည်' ဆိုတဲ့ သမိုင်းကျမ်းကိုပဲ ကြည့်ပါ။ အဲဒီ သမိုင်းကျမ်းဟာ သမိုင်းဆရာ ထရီဗီလျံ ကြီးပြင်းတဲ့ ဩဇာလွှမ်းခဲ့တဲ့ ဝှစ်အစဉ်အလာတွေကို ဖော်ပြတဲ့ မှတ်တိုင်ကြီးလို့ကျွန်တော်ပြောခဲ့တယ်။ ပထမ ကမ္ဘာစစ်ပြီးတဲ့နောက် အထင်ရှားဆုံး အရေးကြီးဆုံးသမိုင်းဆရာကြီးတစ်ဦးလို့အသိအမှတ်ပြုထားကြတဲ့ သမိုင်းဆရာကြီး **ဆာလူဝစ်နမ်မီးယား**[2] ရဲ့ အရေးကြီးတဲ့ သမိုင်းကျမ်းပဲ ကြည့်ဦးမလား။ နမ်မီးယားဟာ တကယ့်ကို ရေမရောတဲ့ ကွန်ဆာဗေးတစ်ကြီး တစ်ဦးဖြစ်ပါတယ်။ ဒီပြင် ဗြိတိသျှ ကွန်ဆာဗေးတစ်တွေကို ရုတ်တရက်ကြည့်ရင်တော့ ကွန်ဆာဗေးတစ်ပဲ။ ဒါပေမယ့် အရေးကြုံလာတာနဲ့ ၇၅ရာခိုင်နှုန်းက လစ်ဘရယ်တွေဖြစ်နေတတ်ကြတယ်။ ဒါပေမယ့်

1. Bury, 2. Sir Lewis Namier



www.burmeseclassic.com

www.burmeseclassic.com

နမ်မီးယားကတော့ တကယ့်ကွန်ဆာဗေးတစ်စစ်စစ်ကြီးပါ။ စစ်လိုက်သမှ ဗြိတိသျှ သမိုင်းဆရာတွေထဲမှာ ဒီလို ကွန်ဆာဗေးတစ်ဖြစ်တဲ့ သမိုင်းဆရာမျိုးကို မတွေ့ရတာ အနှစ်တစ်ရာလောက်တောင် ရှိတော့မယ်။ သမိုင်းပြောင်းလဲမှုတွေဟာ အကောင်းဘက်ကို ပြောင်းလဲနေတာ မဟုတ်ဘူးလို့ ဆယ့်ကိုးရာစုနှစ်ရဲ့ ၁၉၁၄–ခု ကြားမှာ ဗြိတိသျှသမိုင်းဆရာ အတော်များများက ယူဆခဲ့ကြတယ်။

၁၉၂၀–ပြည့်နှစ် တစ်ဝိုက်လောက် ရောက်တဲ့အခါကျတော့ ဒီထက်တောင် ဆိုးလာသေးတယ်။ ကျွန်တော်တို့ရဲ့ အနာဂတ်ဟာ ဘာမှသေချာရေရာခြင်းမရှိတဲ့ အနာဂတ်ဖြစ်တယ်။ ရှေ့လျှောက်ပြီး အခြေအနေဟာ ပိုလို့သာ ဆိုးနိုင်တယ်လို့ သမိုင်းဆရာတော်တော်များများက စိုးရိမ်လာခဲ့ကြတယ်။ အဲဒီအချိန်ဟာ ကွန်ဆာဗေးတစ် အတွေးအခေါ် ပြန်လည်ထွန်းကားလာတဲ့ အချိန်ပါပဲ။ အက်တန်ရဲ့ လစ်ဘရယ်ဝါဒနဲ့ နမ်မီးယားရဲ့ ကွန်ဆာဗေးတစ်ဝါဒတို့ဟာ ဥရောပနိုင်ငံရေးနောက်ခံမှာ အမြစ်တွယ်ကြတဲ့အတွက် တော်တော်လေးပြင်းထန် တက်ကြွပါတယ်။ ဖစ်ရှား[1]တို့ တွိုင်ဘီ[2]တို့လို မဟုတ်ဘဲ နမ်မီးယားဟာ ဆယ့်ကိုးရာစုနှစ် လစ်ဘရယ်ဝါဒကိုလက်ခံသူမဟုတ်လေတော့ ကုန်ဆုံးပျောက်ကွယ်သွားတဲ့ လစ်ဘရယ်ဝါဒကိုလဲ လွမ်းဆွတ်တသ နမြောမနေပါဘူး။ ပထမကမ္ဘာစစ်ကြီးလဲပြီးရော ငြိမ်းချမ်းရေးစာချုပ်တို့ ဆိုတာတွေဟာလဲ သက်တမ်းမရှည်ကြဘဲ ဥရောပမှာ စစ်တွေပြင်လာတဲ့အခါကျတော့လစ်ဘရယ်ဝါဒဟာ ဘာမှအရာမရောက်ဘူးဆိုတာကို သိလာကြတယ်။ အဲဒီလို လစ်ဘရယ်ဝါဒ ပြိုကွဲသွားတဲ့အခါမှာ ခေါင်းထောင်ထလာနိုင်တဲ့ဝါဒဆိုလို့ နှစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ဆိုရှယ်လစ်ဝါဒနဲ့ ကွန်ဆာဗေးတစ်ဝါဒ တို့ပါပဲ။

နမ်မီးယားဟာ ကွန်ဆာဗေးတစ် သမိုင်းဆရာတစ်ယောက်အနေနဲ့ပေါ်လာခဲ့ပါတယ်။ နမ်မီးယားဟာ သူ့စိတ်တိုင်းကျ ခေတ်နှစ်ခေတ် အကြောင်းကို သမိုင်းပြုစုဖို့ရွေးလိုက်ပါတယ်။ ဒီလို ရွေးလိုက်တာလဲ ထူးခြားပါတယ်။ အင်္ဂလိပ်သမိုင်းမှာ နမ်မီးယားဟာ နောက်ဆုံးခေတ်ကို ရေးဖို့ရွေးလိုက်ပါတယ်။

အဲဒီခေတ်ဟာ အင်္ဂလိပ်အုပ်ချုပ်သူလူတန်းစားဟာ စနစ်တကျရှိပြီး ငြိမ်သက်နေတဲ့ လူ့အဖွဲ့အစည်းထဲမှာ သူ့ထုံးစံအတိုင်း အေးအေးဆေးဆေး အာဏာကို ပုံမှန်အပြောင်းအလဲ လုပ်နိုင်တဲ့ကာလ ဖြစ်ပါတယ်။ (အေးချမ်းပြီး အပြောင်းအလဲမရှိတဲ့ခေတ် ဆိုပါတော့) ဒီခေတ်အကြောင်းကို နမ်မီးယားက ပြုစုတော့ ဝေဖန်ရေးဆရာတစ်ယောက်က နမ်မီးယားဟာသမိုင်းရဲ့ ဝိညာဉ်ကို နှုတ်ယူတယ်လို့ ဝေဖန်ခဲ့ပါတယ်။ သူ့ဝေဖန်ချက်ဟာ နည်းနည်းပြင်းထန်ပေမယ့် သမိုင်းဝေဖန်ရေးဆရာပြောတဲ့အချက်ကို ကျွန်တော် သတိပြုသင့်တယ်လို့ထင်ပါတယ်။ သူ သမိုင်းပြုစုဖို့ရွေးချယ်တဲ့ခေတ်ဖြစ်တဲ့

1. Fisher, 2. Toynbe





တတိယမြောက်ဂျော့ဘုရင် နန်းတက်စကာလဟာ ငြိမ်သက်အေးချမ်းတဲ့ ကာလဖြစ်တယ်။ ပြင်းထန်တဲ့အစွန်းရောက် အတွေးအခေါ်တွေ မပေါ်သေးတဲ့ ခေတ်ဖြစ်တယ်။ တိုးတက်မှုကို ပြင်းပြင်းထန်ထန် မယုံကြည်သေးတဲ့ ကာလဖြစ်တယ်။ ပြင်သစ်တော်လှန်ရေးကြီးနဲ့တကွ လစ်ဘရယ်ဝါဒတို့ ဘာတို့မပေါ်သေးတဲ့ကာလ ဖြစ်တယ်။ ဒီမှာတင် နမ်မီးယားဟာ လုံခြုံအေးချမ်းတဲ့ ခေတ်ကြီးတစ်ခေတ် အကြောင်းကို ခမ်းခမ်းနားနား ရေးမယ်ဆိုပြီး အဲဒီခေတ်ကို ရွေးလိုက်တာပါပဲ။

နမ်မီးယား နောက်ရွေးတဲ့အကြောင်းဟာလဲ အလားတူ စိတ်ဝင်စားစရာ ကောင်းပါတယ်။ နမ်မီးယားဟာ ခေတ်သစ်တော်လှန်ရေးတွေဖြစ်တဲ့ အင်္ဂလိပ်တော်လှန်ရေး၊ ပြင်သစ်တော်လှန်ရေးနဲ့ ရုရှားတော်လှန်ရေးတို့အကြောင်းတွေကို ချန်လှပ်ကျော်လွှားခဲ့ပြီး ၁၈၄၈–ခုနှစ်မှာ အရေးနိမ့် သွားခဲ့ရတဲ့ ဥရောပတော်လှန်ရေး တစ်ခု အကြောင်းကို ရေးဖို့ရွေးချယ်လိုက်ပါတယ်။ ဒီတော်လှန်ရေး ကျဆုံးသွားခြင်းကြောင့် ဥရောပလစ်ဘရယ်ဝါဒရဲ့ မျှော်လင့်ချက်တွေဟာ ပြိုကွဲပျက်စီးခဲ့ရတယ်။

လက်နက်ကိုင်အင်အားနဲ့ရင်ဆိုင်တဲ့အခါမှာ အတွေးအခေါ်ဟာ ဘာမှ အရာမရောက်တဲ့အကြောင်း၊ စစ်သားနဲ့ရင်ဆိုင်ရတဲ့အခါမှာ ဒီမိုကရက်တွေဟာ ဘာမှအရာမရောက်တော့ကြောင်းကို အဲဒီတော်လှန်ရေးရှုံးနိမ့်သွားတာက သက်သေပြနေတယ်လို့ နမ်မီးယား ယူဆပါတယ်။ လေးနက်တဲ့ နိုင်ငံရေးကိစ္စတွေမှာ အတွေးအခေါ်၊ အယူဝါဒတွေ ဝင်ရောက်လာတာဟာ အကျိုးမဲ့ဖြစ်စေပြီး အန္တရာယ်ကြီးတယ်လို့လည်း သူမြင်ပါတယ်။ နမ်မီးယားက အဲဒီ အရေးနိမ့်သွားတဲ့ ဥရောပကဂျာမန်တော်လှန်ရေးကို 'ပညာတတ်တို့ရဲ့ တော်လှန်ရေး' လို့ အမည်ပေးပါတယ်။

နမ်မီးယားဟာ သမိုင်းဒဿနနဲ့ပတ်သက်လို့စနစ်တကျ ဘာမှရေးသားခဲ့ခြင်း မရှိသော်လည်း နောင်နှစ်အနည်းငယ်အကြာ ရေးခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာ သူ့ရဲ့သမိုင်းဒဿန၊ သမိုင်းအမြင်ကို တစ်ပိုင်းတစ်စ ရေးသားသွားတာမျိုးတွေ့ရပါတယ်။ သူက 'လူသည် နိုင်ငံရေး အတွေးအခေါ်၊ နိုင်ငံရေးအယူတို့ကို ယုံကြည်သက်ဝင်မှုနည်းလေလေ၊ သူ့တွေးခေါ်မှုရင့်သန်လေလေ ဖြစ်သည်' လို့ရေးခဲ့ပါတယ်။ သမိုင်းရဲ့ ဝိညာဉ်ကို နှုတ်ယူပစ်တယ်ဆိုတဲ့ ဝေဖန်ချက်ကို ငြင်းပယ်ခြင်း မပြုတဲ့အပြင် ကျေကျေနပ်နပ်ကြီး လက်ခံပြီးတဲ့နောက် နမ်မီးယားက ဒီလို ဆက်ရေးထားပါတယ်။

". . . အချို့သော နိုင်ငံရေး တွေးခေါ်ရှင်တို့က 'ငြင်းခုံမှု ငြိမ်သက်နေသည်' ဟု ညည်းညူနေကြ၏။ ယခု လောလောဆယ် ကျွန်ုပ်တို့တိုင်းပြည်တွင်း နိုင်ငံရေးငြင်းခုံမှု မရှိ၊ လက်တွေ့နိုင်ငံရေးနှင့်သာ အချိန်ကုန်နေကြလျက် နိုင်ငံရေးပါတီများကလည်း လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်များကို မေ့လျော့နေကြကြောင်းဖြင့် ညည်းညူနေကြ၏။ သို့ရာတွင် ကျွန်ုပ်အမြင်တွင်မူ ထိုသို့ဖြစ်နေခြင်းသည် ကျွန်ုပ်တို့လူမျိုး ရင့်ကျက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ပြခြင်းပင် ဖြစ်နေသည်ဟု ယူဆ၏။ နိုင်ငံရေးဒဿနတွေ ဘာတွေ ဝင်မရှုပ်ဘဲ ထိုသို့ရှိနေပါစေဟု ကျွန်ုပ် ဆုတောင်းမိပေ၏။' လို့ရေးထားပါတယ်။

ဒီအယူအဆ မှန်တယ် မှားတယ်ဆိုတာကို ကျွန်တော် ဒီနေရာမှာမပြောလိုသေးပါဘူး။ နောက်တစ်နေရာကြမှ ကျွန်တော် တင်ပြပါ့မယ်။ ခု လောလောဆယ် ပြောချင်တာကတော့ အရေးကြီးတဲ့ အချက်နှစ်ချက်တည်းပါ။

ပထမတစ်ချက်ကတော့ သမိုင်းဆရာရဲ့ရပ်တည်ချက်ကိုနားမလည်ဘဲ သူရေးသား ပြုစုတဲ့သမိုင်းကျမ်းကို ခင်ဗျားနားမလည်နိုင်ဘူး၊ သို့မဟုတ် သဘောမကျနိုင်ဘူးဆိုတဲ့အချက်။ ဒုတိယအချက်အတော့ သမိုင်းဆရာရဲ့ ရပ်တည်ချက်၊ သို့မဟုတ် ရှုထောင့်ဟာလဲ အဲဒီ သမိုင်းဆရာမှီတင်းနေထိုင်ရာ လူမှုရေးနဲ့ သမိုင်းရေးနောက်ခံမှာ အမြစ်တွယ်နေတယ်ဆိုတဲ့ အချက်တို့ပါပဲ။ ပညာပေးသူ ကိုယ်တိုင်ဟာလဲ ပညာယူရလိမ့်မယ်ဆိုတဲ့ ကားလ်မတ်ရဲ့ စကားတစ်ခွန်းဟာ တော်တော်သဘောကျဖို့ကောင်းပါတယ်။ ခုခေတ်စကားနဲ့ပြောရရင် ဦးနှောက်ဆေးသူကိုယ်တိုင်ဟာလဲ ဦးနှောက်ဆေးခံရမယ်လို့ပြောလို့ရပါတယ်။ သမိုင်းကို မရေးမီမှာ သမိုင်းဆရာကိုယ်တိုင်ဟာလဲ သမိုင်းရဲ့ ထုတ်ကုန်ပစ္စည်းတစ်ခု ဖြစ်ရပေလိမ့်မယ်လို့ ကျွန်တော် ဆိုချင်ပါတယ်။



## သမိုင်းခေတ်နဲ့ သမိုင်းဆရာ

အထက်မှာ ကျွန်တော်စောစောက ပြောခဲ့တဲ့ သမိုင်းဆရာကြီးများဖြစ်ကြတဲ့ ဂရုတ်နဲ့ မွန်းဆင်၊ ထရီဗီလျံနဲ့ နမ်မီးယား တို့ဟာ တစ်ခုတည်းသော လူမှုရေးနဲ့ နိုင်ငံရေးပုံစံအောက်မှာ ကြီးပြင်းခဲ့သူတွေဖြစ်တယ်။ ဒါကြောင့် သူတို့ရဲ့ ခပ်စောစောနဲ့ နောက်ပိုင်းသမိုင်းကျမ်းတွေမှာ ထူးခြားတဲ့ ကွဲလွဲချက်ဆိုလို့သိပ်မတွေ့ကြရဘူး။ ဒါပေမယ့် တချို့သမိုင်းဆရာများကြတော့ အပြောင်းအလဲတွေ အလွန်များတဲ့၊ မြန်တဲ့ခေတ်ကြီးမှာ ကြီးပြင်းနေထိုင်လာခဲ့ကြလေတော့ သူတို့ရဲ့ သမိုင်းကျမ်းတွေဟာလဲ ခေတ်တစ်ခု စနစ်တစ်ခုလောက်ကိုသာ ထင်ဟပ် ဖော်ပြရုံမကတော့ဘဲ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးရဲ့ ရှုထောင့်တွေ၊ ရပ်တည်ချက်တွေ ထင်ဟပ်နေတာကို တွေ့ရတယ်။

ဥပမာတစ်ခုကတော့ ထင်ရှားတဲ့ ဂျာမန်သမိုင်းဆရာကြီး မိန်းနက်ကေး[1] ဖြစ်တယ်။ မိန်းနက်ကေးဟာ အသက်လဲရှည်လေတော့ ရေးလိုက်တဲ့ စာတွေကလဲ တစ်ပုံကြီးပဲ။ ရေးတဲ့အကြောင်းအရာတွေကလဲ ဂျာမန်ပြည်က တော်လှန်ရေးကြီးတွေ၊ အပြောင်းအလဲကြီးတွေအကြောင်း ဖြစ်တယ်။ ဒီမှာ ကျွန်တော်တို့ဟာ သမိုင်းဆရာကြီး မိန်းနက်ကေးကို ရုပ်လုံးသုံးလုံးနဲ့ သုံးမျိုးသုံးစားကွဲနေတဲ့ သမိုင်းဆရာကြီး မိန်းနက်ကေးကို သွားတွေ့ရတယ်။ မိန်းနက်ကေးဟာ သမိုင်းခေတ်ကြီး သုံးခေတ်စလုံးမှာ ခေတ်တစ်ခုစီကို ကိုယ်စားပြုပြီး စကားပြောတဲ့ ပြောရေးဆိုခွင့် ပုဂ္ဂိုလ်ဖြစ်နေတယ်။ သူပြုစုတဲ့ သမိုင်းကျမ်းသုံးစောင်စလုံးမှာ မိန်းနက်ကေးဟာ သူကိုင်တွယ်နေတဲ့ခေတ်ကို ကိုယ်စားပြုပြီးပြောသွားတယ်။ ၁၉၀၇-ခုနှစ်မှာ ထုတ်ဝေတဲ့ Welthurgerthum and Nationalstaat သမိုင်းကျမ်းမှာ ဂျာမန်အမျိုးသားရေးဝါဒ မျှော်မှန်းချက်ကို ဘစ်မတ်[2] ခေါင်းဆောင်တဲ့ ဂျာမန်အစိုးရက ဖြည့်စွမ်းခဲ့တယ်လို့ ယုံယုံကြည်ကြည် ရေးသားတာကိုတွေ့ရတယ်။ ၁၉၂၅ ခုနှစ်မှာ ပြုစုတဲ့ Die Idea der Staatsrason

1. Meineke 2. Bismark



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ကျမ်း[illegible] အထွေးထွေး ဖြစ်နေတဲ့ ဝေမာသမ္မတ နိုင်ငံရဲ့ စိတ်ဓာတ်ကို[illegible]ပြနေတယ်။ လူ့ကျင့်ဝတ်နဲ့နိုင်ငံရေးကိစ္စမှာ ဘယ်နည်းနဲ့လုပ်လုပ် ရည်မှန်းချက်အောင်ရင် တရားတယ်ဆိုတဲ့ သဘောဟာ ဝိရောဓိဖြစ်နေကြတဲ့ ခေတ်ကြီးကို ကြည့်ပြီး စိတ်ပျက်နေပုံရတယ်။

၁၉၃၆ ခုနှစ်မှာ ပြုစုတဲ့ Die Entstehung des Historimus ဆိုတဲ့ ကျမ်းမှာတော့ နာဇီအာဏာပိုင်တို့ကနေပြီး ဝိုင်းပယ်ခံလိုက်ရတဲ့ သမိုင်းဆရာကြီး မိန်းနက်ကေးရဲ့ စိတ်ပျက်ညည်းညူသံကို ကျွန်တော်တို့ကြားရတယ်။ သမိုင်းဆိုတာ နှိုင်းယှဉ်ခြင်းအားဖြင့်သာ မှန်တယ်ဆိုတဲ့ အယူအဆနဲ့အကြွင်းမဲ့ မှန်တယ်ဆိုတဲ့ အယူအဆနှစ်ခုကြားမှာ ဟိုရောက်သည်ရောက် ဟိုကူးသည်ကူး ကူးနေတာကို တွေ့ရတယ်။ အသက်ကြီးလာတဲ့အခါမှာ သမိုင်းဆရာကြီး မိန်းနက်ကေးဟာ ၁၉၁၈ ခုနှစ်ကထက် ဆိုးရွားတဲ့သူ့တိုင်းပြည်ရဲ့ ဆုံးရှုံးမှုကြီး (ဒုတိယကမ္ဘာစစ် ရှုံးတာ) ကို မြင်လိုက်တဲ့အတွက် တော်တော် စိတ်ပျက်အားငယ်ဖြစ်ပြီး သမိုင်းဆိုတာဟာ ကိုယ်ဖန်တီးတိုင်း ဖြစ်တာမဟုတ်ဘူး။ အနေကန် သဘောအတိုင်း သူဖြစ်ချင်ရာကို ဖြစ်လာတတ်တယ်ဆိုတဲ့ အယူအဆကို ပြန်ရောက်သွားတာကို တွေ့နိုင်တယ်။ ဒီသဘောကို ၁၉၄၆ ခုနှစ်မှာ ပြုစုတဲ့ Die Dutsche Katastrophe ဆိုတဲ့ သူ့ရဲ့သမိုင်းကျမ်းမှာ တွေ့နိုင်တယ်။ ဒီနေရာမှာ အတ္ထုပ္ပတ္တိရေးဆရာတို့၊ စိတ်ပညာဆရာတို့အနေနဲ့မိန်းနက်ကေးကို လေ့လာကြည့်ရင် တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ သူ့စိတ္တဗေဒဆိုင်ရာ အပြောင်းအလဲတွေကို တွေ့ရလိမ့်မယ်ထင်တယ်။ ကျွန်တော်တို့သမိုင်းဆရာတွေအဖို့ကတော့ တစ်ခုနဲ့တစ်ခု တော်တော်ခြားနားတဲ့ ခေတ်ကြီးသုံးခေတ် သို့မဟုတ် လေးခေတ်ကို သမိုင်းပစ္စည်းတစ်ခု အနေနဲ့ သူကိုင်တွယ်သွားပုံဟာ တော်တော် စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

တစ်ခါ ကျွန်တော်တို့တိုင်းပြည်က ထင်ရှားတဲ့ ဥပမာတစ်ခုကိုပဲ ကြည့်ကြဦးစို့။ ဗြိတိသျှနိုင်ငံရေးလောကမှာ လစ်ဘရယ်ပါတီရဲ့ သြဇာ မှေးမှိန်သွားချိန်ဖြစ်တဲ့ ၁၉၃၀ ခုနှစ်များ ဟာစ်ဝိုက်မှာ ပါမောက္ခ ဘတ်တားဖီး[1] က 'သမိုင်းကို ဝှစ်အမြင်ဖြင့် လေ့လာခြင်း' ဆိုတဲ့ ကျမ်းကစ်စောင် ပြုစုခဲ့ပါတယ်။ တော်တော်လဲ အောင်မြင်တဲ့ ကျမ်းတစ်စောင်ပါ။ ဒီကျမ်းဟာ အကြောင်းကြောင်းကြောင့် တော်တော်ထူးခြားတဲ့ကျမ်း ဖြစ်ပါတယ်။ အဲဒီထဲမှာ အကြောင်းတစ်ကြောင်းကတော့ အဲဒီသမိုင်းကျမ်းဟာ ဝှစ်ပါတီဝင်တို့ရဲ့ သမိုင်းအမြင်ကို စာမျက်နှာတစ်ရာ့သုံးဆယ်ကျော်လောက်ရေးပြီး ပြင်းပြင်းထန်ထန် ဝေဖန်သွားပေမယ့် သမိုင်းဆရာတစ်ယောက် မဟုတ်တဲ့ ဝှစ်ပါတီဝင်ဖောက်စ်ကို နာမည်ထုတ်ဖော်ဝေဖန်တာကလွဲလို့၊ ဝှစ်ပါတီဝင် တစ်ယောက်မဟုတ်တဲ့ သမိုင်းဆရာ

1. Butterfield





အက်တန် ကို အမည်တပ် ထုတ်ဖော်ဝေဖန်တာကလွဲလို့တခြား ဘယ်သူကိုမှ အမည်နာမ ထုတ်ပြီး ဝေဖန်ခြင်းမပြုတဲ့အချက်ပါပဲ။

အဲဒီသမိုင်းကျမ်းဟာ တိကျမှုတို့၊ အသေးစိတ်မှုတို့မပါပေမယ့် ဝှစ်အစဉ်အလာ သမိုင်းအမြင်ကို တိုက်ခိုက်ဝေဖန်ရာမှာတော့ ပြင်းထန်လှပါတယ်။ အဲဒီကျမ်းကို ဖတ်မိတဲ့သူအဖို့တော့ ဝှစ်အစဉ်အလာ သမိုင်းအမြင်ဟာ မကောင်းဘူးလို့အသေအချာ ခံစားရပါတယ်။ ဝှစ်အစဉ်အလာ သမိုင်းအမြင်ဟာ အတိတ်ကို ပစ္စုပ္ပန်အမြင်နဲ့ ကြည့်တယ်လို့ရေးထားပါတယ်။ ဒီနေရာမှာ ပါမောက္ခ ဘတ်တာဖီးဟာ တော်တော်ကလေးကို ပြင်းထန်ပါတယ်။ သူက 'ပစ္စုပ္ပန်ကို မျက်လုံးတစ်ဘက်နဲ့လှမ်းကြည့်ရင်း အတိတ်ကို လေ့လာနည်းဟာ သမိုင်းကို လေ့လာရာမှာ အမှားအယွင်းတွေ ဖြစ်စေတဲ့ အဆိုးဆုံးနည်း ဖြစ်တယ်။ သမိုင်းမဆန်ဘူးလို့ကျွန်တော်တို့ ပြောနေတဲ့ကျမ်းတွေဟာ ဒီအမြင်နဲ့ပြုစုထားတဲ့ ကျမ်းများ ဖြစ်တယ်' လို့သေသေချာချာ ဆိုထားပါတယ်။ နောင်ဆယ့်နှစ်နှစ်ကြာတဲ့အခါမှာ ပါမောက္ခ ဘတ်တာဖီးရဲ့ တိုင်းပြည်ဟာ ဝှစ်အစဉ်အလာတွေနဲ့ပြည့်လျှမ်းတဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ကာကွယ်ဖို့အတွက် ပစ္စုပ္ပန်ကို မျက်လုံးတစ်ဘက်တည်းနဲ့လှမ်းကြည့်ရင်း အတိတ်ကို လေ့လာနေတဲ့ ခေါင်းဆောင်တစ်ယောက် (ဝင်စတန်ချီချာ) ရဲ့ လမ်းညွှန်မှုအောက်မှာ စစ်တိုက်ခဲ့ကြတယ် မဟုတ်လား။ ၁၉၄၄ ခုနှစ်မှာ ထုတ်ဝေတဲ့ ကျမ်းငယ်တစ်စောင်ဖြစ်တဲ့ 'အင်္ဂလိပ်လူမျိုးနဲ့ သူ၏သမိုင်း' ဆိုတဲ့ ကျမ်းမှာ ဘတ်တာဖီးက ဝှစ်အစဉ်အလာ သမိုင်းအမြင်ဟာ အင်္ဂလိပ်လူမျိုးရဲ့ မူပိုင်သမိုင်းအမြင် ဖြစ်တဲ့အကြောင်း၊ အင်္ဂလိပ်လူမျိုးနဲ့ သူ့သမိုင်း အမြဲကပ်နေတဲ့အကြောင်း၊ အတိတ်နှင့်ပစ္စုပ္ပန်ကို စုလျားရစ်ပတ် နှောင်းဖွဲ့ပေးဖို့လိုတဲ့ အကြောင်းကို အလေးအနက် ရေးခဲ့ပါတယ်။

ဒီလို သူ့အမြင်ပြောင်းသွားပုံကို ကျွန်တော်ပြောနေတာဟာ ဘတ်တာဖီးအပေါ် မလိုတမာစိတ်နဲ့ထောက်ပြနေတာ မဟုတ်ပါဘူး။ ဘတ်တာဖီးဟာလဲ အမြင်တစ်ဖြောင့်တည်းမရှိဘူးလို့ ကျွန်တော် ပြောလိုခြင်းမဟုတ်ပါဘူး။ အရက်မူးနေတဲ့ ဘတ်တာဖီးနဲ့ တည်ငြိမ်နေတဲ့ ဘတ်တာဖီးကို ရန်တိုက်ပေးချင်လို့လဲ မဟုတ်ဘူး။ အခြားသူများဟာလဲ၊ စစ်မဖြစ်မီ၊ စစ်အတွင်းနဲ့စစ်ပြီးတဲ့နောက် ကာလများမှာ ပြုစုကြတဲ့ သမိုင်းကျမ်းများကို အစဉ်တစိုက် ဖတ်ရှုလေ့လာကြည့်လို့ရှိရင် အဲဒီ သမိုင်းအမြင်ဟာ တစ်ဖြောင့်တည်းမရှိဘဲ အပြောင်းအလဲတွေ ရှိနေတာကို ကျွန်တော့်လိုပဲ တွေ့ရမှာပဲ။ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်အတွင်း ကမ္ဘာမြေတုန်ဟည်းစေတဲ့ အဖြစ်အပျက်ကြီးများကို ဖြတ်သန်းခဲ့ရပြီးနောက်မှာ အမြင်မပြောင်းတဲ့ သမိုင်းဆရာရယ်လို့များ ရှိခဲ့ရင် ကျွန်တော်တောင် သူ့ကိုအားကျချင်ပါတယ်။ ဒီမှာ ကျွန်တော် ပြောလိုတဲ့ဆိုက ရည်ရွယ်ချက်က သမိုင်းဆရာဟာ၊ သူမှီတင်းနေထိုင်ရာ လူ့အဖွဲ့အစည်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပြန်ဟပ်ရတယ်ဆိုတဲ့အချက်ပါ။ အဖြစ်အပျက်တွေဟာ ရပ်နားမနေ အစဉ်ပြောင်းလဲနေပါတယ်။ အလားတူပဲ၊ သမိုင်းဆရာကိုယ်တိုင်ဟာလဲ ပြောင်းနေပါတယ်။ သမိုင်းကျမ်းတစ်ကျမ်းကို ကောက်ကိုင်လိုက်ရင် ပထမစာမျက်နှာမှာ သမိုင်းဆရာရဲ့ အမည်ကို လှမ်းကြည့်ရုံနဲ့မလုံလောက်ပါဘူး သမိုင်းကျမ်းကိုရေးတဲ့နှစ်၊ သို့မဟုတ် ပုံနှိပ်တဲ့နှစ်ကိုလဲ ကြည့်ဖို့လိုပါတယ်။ ဒီလိုကြည့်တာက ပိုပြီးတော့ လေ့လာရတာ လွယ်ပါသေးတယ်။ ကျွန်တော်တို့မြစ်တစ်မြစ်ထဲကို နှစ်ခါမဆင်းနိုင် ဆိုတဲ့စကားဟာ မှန်တယ်ဆိုလို့ရှိရင် (မှန်တယ်လို့လဲ ထင်ပါတယ်) သမိုင်းကျမ်း နှစ်စောင်ကိုလည်း သမိုင်းဆရာတစ်ဦးတည်းက ပြုစုလို့မရနိုင်လို့ပြောလို့ရနိုင်လိမ့်မယ် ထင်ပါတယ်။

သမိုင်းဆရာ တစ်ဦးချင်း ကြည့်တာကို ခဏထားပြီး သမိုင်းပြုစုပုံမှာ ပေါ်ပေါက်နေတဲ့ နည်းတွေကို လေ့လာလိုက်ရင် သမိုင်းဆရာဟာ သူ့ခေတ်ရဲ့ ဩဇာကို နာခံရတယ်ဆိုတဲ့ သဘောဟာပိုလို့တောင် ထင်ရှားပါသေးတယ်။ ဆယ့်ကိုးရာစုနှစ် အတွင်းတုန်းက သမိုင်းရဲ့ လမ်းကြောင်းဟာ နောက်ပြန်မဆုတ်ဘူး။ ရှေ့ကိုတိုးတက်နေတယ်လို့ ဗြိတိသျှသမိုင်းဆရာများအားလုံးလောက်က လက်ခံယူဆခဲ့ကြတယ်။ လူ့အဖွဲ့အစည်းတစ်ခုဟာ ဘယ်တော့မှ နောက်ပြန်မသွားဘဲ ရှေ့ကို အစဉ်အမြဲ ချီတက်နေတယ်ဆိုတဲ့ အယူအဆကို လက်ခံကြပါတယ်။ သမိုင်းဟာ ကျွန်တော်တို့ ဖြစ်စေချင်သလို ဖြစ်နေရတယ်လို့ထင်နေရတုန်းတော့ ဟုတ်တာပေါ့။ သမိုင်းဟာ ရှေ့အမြဲ ချီတက်နေတယ်လို့ပဲ ထင်ကြတာပေါ့။ အစိပ္ပာယ်လဲ ရှိတာပေါ့။ ဒါပေမယ့် ချော်တော ငေါ့ပြီး ဘေးထွက်သွားတဲ့အခါကျတော့ သမိုင်းဟာ စီစဉ်တကျ ဖြစ်နေတယ်။ ရှေ့ကို ချီတက်နေတယ်လို့ထင်တဲ့ အယူအဆဟာ တိတ္ထိအယူအဆဖြစ်လာတယ်။ ပထမကမ္ဘာစစ်လဲ ပြီးရော သမိုင်းဆရာကြီး အာနိုးတွိုင်ဘီဟာ သမိုင်းဟာ အဖြောင့်သွားတယ် ဆိုတဲ့ အမြင်နေရာမှာ သမိုင်းဟာ စက်ဝိုင်းသဏ္ဌာန်သွားနေတယ်ဆိုတဲ့ အမြင်ကို အစားထိုးဖို့အပြင်းအထန် ကြိုးစားခဲ့တော့တာပါပဲ။ ဒီအမြင်ဟာ ပြိုကွဲပျက်စီးနေတဲ့ လူ့အဖွဲ့အစည်းတစ်ခုမှာ ပေါ်ပေါက်တတ်တဲ့ အမြင်မျိုးပါပဲ။

တွိုင်ဘီရဲ့ အမြင်သဘောတရား အရေးနိမ့်သွားတဲ့အခါမှာ ဗြိတိသျှ သမိုင်းဆရာတော်တော်များများဟာ သမိုင်းဒဿနတစ်ရပ် ထူထောင်ဖို့ကိစ္စကို လက်လျှော့လိုက်ကြပြီး သမိုင်းဆိုတာ သူဖြစ်ချင်ရာ ဖြစ်တာပဲ။ သမိုင်းမှာ ပုံစံရယ်လို့ မရှိဘူးဆိုပြီး ယူဆလာခဲ့ကြတာပါပဲ။ လူ့အဖွဲ့အစည်းတစ်ခုရဲ့ စရိုက်လက္ခဏာကို အထင်ရှားဆုံး ညွှန်ပြနေတဲ့ နေရာဟာ အဲဒီခေတ်ကြီးက ရေးလိုက်တဲ့ သို့မဟုတ် မရေးဖြစ်လိုက်တဲ့ သမိုင်းပဲ ဖြစ်ပါတယ်။ ဒတ်ချ် သမိုင်းဆရာတစ်ဦး ဖြစ်တဲ့ ဂျေးလ်[1] ရဲ့ 'နပိုလီယံရဲ့ အဆိုးနှင့်အကောင်း' ဆိုတဲ့ သမိုင်းကျမ်းကို ဖတ်ကြည့်လိုက်ရင် နပိုလီယံနဲ့ ပတ်သက်ပြီး

1. Geyl





ဆယ့်ကိုးရာစုနှစ်အတွင်းက အသီးသီးသော သမိုင်းဆရာများရဲ့ အကဲဖြတ်ချက်ဟာ အဲဒီတုန်းက အမျိုးမျိုးပြောင်းလဲ၊ အမျိုးမျိုး ဝိရောဓိဖြစ်နေကြတဲ့ ပြင်သစ်နိုင်ငံရေး အခြေအနေနဲ့ ပြင်သစ်နိုင်ငံရေး အတွေးအခေါ်ကို ရောင်ပြန်ဟပ်နေတာကိုတွေ့ရပါတယ်။ အခြားသူများမှာလိုပဲ သမိုင်းဆရာရဲ့ အတွေးအခေါ်ဟာ သူ့ပတ်ဝန်းကျင်၊ ကာလ၊ ဒေသ၊ ပယောဂတို့ရဲ့ လွှမ်းမိုးခြင်းကိုခံရတာပါပဲ။ သမိုင်းဆရာ အက်တန်ဟာ ဒီအချက်ကို သဘောပေါက်ပြီး သူ့သမိုင်းကျမ်းများကို ဒီအခြေအနေက လွတ်မြောက်အောင်ကြိုးစားခဲ့ကြည့်ခဲ့ပါတယ်။ သူက 'သမိုင်းဟာ ကျွန်တော်တို့အပေါ်ကို လွှမ်းမိုးနေတဲ့ အခြားသောခေတ်များရဲ့ ဩဇာမှ ကျွန်တော်တို့ကို လွတ်မြောက်အောင် ကယ်တင်ပေးတဲ့ အရာသာမက ကျွန်တော်တို့ခေတ်ရဲ့ လွှမ်းမိုးမှုမှလဲ လွတ်မြောက်အောင် လုပ်ပေးနိုင်တဲ့အရာ ဖြစ်ရမယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်၊ ကျွန်တော်တို့ ရှူရှိုက်နေတဲ့ လေထုကနေ လွတ်မြောက်အောင် လုပ်ပေးနိုင်တဲ့အရာ ဖြစ်ရမယ်' လို့ ပြောပါတယ်။

ဒီအမြင်ဟာ သမိုင်းကို အမွှန်းတင်လွန်းရာ၊ ပိုအထင်ကြီးရာရောက်ချင်ရင် ရောက်နေပေလိမ့်မယ်။ ဒါပေမယ့် ကိုယ့်အခြေအနေကိုကိုယ်သိတဲ့ သမိုင်းဆရာတစ်ယောက်ဟာ ကိုယ့်အခြေအနေကိုလဲမသိ၊ ကိုယ့်ကိုယ်ကို သီးခြားကင်းလွတ်တဲ့ အပြင်လူတစ်ယောက်ဖြစ်တယ်လို့ထင်နေတဲ့ သမိုင်းဆရာတစ်ယောက်ထက်တော့ ဒိဋ္ဌဓမ္မကျကျသမိုင်းကို ကြည့်မြင်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ မိမိမှီတင်းနေထိုင်ရာ လူ့အဖွဲ့အစည်းရဲ့ခေတ်ကာလနဲ့အခြားသော လူ့အဖွဲ့ အစည်းများရဲ့ ခေတ်ကာလနဲ့အကြားက ခြားနားမှုကို ပိုမြင်နိုင်လိမ့်မယ်လို့ထင်ပါတယ်။ တကယ်တော့ သမိုင်းနဲ့လူမှုအခြေအနေ တစ်ရပ်တည်းမှာ ကိုယ်ကိုယ်တိုင် ဘယ်လောက်လိုက်နာပါဝင်နေရတယ်ဆိုတာကို သိမှအဲဒီအခြေအနေတစ်ရပ်က ကျော်လွန်အောင်ကြိုးစားနိုင်မယ် မဟုတ်လား။

ကျွန်တော်ရဲ့ပထမဟောပြောချက်တုန်းက သမိုင်းကိုမလေ့လာခင်မှာ သမိုင်းဆရာကိုပထမလေ့လာပါလို့ကျွန်တော်ပြောခဲ့တယ်။ ဒီမှာ ကျွန်တော် ထပ်ဖြည့်ချင်ပါသေးတယ်။ သမိုင်းဆရာကို မလေ့လာသေးခင်မှာလဲ သူနေထိုင်ရာ လူမှုရေးနဲ့သမိုင်းရေး အခြေအနေများကို လေ့လာပါဆိုတဲ့ အချက်ပါပဲ။ သမိုင်းဆရာဟာ လူထဲကလူသာဖြစ်တဲ့အတွက် သူဟာလဲ လူ့အဖွဲ့အစည်းနဲ့သမိုင်းရဲ့ လက်အောက်ခံလူတို့ရဲ့ ထုတ်ကုန်ပစ္စည်းသာ ဖြစ်ပါတယ်။ သမိုင်းသုတေသီဟာ သမိုင်းဆရာကို လေ့လာရာမှာ ဒီအမြင်နှစ်ရပ်နဲ့ချိန်ထိုးကြည့်သင့်ပါတယ်။

သမိုင်းဆရာအကြောင်းကို ခဏထားပြီး ညီမျှခြင်းရဲ့ ဘက်တစ်ဖက်ဖြစ်တဲ့ သမိုင်းအချက်အလက်အကြောင်းကို စဉ်းစားကြည့်ရအောင်။ သမိုင်းဆရာဟာ စူးစမ်း



www.burmeseclassic.com

www.burmeseclassic.com

လေ့လာတဲ့ အရာဟာ ဘာလဲ။ လူပုဂ္ဂိုလ်တို့ရဲ့ အပြုအမူလား၊ ဒါမှမဟုတ် လူမှုအင်အားစုတွေရဲ့ လုပ်ရှားမှုလား (တစ်နည်းပြောရရင် ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကျော်တွေလား၊ ပြည်သူတွေလား) ဒီပြဿနာဟာ အသစ်မဟုတ်ပါဘူး။ အစဉ်အဆက်က ဆွေးနွေးခဲ့ကြတဲ့ ပြဿနာပါ။ များမကြာမီတုန်းက ဆာအက်ဆိုင်ယာဘာလင်း[1] ဟာ 'သမိုင်းဆိုင်ရာစေကန်တရား'[2] ဆိုတဲ့ ထင်ရှားပြီး လူသိများတဲ့ စာတမ်းငယ် တစ်စောင်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ (ဒီစာတမ်းငယ်ထဲမှာ ပါတဲ့ အကြောင်းအရာ များကိုတော့ နောက်ပိုင်းမှာ ဆွေးနွေးသွားပါ့မယ်။) အဲဒီ စာတမ်းငယ်ထဲမှာ ကဗျာဆရာတီ၊ အက်စ်၊ အဲလီယော့[3] ရဲ့ စကားလုံးဖြစ်တဲ့ 'အပြောကျယ်တဲ့ ပုဂ္ဂလိကမဟုတ်တဲ့ အင်အားစုများ' ဆိုတဲ့ စကားလုံးကိုယူ ခေါင်းစဉ်တပ်ပြီး အခန်းတစ်ခန်း ရေးခဲ့ပါတယ်။ သမိုင်းမှာ အဓိကကျသူများဟာ တစ်ဦးချင်း လူပုဂ္ဂိုလ်များ မဟုတ်ဘဲ 'အပြောကျယ်တဲ့ ပုဂ္ဂလိက မဟုတ်တဲ့ အင်အားစု' သာဖြစ်တယ်လို့ယူဆသူများကို ဆာအက်ဆိုင်ယာ ဘာလင်းက သူ့စာတမ်းထဲမှာ လှောင်ပြောင်ဝေဖန်ခဲ့ပါတယ်။

သမိုင်းမှာ အရေးကြီးဆုံးအချက်ဟာ လူပုဂ္ဂိုလ်တို့ရဲ့ အကျင့်စရိုက်နဲ့အပြုအမူသာ ဖြစ်တယ်ဆိုတဲ့ အယူအဆ (ဒီအယူအဆကို မင်းဆိုးဂျွန် သမိုင်းသဘောတရားလို့ ကျွန်တော် နာမည်ပေးချင်ပါတယ်။) ဟာ တော်တော်လေးကို သမနိရှည်ခဲ့ပါပြီ။ သမိုင်းကို ဖန်တီးသူများဟာ ထူးချွန်တဲ့ ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်များသာဖြစ်တယ်ဆိုတဲ့ အယူအဆဟာ သမိုင်းသိစိတ်မှာ အလွန်ကို ရှေးကျတဲ့ လက္ခဏာချက် တစ်ရပ်ဖြစ်ပါတယ်။ ရှေးဂရိလူမျိုးများဟာ အတိတ်က အောင်မြင်စွမ်းဆောင်ချက်ကြီးများကို သူရဲကောင်းတွေရဲ့ နာမည်တွေနဲ့မော်ကွန်းထိုးလေ့ရှိကြပါတယ်။ သူတို့ကြောင့် ဒီစွမ်းဆောင်ချက်တွေ ဖြစ်ခဲ့ရတယ်ဆိုပြီး သူတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ သူတို့အမည်များနဲ့မော်ကွန်းထိုးခြင်း ဖြစ်ပါတယ်။ သူတို့ရဲ့ စွမ်းဆောင်အောင်မြင်မှုကြီးတွေကို ဟိုးမားဆိုတဲ့ လင်္ကာဆရာတစ်ယောက်ရဲ့ အမည်နဲ့တွဲပေးလိုက်ပါတယ်။ သူတို့ရဲ့ အဆောက်အအုံစနစ်နဲ့တရားဥပဒေတွေလည်း ဆိုလုံရဲ့ အမည်နဲ့တွဲပေးလိုက်ကြပါတယ်။ ရီနေဆွန်းခေတ် ကျတော့လည်း ဒီအတိုင်းပါပဲ။ အတ္ထုပ္ပတ္တိဆရာ၊ နီတိဆရာ ပလူးတပ်ချ်ဟာ ရှေးက သမိုင်းဆရာကြီးများထက်တောင် သူ့ခေတ်မှာ လူသိများပြီး ဩဇာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်တို့ဟာ အမေ့ရင်ခွင်ထဲ ကတည်းက မင်းဆိုးဂျွန်သဘောတရားကို ကြားနာပြီး ကြီးပြင်းခဲ့ရသူတွေ ဖြစ်ပါတယ်။ ဒီအဘောတရားထဲမှာ ကလေးဆန်နေတာတွေ၊ ကလေးနဲ့တူနေတာတွေ နည်းနည်းပါးပါး ပါနေတယ်ဆိုတာကို ကျွန်တော်တို့သိသင့်သလောက် သိလာကြပါပြီ။ လူ့အဖွဲ့အစည်းက ရိုးရိုးရှင်းရှင်းရှိနေတုန်း

1. Sir Issiash Berlin, 2. Historical Inevitability. 3. T.S. Eliot.





ပြည်သူ့ကိစ္စများကိုလဲ လူနည်းစုခေါင်းဆောင်ကလေး တစ်စုကချုပ်ကိုင် လွှမ်းမိုးထားတုန်းမှာတော့ ဒီသဘောတရားအတိုင်း ဖြစ်နိုင်ပါတယ်။ မှန်နိုင်ပါတယ်။ ဒါပေမယ့် ဒီနေ့ကျွန်တော်တို့ခေတ်ရဲ့ ရှုပ်ထွေးတဲ့ လူ့အဖွဲ့အစည်းမှာတော့ ဒီသဘောတရားအတိုင်း မဖြစ်နိုင်တော့ဘူး။ ဆယ့်ကိုးရာစုနှစ်မှာ ပေါ်ပေါက်လာတဲ့ သိပ္ပံပညာတစ်ရပ်ဖြစ်တဲ့ လူမှုဗေဒဟာ ရှုပ်ထွေးတဲ့ ခေတ်အခြေအနေများနဲ့အညီ ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ရှေးအစဉ်အလာဆိုတာ ချက်ချင်းပျောက်သွားတာ မဟုတ်ပါဘူး။

နှစ်ဆယ်ရာစု နှစ်အစအထိတောင်မှပဲ 'သမိုင်းဆိုတာဟာ ကြီးမြတ်သူ ပုဂ္ဂိုလ်ကျော်တို့ရဲ့ အတ္ထုပ္ပတ္တိသာ ဖြစ်တယ်' ဆိုတဲ့ အယူအဆဟာ တွင်ကျယ် လွှမ်းမိုးနေတုန်းပဲ ရှိပါသေးတယ်။ ရာဇဝင်ပုဂ္ဂိုလ်ကျော်များကို 'လူမှုရေးနဲ့ စီးပွားရေး အင်အားစုတို့ရဲ့ ရုပ်သေးမျှသာ ဖြစ်တယ်' လို့ပြောတဲ့ သမိုင်းဆရာများဟာ ရာဇဝင်ပုဂ္ဂိုလ်ကျော်များကို အစုလိုက် အပြုံလိုက် သတ်ဖြတ်နေခြင်းသာ ဖြစ်တယ်လို့လွှန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတင်ပဲ ထင်ရှားတဲ့ အမေရိကန် သမိုင်းဆရာကြီးတစ်ဦးက အခြားသော လုပ်ဖော်ကိုင်ဖက်များကို တစ်ဖန် စွပ်စွဲသွားခဲ့သေးတယ် မဟုတ်လား။ (သူကသာ နောက်သလို ပြောင်သလို ပြောလိုက်ပေမယ့် သူ့စကားထဲမှာ အဓိပ္ပာယ်တွေ ရှိနေပါတယ်။) ဒီအယူအဆကို ဆေးစွဲသလိုစွဲနေကြတဲ့ သမိုင်းဆရာများဟာ သူတို့အယူ အဆအတွက် ရှက်ကိုးရှက်ကန်း ဖြစ်နေကြပေမယ့် သမိုင်းဆရာမကြီး မစ္စဝက်ချ်ဝုဒ်[1] ရဲ့ သမိုင်းကျမ်းတစ်စောင်ရဲ့ နိဒါန်းမှာ ဒီသဘောကို ထင်ထင်ရှားရှား တွေ့နိုင်ပါသေးတယ်။ သူ့ကျမ်းနိဒါန်းမှာ သမိုင်းဆရာမကြီးက ဒီလို ရေးထားပါတယ်။

'. . . .လူများ၏ အပြုအမူများကို လေ့လာရာတွင် အစုများ၊ လူတန်းစားများအဖြစ် လေ့လာရခြင်းထက် လူပုဂ္ဂိုလ်တစ်ဦးချင်းအဖြစ် လေ့လာရခြင်းကို ကျွန်ုပ်ပို၍စိတ်ဝင်စားပါသည်။ သမိုင်းကို ထိုအမြင်ဖြင့်ကြည့်၍ ရေးလျှင်လည်း ရပါသည်။ အခြားသော အမြင်များဖြင့်လည်း ကြည့်၍ရေးလျှင်လည်း ရသည်သာဖြစ်ပါသည်။ ထိုအမြင်အတိုင်းရေးလျှင်လည်းအတူတူပင်ဖြစ်ပါသည်။ ယခု ကျမ်းစာအုပ်သည် ထိုပုဂ္ဂိုလ်များ မည်သို့ခံစားခဲ့ကြရသည်၊ ထိုပုဂ္ဂိုလ်များ အဘယ်ကြောင့် ထိုသို့ ကျင့်သုံးပြုမူခဲ့ကြရသည်ကို နားလည်ရန် ကြိုးပမ်းချက် တစ်ရပ်မျှသာ ဖြစ်ပါသည်' လို့ရေးခဲ့ပါသည်။

သူ့အဆိုကတော့ ရှင်းပါတယ်၊ ဝက်ချ်ဝုဒ်ဟာ ထင်ရှားပြီး လူကြိုက်များတဲ့ စာရေးဆရာမတစ်ဦး ဖြစ်တဲ့အတွက် လူတော်တော်များများကလည်း သူ့လိုပဲ လက်ခံကြလိမ့်လို့ကျွန်တော်ထင်ပါတယ်။ ဥပမာအားဖြင့် သမိုင်းဆရာ ဒေါက်တာရိုဆီ[2]

1. Miss Wedgewood. 2. Dr. Rowse



www.burmeseclassic.com

www.burmeseclassic.com



ကဆိုရင် အယ်လီဇဘက်ဘုရင်မခေတ်စနစ် ပျက်စီးသွားရတာဟာ ပထမမြှောက်ဂျိမ်းဘုရင်က အဲဒီစနစ်အကြောင်းကို နားမလည်လို့ဖြစ်တဲ့အကြောင်း၊ ၁၇ ရာစုနှစ်က ဖြစ်ပွားခဲ့တဲ့ အင်္ဂလိပ်တော်လှန်ရေးဟာလဲ ယခင် စတူးဝပ်မင်းဆက်နှစ်ဆက်ရဲ့ မိုက်မဲမှုကြောင့် 'မတော်တဆ' ဖြစ်လာတဲ့ အဖြစ်အပျက်မျှသာ ဖြစ်ကြောင်း ပြောသွားခဲ့ပါတယ်။ ဒေါက်တာရိုဆီထက် စည်းကမ်းကြီးတဲ့ သမိုင်းဆရာကြီး တစ်ဦးဖြစ်တဲ့ ဆားဂျိမ်းနီးလ်[2] သည်ပင်လျှင် ကျူးဒါးခေတ် ဘုရင်စနစ်အကြောင်းကိုပြောတာထက် အယ်လီဇဘက် ဘုရင်မကြီးကို ချီးမွမ်းခန်းဖွင့်တာတွေက ပိုနေတာကို တွေ့ရတတ်ပါသေးတယ်။ ကျွန်တော် ခပ်စောစောကပြောခဲ့တဲ့ စာတမ်းထဲမှာဆိုရင် ဆာအက်ဆိုင်ရာဘာလင်းဟာ ဂျင်ဂစ်ခန်နဲ့ဟစ်တလာကို လူဆိုးတွေအဖြစ် ရှုတ်ချဝေဖန်ခြင်းမပြုကြတဲ့ အတွက် သမိုင်းဆရာများကို တော်တော်လေး စိတ်ဆိုးနေတဲ့ သဘောပေါ်နေတာကို တွေ့ရပါ တယ်။ မင်းဆိုး၊ မင်းကောင်းသမိုင်းသဘောတရားနဲ့ မင်းကောင်း အယ်လီဇဘက်ဘုရင်မ သမိုင်းသဘောတရားကို့ဟာ မကြာသေးမီအချိန်ကအထိ ခေတ်စားနေဆဲပဲ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့တွေ့နေရဆဲပဲ ဖြစ်ပါတယ်။ သမိုင်းဆရာများဟာ ကွန်မြူနစ်ဝါဒ ဘာကြောင့်ပေါ်လာတယ်။ ကွန်မြူနစ်ဝါဒရဲ့ အဓိပ္ပာယ်ဟာ ဘယ်လိုရှိတယ်ဆိုတာကို ခွဲခြမ်းစိတ်ဖြာမကြည့်ကြဘဲ ကွန်မြူနစ်ဝါဒဟာ ကားလ်မတ်ရဲ့ ဦးနှောက်ထဲက ပေါ်ထွက်လာတဲ့အရာလို့ပြောနေကြပါတယ်။ ရုရှားအောက်တိုဘာတော်လှန်ရေးကြီး ပေါ်ပေါက်လာပုံကိုပြောရာမှာလည်းတခြားသော လူမှုစီးပွားရေးအခြေအနေတွေကို မပြောဘဲနဲ့ဒုတိယမြှောက် နီကလတ်ဇာဘုရင်ရဲ့ မိုက်မဲမှုကြောင့်လိုလို၊ ဂျာမန်တို့ဆီက ရွှေတွေဝယ်တဲ့အတွက်ကြောင့် လိုလို ပြောနေကြသေးတယ်။ ကမ္ဘာစစ်နှစ်ခုဖြစ်ရတာဟာလဲ နိုင်ငံတကာ ဆက်ဆံရေးစနစ်ကြီး ထဲမှာ အခြေခံကျတဲ့ ချွတ်ယွင်းချက်ကြီးတွေ ပေါ်ပေါက်လာခဲ့လို့ဖြစ်ရတယ်ဆိုတာကို မပြောတော့ဘဲ ဒုတိယမြှောက် ကိုင်ဇာဝီလျံနဲ့ဟစ်တလာ ကြောင့်ရယ်လို့ပြောနေဆဲပဲ ရှိပါသေးတယ်။ ဒီလို ပြောရတာကတော့ လွယ်ပါတယ်။

ခပ်စောစောကပြောခဲ့တဲ့ သမိုင်းဆရာမကြီး မစ္စဝက်ချ်ဝုဒ်ရဲ့ အဆိုထဲက အဓိပ္ပာယ်နှစ်ခုထွက်လာပါတယ်။ တစ်ခုကတော့ လူပုဂ္ဂိုလ်တစ်ဦးချင်းအဖြစ် လူရဲ့ပြုမူချက်ဟာ အစုများ၊ လူတန်းစားများရဲ့ အဖွဲ့ဝင်များအနေနဲ့ လုပ်ဆောင်ပြုမူချက်နဲ့ ကွဲပြားခြားနားတယ်ဆိုတဲ့အချက်။ နောက်တစ်ချက်ကတော့ လူတွေရဲ့အပြုအမူကို တစ်ဦးချင်း ပုဂ္ဂိုလ်အနေနဲ့လေ့လာခြင်းဟာ သူတို့လုပ်ဆောင်ချက်တွေနောက်ကွယ်မှာရှိတဲ့ ရည်ရွယ်ချက်တွေကိုလေ့လာခြင်းနဲ့ အတူတူဖြစ်တယ်ဆိုတဲ့အချက်တို့ဖြစ်ပါတယ်။

အထက်မှာ ကျွန်တော်ပြောခဲ့ပြီးဖြစ်တဲ့အတွက် ပထမအချက်နဲ့ပတ်သက်လို့

2. Sir James Neale





သိပ်ရှည်ရှည်ဝေးဝေး မပြောတော့ပါဘူး။ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ သပ်သပ်ကြည့်ခြင်းထက် လူ့အဖွဲ့အစည်းဝင် တစ်ဦးအနေနဲ့ကြည့်တာက ပိုကောင်းတယ်။ ပိုမှန်တယ်ဆိုတာတွေကို မပြောလိုတော့ပါဘူး။ ကျွန်တော်ပြောလိုတာက ဒီလိုယူဆတာဟာ ဒီလောက်အရေးမကြီးလှပါဘူး။ ဒါပေမယ့် ဒီနှစ်ခုကို စည်းခြားလိုက်တာကတော့ အလွန်ကိုမှားတယ်လို့ထင်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုတာဘာလဲ။ လူပုဂ္ဂိုလ် တစ်ဦးချင်းဆိုတာ လူ့အဖွဲ့အစည်းများ သို့မဟုတ် လူ့အဖွဲ့အစည်းကစ်ခုရဲ့အဖွဲ့ဝင်လို့အဓိပ္ပာယ်ထွက်တယ်။ အဲဒီလူ့အဖွဲ့အစည်းကို အစုလို့ခေါ်ချင်ခေါ်နိုင်တယ်။ မျိုးနွယ်စု၊ ဒါမှမဟုတ် လူတန်းစား၊ ဒါမှမဟုတ်လူမျိုးစသဖြင့် ဘယ်လိုပဲခေါ်ခေါ် ကြိုက်သလို ခေါ်နိုင်ပါတယ်။

ရှေးတုန်းက ဇီဝဗေဒပညာရှင်များဟာ ငှက်တွေ၊ တိရစ္ဆာန်တွေ၊ ငါးတွေကို လှောင်အိမ်တွေ၊ လှောင်ချိုင့်တွေ၊ မှန်သေတ္တာတွေ၊ ရေလှောင်ကန်တွေနဲ့ ထားလေ့ရှိကြတယ်။ အဲဒီ သက်ရှိသတ္တဝါတွေကို သူတို့နေထိုင်ကြီးပြင်း အသက်ရှင်ရာ ပတ်ဝန်းကျင်နဲ့တွဲစပ်ပြီး လေ့လာခြင်းမပြုခဲ့ကြသေးဘူး။ ဒီနေ့ကျွန်တော်တို့ လေ့လာနေတဲ့ လူမှုသိပ္ပံပညာဟာ အဲဒီ ရှေးဟောင်း အဆင့်က လွတ်လွတ်ကျွတ်ကျွတ် မထွက်နိုင်သေးဘဲ ဖြစ်နေတယ်။ တချို့ကတော့လည်း စိတ်ပညာဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းကို လေ့လာတဲ့ဘာသာရပ်ဖြစ်ပြီး လူမှုသိပ္ပံပညာဟာ လူ့အဖွဲ့အစည်းကို လေ့လာတဲ့ သိပ္ပံပညာရပ်လို့ခွဲခြားကြတယ်။ လူမှုပြဿနာများ အားလုံးဟာ အဆုံးမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အပြုအမူမှာ အကျုံးဝင်နေတယ်ဆိုတဲ့ သဘောတရားကို 'ဆိုက်ကိုလောဂျစ်ဇင်း'[3] လို့ခေါ်နေကြပါတယ်။ ဒါပေမယ့် လူပုဂ္ဂိုလ် တစ်ဦးချင်းရဲ့ ပတ်ဝန်းကျင်ကို လေ့လာခြင်းမပြုတဲ့ စိတ်ပညာရှင်ဟာ ဒီမှာနိဂုံးချုပ်သွား တော့တာပါပဲ။ အတ္တာပ္ပတ္တိဟာ လူကို၊ ပုဂ္ဂိုလ်တစ်ဦးချင်းကို လေ့လာတဲ့ ကိစ္စဖြစ်တယ်။

သမိုင်းကတော့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုကို လေ့လာတဲ့ကိစ္စဖြစ်တယ်။ ဒါကြောင့် ဒီနှစ်ခုကို သူတို့က သီးခြားစီခွဲထားချင်ကြတယ်။ ကောင်းတဲ့အတ္တာပ္ပတ္တိတစ်ခုဟာ ဆိုးကဲ့သမိုင်းကျမ်းတစ်ခု ဖြစ်တယ်။ အတ္တာပ္ပတ္တိအနေနဲ့ ကောင်းပေမယ့် သမိုင်းအနေနဲ့ဖတ်ရင်အလကားပဲလို့ သူတို့ယူဆတတ်ကြတယ်။ 'လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ စရိုက်ကိုစိတ်ဝင်စားတဲ့အတွက် သမိုင်းကိုလေ့လာတာလောက် မှားတဲ့သမိုင်းအမြင် မမှားတဲ့သမိုင်းအမြင်မရှိဘူး' လို့လော့ဒ်အက်တန်က ပြောခဲ့တယ်။ ဒီအမြင်ဟာလဲ သမိုင်းနဲ့လူကို ခွဲခြားကြည့်တဲ့အမြင်နဲ့အတူတူပါပဲ။ 'ဗိတိုရိယခေတ် အင်္ဂလန်ပြည်' လို့ခေါ်တဲ့ သမိုင်းကျမ်း အဖွင့်မှာ သမိုင်းဆရာ ဂျီ·အမ်·ယန်း[2] က 'အစေခံများသည် လူများအကြောင်းကိုပြောပြီး သခင်များက

3. Psychologism. 2. G .M . Young

www.burmeseclassic.com



အရာဝတ္ထုတို့၏ အကြောင်းကိုပြောဓာ်' ဆိုတဲ့ စကားပုံကို ကိုးကားပြီး သူ့ကျမ်းကို ဖွင့်ခဲ့တယ်။ ဒါဟာလဲ လူနဲ့လူ့အဖွဲ့အစည်း တစ်ဦးချင်း ပုဂ္ဂိုလ်နဲ့အများကို ခွဲခြားလိုက်တဲ့ စကားတစ်ခွန်းပါပဲ။ ကျွန်တော့် အမြင်ကို ပြောရမယ်ဆိုရင်တော့ တချို့သော အတ္ထုပ္ပတ္တိများဟာ သမိုင်းအတွက် ကြီးစွာသော အထောက်အကူ ပစ္စည်းများ ဖြစ်တယ်ဆိုတာကို တွေ့နေရပါတယ်။ **အိုင်စက်ဒွိုက်ရှား**[1] ရဲ့ စတာလင်နဲ့ စရော့စကီးတို့ရဲ့ အတ္ထုပ္ပတ္တိကျမ်းတွေဟာ ထင်ရှားတဲ့ သဓကတွေပါပဲ။ သမိုင်းဝတ္ထု စတဲ့ စာပေများဟာလဲ သမိုင်းကို လေးနက်တဲ့ အထောက်အကူတွေ ပေးခဲ့ပါတယ်။ **'လစ်တန်စထရက်ချီ'**[2] အဖို့သော်မူ သမိုင်းဆိုင်ရာ ပြဿနာများအားလုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အပြုအမူ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ စရိုက်ဆန်းများသာဖြစ် သည် ဟုယူဆပေသည် . . . ။ သမိုင်းဆိုင်ရာပြဿနာများဖြစ်သော နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာများ ကို မည်သည့်အခါမျှ ကိုင်တွယ်ဖြေရှင်းခြင်း မပြုခဲ့ပေ' လို့သမိုင်းဆရာ ပါမောက္ခ **ထရီဗာရိုးပါး**[3] က အတ္ထုပ္ပတ္တိဆရာ လစ်တန်စထရက်ချီကို မှတ်ချက်ချခဲ့ဖူးပါတယ်– ဟုတ်ပါတယ်။ သမိုင်းကို ကိုယ်ရေးချင်မှ ရေးနိုင်ပါတယ်။ ကိုယ်ဖတ်ချင်မှ ဖတ်နိုင်ပါတယ်။ လူတိုင်း သမိုင်းကို ရေးရမယ် ဖတ်ရမယ်လို့မဆိုလိုပါဘူး။ သမိုင်းမဟုတ်ဘဲ အတိတ်အကြောင်းနဲ့ ပတ်သက်လို့ကောင်းတဲ့စာအုပ်တွေ အများကြီး ရေးနိုင်ပါတယ်။ ဒါပေမယ့် လူ့အဖွဲ့အစည်းအတွင်း လူရဲ့အတိတ်ကို လေ့လာတဲ့ ဖြစ်စဉ်ကိုတော့ 'သမိုင်း' ဆိုတဲ့ စကားလုံးကို ကျွန်တော်သုံးချင်ပါတယ်။

သမိုင်းဆရာမကြီး မစ္စဝက်ချဝုဒ်ရဲ့ အဆိုထဲမှာ ကျွန်တော်ပြောချင်တဲ့ ဒုတိယအချက်။ 'သမိုင်းဆိုတာဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းတွေက ထိုထိုဤဤသော အလုပ်များကို အဘယ့်ကြောင့် လုပ်ခဲ့ကြောင်းကို လေ့လာတဲ့ကိစ္စလို့ ပြောသွားတဲ့ အချက် ဖြစ်ပါတယ်။ ဒီအချက်ဟာလဲ ရုတ်တရက်ကြည့်ရင် တော်တော်ခွကျတဲ့ အဆိုဖြစ်ပါတယ်။ ပညာရှိသတိဖြစ်ခဲ့ ဆိုသလို ပမာဒ လေခပြီး ဆရာမကြီးဟာ သူပြောတဲ့အတိုင်း သူကိုယ်တိုင်ကျင့်သုံးခြင်း မပြုလို့ပါဘဲ။ သူ့အဆိုအမိန့်အတိုင်း သမိုင်းကိုရေးရမယ်ဆိုရင်လဲ အဲဒီသမိုင်းဟာ တော်တော်ထူးဆန်းတဲ့ သမိုင်းကျမ်း ဖြစ်နေပါလိမ့်မယ်။ လူတိုင်းဟာ အလုပ်တစ်ခုကို လုပ်တဲ့နေရာမှာ သိစိတ်ရှိတဲ့ ရည်ရွယ်ချက်နဲ့အမြဲလုပ်နေကြတာ မဟုတ်ပါဘူး။ သူတို့ဆန္ဒအတိုင်းအမြဲ လုပ်နေကြတာ မဟုတ်ပါဘူး။ ဒါကို ဒီနေ့ခေတ် လူတိုင်းသိကြပါတယ်။ ဒီလို ဆိုလိုက်တဲ့အတွက် လူများဟာ မိမိလုပ်နေတဲ့အလုပ်ကို သိစိတ်မရှိဘဲ လုပ်နေရတယ် လို့ဆိုလိုရာ မရောက်ပါဘူး။ သိစိတ်မရှိသော်လည်း သူတို့မှာ ဉာဏ်အမြင် ရှိကြပါ

1. Issas Deutscher 2. Lyttan Strachey 3. Trevor Roper





တယ်၊ ဉာဏ်အမြင်ကို ဘေးဖယ်ပြီး သိစိတ်တစ်ခုတည်းကိုသာ ပြောခြင်းဟာ မျက်လုံးတစ်ဘက်ကို မှိတ်ပြီး အလုပ်လုပ်နေတာနဲ့အတူတူပါပဲ။ တချို့သမိုင်းဆရာများဟာ ဒီလိုကြည့်မြင်သင့်တယ်လို့တချို့သောသူများက ယူဆနေကြပါတယ်။ အဓိပ္ပာယ်ကတော့ ဒီလိုပါ။ ဂျွန်ဘုရင်ဟာ လောဘကြီးတယ်၊ မိုက်မဲတယ်၊ မျှော်မှန်းချက်သိပ်ကြီးတယ်၊ ဒါကြောင့် သူဟာမင်းဆိုးတစ်ပါးဖြစ်တယ်လို့ ပြောလိုက်ရင် သမိုင်းကိစ္စပြီးသွားတယ်လို့ ထင်တယ်ဆိုပါစို့။ အမှန်ကတော့ ဒါဟာလူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ရဲ့ စရိုက်လက္ခဏာနဲ့အရည်အချင်းတွေကို ဖော်ပြခြင်းသာဖြစ်တယ်။ ဒီလိုပြောခြင်းဟာ သူငယ်တန်းသမိုင်းအဆင့်လောက်ပဲ ရှိတယ်။ ဒါပေမယ့် ဂျွန်ဘုရင်ဟာ မြေရှင်မှူးမတ်တွေရဲ့ တန်ခိုးသြဇာနဲ့ဆန့်ကျင်တဲ့၊ သူ့အကျိုးစီးပွားများ ရဲ့ သိစိတ်မရှိသော တန်ဆာပလာမျှသာ ဖြစ်တယ်လို့ပြောလိုက်ရင် နည်းနည်း ရှုပ်ထွေးပြီး အဆင့်တော်တော်မြင့်သွားပြီ။ ဂျွန်ဘုရင်ဟာ မင်းဆိုးတစ်ပါးဖြစ်တယ်လို့ ပြောရုံတင်မကတော့ဘဲ သမိုင်းအဖြစ်အပျက်များဟာ လူတစ်ဦးတစ်ယောက်ရဲ့ သိစိတ်က ဆုံးဖြတ်ပြဋ္ဌာန်းတာ မဟုတ်ဘဲ သူတို့ရဲ့ အသိစိတ်ဆန္ဒကို ရေ့ဆောင်တဲ့ အလွန်စွမ်းအားကြီးတဲ့ ပြင်ပအင်အားစု တစ်ခုက ဆုံးဖြတ်ပြဋ္ဌာန်းတယ်ဆိုတဲ့ သဘောကိုရောက်နေတယ်။ ဒါကတော့ လုံးလုံးကို အဓိပ္ပာယ်မရှိဘူး။ ကျွန်တော် တစ်ဦးတည်း သဘောကို ပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ ကောင်းကင်က တန်ခိုးတော်ရှင်၊ ကမ္ဘာ့ဝိညာဉ်တော်၊ ကံကြမ္မာ စတာတွေကိုမယုံဘူး။ သမိုင်းကို စကားလုံးကြီးနဲ့ရေးတာကို မယုံဘူး။ အဖြစ်အပျက်တွေရဲ့ လမ်းကြောင်းကို ရှေ့ဆောင် လမ်းညွှန်ပြုနေတဲ့ တန်ခိုးဆိုတာကို မယုံဘူး။ ဒီနေရာမှာတော့ ကျွန်တော်ဟာ ကားလ်မတ်ရဲ့ စကားကို လုံးလုံးထောက်ခံတယ်။

'သမိုင်းသည်ဘာမှလုပ်နိုင်စွမ်းမရှိ။ သမိုင်းတွင် ကြီးမားများပြားသော စည်းစိမ်ဥစ္စာတို့မရှိ။ သမိုင်းသည် မည်သည့်စစ်ပွဲမျှ တိုက်ခိုက်ခြင်းမပြု။ အရာရာကို ပြုလုပ်သူ၊ ပိုင်ဆိုင်သူ၊ စစ်ကိုတိုက်ခိုက်သူမှာ လူသာဖြစ်သည်။ အသက်ရှင်နေသော လူသာဖြစ်သည်' လို့ကားလ်မတ်က ရေးခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## လူထုဟာ သမိုင်းဖန်တီးသူ ဖြစ်တယ်

ခု ကျွန်တော်ဖော်ပြမယ့် သမိုင်းနဲ့ပတ်သက်တဲ့မှတ်ချက် နှစ်ရပ်ဟာ ကျွန်တော့် ဦးနှောက်ထဲက ကြံဆတွေးတောပြီးပေးတဲ့ မှတ်ချက်တွေမဟုတ်ပါဘူး။ ကိုယ့်တွေ့ စူးစမ်းလေ့လာမှုက ပေါ်ထွက်လာတဲ့ မှတ်ချက်များ ဖြစ်ပါတယ်။

ပထမအချက်။ ။ တစ်စုံတစ်ခုသော အတိုင်းအတာအရ ပြောရရင် သမိုင်းဟာ အရေးအတွက်ဆိုင်ရာကိစ္စ ဖြစ်တယ်။ 'သမိုင်းဟာ ကြီးမြတ်သူ ပုဂ္ဂိုလ်ကျော်တို့ရဲ့ အတ္ထုပ္ပတ္တိများသာဖြစ်တယ်' ဆိုတဲ့ စကားဟာ တော်တော်ဝမ်းနည်းဖို့ကောင်းတဲ့ စကားတစ်ခွန်းဖြစ်ပါတယ်။ ဒီစကားကို ပြောခဲ့သူကတော့ သမိုင်းဆရာကြီး တောမတ်ကာလိုင်း[1] ပါ။ ဒါပေမယ့် သူ့ရဲ့အပြောင်မြောက်ဆုံး သမိုင်းကျမ်းတစ်စောင် ဖြစ်တဲ့ 'ပြင်သစ်တော်လှန်ရေးသမိုင်း' ဆိုတဲ့ကျမ်းကြီးမှာတော့ ကာလိုင်းက ဒီလို ရေးခဲ့ပါတယ်။

'သန်းပေါင်းနှစ်ဆယ့်ငါးသန်းသော ပြည်သူတို့သည် ငတ်မွတ်ခြင်း၊ အစားအစာ ချို့တဲ့ခြင်း၊ ဖိနှိပ်ခြင်း စသည့်ဒုက္ခများကို အလူးအလဲ ခံနေကြရ၏။ ပြင်သစ် တော်လှန်ရေးကြီး ဖြစ်ပွားလာရခြင်းသည် အဓိကအားဖြင့် ထိုအကြောင်းများကြောင့် ဖြစ်ပေ၏။ ဒဿနဆရာများ၊ ချမ်းသာသော ဆိုင်ပိုင်ရှင်များ၊ မှူးမတ်များ၏ ဂုဏ်သိက္ခာကျဆုံးရခြင်း၊ အယူအဆများရှုပ်ထွေးခြင်းကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်ချေ။ အတိုင်းတိုင်းအပြည်ပြည်တွင် အလားတူ တော်လှန်ရေးများ ဖြစ်ပွားရခြင်းမှာ ထိုအကြောင်းများကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်' လို့ရေးခဲ့ပါတယ်။

လီနင်က 'လူထုတွေရှိတဲ့နေရာမှာ နိုင်ငံရေးရှိတယ်။ ထောင်ပေါင်းများစွာမျှမက သန်းပေါင်းများစွာရှိတဲ့နေရာမှာ လေးနက်တဲ့ နိုင်ငံရေးရှိကယ်' လို့ပြောခဲ့ဖူးပါတယ်။ ကာလိုင်းနဲ့လီနင် ပြောတဲ့ သန်းပေါင်းများစွာဟာ လူပုဂ္ဂိုလ် သန်းပေါင်းများစွာ

1.Thomas Carlyel



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ သူတို့ဟာ 'ပုဂ္ဂလိကမဟုတ်တဲ့' လူများမဟုတ်ဘူး။ ဒီပြဿနာကို ဆွေးနွေးတိုင်း 'ပုဂ္ဂလိကမဟုတ်တဲ့' ဆိုတဲ့ ဝေါဟာရနဲ့ 'အညတရ' ဆိုတဲ့ ဝေါဟာရဟာ မကြာခဏများတတ်ကြပါတယ်။ လူတွေရဲ့နာမည်ကို မသိရုံနဲ့လူထုဟာ လူထုအဖြစ်က ရပ်စဲသွားတာ မဟုတ်ဘူး။ လူပုဂ္ဂိုလ်တွေဟာ လူပုဂ္ဂိုလ်အဖြစ် ရပ်စဲသွားတာ မဟုတ်ဘူး။ အဲလိုယော့ပြောတဲ့ 'ပုဂ္ဂလိက မဟုတ်တဲ့သူများ' ဆိုတာ တခြားလူတွေ မဟုတ်ဘူး။ ပိုပြီး ပြောင်ကျပွင့်လင်းတဲ့ ကွန်ဆာဗေးတစ် တစ်ယောက်ဖြစ်တဲ့ ကလာရင်ဒန်[1] ပြောတဲ့ 'အမည်မရှိတဲ့ ညစ်ပတ်သူများ' ဖြစ်တယ်။ အမည်မရှိတဲ့ ဒီသန်းပေါင်းများစွာသော လူထုများဟာ စုပေါင်းပြီး သိစိတ်ကင်းမဲ့စွာ လုပ်ဆောင်နေကြတဲ့ လူမှုအင်အားစုကြီးတစ်ခု ဖြစ်တယ်။ သာမန် အခြေအနေများမှာ သမိုင်းဆရာဟာ မကျေမနပ်ဖြစ်တဲ့ လယ်သမားတစ်ယောက်၊ မကျေမနပ်ဖြစ်တဲ့ ရွာတစ်ရွာကို မြင်နေလို့မဖြစ်ဘူး။ ဒါပေမယ့် ရွာထောင်ပေါင်းများစွာမှာရှိတဲ့ မကျေနပ်တဲ့ သန်းပေါင်းများစွာသော လယ်သမားများကိုတော့ ထည့်တွက်ရလိမ့်မယ်။

ဂျုန်းဆိုတဲ့ လူတစ်ယောက် အိမ်ထောင်မပြုနိုင်တဲ့ကိစ္စကို စဉ်းစားစရာမလိုပါဘူး။ ဒါပေမဲ့ ဂျုန်းရဲ့မျိုးဆက်မှာရှိတဲ့ ထောင်ပေါင်းများ စွာသောလူငယ်တွေ ဒီလို အိမ်ထောင်မပြုနိုင်ဘဲ ဖြစ်လာပြီဆိုရင်တော့ သမိုင်းဆရာတစ်ယောက်အနေနဲ့ ဒီအချက်ကို ထည့်ပြီးမစဉ်းစားလို့မရတော့ဘူး။ လက်ထပ်ထိမ်းမြားမှုနှုန်း လျော့ကျလာတာကို သမိုင်းဆရာအနေနဲ့စဉ်းစားလာရတော့မယ်။ ဒီအချက်ဟာ သမိုင်းအရ အရေးကြီးတဲ့ ကိစ္စရပ် ဖြစ်လာနိုင်တယ်။ ကြီးမားတဲ့လှုပ်ရှားမှုဟာ လက်တစ်ဆုပ်စာ ခေါင်းဆောင်တစ်စုကြောင့် ဖြစ်ပေါ်လာတယ်လို့ထင်ပြီးဒါတွေကို လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး။ လှုပ်ရှားမှုကြီးတိုင်းမှာ ခေါင်းဆောင်ဆိုတာ နည်းနည်း ကလေးပဲ ရှိတတ်ပြီး နောက်လိုက်တွေ အများကြီးရှိတတ်တာပဲ မဟုတ်လား။ ဒါကြောင့်မို့ ဒီလှုပ်ရှားမှုကြီး အောင်မြင်ရေး မအောင်မြင်ရေးဟာ လူထုပါဝင်ဖို့ သိပ်အရေးကြီးတယ်။ သမိုင်းကို ဖန်တီးရာမှာ အရေအတွက်ဟာ သိပ်အရေးကြီးတယ်။

ဒုတိယအချက်။ ။ လူပုဂ္ဂိုလ်များရဲ့ လှုပ်ရှားမှုဟာ မကြာခဏဆိုသလို ရည်ရွယ်ခြင်းမရှိတဲ့၊ မျှော်လင့်ခြင်းမရှိတဲ့ ရလာဒ်တွေကို ပေးလေ့ရှိတယ်လို့ အတွေးအခေါ်ရှင် တော်တော်များများက ယူဆလက်ခံထားကြတယ်။ မိမိရဲ့ ကိုယ်ကျိုး စီးပွားအတွက် သိစိတ်ရှိရှိလုပ်နေခြင်းဟာ ဘုရားသခင်ရဲ့ အလိုတော်ကို သိစိတ်မရှိဘဲ လုပ်နေခြင်း ဖြစ်တယ်လို့ခရစ်ယာန်တော်တော်များများက ယူဆလေ့ရှိတယ်။ ဒီသဘောကို 'ကိုယ့်အတွက်အဆိုး၊ သူတစ်ပါးအတွက်အကျိုး' ဆိုတဲ့ စကားနဲ့ မင်ဒယ်ဗီးလ်[2] ကပြောခဲ့တယ်။ အဒမ်စမစ်[3] ပြောတဲ့ 'ဝှက်ထားတဲ့လက်' ဆိုတဲ့ စကားလုံးတို့၊ ဟီဂဲလ်[4]

1.Clarandon. 2. Mendeville. 3. Adam Smith. 4. Hegel





ပြောတဲ့ 'ဆင်ခြင်တုံတရား၏ စဉ်းလဲမှု' ဆိုတဲ့ စကားလုံးတွေဟာလည်း ဒီသဘောပါပဲ။ ကိုယ့်ကျိုးအတွက် လုပ်နေတယ်လို့ထင်ရ ပေမယ့် တကယ်ကျတော့ သူများအတွက် လုပ်ပေးနေတာမျိုးဖြစ်နေပါတယ်။ 'ကုန်လုပ် ကိရိယာများကို အများစုပေါင်း ထုတ်လုပ်ရာ၌ လူသည် မိမိတို့၏စိတ်ဆန္ဒများနှင့် သီးခြား ကင်းလွတ်ကာ တစ်စုံတစ်ခုသော လိုအပ်သည့် ဆက်ဆံရေးများကို ပြုလုပ် ရပေသည်' လို့ ကားလ်မတ်က သူ့ 'နိုင်ငံရေးဘောဂဗေဒဝေဖန်ရေးကျမ်း' မှာ ရေးခဲ့ပါတယ်။ 'လူသည် မိမိအတွက် သိစိတ်ရှိစွာ အသက်ရှင်နေထိုင်ခြင်း ပြုရာ၏။ သို့ရာတွင် လူ့လောက ကြီး ၏ သမိုင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် အလုပ် လုပ်ပေးရသော သိစိတ် မရှိသော တန်ဆာပလာ တစ်ခုလည်း ဖြစ်ပေသည်' လို့ တော်လ်စတွိုင်းက 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးထဲမှာ ရေးခဲ့ပါတယ်။ 'လူတို့မှုလက ရည်ရွယ်မှန်းထားခြင်းမရှိသော သမိုင်းလမ်းကြောင်းကို ပြောင်းစေသော သတ္တိ တစ်မျိုးသည် သမိုင်းအဖြစ်အပျက် များထဲတွင် ရှိတတ်ပေ၏' လို့လည်း ပါမောက္ခ ဘတ်တာဖီးက ရေးခဲ့ဖူးပါတယ်။ ကျွန်တော်တို့လူ့လောကရဲ့ သမိုင်းမှာ စစ်ပွဲကလေး တွေချည်း ဖြစ်ခဲ့တာ နှစ်ပေါင်း တစ်ရာလောက် ရှိခဲ့ပါပြီ။ ဒါပေမယ့် ၁၉၁၄ ခုနှစ် နောက်ပိုင်းမှာတင် ကမ္ဘာစစ်ကြီးနှစ်ခု ဖြစ်ခဲ့ပါတယ်။ လူပုဂ္ဂိုလ် တော်တော်များများက စစ်ပွဲကို လိုလားကြပြီး စစ်မတိုက်ချင်တဲ့ လူပုဂ္ဂိုလ်ဆိုလို့ နည်းနည်းလေးရှိလို့ ဒီစစ်ပွဲကြီးတွေ ဖြစ်ရတယ်လို့ ပြောလို့မရပါဘူး။ ၁၉၃၀ ခုနှစ်တစ်ဝိုက်က ကမ္ဘာ့ စီးပွားပျက်ကပ်ကြီးဖြစ်ခဲ့ရတာဟာ လူပုဂ္ဂိုလ်တချို့က ဖြစ်စေချင်လွန်းလို့ဖြစ်ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကပ်ကြီးဆိုက်ခဲ့ရတာဟာ ကိုယ့်ရည်မှန်းချက် အသီးသီးတို့ကို သိစိတ်ရှိစွာ လုပ်ဆောင်နေကြတဲ့ လူပုဂ္ဂိုလ်များရဲ့ လုပ်ဆောင်မှုကြောင့်သာ ဖြစ်တယ်ဆိုတာကိုတော့ ဘာမှ သံသယရှိစရာ မလိုပါဘူး။ ဒီလိုပြောလိုက်တဲ့အတွက် လူပုဂ္ဂိုလ်တို့ရဲ့ ရည်ရွယ်ချက်နဲ့ သူ့လုပ်ဆောင်မှုရဲ့ ရလာဒ် များဟာ အမြဲတခြားစီ ဖြစ်နေတတ်တယ်လို့လဲ တစ်ဖက်သတ်ဆိုလိုတာ မဟုတ်ပါဘူး။

၁၉၂၇ ခုနှစ်တုန်းက သမ္မတဝုရိုးဝီလဆင်က စစ်ဗိုလ်ချုပ်လော့ရ်ျနှင့် ပတ်သက်ပြီး ပြောရာမှာ 'သူ့ရည်ရွယ် ချက်ကတော့ စစ်တိုက်ဖို့မဟုတ်ပါဘူး။ ဒါပေမယ့် သူဟာ အဖြစ်အပျက်တွေထဲမှာ မျောပါသွားမှာပါပဲ' ပြောခဲ့ဖူးပါတယ်။ ဒီတော့ ဒါတွေကိုထောက်ပြီး လူတွေရဲ့ ရည်ရွယ်ချက်ကိုသိရင် သမိုင်းကို ရေးလို့ရပါတယ်ဆိုတဲ့ အမြင်၊ အလုပ်ကိုကြည့်ခြင်း အားဖြင့် သူတို့ရည်ရွယ်ချက်ကို သိရတဲ့အတွက် ဒါတွေကို ကြည့်ပြီးရေးရင် ဖြစ်ပါ တယ်ဆိုတဲ့အမြင်ဟာ သွက်သွက်လည်အောင်မှားနေပြီဆိုတာကို တွေ့နိုင်ပါတယ်။ မှန်ပါတယ်။ သမိုင်းအချက်အလက်များဟာ လူပုဂ္ဂိုလ်တွေရဲ့ အချက်အလက်ပါပဲ။ ဒါပေမယ့် တစ်ဦးတည်းနေထိုင်ပြီး တစ်ဦးတည်းလုပ်ဆောင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူပုဂ္ဂိုလ်တွေ၊ လုပ်ဆောင်မှုတွေ၊ သူတို့လုပ်ဆောင်ချက်တွေကို မွေးဖွားပေးလိုက်လို့ ထင်ရကဲ့ ရည် မှန်းချက်တွေ၊ စေတနာတွေရဲ့အကြောင်း မဟုတ်ပါဘူး။ သမိုင်း အချက်အလက် ဆိုတာဟာ လူ့အဖွဲ့အစည်းအတွင်းမှာရှိကြတဲ့ လူပုဂ္ဂိုလ်အချင်းချင်း ရဲ့ ဆက်ဆံရေးတွေ၊ တစ်ခုနဲ့တစ်ခုကွဲပြားခြားနားနေတဲ့ တစ်ခါတစ်ရံမှာ ဆန့်ကျင် နေကြတဲ့ လူမှု အင်အားစုတွေရဲ့ အပြန်အလှန်ဆက်ဆံရေးတွေပဲ ဖြစ်ပါ တယ်။

ကိုလင်းဝုဒ် သမိုင်းအမြင်မှာ မှားတဲ့အချက်ကတော့ တခြားမဟုတ်ပါဘူး။ သူ့လုပ်ဆောင်မှုရဲ့နောက်ကွယ်မှာရှိတဲ့ အတွေးအခေါ်ဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အတွေး ဖြစ်တယ်ဆိုတဲ့အချက်ပါပဲ။ အဲဒီနောက်ကွယ်မှာရှိတဲ့ အတွေးကို ရှာဖွေဖို့ ဖြစ်တယ်လို့ယူဆတဲ့အမှားပါပဲ။ အမှန်ကတော့ သမိုင်းဆရာက စူးစမ်းရှာဖွေရမယ့် အလုပ်ဟာ အဲဒီလုပ်ဆောင်ချက်နောက်ကွယ်မှာ ဘာရှိသလဲဆိုတဲ့ အချက်ပါ။ သူပြောသလို လုပ်ဆောင်သူရဲ့ စိတ်ကူး သို့မဟုတ် ရည်ရွယ်ချက်ကို ရှာဖွေဖို့ မဟုတ်ပါဘူး၊ သူပြောသလိုဆိုရင် မေးခွန်းတခြား အဖြေတခြား ဖြစ်နေပါလိမ့်မယ်။

ဒီနေရာမှာ သမိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ ဆန့်ကျင်သူ သို့မဟုတ် တော်လှန်သူ များအကြောင်းကို ကျွန်တော်နည်းနည်းပြောချင်ပါတယ်။ လူ့အဖွဲ့အစည်းကို ဆန့် ကျင်ခဲ့တဲ့ သို့မဟုတ် တော်လှန်ပုန်ကန်ခဲ့တဲ့ လူပုဂ္ဂိုလ်တစ်ယောက်ကို အာဇာနည် ကြီးတွေသဖွယ် အကူးယ်ချဲ့နေခြင်းဟာ လူပုဂ္ဂိုလ်နဲ့လူ့အဖွဲ့အစည်းကို တခြားစီ ခွဲခြားကြည့်သလို ဖြစ်နေပါတယ်။ အားလုံးသိကြတဲ့အတိုင်း လူ့အဖွဲ့အစည်း တစ်ခု မှာ လူတွေအားလုံးဟာ တစ်ပြေးညီစွာရှိနေကြတာ မဟုတ်ပါဘူး။ လူ့အဖွဲ့ အစည်း ကိုင်းဟာ ပဋိပက္ခတွေနဲ့ပြွမ်းတီးနေတဲ့ နေရာကြီးတစ်ခုပါ။ အုပ်စိုးသူများဟာ လူ့အဖွဲ့ အစည်းရဲ့ ထုတ်ကုန်ပစ္စည်းတွေ ဖြစ်ကြသလို အာဏာကို ဆန့်ကျင်ဖီဆန် သူများ ဟာလဲ လူ့အဖွဲ့အစည်းရဲ့ ထုတ်ကုန်ပစ္စည်းများသာ ဖြစ်ပါတယ်။ ဒုတိယမြောက် ရစ်ချက်ဘုရင်ဟာ ဆယ့်လေးရာစုနှစ် အင်္ဂလန်ပြည်မှာ အားကောင်းတဲ့ လူမှု အင်အားစုများကို ကိုယ်စားပြုသူဖြစ်ပါတယ်။ အလားတူပဲ။ ကက်သရင်း ဘုရင်မကြီး ဟာလဲ ဆယ့်ရှစ်ရာစုနှစ် ရုရှားပြည်မှာ အားကောင်းတဲ့ လူမှုအင်အားစုများကို ကိုယ်စားပြုသူ ဖြစ်ပါတယ်။ ဒီအတိုင်းပဲ သူတို့ခေတ်မှာ ပေါ်ပေါက်ခဲ့ကြတဲ့ အင်္ဂလိပ်သူပုန်ခေါင်းဆောင် **ဝပ်တိုင်လာ**[1] နဲ့ရုရှား မြေကျွန်သူပုန်ကြီးကို ခေါင်းဆောင်ခဲ့ တဲ့ ပူဂါချက်[2] တို့ဟာလဲ သူတို့ခေတ်နဲ့ သူတို့တိုင်းပြည်ကသီးခြားဖြစ်တဲ့ လူမှု အခြေအနေများထဲက ပေါ်ထွက်လာတဲ့ ထုတ်ကုန်ပစ္စည်းများ ဖြစ်ပါတယ်။ ဒါကြောင့် ဝပ်တိုင်လာနဲ့ပူဂါချက်တို့ကို လူ့အဖွဲ့အစည်းကို ဆန့်ကျင်တိုက်ခိုက်တဲ့ လူပုဂ္ဂိုလ်များ အဖြစ်ဖော်ပြရင် မှားပါလိမ့်မယ်။ ဒီလိုသာ လူပုဂ္ဂိုလ်တစ်ဦးချင်းသက်သက်သာဆိုရင်

1. Wat Tyler 2. Puga Chev





သမိုင်းဆရာဟာ သူတို့ကို ကြားတောင် ကြားဖူးစရာအကြောင်း မရှိတော့ပါဘူး။ သူတို့တတွေ သမိုင်းမှာ ထင်ရှားလာခဲ့ခြင်းဟာ သူတို့ရဲ့နောက်လိုက်နောက်ပါများ ကြောင့်သာဖြစ်ပါတယ်။ ကောင်းပြီ။ ဒီထက် နည်းနည်းသိမ်မွေ့တဲ့ အဆင့်မှာရှိတဲ့ တစ်ဦးချင်း ဆန့်ကျင်သူများကို ကြည့်ကြဦးစို့။ သူ့ခေတ်က လူ့အဖွဲ့အစည်းကြီးကို ဆန့်ကျင်တိုက်ခိုက်ရာမှာ ဂျာမန်ဒဿနပညာရှင် **နစ်ရှေး**[1] ဟာထိပ်တန်းကပါခဲ့ပါတယ်။ သို့တိုင်အောင် နစ်ရှေးဟာလဲ အဲဒီခေတ်က ဥရောပ၊ အထူးသဖြင့် ဂျာမန် လူ့အဖွဲ့အစည်းထဲက တိုက်ရိုက်ပေါ်ထွက်လာတဲ့ ထုတ်ကုန်ပစ္စည်းတစ်ခုမျှသာ ဖြစ်ပါတယ်။ တရုတ်ပြည့်လို နေရာမျိုး၊ ပီရူးပြည်လို နေရာမျိုးမှာ မပေါ်ပေါက်နိုင်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။ နစ်ရှေးသေပြီးနောက် မျိုးဆက်တစ်ဆက်လောက်ကျမှသာ လျှင် နစ်ရှေးလို ပုဂ္ဂိုလ်မျိုး၊ နစ်ရှေးလို အယူအဆမျိုး ပေါ်ထွက်စေဖို့အတွက် ဥရောပ အထူးသဖြင့် ဂျာမနီမှာရှိတဲ့ လူမှုအင်အားစုများဟာ ဘယ်လောက်အင်အား တောင့်တင်းတယ်ဆိုတာကို သူနဲ့ခေတ်ပြိုင် ပုဂ္ဂိုလ်များ သဘောပေါက်လာခဲ့ကြ ပါတယ်။ ဒီတော့မှ နစ်ရှေးဟာ သူ့မျိုးဆက်လက်ထက်မှာထက် နောင်မျိုးဆက် လက်ထက်မှာ ကြီးကျယ်တဲ့ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့ပါတယ်။

သမိုင်းမှာ တော်လှန်ဆန့်ကျင်သူရဲ့ အနေအထားဟာ ကြီးမြတ်သူရဲ့အနေအထား မျိုးနဲ့အတူတူပါပဲ။ သမိုင်းကို ကြီးမြတ်သူတွေက ဖန်တီးတယ်ဆိုတဲ့ သမိုင်းအမြင် (တစ်နည်းပြောရရင် မင်းကောင်း မင်းမြတ်ဖြစ်တဲ့ အယ်လီဇဘက်ဘုရင်မကြီး သမိုင်းအမြင်) ဟာ ခေတ်မမီ တော့ပါဘူး။ ဒုတိယ ကမ္ဘာစစ်အပြီးမှာ စာအုပ်တိုက် တစ်တိုက်က အများသုံး သမိုင်းစာအုပ်ကလေးတွေကို ထုတ်ဖို့ သမိုင်းဆရာများကို ဖိတ်ခေါ်ပြီး ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိကို ပြုစုရင်း သမိုင်းသဘောလဲ အကျုံးဝင်အောင် ဆောင်းပါးလေးတွေရေးပေးပါဆိုတော့ သမိုင်းဆရာကြီး ဂျေ၊ ပီ၊ တေလာ[2] က သူ့ရဲ့ဆောင်းပါးတိုကလေး တစ်စောင်မှာ 'နပိုလီယန်၊ ဘစ်စမတ်၊ လီနင် ဆိုတဲ့ ဇရာမ ပုဂ္ဂိုလ်ကြီးသုံးယောက်အကြောင်းကို ရေးလျှင် ဥရောပသမိုင်း ကုန်ပြီလို့ရေးခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့လေးနက်တဲ့ စာတမ်းများမှာတော့ ဒီသဘော မျိုးရေးတာကို တစ်ခါမှ မတွေ့ဖူးသေးပါဘူး။ ကောင်းပြီ။ ဒါဖြင့်ရင် သမိုင်းမှာ ကြီးမြတ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အခန်းကဏ္ဍဟာ ဘာလဲ။ ကြီးမြတ်တဲ့ပုဂ္ဂိုလ် ဆိုတာဟာလဲ တစ်ဦးချင်း ပုဂ္ဂိုလ်မဟုတ်လား။ သူဟာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တဲ့ အတွက် ထင်ရှားတဲ့ လူမှုအခြင်းအရာတစ်ရပ်ပဲမဟုတ်လား။ သူဟာ ကြီးကျယ် ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဆိုရင် ကြီးကျယ်ထင်ရှားတဲ့ လူမှုအခြင်းအရာ တစ်ရပ်ပဲပေါ့။ ဒီထက် ဘာပိုရဦးမှာလဲ။ 'အာဇာနည် ပုဂ္ဂိုလ်ကျော်များနှင့်

1. Nietgache. 2. J.P. Taylor



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်သည့်ခေတ်ကြီး ပေါ်ထွန်းလာရတော့မယ်' လို့ ဂစ်ဘွန်း¹ က ရေးခဲ့ပါတယ်။ ဒါပေမယ့် 'နပိုလီယံဘိုနာပတ်၏ ဒုတိယလ ဆယ့်ရှစ်ရက်' ဆိုတဲ့ ကျမ်းမှာတော့ ကားလ်မတ်က သူနဲ့ပြောင်းပြန်ပြောခဲ့ပါတယ်။ 'ပြင်သစ်ပြည်မှလူတန်းစားစစ်ပွဲသည် သာမန်လူပြိန်းအား သူရဲကောင်းဝတ်စုံကို ဝတ်နိုင်အောင် အခြေအနေများကို ဖန်တီးပေးခဲ့သည်' လို့ဆိုခဲ့ပါတယ်။ တကယ်လို့သာ ဘတ်စမတ်ဟာ ဆယ့်ရှစ်ရာစုမှာမွေးခဲ့တယ်ဆိုရင် (တကယ်တော့ ဒီလိုပြောတာတောင် လွန်လှပြီ၊ ဆယ်ရှစ်ရာစုနှစ်မှာမွေးခဲ့ရင်လည်းဘတ်စမတ်ရယ်လို့ဘယ်ဖြစ်လာပါ့မလဲ) ဂျာမနီပြည်ကြီးကို စည်းရုံးနိုင်ခဲ့မှာ မဟုတ်ဘူး။ သူဟာလဲ ထင်ရှားတဲ့ပုဂ္ဂိုလ်ကျော်ကြီး တစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူး။ ဒါပေမယ့် 'ပုဂ္ဂိုလ်ကျော်တို့မည်သည် အဖြစ်အပျက်တို့ကို နာမည်တပ်ပေးသည့် တံဆိပ်စက္ကူနှင့် အတူတူပင်တကား' လို့တော်စတွိုင်းလိုလည်း ပုဂ္ဂိုလ်ကျော်ရဲ့ အခန်းကဏ္ဍကို လုံးဝပစ်ပယ်ရမယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ တစ်ခါတလေမှာ ပုဂ္ဂိုလ်ကျော်တို့ကို ဆည်းကပ် ကိုးကွယ်မှုဟာ မကောင်းတဲ့ အကျိုးသက်ရောက်မှုတွေကို သက်ရောက်စေခဲ့ပါတယ်။ နစ်ရှေးရဲ့ လူလွန်ပုဂ္ဂိုလ်ကျော်ဟာ တော်တော်စက်ဆုပ်စရာ ကောင်းတဲ့ လူမျိုးဖြစ်ပါတယ်။ လောလောဆယ် ပုဂ္ဂိုလ်ကိုးကွယ်မှုကို ထူထောင်ခဲ့တဲ့ ဟစ်တလာတို့၊ စတာလင်တို့ အကြောင်းကိုတော့ ကျွန်တော်မပြောလို တော့ပါဘူး။ ကျွန်တော်ပြောချင်တာက ပုဂ္ဂိုလ်ကျော်ရဲ့ အခန်းကဏ္ဍကို ပိုလဲမတွက်သင့်ဘူး။ ပုဂ္ဂိုလ်ကျော်ဆိုတဲ့လူတွေဟာ လူဆိုးတွေကြီးပဲလို့လဲ မယူအပ်ဖူးဆိုတဲ့ သဘောကို ပြောချင်တာပါ။ ပုဂ္ဂိုလ်ကျော်ကို သမိုင်းရဲ့အပြင်ဘက်မှာထားပြီး သမိုင်းလမ်းကြောင်း သည်ပင်လျှင် သူပြောင်းလဲလို့ ပြောင်းသွားရတယ်လို့ယူဆတဲ့အမြင်ဟာ မှားတယ်လို့ ပြောချင်တာပါ။ ဒီနေရာမှာတော့ ဟီဂဲရဲ့အဆိုအမိန့်ဟာ စံထားလောက်တဲ့ အဆိုအမိန့် ဖြစ်နေပါသေးတယ်။

သူက . . .

'ခေတ်တစ်ခေတ်၏ ပုဂ္ဂိုလ်ကျော်ဆိုသည်မှာ သူ့ခေတ်၏ဆန္ဒကို ထုတ်ဖော်ပြောဆိုနိုင်သူ၊ သူ့ခေတ်၏ဆန္ဒသည် မည်သို့သောဆန္ဒ ဖြစ်သည်ကို ထုတ်ဖော်ပြောဆိုနိုင်သူ။ ထိုဆန္ဒကို အကောင်အထည်ဖော်နိုင်သူသာ ဖြစ်ပေသည်။ သူ၏အလုပ်တို့သည် သူ့ခေတ်၏စိတ်ဆန္ဒ သူ့ခေတ်၏အနှစ်သာရဖြစ်ပေသည်။ သူသည် သူ့ခေတ်ကြီးကို ကိုယ်စားပြု ရုပ်လုံးဖော်သူ ဖြစ်သည်' လို့သူကရေးခဲ့ပါတယ်။

'စာရေးဆရာ အကျော်အမော်တို့မည်သည် လူတို့၏ အသိဉာဏ်ကို မြှင့်တင်ပေးနိုင်သည့် အတိုင်းအတာအလိုက် ကြီးကျယ်ကြပါပေသည်' လို့ဒေါက်တာလဲဗစ်က ရေးခဲ့တာဟာလဲ ဒီသဘောပါပဲ။ ဒါကြောင့် ပုဂ္ဂိုလ်အကျော်ဆိုတာဟာ တည်ဆဲ

1. Gibbon





အင်အားစုတွေကိုရင်လည်းကိုယ်စားပြုတယ်။ ဒါမှမဟုတ်လဲ တည်ဆဲအင်အားစုတွေကို ဆန့်ကျင်ပြီးသူကိုယ်တိုင် ပါဝင်ဖန်တီးနေတဲ့ အင်အားစုတွေကို ကိုယ်စားပြုနေရတာ ချည်းပါပဲ။ ဒီအထဲမှာ ကရွမ်းဝဲလ်တို့၊ လီနင်တို့လို သူတို့ကို ပုဂ္ဂိုလ်ကျော်အဖြစ် ရောက်အောင် သယ်ဆောင်လာတဲ့အင်အားစုတွေကို ပုံသွင်းဖန်တီးပေးနိုင်တဲ့ ပုဂ္ဂိုလ်မျိုးဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဒီလိုမှမဟုတ်ဘဲ နပိုလီယံတို့၊ ဘတ်စမတ်တို့လို တည်ဆဲအင်အားစုတွေရဲ့ ကျောပေါ်ကိုတက်စီးပြီး၊ သူတို့ကြီးကျယ်အောင်မြင်မှုကို ရအောင် လုပ်သွားတယ် ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်ကျော်မျိုးဟာ အနိမ့်တန်းစား ပုဂ္ဂိုလ်ကျော်လို့ပဲ ခေါ်ရမှာပါပဲ။ ဒီအထဲမှာ ကိုယ့်ခေတ်ကိုကျော်ပြီး နောင်လာနောက်သားတို့ရဲ့ လက်ထက်ကျမှသာ ပုဂ္ဂိုလ်ကျော်အဖြစ် တသသအောက်မေ့သတိရ နေကြရတဲ့ ပုဂ္ဂိုလ်ကျော် မျိုးတွေကိုလည်း ကျွန်တော်တို့မမေ့သင့်ပါဘူး။ ကျွန်တော် အဓိကထားပြီး ပြောချင်တာကတော့ ပုဂ္ဂိုလ်ကျော်ဆိုတာဟာ သမိုင်းဖြစ်စဉ်ရဲ့ ထုတ်ကုန်ပစ္စည်းနဲ့ ကိုယ်စားလှယ်တစ်ဦး ဖြစ်တယ်။ ကမ္ဘာကြီးရဲ့ ပုံပန်းသဏ္ဍာန်နဲ့ လူတွေရဲ့ အတွေးအခေါ်ကို ပြောင်းလဲစေတဲ့ လူမှုအင်အားစုတွေကို ဖန်တီးသူနဲ့သူတို့ရဲ့ ကိုယ်စားလှယ်ဖြစ်တယ်ဆိုတဲ့အချက်ကို ကျွန်တော်ပြောချင်ပါတယ်။

သမိုင်းဆိုတာဟာလဲ လူပုဂ္ဂိုလ်တွေက လူမှုသတ္တဝါများအနေနဲ့ပါဝင်စုပေါင်းနေတဲ့ လူမှုဖြစ်စဉ်တစ်ခုသာ ဖြစ်ပါတယ်။ (စုပေါင်းဖြစ်စဉ်တစ်ခုသာ ဖြစ်ပါတယ်။) သမိုင်းဆိုရာမှာလဲ သမိုင်းဆရာရဲ့ရှုစမ်းမှုနဲ့သူရှုစမ်းနေတဲ့ အချက်အလက်များ နှစ်ခုစလုံးကို ပြောခြင်းဖြစ်ပါတယ်။ လူပုဂ္ဂိုလ်နဲ့လူ့အဖွဲ့အစည်းရယ်လို့ စိတ်ကူးနဲ့မှန်းပြီး ပိုင်းခြားထားခြင်းဟာ ကျွန်တော်တို့အမြင်ကို ရှုပ်ထွေးစေပါတယ်။ သမိုင်းဆရာနဲ့ အချက်အလက်တို့ဆက်သွယ်မှုဟာ (ဒါကို ကျွန်တော်က အတိတ်နဲ့ပစ္စုပ္ပန်တို့ရဲ့နှီးနှောဖလှယ်မှုလို့ခေါ်ချင်ပါတယ်) ဒြပ်မဲ့ ပုဂ္ဂိုလ်နဲ့တစ်သီးတခြားစီဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကြားက နှီးနှောဖလှယ်ပွဲမဟုတ်ပါဘူး။ ဒီနေ့လူ့အဖွဲ့အစည်းနဲ့ မနေ့က လူ့အဖွဲ့အစည်းတို့ကြားက နှီးနှောဖလှယ်မှု ဖြစ်ပါတယ်။ ဘတ်ဟာ့ရဲ့စကားနဲ့ပြောရရင် 'သမိုင်းဆိုတာဟာ ခေတ်တစ်ခေတ်က အခြားခေတ်တစ်ခေတ်မှာ လေ့လာမှတ်သားစရာရှိတာများကို ရေးမှတ်ထားတဲ့မှတ်တမ်းသာ' ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပစ္စုပ္ပန်ရဲ့အလင်းရောင်ထဲမှာ ကြည့်မှသာလျှင် အတိတ်ကို နားလည်နိုင်ပါလိမ့်မယ်။ အလားတူပဲ ပစ္စုပ္ပန်ကိုလဲ အတိတ်ရဲ့အလင်းရောင်ထဲမှာ ကြည့်မှသာလျှင် နားလည်နိုင်ပါလိမ့်မယ်။သမိုင်းရဲ့ အလုပ်တာဝန် နှစ်ခုရှိပါတယ်။ တစ်ခုကတော့ အတိတ်လူ့အဖွဲ့အစည်း အကြောင်းကို နားလည်အောင် လုပ်ဖို့နဲ့ပစ္စုပ္ပန်လူ့အဖွဲ့အစည်းကို ပိုမိုပိုင်နိုင်စွာ နားလည်အောင် လုပ်ဖို့ဖြစ်ပါတယ်။ ဒါဟာ သမိုင်းကလုပ်ရမယ့် အလုပ်နှစ်ခု ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းဟာ သိပ္ပံပညာရပ်လား။ ဝိဇ္ဇာပညာရပ်လား

ကျွန်တော် ခပ်ငယ်ငယ်တုန်းက ဝေလငါးဟာ ငါးတစ်မျိုးပဲလို့ထင်ခဲ့မိတယ်။ ပုံသဏ္ဍာန်အားဖြင့် ငါးနဲ့တူနေတာကို ငါးတစ်မျိုးမဟုတ်ဘူးဆိုတာကို သိရတော့ သိပ်အံ့သြတာပဲ။ ဒါပေမယ့် ခုအသက်ကြီးလာတော့ ဒီလိုအမျိုးအစား သတ်မှတ်တာတွေကို တယ်ပြီးအရေးကြီးတယ်လို့မထင်တော့ဘူး။ သမိုင်းပညာရပ်ဟာ သိပ္ပံပညာရပ်မဟုတ်ဘူးလို့ပြောကြတဲ့အခါမှာ ကျွန်တော့် စိတ်ထဲမှာ ဘယ်လိုမှ မနေတော့ဘူး။ ဝေါဟာရတွေကို အရေးတကြီး ထားတတ်တာဟာလဲ ကျွန်တော်တို့ အင်္ဂလိပ်ဘာသာစကားရဲ့ ပွေလီဆန်းပြားမှုပဲ ထင်ပါရဲ့။ တခြား ဥရောပဘာသာစကားတွေမှာတော့ သိပ္ပံပညာဆိုတဲ့ စကားလုံးထဲမှာ သမိုင်းလည်းအလိုလိုပါပြီးသားဖြစ်နေတယ်။ ဒါပေမယ့် ကျွန်တော်တို့ အင်္ဂလိပ်ဘာသာစကားမှာတော့ ဒီပြဿနာဟာ တော်တော်အငြင်းပွားခဲ့ရတဲ့ ပြဿနာပါပဲ။ ဒီပြဿနာက ပေါ်ထွက်လာတဲ့ အချက်အလက်များဟာ သမိုင်းမှာ နည်းနာပြဿနာတွေရဲ့ ပဏာမနိဒါန်း ဖြစ်လာခဲ့ပါတယ်။

ဆယ့်ရှစ်ရာစုနှစ်အကုန်မှာ ကမ္ဘာလောကကြီးနဲ့ပတ်သက်တဲ့ အသိပညာ၊ လူရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းနဲ့ပတ်သက်တဲ့အသိပညာတွေ ကြွယ်ဝလာအောင် သိပ္ပံပညာက ဖြည့်ဆည်းပေးခဲ့တယ်။ ဒါဖြင့်ရင် သိပ္ပံပညာဟာ လူ့အဖွဲ့အစည်းကြီးနဲ့ပတ်သက်တဲ့ အသိပညာတွေကိုကော ဖြည့်ဆည်းတိုးပွားလာအောင် မလုပ်နိုင်ပေဘူးလားလို့ မေးစရာဖြစ်လာတယ်။ သမိုင်းအပါအဝင် လူမှုသိပ္ပံပညာရပ်များနဲ့ပတ်သက်တဲ့ အယူအဆတွေဟာ ဆယ့်ကိုးရာစုနှစ်ထဲမှာ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက် လာခဲ့ကြတယ်။ သဘာဝလောကကြီးကို လေ့လာတဲ့နေရာမှာ သိပ္ပံပညာက အသုံးပြုခဲ့တဲ့ နည်းနာတွေကို လူမှုကိစ္စတွေကို လေ့လာရာမှာ အသုံးချကြည့်ခဲ့ကြတယ်။ ဆယ့်ကိုးရာစုနှစ် ပထမပိုင်းမှာ နယူတန်ရဲ့ အစဉ်အလာအတိုင်း၊ သူ့ရဲ့နည်းနာတွေကို

www.burmeseclassic.com

ကျင်သုံးကြည့်ခဲ့တယ်။ သဘာဝလောကကြီးလိုပဲ လူ့အဖွဲ့အစည်းဟာလည်း စက်ယန္တရားကြီးတစ်ခုလို့မြင်ခဲ့ကြတယ်။ ဟားဗတ်စပင်ဆာရေးတဲ့ 'ဆိုရှယ်စတက်တစ်'[1] ဆိုတဲ့ ကျမ်းရဲ့ နာမည်ကို ခုထိ သတိရနေကြတုန်းပဲ မဟုတ်လား။

ဒီအစဉ်အလာအတိုင်း ကြီးပြင်း လူလားမြောက်လာခဲ့ရတဲ့ ဘာထရန်းရပ်ဆဲ[2] ဟာ တစ်နေ့ကျလျှင် 'စက်ယန္တားရားရဲ့ သင်္ချာဗေဒလို တိကျတဲ့ လူ့အပြုအမူ သင်္ချာဗေဒ ပညာရပ်ကြီးတစ်ခု' ပေါ်လာလိမ့်လို့အဲဒီတုန်းက သူမျှော်လင့်ဖူးတယ်လို့တောင် ရေးခဲ့ဖူးသေးတယ် မဟုတ်လား။ ဒီနောက်မှာ ဒါဝင်[3] က သိပ္ပံပညာတော်လှန်ရေး တစ်ခုကို လုပ်ခဲ့တယ်။ နောက်တော့လူမှုသိပ္ပံပညာရှင်များဟာ ဇီဝဗေဒက နမူနာယူပြီး လူ့အဖွဲ့အစည်းကြီး ကို သက်ရှိရုပ်တစ်ခုအနေနဲ့တောင် ကြည့်ခဲ့ကြသေးတယ် မဟုတ်လား။ ဒါဝင်ရဲ့ တော်လှန်ရေးမှာ အရေးကြီးဆုံး အချက်ကတော့ ဘူမိဗေဒမှာ လိုင်ယယ်[4] လုပ်ခဲ့တာကို သူကပြီးအောင် ဆက်လုပ်ခဲ့ပြီး သမိုင်းကို သိပ္ပံပညာရပ်ထဲ သွတ်သွင်းလိုက်တဲ့အချက်ပါပဲ။ သိပ္ပံပညာဟာ တည်မြဲနေတဲ့အရာ၊ အချိန်ကာလကန့်သတ်ချက်ကို လွန်မြောက်နေတဲ့အရာလို့ မယူဆကြတော့ဘဲ အမြဲပြောင်းလဲနေတဲ့ အရာများ ဖြစ်ပေါ်တိုးတက် နေတဲ့အရာများနဲ့သက်ဆိုင်တဲ့ ပညာရပ်တစ်ရပ်လို့ ယူဆလာခဲ့ကြတယ်။

သိပ္ပံပညာရဲ့ ဆင့်ကဲပြောင်းလဲ ဖြစ်ပေါ်မှုအစဉ်ရှိသလို သမိုင်းမှာလည်း တိုးတက်မှုအစဉ်ရှိတယ်။ ဒါပေမယ့် ဘယ်အရာတွေဘယ်လိုပဲ ပြောင်းပြောင်း သမိုင်းရဲ့ နည်းနာနဲ့ပတ်သက်တဲ့ အမြင်ကတော့ မပြောင်းပါဘူး။ ဒီ သမိုင်းရဲ့နည်းနာနဲ့ ပတ်သက်တဲ့ အမြင်ကို တစ်နေရာမှာ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ အချက်အလက်တွေကို ပထမစု၊ နောက်ကျမှ အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့နည်းပါ။ သိပ္ပံပညာနည်းနာတွေဟာလဲ ဒီအတိုင်းပဲလို့ယူဆခဲ့ကြပါတယ်။ ၁၉၃၀ ခုနှစ်မှာ ပြောတဲ့ သူ့ရဲ့အဖွင့်မိန့်ခွန်းတစ်ခုရဲ့ နိဂုံးချုပ်မှာ ဘယ်ရီက 'သမိုင်းဟာ သိပ္ပံပညာရပ်တစ်ခုဖြစ်တယ်။ ပိုလည်းမပိုဘူး၊ လျော့လည်းမလျော့ဘူး' လို့ပြောခဲ့ဖူးပါတယ်။ ဒီစကားကို ထောက်လျှင် သိပ္ပံပညာနဲ့ သမိုင်းဟာ နည်းနာမှာ အတူတူ ဖြစ်တယ်။ သမိုင်းဟာ သိပ္ပံပညာရပ် တစ်ခုဖြစ်တယ် ဆိုတဲ့ အချက်ကို ဘယ်ရီလက်ခံခဲ့ကြောင်းထင်ရှားပါတယ်။ ဒါပေမယ့် ဒီမိန့်ခွန်းကို ဘယ်ရီပြောပြီးလို့နှစ်ပေါင်းငါးဆယ်ကြာတဲ့ အခါမှာတော့ သမိုင်းနဲ့ ပတ်သက်တဲ့ ဒီအမြင်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်လာခဲ့ ကြတာကို တွေ့ရပါတယ်။ ကိုလင်းဝုဒ် ဟာ သိပ္ပံပညာက စူးစမ်းရာနယ်မြေဖြစ်တဲ့ သဘာဝလောကကြီးနဲ့ သမိုင်းလောကကြီး ကိုတခြားစီ သီးသန့်ခွဲထားခဲ့ပါတယ်။ အဲဒီအချိန်ကျတော့ ဘယ်ရီရဲ့စကားကိုလည်း ရယ်စရာပြက်လုံးတစ်ခုလောက်သာ သဘောထားလာခဲ့ကြပါတယ်။ ဒါပေမယ့် သိပ္ပံ

1. Social Static. 2. Bertrand Russell. 3. Darwin. 4. Lyell





ပညာဟာလည်း အကြီးအကျယ် ပြောင်းလဲနေတယ်ဆိုတဲ့ အချက်ကို သမိုင်းဆရာတွေ မေ့နေကြတယ်။ လိုင်ယယ်က ဘူမိဗေဒနဲ့ပတ်သက်လို့တွေ့ရှိခဲ့တာ၊ ဒါဝင်က ဇီဝဗေဒနဲ့ ပတ်သက်လို့တွေ့ရှိခဲ့တာတွေကြောင့် ခုကျွန်တော်တို့ မှီတင်းနေထိုင်ရာ စကြဝဠာကြီးကို လေ့လာတဲ့ သိပ္ပံပညာရပ် ဖြစ်တဲ့ နက္ခတ္တဗေဒ ပညာရပ် ပေါ်လာခဲ့ပြီမဟုတ်လား။ ခေတ်သစ်ရူပဗေဒ ပညာရှင်တွေ ကိုယ်တိုင်က သူတို့လေ့လာစူးစမ်းနေတဲ့အရာတွေဟာ အချက်အလက်တွေမဟုတ်ဘဲ အဖြစ်အပျက် တွေသာ ဖြစ်တယ်လို့ပြောနေကြပြီ မဟုတ်လား။ ဒါကြောင့် ဒီနေ့မှာဆိုရင်သမိုင်းဆရာဟာ လွန်ခဲ့တဲ့နှစ်တစ်ရာလောက်ကလို မဟုတ်တော့ဘဲ သိပ္ပံပညာလောကထဲမှာ ဝင်ဆံ့နေနိုင်ပါပြီ။

သမိုင်းဟာ သိပ္ပံပညာတစ်ရပ်ဖြစ်တယ်ဆိုတာကို ထင်ရှားအောင် **လော**[1] ဆိုတဲ့ ဥပဒေသတွေနဲ့ပတ်သက်တဲ့ အယူအဆတစ်ခုကို ဥပမာပြပြီး ပြောပါမယ်။ ဆယ့်ရှစ်ရာစုနဲ့ဆယ့်ကိုးရာစု တစ်လျှောက်လုံးမှာ သိပ္ပံပညာရှင်တွေဟာ လော ဆိုတဲ့ဥပဒေသ အထူးသဖြင့် သဘာဝလောကကြီးရဲ့ ဥပဒေသ(နိယာမ) တွေ အကြောင်းကို မကြာခဏ ပြောလေ့ရှိကြတယ်။ နယူတန်ရဲ့ ရွေ့လျားမှု ဥပဒေသတဲ့။ ဆွဲငင်မှု ဥပဒေသတဲ့။ ဘွိုင်းရဲ့ ဥပဒေသတဲ့။ ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်ဥပဒေသတဲ့။ စုံလို့ပါပဲ။ အချက်အလက်တွေကို တွေ့ရှိပြီးပြီ။ စမ်းသပ်ကြည့်ပြီးပြီ။ မှန်ကြောင်း သက်သေထုတ်ပြီးပြီ။ သိပ္ပံပညာရှင် အများအပြားဟာ အချက်အလက်တွေကိုရှာ၊ အဲဒါတွေကနေ ဥပဒေသတွေ ထုတ်ခဲ့ ကြတယ်။ ဂယ်လီလီယိုနဲ့နယူတန်ကနေ ဒီနေ့ ခေတ်အထိ သူတို့တွေ့ရှိချက်တွေ၊ သက်သေထုတ်ချက်တွေကနေပြီး ဥပဒေသတွေလို့ သတ်မှတ်ခဲ့ကြတယ်။ အလားတူပဲ လူ့အဖွဲ့အစည်းကို လေ့လာနေတဲ့ ပညာရှင်တွေဟာလည်း (သိသည်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ) သူတို့တွေ့ရှိချက်တွေ၊ သူတို့စမ်းသပ် အတည်ပြုချက်တွေကို သိပ္ပံပညာ အဆင့်မှာ ထားချင်ကြတယ်။ ဒါကြောင့် ဒီစကားလုံး၊ ဒီဝေါဟာရကိုပဲသုံးပြီး သူတို့လဲ အဲဒီ သိပ္ပံပညာရှင်တွေရဲ့ လုပ်ထုံးအတိုင်း လုပ်နေကြတယ်လို့ယူဆကြတယ်။ ဒီနေရာမှာ နိုင်ငံရေး ဘောဂဗေဒပညာရှင်တွေက ပထမဆုံးစပြီး သူတို့ကိုယ်ကိုသူတို့သိပ္ပံပညာရှင် အဆင့်အတန်းမှာ သတ်မှတ်ခဲ့ကြတယ်လို့ပဲ ပြောရမယ်။ **ဂရက်ရှမ်ရဲ့ ဥပဒေသ**[2]၊ **အဒမ်စမစ်ရဲ့ ဈေးကွက်ဥပဒေသ**[3] ဆိုပြီး စသုံးခဲ့ကြတယ်။ **အက်ဒမန်ဘာ့က်**[4] က 'ကုန်စည်ကူးသန်းရောင်းဝယ်ရေးဥပဒေသများသည် သဘာဝလောကကြီး၏ ဥပဒေသများဖြစ်တဲ့အတွက် ထာဝရဘုရားသခင်၏ ဥပဒေသများလည်း ဖြစ်ပေ၏' လို့ရေးခဲ့တယ်။ **မဲလ်သတ်စ်**[5] ကသူ့ရဲ့ လူဦးရေနဲ့ပတ်သက်တဲ့ အယူအဆကို **လူဦးရေ ဥပဒေသ**[6] လို့ခေါ်ခဲ့တယ်။ **လာဆေး**[7] က သူ့လုပ်ခ အယူအဆကို **လုပ်ခသံမဏိ ဥပဒေသ**[8]

1. Law. 2. Gresham's Law. 3.Adam Smith's law of market. 4.Edmund Burke
5. Malthus. 6. law of population. 7. Lasalle. 8. Iron law of wages

www.burmeseclassic.com



လို့ခေါ်ခဲ့တယ်။ ကားလ်မတ်က **'ခေတ်သစ်လူ့အဖွဲ့အစည်းရဲ့ စီးပွားရေးဆိုင်ရာ ရွေ့လျားမှု ဥပဒေသများ'**[1] ကို ရှာဖွေတွေ့ခဲ့ပြီလို့သူ့ရဲ့ 'အရင်းကျမ်း' နိဒါန်းမှာရေးခဲ့တယ်။ 'လူမှုကိစ္စများရဲ့ လမ်းကြောင်းဟာ ဖောက်ပြန်သွေဖယ်ခြင်းမရှိသော စည်းချက်ညီ သဘောတရား(ဥပဒေသ) အတိုင်း ဖြစ်ပေါ်နေသည်' လို့သူ့ရဲ့ **'ယဉ်ကျေးမှု သမိုင်းကျမ်းကြီး'**[2] မှာ **ဘတ်ကယ်**[3] က ရေးခဲ့ပါတယ်။ ဒီနေ့ဆိုရင် လူမှုသိပ္ပံပညာရပ်တွေမှာ 'ဥပဒေသ' ဆိုတဲ့ ဝေါဟာရဟာ တော်တော်လေးကို တွင်ကျယ်ပြီး အနည်ထိုင်နေပါပြီ။ ဘယ်ရီက သူ့မိန့်ခွန်းကို မပြောခင်ကလေးမှာပဲ ပြင်သစ်သင်္ချာပညာရှင် **ပွန်ကာရေး**[4] က La Science et 1 hypothesis ဆိုတဲ့ ကျမ်းငယ်တစ်စောင်ကို ရေးခဲ့ပါသေးတယ်။ အဲဒီကျမ်းငယ်မှာ ပွန်ကာရေးက သိပ္ပံ နည်းကျ တွေးခေါ်မှု တော်လှန်ရေးတစ်ရပ်ကို အစပြုလိုက်ပါတယ်။ အဲဒီ ကျမ်းငယ်မှာ သူ့ရဲ့ အဓိကအာဘော်ကတော့ သိပ္ပံပညာရှင်များကချမှတ်လိုက်တဲ့ ယေဘူယျ မူလ အဆိုပြုချက်များဟာ အနုမာန မှန်းဆချက်များသာ ဖြစ်သေးတယ်။ နောင်မှာ ဒီမှန်းဆချက်တွေကို ကြည်လင်အောင်လုပ်ရဦးမယ်၊ ဆက်လက်ကြံဆရဦးမယ်၊ အတည်ပြုရဦးမယ်၊ ပြောင်းလဲတန်ပြောင်းလဲရဦးမယ်၊ လိုအပ်ရင် ပယ်ဖျက်တန် ပယ်ဖျက်ရဦးမယ် လို့ဆိုတဲ့သဘောပါပဲ။ ခုတော့ ပွန်ကာရေးရဲ့ အယူအဆကို အားလုံးလက်ခံထားကြပါပြီ။ ဒါကြောင့် ဒီနေ့သိပ္ပံပညာရှင်များနဲ့လူမှုသိပ္ပံပညာရှင်များဟာ 'ဥပဒေသ' တွေအကြောင်းကို ပြောတဲ့နေရာမှာ ဆယ့်ရှစ်ရာစုနဲ့ ဆယ့်ကိုးရာစုနှစ်က ပညာရှင်တွေပြောသလို 'ဥပဒေသ' လို့ဆိုလိုက်ရင် အမြဲတမ်း မှန်နေရမယ်၊ အားလုံးမှန်နေရမယ်လို့မယူဆကြတော့ပါဘူး။ သိပ္ပံပညာရှင်များဟာ တွေ့ရှိချက်တွေကို ရကြတယ်။ အဲဒီတွေ့ရှိချက်တွေကြောင့် အသိပညာအသစ်တွေ တိုးလာတယ်။ နောက်တစ်ဆင့် ရှုးစမ်းလေ့လာနိုင်ဖို့အတွက် အနုမာန မှန်းချက်တွေ လုပ်ကြတယ်။ ဒီနည်းအားဖြင့် သိပ္ပံပညာရပ်မှာ အသစ်တွေတိုးလာခဲ့ခြင်း ဖြစ်ပါတယ်။ ဥပဒေသတွေကို ထူထောင်ပြီးရရှိခဲ့ကြတာ မဟုတ်ပါဘူး။ သိပ္ပံနည်းကျ နည်းနာနဲ့ ပတ်သက်လို့ရေးထားတဲ့ အမေရိကန် ဒဿနဆရာနှစ်ဦးရဲ့ စံထားရတဲ့ ကျောင်းသုံးစာအုပ်တစ်အုပ်မှာ သိပ္ပံပညာရဲ့ နည်းနာဟာ 'အခြေခံအားဖြင့် စက်ဝိုင်းသဏ္ဌာန်ရှိ' လို့ရေးထားပါတယ်။

'အတွေ့အကြုံမှ ရရှိသော ပစ္စည်းများ၊ အချက်အလက်ဟုဆိုနိုင်သောအရာများမှနေ၍ ကျွန်ုပ်တို့သည် အခြေခံသဘောတရားကို ထူထောင်ရန် သက်သေခံအထောက်အထားများရရှိ၏။ ကျွန်ုပ်တို့သည် အခြေခံသဘောတရားကို အခြေတည်၍ အတွေ့အကြုံ ပစ္စည်းများကို ရွေးချယ်၏၊ ခွဲခြမ်းစိတ်ဖြာကြည့်၏။ အနက်အဓိပ္ပာယ်

1. Economic laws of motion. 2.History of Cililization. 3.Buckle. 4.Poncare





ပြန်ကြည့်၏' လို့သူတို့ကရေးထားပါတယ်။ သဘောကတော့ အတွေ့အကြုံကိုမှီပြီး သဘောတရားကို ထူထောင်တယ်၊ သဘောတရားကို အခြေခံပြီး အတွေ့အကြုံတွေကို ခွဲခြမ်းစိတ်ဖြာကြည့်တယ်လို့ပြောတာပါ။

ဒီနေရာမှာ ကျွန်တော်ကတော့ 'စက်ဝိုင်းသဏ္ဌာန်' လို့ဆိုတဲ့ စကားလုံးထက် 'အညှိမညှိ၊ အပြန်အလှန်' ဆိုတဲ့ စကားလုံးကို ပိုပြီး သဘောကျပါတယ်။ စက်ဝိုင်းသဏ္ဌာန်ဆိုလို့ရှိရင် တစ်နေရာတည်းမှာ ထပ်ပြန်တလဲလဲ ဖြစ်နေရမှာပေါ့။ ခုတော့ ဒီလို မဟုတ်ဘူး။ အတွေ့အကြုံနဲ့ မူ၊ လက်တွေ့နဲ့သဘောတရားတို့ အပြန်အလှန် အကျိုးပြုတဲ့ ဖြစ်စဉ်ကြောင့် ကျွန်တော်တို့ဟာ သည့်ထက်သည် တိုးတက်တဲ့၊ သည့်ထက်သည် ဆန်းသစ်တဲ့၊ သည့်ထက်သည် ရှေ့ရောက်တဲ့ တွေ့ရှိချက်တွေကို ရနေကြတယ် မဟုတ်လား။ တွေးခေါ်မှုတိုင်းဟာ မှန်းဆချက်တွေကို အခြေခံရတယ်။ အဲဒီ တွေးခေါ်မှုကနေပြီး အချက်အလက်တွေ၊ အတွေ့အကြုံတွေကို တစ်ဖန် ပြန်ဆန်းစစ်ရတယ်။ ပြင်ဆင်ပြောင်းလဲရတယ်။ ဒါဟာ သိပ္ပံနည်းကျ တွေးခေါ်မှုပါပဲ။ တချို့သော မှန်းဆချက်များဟာ တချို့အကြောင်း အရာ၊ တချို့နေရာများမှာ မှန်ကောင်းမှန်ပေမယ့် တချို့နေရာများမှာ မှားနေတတ်တယ်။ ဒီတော့ ဒီမှန်းဆချက်တွေဟာ နောက်ထပ် သိမြင်မှုတစ်ခုခုကို ပေးနိုင်သလား၊ ကျွန်တော်တို့ရဲ့ အသိဉာဏ်ပညာကို တိုးတက်စေသလားဆိုတာကို စမ်းသပ် စစ်ဆေးကြည့်ရလိမ့်မယ်။ အဏုမြူကို ရှာဖွေတွေ့ရှိတဲ့ **ရူသာဖို့**[1] ရဲ့ နည်းလမ်းတွေကို သူ့ရဲ့ထင်ရှားတဲ့ တပည့်တစ်ဦးနဲ့လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်တဲ့ ဆာချားလ်စလစ်က ဒီလိုရေးသားထားပါတယ်။

'သူ(ရူသာဖို့)သည် နျူးကလီးယားဒြပ်စင်များ အလုပ်မည်သို့လုပ်ကြသည်ကို သိရန် ဆန္ဒပြင်းပြလျက်ရှိ၏။ သူသိလိုပုံမှာ မီးဖိုထဲတွင် ဘာဖြစ်နေသည်ကို သလိုသည့်လူတစ်ယောက် သိလိုပုံမျိုးဖြစ်၏။ အခြေခံဥပဒေသများကို အသုံးပြုကာ ရေးအစဉ်အလာ သဘောတရားနဲ့ယှဉ်၍ သိလိုပုံမျိုးဖြစ်သည်ဟု ကျွန်ုပ်မထင်ချေ။ ရူသာဖို့သည် မည်သို့ဖြစ်နေသည်ကို သိနေရလျှင် ကျေနပ်နေလေပြီ' လို့ရေးခဲ့ပါတယ်။

ဒီဖော်ပြချက်ဟာ ကျွန်တော်တို့သမိုင်းဆရာတွေနဲ့လည်း အလောတော် ဖြစ်နေပါတယ်။ အခြေခံဥပဒေသတွေကို ရှာဖွေခြင်းမပြုတော့ဘဲ အရာဝတ္ထုတွေ ဘယ်လို အလုပ်လုပ်ကြသလဲ ဆိုတာကို ရှုးစမ်းလေ့လာရုံနဲ့ကျေနပ်နေတဲ့ သမိုင်းဆရာအတွက်လဲ ဒီဖော်ပြချက်ဟာ ကိုက်ညီနေပါတယ်။ မိမိရဲ့ ရှုးစမ်းလေ့လာမှု ဖြစ်စဉ်မှာ အသုံးပြုတဲ့ သမိုင်းဆရာရဲ့အနုမာန မှန်းဆချက်အဆင့်အတန်းဟာ သိပ္ပံပညာရှင်က အသုံးပြုတဲ့ မှန်းဆချက်နဲ့သဘောအတူတူပဲဖြစ်နေတယ်လို့ကျွန်တော်ထင်ပါတယ်။ ဥပမာအားဖြင့် ပရိုတက်စတင့် ဘာသာနဲ့အရင်းရှင်စနစ်တို့ဆက်သွယ်ပုံကို

1.Rutherford

www.burmeseclassic.com

ခွဲခြမ်းစိတ်ဖြာပြတဲ့ မက်စ်ဝက်ဘာ[1] ရဲ့ စစ်တမ်းကိုပဲကြည့်ပါ။ အလျင်ခေတ်တွေတုန်းကတော့ ဒီလို စစ်တမ်းမျိုးကို ကြည့်ပြီး ဒါဟာ သမိုင်းဥပဒေသတစ်ရပ်ပဲလို့ ပြောချင်ပြောကြမှာပဲ။ ဒါပေမယ့် ဒီနေ့ခေတ်မှာတော့ ဥပဒေသတစ်ခုရယ်လို့ မပြောကြတော့ပါဘူး။ ဒီစစ်တမ်းဟာ ပရိုတက်စတင့်ဘာသာနဲ့ အရင်းရှင်စနစ် ဖြစ်ပေါ်လာပုံတို့နဲ့ပတ်သက်လို့ ကျွန်တော်တို့အသိအမြင်ကို အများကြီးကျယ်လာစေတဲ့ မှန်းဆချက်တစ်ရပ်ပါပဲ။ ဒါမှမဟုတ်သေးရင်လဲ ကားလ်မတ်ရဲ့ စာပိုဒ်ကလေးတစ်ပိုဒ်ကို ဥပမာ အဖြစ်ကြည့်နိုင်ပါသေးတယ်။ 'လက်လှည့်စက်သည် ပဒေသရာဇ် အရှင်သခင် ဦးစီးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို မွေးထုတ်ပေးလိုက်၏။ ရေနွေးငွေ့စက်သည် စက်မှုအရင်းရှင်ဦးစီးသည့် လူ့အဖွဲ့အစည်းကို မွေးထုတ်ပေးလိုက်၏' လို့ သူက ရေးခဲ့ပါတယ်။ မတ်ကတော့ သူ့အဆိုဟာ ဥပဒေသတစ်ရပ်လို့ ပြောချင်ပြောပါလိမ့်မယ်။ ဒါပေမယ့် ခုခေတ် ဝေါဟာရနဲ့ပြောရရင်တော့ ဒါဟာ ဥပဒေသတစ်ခု မဟုတ်ပါဘူး။ အနုမာန မှန်းဆချက်တစ်ခုပါပဲ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီ အနုမာန မှန်းဆချက်ဟာ နောက်ထပ် စူးစမ်းလေ့လာမှုတွေကို ပြုလုပ်ဖို့လမ်းပြတဲ့ လမ်းညွှန်တစ်ရပ်၊ နောက်ထပ်သိနားလည်ရေးအတွက် ညွှန်ပြလိုက်တဲ့ လမ်းညွှန်တစ်ရပ် ဆိုတာကတော့ ဘာမှသံသယဖြစ်စရာ မလိုပါဘူး။ ဒီလို အနုမာန မှန်းဆချက်များဟာ ပစ်ပယ်လို့မရတဲ့ တွေးခေါ်မှု လက်နက်ကိရိယာတွေပါပဲ။ ၁၉၀၀ခုနှစ်များ တစ်ဝိုက်တုန်းက ထင်ရှားခဲ့တဲ့ ဂျာမန်ဘောဂဗေဒပညာရှင် ဝါနာဆွမ်းဘတ်[2] က မတ်ဝါဒကိုစွန့်ပစ်ခဲ့သူတွေ ကြုံတွေ့နေရတဲ့ 'စိတ်နောက်ကျိရှုပ်ထွေးမှု' ကို ဒီလို ဖွင့်ဟဝန်ခံ ရေးသားထားပါတယ်။

'ရှုပ်ထွေးသောခေတ်တွင် ကျွန်တော်တို့အား ရှေ့ဆောင်လမ်းညွှန်ခဲ့သည့် လွယ်ကူသော ဖော်မြူလာများ ပျောက်ဆုံးသွားသည့်အခါတွင် ကျွန်တော်တို့သည် အချက်အလက်တည်းဟူသော ပင်လယ်ကြီးထဲတွင် ရေနစ်သူလို ဖြစ်နေကြသည်' လို့ ရေးခဲ့ပါတယ်။

ခုခေတ်မှာ သမိုင်းကို ခေတ်ကာလပိုင်းခြားတာနဲ့ပတ်သက်ပြီး ပိုင်းခြားဖို့ သင့်မသင့် အငြင်းပွားနေတာတွေရှိနေပါတယ်။ ဒီအငြင်းပွားမှုဟာ ခု ကျွန်တော်ပြောနေတဲ့ အမျိုးအစားထဲမှာ အကျုံးဝင်နေပါတယ်။ သမိုင်းကို ခေတ်ကာလအဖြစ် ပိုင်းခြားခြင်းဟာ အချက်အလက် မဟုတ်ပါဘူး။ လိုအပ်တဲ့ အနုမာန မှန်းဆချက် တစ်ရပ်သာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် တွေးခေါ်မှုရဲ့လက်နက် ကိရိယာ တစ်ခုမျှသာ ဖြစ်ပါတယ်။ ပိုင်းခြားပုံကောင်းရင်၊ ထူးခြားရင် မှန်တယ်လို့ ထင်ရတယ်။ အနက်ဖွင့်ပုံနိုင်မှာရင် မှန်တယ်လို့ထင်ရတယ်။ အလယ်ခေတ်ဟာ ဘယ်အချိန် လောက်မှာ အဆုံးသတ်သွားသလဲလို့ကွဲပြားနေတဲ့ သမိုင်းဆရာများဟာ အဖြစ်အပျက်

1.Max Weber. 2. Werner Somburt





တချို့ကို အနက်ကောက်ရာမှာ ကွဲပြားနေကြတယ်။ ဒီလို အနက် ကောက်ရာမှာ ကွဲပြားနေကြတဲ့အတွက် အလယ်ခေတ်ကြီးဟာ ဘယ်အချိန်မှာ အဆုံးသတ်သွားသလဲဆိုတဲ့ကိစ္စမှာလဲကွဲပြားနေကြခြင်း ဖြစ်တယ်။ ဒီပြဿနာဟာ အချက်အလက် ပြဿနာ မဟုတ်ဘူး။ ဒါပေမယ့် အဓိပ္ပာယ်မရှိဘူးလို့မပြောနိုင်ဘူး။ သမိုင်းကို ပထဝီဝင်ဒေသတွေနဲ့ ပိုင်းခြားတာဟာလဲ အချက်အလက်မဟုတ်ဘူး။ အနုမာန မှန်းဆချက်သာ ဖြစ်တယ်။ ဥရောပ သမိုင်းလို့ပြောလိုက်တာဟာ တချို့ ကိစ္စတွေမှာ နိုင်လုံကောင်း နိုင်လုံမယ်။ မှန်ကောင်း မှန်မယ်။ ဒါပေမယ့် တချို့ ကိစ္စတွေမှာ ဒီလို ပြောလို့မရပြန်ဘူး။ မှားချင် မှားနေတတ်တယ်။ သမိုင်းဆရာ တော်တော် များများက ရုရှားဟာ ဥရောပတိုက်ရဲ့ တစ်စိတ်တစ်ဒေသလို့ ယူဆနေကြတယ်။ တချို့သမိုင်းဆရာများကတော့ ဒီအချက်ကို အကြောက်အကန်ငြင်းနေကြတယ်။ သမိုင်းဆရာ တစ်ယောက် ဘယ်ဘက်ကို လိုက်သလဲ မလိုက်ဘူးလဲဆိုတဲ့ အချက်ဟာ သူစစ်တမ်း ထုတ်တင်ပြထားတဲ့ အနုမာနမှန်းဆချက်ကို ကြည့်ရင် အလွယ်နဲ့ သိနိုင်တယ်။ ဒီနေရာမှာ လူမှုသိပ္ပံပညာဆိုင်ရာ နည်းနာနဲ့ပတ်သက်တဲ့ ယေဘုယျ အဆိုတစ်ခုကို ကျွန်တော် တင်ပြချင်တယ်၊ ဒီအဆိုပြုသူကတော့ သူကိုယ် တိုင် ရူပဗေဒပညာရှင် တစ်ဦးဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ လူမှုသိပ္ပံပညာရှင်တစ်ဦး ဖြစ်လာခဲ့တဲ့ **ဂျော့ဆိုရယ်**[1] ရဲ့ အဆိုအမိန့်ပါ။ သူဟာ အင်ဂျင်နီယာတစ်ယောက်ဖြစ်ခဲ့ပြီး အသက်လေးဆယ်တွင်း ရောက်တဲ့အခါ ကျတော့ လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ ပြဿနာများအကြောင်းကို ကျွမ်းပြုစု ခဲ့ပါတယ်။ အခြေအနေတစ်ခုမှာ အရှိသော အစိတ်အပိုင်းများကို ခွဲထုတ်ပစ်ဖို့ လိုကြောင်းကို သူကအလေးအနက်ဖော်ပြခဲ့ပါတယ်။

'ကျွမ်းပြုသူတစ်ယောက်သည် မိမိလမ်းကိုရှာဖွေ၍ သွားသင့်လေသည်။ ဖြစ်နိုင်ဘွယ်လည်းရှိ၊ တစ်စိတ်တစ်ဒေသသာ ဖြစ်သော အနုမာန မှန်းဆချက်ကို တင်ပြသင့်သည်။ ယာယီထင်ကြေးများဖြင့်သာ ကျေနပ်သင့်ပေသည်။ ယင်းတို့ကို နောက်ထပ် တည့်မတ်ပြင်ဆင်ရန် ချန်ထားခဲ့ရမည် ဖြစ်ပေသည်' လို့သူက ရေးထားပါတယ်။

ဒီအဆိုဟာ နိုင်လုံပြီး ပြည့်စုံတဲ့အထောက်အထား အချက်အလက်တွေ ရနိုင်ရမယ်။ ဒီနည်းအားဖြင့် အငြင်းပွားမှုများအားလုံးကို ဖြေရှင်းပေးနိုင်တဲ့ ပြည့်စုံ နိုင်လုံပြီး နောက်ထပ်ဖြည့်စွက်စရာမလိုတော့တဲ့ ကျမ်းကြီးတွေကိုပြုစုရမယ်လို့ ပြောခဲ့တဲ့ အက်တန်တို့လို သမိုင်းဆရာတွေ၊ သိပ္ပံပညာရှင်တွေရဲ့ အဆိုအမိန့်တွေနဲ့တော့ တခြားစီပါပဲ။ ဒီနေ့ခေတ်မှာ သိပ္ပံပညာရှင်များနဲ့သမိုင်းပညာရှင်များ အားလုံးဟာ ရနိုင်တဲ့ အချက်အလက်ကနေပြီး အနုမာန မှန်းဆချက် ထုတ်မယ်။ နောက်မှရသမျှကို ဆက်လက်ပြီးတင်ပြမယ်။ မိမိတို့အနက်ဖွင့်ချက်များမှတစ်ဆင့် အရှိသော

1. George Sorel



www.burmeseclassic.com

www.burmeseclassic.com

အချက်အလက်များကို ခွဲထုတ် ဖယ်ထားပစ်ခဲ့မယ်။ မိမိတို့ရဲ့ အနက်ဖွင့်ချက်များကို အချက်အလက်များနဲ့စမ်းသပ်စစ်ဆေးကြည့်မယ်လို့ယူဆနေကြပါပြီ။ ကျွန်တော့်ရဲ့ အလျင်ဟောပြောချက်တွေတုန်းက ပါမောက္ခ ဘာရာကလောရဲ့ စကားတစ်ရပ်ကို ကျွန်တော်ကိုးကားခဲ့ပါတယ်။ သူက 'သမိုင်းဆိုတာဟာ အချက်အလက်တွေကို ဖော်ပြနေတာ မဟုတ်ဘူး။ လက်ခံထားတဲ့ အကဲဖြတ်ချက်တွေကို ဖော်ပြတာဖြစ်တယ်' လို့ပြောခဲ့ပါတယ်။ ဒီဟောပြောချက်ကို ပို့ချဖို့ကျွန်တော်ပြင်ဆင်နေတုန်းမှာပဲ ဒီတက္ကသိုလ်က ရူပဗေဒ ပညာရှင်တစ်ဦးဟာ သိပ္ပံနည်းကျ အမှန်တရားဆိုတာ ကျွမ်းကျင်သူ ပါရဂူများက လူသိရှင်ကြားလက်ခံထားတဲ့ ထုတ်ဖော်ပြောဆိုချက်ကို ခေါ်တာလို့ ဘီဘီစီကနေပြီး ဟောပြောသွားပါတယ်။ ဒီဖော်မြူလာတွေဟာ နည်းနည်းမှ ကျေနပ်စရာမကောင်းပါဘူး။ ဘာဖြစ်လို့လဲ ဆိုတာကိုတော့ နောက်ပိုင်း 'ဒိဋ္ဌဓမ္မကျမှု' နဲ့ပတ်သက်တဲ့ အခန်းမှာ ကျွန်တော်တင်ပြသွားပါ့မယ်။ ဒါပေမယ့် ဒိပြဿနာ နဲ့ပတ်သက်လို့သမိုင်းဆရာနဲ့ရူပဗေဒပညာရှင်တို့ တင်ပြသွားပုံဟာ တော်တော် အံ့သြဖို့ကောင်းပါတယ်။

ဒါပေမယ့် တစ်ခုနှင့်တစ်ခု ညီမျှခြင်းထုတ်ပြီး ကောက်ချက်ဆွဲရတာဟာ အန္တရာယ်များလှပါတယ်။ သမိုင်းနဲ့သိပ္ပံပညာဟာ နေရာတကာမှာ အတူတူပဲလို့ ပြောလို့မရနိုင်ပါဘူး။ သိပ္ပံပညာရပ်တွေထဲမှာ တောင်မှပဲ သင်္ချာဗေဒနဲ့ သဘာဝ သိပ္ပံပညာဟာ အင်မတန် ကွဲပြားခြားနား နေပါသေးတယ်။ အလားတူပဲ သိပ္ပံပညာ ရပ်တစ်ခုနဲ့တစ်ခုကြားမှာလည်းမတူ ကွဲပြားခြားနားချက်များဟာ ရှိနေပါသေးတယ်။ ဒီတော့ သမိုင်းပညာရပ်နဲ့သိပ္ပံပညာရပ်တွေကြားထဲမှာ အခြေခံ ခြားနားချက်ကြီးတွေ ရှိနေပါသေးတယ်။ ဒီခြားနားချက်တွေကြောင့်ပဲ သမိုင်းကို သိပ္ပံပညာလို့ အမည် တပ်ဖို့အခက်အခဲရှိနေတာပဲလို့ကျွန်တော်နားလည်ပါတယ်။ သမိုင်းတင်မဟုတ်ပါဘူး။ အခြားသော လူမှုသိပ္ပံပညာရပ်များကိုလည်း သိပ္ပံပညာရပ်လို့ အမည်တပ်ဖို့ ခက်ခဲ နေတာဟာ ဒီခြားနားချက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သမိုင်းဟာ သိပ္ပံပညာရပ် မဟုတ်ဘူးလို့ပြောဆိုကန့်ကွက်တဲ့အချက်များကို ကျွန်တော် လေးလေးစားစား စဉ်းစား ချင်ပါတယ်။ သမိုင်းဟာ သိပ္ပံပညာမဟုတ်ဘူးလို့ ပြောတဲ့ ကန့်ကွက်ချက်တွေကို အတိုချုပ်ကြည့်လိုက်ရင် ငါးချက်လောက်ထွက်လာ ပါတယ်။ (တချို့အချက်တွေ ကတော့ အခြားအချက်များနဲ့နှိုင်းယှဉ်ရင် ဟုတ်တယ်လို့ ထင်စရာပါပဲ။) အဲဒီအချက် တွေကတော့ – – –

(၁) သမိုင်းဟာ ထူးခြားတဲ့အရာများနဲ့သာသက်ဆိုင်တယ်။ သိပ္ပံပညာကတော့ ယေဘုယျကျတဲ့အရာများနဲ့သာ သက်ဆိုင်တယ်ဆိုတဲ့အချက်။ (၂) သမိုင်းဟာ ဘာသင်ခန်းစာကိုမှ သင်ကြားမပေးဘူးဆိုတဲ့အချက်။ (၃) သမိုင်းဟာ ကြိုတင် နိမိတ်





ဖတ်လို့ရနိုင်တယ်ဆိုတဲ့ အရာမဟုတ်ဘူးဆိုတဲ့အချက်။ (၄) သမိုင်းဟာ လူကသူ့ကိုယ်သူ လေ့လာတဲ့အကြောင်းအရာ ဖြစ်တဲ့အတွက် ဆန္ဒစွဲပါတယ်ဆိုတဲ့ အချက်နဲ့ (၅) သိပ္ပံပညာနဲ့ခြားနားစွာ သမိုင်းဟာ ဘာသာရေးနဲ့လူ့ကျင့်ဝတ်တရားတို့ အကျုံးဝင်နေတယ်ဆိုတဲ့ အချက်တို့ပဲ ဖြစ်ပါတယ်။

ဒီအချက်များကို ကျွန်တော်တစ်ချက်စီ ဆွေးနွေးကြည့်ချင် ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းနိမိတ်ဖတ်ချက်နဲ့ သမိုင်းသင်ခန်းစာ

ပထမအချက်။ ။ သမိုင်းဟာ ထူးခြားပြီး သီးခြားဖြစ်တဲ့အရာများနဲ့သက်ဆိုင်ပြီး သိပ္ပံပညာကတော့ ယေဘုယျကျပြီး ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကိစ္စများနဲ့သက်ဆိုင်တယ်လို့ ပြောလေ့ရှိကြတယ်။ ဒီအယူအဆဟာ အရစ္စတိုတယ်က စခဲ့တယ်လို့ပြောနိုင်ပါတယ်။ သူက သမိုင်းဟာ သီးခြားဖြစ်တဲ့ အမှန်တရားနဲ့သက်ဆိုင်ပြီး ကဗျာကတော့ ယေဘုယျဖြစ်တဲ့ အမှန်တရားနဲ့သက်ဆိုင်တယ်။ ဒါကြောင့် ကဗျာဟာ သမိုင်းထက်ပို 'ဒဿနဆန်ပြီး' 'လေးနက်တယ်' လို့ပြောခဲ့ပါတယ်။ ကိုလင်းဝုဒ်တို့ခေတ်အထိ နှောင်းခေတ်စာရေးဆရာ ဟော်တော်များများကလည်း သမိုင်းနဲ့သိပ္ပံကို အလားတူ ခွဲခြားခဲ့ကြပါတယ်။ ဒီလို ဖြစ်ရတာဟာလဲ နားလည်မှုလွဲရာက ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။ ဒဿနဆရာ ဟောဗ်[1] က 'လောက၌ နာမပညတ်တို့သာလျှင် ကမ္ဘာလုံးဆိုင်ရာ ပစ္စည်းဖြစ်ကုန်ကြ၏။ အကြောင်းမူ နာမပညတ်ခြင်းခံရသော အရာတို့သည်သာလျှင် မိမိတို့ကိုယ်ပိုင် သီးခြားလက္ခဏာချက်များ ရှိသောကြောင့် ဖြစ်ပေ၏။' လို့ ရေးခဲ့ဖူးပါတယ်။ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာရပ်များ မှာလည်းထိုနည်း အတိုင်းပါပဲ။ ဘူမိဗေဒဆိုင်ရာ ဖွဲ့စည်းမှုနှစ်ခု၊ မျိုးနွယ်တစ်နွယ်တည်းက တိရစ္ဆာန်နှစ်ကောင်၊ အဏုမြူနှစ်မှုန်တို့ဟာ ဘယ်တော့မှ ထပ်တူထပ်မျှ မတူကြပါဘူး။ အလားတူပဲ။ သမိုင်းအဖြစ်အပျက်နှစ်ခုဟာလဲ ဘယ်တော့မှ ထပ်တူထပ်မျှ မတူနိုင်ပါဘူး။ ဒါပေမယ့် ဘုန်းတော်ကြီး ဘတ်တလာ အမှတ်တမဲ့ ပြောလိုက်တဲ့ သာမန်စကားလေးတစ်ခွန်းကို သောမတ်စ်မိုးလို ပုဂ္ဂိုလ်များက အလေးအနက်ယူပြီး နောက်ပိုင်းမှာ ဘာသာဗေဒပညာရှင် ဒဿနဆရာတို့က အမြတ်တနိုးကောက်ပြီး လက်သုံးလုပ်ခဲ့ကြတဲ့အတွက် သူ့စကားဟာ မလိုလားအပ်တဲ့ အကျိုးသက်ရောက်မှု များကို ဖြစ်စေခဲ့သည့် နည်းတူ သမိုင်းအဖြစ်အပျက်များဟာ ထူးခြားတဲ့သဘောကို ဆောင်တယ်လို့ တရားသေ

1. Hobbe



www.burmeseclassic.com

www.burmeseclassic.com

ပြောနေကြတဲ့အတွက် အလားတူ မလိုလားအပ်တဲ့ အကျိုးသက်ရောက်မှုတွေကို ဖြစ်စေခဲ့ပါတယ်။ 'အရာဝတ္ထုတိုင်းသည် ထိုအရာပင်ဖြစ်၏။ အခြားအရာ မဖြစ်ဟုတ်ကုန်' လို့ ဘုန်းတော်ကြီး ဘတ်တလာပြောခဲ့တဲ့ စကားကလေးကိုယူပြီး အတွေးချော်ခဲ့ကြတဲ့အတွက် အရေးကြီးတာတွေဟာ အရေးမကြီးတာလို့ထင်လာကြပြီး ဘာမှအရေးမကြီးတဲ့ အရာတိုင်းဟာ အရေးကြီးတာတွေ ဖြစ်လာကုန်တော့တာပါပဲ။

သိပ္ပံပညာရှင်မှာလိုပဲ သမိုင်းဆရာဟာလည်း ဘာသာစကားကြောင့် ယေဘုယျသဘောဆောင်သွားတာတွေ ရှိပါတယ်။ ဥပမာအားဖြင့် ပယ်လိုပိုနီးရှန်း စစ်ပွဲ နှင့် ဒုတိယကမ္ဘာစစ်ပွဲကြီးဟာ တစ်ခုနဲ့တစ်ခု လွန်စွာခြားနားကြပါတယ်။ နှစ်ခုစလုံးဟာ သူ့နည်းနဲ့သူ ထူးခြားကြပါတယ်။ဒါပေမယ့် သမိုင်းဆရာကတော့ အဲဒီနှစ်ခုစလုံး ကို 'စစ်ပွဲ' လို့ပဲ ခေါ်လိုက်ပါတယ်။ ပညာရှိတွေကပဲ ကန့်ကွက်ကြမှာပါ ပဲ။ ဂစ်ဗွန်းဟာ ကွန်စတင်တိုင်းဘုရင်က ခရစ်ယာန်သာသနာကိုထူထောင်တာကိုရော၊ အစ္စလာမ်ဘာသာ ပေါ်ပေါက်လာတာကိုရော နှစ်ခုစလုံးကို 'တော်လှန်ရေးကြီး' တွေလို့ ရေးခဲ့ပါတယ်။ ဂစ်ဗွန်းဟာ ဒီထူးခြားတဲ့ အဖြစ်အပျက်ကြီးနှစ်ခုကို ယေဘုယျချ ကြည့်လိုက်ခြင်းသာ ဖြစ်ပါတယ်။

အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနဲ့တရုတ် တော်လှန်ရေးများအကြောင်းကို ရေးတဲ့အခါမှာ ခေတ်သစ်သမိုင်းဆရာများဟာလည်း ဒီအတိုင်းလုပ်ခဲ့ကြတာပါပဲ။ သမိုင်းဆရာဟာ ထူးခြားတဲ့အရာကို စိတ်ဝင်စားသူ မဟုတ်ဘူး။ ထူးခြားတဲ့အရာထဲက ယေဘုယျကျတဲ့အရာကိုသာ စိတ်ဝင်စားသူတွေ ဖြစ်တယ်။

၁၉၂၀ ခု တစ်ဝိုက်လောက်တုန်းက သမိုင်းဆရာများဟာ ၁၉၁၄ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ပထမကမ္ဘာစစ်ကြီးရဲ့ အကြောင်းရင်းများနဲ့ပတ်သက်လို့အကျယ်တဝင့် ဆွေးနွေးခဲ့ကြတယ်။ ပထမကမ္ဘာစစ်ဖြစ်ရတဲ့ အကြောင်းရင်းများဟာ သံတမန်တို့ရဲ့ စီမံမန့်ခွဲမှု ညံ့ဖျင်းလို့သူတို့တစ်တွေ ပြည်သူ့ထင်မြင်ချက်ကို လိုက်နာခြင်း မပြုခဲ့ကြဘဲ လျှို့ဝှက်ခြေပုန်းခုတ်ခဲ့ကြလို့၊ ဒါမှမဟုတ် ကမ္ဘာကြီးကို နယ်မြေဆိုင်ရာ အချုပ်အခြာနိုင်ငံတွေအဖြစ် ခွဲဝေပိုင်းခြားလို့ ဖြစ်ခဲ့ကြတာလို့ပြောခဲ့ကြတယ်။

၁၉၃၀ ခုနှစ် တဝိုက်လောက်ကြတော့ ဒီလို မဟုတ်တော့ဘူး။ ပထမကမ္ဘာစစ်ဖြစ်ရတာဟာ အရင်းရှင်စနစ်ရဲ့ လောဘဇောတိုက်မှုကြောင့် ကမ္ဘာကြီးကို ခွဲဝေရာမှာ အဝေမတည့်ကြတော့ဘဲ နယ်ချဲ့နိုင်ငံအချင်းချင်း ဗိုလ်လုမှုကြောင့်လို့ပြောခဲ့ကြပြန်ပါတယ်။ ဒီဆွေးနွေးချက်များဟာ စစ်ဖြစ်ပွားရခြင်းရဲ့ အကြောင်းရင်းများကို ယေဘုယျဖော်ပြချက်များလည်း ဖြစ်ပါတယ်။ နှစ်ဆယ်ရာစုနှစ် အခြေအနေများမှ စစ်ပွဲများအကြောင်းကို ဖော်ပြတဲ့ ယေဘုယျကောက်ချက်များပဲ ဖြစ်ပါတယ်။

သမိုင်းဆရာဟာ သက်သေအထောက်အထား ခိုင်လုံခြင်း ရှိမရှိကို စမ်းသပ်ရာမှာ





ယေဘုယျကောက်ချက်များကို အသုံးပြုတတ်ပါတယ်။ ရှစ်ချက်ဘုရင်ဟာ မင်းညီမင်းသားများကို သတ်ဖြတ်ခြင်း ပြုမပြုဆိုတဲ့ အထောက်အထားခိုင်လုံခြင်း မရှိရင် အဲဒီခေတ်က အုပ်စိုးသူများဟာ မိမိရဲ့ ထီးနန်းအာဏာကို လုမယ့်ပြိုင်ဖက် တွေကို ဒီလိုပဲ သတ်ရိုးထုံးစံရှိသလား၊ မရှိဘူးလားဆိုတာကို သမိုင်းဆရာဟာ ကိုယ့်ကိုယ်ကို ပြန်မေးမိတတ်ပါတယ်။ (ဒီလိုမေးတဲ့အခါမှာ သိစိတ်ရှိရှိမေးခြင်းမဟုတ်ဘဲ အများအားဖြင့် သိစိတ်မရှိဘဲမေးတာက ပိုပြီးများပါတယ်။) သူ့ဆုံးဖြတ်ချက်ဟာလဲ အဲဒီယေဘုယျကောက်ချက်ရဲ့ လွှမ်းမိုးခြင်းကို ခံရတော့တာပါပဲ။ ဒီအတိုင်းပဲ စဉ်းစားရမှာပါပဲ။

သမိုင်းကျမ်းပြုဆရာ သို့မဟုတ် သမိုင်းကိုဖတ်သူဟာ အမြဲတမ်း ယေဘုယျကောက်ချက် ထုတ်ကြည့်သူဖြစ်ပါတယ်။ သမိုင်းကျမ်းထဲမှာရေးထားတဲ့ သမိုင်းဆရာရဲ့ ထင်မြင်ချက်များကို သူကျေညက်စွာသိတဲ့ အခြားသောသမိုင်းခေတ်များ၊ သို့မဟုတ် သူမှီတင်းနေထိုင်တဲ့ သမိုင်းခေတ်များနဲ့ထင်ဟပ်ကြည့် တတ်ပါတယ်။ **သောမတ်စ်ကာလိုင်း**[1] ရဲ့ '**ပြင်သစ်တော်လှန်ရေးသမိုင်းကျမ်း**' ကို ဖတ်တုန်းကဆိုရင် ကျွန်တော်ဟာ ကျွန်တော်စိတ်ဝင်စားနေတဲ့ ရုရှားတော်လှန်ရေးကြီးအခြေအနေများနဲ့ထင်ဟပ်ကြည့်ပြီးဖတ်ခဲ့ပါတယ်။ ဥပမာအားဖြင့် ရက်စက်မှုအကြောင်းကို ရေးသားတဲ့ စာပိုဒ်ဆိုပါတော့ – – –

"(ထိုရက်စက်မှုများသည်) တန်းတူညီတူသော တရားမျှတမှုကို တစ်ခါဖူးမျှ မသိခဲ့သည့် တိုင်းပြည်များတွင်အဆန်းမဟုတ်သော်လည်း တန်းတူညီမျှမှုကို သိခဲ့သည့် တိုင်းပြည်များတွင်ကား များစွာထိတ်လန့် ဖွယ်ကောင်းလှပေသည်" လို့ ရေးခဲ့တယ်။ ပိုပြီးထင်ရှားအောင် နောက်စာပိုဒ်တစ်ခုကို ကျွန်တော် ထုတ်ပြဦးမယ်။

"ထိုခေတ်၏သမိုင်းကို အများအားဖြင့် ထိတ်လန့်စဖွယ် ရေးသားခဲ့ကြခြင်းသည် ဝမ်းနည်းစရာကောင်းသည် မှန်သော်လည်းများစွာသဘာဝကျပါသည်။ ထိုခေတ်၏ အကြောင်းကိုချဲ့ထွင်ရေးခြင်း၊ နာကျည်းမှု၊ ငိုကြွေးမှုတို့ဖြင့် ရေးခြင်းများရှိခဲ့ပါသည်။ သို့ဖြင့် ထိုခေတ်ကြီးကို အမှောင်ခေတ်ကြီးအဖြစ် ရေးခဲ့ကြလေသည်"

ဆယ့်ခြောက်ရာစုနှစ်များအတွင်းမှာ ခေတ်သစ်နိုင်ငံတော်များ ပေါ်ထွန်းလာတာနဲ့ ပတ်သက်လို့လည်း ဘာ့ဟတ်ရဲ့ သမိုင်းမှာ ဒီလိုရေးထားတာကို တွေ့နိုင်ပါသေးတယ်။

"အာဏာစက်၏သက်တမ်းသည် နနယ်လေးလေး၊ ထိုအာဏာစက်သည် တန့်ရပ်နေမှုနည်းလေလေ ဖြစ်လေသည်။ (အာဏာတွေ သိပ်သုံးတာကို ဆိုလိုတာပါ) အဘယ့်ကြောင့်ဆိုသော် ထိုအာဏာစက်ကို ထူထောင်ခဲ့သူများသည် လျင်မြန်စွာ ရှေ့သို့ တိုးတက်ရွေ့လျားမှုများကိုသာ တွေ့ခဲ့ရသောကြောင့် ဖြစ်ပေသည်။ နောက်

1. Thomas Carlyle

www.burmeseclassic.com

တစ်ကြောင်း မှာ သူတို့တည်ထောင်လိုက်သော သို့မဟုတ် သူတို့နှိမ်နင်းလိုက်သော အင်အားစုများကို နောက်ထပ် အကြမ်းအတမ်းမှုများဖြင့်သာ အသုံးပြု၍ ရနိုင်သောကြောင့် ဖြစ်လေသည်" လို့ရေးခဲ့ပါသေးတယ်။

သမိုင်းမှာ ယေဘုယျကောက်ချက်ထုတ်မှု မရှိဘူးလို့ပြောတာ လုံးဝ အဓိပ္ပာယ်မရှိတဲ့ အဆိုဖြစ်ပါတယ်။ သမိုင်းဟာ ယေဘုယျကောက်ချက်များက ပေါ်ထွက်လာခြင်း ဖြစ်ပါတယ်။ 'ကိန်းဗရစ်တက္ကသိုလ် သမိုင်းကျမ်း' အသစ်မှာ စာတည်းဖြစ်တဲ့ မစ္စတာအယ်လတန်က ယေဘုယျကောက်ချက် ထုတ်တတ်ခြင်းဟာ သမိုင်းဆရာနဲ့သမိုင်းအချက်အလက် စုဆောင်းသူကို ခွဲခြားပေးလိုက်တဲ့အရာဖြစ်တယ်' လို့ ရှင်းရှင်းလင်းလင်းရေးခဲ့ပါတယ်။ ယေဘုယျကောက်ချက်ထုတ်တတ်ခြင်းဟာ သဘာဝသိပ္ပံပညာရှင်နဲ့သဘာဝလေ့လာသူ၊ သို့မဟုတ် မျိုးနွယ်တွေကို စုဆောင်းသူ တို့ကို ခွဲခြားပေးလိုက်တဲ့အချက် ဖြစ်တယ်လို့တောင် ထပ်ပြီးပြောဖို့ ကောင်းပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့သမိုင်းဆရာများဟာ ဒီလို ယေဘုယျကောက်ချက်ထုတ်ပြီး ပေါ်ပေါက်လာတဲ့ သမိုင်းအဖြစ်အပျက်တွေကို သမိုင်းပုံစံ ဇယားကွက်ကြီးထဲမှာ အတင်းရိုက်သွင်းတယ်လို့တော့ မထင်လိုက်ကြပါနဲ့။ ကားလ်မတ်ဟာ သမိုင်းအဖြစ်အပျက်တွေကို အသင့်ရှိပြီးပုံစံဇယားကြီးထဲမှာ ထည့်ပြီးကြည့်တတ်တယ်လို့မကြာခဏ စွပ်စွဲလေ့ရှိကြတယ်။ အမှန်ကတော့ ဒီလိုမဟုတ်ပါဘူး။ ဒီလိုမဟုတ်တဲ့အကြောင်းကို သူ့စာတစ်စောင်က ကောက်နှုတ်ပြီး ကျွန်တော်ဖော်ပြပါ့မယ်။

"ကွဲပြားခြားနားတဲ့ သမိုင်းခေတ်အသီးသီးမှာ ဖြစ်ပွားခဲ့ကြတဲ့ အဖြစ်အပျက်တွေဟာ တစ်ခါတစ်လေမှာ အံ့သြစရာကောင်းလောက်အောင် တူနေကြတာကို တွေ့ရတယ်၊ ဒါပေမယ့် ရလာဒ်တွေကတော့ လုံးလုံးမတူပါဘူး။ အဲဒီဖြစ်ရပ်တွေကို တစ်ခုချင်းလေ့လာပြီး တစ်ခုချင်း နှိုင်းယှဉ်ကြည့်လိုက်ရင် အဲဒီ အဖြစ်အပျက်တစ်ခုစီကို နားလည်ဖို့အတွက် သော့ချက်ကို အလွယ်တကူတွေ့နိုင်ပါတယ်။ ဒါပေမယ့် သမိုင်းအထက်မှာရှိနေတဲ့ သမိုင်းဒဿန သဘောတရားတွေနဲ့ခွင်ကျအောင် ချကြည့်နေလို့တော့ အဲဒီအဖြစ်အပျက်ကို ဘယ်တော့မှ နားလည်နိုင်မှာ မဟုတ်ဘူး" လို့ရှင်းရှင်းလင်းလင်းရေးခဲ့ဖူးပါတယ်။

သမိုင်းဟာ သီးခြားဖြစ်မှုနဲ့ယေဘုယျကျမှုတို့ကြားက ဆက်သွယ်ရေးနဲ့ အဓိကသက်ဆိုင်တယ်။ သမိုင်းဆရာတစ်ယောက်အနေနဲ့ဒီနှစ်ခုကို ခွဲပစ်လို့မရဘူး။ ဒီနှစ်ခုအနက် ဘယ်သင်းက ပိုပြီးအရေးကြီးတယ်လို့ပြောလို့မရဘူး။ အချက်အလက်နဲ့ အနက်ဖွင့်ဆိုချက်ကို ခွဲခြားလို့ မရသလို ဒီနှစ်ခုကိုလဲ ခွဲခြားလို့မရဘူး။

ဒီနေရာမှာ သမိုင်းနဲ့လူမှုဝိဇ္ဇာပညာ[1] တို့ရဲ့ ဆက်သွယ်ပုံကို ကျွန်တော်

1. sociology





နည်းနည်းလေးကြားဖြတ်ပြီး ပြောချင်တယ်၊ လူမှုဝိဇ္ဇာပညာဟာ ဒီနေ့ခေတ်မှာ အန္တရာယ်နှစ်ခုကို ရင်ဆိုင်နေရတယ်။ တစ်ခုကတော့ အလွန်အကျွံ သဘောတရားဆန်နေခြင်းဖြစ်ပြီး နောက်တစ်ခုကတော့ အလွန်အကျွံ အတွေ့အကြုံကို အမှီသဟဲပြုနေခြင်းပဲဖြစ်တယ်။ သမိုင်းက မှတ်တမ်းတင်ပေးခဲ့တဲ့ ထူးခြားတဲ့အဖြစ်အပျက်များကို ယေဘုယျကောက်ချက်ချကြည့်ခြင်းဟာ လူမှုဝိဇ္ဇာပညာသာ ဖြစ်တယ်ဆိုတဲ့ အမြင်ကို စွဲကိုင်သူတွေကြောင့် လူမှုဝိဇ္ဇာပညာဟာ သိပ်ပြီး သဘောတရား ဆန်သွားနိုင်တဲ့ အန္တရာယ်တစ်ခုရှိတယ်။ သိပ်သဘောတရားဆန်လွန်းသွားတော့ လူမှုဝိဇ္ဇာပညာဟာ သမိုင်းနဲ့ခြားနားစွာ ကိုယ်ပိုင် 'နိယာမ' တွေရှိတယ်လို့တောင် သူတို့က ယူဆလာ ကြတယ်။ နောက်အန္တရာယ်တစ်ခုကတော့ 'လူမှုဝိဇ္ဇာပညာကို လူမှုညှိနှိုင်းရေးရဲ့ နည်းနာဆိုင်ရာ ပြဿနာများအဖြစ်' လျှော့ချပစ်ချင်တဲ့ ကားလ်မန်းဟိန်း[1] ရဲ့ အယူအဆမျိုး ဖြစ်ပါတယ်။ ဒီအယူအဆဟာ လွန်ခဲ့တဲ့ မျိုးဆက်ခေတ်တစ်ခေတ်က ပေါ်ခဲ့ပေမယ့် ခုတိုင်လွှမ်းမိုးနေတုန်းပဲရှိသေးတယ်။ လူမှုဝိဇ္ဇာပညာသမိုင်း လူ့အဖွဲ့အစည်းတွေနဲ့သက်ဆိုင်ပါတယ်။ ဒါပေမယ့် လူမှုဝိဇ္ဇာပညာကို ယေဘုယျချကြည့်ခြင်း၊ အနက်ဖွင့်ကြည့်ခြင်းမပြုဘဲ သေးဖွဲတဲ့နည်းနာဆိုင်ရာ ပြဿနာကလေးများ အဖြစ် ပြောင်းလဲခြင်းဟာ လူ့အဖွဲ့အစည်းကို သေနေတဲ့ လူ့အဖွဲ့အစည်းအဖြစ် ကြည့်မြင် လိုက်တာနဲ့အတူတူပါပဲ။ လူမှုဝိဇ္ဇာပညာကို အကျိုးရှိတဲ့ပညာတစ်ရပ် ဖြစ်လာစေချင်ရင် လူမှုဝိဇ္ဇာပညာဟာ သမိုင်းလိုပဲ သီးခြားနဲ့ယေဘုယျတို့ရဲ့ ဆက်သွယ်မှုကို လေ့လာ ရပါလိမ့်မယ်။ လူမှုဝိဇ္ဇာပညာရပ်ဟာ သေနေတဲ့မလှုပ်မရှားဖြစ်နေတဲ့ လူ့အဖွဲ့အစည်းကို လေ့လာခြင်းမပြုဘဲ (တကယ်ကတော့ ဒီလိုလူ့အဖွဲ့အစည်းလို့လဲ မရှိနိုင်ဘူး) လူမှုပြောင်းလဲမှုကြီးတွေနဲ့ တိုးတက်ဖြစ်ပေါ်မှုတွေကို လေ့လာရပါလိမ့်မယ်။ ခြုံပြီးပြောရရင်တော့ လူမှုဝိဇ္ဇာပညာဆိုင်ရာ သမိုင်းနဲ့သမိုင်းဆိုင်ရာ လူမှုဝိဇ္ဇာပညာရပ်တို့ ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ နှစ်ဘက်စလုံးအတွက် ကောင်းပါတယ်။

ဒုတိယအချက်။ ။ သမိုင်းဟာ သီးခြားလား၊ ယေဘုယျလားဆိုတဲ့ ပြဿနာနဲ့အတူ နောက်ပြဿနာတစ်ခု ရှိသေးတယ်။ အဲဒါကတော့ သမိုင်းသင်ခန်းစာ ပြဿနာပါပဲ။ ကျွန်တော်တို့ဟာ သမိုင်းရဲ့ယေဘုယျသဘောကို ဘာကြောင့်ပြောနေရဟာလဲ။ သမိုင်းဆိုတာ သီးခြားမဟုတ်ဘူး၊ ယေဘုယျဖြစ်တယ် သို့မဟုတ် သမိုင်းဟာ ယေဘုယျကောက်ချက်ထုတ်ကြည့်လို့ရတယ်လို့ကျွန်တော်တို့ဘာကြောင့် ပြောနေရသလဲ။ တခြားကြောင့် မဟုတ်ဘူး။ သမိုင်းကနေပြီးသင်ခန်းစာ ထုတ်ယူချင်လို့ ဒီလိုပြောနေရတာ ဖြစ်တယ်။ အခြားသောအဖြစ်အပျက်များက သင်ခန်းစာများကို

1. Karl Mannheim



www.burmeseclassic.com

www.burmeseclassic.com

နောက်အဖြစ်အပျက်များအတွက် သင်ခန်းစာထုတ်ယူချင်လို့ ဒီလိုပြောနေရခြင်း ဖြစ်တယ်။ သမိုင်းက ယေဘုယျကောက်ချက် ထုတ်ကြည့်ပြီဆိုတာနဲ့ ကျွန်တော်ဟာ သိသည်ဖြစ်စေ မသိဘဲဖြစ်စေ သမိုင်းက သင်ခန်းစာထုတ်ယူဖို့ ကြိုးစားနေတာပဲ။ သမိုင်းကို ယေဘုယျ ချကြည့်စရာမလိုဘူး သမိုင်းဆိုတာ သီးခြားဖြစ်တဲ့ အဖြစ်အပျက်များနှင့်သာ သက်ဆိုင်တဲ့အရာတစ်ခု ဖြစ်တယ်လို့ပြောနေသူများဟာ သမိုင်းကနေပြီး သင်ခန်းစာထုတ်ယူဖို့မလိုဘူးလို့ ယူဆနေကြသူများသာ ဖြစ်တယ်။

လူတွေမှာ သမိုင်းကနေပြီး သင်ခန်းစာထုတ်ယူစရာ ဘာမှမရှိဘူးလို့ပြောဆိုချက်ဟာ မမှန်ဘူးဆိုတာ စူးစမ်းလို့ရတဲ့ အချက်အလက်တွေက သက်သေပြခဲ့ပြီးပြီ။ ဒီလိုအတွေ့အကြုံဟာ အများကြီးပါပဲ။ ၁၉၁၉ ခုနှစ်တုန်းက ကျွန်တော်တို့တွေဟာ ဗြိတိသျှကိုယ်စားလှယ်အဖွဲ့မှာ အငယ်တန်း အဖွဲ့ဝင်ကလေးအဖြစ်နဲ့ ပါရီငြိမ်းချမ်းရေး ကွန်ဖရင့်ကြီးကို ရောက်သွားခဲ့ဖူးတယ်။ တက်လာတဲ့ ကိုယ်စားလှယ်အဖွဲ့တိုင်းကပဲ ကျွန်တော်တို့တတွေဟာ လွန်ခဲ့တဲ့ အနှစ်တစ်ရာလောက်က ကျင်းပခဲ့တဲ့ ဗီယင်နာ ငြိမ်းချမ်းရေး ကွန်ဖရင့်ကြီးက သင်ခန်းစာကို ယူနိုင်တယ်လို့ယုံကြည်ခဲ့ ကြတယ်။ အဲဒီတုန်းက စစ်ရုံးချုပ်မှာ လုပ်နေတဲ့ ဗိုလ်ကြီးဝက်စတား (ယခု သမိုင်းဆရာကြီး ဆာချားလ်ဝက်စတား) က ဒီသင်ခန်းစာတွေဟာ ဘာတွေလဲ ဆိုတာကို စာတမ်းတစ်စောင် ရေးခဲ့ဖူးတယ်။ သူပြောတဲ့ သင်ခန်းစာနှစ်ချက်ကို ကျွန်တော်ခုထိ မှတ်မိနေသေးတယ်။ တစ်ခုကတော့ ဥရောပတိုက် မြေပုံကို ပြန်လည်ရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့တတွေဟာ လူမျိုးများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှုကို လျစ်လျူ မပြုသင့်ဘူးဆိုတဲ့ အချက်ဖြစ်တယ်။ နောက်တစ်ခုကတော့ လျှို့ဝှက်မှတ်တမ်းများကို အမှိုက်ခြင်းထဲသို့လွှင့်ပစ်တာဟာ အန္တရာယ်ကြီးတယ်။ အဲဒီစာရွက်စာတမ်းတွေထဲမှာပါတဲ့ အချက်အလက်များကို တခြားကိုယ်စားလှယ်အဖွဲ့က သူလျှိုတွေ ကောက်ယူသွားနိုင်တယ်ဆိုတဲ့ အချက် ဖြစ်တယ်။ ဒီသမိုင်းသင်ခန်းစာနှစ်ချက်ကို ကျွန်တော်တို့တစ်တွေဟာ သမ္မာကျမ်းစာလိုစွဲပိုက်ပြီး ဒီအတိုင်းကျင့်သုံးခဲ့ကြတယ်။ ဒီနမူနာဟာ မကြာသေးခင်ကဖြစ်ပြီး အသေးအဖွဲလေးတစ်ခုသာ ဖြစ်ပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ခေတ်က သမိုင်းကိုပြန်ကြည့်လိုက်ရင် အဲဒီသမိုင်းဟာ ဒီထက်ရှည်ဝေးတဲ့ သမိုင်းကသင်ခန်းစာတွေကို ထုတ်ယူထားတာတွေကို တွေ့နိုင်တယ်။ ရှေးဟောင်းဂရိပြည်ဟာ ရောမနိုင်ငံအပေါ်မှာ ဘယ်လောက်ဩဇာလွှမ်းမိုးခဲ့သလဲဆိုတာ လူတိုင်းသိတယ်။ ဒါပေမယ့် ဂရိလူမျိုးတွေဆီက ရောမလူမျိုးတွေယူခဲ့တဲ့ သင်ခန်းစာတွေကို ဘယ်သမိုင်းဆရာမှ သေသေချာချာ လေ့လာခြင်းမပြုကြသေးဘူးလို့ ကျွန်တော်ထင်တယ်။ ဆယ့်ခုနစ်ရာစု၊ ဆယ့်ရှစ်ရာစုနဲ့ ဆယ့်ကိုးရာစု ဥရောပဟာ သမ္မာကျမ်းစာဟောင်း သမိုင်းထဲက ဘယ်လိုသင်ခန်းစာမျိုးတွေကို ထုတ်ယူခဲ့သလဲ





ဆိုတာကို လေ့လာကြည့်ရင် တော်တော်အကျိုးရှိတဲ့ ရလာဒ်တွေ ပေါ်ထွက်လာနိုင်တယ်လို့ ကျွန်တော်ထင်တယ်။

ဒီအချက်ကို လေ့လာကြည့်ရင် အင်္ဂလိပ် ပျူရီတန် တော်လှန်ရေးအကြောင်းကို ကျွန်တော်တို့ပိုပြီးနားလည်နိုင်တယ်။ ဘုရားက ဗျာဒိတ်ပေးခံထားခဲ့ရတဲ့ လူမျိုးရှိတယ်ဆိုတဲ့ သမ္မာကျမ်းစာဟောင်း အယူအဆဟာ ခေတ်သစ်အမျိုးသားရေးဝါဒ (နာဇီဝါဒ) ပေါ်ပေါက်လာရာမှာ လွန်စွာအရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်တယ်။ ဂန္တဝင်ပညာရေး အယူအဆဟာ ဆယ့်ကိုးရာစုနှစ် ဗြိတိသျှအုပ်စိုးသူ လူတန်းစားအပေါ်မှာ ဩဇာကြီးခဲ့တယ်။ ဒီမိုကရေစီသစ်ရယ်လို့ ပေါ်ထွန်းလာတာဟာ အေသင်က ဒီမိုကရေစီကိုနမူနာယူပြီး ပေါ်ပေါက်လာတာဖြစ်တယ်လို့ ဂရုတ်[1] က ပြောခဲ့တယ်။ ဗြိတိသျှအင်ပါယာကြီးကို ထူထောင်တဲ့နေရာမှာ (ကျွန်တော်တို့တစ်တွေ သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ) ရောမအင်ပါယာကို နမူနာယူခဲ့တာ ဖြစ်တယ်။ ရုရှားအောက်တိုဘာတော်လှန်ရေးကို ခေါင်းဆောင်ခဲ့သူများဟာ ၁၈၄၈ ခု ပြင်သစ်တော်လှန်ရေးနဲ့ ၁၈၇၁ ခု ပါရီဘုံအဖွဲ့တို့ကို နမူနာယူအားကျပြီး သူတို့တော်လှန်ရေးကို ဆင်နွှဲကြခြင်းဖြစ်တယ်။ ဒါပေမယ့် ဒီနေရာမှာ သမိုင်းရဲ့ နှစ်ခွလက္ခဏာချက်ကြောင့် ပေါ်ထွက်လာတဲ့ အချက်တစ်ရပ်ကို ကျွန်တော် ပြောချင်သေးတယ်။ သမိုင်းက သင်ခန်းစာယူရမယ်ဆိုတာ တစ်ဘက်တည်း ယူရမယ့် ကိစ္စမဟုတ်ဘူး။ အတိတ်ရဲ့ အလင်းရောင်ထဲမှာ ပစ္စုပ္ပန်ကို လေ့လာရမယ်ဆိုတာ ပစ္စုပ္ပန်ရဲ့ အလင်းရောင်ထဲမှာ အတိတ်ကို လေ့လာရမယ်လို့ ပြောတာနဲ့အတူတူပဲ။ သမိုင်းရဲ့ အလုပ်ဟာ အတိတ်နဲ့ ပစ္စုပ္ပန်ရဲ့ ဆက်သွယ်ပုံ လေ့လာခြင်းဖြင့် အတိတ်နဲ့ပစ္စုပ္ပန် နှစ်ခုစလုံးကို ပိုမိုနက်ရှိုင်းစွာ နားလည်အောင်လုပ်ဖို့ဖြစ်တယ်။

တတိယအချက်။ ။သမိုင်းမှာ ကြိုတင်နိမိတ်ဖတ်ချက်အကြောင်းကို ဒီမှာ ကျွန်တော်ပြောချင်တယ်။ သမိုင်းဟာ သိပ္ပံပညာလို အနာဂတ်ကို ကြိုတင်နိမိတ်ဖတ်ခြင်း မပြုနိုင်ဘူး။ ဒါကြောင့် သမိုင်းကနေပြီး ဘာသင်ခန်းစာမှထုတ်ယူလို့ရမှာမဟုတ်ဘူးလို့ ပြောတတ်ကြတယ်။ ဒီအချက်ဟာလဲ သမိုင်းကို နားမလည်တဲ့အတွက် ပေါ်ထွက်လာတဲ့ အယူအဆ ဖြစ်တယ်။ အလျင်တုန်းက သိပ္ပံပညာရှင်တွေဟာ သဘာဝကြီးရဲ့ နိယာမတရားတွေကို စိတ်အားထက်သန်စွာ ပြောဆိုခဲ့ကြတယ်။ ခုတော့ ဒီလို စိတ်အားထက်သန်စွာ ပြောတာမျိုး မတွေ့ရတော့ဘူး၊ သိပ္ပံပညာရပ်များရဲ့ နိယာမတွေလို့ခေါ်တဲ့ အရာတွေဟာ ဖြစ်နိုင်ချက်အလားအလာကို ဖော်ပြတဲ့ ပြောဆိုချက်တွေဖြစ်တယ်။ တူညီတဲ့ အခြေအနေတစ်ခုအောက်မှာ သို့မဟုတ် ဓါတ်ခွဲခန်းထဲမှာ ဘယ်အရာတွေဟာ ဘယ်လို ဖြစ်သွားနိုင်တယ်ဆိုတာကို ပြောဆိုတဲ့ ပြောဆိုချက်များ

1. Grote



www.burmeseclassic.com

www.burmeseclassic.com

သာ ဖြစ်တယ်။ ဘယ်ကိစ္စမှာ ဘယ်လို ဖြစ်မယ်လို့ကေန်မုချ ကြိုတင်ဟောကိန်းထုတ်တဲ့ နိမိတ်ဖတ်ချက်တွေ မဟုတ်ဘူး။ ဥပမာအားဖြင့် ဆွဲငင်ခြင်း နိယာမဟာ ဒီသစ်တော်သီးဖြင့် မြေကြီးပေါ်ကိုကျလိမ့်မယ်၊ အောက်ကခြင်းတောင်းနဲ့ခံထား၊ မကြွေဘဲကိုမနေဘူး။ ကြွေကျလိမ့်မယ်လို့သက်သေပြနိုင်တာ မဟုတ်ဘူး။ အလားတူပဲ။ အလင်းရောင်ဟာ အဖြောင့်သွားတယ်ဆိုတဲ့ အလင်းနိယာမဟာလဲ ဟောဒီအလင်းတန်းကဖြင့် ဘယ်အရာကတားတား မကွေ့မကောက် အဖြောင့်သွားမှာပဲလို့ သက်သေပြတာ မဟုတ်ဘူး။ ဒီလိုပြောလိုက်တဲ့အတွက် ဒီနိယာမဟာ အလကားပဲ၊ နိုင်မာတိကျတဲ့ နိယာမတွေ မဟုတ်ဘူးလို့ကျွန်တော်ပြောနေတာ မဟုတ်ဘူး။ ခေတ်သစ်ရူပဗေဒ သဘောတရားများဟာ ဖြစ်နိုင်ချက်ကိုသာ ပြောနေကြတာ။ ဒီနေ့သိပ္ပံပညာရပ် တွေဆိုရင် ပိုပြီးတောင် သတိထားရသေးတယ်။ ယေဘုယျသဘောလမ်းညွှန် သဘောလောက်ပဲ ပြောကြတာ။ အဲဒီ သဘောတရား ခိုင်မာခြင်းရှိမရှိကို သီးခြားလုပ်ဆောင်ချက် တစ်ခုနဲ့စမ်းသပ်ကြည့်ရတာ။

သမိုင်းမှာ ယေဘုယျနဲ့သီးခြား၊ တစ်လောကလုံးဆိုင်ရာနဲ့ တစ်စိတ်တစ်ဒေသကို ခွဲခြားကြည့်နိုင်ရင် သမိုင်းနိမိတ်ဖတ်ချက် ပြဿနာကို ဖြေရှင်းဖို့သော့တစ်ချောင်းရတာနဲ့ အတူတူပါပဲ။ သမိုင်းဆရာဟာ ယေဘုယျကောက်ချက်ကို ထုတ်ရမယ်။ ဒီလို ကောက်ချက်ထုတ်နိုင်ဖို့အတွက် ခိုင်မာပြီး အသုံးကျတဲ့အနာဂတ် ယေဘုယျလမ်းညွှန်မှုများတော့ ရှိရလိမ့်မယ်။ ဒါပေမယ့် သမိုင်းဆရာဟာ သီးခြားဖြစ်တဲ့ အဖြစ်အပျက်တွေကိုတော့ နိမိတ်မဖတ်နိုင်ပေဘူးပေါ့။ သီးခြားဖြစ်တဲ့ အဖြစ်အပျက်ဆိုတာဟာ ထူးခြားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်တဲ့အပြင် ဒီအထဲမှာ မမျှော်လင့်တဲ့ ရှောင်တစ်ခင်ဖြစ်မှုတွေကလဲ ပေါ်ပေါက်လာတတ်သေးတာကိုး။ သီးခြားနဲ့ယေဘုယျကို ခွဲခြားရေး ပြဿနာဟာ ဒဿနဆရာတွေအတွက်သာ ခက်နေပေမယ့် သာမန်လူတွေအတွက်တော့ လွယ်လွယ်ကလေးပါ။ ကျောင်း တစ်ကျောင်းမှာ ကလေးနှစ်ယောက် သုံးယောက် ဝက်သက်ပေါက်ပြီ ဆိုပါစို့။ တစ်ခြားကလေးတွေပါ ကူးစက်ပြီး တစ်ကျောင်းလုံး ဝက်သက်ပေါက်တော့မယ်ဆိုတာ အလွယ်တကူနဲ့သိနိုင်ပါတယ်။ ဒီကြိုတင်သိမြင်ချက် (နိမိတ်ဖတ်ချက်) ဟာ အတိတ်အတွေ့အကြုံကနေပြီး ယေဘုယျကောက်ချက် ဆွဲထုတ်တာပေါ်မှာ အခြေခံထားတာဖြစ်တယ်။ ဒီကြိုတင်သိမြင် (နိမိတ်ဖတ်) ချက်ဟာ ရှေ့မှာ ဘာလုပ်ရမယ်ဆိုတဲ့ အလုပ်ရဲ့လမ်းညွှန်ဖြစ်တယ်။ ဒါပေမယ့် အဲဒီကျောင်းသားတွေထဲက ချော့နဲ့မယ်ရီကတော့ ဝက်သက်ပေါက်မှာပဲလို့တော့ သီးခြားပြောလို့ မရဘူးပေါ့။ သမိုင်းဟာလည်း ထိုနည်းအတိုင်း ကောက်ချက်ဆွဲထုတ်ပြီး ထိုနည်းအတိုင်း နိမိတ်ဖတ်တာပါပဲ။ **ရူရစ်တန်းနီးယား**[1] ဆိုတဲ့ တိုင်းပြည်မှာ ရှေ့လထဲမှာ

1. Ruritania





တော်လှန်ရေးကြီးဖြစ်လိမ့်မယ်လို့တော့ သမိုင်းဆရာက ဘယ့်နှယ်လုပ်ပြီး ကြိုတင်နိမိတ်ဖတ်နိုင်ပါ့မလဲ။ ရူရစ်တန်းနီးယားတိုင်းပြည်ရဲ့ လက်ရှိအခြေအနေကို အထူးသိပြီး သမိုင်းအတွေ့အကြုံတွေကို ယေဘုယျကောက် ချက်ထုတ် ကြည့်ခြင်းဖြင့် သာလျှင် ရူရစ်တန်းနီးယားမှာ မကြာမီအတွင်း တော်လှန်ရေးကြီးတစ်ရပ် ပေါ်ပေါက် နိုင်တယ်ဆိုတာလောက်ကိုပဲ ပြောနိုင်မှာပေါ့။ ဒီကောက်ချက်ဟာ အခြားတော်လှန်ရေး တွေက အတွေ့အကြုံကို အခြေခံပြီး စဉ်းစားခြင်း၊ ပြည်သူအသီးသီးရဲ့ စိတ်နေ သဘောထားအခြေအနေစတဲ့ အရာတွေပေါ်ကနေပြီး ထုတ်ယူတဲ့ ခန့်မှန်းချက်သာ ဖြစ်တယ်။ ဒီနိမိတ်ဖတ်ချက်တွေဟာ ကျွန်တော်တို့ကြိုတင် ခန့်မှန်းလို့မရနိုင်တဲ့ ထူးခြားတဲ့ အခြေအနေ ပေါ်ပေါက်လာမှသာလျှင် ဖြစ်နိုင်တယ်။ ဒီလို ဆိုလိုက်ခြင်း အားဖြင့် သမိုင်းပညာရှင်တွေရဲ့ကောက်ချက်များဟာ သိပ္ပံပညာရှင်များရဲ့ ကောက်ချက် များလိုပဲ တိကျတယ်လို့တော့ ကျွန်တော်မပြောချင်ဘူး။ လူသားဟာ ကျွန်တော်တို့ သိသမျှသော သဘာဝအရာဝတ္ထုပစ္စည်းတွေအနက် အရှုပ်ထွေးဆုံး၊ အဆန်းကျယ်ဆုံး ပစ္စည်းတစ်ခု မဟုတ်လား။ ဒီတော့ ဒီလောက်ဆန်းကျယ်ရှုပ်ထွေးတဲ့ ပစ္စည်းတစ်ခုကို လေ့လာရတာဟာ သိပ္ပံပညာရှင်တွေ ကိုင်တွယ်ဖြေရှင်းနေရတဲ့ အခြားသော သဘာဝပစ္စည်းကို လေ့လာရတာထက် ပိုပြီး ခက်ခဲနိုင်တယ်။ အခက်အခဲခြင်းတူရင်လဲ လူကိုလေ့လာရတာ ပိုပြီး ကြီးမားနိုင်တယ်။ ဒီနေရာမှာ ကျွန်တော် အဓိကပြောချင်တာကတော့ သမိုင်းဆရာနဲ့သိပ္ပံပညာရှင်တို့ရဲ့ ရည်ရွယ်ချက် နဲ့ နည်းလမ်းများဟာ အခြေခံအားဖြင့် သိပ်ပြီးကွဲပြား ခြားနားခြင်း မရှိဘူးဆိုတာကို ပြောလိုရင်း ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းဝင်ပုဂ္ဂိုလ်၊ ကိုယ်ကျင့်တရား၊ သမိုင်းဆရာ

ကျွန်တော်တင်ပြမယ့် စာတွေ့အချက်ကတော့ သမိုင်းအပါအဝင် လူမှုသိပ္ပံပညာရပ်များနဲ့ သဘာဝသိပ္ပံပညာရပ်များကြားမှာ စည်းခြားထားဖို့နဲ့ ပတ်သက်လို့ ပိုပြီးလေးနက်တဲ့ တင်ပြချက်ဖြစ်ပါတယ်။ အဲဒီအဆိုပြုချက်က ဒီလိုပါ။ လူမှုသိပ္ပံပညာရပ်များမှာ ပြုလုပ်သူနဲ့ ပြုလုပ်ခြင်းခံရသူ(လေ့လာသူနဲ့အလေ့လာခံရသူ) တို့ဟာ အမျိုးအစားတစ်မျိုးတည်း ဖြစ်ပြီး တစ်ခုနဲ့တစ်ခု အပြန်အလှန် တုံ့ပြန်ဆက်သွယ်နေကြပါတယ်။ သဘာဝပစ္စည်းတွေထဲမှာ လူဆိုတဲ့သတ္တဝါဟာ အရှုပ်ထွေးဆုံး၊ အဆန်းကြယ်ဆုံး၊ ပြောင်းလဲလွယ်ဆုံး ပစ္စည်းဖြစ်ပါတယ်။ ဒါတွင်မကသေးဘူး။ အဲဒီလူကို လေ့လာတဲ့သူဟာလဲ အခြားသော မျိုးနွယ်ကလာတဲ့ သီးခြားလေ့လာသူ မဟုတ်ဘဲ လူထဲကလူပဲ ဖြစ်နေပါတယ်။

ဇီဝဗေဒဆိုင်ရာ သိပ္ပံပညာရပ်များမှာတော့ လူ့ရဲ့ကိုယ်ခန္ဓာဖွဲ့စည်းမှု၊ ကိုယ်ခန္ဓာဆိုင်ရာ တုံ့ပြန်လှုပ်ရှားမှုတွေကို လေ့လာရုံလောက်နဲ့ ကိစ္စပြီးသွားတာပါပဲ။ ဒါပေမယ့် လူမှုသိပ္ပံပညာသဘောနဲ့ လေ့လာရင်တော့ ဒီလောက်နဲ့မပြီးတော့ပါဘူး။ လူမှုဝိဇ္ဇာပညာရှင် ဘောဂဗေဒပညာရှင်နဲ့ သမိုင်းပညာရှင်တို့ဟာ လူ့အပြုအမူရဲ့ ပုံသဏ္ဍာန်အမျိုးမျိုးကို နက်ရှိုင်းစွာ ထိုးဖောက်လေ့လာ လာရပါတော့တယ်။ အဲဒီ လူ့အပြုအမူတွေထဲမှာ လူ့ရဲ့စိတ်ဆန္ဒဟာ အရေးကြီးတဲ့အစိတ်အပိုင်းက ပါနေလေတော့ ဒီအပြုအမူတွေကို ပေါ်ပေါက်လာစေတဲ့ စိတ်ဆန္ဒဟာ ဘာဖြစ်လို့ပေါ်လာရသလဲဆိုတဲ့ စိတ်ပိုင်းဆိုင်ရာကိုပါ လေ့လာလာရပါတော့တယ်။ ဒီမှာတင် လေ့လာသူနဲ့ အလေ့လာခံရသူတို့ရဲ့ ဆက်ဆံရေးပြဿနာ ပေါ်ပေါက်လာ ရတော့တယ်။ ဒီလေ့လာသူနဲ့ အလေ့လာခံရသူတို့ရဲ့ ဆက်ဆံရေးဟာ ဘယ်သိပ္ပံပညာရပ်တွေမှာမှမရှိဘဲ သမိုင်းနဲ့ လူမှုသိပ္ပံပညာရပ်တွေမှာပဲရှိပါတယ်။ ဒါဟာ သမိုင်းနဲ့လူမှုသိပ္ပံပညာရပ်များရဲ့ ကိုယ်ပိုင်ထူးခြားချက်ပဲ ဖြစ်ပါတယ်။

မြန်မာစာအုပ်တိုက်

www.burmeseclassic.com



သမိုင်းကိုလေ့လာတိုင်း၊ လူတွေကိုလေ့လာတိုင်း၊ လေ့လာသူရဲ့ရှုထောင့်၊ သမိုင်းဆရာရဲ့ ရှုထောင့်ဟာ ပါလာရတော့တယ်။ သမိုင်းဆိုတာ ဟာနိုင်းယှဉ် ဆက်သွယ်မှုတွေနဲ့ ပြည့်နှက်နေတဲ့အရာပါပဲ။ သမိုင်းဆရာ ကားလ်မန်းဟိမ်းရဲ့ စကားနဲ့ပြောရရင် 'အတွေအကြုံများကို ပေါင်းချုပ်၊ စုစည်း၊ စီစဉ်ထားတဲ့ ပစ္စည်းများသည်ပင်လျှင် လေ့လာသူ၏ လူမှုအနေအထား၊ ရပ်တည်ချက်ကို လိုက်ပြီးပြောင်းလဲနေတယ်' လို့ပြောနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုပြောလိုက်တဲ့အတွက် လူမှုသိပ္ပံပညာရှင်တွေရဲ့ ဆန္ဒကတိ (ဘက်လိုက်မှု) ဟာ သူ့ရဲ့ လေ့လာမှုတိုင်း၊ အမြင်တိုင်းမှာ ပါနေတယ်လို့မပြောနိုင်ပါဘူး။ လေ့လာမှုဖြစ်စဉ်ဟာ အလေ့လာခံရတဲ့အရာကို ပြုပြင်ပြောင်းလဲသွား၊ တစ်နည်းတစ်ဖုံ အကျိုးသက်ရောက်သွားစေတယ်ဆိုတာကတော့ အမှန်ပဲ။ ပြောင်းလဲသွားစေနိုင်တဲ့ နည်းနှစ်နည်းကို ကျွန်တော်တင်ပြပါ့မယ်။ ကျွန်တော်တို့လေ့လာနေတဲ့ပစ္စည်းဟာ လူ့ရဲ့အပြုအမူ ဖြစ်တယ်။ ဒါကြောင့် မိမိတို့မလိုလားတဲ့ ရလာဒ်များကို ပေါ်ပေါက်စေနိုင်တယ်လို့ လေ့လာသူများက ကြိုတင်နိမိတ်ဖတ်တဲ့အခါ၊ သတိပေးတဲ့ အခါများမှာ လူ့ရဲ့ အပြုအမူများဟာ ပြောင်းလဲသွားတတ်တယ်။ သမိုင်းသိစိတ်ရှိတဲ့ လူများကြားမှာ သမိုင်းဟာ နောက်တစ်ခါ ထပ်မဖြစ်တော့တာဟာ တခြားကြောင့်မဟုတ်ဘူး။ သမိုင်းဇာတ်ဆောင်များကိုယ်တိုင်က ပထမဇာတ်မျိုး ပြန်ဖြစ်တော့မယ်ဆိုတာကို သိလို့ သိစိတ်ရှိရှိနဲ့ ရှောင်ရှားနိုင်ခဲ့ခြင်း ကြောင့်ဖြစ်တယ်။

ပြင်သစ်တော်လှန်ရေးကြီးဟာ နပိုလီယံတစ်ယောက်ကို မွေးဖွားခြင်းနဲ့ အဆုံးသတ်သွားတယ်ဆိုတာကို ရုရှားဘော်လ်ရှီဗစ်တွေ သိခဲ့ကြပြီး သူတို့ ရုရှားတော်လှန်ရေးကြီးဟာလဲ ဒီလို ဖြစ်သွားမှာကို စိုးရိမ်ခဲ့ကြတယ်။ ဒါကြောင့် သူတို့ ခေါင်းဆောင်တွေထဲမှာ နပိုလီယံနဲ့ အတူဆုံးဖြစ်တဲ့ **ထရော့စကီ**[1] ကို မယုံမကြည်ဖြစ်ခဲ့ကြပြီး နပိုလီယံနဲ့အတူအနည်းဆုံးဖြစ်တဲ့ **စတာလင်**[2] ကို ယုံကြည်ခဲ့ကြခြင်းဖြစ်တယ်။ ဒါပေမယ့် ဒီလို ကြိုတင်နိမိတ်ဖတ်တဲ့အတွက် လူ့ရဲ့ အပြုအမူတွေဟာ လိုတဲ့ရလဒ်ကိုမဖြစ်စေဘဲ ပိုပြီးဆိုးတဲ့ရလဒ်တွေကို ဖြစ်စေနိုင်တဲ့အခါတွေလည်း ရှိတတ်ပါသေးတယ်။

လက်ရှိ စီးပွားရေးအခြေအနေများကို ခြုံငုံသုံးသပ်ပြီးတဲ့နောက် ဘောဂဗေဒပညာရှင်တစ်ဦးက မကြာမီမှာပဲ စီးပွားပျက်ကပ်ကြီးတစ်ခု ဆိုက်မယ်။ ဒါမှမဟုတ် စီးပွားရေး စန်းပွင့်မှုကြီးတစ်ခု ပေါ်လာလိမ့်မယ်လို့ကြိုတင်နိမိတ်ဖတ်လိုက်တယ်ဆိုပါတော့။ သူကလည်း အင်မတန်ကို ကျွမ်းကျင်တဲ့ ဘောဂဗေဒပညာရှင်ကြီး ဖြစ်ပြီး သူ့ဟောကိန်းတွေကလည်း ခိုင်မာနေတယ်ဆိုပါတော့။ အဲဒီလိုအခါမျိုးမှာ

1. Trosky. 2. Stalin





သူ့နိမိတ်ဖတ်ချက် ကြောင့်ပင်လျှင် အဖြစ်အပျက်များဟာ တစ်မျိုးပြောင်းသွားပြီး သူပြောတဲ့အတိုင်း ဖြစ်သွားတတ်တာမျိုးတွေလည်း ရှိတတ်သေးတယ်။ သမိုင်းအတွေ့အကြုံကြွယ်ဝတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်တစ်ယောက်က သူ့သမိုင်းလေ့လာ ချက်တွေကို အခြေခံပြီး အာဏာရှင်စနစ်တစ်ခုဟာ ခဏသာ တည်မယ်ဆိုတဲ့ ယုံကြည်ချက်ကို သွတ်သွင်းနိုင်ခဲ့တဲ့အတွက် အဲဒီအာဏာရှင်စနစ် ကျဆုံးမှု မြန်ဆန်သွားတာလည်း ရှိတတ်တယ်။ ရွေးကောက်ပွဲမှာ အမတ်လောင်းတွေ လုပ်ကြကိုင်ကြတာကို ခင်ဗျားတို့လည်း မြင်ဖူးကြသားပဲ၊ ကိုယ်အနိုင်ရရမယ်လို့ ကြိုတင်နိမိတ်ဖတ်ပြီး နိမိတ်ဖတ်တဲ့အတိုင်းလည်း နိုင်အောင်လုပ် သွားခဲ့ကြတာတွေ တွေ့ဖူးကြတယ် မဟုတ်လား။

ဘောဂဗေဒပညာရှင်၊ လူမှုသိပ္ပံပညာရှင်တွေနဲ့သမိုင်းပညာရှင်တွေဟာ တကယ်လို့များ နိမိတ်ဖတ်ချက်တွေ ထုတ်ခဲ့ကြရင် သူတို့နိမိတ်ဖတ်တဲ့အတိုင်း မြန်မြန်ဖြစ်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်မျိုး မသိမသာ ရှိနေတတ်တယ်လို့လည်း တချို့က ထင်တတ်ကြပါသေးတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဒီဆန်းကြယ်တဲ့ ဆက်ဆံရေး(သမိုင်းဆရာနဲ့သမိုင်း၊ သို့မဟုတ် လေ့လာသူပညာရှင်နဲ့ လေ့လာခံ သမိုင်းဖြစ်ရပ်များ) မှာပြောနိုင်တာ တစ်ခုတော့ရှိပါတယ်။

အဲဒါကဘာလဲဆိုတော့ လေ့လာသူနဲ့လေ့လာခံပစ္စည်း၊ လူမှုသိပ္ပံပညာရှင်နဲ့ အခြေခံအချက်များ၊ သမိုင်းပညာရှင်နဲ့သမိုင်းအချက်အလက် များကြားက ဆက်ဆံရေး စဉ်ဆက်မပြတ် ရှိနေတယ်။ အမြဲတမ်းပြောင်းလဲနေတယ်ဆိုတဲ့ အချက်ပါပဲ။ ဒီအချက်ဟာ သမိုင်းပညာရပ်ရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာပါပဲ။ ဒီအချက်ဟာဖြင့် လူမှုသိပ္ပံပညာရဲ့ ထူးခြားတဲ့ဝိသေသလက္ခဏာပါပဲ။

မကြာသေးမီ နှစ်များတုန်းက ရူပဗေဒပညာရှင်တချို့က သူတို့ရဲ့ သဘာဝသိပ္ပံပညာအကြောင်းကို ပြောသွားရာမှာ သူတို့ရဲ့ရုပ်စကြာဝဠာကြီးနဲ့ သမိုင်းဆရာရဲ့လောကဟာ တူသယောင်ယောင်ပြောသွားတာကို ကျွန်တော် သတိပြုလိုက်မိပါတယ်။ ပထမအချက်အားဖြင့် သူတို့တွေ့ရှိရတဲ့ ရလဒ်များဟာ မသေချာတဲ့သဘော၊ အနေကန့်သဘောကို ဆောင်တယ်လို့ပြောသွားတယ်။ (နောက်ပိုင်းကျရင် သမိုင်းမှာ အနေကန့်သဘောလို့ခေါ်ကြတဲ့ မသေချာမှုကို ကျွန်တော်ဆက်ဆွေးနွေးပါ့မယ်။) ဒါပေမယ့် ခေတ်သစ်ရူပဗေဒမှာ ကြုံတွေ့နေရတဲ့ အနေကန့်သဘော (မသေချာတဲ့ သဘော) ဟာ စကြာဝဠာကြီးရဲ့ သဘာဝ ကိုယ်နှိုက်က အနေကန့်သဘောဆောင်လို့လား၊ ဒါမှမဟုတ် ကျွန်တော်တို့ကိုယ်နှိုက်ကပဲ စကြာဝဠာကြီးရဲ့ သဘာဝကို နားလည်သိမြင်ရာမှာ မပြည့်စုံသေးလို့လား ဆိုတာကို စူးစမ်းဖို့လိုပါတယ်။ (ဒီအချက်ကို အခုထိ အငြင်းပွားနေတုန်းပဲ ရှိပါသေးတယ်။) ကျွန်တော်ကတော့



www.burmeseclassic.com

www.burmeseclassic.com

သဘာဝသိပ္ပံပညာနဲ့ သမိုင်းပညာရပ်တို့ကြားမှာ ထင်ရှားတဲ့ တူညီချက်ကြီးတွေ ရှိနေတယ်ဆိုတာကိုတော့ ခုတိုင်သံသယ ဖြစ်နေပါသေးတယ်။

ဒုတိယအချက်အားဖြင့် ခေတ်သစ်ရူပဗေဒမှာ 'လေ့လာသူ' ရဲ့ အနေအထား ရွေ့လျောမှုကိုလိုက်ပြီး ဟင်းလင်းပြင်အကွာအဝေးနဲ့အချိန်ကာလ အတိုအရှည်တို့ဟာ စကားပြောတတ်တယ်။ ခေတ်သစ် ရူပဗေဒမှာ 'လေ့လာသူ' နဲ့ 'လေ့လာခံပစ္စည်း' တို့ရဲ့ကြားမှာ ပုံသေအမှတ်ကို မထူထောင်နိုင်ခဲ့တဲ့ အတွက် အတိုင်းအတာ အကွာအဝေးဟာ ပုံသေမဟုတ်ဘဲ အမြဲတမ်း ရွေ့လျားပြောင်းလဲနေခဲ့တယ်။ ဒါကြောင့် သူတို့နှစ်ခုရဲ့ဆက်ဆံရေးဟာ သမိုင်းဆရာနဲ့သမိုင်း ဆရာလေ့လာတဲ့ ပစ္စည်းတို့ကြားက ဆက်ဆံရေးနဲ့မတူဘူး။ ရူပဗေဒပညာရှင်နဲ့စကြာဝဠာကြီးတို့ဆက်ဆံရေးဟာ သမိုင်းဆရာနဲ့သူ့အချက်အလက်တွေရဲ့ ဆက်ဆံရေးနဲ့နှိုင်းယှဉ်လို့မရနိုင်ဘူး။ သမိုင်းပညာရှင်နဲ့သိပ္ပံပညာရှင်တို့ရဲ့ သူတို့ပြဿနာများကို ချဉ်းကပ်ပုံ ခြားနားနေကြတာကို မှုအားဖြင့် ကျဉ်းပစ်ချင်တဲ့ လူတွေထဲမှာ ကျွန်တော်ပါပါတယ်။ ကျယ်အောင်လုပ်ချင်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ခုနဲ့တစ်ခု မတူဘဲနဲ့တူသယောင် လုပ်တာမျိုးကိုတော့ ကျွန်တော် လက်မခံ နိုင်ပေဘူး။

လူမှုသိပ္ပံပညာရှင်နဲ့သမိုင်းပညာရှင်တို့သူတို့လေ့လာတဲ့ အရာဝတ္ထုတွေထဲမှာ ရောနှောပါဝင်နေပုံဟာ သဘာဝသိပ္ပံပညာရှင်တွေ သူတို့လေ့လာတဲ့ ပစ္စည်းတွေ ထဲမှာရော ရောနှောပါဝင်နေပုံနဲ့ခြားနားပါတယ်။ လေ့လာသူနဲ့အလေ့လာခံပစ္စည်းတို့ရဲ့ ဆက်သွယ်မှုက ပေါ်ပေါက်လာတဲ့ ပြဿနာများဟာလည်း အလွန်တရာရှုပ်ထွေး ပါတယ်။ ဒါတွင်မကသေးပါဘူး၊ ၁၇ရာစု၊ ၁၈ရာစုနဲ့ ၁၉ရာစုနှစ်များမှာ ပေါ်ပေါက်ခဲ့တဲ့ **သိမြင်မှုနဲ့ပတ်သက်တဲ့ သဘောတရား**[1] များအားလုံးဟာ သိအောင်လုပ်တဲ့ ကတ္တားပိုင်းနဲ့အသိခံကမ္မပိုင်း (လေ့လာသူနဲ့လေ့လာခံပစ္စည်း) တို့ နှစ်ခုကြားမှာ ကြီးမားတဲ့ ကွာဟချက်ကြီးတွေရှိကြောင်း လက်ခံခဲ့ကြပါတယ်။ ဖြစ်စဉ်တွေ ဘယ်လိုပဲရှိရှိ ဒဿနဆရာများက တည်ဆောက်ခဲ့တဲ့ ပုံစံများထဲမှာ ကတ္တားပိုင်းနဲ့ ကမ္မပိုင်း၊ လေ့လာသူနဲ့အလေ့လာခံပစ္စည်း၊ လူနဲ့ရုပ်ကမ္ဘာလောကကြီးကို ခွဲခြား ထားခဲ့ကြပါတယ်။

ခု ကျွန်တော်တို့ခေတ်ဟာ သိပ္ပံပညာမွေးဖွားတိုးတက်နေတဲ့ ခေတ်ကြီးဖြစ်ပါတယ်။ သိမြင်မှုဆိုင်ရာ သဘောတရားများဟာ ခေတ်ဦးသိပ္ပံပညာရှင်ကြီးရဲ့ အမြင်တွေ လွှမ်းမိုးနေပါတယ်။ လူဟာ ပြင်ပကမ္ဘာလောကကြီးနဲ့တခြားစီဖြစ်နေပါတယ်။ လူဟာ ပြင်ပကမ္ဘာ လောကကြီးကို ဆန်းကြယ်ရှုပ်ထွေးတဲ့ အရာကြီးအဖြစ်၊ မိမိတို့ အန္တရာယ်ပေးနိုင်တဲ့ ပစ္စည်းကြီးအဖြစ် ကိုင်တွယ်ခဲ့ပါတယ်။ ပြင်ပကမ္ဘာ လောကကြီးဟာ

1.Theory of Knowledge





နားလည်ဖို့ခက်ခဲတဲ့အတွက် နက်နဲခက်ခဲတယ်လို့ယူဆခဲ့ကြပါတယ်။ ပြင်ပကမ္ဘာ လောကကြီးကိုပိုင်နိုင်ဖို့ခက်ခဲတဲ့အတွက် မိမိကို ရန်ပြုတဲ့သဘောရှိတယ်လို့ ယူဆ ခဲ့ကြတာ ဖြစ်ပါတယ်။ ခေတ်သစ်သိပ္ပံပညာရဲ့အောင်မြင်မှုတွေ ပေါ်ပေါက်လာတဲ့ အခါမှာတော့ သိပ္ပံပညာ ပေါ်ဦးစက အဲဒီအမြင်ဟာ အခြေခံကစပြီး ပြောင်းလဲ သွားခဲ့ပါပြီ။ ဒီနေ့သိပ္ပံပညာရှင်များဟာ သဘာဝအင်အားစုများကို ထိခိုက်စရာ အင်အားစုများရယ်လို့ မမြင်ကြတော့ဘဲ ပူးပေါင်းဆောင်ရွက်စရာ၊ မိမိ၏ရည်မှန်းချက် များအတွက် ဇက်ကြိုးတပ်စရာရယ်လို့ယူဆနေကြပါပြီ။

ရှေးကပေါ်ခဲ့တဲ့ သိမြင်မှုဆိုင်ရာ ဂန္ထဝင်သဘောတရားဟာ နောက်ပေါ်သိပ္ပံပညာရပ် များနဲ့ကိုက်ညီခြင်းမရှိတော့ပါဘူး။ ခေတ်သစ်ရူပဗေဒ သိပ္ပံပညာရပ်တွေနဲ့တော့ မပြောနဲ့တော့။ လွန်ခဲ့တဲ့ နှစ်ပေါင်း၅၀ဆယ်ကျော်လောက်တုန်းက သိပ္ပံပညာရှင်များ၊ ဒဿနပညာရှင်များဟာ ဒီပြဿနာကို စဉ်းစားခဲ့ကြပြီး ကတ္တားပိုင်းနဲ့ကမ္မပိုင်း (ပြုလုပ်သူနဲ့ပြုလုပ်ခြင်းခံရသူ) တို့ကို ခွဲခြားခြင်းမပြုခဲ့ရုံမျှမက သိမြင်မှုဖြစ်စဉ်ဟာ အဲဒီနှစ်ခုရဲ့ အပြန်အလှန်ဆက်သွယ်မှု၊ အဲဒီနှစ်ခုရဲ့ အပြန်အလှန် မှီခိုမှုလို့အသိအမှတ် ပြုခဲ့ကြပါတယ်။ ဒါပေမယ့် လူမှုသိပ္ပံပညာရပ်များမှာတော့ ဒီအချက်ဟာ အလွန့်ကိုအရေးကြီးပါတယ်။ ယခင် ကျွန်တော်တို့ပို့ချချက်တစ်ခုမှာတုန်းက သမိုင်းကို လေ့လာမှုဟာ သိမြင်မှုဆိုင်ရာ သမားရိုးကျ အတွေ့အကြုံဝါဒ သဘောတရားနဲ့ ညှိလို့ မရဘူးလို့ပြောခဲ့ဖူးပါတယ်။ သမိုင်းတွင်မကဘူး လူမှုသိပ္ပံပညာ တစ်ရပ်လုံးဟာလည်း ကတ္တားပိုင်းနဲ့ကမ္မပိုင်း (ပြုလုပ်သူနဲ့ပြုလုပ်ခြင်းခံရသူ) တို့ကို တခြားစီ ခွဲခြားထားတဲ့ ဘယ်သိမြင်မှုဆိုင်ရာ သဘောတရားနဲ့ညှိလို့မရဘူးလို့ထပ်လောင်း ပြောချင်ပါတယ်။

လူမှုသိပ္ပံပညာဟာ လူကိုပြုလုပ်သူအနေနဲ့ရော၊ ပြုလုပ်ခံရသူ အနေနဲ့ရော၊ စူးစမ်းလေ့လာသူ အနေနဲ့ရော၊ စူးစမ်းလေ့လာခံရသူ အနေနဲ့ရော သဘောထားတဲ့ ပညာရပ်တစ်ခု မဟုတ်လား။ မိမိကိုယ်ပိုင်ဖြစ်တဲ့ ရှေ့နောက်ညီညွတ်တဲ့ အယူအဆ တစ်ရပ်ကို ထူထောင်ဖို့ကြိုးစားတဲ့ အနေနဲ့လူမှုဝိဇ္ဇာပညာဟာ သိမြင်မှုဆိုင်ရာ လူမှုဝိဇ္ဇာလို့ခေါ်တဲ့ ပညာရပ်တစ်ရပ်ကို ထူထောင်ခဲ့တယ်။

ဒါပေမယ့် သိပ်တော့ ကျယ်ကျယ်ပြန့်ပြန့်မရှိလှသေးဘူး။ ကျယ်ကျယ်ပြန့်ပြန့် မရှိရတဲ့ အကြောင်းကတော့ အဲဒီပညာရပ်ဟာ သိမြင်မှုဆိုင်ရာ သမားရိုးကျ သဘောတရားရဲ့ လှောင်အိမ်ထဲက လွတ်အောင် ရုန်းမထွက်နိုင်သေးလို့ထင်တာပဲ။ တကယ်လို့သာ လူမှုဝိဇ္ဇာပညာရဲ့ ဒဿနပညာရှင်များက ခေတ်သစ်သဘာဝ သိပ္ပံပညာနဲ့ခေတ်သစ်လူမှုသိပ္ပံပညာတွေရဲ့ အရှိန်အဝါအောက်မှာ ဒီလှောင်အိမ်ကို ချိုးဖျက်ပြီး သိမြင်မှု ဖြစ်စဉ်နဲ့ပတ်သက်လို့ခေတ်မီတဲ့ ပုံစံတစ်ခုကို တည်ဆောက် ပြနိုင်မယ်ဆိုရင်တော့ လူမှုသိပ္ပံပညာရပ်နဲ့အတူးသဖြင့် သမိုင်းပညာရပ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကောင်းတဲ့ နိမိတ်တစ်ခုလို့ ဆိုရပေတော့မှာပဲ။ သမိုင်းရဲ့ဒိဋ္ဌဓမ္မကျမှုအကြောင်းကို နောက်ပြောတဲ့အခါမှာ ဒီအချက်ဟာ အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်တယ်ဆိုတာကို တွေ့လာရပါလိမ့်မယ်။

နောက်ဆုံးအားဖြင့် သမိုင်းပညာရပ်ဟာ ယေဘုယျအားဖြင့် သဘာဝသိပ္ပံပညာရပ်နဲ့သော်လည်းကောင်း၊ အခြားသော လူမှုသိပ္ပံပညာရပ် နဲ့သော်လည်းကောင်း ကွဲပြားခြားနားတယ်ဆိုတဲ့ အယူအဆကို ကျွန်တော်ဆွေးနွေးချင်ပါတယ်။ သမိုင်းဟာ ဘာသာတရားဆိုင်ရာပြဿနာ၊ လူ့ကျင့်ဝတ်ဆိုင်ရာပြဿနာတို့ပါဝင်နေတဲ့အတွက် အခြားသော လူမှုသိပ္ပံပညာရပ်များနဲ့မတူ ကွဲပြားခြားနားနေပါတယ်။ သမိုင်းနဲ့ ဘာသာတရား ဆက်စပ်ပုံကိုတော့ ကျွန်တော်တင်ပြချက် ရှင်းလင်းရဲ့ အနည်းငယ်ပဲ ဖော်ပြပါမယ်။ လေးနက်တဲ့ နက္ခတ္တဗေဒ[1] ပညာရှင်တစ်ယောက်ဖြစ်ဖို့အတွက် ဘုရားသခင်ကို ယုံကြည်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ဟာ စကြာဝဠာကြီးကို ဖန်တီးသူပေကိုး။ ဒါပေမယ့် ဂြိုလ်တစ်ခုရဲ့ လမ်းကြောင်းကို ပြောင်းပစ်ဖို့၊ လကြတ် နေကြတ်တာကိုရက်ရွှေ့ဖို့၊ စကြဝဠာ ကစားပွဲကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို ပြောင်းလဲမစ်ဖို့အတွက် ဘုရားသခင်ဟာ သူ့အလိုတော်အတိုင်း လုပ်နိုင်တယ်လို့ယူဆရင်တော့ မသင့်ပေဘူးပေါ့။ အလားတူပဲ လေးနက်တဲ့ သမိုင်းဆရာတစ်ယောက်ဟာ သမိုင်းလမ်းကြောင်းကြီးတစ်ခုလုံးကို ဗျာဒိတ်ပေးနေတဲ့၊ ဒါမှမဟုတ် အဓိပ္ပာယ်ရှိအောင်လုပ်ပေးနေတဲ့ ဘုရားသခင်တစ်ပါးရှိတယ်ဆိုတာကို ယုံသင့်တယ်လို့တစ်ခါတစ်ရံမှာ ပြောတတ်ကြတယ်။ ပြောလို့သာ ပြောရတယ်၊ အာမယ်လေခိုက် လူမျိုးတွေကိုသတ်ဖို့ဝင်ရောက်စွက်ဖက်တဲ့ သမ္မာဟောင်းကျမ်းစာမှာပါတဲ့ ဘုရားသခင်မျိုး၊ ဂျိုရှူဝါရဲ့ တပ်မတော်အနိုင်ရဖို့အတွက် နေ့တာကိုရှည်အောင် ပြက္ခဒိန်ကိုလှည့်စားပြီးပြောင်းတဲ့ သမ္မာကျမ်းစာဟောင်းထဲက ဘုရားသခင်မျိုးကို ကျတော့လည်း သူတို့ယုံကြည်တာမဟုတ်ဘူး။ သမိုင်းအဖြစ်အပျက် တစ်စုံတစ်ခုဟာ ဘုရားသခင်ရဲ့ ဗျာဒိတ်တော်ကြောင့် ဖြစ်လာတာလားလို့ယုံသလားဆိုရင် ဒီလို ကျတော့လည်း ယုံတာမျိုးမဟုတ်ဘူး။ ဒီအကြောင်းနဲ့ပတ်သက်လို့ ဘုန်းတော်ကြီးဒါစီ[1] ကမကြာခင်ကရေးသား ထုတ်ဝေခဲ့တဲ့ သူ့ရဲ့ကျမ်းတစ်စောင်ထဲမှာ ဒီလိုရေးခဲ့ပါတယ်။

'သမိုင်းတွင်ဖြစ်ခဲ့သမျှသော အဖြစ်အပျက်တို့သည် ဘုရားသခင်၏ အလိုတော်အတိုင်းဖြစ်ကြရသည်ဟု ပြော၍မဖြစ်သေးချေ။ လောကီကိစ္စရပ်များ အားလုံးနှင့် လောကီထုပ္ပတ် လူတို့ဇာတ်အားလုံးတို့ကို နောက်ဆုံးရှင်းလင်း ဖွင့်ဆိုပြသည့် ကိစ္စမျိုးတွင်သာလျှင် ကျွန်ုပ်တို့အဖို့ဘုရားသခင်အလိုတော်ကျ ဖြစ်ရသည်ဟု ပြောနိုင်ပေသည်' လို့ရေးခဲ့ပါတယ်။

1. d' Arcy





လူသာရီယာန် ခရစ်ယာန်ဂိုဏ်းက ဘာသာရေးတွေးခေါ်ရှင်တစ်ဦး ဖြစ်တဲ့ ကားလ်ဘာ့သ်[1] ကတော့ သူ့ထက်ပိုပြီးရှင်းပါတယ်။ လောကုတ္တရာသမိုင်းနဲ့ လောကီသမိုင်းကို ပြတ်ပြတ်သားသားကြီး စည်းခြားထားလိုက်ပါတယ်။ ကျွန်တော်နားလည်တဲ့ အတိုင်းသာမှန်ရင် ပါမောက္ခ ဘတ်တာဖီး[2] ပြောတဲ့ တက္ကနီကယ်ဟစ္စရီ[3] 'လက်တွေ့အပိုင်း' ဆိုတာမျိုးဟာ ဒါမျိုးပဲ ဖြစ်မှာပဲလို့ကျွန်တော်ထင်ပါတယ်။ တကယ်ကတော့ ခင်ဗျားတို့ကျွန်တော်တို့ရေးချင်တဲ့ သမိုင်းမျိုးဟာ သူပြောတဲ့ 'လက်တွေ့သမိုင်း' မျိုးဖြစ်ပါတယ်။ သူကိုယ်တိုင်လည်း ဒါမျိုးရေးနဲ့ဖူးပါတယ်။ ဒါပေမယ့် ပါမောက္ခဘတ်တာဖီးဟာ ဒီလိုစကားလုံးကို သုံးလိုက်တဲ့အတွက် အခြားတစ်ဘက်မှာရှိတဲ့ လောကုတ္တရာဝင်သမိုင်း၊ ဗျာဒိတ်ရ သမိုင်းမျိုးကို ယုံကြည်တာမျိုးရှိနေသလားတော့ မပြောတတ်ဘူး။ ကျွန်တော်တို့ကတော့ အဲဒီလို လောကုတ္တရာဝင်သမိုင်းတွေ၊ ဗျာဒိတ်ရ သမိုင်းတွေကို တယ်ပြီး စိတ်မဝင်စားလှဘူး။

ဘာဒီယက်[4]၊ နီဘား[5]၊ မာရီတိန်း[6]၊ စတဲ့ သမိုင်းဆရာများက သမိုင်းမှာ ကိုယ်တိုင်သီးခြားအဆင့်အတန်းရှိတယ်ဆိုတဲ့အချက်ကို ယုံကြည်ကြပုံရှိပေမယ့်၊ သမိုင်းရဲ့နောက်ဆုံးပန်းတိုင်၊ သမိုင်းရဲ့ အဆုံးစွန်ရည်မှန်းချက်ဟာ သမိုင်းအပြင်ဘက်မှာ ရှိတယ်လို့ယူဆကြပုံရတယ်။ ကျွန်တော်တစ်ဦးတည်း သဘောကို ပြောရရင်တော့ သမိုင်းဟာ သမိုင်းလွန်အင်အား[7] စုတစ်စုရဲ့ အောက်မှာရှိတယ်ဆိုတာကို မယုံကြည်ဘူး။ အဲဒီ သမိုင်းလွန်အင်အားစုဟာ အရွေးချယ်ခံလူမျိုးတစ်စုရဲ့ ဘုရားသခင်လို့ပဲပြောပြော၊ ခရစ်ယာန်ဘုရားသခင်တစ်ပါးလို့ပဲပြောပြော၊ ဟီဂဲလ်ပြောတဲ့ ထာဝရဝိညာဉ်လို့ပဲပြောပြော ကျွန်တော်ကတော့ သမိုင်းရဲ့ အဆုံးစွန်မှာ သမိုင်းလွန်အင်အားစုတစ်စုရှိတယ်ဆိုတာကို မယုံကြည်ဘူး။ သမိုင်းဆရာဟာ အဲဒီအင်အားစုတွေကို အားမကိုးဘဲ သမိုင်းပြဿနာတွေကို ဖြေရှင်းရမယ်လို့ပဲ ယုံကြည်တယ်။

သမိုင်းနဲ့ကိုယ်ကျင့်တရားဆက်သွယ်နေပုံနဲ့ပတ်သက်လို့ကတော့ ပိုပြီးတောင် ရှုပ်ထွေးပါသေးတယ်။ လွန်ခဲ့တဲ့ ကာလများတုန်းက သမိုင်းနဲ့ကိုယ်ကျင့်တရား ပြဿနာကို ဆွေးနွေးကြတဲ့အခါမှာ အရှုပ်အထွေးတွေ၊ ဝိဝါဒတွေ အများကြီး ပေါ်ပေါက်ခဲ့တယ်။ သူရေးနေတဲ့ သမိုင်းထဲက ဇာတ်ဆောင်တွေရဲ့ ကိုယ်ရေးကိုယ်တာဘဝနဲ့ပတ်သက်လို့သမိုင်းဆရာက စီရင်ချက်ချဖို့အဆုံးအဖြတ်ပေးဖို့မလိုဘူးဆိုတာ ဒီနေ့ခေတ်မှာ ပြောစရာတောင် မလိုတော့ပါဘူး။ သမိုင်းဆရာဟာ စရဏဆရာ၊ နီတိဆရာမဟုတ်ဘဲ၊ တခြားစီပဲ။ ဆဋ္ဌမမြောက် ဟင်နရီဘုရင်ဟာ လင်ဆိုးတစ်ယောက်ဖြစ်ပြီး မင်းကောင်းတစ်ပါးဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် သမိုင်းဆရာက သူလင်ဆိုး

1. Karl Berth. 2. Butterfield. 3. Technical History. 4. Berdyaev. 5. Niebuhr. 6. Maritain. 7. super historical force



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကို စိတ်ဝင်စားတယ်ဆိုရင် လင်ဆိုးဖြစ်တဲ့အတွက် သမိုင်းအဖြစ်အပျက်တွေမှာ ဘယ်လောက်ထိခိုက်မှုရှိသလဲ မရှိဘူးဆိုတာကို ကြည့်ပြီး စိတ်ဝင်စားတာမျိုးပဲ ဖြစ်ရလိမ့်မယ်။ ဒုတိယမြောက် ဟင်နရီဘုရင်လို သူ့ရဲ့အကျင့်ပျက်မှုဟာ ပြည်သူ့ကိစ္စများမှာ ထိခိုက်ခြင်းမရှိဘူးဆိုရင် သမိုင်းဆရာဟာ သူ့အကျင့်ပျက်တာကို ထည့်သွင်းစဉ်းစားစရာမလိုပါဘူး။ အကျင့်ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဒီအတိုင်းပဲ သဘောထားရမှာပဲ။

ပတ်စချာနဲ့အိုင်းစတိုင်းတို့ဟာ သူတို့ရဲ့ကိုယ်ရေးကိုယ်တာ ဘဝမှာစံပြပုဂ္ဂိုလ်တွေ၊ သူတော်စင်တွေလို့တောင် ပြောကြပါတယ်။ ဒါပေမယ့် သူတို့တတွေဟာ သစ္စာမဲ့တဲ့လင်၊ ရက်စက်တဲ့ဖခင်၊ စည်းမရှိတဲ့မိတ်ဆွေတွေဖြစ်တော့ကော ဘာဖြစ်သလဲ။ သူတို့ရဲ့ သမိုင်းတွင်လောက်တဲ့ အောင်မြင်မှုကြီးတွေ ပဲ့ကျသွားရမှာလား။ သမိုင်းဆရာဟာ မဆိုင်ရာမှာ ဝင်ရှုပ်နေတယ်။ စတာလင်ဟာ သူ့ဒုတိယမယားအပေါ်မှာ တော်တော်ရက်စက်ကြမ်းကြုတ်ပြီး တော်တော်ဆိုးခဲ့တယ်လို့ဆိုကြတယ်။ ဒါပေမယ့် ဆိုဗီယက်ရေးရာ သမိုင်းဆရာတစ်ယောက်အနေနဲ့ပြောရရင် ကျွန်တော် အဖို့တော့ ဒါတွေက သိပ်အရေးမကြီးလှပါဘူး။ ဒီလိုပြောတဲ့အတွက် ကိုယ်ရေးကိုယ်တာ စာရိတ္တဘာရားဟာ အရေးမကြီးဘူးလို့ကျွန်တော်ပြောတာ မဟုတ်ဘူး။ ကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့ သမိုင်းဟာ သမိုင်းမှာပါသင့်ပါထိုက်တဲ့ အစိတ်အပိုင်းမဟုတ်ဘူးလို့ ကျွန်တော် ပြောလိုတာ မဟုတ်ဘူး။ သမိုင်းဆရာဟာ သူရေးနေတဲ့ သမိုင်းစာမျက်နှာတွေပေါ်မှာ ပါတဲ့ သမိုင်းဝင်ပုဂ္ဂိုလ်တို့ရဲ့ ကိုယ်ရေးကိုယ်တာ စာရိတ္တနဲ့ပတ်သက်လို့ စီရင်ဆုံးဖြတ်စရာ မလိုပါဘူး။ သူ့မှာ သည့်ပြင်လုပ်စရာတွေ အများကြီးရှိတယ်။

(ကိုယ်ရေးကိုယ်တာဘဝတွင်မကဘဲ) အများဆိုင်ရာလုပ်ဆောင်ချက်တွေနဲ့ ပတ်သက်လို့ပါ ကိုယ်ကျင့်တရား ဆုံးဖြတ်ချက်တွေပေးတဲ့ကိစ္စတွေမှာတော့ပိုပြီးတောင် အရှုပ်အထွေးတွေ ဝိဝါဒတွေ များပါသေးတယ်။ ကိုယ့်ဇာတ်ဆောင် (ရာဇဝင်ပုဂ္ဂိုလ်) အပေါ်မှာ ကိုယ်ကျင့်တရားနဲ့ပတ်သက်လို့စီရင်ချက်ချရမယ်ဆိုတဲ့ အယူအဆဟာ တော်တော်လေးကို သက်တမ်းရှည်ခဲ့လှပါပြီ။ အထူးသဖြင့် ဒီအယူအဆဟာ ဆယ့်ကိုးရာစု ဗြိတိန်ပြည်မှာ အတော့်ကို အားကောင်းခဲ့ပါတယ်။ အဲဒီခေတ်တုန်းက အရာရာကို ကိုယ်ကျင့်တရားစံနဲ့ချိန်ထိုးကြည့်တဲ့ အလေ့ကလည်း ထွန်းကား၊ ပုဂ္ဂိုလ်ကိုးကွယ်ဆည်းကပ်မှုကလည်း အားကြီးတော့ ဒီအယူအဆဟာ၊ ဗြိတိန်မှာ သိပ်ကိုလွှမ်းမိုးခဲ့ပါတယ်။ သမိုင်းဆရာ ရိုစ်ဘယ်ရီ[1] က နပိုလီယန် အကြောင်း အင်္ဂလိပ်လူမျိုးတွေသိချင်တယ်ဆိုတာက အခြားမဟုတ်ဘူး။ သူ လူကောင်းလား လူဆိုးလား ဆိုတာလောက်ပဲ သိချင်ကြတယ်လို့မှတ်ချက်ချခဲ့ဖူးပါတယ်။ သမိုင်း

1. Rosebery





ဆရာကြီး အက်တန်[1] က၊ ကရေတန်ကိုပေးတဲ့စာတစ်စောင်ထဲမှာ ကိုယ်ကျင့်တရားဆိုင်ရာ နိတိများကို ဖြောင့်မှန်စွာ လိုက်နာကျင့်သုံးခြင်းဟာ အခွင့်အာဏာပိုင်ရဲ့ သော့ချက်ဖြစ်တယ်။ ဂုဏ်သိက္ခာဖြစ်တယ်။ သမိုင်းရဲ့ အသုံးဝင်မှုဖြစ်တယ် လို့ရေးခဲ့ပြီး၊ သမိုင်းဟာ အငြင်းပွားမှုများကို ဖျန်ဖြေသူ၊ လမ်းပျောက်နေသူများရဲ့လမ်းပြ၊ စာရိတ္တတံခွန်ကို လွှင့်ထူသူ ဖြစ်ရမယ်လို့ ရေးခဲ့ပါတယ်။ သမိုင်းအချက်အလက်တို့ မည်သည်အထွတ်အထိပ်၊ သမိုင်း အချက်အလက်တို့မည်သည် ဒိဋ္ဌဓမ္မကျသည့် အမှန်တရားလို့ ယူဆတဲ့ အက်တန်ရဲ့ ဘာသာရေးဆန်တဲ့ သမိုင်းအယူအဆမှာ အခြေခံလာတဲ့ စကားတစ်ခွန်းပါပဲ။ သူ့အလိုအတိုင်းသာဆိုရင် သမိုင်းဆိုတဲ့ သမိုင်းလွန်အင်အားစုကန့်နိုးအာဏာကြီးကိုယ်စား သမိုင်းဆရာဟာ သမိုင်းအဖြစ်အပျက်ထဲမှာ ပါနေတဲ့ လူပုဂ္ဂိုလ်တွေကို စာရိတ္တအရာမှာ စီရင်ချက်ချပေးရတော့မယ့်ပုံလို ဖြစ်နေပါတယ်။

စီရင်ချက်ချပိုင်ခွင့် ရှိသလိုလည်း ဖြစ်နေပါတယ်။

ဒီအယူအဆဟာ တစ်ခါတစ်ရံမှာ မမျှော်လင့်တဲ့ပုံသဏ္ဌာန်နဲ့ပေါ်ထွက်လာတာကို ယခုတိုင်တွေ့နေရပါသေးတယ်။ ၁၉၃၅ ခုနှစ်မှာ မူဆိုလီနီက အဘီးဆီးနီးယားပြည်ကို ဝင်ရောက်သိမ်းပိုက်တာနဲ့ပတ်သက်ပြီး **ဝါဆောက္ကတွိုင်ဘီ**[2] က တမင်လုပ်တဲ့ ဒုစရိုက်တစ်ခု၊ တမင်လုပ်တဲ့ ကိုယ်ကျင့်ပျက်ပြားမှုတစ်ခုလို့ခေါ်ခဲ့ပါတယ်။ ဆာအက်ဆိုင်ရာ ဘာလင်းကဆိုရင် သူတို့ကျူးလွန်တဲ့ လူသတ်မှုတွေအတွက် ရှားလမိန်း၊ နပိုလီယန်၊ ဂျင်ဂစ်ခန်၊ ဟစ်တလာနဲ့စတာလင်တို့ကို ဆုံးဖြတ်စီရင်ချက်ချရေးဟာ သမိုင်းဆရာတို့ရဲ့ တာဝန်ဖြစ်တယ်လို့တောင် ပြင်းပြင်းထန်ထန် ရေးခဲ့ပါတယ်။

ဒီအယူအဆကို သမိုင်းဆရာ **ပါမောက္ခနိုး**[3] က အပြတ်ချေချွတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒုတိယမြောက် ဖိလစ်ဘုရင်ကို ရှုတ်ချရေးသားခဲ့တဲ့ သမိုင်းဆရာ နေဘတလေရဲ့ ရေးသားချက်၊ (အကယ်၍သာ ဖိလစ်ဘုရင် မကျူးလွန်ဖူးသော မကောင်းမှု ဒုစရိုက်ဟူ၍ရှိခဲ့သေးလျှင် ယင်းမှာအခြားကြောင့်မဟုတ်၊ လူသား၌ မကောင်းမှုကျူးလွန်ဖို့ပြင်ပြည့်စုံသောအရည်အချင်း မရှိသည့်အတွက် ဖြစ်ပေလိမ့်မည်။) ဂျွန်ဘုရင်နဲ့ပတ်သက်လို့ သမိုင်းဆရာ စကပ်ရဲ့ ရေးသားချက်၊ (လူတစ်ယောက်၏ ဂုဏ်သိက္ခာမှန်သမျှကို ပျက်စီးစေနိုင်သည့် ရာဇဝတ်မှုတို့လိမ်းကျံလျက်) တို့ကို ကောက်နုတ်ကိုးကားပြီးတဲ့နောက် ပါမောက္ခနိုးက အဲဒီအရေးအသားတွေဟာ လူပုဂ္ဂိုလ်တွေရဲ့ စာရိတ္တနဲ့ပတ်သက်လို့ ချမှတ်တဲ့စီရင်ချက်များဖြစ်တဲ့အကြောင်း ပြောပြီး 'သမိုင်းဆရာသည် တရားသူကြီးတစ်ယောက်မဟုတ်ပေ။ ဒေါက်ဖြုတ်သည့် တရားသူကြီးတစ်ယောက်ကား ပို၍မဟုတ်သေးချေ။' လို့ ရေးခဲ့ပါတယ်။ သမိုင်းဆရာ **ကရိုစီ**[4] ဆိုရင် ဒါနဲ့ပတ်သက်လို့ အောက်ပါအတိုင်း ကျစ်လျစ် သိပ်သည်းစွာ မှတ်ချက်ချခဲ့ဖူးပါသေးတယ်။

1. Acton. 2. Toynbee. 3. Knowles. 4.Croci



www.burmeseclassic.com

www.burmeseclassic.com



'တရားဥပဒေဆိုင်ရာ၊ သို့မဟုတ် စာရိတ္တဆိုင်ရာ ကျန့်ပ်တို့ခံရုံးများသည် သက်ရှိထင်ရှားရှိနေသော၊ လှုပ်ရှားနေသော၊ အန္တရာယ်ပေးနေသောလူများကို စီရင်ဆုံးဖြတ်ရန် ထူထောင်သည့် ယနေ့ခေတ် ခုံရုံးများဖြစ်ပြီး ထိုခုံရုံးမှ စီရင်ချက်ချခံနေရသူများမှာ သူတို့ခေတ်ကခုံရုံးများတွင် စီစဉ်စစ်ဆေးဆုံးဖြတ်ခြင်း ခံခဲ့ရပြီးသူများ ဖြစ်နေကြပေသည်။ ထိုသူများအား နှစ်ကြိမ် အပြစ်ပေးပိုင်ခွင့်မရှိ။ နှစ်ကြိမ်တရားရှင် လွှတ်ပိုင်ခွင့်မရှိကြောင်းကိုလည်း စီရင်ချက်ချသူ သမိုင်းဆရာများမေ့နေကြလေသည်။ သူတို့သည် အတိတ်ကာလ ငြိမ်းချမ်းရေးကို ပိုင်ဆိုင်သည့် အတိတ်မှလူများဖြစ်သည့် အတွက် မည်သည့်ခုံရုံးကိုမှ တက်စရာမလိုချေ။ သူတို့သည် သမိုင်း၏ ပစ္စည်းမျှသာ ဖြစ်၍ သူတို့၏လုပ်ရပ်များက ပြဋ္ဌာန်းလိုက်သော စီရင်ချက်အတိုင်းသာ ခံကြရမည် ဖြစ်ပေသည်။ သမိုင်းကို ပြန်လည်ဖော်ထုတ်မည်ဟူသော အကြောင်းပြချက်ဖြင့် သူတို့ကိုယ်သူတို့ တရားသူကြီး ခန့်နေသူများက အချို့သူတို့ကို အပြစ်မှလွှတ်၍ အချို့သူတို့ကို စီရင်ချက်ချနေခြင်းမှာ အခြားကြောင့်မဟုတ်။ သမိုင်းကို ရုံးတော်ဟု ထင်နေကြခြင်းကြောင့် ဖြစ်လေသည်။ ထိုသူများသည် သမိုင်း၏အဓိပ္ပာယ်၊ သမိုင်း၏ သဘောကိုနားမလည်သူများသာ ဖြစ်ကြလေသည်' လို့ ရေးသားခဲ့ပါတယ်။



## သမိုင်းကို ဘယ်စံနဲ့တိုင်းကြမလဲ

ဟာစ်တလာတို့ စတာလင်တို့ ဒါမှမဟုတ်ရင် အထက်လွှတ်တော်အမတ် မက္ကာသီ တို့ရဲ့ အကျင့်စာရိတ္တနဲ့ပတ်သက်လို့ဆုံးဖြတ် စီရင်ချက်ချတဲ့ကိစ္စဟာ ကျွန်တော်တို့ သမိုင်းဆရာတွေရဲ့ အလုပ်မဟုတ်ဘူးဆိုတဲ့အချက်ကို တချို့က ကန့်ကွက်ကောင်း ကန့်ကွက်ကြလိမ့်မယ်။ သူတို့ကန့်ကွက်တာက တခြားကြောင့်မဟုတ်ပါဘူး။အဲဒီ ပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့နဲ့ခေတ်ပြိုင် ပုဂ္ဂိုလ်တွေဖြစ်နေသေးလို့ သူတို့ရဲ့လုပ်ဆောင်ချက်များကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဒုက္ခရောက်ခဲ့သူများဟာ ယခုတိုင် သက်ရှိထင်ရှားရှိနေသေးလို့၊ ဒါကြောင့် သူတို့ကို သမိုင်းဆရာအနေနဲ့ ချဉ်းကပ်ကိုင်တွယ်ရတာဟာ ခက်နေသေးလို့သူတို့ရဲ့ အချို့သောအောင်မြင်မှုတွေကို အကောင်းထင်နေတဲ့ ကျွန်တော်တို့အဖွဲ့တွေကို ချွတ်ရမှာ ခက်နေသေးတဲ့အတွက် အဂတိလိုက်စားမိမှာစိုးလို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကန့်ကွက်နေကြတာပါ။ ဒါဟာ ခေတ်ပြိုင်သမိုင်းဆရာတွေ လက်တွန့်နေကြတဲ့ အချက်ပဲ။ လက်တွန့်တဲ့ကိစ္စမှာ ဒီအကြောင်းဟာ အဓိကပဲ။ ကောင်းပြီ နီးနေသေးလို့ မဆုံးဖြတ်သေးဘူးဆိုရင် ရှေးကရှိခဲ့ကြတဲ့ ဗျားလမိန်းတို့၊ နပိုလီယန်တို့အပေါ်မှာသွားပြီး သူတို့စာရိတ္တနဲ့ပတ်သက်လို့ စီရင်ချက်ချနေတော့ကော ဘာများအကျိုးထူးဦးမှာတဲ့လဲ။

ဒါကြောင့် သမိုင်းဆရာဟာ ဒေါက်ဖြုတ်တဲ့ တရားသူကြီးဖြစ်တယ်ဆိုတဲ့ အယူအဆကို ကျွန်တော်တို့ပယ်သင့်တယ်။ ဒီအယူအဆကို ပယ်ပြီး ပိုပြီးလည်းခက်ခဲ၊ ပိုပြီးလည်း အကျိုးရှိတဲ့ ပြဿနာကို ကျွန်တော်တို့ကိုင်တွယ်သင့်တယ်လို့ထင်တယ်။ အဲဒီပြဿနာကတော့ သမိုင်းဆရာဟာ ရာဇဝင်ကျော်ပုဂ္ဂိုလ်တို့ရဲ့ စာရိတ္တကို စီရင်ချက်မချဘဲ အတိတ်ကအဖြစ်အပျက်တွေ၊ စနစ်တွေ ပေါ်လစီတွေပေါ်မှာဆုံးဖြတ် စီရင်ချက်ချ ဖို့ပဲဖြစ်တယ်။ ဒီစီရင်ချက်မျိုးသာလျှင် သမိုင်းဆရာအတွက် အရေးကြီးတဲ့စီရင်ချက်ဖြစ်တယ်။ ရာဇဝင်ကျော်ပုဂ္ဂိုလ်တို့ရဲ့ အကျင့်စာရိတ္တကို စီရင်ချက်



www.burmeseclassic.com

www.burmeseclassic.com



ချဖို့အတင်းတိုက်တွန်းခြင်းအားဖြင့် တစ်ခါတလေမှာ အစုတွေ၊ လူ့အဖွဲ့အစည်းတွေ၊ စနစ်တွေကို ဆုံးဖြတ်ချက်ချဖို့မေ့သွားတတ်ကြတယ်။ ပြင်သစ် သမိုင်းဆရာ လီဖေးဗား[1] ဟာ နပိုလီယန်စစ်ပွဲများရဲ့ သွေးထွက်သံယိုမှုတွေ၊ ဆုံးရှုံးပျက်စီးမှုတွေအတွက် ပြင်သစ်တော်လှန်ရေးကြီးမှာ တာဝန်ရှိတယ်လို့မမြင်ဘဲ ဖော့တွက်ပြီး ဒါတွေအားလုံးဟာ 'ငြိမ်းချမ်းရေးနဲ့ဖျန်ဖြေရေးကို အလွယ်တကူ လက်ခံလိုစိတ် မရှိတဲ့ . . .စစ်မိုလ်ချုပ်တစ်ယောက်ရဲ့ အာဏာရှင်စနစ်ကြောင့်' ရယ်လို့ ပြောခဲ့တယ်။ ဒီနေ့ဂျာမန်လူမျိုးတွေဟာ ဟစ်တလာကို ထုတ်လုပ်ပေးလိုက်တဲ့ လူ့အဖွဲ့အစည်းပေါ်မှာ သမိုင်းဆရာတွေ စီရင်ဆုံးဖြတ်တာကို သိပ်သဘောမကျနိုင်ဘဲ ဟစ်တလာဟာ လူပုဂ္ဂိုလ်အရ ကောက်ကျစ်စဉ်းလဲတယ်လို့ဆုံးဖြတ်တာကို သဘောကျနေကြတယ်။

ဒီအတိုင်းပါပဲ။ ရုရှားတွေ၊ အင်္ဂလိပ်တွေ၊ အမေရိကန်တွေဟာလည်း သူတို့အားလုံးစုပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြတဲ့ အမှားတွေအတွက် စတာလင်၊ ချိန်ဘာလိန်နဲ့မက္ကာလေးတို့ကို ခားစာခံလုပ်ပြီး သူတို့ကို လူပုဂ္ဂိုလ်အရ တိုက်ခိုက်ခဲ့ကြတယ်။ ဒါတင်မကဘူး လူပုဂ္ဂိုလ်တစ်ယောက် အပေါ်မှာ စာရိတ္တအရ၊ ရှုတ်ချဝေဖန်တာဟာ မှားယွင်းသလို လူပုဂ္ဂိုလ်တစ်ယောက်ရဲ့စာရိတ္တနဲ့ပတ်သက်လို့ ချီးမြှောက်ပြောဆို တာဟာလဲ မှားယွင်းပြီး တလွဲကို ရောက်စေပါတယ်။

တချို့က ကျေးကျွန်စနစ်ဟာ မှားယွင်းတဲ့ဒုစရိုက်အလုပ် ဖြစ်တယ်လို့ ရှုတ်ချဝေဖန်ခြင်းမပြုဘဲ ကျေးကျွန်စနစ်ဟာ နိုင်လိုမင်းထက် လုပ်ချင်တဲ့ ကျွန်ပိုင်ရှင်တွေကြောင့် ပေါ်ပေါက်လာတာ ဖြစ်တယ်လို့ ပြောလေ့ရှိကြပြန်တယ်။ မက်စ်ဝီဗာ[2] က 'အလုပ်သမား၊ သို့မဟုတ်၊ မြီစားကိုပေါ်ပေါက်စေတဲ့ အရင်းရှင်စနစ်ဟာ အရှင်သခင်မဲ့ကျေးကျွန်စနစ်က ပေါ်ပေါက်လာတာဖြစ်တယ်' လို့ ပြောပြီး သမိုင်းဆရာဟာ စနစ်ကိုဖန်တီးတဲ့ လူပုဂ္ဂိုလ်ကို စီရင်ချက်မချသင့်ဘဲ စနစ်ကို စီရင်ချက်ချသင့်တယ်လို့ မှန်ကန်စွာထောက်ပြခဲ့ပါတယ်။ သမိုင်းဆရာဟာ အရှေ့တိုင်းက သက်ဦးဆံပိုင် ဘုရင်တစ်ပါးကို ဆုံးဖြတ် စီရင်ချက်ချဖို့အခွင့်မရှိပါဘူး အရှေ့တိုင်းရဲ့ သက်ဦးဆံပိုင်စနစ်နဲ့ ပီရစ်ကလီရဲ့ အေသင်နိုင်ငံတော်ကြီးကိုသာ စီရင်ဆုံးဖြတ်ချက်ချပိုင်ခွင့် ရှိပါတယ်။ စနစ်ကို လျစ်လျူရှုထားလို့မဖြစ်ပါဘူး။

အလားတူပဲ သမိုင်းဆရာဟာ ကျွန်ပိုင်ရှင်တစ်ဦးတစ်ယောက်ကို ဆုံးဖြတ်စီရင်ပိုင်ခွင့် မရှိပါဘူး။ ဒါပေမယ့် ကျေးကျွန်စနစ် လူ့အဖွဲ့အစည်းကိုတော့ ဝေဖန်ရှုတ်ချရမှာပေါ့။ ကျွန်တော်တို့မြင်ခဲ့တဲ့အတိုင်း သမိုင်းအချက်အလက်ဆိုတာ အနက်အဓိပ္ပာယ် ဖွင့်ဆိုဖို့လိုပါတယ်။ သမိုင်းအဓိပ္ပာယ် ဖွင့်ဆိုချက်ထဲမှာကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေ ပါပါတယ်။ ဒီထက် ယေဘုယျကျတဲ့

1.Lefebvre 2.Max Weber





စကားလုံးကိုသုံးချင်ရင် တန်ဖိုးအကဲဖြတ်ချက်[1] လို့လည်း ခေါ်နိုင်ပါတယ်။

ဒါပေမယ့် အဲဒီတန်ဖိုးအကဲဖြတ်ချက်ကိုချကြည့်တာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ သမိုင်းဆရာရဲ့ အခက်အခဲဟာ အစပြုတော့တာပါပဲ။ သမိုင်းဟာ တိုက်ပွဲဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ အဲဒီတိုက်ပွဲမှာ ဘက်တစ်ဖက်၊ အစုတစ်စုဟာ အနိုင်ရသွားပြီး အခြားဘက်တစ်ဖက်၊ အခြားအုပ်စုတစ်စု ဟာအရေးနိမ့်သွားရပါတယ်။ ရှုံးတဲ့လူက လျော်ရတာပါပဲ။ သမိုင်းမှာဆုံးရှုံးသွားတဲ့သူဟာ ခံရတာပါပဲ။ ကြီးကျယ်တဲ့သမိုင်းခေတ်ကြီးတိုင်းမှာ အကျအဆုံးတွေရှိပြီး၊ အောင်ပွဲတွေ ရှိမြဲမှတာပါပဲ။ ဒီအရှုံးအနိုင်ကိစ္စဟာ တော်တော်ခက်ခဲ ရှုပ်ထွေးတဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဘယ်သူ့ကို အနိုင်ပေးပြီး၊ ဘယ်သူ့ကို အရှုံးပေးမလဲဆိုတာကို တိတိကျကျ တိုင်းထွာဖို့ကိုက်တံမှ မရှိဘဲကိုး။ ဘယ်သူကကောင်းပြီး ဘယ်သူက ဆိုးသလဲဆိုတာကို တိုင်းထွာချိန်တွယ်ရအောင် ချိန်တွယ်တဲ့ ပစ္စည်းမှမရှိဘဲကိုး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ချိန်ခွင်မှာတော့ထည့်ပြီးချိန်ရတော့မှာပဲ။ ဒီကိစ္စဟာ သမိုင်းတစ်ခုတည်းနဲ့လည်း မဆိုင်တော့ဘူး။

ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝမှာ ကျွန်တော်တို့ဟာ 'သက်သာတဲ့ အဆိုး' တွေကို မရှောင်မလွှဲသာ လုပ်နေကြရတယ်။ ဒါမှ မဟုတ်ရင်လဲ အကောင်းပေါ်လာနိုး၊ မျှော်လင့်ချက်နဲ့အဆိုးတွေကို လုပ်နေကြရတယ်။ ဒါကို ကျွန်တော်တို့ဝန်ခံချင်မှ ဝန်ခံမယ်။ ဒါပေမယ့် ဒီအတိုင်းပဲ လုပ်နေကြရတယ်။ ဒီပြဿနာကို သမိုင်းမှာထင်ဟပ်ပြီး ပြောလိုက်တဲ့အခါကျတော့ 'တိုးတက်မှုရဲ့ တန်ဖိုး' တို့ 'တော်လှန်ရေးရဲ့တန်ဖိုး' တို့ဆိုတဲ့စကားလုံးတွေဖြစ်လာတယ်။ ဒီစကားလုံးက နည်းနည်းတော့ လွဲနေတယ်။ 'တီထွင်မှုများ' ဆိုတဲ့ စာတမ်းမှာ 'ထုံးစံဓလေ့များကို ဆက်လက်ထိန်းသိမ်းထားခြင်းကိစ္စသည်လည်း တီထွင်မှုများကို ပြုလုပ်တဲ့ကိစ္စကဲ့သို့ ပြင်းထန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်' လို့ 'ဘေကွန်'[2] က ပြောခဲ့သလိုပေါ့။ တီထွင်မှု တစ်ခုကိုလုပ်တာဟာ အခွင့်ထူးမရှိသူတွေအတွက် တန်ဖိုးကြီးစွာပေးရသလို အဟောင်းတစ်ခုကို ထိန်းသိမ်းရတာဟာလည်း အခွင့်ထူးခံမဟုတ်သူတွေအတွက် တန်ဖိုးကြီးစွာ ပေးရတာပါပဲ။ အများကောင်းစားဖို့အတွက် တချို့ကို စတေးရမှာပဲဆိုတဲ့ သဘောကို အစိုးရတိုင်းလိုလို လက်ကိုင်ထားလေ့ရှိကြပါတယ်။ ကွန်ဆာဗေးတစ် အစိုးရ မျိုးပဲဖြစ်ဖြစ်၊ ခေတ်ပြင်အစိုးရပဲဖြစ်ဖြစ် ဒီအတိုင်းပါပဲ။ 'ဒေါက်တာ ဂျွန်ဆင်'[3] ကဆိုရင် ခု ကျွန်တော်တို့မြင်တွေ့နေရတဲ့ လက်ရှိမညီမျှမှုတွေဟာ 'သက်သာတဲ့အဆိုး' ဖြစ်တဲ့အတွက် မရှိရင် မဖြစ်ဘူးလို့ခပ်ပြောင်ပြောင်ပဲ ပြောခဲ့ဖူးပါတယ်။

'မညီသူမျှပျော်ရွှင်ခြင်းမရှိသည်နှင့်စာလျှင် အချို့မပျော်မရွှင်ဖြစ်နေသည်က တော်ပေသေးသည်။ အားလုံးသာ ပျော်ရွှင်ခြင်းမရှိဟုဆိုလျှင် အထွေထွေညီမျှမှုကြီး

1. Value Judgement 2. Bacon 3. Dr. Johnson



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေပေလိမ့်မယ်' လို့ရေးခဲ့ပါတယ်။

အထူးသဖြင့် အပြောင်းအလဲကြီးတွေ ကြီးစွာပေါ်ပေါက်လာတဲ့ ကာလမျိုးမှာ ဒီ 'သက်သာတဲ့အဆိုး' (ဒါမှမဟုတ် အချို့သုံးများကောင်းစား ရေးအတွက် အချို့ကို စတေးရတယ်။ တန်ဖိုးပေးရတယ်ဆိုတဲ့ အယူအဆ) ဟာ အလွန်ထင်ရှားတဲ့ ပုံသဏ္ဌာန်နဲ့ပေါ်လာတတ်ကြတယ်။ အဲဒီလို အခါမျိုးမှာအဲဒီပြဿနာကို သမိုင်းဆရာ ဘယ်လိုသဘောထားသလဲဆိုတာ လေ့လာရ အလွယ်ဆုံးပါပဲ။

၁၇၈၀ ပြည့်နှစ်နဲ့ ၁၈၇၀ ပြည့်နှစ်တစ်ဝိုက်လောက်က ဗြိတိန်ပြည်ရဲ့ စက်မှုလုပ်ငန်းတိုးတက်လာတဲ့ပုံကိုပဲ ဥပမာ ထားကြည့်ကြစို့။ ဘယ်သမိုင်းဆရာကိုပဲ သွားမေးမေး စက်မှုတော်လှန်ရေးကြီးဟာ ကြီးကျယ်ပြီး ရှေ့ကိုတိုးတက်တဲ့ အောင်မြင်မှုကြီးတစ်ရပ်ဖြစ်တယ်လို့ မဆိုင်းမတွဖြေကြမှာပဲ။ ဒါတွင်မကဘူး မြေယာကနှင်ထုတ်ခံရတဲ့ လယ်သမားအကြောင်း၊ ကျန်းမာရေးညီညွတ်ခြင်းမရှိတဲ့ စက်ရုံတွေနဲ့လေကောင်းလေသန့်မရှိတဲ့ အိုးအိမ်တွေမှာ အလုပ်သမားတွေ ဘယ်လို စုပြုံနေကြကြောင်း အရွယ်မရောက်တဲ့ ကလေးငယ်တွေရဲ့ လုပ်အားကိုသွေးစုပ်တဲ့ အကြောင်း စကားတွေကိုလည်း သမိုင်းဆရာဟာ ဖော်ပြမှာပါပဲ။ ပြီးတော့ စနစ်သစ်မှာ အံချော်နေတာတွေရှိကြောင်း၊ အချို့သော အလုပ်ရှင်များဟာ သနားကြင်နာမှု ကင်းမဲ့တဲ့အကြောင်း စသည်ဖြင့် ရေးကြဦးမှာပဲ။ အဲဒီစနစ်သစ်ကြီးအခြေကျသွားတော့မှ သာလျှင် လူလူချင်းစာနာတဲ့စိတ်မျိုး ပေါ်ပေါက်လာနိုင်တဲ့အကြောင်းကိုလည်း နှစ်သိမ့်တဲ့သဘောနဲ့ပြောဦးမှာပဲ၊ ဒါပေမယ့် စက်မှုတပ်ဆင်ရေးအတွက် တန်ရာတန်ဖိုးကိုတော့ပေးရမှာဖြစ်ကြောင်း၊ ပထမအဆင့်တွေမှာ အတင်းအကျပ်အလုပ်ခံရတာတွေ၊ သွေးစုပ်ခံရတာတွေ ရှိမှာဖြစ်ကြောင်းကို ထုတ်ဖော်မရေးသည့်တိုင် အဲဒီလိုပဲ ယူဆထားမှာပါပဲ၊ ဟုတ်တယ်လေ။ တန်ဖိုးပေးရတဲ့အတွက် စက်မှုတပ်ဆင်ခြင်းမပြုဖို့ တိုးတက်မှုကို ရပ်တန့်ထားဖို့ရေးတဲ့ သမိုင်းဆရာရယ်လို့ ဘယ်မှာကြားဖူးလို့လဲ။ ရှိခဲ့ရင် 'ချက်စတာတန်'[1] တို့ 'ဘဲလော့'[2] တို့ စတဲ့ စာရေးဆရာ တစ်ယောက်စ၊ နှစ်ယောက်စပဲ ရှိပြီး၊ သူတို့စကားကိုလည်း ဘယ်သမိုင်းဆရာကမှ အလေးအနက် မထားခဲ့ကြဘူး မဟုတ်လား(အလေးအနက်မယူတာဟာလည်း မှန်ပါတယ်။)

ဗြိတိန်ပြည်က စက်မှုတပ်ဆင်ရေး ဥပမာကို ကျွန်တော် တော်တော်လေး စိတ်ဝင်စားပါတယ်။ ကျွန်တော်က ဆိုဗီယက် ရုရှားရဲ့ သမိုင်းကို ရေးနေတဲ့လူဆိုတော့ ရုရှားမှာ ပုဂ္ဂလိက လယ်ယာစနစ်ကနေပြီး စုပေါင်းလယ်ယာစနစ်ကို ပြောင်းပစ်လိုက်တာဟာ စက်မှုတပ်ဆင်ခြင်းကြောင့် ပေးရတဲ့တန်ဖိုးလို့ကျွန်တော် ယူဆတာကိုး။

တကယ်လို့သာ ကျွန်တော်ကဗြိတိသျှစက်မှုတော်လှန်ရေး အကြောင်းကိုရေးတဲ့

1. G.K. Chesterton . 2. H . Belloc





သမိုင်းဆရာတွေရဲ့ ကောက်ချက်ဆွဲပုံမျိုးကို လက်ခံပြီး စုပေါင်းလယ်ယာစနစ်တည်ထောင်လိုက်တဲ့အတွက် လယ်သမားတွေ ဘယ်လောက်ဒုက္ခရောက်ပြီး ဘယ်လိုအနိုင်ကျင့်ခံရတာ ဆိုတာတွေကို ရှုတ်ချဝေဖန်ရသည့်တိုင် စက်မှုတပ်ဆင်ရေးအတွက် မရှိမဖြစ်တဲ့အရာ စက်မှုတပ်ဆင်ရေး ပေါ်လစီအတွက် ပေးရမယ့် တန်ဖိုးလို့ပဲ ကျွန်တော်လက်ခံ ရတော့မယ်ဆိုရင် ကျွန်တော်ဟာ ဥပေက္ခာပြုနိုင်တဲ့လူ၊ မကောင်းမှုတွေကို မျက်နှာလွှဲခွင့်လွှတ်နိုင်တဲ့သူလို့ ဝိုင်းပြီးစွပ်စွဲကြမှာပဲ ထင်တယ်။

၁၉ ရာစုနှစ်အတွင်း အာရှနဲ့အာဖရိကနိုင်ငံတွေကို အနောက်နိုင်ငံတွေက ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့ကြတဲ့အတွက် ကမ္ဘာ့စီးပွားရေး တိုးတက်မှု ရရှိခဲ့ပြီး အဲဒီက ခေတ်နောက်ကျတဲ့လူမျိုးတွေ တိုးတက်လာခဲ့ကြတဲ့အတွက် အဲဒီကိုလိုနီအဖြစ် အုပ်စိုးမှုကို သမိုင်းဆရာတွေက အပြစ်လွှတ်ခဲ့ကြတယ်။ ခေတ်သစ်အိန္ဒိယဟာ ဗြိတိသျှအုပ်ချုပ်မှုအောက်က မွေးဖွားလာတဲ့ ကလေးငယ်တစ်ဦးဖြစ်တယ်လို့ ပြောခဲ့ကြတယ်။ ခေတ်သစ်တရုတ်ပြည်ဟာလည်း ၁၉ ရာစုနှစ် အနောက်တိုင်းနယ်ချဲ့စနစ်နဲ့ရုရှားအောက်တိုဘာတော်လှန်ရေးရဲ့ သြဇာတို့စပ်ကြတဲ့ ကလေးငယ် တစ်ဦးလို ပြောခဲ့ကြပြန်တယ်။ ဒါပေမယ့် ခက်တာက တရုတ်တော်လှန်ရေးကြောင့် အကျိုးအမြတ် ခံစားရသူတွေဟာ အဲဒီတုန်းက အနောက်တိုင်းသားပိုင် စက်ရုံကြီးတွေမှာ လုပ်ခဲ့တဲ့ တရုတ်အလုပ်သမားတွေ၊ တောင်အာဖရိကတိုက် သတ္တုတွင်းတွေထဲမှာ လုပ်ခဲ့ရတဲ့ တရုတ်အလုပ်သမားတွေ၊ ပထမကမ္ဘာစစ်ကြီးတုန်းက အနောက်ဘက်စစ်မျက်နှာမှာ မသေမပျောက် ကျန်ရစ်ခဲ့ကြတဲ့ တရုတ်အလုပ်သမားတွေ မဟုတ်တာကတော့ ကံဆိုးလို့ပဲလို့ပြောရတော့မှာပဲ။ တန်ဖိုးပေးခဲ့ရသူများဟာ အကျိုးအမြတ်ကို ခံစားရသူများ ဖြစ်ခဲတတ်ပါတယ်။

ရှေ့ကလူများက စွန့်လွှတ်ရပြီး နောက်လူတွေက ခံစားရတယ်။

အိန်ဂျယ်ရဲ့ ထင်ရှားတဲ့ စာပိုဒ်တစ်ပိုဒ်ဟာ ဒီနေရာမှာ စိတ်မချမ်းသာစရာကောင်းလောက်အောင် ဆီလျော်ပါတယ်။

"နတ်ဒေဝီတကာတို့အနက် သမိုင်းတည်းဟူသော နတ်ဒေဝီကား အရက်စက်အကြမ်းကြုတ်ဆုံးဖြစ်ပေ၏။ စစ်ကာလအတွင်းတွင်သာမက စီးပွားရေး တိုးတက်စည်ပင်သည့် ငြိမ်းချမ်းသော ကာလများတွင်လည်း သမိုင်းနတ်သမီးသည် သူ၏ အောင်ပွဲရစစ်ရထားကြီးကို အလောင်းပုံကြီးများအား ကျော်နင်းမောင်းနှင်သွားတတ်ပေ၏။ သို့ဖြင့် ကျွန်ုပ်တို့အမျိုးသား၊ အမျိုးသမီး အပေါင်းတို့သည် အလွန်အမင်းဆင်းရဲဒုက္ခမရောက်သေးသမျှကာလပတ်လုံး၊ တကယ့် တိုးတက်မှုကို မလိုချင်ကြတော့ဘဲ ရဲစွမ်းသတ္တိတို့ကုန်ခန်းကာ မိုက်မဲသည့်အဖြစ်သို့ရောက်ကြကုန်၏" လို့ အိန်ဂျယ်က ရေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိုင်ဗန်ကာရာမာဇော့ရဲ့ ကျော်ကြားတဲ့ ခုခံရေး အပြုအမူဟာ သူရဲကောင်းဆန်တဲ့ အမှားဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ လူ့အဖွဲ့အစည်း ထဲကို မွေးလာခဲ့ကြတယ်။ သမိုင်းထဲကို မွေးလာခဲ့ကြတယ်။ ကျွန်တော်တို့ကို ပေးလာတဲ့ ဝင်ခွင့်လက်မှတ်ကိုငြင်းမလား၊ ယူမလားလို့ရွေးပိုင်ခွင့် မရှိဘူး။ ဆင်းရဲဒုက္ခနဲ့ပတ်သက်တဲ့ ပြဿနာမှာ ဘာသာရေးဆရာမှာလို သမိုင်းဆရာမှာလည်း နောက်ဆုံးပိတ် အဖြေမရှိဘူး။ ဒီတော့ သမိုင်းဆရာ ဟာလည်း အဆိုးနည်းနည်းနဲ့အကျိုးများများ (အများကောင်းဖို့အတွက် အဆိုးနည်းနည်းပါးပါးကို ဖြတ်သန်းရမယ်) ဆိုတဲ့ အယူအဆကိုပဲ ပြန်ရောက်ရတာ ပါပဲ။

သိပ္ပံပညာရှင်နဲ့မတူဘဲ သမိုင်းဆရာဟာ စာရိတ္တဆိုင်ရာ စီရင်ဆုံးဖြတ်ချက်တွေကို ပေးရာမှာ သူလည်း အကျုံးဝင်နေရမယ်။ ဒီလို ဆိုလိုက်တဲ့အတွက် သမိုင်းကို 'သမိုင်းလွန်စံ'[3] တွေနဲ့ ချိန်ထိုးအကဲဖြတ်ရာ မရောက်ပေဘူးလားလို့မေးစရာရှိတယ်။ မရောက်ဘူးလို့ကျွန်တော် ထင်တယ်။ 'အကောင်း' နဲ့ 'အဆိုး' ဆိုတဲ့ ဒြပ်မဲ့ ခံယူချက်တွေဟာ သမိုင်းရဲ့ နယ်နိမိတ်အပြင်ဘက်မှာ ရှိနေကြတယ်။ ဒါပေမယ့် သဘာဝသိပ္ပံပညာမှာ သင်္ချာဆိုင်ရာ ဖော်မြူလာတွေဟာ အရေးကြီးတဲ့ အခန်းက ပါနေသလို အကောင်းအဆိုးစတဲ့ ဒြပ်မဲ့ ခံယူချက်များဟာလည်း သမိုင်းဆိုင်ရာ ကိုယ်ကျင့်တရားကို လေ့လာတဲ့နေရာမှာ အရေးကြီးတဲ့ အစိတ်အပိုင်းက ပါနေကြတယ်။

'အဆိုး' နဲ့ 'အကောင်း' ဆိုတဲ့အရာနှစ်ခုဟာ တွေးခေါ်မှုရဲ့ ခွဲခွာမရတဲ့ အရည်အချင်းတွေဖြစ်တယ်။ ဒါပေမယ့် ဒီစကားလုံးတွေဟာ သူ့အတိုင်းဆိုရင် ဘာမှ အဓိပ္ပာယ်မရှိဘူး။ အဲဒီ စကားလုံးတွေထဲကို ဆိုင်ရာ အနှစ်သာရထည့်ပေးမှသာလျှင် ဒီစကားလုံးများဟာ အဓိပ္ပာယ်ရှိလာတယ်။ ဆိုင်ရာအကြောင်းကိစ္စနဲ့ယှဉ်ပြောမှသာလျှင် ဒီစကားလုံးများဟာ အဓိပ္ပာယ် ရှိလာကြတယ်။ နောက်ဥပမာတစ်ခု ထုတ်ပြရရင် သမိုင်းမှာဖြစ်စေ၊ နေ့စဉ် ဘဝမှာဖြစ်စေ ကျွန်တော်တို့ပြောဆိုသုံးစွဲနေကြတဲ့ ကိုယ်ကျင့်တရားဆိုင်ရာ နီတိတွေဟာ ဘဏ်တိုက်က ထုတ်ပေးထားတဲ့ ချက်လက်မှတ်တွေနဲ့ တူတယ်။ ချက်လက်မှတ်ပေါ်မှာ ပုံနှိပ်ထား တဲ့အပိုင်းနဲ့လက်ရေးနဲ့ရေးရတဲ့ အပိုင်း ရယ်လို့နှစ်ပိုင်းရှိတယ်။ ပုံနှိပ်ထားတဲ့ အပိုင်းမှာ လွတ်လပ်မှု၊ တန်းတူရည်တူညီမျှမှု၊ တရားမျှတမှု၊ ဒီမိုကရေစီ စတဲ့ ဒြပ်မဲ့ စာလုံးတွေ ရေးထားတယ်။ ချက်လက်မှတ်ပေါ်မှာ ဒီစာလုံးတွေ မပါလို့မဖြစ်ဘူး။ ဒါတွေဟာ လိုအပ်တဲ့ အရည်အချင်းတွေ ဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်တို့က ရေးရမယ့်အပိုင်းမှာ ဘာမှမရေးသေးသမျှ ချက်လက် မှတ်ဟာ ဘာမှတန်ဖိုးမရှိဘူး။ အဲဒီ ကွက်လပ်ထဲမှာ လွတ်လပ်ခွင့်ကို ဘယ်သူ့ကို

3. Super Historical Standards





ဘယ်အတိုင်းအတာအထိပေးမလဲ၊ ဘယ်သူတွေကို ဘယ်လောက်အထိ တန်းတူခွင့် ပေးမလဲ စတာတွေကို ထည့်သွင်း ရေးသားရလိမ့်မယ်။ အဲဒီအခါ ကျမှသာလျှင် ချက်လက်မှတ်ဟာ တန်ဖိုးရှိလာလိမ့်မယ်။ ချက်လက်မှတ်ထဲမှာ ကိုယ်ရေးချင်တဲ့ အရေအတွက်ကို ထည့်ရေးရလိမ့်မယ်။ သမိုင်းမှာလည်း အတူတူပါပဲ။ ဒြပ်မဲ့တဲ့ စာရိတ္တဆိုင်ရာ အယူအဆ တစ်ခုခုထဲကို ဘိကျခိုင်မာတဲ့ သမိုင်းအကြောင်းအရာ သမိုင်းအနှစ်သာရ ထည့်ပေးခြင်းဟာ သမိုင်းအလုပ်၊ သမိုင်းဖြစ်စဉ်ဖြစ်တယ်။ အမှန်တော့ ကျွန်တော်ရဲ့ စာရိတ္တဆိုင်ရာ ဆုံးဖြတ်စီရင်ချက်များသည်ပင်လျှင် သမိုင်းရဲ့ ဖန်တီးချက်တစ်ခုဖြစ်တဲ့အပြင် သမိုင်းဘောင်ထဲမှာ လုပ်ရတာပဲ မဟုတ်လား။

စာရိတ္တဆိုင်ရာ ပြဿနာနဲ့ပတ်သက်လို့ခေတ်ပြိုင် နိုင်ငံတကာ ငြင်းခုံမှုမှာ ခေတ်အစားဆုံး အကြောင်းကတော့ လွတ်လပ်ရေးနဲ့ဒီမိုကရေစီရေး ပြဿနာပဲ။ အငြင်းပွားနေတဲ့ နိုင်ငံအသီးသီးဟာ ကိုယ့်တိုင်းပြည်မှာသာ လွတ်လပ်ရေးရှိတယ်၊ ဒီမိုကရေစီ ရှိတယ်လို့ကြွေးကြော် နေကြတယ်။ လွတ်လပ်ရေးနဲ့ဒီမိုကရေစီဆိုတဲ့ စကားနှစ်လုံးဟာ ဒြပ်မဲ့တဲ့ အားလုံးနဲ့ဆိုင်တဲ့ စကားနှစ်လုံးဖြစ်တယ်။ ဒါပေမယ့် အဲဒီစကားနှစ်လုံးထဲကို သွင်းပေးလိုက်တဲ့အနှစ်သာရကတော့ သမိုင်းတစ်လျှောက်လုံး မှာ နေရာဒေသအလိုက် အချိန်ကာလအလိုက် ကွဲပြားခဲ့ကြတယ်။ ဒီစကားလုံးတွေကို အကောင်အထည်ဖော်ရာက ပေါ်ထွက်လာတဲ့ လက်တွေ့ပြဿနာများကို သမိုင်း သဘောနဲ့သာ နားလည်ပြီး သမိုင်း ခေတ်အလိုက်သာ နားလည်လို့ရနိုင်လိမ့်မယ်။

တစ်ခါ ဒီမိုကရေစီတို့လွတ်လပ်ရေးတို့လောက် ခေတ်မစားသည့်တိုင် နောက်ထပ် ဥပမာတစ်ခု ရှိသေးတယ်။ အဲဒါကတော့ 'စီးပွားရေး ကျိုးကြောင်းဆင်ခြင်မှု' ဆိုတဲ့ စကားပါပဲ။ စီးပွားရေးပေါ်လစီတစ်ခုကို လိုအပ်သလား၊ မလိုအပ်သလားဆိုတဲ့ ကိစ္စကို ဒီအယူအဆနဲ့မှတ်ကျောက်တင်ကြည့်ဖို့စဉ်းစားခဲ့ကြဖူးတယ်။ စီးပွားရေးအရ ကျိုးကြောင်းဆင်ခြင်မှုဆိုတဲ့ ကိစ္စဟာ တကယ်လက်တွေ့လည်းကျတယ်။ အငြင်းပွား စရာလည်း အကြောင်းမရှိဘူး။ ဒီတော့ ဒီမှုနဲ့စမ်းသပ်ကြည့်ဖို့ဆုံးဖြတ်ခဲ့ ကြတာပေါ့။ ဒါပေမယ့် ဒီကြိုးစားချက်ဟာ မအောင်မြင်ခဲ့ဘူး။ ရှေးရိုးဘောဂဗေဒ နိယာမတွေရဲ့ သင်ကြားမှုအောက်မှာ ကြီးပြင်းလူလားမြောက်ခဲ့တဲ့ စီးပွားရေး ပညာရှင်များက စီးပွားရေးစီမံကိန်းချမှတ်ခြင်းဟာ မူအားဖြင့် ကျိုးကြောင်းညီညွတ်နေတဲ့ စီးပွားရေး ဖြစ်စဉ်ကြီးထဲကို ကျိုးကြောင်းမညီညွတ်တဲ့အရာ ဝင်ရောက်လာတာ ဖြစ်တယ်လို့ ယူဆခဲ့ကြတယ်။

ဥပမာဆိုပါတော့ စီမံကိန်းချမှတ်သူများဟာ ဈေးနှုန်းပေါ်လစီကို ချမှတ်ရာမှာ ရောင်းလိုအားနဲ့ဝယ်လိုအား နိယာမတို့ရဲ့ ချုပ်ချယ် ကန့်သတ်ထားတာကို မခံချင်ကြဘူး။ ပြီးတော့ စီမံကိန်းအရ သတ်မှတ်ထားတဲ့ ဈေးနှုန်းများဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျိုးကြောင်းညီညွတ်တဲ့ အခြေခံမရှိဘူး။ မှန်ပါတယ်။ စိမ်ကိန်းကျ ဘောဂဗေဒကို ယုံကြည်သူများဟာ မကြာခဏဆိုသလို ကျိုးကြောင်းညီညွတ်ခြင်းမရှိဘဲ ဖြစ်စေချင်တာကို အတင်းစိမ်ကိန်းချပြီး ဖြစ်အောင်လုပ်တာတွေ ဘာတွေ ရှိပါလိမ့်မယ်။ ဒါကြောင့် သူတို့တတွေဟာလည်း စွတ်ရွတ်ပြီး လုပ်ကောင်းလုပ်တာတွေရှိနိုင်ပါတယ်။ ဒါပေမယ့် သူတို့ကို ရှေးရိုးဘောဂဗေဒရဲ့ 'စီးပွားရေး ကျိုးကြောင်းညီညွတ်မှုစံ' နဲ့တိုင်းထွာ အကဲဖြတ်တာကိုတော့ ကျွန်တော် လက်မခံနိုင်ဘူး။

ကျွန်တော်တစ်ယောက်တည်းအနေနဲ့ပြောရရင်တော့ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးဝါဒဟာ ဖရိုဖရဲ စနစ်မကျ၊ ကျိုးကြောင်းညီညွတ်ခြင်း မရှိဘဲ စိမ်ကိန်းကျ စီးပွားရေးဝါဒသာလျှင် စီးပွားရေး ဖြစ်စဉ်ကြီးထဲမှာ ကျိုးကြောင်းညီညွတ်မှုကို ပေးနိုင်တယ်လို့ယူဆပါတယ်။

ဒါပေမယ့် ဒီမှာ ကျွန်တော်ပြောချင်တာက ဒီအချက်မဟုတ်ပါဘူး။ သမိုင်းလုပ်ဆောင်ချက်တွေကို အကဲဖြတ်တဲ့အခါမှာ ဒြပ်မဲ့တဲ့ သမိုင်းလွှန်စံတွေနဲ့ဆုံးဖြတ်လို့မရနိုင်ဘူးဆိုတဲ့ အချက်ကို ပြောချင်တာပါ။ ဒီမှာတင် နှစ်ဖက်စလုံးက စီးပွားရေးပါရဂူများဟာ ဒီလို သမိုင်းလွှန်စံတစ်ခုကို ထူထောင်ထားပြီး ကိုယ့်သမိုင်းအခြေအနေ၊ ကိုယ့်သမိုင်းဆိုင်ရာ မျှော်မှန်းချက်နဲ့သင့်လျော်တဲ့ အကြောင်းအရာ၊ အနှစ်သာရတွေကို ထည့်သွင်းကြည့် တာပါပဲ။ အဲဒီလို သမိုင်းလွှန်စံ၊ သမိုင်းလွှန်မှတ်ကျောက်တစ်ခုကို ထူထောင်ဖို့ ကြိုးစားပြီး သမိုင်းအဖြစ်အပျက်၊ သမိုင်းအခြေအနေတွေကို အဲဒီမှတ်ကျောက်နဲ့ တိုက်ကြည့်တဲ့ ကြိုးပမ်းမှုတိုင်းဟာ ကျဆုံး အရေးနိမ့်ရတာချည်းပါပဲ။ အဲဒီမှတ်ကျောက်ဟာ ဘာသာရေးဆရာတွေပြောတဲ့ ကောင်းကင်ဘုံက အာဏာစက်လား၊ အသိဉာဏ်ဖွံ့ဖြိုးရေးခေတ် ဒဿနဆရာတွေပြောတဲ့ ဆင်ခြင်တုံတရားလား။ သဘာဝ နိယာမကြီးလား။

ဘာပဲဖြစ်ဖြစ် သမိုင်းလွှန်စံနဲ့တိုင်းထွာအကဲဖြတ်ဖို့ကြိုးစားချက်မှန်သမျှဟာ အရေးနိမ့်ရမှာပါပဲ။ ဒီလို ရှုံးနိမ့်ရတာဟာလည်း အဲဒီ သမိုင်းလွှန်စံကို အသုံးပြုရာမှာ ချွတ်ယွင်းချက်ရှိလို့၊ ဒါမှမဟုတ် သမိုင်းလွှန်စံကိုယ်၌က ချွတ်ယွင်းချက်ရှိလို့ မဟုတ်ပါဘူး။ ဒီလို သမိုင်းလွှန်စံ တစ်ခုကို ထူထောင်ခြင်းဟာ သမိုင်းမဆန်တဲ့အပြင် သမိုင်းရဲ့ အနှစ်သာရနဲ့ဆန့်ကျင်နေတဲ့ အတွက်ကြောင့် ရှုံးနိမ့်ရခြင်းသာ ဖြစ်ပါတယ်။ ဒီသမိုင်းလွှန်စံဟာ သမိုင်းဆရာတွေ မေးမြန်းနေတဲ့ မေးခွန်းဟူသမျှကို တရားသေကျတဲ့ အဖြေမျိုးကိုပဲ ပေးနိုင်ပါတယ်။ ဒီတော့ သမိုင်းလွှန်စံက ပေးတဲ့ အဖြေကို လက်ခံတဲ့ သမိုင်းဆရာအဖို့တော့ မျက်စိကို အဝတ်စည်းပြီး သူ့အလုပ်ကို စွန့်ဖို့ပဲရှိပါတော့တယ်။

သမိုင်းဟာ လှုပ်ရှားမှုဖြစ်တယ်။ လှုပ်ရှားမှုဆိုတာနဲ့နှိုင်းယှဉ်ချက် ပါလာရတော့မယ်။ ဒါကြောင့်မို့သာလျှင် သမိုင်းဆရာများဟာ သူတို့ရဲ့ စာရိတ္တဆိုင်ရာ





ဆုံးဖြတ်ချက်များကို ဖော်ပြရာမှာ နှိုင်းယှဉ်လို့ရတဲ့ စကားလုံးဖြစ်တဲ့ 'တိုးတက်သော' တို့၊ 'ခေတ်နောက်ပြန်ဆွဲသော' တို့ ဆိုတဲ့စကားတွေကို သုံးရခြင်းဖြစ်တယ်။ အကြွင်းမဲ့စကားလုံးတွေဖြစ်တဲ့ 'အကောင်း' တို့၊ 'အဆိုး' တို့ဆိုတဲ့ စကားလုံးတွေကို တတ်နိုင်သမျှ ရှောင်တယ်။ သမိုင်းခေတ်တစ်ခေတ်၊ ဒါမှမဟုတ် သမိုင်းအခြေအနေတစ်ခုကို အကဲဖြတ်ရာမှာလည်း အကြွင်းမဲ့စံနဲ့အကဲဖြတ်ခြင်းမပြုဘဲ သူတို့သမိုင်းခေတ် တစ်ခုနဲ့ တစ်ခု နှိုင်းယှဉ်ပြီး အကဲဖြတ်တာမျိုး ဖြစ်ရပါလိမ့်မယ်။ ပြီးတော့ အကြွင်းမဲ့ဖြစ်တယ်၊ သမိုင်းနယ်လွှန်ဖြစ်တယ်ဆိုတဲ့ တန်ဖိုးတွေကို စစ်ဆေးတဲ့နေရာမှာ သူတို့ကိုယ်တိုင်လည်း သမိုင်းထဲမှာ အခြေအမြစ် တွယ်နေတာကို သွားတွေ့နေရတယ်။

ခေတ်ကာလတစ်ခုရဲ့ တန်ဖိုးတစ်ခုတခု၊ စံတစ်စုံတစ်ခုဟာ အဲဒီ ခေတ်ကာလ၊ အဲဒီ နေရာရဲ့ သမိုင်းရေး အခြေအနေများထဲက ပေါ်ထွက်လာခဲ့ရတာပဲ မဟုတ်လား။ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနဲ့သဘာဝနိယာမဆိုတဲ့ စကားတွေရဲ့ အနက်အဓိပ္ပာယ် အနှစ်သာရဟာလည်း ခေတ်ကာလကို လိုက်ပြီး၊ နေရာဒေသကို လိုက်ပြီး ပြောင်းလဲနေကြတာပဲ မဟုတ်လား။

လူမှုအစုတိုင်းမှာ သူ့ကိုယ်ပိုင် တန်ဖိုးတွေရှိကြတယ်။ အဲဒီ တန်ဖိုးတွေဟာလည်း သမိုင်းမှာ အမြစ်တွယ်နေကြတယ်။ လူမှုအစုတိုင်းဟာ အခြားသော တန်ဖိုးများ သူတို့ကို လွှမ်းမိုးသွားမှာကို စိုးရိမ်ကြောက်လန့်ကြတယ်။ အစုတိုင်းက အခြားသော အစုရဲ့ တန်ဖိုးကို မကောင်းတဲ့အမည်တွေ ပေးထားကြတယ်။ ခေနရှင်ဆန်သတဲ့၊ အရင်းရှင်ဆန်သတဲ့။ ဒီမိုကရေစီမဆန်ဘူးတဲ့။ အာဏာရှင်ဆန်သတဲ့။ ဒါတွင်မကဘူး တချို့က အင်္ဂလိပ်မဆန်ဘူးတဲ့။ အမေရိကန် မဆန်ဘူးတဲ့။ သာပြီးတောင်ဆိုးလိုက်သေးတယ်။ လူ့အဖွဲ့အစည်းနဲ့ကင်းကွာနေတဲ့၊ သမိုင်းနဲ့ကင်းကွာနေတဲ့ ဒြပ်မဲ့တန်ဖိုးတို့၊ ဒြပ်မဲ့စံတို့ဆိုတာတွေဟာ လူပုဂ္ဂိုလ်ဆိုတဲ့ ဒြပ်မဲ့စကားလိုပဲ အမှတ်မှားနေတဲ့အရာသာ ဖြစ်ပါတယ်။

လေးနက်တဲ့ သမိုင်းဆရာတစ်ယောက်ဟာ သမိုင်းက ဖန်တီးပေးထားခဲ့တဲ့ တန်ဖိုးတွေအားလုံးကို အသိအမှတ်ပြုရတယ်။ ဒါမှသာလျှင် လေးနက်တဲ့ သမိုင်းဆရာတစ်ယောက် ဖြစ်နိုင်တယ်။ ကိုယ့်တန်ဖိုးကို အသေဆုပ်ကိုင်ပြီး ဒီတန်ဖိုးသာလျှင် သမိုင်းတစ်လျှောက်မှာ တည်တံ့တဲ့ တန်ဖိုးဖြစ်တယ် လို့ပြောနေတဲ့ သမိုင်းဆရာတစ်ယောက်ဟာ လေးနက်တဲ့ သမိုင်းဆရာတစ်ယောက် မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ စွဲပိုက်ထားတဲ့ ယုံကြည်ချက်တွေ၊ ကျွန်တော်တို့သတ်မှတ်ထားတဲ့ အကဲဖြတ်ချက်စံတွေဟာ သမိုင်းရဲ့အစိတ်အပိုင်းမျှသာဖြစ်တယ်။ လူ့ရဲ့ အခြားသောအပြုအမူများလိုပဲ ဒီအရာများဟာလည်း သမိုင်းက စူးစမ်းလေ့လာရမယ့် အရာများသာဖြစ်တယ်။ လူမှုသိပ္ပံပညာရပ်များ အပါအဝင် သိပ္ပံပညာရပ်များဟာ ဒီနေ့ခေတ်မှာ တစ်ခုတည်း

www.burmeseclassic.com

သီးခြားရပ်တည်ပြီးနေတာ မရှိတော့ဘူး။ ဒါပေမယ့် သမိုင်းကတော့ သမိုင်းအပြင်ဘက် အရာပေါ်မှာ အခြေခံအားဖြင့် မှီခိုအားထားနေရတဲ့ ဘာသာရပ်တစ်ခု မဟုတ်ဘူး။ ဒီအချက်ဟာ သမိုင်းနဲ့အခြားသော သိပ္ပံပညာရပ်များကို ခွဲခြားပေးလိုက်တဲ့ အချက်ဖြစ်တယ်။

သမိုင်းကို သိပ္ပံပညာရပ်ထဲမှာ သွင်းရေးနဲ့ပတ်သက်လို့ကျွန်တော်သိသလောက် ပြောပြခဲ့တဲ့ အချက်များကို အတိုချုပ် တင်ပြပါမယ်။ သိပ္ပံပညာဆိုတဲ့ စကားလုံးဟာ အသိပညာရပ်အမျိုးမျိုးနဲ့သက်ဆိုင်နေပါတယ်။ နည်းအမျိုးမျိုး၊ နိဿယအမျိုးမျိုးကို အသုံးပြုနေကြတဲ့ ပညာရပ်အားလုံး အဲဒီအထဲမှာ အကျုံးဝင်နေပါတယ်။ ဒီတော့ သမိုင်းဟာ သိပ္ပံပညာရပ် ဟုတ်သလား၊ မဟုတ်ဘူးလား။ ဒီအချက်ကို သက်သေပြဖို့ ကိစ္စဟာ ဘယ်သူ့တာဝန်လဲ။ သမိုင်းကို သိပ္ပံပညာရပ်ထဲ သွတ်သွင်းချင်တဲ့ လူရဲ့ တာဝန်မဟုတ်ဘူး။ သမိုင်းကို သိပ္ပံပညာရပ်ထဲက ဖယ်ထုတ်ချင်တဲ့ လူ့ရဲ့တာဝန် ဖြစ်တယ်။ သူ့မှာပိုပြီးတာဝန်ရှိတယ်။ ပိုပြီးထူးဆန်းတာက သမိုင်းကို သိပ္ပံပညာရပ် ထဲက ဖယ်ထုတ်ချင်သူများဟာ သူတို့လက်ရွေးစင် အသိုင်းအဝိုင်း ကလေးထဲကို သမိုင်းဆရာတွေဝင်လာမှာ စိုးရိမ်နေကြတဲ့ သိပ္ပံပညာရှင်တွေ မဟုတ်ဘူး။ စာပေပညာ ရပ် တစ်ရပ်အဖြစ်က သမိုင်းကို လျှော့ချပစ်ချင်နေတဲ့ သမိုင်းဆရာတစ်ချို့နဲ့ ဒဿန ဆရာတစ်ချို့ ဖြစ်နေတယ်။ ဒီလို ဆွဲထုတ်ချင်နေတာဟာလည်း တခြားကြောင့်မဟုတ် ဘူး။ သိပ္ပံပညာရပ်တွေနဲ့အတွေးအခေါ်ပညာရပ်တွေ ကြားမှာ အစဉ်အလာကတည်းက ခွဲခြားခဲ့ကြတဲ့ အစွဲအလမ်းကြောင့်ဖြစ်တယ်။ အဲဒီတုန်းက အတွေးအခေါ်ပညာရပ်များ[1] ဟာ အုပ်စိုးသူလူတန်းစားရဲ့ ကျယ်ပြန့်တဲ့ ယဉ်ကျေးမှုကို ကိုယ်စားပြုတယ်လို့ ယူဆခဲ့ ကြပြီး၊ သိပ္ပံပညာရပ်ကတော့ အဲဒီအုပ်စိုးသူ လူတန်းစားကို အလုပ်အကျွေးပြုရတဲ့ စက်မှုပညာသည်ရဲ့ ကျွမ်းကျင်မှုသာဖြစ်တယ်လို့ ယူဆခဲ့ကြတယ်။ ဒီနေရာမှာ 'အတွေးအခေါ် ပညာရပ်များ' ဆိုတဲ့ စကားလုံးနဲ့ 'သိမ်မွေ့ ယဉ်ကျေးခြင်း' ဆိုတဲ့ စကားနှစ်လုံးသည်ပင်လျှင် စောစောကပြောခဲ့တဲ့ စက်မှုပညာသည်နဲ့အတွေးအခေါ် ပညာရှင်ဆိုတဲ့ ခွဲခြားထားမှုက ပေါ်ထွက်လာတဲ့ စကားလုံးဖြစ်တယ်။

သမိုင်းနဲ့သိပ္ပံပညာရပ်တို့ကြားမှာ ဆန့်ကျင်ဘက်ဖြစ်တယ်ဆိုတဲ့ အချက်ဟာ အခြားသော ဘာသာစကားမှာမရှိဘူး။ အင်္ဂလိပ်မှာသာ ရှိနေတယ်။ ဒါကိုထောက်ရင် ဒီခွဲခြားမှုဟာ ကျွန်းကလေး တစ်ကျွန်းပေါ်မှာရှိတဲ့ လူမျိုးတစ်မျိုးရဲ့ ခွဲခြမ်း ခွဲခြမ်း လုပ်တတ်တဲ့ စရိုက်ဖြစ်ကြောင်း ထင်ရှားပါတယ်။ သမိုင်းကို သိပ္ပံပညာရပ်လို့ မခေါ်တာကို ကျွန်တော်ကန့်ကွက်တဲ့ အဓိက အကြောင်းရင်းကတော့ ဒီလို ခွဲခြားခြင်း ဟာ 'ယဉ်ကျေးမှု' နှစ်ခုလို့ခွဲခြားထားတာ (စက်မှုပညာသည်ရဲ့ ယဉ်ကျေးမှုနဲ့

1.The Humanities





အတွေးအခေါ်ပညာရှင်ရဲ့ ယဉ်ကျေးမှုဆိုပြီး ခွဲခြားထားတာ)ကို တရားရာရောက်စေပြီး ဒီခွဲခြားမှုကို တာရှည်အောင် ထောက်ခံအားပေးသလို ဖြစ်စေတယ်။ ဒါကြောင့်မို့ ဒီခွဲခြားထားတာမျိုးကို ကျွန်တော်ကန့်ကွက်ခြင်းဖြစ်တယ်။ ဒီလို 'ယဉ်ကျေးမှု' နှစ်ခု ကွဲပြားနေတာဟာလည်း အတိတ်ခေတ် အင်္ဂလိပ် လူ့အဖွဲ့အစည်းရဲ့ လူတန်းစားတည်ဆောက်ပုံကို အခြေခံတဲ့ အစွဲအလမ်းကြောင့် ဖြစ်တယ်။

ကျွန်တော့်အဖို့တော့ သမိုင်းပညာရှင်နဲ့ဘူမိဗေဒပညာရှင်တို့ကြားက ကွာဟချက်၊ ခြားနားချက်ဟာ ရူပဗေဒပညာရှင်နဲ့ဘူမိဗေဒပညာရှင်တို့ကြားက ကွာဟချက်ထက် ဘာမှ မပိုဘူးလို့ယူဆပါတယ်။ ဒါပေမယ့် ဒီကွာဟချက်ကို ပြုပြင်ဖို့အတွက် သမိုင်းဆရာကို အခြေခံ သိပ္ပံသင်ပေးပြီး သိပ္ပံပညာရှင်ကို အခြေခံသမိုင်း သင်ပေးလို့ မရဘူး။ ဒါပေမယ့် ရှင်းရှင်းလင်းလင်း မတွေးတတ်သူတွေကြောင့် ကျွန်တော်တို့ တစ်တွေဟာ ဒီလိုလဲပဲ တွေးခဲ့ကြဖူးတယ်။

ဒီကွာဟချက်ကို ကျဉ်းအောင်လုပ်ဖို့နည်းတစ်နည်းကတော့ ကျွန်တော်တို့ သမိုင်းရဲ့အဆင့်အတန်းကို မြှင့်တင်ပေးဖို့ဖြစ်တယ်။ တစ်နည်းပြောရရင် ကျွန်တော်တို့ရဲ့ သမိုင်းကို သိပ္ပံနည်းကျဖြစ်အောင် လုပ်ပေးဖို့လိုတယ်။ သမိုင်းကို သိပ္ပံနည်းကျအောင် လုပ်တာတွေကို ပိုပြီးကြီးစားအောင် အားပေးတိုက်တွန်းရမယ်။ ခု ဒီတက္ကသိုလ်မှာဆိုရင် သမိုင်းပညာရပ်ကို လမ်းကြုံတဲ့သဘောနဲ့လွယ်လွယ်ကောက်ယူ လိုက်ကြတာမျိုးတွေ များနေတယ်။သူတို့အဖို့ရှေးဟောင်းဂန္ထဝင်တွေကလည်း ခက်လွန်းနေတယ်။ သိပ္ပံပညာရပ်ကို ယူဖို့ကြတော့လည်း လေးနက်လွန်းနေတယ်။ ဒီနေရာမှာ ကြုံတုန်း ကျွန်တော်ပြောချင်တာ တစ်ချက်ကတော့ သမိုင်းပညာရပ်ဟာ ဂန္ထဝင်စာပေပညာရပ် တွေထက် ခက်ခဲတဲ့ ပညာရပ်တစ်ခုဖြစ်ပြီး သိပ္ပံပညာရပ်တစ်ခုလို လေးနက်တဲ့ပညာရပ် တစ်ခု ဖြစ်တယ်ဆိုတဲ့ အချက်ပဲ။

သမိုင်းကို သိပ္ပံနည်းကျဖြစ်အောင် လုပ်နိုင်ခဲ့ရင် သမိုင်းဆရာတွေကြားထဲမှာ ယုံကြည်ချက် ပိုကြီးမားလာပြီး ကိုယ့်လုပ်ငန်းကိုလည်း ပိုပြီး ယုံကြည်မှုရှိလာ လိမ့်မယ်လို့ကျွန်တော်ထင်တယ်။ ဒီအချက်နဲ့ပတ်သက်လို့မကြာသေးမီက ပို့ချသွားတဲ့ ဟောပြောချက်တစ်ခုထဲမှာ **ဆာချားပါစီစနိုး**[1] က သိပ္ပံပညာရှင်ရဲ့ 'အရမ်းကာရော' အကောင်းမြင်ဝါဒနဲ့စာပေပညာရှင်တွေရဲ့ '**တိုးတိတ်တဲ့အသံ**' နဲ့ '**လူမှုရေးဆန့်ကျင်မှု အမြင်**[2]' တို့ကို နှိုင်းယှဉ်ဝေဖန် ပြသွားခဲ့ပါသေးတယ်။

အချို့သော သမိုင်းဆရာများနဲ့သမိုင်းဆရာမဟုတ်တဲ့ သမိုင်းအကြောင်းရေးသူများ ဟာ စီ၊ပီ၊စနိုး ပြောတဲ့'စာပေပညာရှင်'တွေထဲမှာ အကျုံးဝင်နေပါတယ်။ သူတို့က သမိုင်းဟာ သိပ္ပံပညာရပ် မဟုတ်ကြောင်း၊ သမိုင်းပညာရပ်ဟာ ဘာတွေကို လုပ်သင့်

1. Sir Charles Percy Snow 2. anti-social


www.burmeseclassic.com

www.burmeseclassic.com

လုပ်နိုင်တဲ့ အကြောင်းနဲ့ကျယ်လောင်စွာ ပြောနေကြတယ်။ သူတို့မှာ သိပ္ပံပညာရဲ့ အောင်မြင်စွမ်းဆောင်ချက်ကြီးတွေ၊ အလားအလာတွေကို စဉ်းစားဖို့အချိန်မရှိတဲ့ အကြောင်း ကျယ်လောင်စွာပြောနေကြတယ်။

သမိုင်းပညာရပ်နဲ့သိပ္ပံပညာရပ်ကြားမှာရှိတဲ့ ကွာဟချက်ကို ကျဉ်းပစ်ဖို့နောက်တစ်နည်းကတော့ သိပ္ပံပညာရှင်နဲ့သမိုင်းပညာရှင်တို့ရဲ့ ရည်ရွယ်ချက်များဟာ ထပ်တူထပ်မျှ ဖြစ်တယ်ဆိုတာကို ပိုမိုလေးနက်စွာ နားလည်ထားဖို့လိုပါတယ်။ ဒီအချက်ဟာ သမိုင်းနဲ့သိပ္ပံပညာ ဒဿနတို့ကို စိတ်ဝင်စားလာတဲ့ အဓိက တန်ဖိုးဖြစ်ပါတယ်။

သိပ္ပံပညာရှင်၊ လူမှုသိပ္ပံပညာရှင်နဲ့သမိုင်းပညာရှင်များဟာ ပညာရပ်ကြီးတစ်ခုရဲ့ ဘာသာရပ် အမျိုးမျိုးမှာ လေ့လာနေကြပါတယ်။ အဲဒီပညာရပ်ကြီးကတော့ လူနဲ့ပတ်ဝန်းကျင်တို့ကိုလေ့လာခြင်း၊ လူက ပတ်ဝန်းကျင်အပေါ်မှာ လွှမ်းမိုးပုံကို လေ့လာခြင်း၊ ပတ်ဝန်းကျင်ကလူကိုပြန်၍ လွှမ်းမိုးပုံကိုလေ့လာခြင်း တစ်နည်း ပြောရရင် လူနဲ့ပတ်ဝန်းကျင်တို့ရဲ့ ဆက်ဆံရေးကို လေ့လာခြင်းဆိုတဲ့ ပညာရပ်ကြီးပဲ ဖြစ်ပါတယ်။

ပညာရပ်ကလေ့လာတဲ့ ရည်ရွယ်ချက်ဟာလည်း အတူတူပါပဲ။ မိမိ ပတ်ဝန်းကျင်ကို ပိုမိုနားလည်အောင်လုပ်ဖို့ အဲဒီကမှတစ်ဆင့် ပတ်ဝန်းကျင်ကိုအောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီလိုလေ့လာရာမှာ အသေးစိတ်နည်းတွေ၊ ကြံဆပုံတွေကတော့ ကွဲပြားကြပါလိမ့်မယ်။ ရူပဗေဒပညာရှင်၊ ဘူမိဗေဒပညာရှင်၊ စိတ်ပညာရှင်နဲ့သမိုင်းပညာရှင်တို့ရဲ့ နည်းများဟာ တစ်ခုနဲ့တစ်ခု မတူနိုင်ပါဘူး။

သမိုင်းပညာရပ်ကို သိပ္ပံနည်းကျအောင်ဆိုပြီး သမိုင်းဆရာဟာ သဘာဝ သိပ္ပံပညာက နည်းလမ်းတွေကို လိုက်ရမယ်လို့လည်း ကျွန်တော် မပြောလိုပါဘူး။ ဒါပေမယ့် သမိုင်းပညာရှင်နဲ့သဘာဝသိပ္ပံပညာရှင်တို့ဟာ လောကကြီးကို ရှင်းလင်းဖွင့်ဆိုရေးဆိုတဲ့ အခြေခံရည်ရွယ်ချက်မှာတော့ အတူတူပါပဲ။ အမေးနဲ့။ အဖြေကို ရှာပုံ မှာတော့ အတူတူပါပဲ။ အခြားသော သိပ္ပံပညာရှင်တွေလိုပဲ သမိုင်းပညာရှင်ဟာလည်း 'ဘာကြောင့်' ဆိုတဲ့ မေးခွန်းကို မေးမြန်းနေတဲ့ သတ္တဝါတစ်ဦးဖြစ်ပါတယ်။

နောက် ဟောပြောချက်မှာ သမိုင်းဆရာဟာ အဲဒီ မေးခွန်းကို ဘယ်လိုမေးပြီး ဘယ်လိုဖြေဖို့ကြိုးစားသလဲ ဆိုတာတွေကို ကျွန်တော် တင်ပြပါ့မယ်။



## သမိုင်းနဲ့ ပစ္စယတရား

နွားနို့ကို အိုးထဲမှာထည့်ကျိုလိုက်ရင် ဝေကျသွားတယ်။ ဘာဖြစ်လို့ဝေကျသလဲ ဆိုတာကိုတော့ ကျွန်တော်မသိဘူး။ သိလည်းမသိလိုဘူး။ အတင်းမေးလာ ရင်တော့ နွားနို့ထဲမှာ ဝေကျတတ်တဲ့ သတ္တိပါလာတဲ့ အတွက်လို့ပဲ ဖြေရမှာပဲ။ ဒီအဖြေဟာ မမှန်ဘူးလား။ မှန်တော့ မှန်သားပဲ။ ဒါပေမယ့် ဘာမှ ကြောင်းကျိုး ရှင်းလင်းဖော်ပြတာ မပါဘူး။ ထားပါတော့ ကျွန်တော်က သဘာဝသိပ္ပံပညာရှင်မှ မဟုတ်ဘဲကိုး။

ဒီသဘောအတိုင်းပါပဲ။ လူတစ်ယောက်ဟာ အတိတ် အဖြစ်အပျက်တွေအကြောင်းကို ဖတ်ချင်ရင်ဖတ်နိုင်တယ်။ ရေးချင်တယ်ဆိုရင်လည်း ရေးနိုင်သေးတယ်။ ဒီအဖြစ်အပျက်တွေဟာ ဘာကြောင့်ဖြစ်သလဲဆိုတာကို မသိချင်ရင်လည်း နေနိုင်တယ်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ရတာဟာ ဟစ်တလာ စစ်လိုလားလို့ဖြစ်ရတယ်လို့ပြောရုံနဲ့လည်း ကိစ္စပြီးနိုင်တယ်။ သူပြောတဲ့ အချက်ဟာ မမှန်ဘူးလားဆိုတော့ မှန်လည်း မှန်တယ်။ ဒါပေမယ့် ဘာမှ ရှင်းလင်းဖော်ပြချက်မပါဘူး။

သမိုင်းဆရာကျတော့ ဒီလောက်နဲ့ မရတော့ဘူး။ ဒီလောက်ပြောရုံနဲ့တော့ ကိုယ့်ကိုယ်ကို သမိုင်းသုတေသီ၊ သို့မဟုတ် သမိုင်းဆရာလို့အမည်မခံသင့်ဘူး။ သမိုင်းကို လေ့လာခြင်းဟာ ပစ္စယတရားဆိုတဲ့ အကြောင်းတရားများကို လေ့လာခြင်းဖြစ်တယ်။ ပြီးခဲ့တဲ့ ဟောပြောချက်အဆုံးမှာ ပြောခဲ့တဲ့အတိုင်း သမိုင်းဆရာဟာ 'ဘာကြောင့်' ဆိုတဲ့ မေးခွန်းကိုအစဉ်မေးနေမယ်။ အဖြေကိုရှာလို့မတွေ့မချင်း ရပ်လို့မဖြစ်ဘူး။ ကြီးကျယ်ထင်ရှားတဲ့ သမိုင်းဆရာတိုင်း (ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ပြောရရင် ကြီးကျယ်ထင်ရှားတဲ့ တွေးခေါ်ရှင်တိုင်း) ဟာ အချင်းအရာ အသစ်တွေနဲ့ရင်ဆိုင်ရတိုင်း ဒါမှမဟုတ် အခြေအနေအသစ်တွေ ပေါ်လာတိုင်း ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကို မေးတတ်သူ ဖြစ်တယ်။ သမိုင်းရဲ့ ဖခင်လို့ခေါ်တဲ့ ဟီရိုဒိုးတပ်စ်[1] က သူ့သမိုင်းကျမ်း

1. Herodotus


www.burmeseclassic.com

www.burmeseclassic.com



အစမှာ သူ့ကျမ်းရဲ့ ရည်ရွယ်ချက်ကို ဖော်ပြခဲ့တာရှိတယ်။ ဂရိလူမျိုးများနဲ့ ဘာဘေးရီယန်း လူရိုင်းများရဲ့ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်ထားရန်၊' အထူးသဖြင့် ၎င်းတို့ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ကြသည့် အကြောင်းတရားများကို ဖော်ပြရန်' လို့အဲဒီ သမိုင်းကျမ်းအစမှာ ရေးခဲ့တယ်။ သူ့ကိုခေတ်ဟောင်းတုန်းကတော့ သူ့အဆိုကို ထောက်ခံတဲ့လူရယ်လို့ သိပ်မရှိခဲ့ဘူး။ **သူစီဒိုက်**[2] သည်ပင်လျှင် **ပစ္စယတရား**[3] (အကြောင်းတရား) နဲ့ ပတ်သက်လို့ကြည်လင်တဲ့ခံယူချက်မရှိဘူးလို့စွပ်စွဲကြတယ်။ ဒါပေမယ့် **ခေတ်သစ်သမိုင်းဗေဒ**[4] ရဲ့အခြေခံတွေကို ချမှတ်ရာဖြစ်တဲ့ ဆယ့်ရှစ်ရာစု ရောက်တဲ့အခါ ကျတော့ **မွန်တက်စကျူး**[5] က 'ရောမလူမျိုးတို့၏ ကြီးကျယ်ခြင်း၊ ထွန်းကားခြင်းနှင့် ကျဆုံးခြင်းအကြောင်းတရားများကို လေ့လာမှု' ဆိုတဲ့ ကျမ်းမှာ 'ဘုရင်စနစ်တိုင်း၌ ထိုစနစ်ကို မောင်းနှင်သော၊ တည်မြဲစေသော၊ သို့မဟုတ် ပျက်စီးစေသော စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အကြောင်းတရားတို့သည်ရှိပေ၏' လို့ရေးခဲ့ပါတယ်။ ဒါတင်မကဘူး၊ 'လောက၌ ဖြစ်ခြင်း၊ ပျက်ခြင်း ဟူသောပစ္စုပ္ပန်တရားတို့သည် ပစ္စယ တည်းဟူသော အကြောင်းတရားတို့၏ လက်အောက်ခံမျှသာဖြစ်ကုန်ကြ၏' လို့လည်း ရေးခဲ့ပါသေးတယ်။ နောင် နှစ်အနည်းငယ်ကြာသောအခါ မွန်တက်စကျူးဟာ ဒီသဘောကို ထပ်မံတိုးချဲ့ခဲ့ပြီး ယေဘုယျ သဘောဖြစ်အောင် လုပ်ခဲ့ပါတယ်။

'ယနေ့ကမ္ဘာလောကကြီးတွင် ကျွန်ုပ်တို့တွေ့မြင်နေရသော ပစ္စုပ္ပန်တရား (အကျိုးတရား) ဟူသမျှတို့သည် မျက်ကန်းသဖွယ်ဖြစ်သော ကံတရားကြောင့်သာ ဖြစ်သည်' လို့ယူဆတာဟာ အဓိပ္ပာယ် မရှိဘူးလို့လည်း ထပ်မံရေးခဲ့ပါသေးတယ်။ 'လူတွေသည် ထွေပြားသော စိတ်ကူးများ၏ စေစားရာကို နာခံကြသည် မဟုတ်' လို့လည်း ပြောခဲ့ပါတယ်။ သူတို့ရဲ့အပြုအမူများ၊ ဆောင်ရွက်ချက်များဟာ 'အရာဝတ္ထုတို့၏ သဘာဝ' မှ ပေါ်ထွက်လာသော အခြေခံမူများ၊ ဥပဒေသများကို လိုက်နာရတယ်လို့လည်း ပြောခဲ့ပါသေးတယ်။ ဒီနောက်မှာတော့ သမိုင်းဆရာများ၊ သမိုင်းဒဿနဆရာများဟာ သမိုင်းအဖြစ်အပျက်ရဲ့ အကြောင်းတရားများကို ရှာဖွေခြင်း၊ သမိုင်းအဖြစ်အပျက်များကို စိုးမိုးချုပ်ကိုင်နေတဲ့ ဥပဒေသများကို ရှာဖွေခြင်းဖြင့် လူ့လောကကြီးရဲ့ အတိတ်အတွေ့အကြုံများကို စနစ်တကျစုစည်းဖို့ နှစ်ပေါင်းနှစ်ရာနီးပါးမျှ ကြိုးစားအားထုတ်ခဲ့ကြပါတယ်။

တစ်ခါတလေကျတော့လည်း ဒီအကြောင်း တရားများ၊ ဒီဥပဒေများဟာ စက်ယန္တရားဆန်တယ်လို့တွေးခဲ့ကြတယ်။ တစ်ခါတလေမှာလည်း သက်ရှိရုပ်ဆန်တယ်လို့ထင်ခဲ့ကြတယ်။ တစ်ခါတလေမှာလည်း သတ္တဗေဒဆန်တယ်။ တစ်ခါ တလေမှာလည်း စီးပွားရေးသဘောဆောင်တယ်။ တစ်ခါတလေမှာလည်း စိတ္တဗေဒဆန်တယ်

2. Thucydides 3. Causation 4. Histriography 5. Montesque





လို့စဉ်းစားခဲ့ကြပါတယ်။ ဒါပေမယ့် ဒီအ[illegible] ဘာပဲဖြစ်ဖြစ် သမိုင်းဆိုတာ ပစ္စည်းနဲ့ပစ္စယပွန်(အကြောင်းတရားနဲ့အကျိုးတရား) တို့အဖြစ် အတိတ်အဖြစ်အပျက်များကို စုစည်းထားတဲ့ အရာဖြစ်တယ် ဆိုတဲ့ အယူအဆကိုတော့ အားလုံးကလက်ခံခဲ့ကြပါတယ်။ ပြင်သစ်စွယ်စုံကျမ်းထဲက သမိုင်းနဲ့ပတ်သက်တဲ့ ဆောင်းပါးတစ်စောင်ထဲမှာ ဗော်လ်တဲယားက 'အိုဇက်နဲ့ ဂျာဇာတေး မြစ်ကမ်းများပေါ်မှာ ဘာဘေးရီးယန်း လူရိုင်းတွေ တစ်ဦးကိုတစ်ဦး တိုက်ခိုက်နှိမ်နင်းကြတယ် ဆိုတာ လောက်ပဲပါပြီး တခြားဘာမှမပါရင် သမိုင်းဆိုတာ ဘာအသုံးကျမှာလဲ' လို့ ရေးခဲ့ဖူးပါတယ်။ လွန်ခဲ့တဲ့ နှစ်များစွာအတွင်းကတော့ ဒီအမြင်ကို နည်းနည်းပြင်ဆင်ခဲ့ကြပါတယ်။

ဒီနေ့ခေတ်မှာ သမိုင်း 'ဥပဒေသ' ဆိုတဲ့ စကားလုံးကို ကျွန်တော်တို့ သိပ်မပြောကြတော့ပါဘူး။ 'အကြောင်းတရား' ဆိုတဲ့ စကားလုံးသည်ပင်လျှင် သမိုင်း ပညာရပ်မှာ တော်တော်ခေတ်တိမ်သွားပါပြီ။ ဒီလိုခေတ်တိမ်သွားတာကတော့ 'အကြောင်းတရား' ဆိုတဲ့စကားလုံးထဲမှာ ဒဿနအရ ဝေဝါးသွားတာတွေ ရှိနေလို့ပါပဲ။ ဒီအကြောင်းကိုတော့ ကျွန်တော်မပြောတော့ပါဘူး။ ခေတ်တိမ်သွားရတဲ့ နောက်အကြောင်းတစ်ခုကတော့ 'အကြောင်းတရား' ဆိုတဲ့စကားလုံးဟာ **ဟေတုကဝါဒ**[1] နဲ့ဆက်နွယ်နေလို့ ဖြစ်ပါတယ်။ ဟေတုက ဝါဒအကြောင်းကို ကျွန်တော် ဒီမှာနည်းနည်း ဆွေးနွေးချင်ပါတယ်။ ဒါကြောင့်မို့တချို့ပုဂ္ဂိုလ်များဟာ သမိုင်း အကြောင်းကို ပြောရင် 'အကြောင်းတရား' လို့မပြောတော့ဘဲ 'ရှင်းလင်းဖော်ပြချက်' ဒါမှမဟုတ် 'အနက်ဖွင့်ဆိုချက်' ဒါမှမဟုတ် 'အခြေအနေများ၏ ယုတ္တိတရား' ဒါမှမဟုတ် (ဒါစီပြောသလို) 'အဖြစ်အပျက်တို့၏အတွင်းယုတ္တိတရား' လို့ပဲ ပြောကြပါတော့တယ်။ တစ်နည်းပြောရရင် သမိုင်းကို ကြည့်မြင်တဲ့ နေရာမှာ (ဘာကြောင့်ဖြစ်တယ်ဆိုတဲ့) အကြောင်းတရားကို ရှာဖွေတဲ့နည်းကို စွန့်ပယ်ပြီး (ဘယ်လို ဖြစ်တယ်ဆိုတဲ့) လက်တွေ့နည်းကိုပဲ လက်ခံကြပါတော့တယ်။

ရုတ်တရက်ကြည့်ရင်တော့ ဒီနည်းဟာ ဘယ်လိုဖြစ်သလဲဆိုတဲ့အမေး အကျုံးဝင်နေတယ်လို့ထင်ရပေမယ့် နောက်ဆုံးတော့ 'ဘာကြောင့်' ဆိုတဲ့ မေးခွန်းကိုပဲ ပြန်ရောက်တာချည်းပါပဲ။ အကြောင်းတရား ဆိုတာမှာလည်း လူအမျိုးမျိုး အကြောင်းတရား အမျိုးမျိုးကို ပြောကြတယ်။ တချို့က စက်ယန္တရားဆန်ဆန် အကြောင်းတရား၊ အချို့က စိတ္တဗေဒဆိုင်ရာအကြောင်းတရား၊ အချို့က ဇီဝဗေဒဆိုင်ရာ အကြောင်းတရား စသည်ဖြင့် ကိုယ်သန်ရာသန်ရာပြောကြတယ်။ သမိုင်းဆိုင်ရာ ပစ္စယတရား (အကြောင်းတရား)ဟာ သူ့ပင်ကို မူလသဘောနဲ့သူ ရှိနေတဲ့ အကြောင်းတရားလို့ယူဆတယ်။

1. Determinism



www.burmeseclassic.com

www.burmeseclassic.com

သမိုင်း အဖြစ်အပျက်တစ်ခုဖြစ်ရာမှာ ဘယ်အ ကြောင်းတရားကြောင့်ဖြစ်သလဲ၊ စိတ္တဗေဒဆိုင်ရာကြောင့်လား၊ ဇီဝဗေဒ ဆိုင်ရာကြောင့်လား၊ စီးပွားရေးဆိုင်ရာကြောင့်လား စသည်ဖြင့် အကြောင်းတရားတွေကို အမျိုးမျိုးခွဲခြားကြတာဟာ မှန်တဲ့အခါတွေလည်းရှိတတ်ပါတယ်။ ဒါပေမယ့် ခုကျွန်တော် ဆွေးနွေးချင်တာကတော့ ဒီလို အမျိုးအစား ခွဲခြားမပြောတော့ဘဲ သူ့သူ့ငါငါ ပြောနေကြတဲ့ အများလက်ခံ နားလည်ကြတဲ့ 'အကြောင်းတရား' ဆိုတာကိုပဲ ဆွေးနွေးချင်ပါတယ်။ အကြောင်း တရားတွေကို စီးပွားရေး၊ နိုင်ငံရေး စသည်ဖြင့် အမျိုးအစား မခွဲတော့ပါဘူး။

ကောင်းပြီ။ ဒါဖြင့် အဖြစ်အပျက်တွေ ဖြစ်လာတယ်။ ဒီအဖြစ်အပျက်တွေဟာ ဘယ် အကြောင်းတရားတွေကြောင့် ဖြစ်လာသလဲဆိုတာကို သမိုင်းဆရာတစ်ယောက် အနေနဲ့ ရှာဖွေဖို့လိုလာပြီဆိုပါတော့။ ဒီအခါမှာ သမိုင်းဆရာဟာ လက်တွေ့မှာ ဘာလုပ်သလဲ။ ဒီမှာ သမိုင်းဆရာတွေ ပထမဆုံး လုပ်လေ့လုပ်ထရှိတဲ့ အချက်တစ်ခု ကတော့ အဖြစ်အပျက် တစ်ခုပေါ်ပေါက်လာတယ်ဆိုရင် အများအားဖြင့် အကြောင်း တရားတွေကို အများကြီး တင်ပြလာတော့တာပါပဲ။ 'အကြောင်းတရား' ကို ရှာချင်ရင် တစ်ခုတည်းကို ရှာလို့မရဘူး။ ဒီအကြောင်းတရားကို ဖြစ်ပေါ်လာစေတဲ့ အခြားသော ကိစ္စများရဲ့ အကြောင်းဆက်များကိုပါ ရှာရလိမ့်မယ်။ ဒီလို ရှာတတ်အောင် လူတွေကို ကျွန်တော်တို့သတိပေးရမယ်လို့ဘောဂဗေဒ ပညာရှင် မာရှယ်က ရေးခဲ့ဖူးတယ်။

'၁၉၁၇ ခုနှစ်က ရုရှားပြည်တွင် အဘယ့်ကြောင့်(အောက်တိုဘာ) တော်လှန်ရေး ကြီး ပေါ်ပေါက်ခဲ့သနည်း' လို့စာမေးပွဲမှာ မေးလာလို့ဒီအမေးကို အကြောင်းပြချက် တစ်ခုတည်း ရေးပြီးဖြေရင် အဲဒီ ကျောင်းသားဟာ တတိယတန်းလောက် ရရင်တောင် ကံကောင်းတယ်လို့ဆိုရမှာပဲ။

သမိုင်းဆရာကတော့ ဒီလိုမဟုတ်ဘူး။ အကြောင်းတရားတွေ အများကြီးပြတယ်။ ဇာဘုရင်ရဲ့ ရုရှားပြည်က စစ်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ရှုံးနေတာ၊ စစ်ကိုချည်းတိုက်နေလို့ ရုရှားပြည်ရဲ့စီးပွားရေးပြိုကွဲသွားတာ၊ ဘော်ရှီဗစ်တွေ ဝါဒဖြန့်ကောင်းတာ၊ ဇာဘုရင် အစိုးရက မြေယာပြဿနာကို မဖြေရှင်းနိုင်တာ ပီထရိုဂရက်မြို့ထဲမှာ ဆင်းရဲနွမ်းပါးပြီး သွေးစုပ်ခံရတဲ့ ပစ္စည်းမဲ့ အလုပ်သမားတွေ တစ်စထက်တစ်စ များလာတာ၊ လီနင်ရဲ့ ခေါင်းဆောင်မှုကောင်းတာ၊ အခြားတစ်ဖက်မှာ လီနင်လို ခေါင်းဆောင်မှုကောင်းတဲ့လူ မရှိတာစတဲ့စီးပွားရေး၊ နိုင်ငံရေး၊ အယူအဆရေး၊ ပုဂ္ဂိုလ်ရေး အကြောင်းတွေ၊ ရေရှည်နဲ့လောလောဆယ် အကြောင်းတွေ တစ်လှေကြီးကို ပြမှာပဲ။ ဒါဟာ သမိုင်းဆရာတွေ လုပ်လေ့လုပ်ထရှိတဲ့ အချက်ပဲ။

စာဖြေသူ ကျောင်းသားဆိုရင်တော့ ဒီလောက်ဆိုရင် လုံလောက်ပြီ။ ဒီလောက် ဆိုရင် ဒုတိယတန်းလောက် ရမှာပဲ၊ ဒါပေမယ့် ပထမတန်း တော့မရနိုင် သေးဘူး။





စာစစ်သူကလည်း အဖြေကိုကြည့်ပြီး 'အချက်အလက် စုံပါ၏။ သို့ရာတွင် စိတ်ကူး ဉာဏ်လိုသေးသည်' လို့မှတ်ချက် ချကောင်းချမှာပဲ သမိုင်းဆရာကတော့ ဒီလောက် နဲ့တင် မလုံလောက်သေးဘူး။

ဒီတော့ အထက်ပါမေးခွန်းကို မေးလာရင် သမိုင်းဆရာတွေအနေနဲ့ဒုတိယအဆင့် အနေနဲ့ဘာလုပ်မလဲ။ တကယ့် သမိုင်းဆရာကတော့ အထက်ကဖော်ပြတဲ့အကြောင်း တရားတွေကို သူ့ဘာသာသူ စုဆောင်းပြီး သူ့အတွေ့အကြုံအရ ရှေ့နောက်စီစဉ်မယ်။ အရေးကြီး မကြီးကိုလိုက်ပြီး အစီအစဉ်အလိုက် နေရာချထားမယ်။ 'နောက်ဆုံး' အားဖြင့် သို့မဟုတ် 'အနှစ်ချုပ်ကြည့်လိုက်ရင်' (ဒီစကားလုံးတွေကတော့ သမိုင်းဆရာတွေ သုံးတတ်တဲ့ စကားလုံးတွေပါ။) ဘယ်အကြောင်းတရားဟာ အဆုံးစွန် အကြောင်း တရားလည်း၊ အကြောင်းတရား တကာတို့အနက် ဘယ်သင်းဟာ အရေးကြီးဆုံး အကြောင်းလဲဆိုတာကို ဆုံးဖြတ်မယ်။ အဲဒီ နောက်ဆုံးအကြောင်းတရားဟာ သမိုင်း ဆရာရဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ပဲ။ သူရွေးချယ်တင်ပြတဲ့ အကြောင်းတရားကို လိုက်ပြီး သမိုင်းဆရာဟာ ထင်ရှားလာခြင်း ဖြစ်တယ်။ ရောမ လက်နက်နိုင်ငံတော်ကြီး ကျဆုံးရတာဟာ ဘာဘေးရီယန်း လူရိုင်းများနှင့် ဘာသာတရားတို့ လွှမ်းမိုးသွားခြင်း ကြောင့် ဖြစ်တယ်လို့ ဂစ်ဗွန်းက အကြောင်းပြခဲ့တယ်။ ဗြိတိသျှတို့ကြွယ်ဝကြီးလာပြီး ချမ်းသာကြွယ်ဝတာဟာ အခြေခံလွတ်လပ်မှုတွေကို ထူထောင်ပေးခဲ့တဲ့ နိုင်ငံရေး စနစ်ကြောင့်ဖြစ်တယ်လို့ ဆယ့်ကိုးရာစုနှစ် အင်္ဂလိပ်ဝှစ် သမိုင်းဆရာတွေက ယူဆခဲ့ကြတယ်။ ဒီနေ့ခေတ်ကျတော့ ဂစ်ဗွန်းနဲ့အင်္ဂလိပ်ဝှစ် သမိုင်းဆရာတို့ရဲ့ အမြင်ဟာ ခေတ်နောက်ကျသလို ဖြစ်နေပြီ။ ဒီနေ့ခေတ်မှာ ခေတ်သစ်သမိုင်းဆရာတွေက စီးပွားရေး အကြောင်းတရားများကို ရှေ့တန်းတင်ပြီး စဉ်းစားလာကြတဲ့အတွက် သူတို့ရဲ့ အမြင်ဟာ ခေတ်မမီသလို ဖြစ်နေတယ်။ သမိုင်းနဲ့ပတ်သက်လို့အငြင်းပွားချက်တွေ ပေါ်ထွက်နေတာဟာ တခြားကြောင့် မဟုတ်ဘူး။ ဘယ်အကြောင်းတရားကို ပထမ ဦးစားပေးမလဲဆိုတဲ့ အချက်မှာ ကွဲလွဲနေကြလို့ဖြစ်ပါတယ်။ သမိုင်း အငြင်းပွားချက် ဟူသမျှဟာ အကြောင်းတရား ဦးစားပေးမှု ပြဿနာပေါ်မှာ တည်နေတာချည်းပါပဲ။

အရင် ဟောပြောချက်များမှာတုန်းက ကျွန်တော်ပြောခဲ့တဲ့ စာတမ်းငယ်တစ်စောင် မှာ ဟင်နရေပွန်ကာရေးက သိပ္ပံပညာဟာ 'ကွဲပြားမှုနှင့်ရှုပ်ထွေးမှု' ဆီကိုရော၊ 'ပေါင်းစည်းမှုနဲ့ရှင်းလင်းမှု' ဆီကိုရော တစ်ပြိုင်နက်တည်းမှာ ချီတက်နေတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီ နှစ်ခွဖြစ်စဉ် တစ်ခုနဲ့တစ်ခု ဝိရောဓိဖြစ်နေတယ်လို့ထင်ရတဲ့ ဖြစ်စဉ်ဟာ အသိပညာတိုင်းမှာ တွေ့ရတဲ့ အချက်လို့ပဲ သူကပြောခဲ့တယ်။

သမိုင်းပညာရပ်မှာလည်း ဒီအတိုင်းပါပဲ။ သမိုင်းဆရာဟာ သမိုင်းသုတေသနကို ကျယ်ပြန့်အောင် လုပ်နေရတယ်။ နက်ရှိုင်းစွာ လေ့လာနေရတယ်။ ဒီလိုလုပ်ရင်းနဲ့ပဲ


www.burmeseclassic.com

www.burmeseclassic.com

'ဘာကြောင့်' ဆိုတဲ့ မေးခွန်းရဲ့အဖြေကို ပိုပြီးပြည့်စုံအောင် အစဉ်သဖြင့် စုဆောင်းနေရတယ်။ ဒီအထဲမှာ မကြာသေးမီ နှစ်များအတွင်းကပဲ စီးပွားရေးသမိုင်း၊ လူမှုရေးသမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ ဥပဒေရေးရာသမိုင်းဆိုတဲ့ အချက်အလက်တွေ ပေါ်ပေါက် လာပြန်တဲ့အခါကျတော့ ကျွန်တော်တို့ဖြေဆိုရမယ့် အတိုင်းအတာ အကျယ်အဝန်းဟာ ပိုလို့ကြီးမားလာခဲ့တယ်။ ဒါတောင် နိုင်ငံရေးသမိုင်းနဲ့ အရှုပ်အထွေးတွေကို ကြည့်မြင်ရာမှာ အသစ်ပေါ်ပေါက်လာတဲ့ လေ့လာနည်းတွေ၊ စိတ္တဗေဒနဲ့စာရင်းအင်းဗေဒရဲ့ နည်းနာသစ်တွေကို ထည့်မတွက်သေးဘူး။

'သိပ္ပံပညာတစ်ရပ်မှာ အဆင့်သစ်တစ်ခုကို ရောက်လာလာတိုင်း အကျိုးတရားနဲ့ အကြောင်းတရားလို့ ကျွန်တော်တို့မူလက သတ်မှတ်ထားတဲ့ အရာတွေဟာ ကျွန်တော်တို့နဲ့ဝေးကွာသွားလေ့ရှိတယ်' လို့ဘာထရန့်ရပ်ဆဲက ပြောခဲ့ဖူးတယ်။ ဒီစကားဟာ သမိုင်းပညာရပ်မှာ ဖြစ်နေတဲ့ အခြေအနေလို ရည်ရွယ်ဖော်ပြလိုက်တဲ့ စကားတစ်ခွန်းလို သမိုင်းပညာရပ်မှာ ဖြစ်နေတဲ့ အခြေအနေနဲ့တိုက်ဆိုင်နေတာကို တွေ့ရပါတယ်။ သမိုင်းဆရာဟာ အတိတ်ကို နားလည်အောင် လုပ်ရမှာဖြစ်တဲ့အတွက် သူဟာလည်း သိပ္ပံပညာရှင်လိုပဲ ထွေပြားတဲ့ သူ့အဖြေများကို ရှင်းလင်းအောင် အနှစ်ချုပ်ပြရလိမ့်မယ်။ အရေးမကြီးတဲ့ အဖြေတွေကို နောက်တန်းပို့ပြီး အရေးကြီးတဲ့ အဖြေကို ရှေ့တန်းတင်ရလိမ့်မယ်။ ထွေပြားတဲ့ အဖြစ်နဲ့ထွေပြားတဲ့ အကြောင်းတရားတွေကို အစီအစဉ်အလိုက် ညီညွတ်သိပ်သည်းအောင် တင်ပြရမယ်။

'တန်ခိုးရှင်တစ်ပါးရဲ့ အလိုတော်ကြောင့် ဖြစ်ရတယ်။ တန်ခိုးရှင်ဖန်တီးတဲ့ နိယာမတရားအရ ဖြစ်ရတယ်။ မူလဘူတအကြောင်း တစ်ပါးကြောင့် ဖြစ်ရတယ်။ ကောင်းကင်က ဖန်တီးတဲ့ ဥပဒေတစ်ရပ်ကြောင့် ဖြစ်ရတယ်' ဆိုတဲ့ စကားတွေဟာ ဒီနေ့ခေတ်မှာ နောက်ကျတဲ့ ပြက်လုံးတစ်ခု ဖြစ်နေပါပြီ။ သမိုင်းဆရာဟာ အကြောင်းတရားများရဲ့ ရှုပ်ထွေးများပြောင်းမှုကိုလည်း ကြည့်ရမယ်။ ရှင်းလင်း လွယ်ကူမှုကိုလည်း ကြည့်ရမယ်။ (သမိုင်းဆရာဟာ အကြောင်းတရားများစွာကိုလည်း လေ့လာရမယ်။ တစ်ခုချင်းကိုလည်း လေ့လာရမယ်။) သိပ္ပံပညာရပ်လိုပဲ သမိုင်း ပညာရပ်ဟာလဲ အဲဒီ နှစ်ခုဖြစ်စဉ်၊ တစ်ခုနဲ့တစ်ခု ဝိရောဓိဖြစ်နေတယ်လို့ထင်ရတဲ့ ဖြစ်စဉ်ကို ဖြတ်သန်းလာရခြင်းဖြစ်တယ်။



## သမိုင်းဆိုင်ရာ ဟေတုကဝါဒ

ဒီနေရာမှာ ကျွန်တော်တင်ပြမယ့် အချက်နဲ့ပတ်သက်လာတဲ့အတွက် တော်တော်အကိုင်အတွယ်ရခက်တဲ့ ပြဿနာနှစ်ခုကို တင်ပြချင်တယ်။ တစ်ခုကတော့ **သမိုင်းဆိုင်ရာ ဟေတုကဝါဒ**[1] သို့မဟုတ်၊ **ဟီဂဲလ်ရဲ့စဉ်းလဲမှု**[2] ဆိုတဲ့ ပြဿနာ၊ နောက်တစ်ခုကတော့ 'သမိုင်းဆိုင်ရာ ရှောင်တစ်ခင်ဖြစ်မှု' **(အနေကန်တရား)**[3] ဒါမှမဟုတ် ကလီယိုပက်ထရာရဲ့ နှာခေါင်းဆိုတဲ့ ပြဿနာတို့ဖြစ်ပါတယ်။ ဒီနှစ်ခုကို ကျွန်တော်ဘာကြောင့် ဒီမှာထည့်ပြောရသလဲဆိုတာကလေးကို နည်းနည်းပြောချင်ပါသေးတယ်။

၁၉၃၀ ပြည့်နှစ်များ တစ်ဝိုက်တုန်းက ဗီယင်နာမှာရှိတဲ့ ဂျာမန်ပညာရှင် **ဒေါက်တာ ကားလ်ပေါ့ပါး**[4] က သိပ္ပံပညာကို အမြင်သစ်နဲ့ကြည့်ရေးနဲ့ပတ်သက်လို့အရေးကြီးတဲ့ ကျမ်းတစ်စောင် ရေးခဲ့ပါတယ်။ (အဲဒီကျမ်းကို 'သိပ္ပံနည်းကျ ရှာဖွေမှု၏ ယုတ္တိဗေဒ' ဆိုတဲ့ အမည်နဲ့မကြာမီက အင်္ဂလိပ်ဘာသာကို ပြန်ဆိုခဲ့ပါတယ်။) နောက်ကျမ်းနှစ်စောင်က 'ပွင့်လင်းသော အဖွဲ့အစည်းနဲ့လည်းကောင်း၏ ရန်သူများ' ဆိုတဲ့ ကျမ်းနဲ့ 'သမိုင်းဗေဒ၏ ချွတ်ခြုံကျမှု' ဆိုတဲ့ လူကြိုက်များတဲ့ ကျမ်းနှစ်စောင်ကိုလဲ စစ်အတွင်းက ပုံနှိပ်ထုတ်ခဲ့ပါတယ်။ အဲဒီ ကျမ်းနှစ်စောင်ဟာ နာဇီဝါဒရဲ့ ဘိုးဘေးများလို့ ပလေတိုနဲ့အတူ အစွပ်စွဲခံရတဲ့ ဟီဂဲလ်နဲ့အဲဒီအချိန်တုန်းက ဗြိတိသျှ ပညာတတ်များကြားမှာ ရေပန်းစားခဲ့တဲ့ မတ်ဝါဒကို တိုက်ခိုက်ချင်ဇောနဲ့ရေးခဲ့တဲ့ ကျမ်းများဖြစ်ပါတယ်။ အဲဒီ ကျမ်းနှစ်စောင်စလုံးမှာ အဓိကထား တိုက်ခိုက်တဲ့ အကြောင်းအရာကတော့ ဟေတုကဝါဒ လွှမ်းနေတယ်လို့အစွပ်အစွဲခံရတဲ့ ဟီဂဲလ်နဲ့ ကားလ်မတ်တို့ရဲ့ သမိုင်းနဲ့ပတ်သက်တဲ့ ဒဿနများပဲ ဖြစ်ပါတယ်။ အဲဒီ သမိုင်း ဒဿနနှစ်ခုစလုံးဟာ ဟေတုကဝါဒ လွှမ်းတဲ့ သမိုင်းဒဿနများ ဖြစ်တယ်ဆိုပြီး နှစ်ခုစလုံးကို

1. Determinism in History. 2. Wickedness of Hegel. 3. Chance in History.
4. Karl Popper



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဗေဒလို့အမည်တပ်ပေးခဲ့ပါတယ်။

၁၉၅၄ ခုနှစ်မှာလည်း ဆာအက်ဆိုင်ရာ ဘာလင်းက 'သမိုင်းဆိုင်ရာ ဓကန်တရား' ဆိုတဲ့ စာတမ်းတစ်စောင်ကို ရေးခဲ့ရာမှာ အောက်စဖို့တက္ကသိုလ်က ကိုးကွယ်ခဲ့တဲ့ ပလေတိုကို ဖက်ဆစ်ဝါဒရဲ့ ရှေ့ဆောင်လမ်းပြအဖြစ် စွပ်စွဲတာကို ချန်လှန်ပြီးတဲ့နောက် ဟီဂဲလ်နဲ့ကားလ်မတ်တို့ရဲ့ သမိုင်းဒဿနကို တိုက်ခိုက်ဝေဖန်ခဲ့ပြန်ပါတယ်။ ဟီဂဲလ်နဲ့ ကားလ်မတ်တို့ရဲ့အပြုအမူများဟာ အကြောင်းတရားကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်း၊ သူတို့သမိုင်းဒဿနဟာ လူရဲ့လွတ်လပ်သော စိတ်ဆန္ဒကို ငြင်းပယ်တဲ့ အကြောင်း၊ သမိုင်းမှာရှိတဲ့ လူဆိုးများဖြစ်တဲ့ ရှားလ်မိန်ဘုရင်လိုလူတွေ၊ နပိုလီယံ လိုလူတွေ၊ စတာလင်လိုလူတွေကို ရှုတ်ချဝေဖန်ခြင်းမပြုအောင် တားဆီးခဲ့ကြကြောင်း၊ ဒါကြောင့် ဟီဂဲလ်နဲ့ကားလ်မတ်တို့ရဲ့ သမိုင်းဒဿနဟာ မှားယွင်းတဲ့ သမိုင်း ဒဿနဖြစ်ကြောင်း ရေးခဲ့ပါတယ်။ ဆာအက်ဆိုင်ရာ ဘာလင်းဟာ ကားလ်ပေါ့ပါးရဲ့ အမြင်အတိုင်းပါပဲ။ ပလေတိုကို ချန်လှပ်ထားခဲ့တာကလွဲလို့တခြား ဘာမှ မထူးလှ ပါဘူး။ ဒါပေမယ့် ဆာအက်ဆိုင်ရာ ဘာလင်းက လူကြိုက်များပြီး လူဖတ်များတဲ့ စာရေးဆရာ တစ်ယောက်ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ လေး၊ ငါးနှစ်လောက်တုန်းက ဒီတိုင်းပြည်နဲ့အမေရိကန်ပြည်ထောင်စုက သမိုင်းဆောင်းပါးရေးသူ ဒါမှမဟုတ်၊ သမိုင်းကျမ်း ဝေဖန်သူများ အားလုံးလောက်ဟာ ဟီဂဲလ်၊ ကားလ်မတ်နဲ့သူတို့ရဲ့ သမိုင်းဆိုင်ရာ ယေတုကဝါဒကို မေးငေါ့ခဲ့ကြပြီး သူတို့ရဲ့ သမိုင်းအမြင်ဟာ သမိုင်းမှာ ရှောင်တစ်ခင်ဖြစ်မှုမှာ အနေကန်သဘောဆောင်သူကို အသိအမှတ်မပြုကြဘူးလို့ဝေဖန်ရှုတ်ချခဲ့ကြတယ်။ သူ့တပည့်တွေလုပ်သမျှ ဆာအက် ဆိုင်ရာ ဘာလင်းအပေါ်မှာချည်းတော့ ကျွန်တော် ပုံမချချင်ပါဘူး။ ဒီလို ပုံချရင် ကျွန်တော်ဘယ်တရားပါမလဲ။ ဆာအက်ဆိုင်ရာ ဘာလင်းဟာ အဓိပ္ပာယ်မရှိတဲ့ အယူအဆကို တင်လာသည့်တိုင် သူတင်ပြပုံ၊ သူပြောပုံက ဇွဲစပ်သေချာပြီး ဆွဲဆောင်မှု ရှိလေတော့ ကျွန်တော်တို့သူ့ကို နားထောင်လို့ရသေးတယ်။ ဒါပေမယ့် သူ့တပည့်တွေ ကျတော့ အဓိပ္ပာယ်မရှိတဲ့ အယူအဆကိုလည်း တင်ပြသေးတယ်။ ဆွဲဆောင်မှု ရှိအောင်လည်း မတင်ပြတတ်ဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့အယူအဆဟာ အသစ်အဆန်း မဟုတ်ပါဘူး။

ခေတ်သစ်သမိုင်း ပါမောက္ခတွေထဲမှာ အထင်ရှားဆုံးပုဂ္ဂိုလ်တစ်ယောက် မဟုတ်တဲ့အပြင် ဟီဂဲလ်ရဲ့ နာမည်ကိုရော၊ ကားလ်မတ်ရဲ့နာမည် ကိုရော မကြားဖူးတဲ့ ပါမောက္ခ ချားလ်ကင်းစလေက ၁၈၆၀ပြည့်နှစ်မှာ ပြောတဲ့ သူ့ရဲ့ အဖွင့်မိန့်ခွန်းထဲမှာ သမိုင်းကို 'ရှောင်လွှဲမရသော ဓကန်အကြောင်းတရား' ဟူသည် မရှိနိုင်ကြောင်း၊ 'လူမှာ မိမိဘဝရဲ့ နိယာမများကိုပင် ချိုးဖောက်နိုင်သည့် အစွမ်းသတ္တိများရှိကြောင်း' ဖြင့်





ပြောခဲ့ဖူးပါတယ်။ (သမိုင်းဟာ အကြောင်းတရားတွေ ဆုံဆည်းလို့မလွှဲမရှောင်သာ ဖြစ်လာတာ မဟုတ်ဘူး။ ရှောင်တခင် ဖြစ်လာတယ်။ တစ်နည်းသမိုင်းဟာ ဓကန်သဘောမဆောင်ဘူး။ အနေကန် သဘောဆောင်တယ်လို့ပြောခြင်းဖြစ်တယ်။) ဒါပေမယ့် ကျွန်တော်တို့ဟာ ကင်းစလေပြောခဲ့တဲ့ သမိုင်းဒဿနကို မေ့နေခဲ့ကြပါပြီ။ ခု ဆာအက်ဆိုင်ရာ ဘာလင်းနဲ့ပေါ့ပါးတို့က မြင်းသေကို အသက်သွင်းလာခဲ့ကြတာပါ။ ဒီတော့ ဒီအယူအဆ ရှုပ်ထွေးမှုကို ကျွန်တော်တို့စိတ်ရှည်ရှည်နဲ့ရှင်းဖို့လိုလာပါတယ်။

ပထမအချက်အားဖြင့် သမိုင်းဆိုင်ရာ ယေတုကဝါဒ အကြောင်းကို ကျွန်တော် ဆွေးနွေးချင်ပါတယ်။ သမိုင်းဆိုင်ရာ ယေတုကဝါဒကို ကျွန်တော်နားလည် သလောက် ပြောပါ့မယ်။ ဒါကို လူတိုင်းကလည်း အငြင်းပွားမယ် မထင်ပါဘူး။ အဖြစ်အပျက် တိုင်းမှာ အကြောင်းတရား၊ သို့မဟုတ် အကြောင်းတရားများရှိတယ်။ အဲဒီ အကြောင်း တရား ပြဋ္ဌာန်းတဲ့အတိုင်းပဲ ဖြစ်လာရတယ်။ အဲဒီ ပြဋ္ဌာန်းတဲ့အကြောင်းတရားတွေ ပြောင်းလဲသွားရင် အဖြစ်အပျက်ဟာလည်း တစ်မျိုးပြောင်းလဲ သွားရတယ်ဆိုတဲ့ အယူအဆဟာ သမိုင်းဆိုင်ရာ ယေတုကဝါဒပါပဲ။

(အကြင် အကြောင်းတရားကြောင့် ထိုအကျိုးတရားပေါ်ရတယ်။ အကြင် အကြောင်းတရား မရှိလျှင် ထိုအကျိုးတရားသည် မရှိနိုင်လို့ပြောရင်ရမယ်ထင်ပါတယ်) အကြောင်းတရားက ပြဋ္ဌာန်းလို့အကျိုးတရား ပေါ်ရတယ်ဆိုတဲ့ အယူအဆဟာ သမိုင်းပြဿနာ သက်သက် မဟုတ်ပါဘူး။ လူ့ရဲ့အပြုအမူ အားလုံးနဲ့ဆိုင်တဲ့ ကိစ္စ တစ်ရပ် ဖြစ်ပါတယ်။ အကြောင်းတရားမရှိဘဲ လူ့ရဲ့အပြုအမူ မပေါ်နိုင်ဘူး။ အကြောင်း တရားမရှိဘဲ လူ့ရဲ့အပြုအမူတစ်ခု ပေါ်ပေါက်လာခဲ့ရင်၊ လူ့ရဲ့အပြုအမူဟာ အကြောင်း တရားရဲ့ ပြဋ္ဌာန်းခံ မဟုတ်ဘူးဆိုလို့ရှိရင် ဒီလို ကိစ္စမျိုးဟာ လူ့အဖွဲ့အစည်းရဲ့ အပြင်ဘက်မှာ တစ်ယောက်တည်း နေထိုင်တဲ့ လူတစ်ယောက်လို မဖြစ်နိုင်တဲ့အရာ တစ်ခုသာ ဖြစ်ပါလိမ့်မယ်။ 'လူမှုကိစ္စများ၌ အရာအားလုံးသည် ဖြစ်နိုင်ပေသည်' လို့ ဆိုတဲ့ ပေါ့ပါးရဲ့ အဆိုဟာ အဓိပ္ပာယ်မရှိတဲ့ အဆို ဒါမှ မဟုတ်ရင်လဲ မှားယွင်းတဲ့ အဆိုသာ ဖြစ်ပါလိမ့်မယ်။အရာဝတ္ထုတိုင်း၌ အကြောင်းတရားရှိတယ်လို့ ယူဆမှ သာလျှင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ပတ်ဝန်းကျင်လောကကြီးကို သိနားလည် နိုင်ပါလိမ့်မယ်။ ဒီအချက်ကို လက်မခံရင် ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ဖြစ်ပျက် နေတာတွေကို ဘယ်လိုလုပ်မှ နားလည်နိုင်မှာ မဟုတ်ဘူး။

ကက်ဖကာ[1] ရဲ့ ဝတ္ထုတွေမှာ ခြောက်အိပ်မက်ဆန်နေတာဟာ တခြားကြောင့် မဟုတ်ဘူး။ အဖြစ်အပျက်တွေဟာ အကြောင်းတရားမရှိဘဲ ဖြစ်ချင်ရာကို ဗရမ်းဗတာ ဖြစ်နေကြတယ်ဆိုတဲ့ အချက်မှာ အခြေခံထားတဲ့အတွက် ဒီလို ဖြစ်နေခြင်း ဖြစ်ပါတယ်။

1. Kafka



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ယူဆလိုက်တာနဲ့လူ့ရဲ့ ဇာတိသဘောတရားဟာလည်း ပြိုကွဲရွေ့လျောသွားရတော့တာပါပဲ။ အဖြစ်အပျက်မှာ အကြောင်းတရား ရှိတယ်။ အဲဒီ အကြောင်းတရားတွေဟာ ရှာဖွေလို့ရတယ်။ ဒီလို ရှာဖွေလို့ရတဲ့ အကြောင်းတရား အချက်အလက်များဟာ လူ့ရဲ့ စိတ်ထဲမှာ အတိတ်နဲ့ပစ္စုပ္ပန်ဆိုတဲ့ ပုံသဏ္ဌာန်နဲ့ ပေါ်လာတယ်၊ ဒီနည်းအားဖြင့် လူ့ရဲ့အလုပ်ကို လမ်းညွှန်တယ်လို့ယူဆခြင်းဟာ လူ့ရဲ့ ဇာတိသဘောဖြစ်နေတာကိုး။ ဒီတော့ အကြောင်းတရားကို ပယ်လိုက်တာနဲ့ လူ့ရဲ့ဇာတိသဘောဟာလည်း ပြိုကွဲရွေ့လျောသွားရတော့တာပါပဲ။ လူတွေရဲ့ နေ့စဉ်ဘဝကို အကြောင်းတရားတွေက ပြဋ္ဌာန်းခြင်း မရှိတော့ဘူးလို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် လူ့ဘဝဆိုတာလည်း ဘယ်မှာ ရှိနိုင်ပါတော့မလဲ။

တစ်ခါတုန်းကတော့ သဘာဝလောကကြီးဟာ ကောင်းကင်က တန်ခိုးတော်ရှင်ရဲ့ အလိုတော်အရ ဖြစ်လာတာလို့ယူဆလာခဲ့ကြတယ်။ ဒါကြောင့် သဘာဝလောကကြီးရဲ့ အကြောင်းတရားတွေကို ရှာစမ်းခြင်းဟာ ဘုရားသခင်ရဲ့ အလိုတော်ကို ဆန့်ကျင်ခြင်းဖြစ်တယ်။ တိတ္ထိတက္ကဘွန်း တို့ရဲ့ အယူဖြစ်တယ်လို့ယူဆခဲ့ကြဖူးတယ်။ လူတွေရဲ့ အပြုအမူကို အကြောင်းတရားက ပြဋ္ဌာန်းတာမဟုတ်ဘဲ စိတ်ကပြဋ္ဌာန်းတယ်။ တစ်နည်း လူတွေဟာ အလုပ်တစ်ခုကို အကြောင်းတရား တစ်ခုခုကြောင့် လုပ်တာမဟုတ်ဘဲ စိတ်အလိုဆန္ဒအတိုင်း လုပ်တာဖြစ်တယ်ဆိုတဲ့ ဆာအက်ဆိုင်ရာ ဘာလင်းရဲ့ အယူအဆဟာလည်း ဒီအတိုင်းပါပဲ။

ဒါဖြင့်ရင် ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝမှာ လူတွေဘာကြောင့် လှုပ်ရှားနေသလဲ ဆိုတာကို နည်းနည်းစဉ်းစားကြည့်ချင်တယ်။ ဆိုပါတော့၊ ခင်ဗျားဟာ ခင်ဗျား နေ့စဉ်လုပ်ငန်းတွေကို လုပ်ရာမှာ စမစ်ဆိုသူနဲ့တွေ့လေ့ရှိတယ် ဆိုပါစို့။ သူနဲ့တွေ့ရင် ခင်ဗျားက ပျူငှာစွာ နှုတ်ဆက်မယ်။ အမှတ်တမဲ့ ရာသီဥတုအကြောင်း ပြောမယ်၊ အလုပ်အကိုင်အကြောင်းကို စကားစပ်မိမယ်။ ဒီတော့ သူကလည်း ခင်ဗျားကို ပျူငှာစွာ ပြန်ပြီး နှုတ်ဆက်မယ်။ စကားစပ်မိလို့ရာသီဥတုအကြောင်းပြန်ပြောမယ်။ ပြီးတော့ အလုပ်အကိုင်အကြောင်း ပြန်ပြောမယ်။

ဒါပေမယ့် တစ်နေ့ကျတော့ စမစ်ဟာ ခါတိုင်းလို ခင်ဗျားကို ယဉ်ကျေးပျူငှာနဲ့ နှုတ်မဆက်တော့ဘဲ ခင်ဗျားရဲ့ ရုပ်လက္ခဏာနဲ့ပတ်သက်လို့ဖြစ်စေ၊ ခင်ဗျားရဲ့ အကျင့်စာရိတ္တနဲ့ပတ်သက်လို့ဖြစ်စေ မဖွယ်မရာ ရိုင်းရိုင်းစိုင်းစိုင်း ပြောလာတယ် ဆိုပါတော့၊ ခင်ဗျား ဘာလုပ်မလဲ၊ ပခုံးတွန့်ပြီး ပြုံးမလား။ ဒါမှမဟုတ် စမစ်ရဲ့ စိတ်အစိုးမရပုံ၊ စမစ်ရဲ့ စိတ်ဆန္ဒလွတ်လပ်ပုံကို ဖော်ပြတဲ့ ဥပမာ တစ်ခုလို့ပဲ ယူဆမလား၊ ဒါမှမဟုတ် လူတွေမှာ အရာရာ ဖြစ်နိုင်တယ်ဆိုတဲ့ သဘောတရားကို ဖော်ပြတဲ့ နမူနာတစ်ခုပဲလို့ယူဆမလား။ ဒီလိုယူဆမှာ မဟုတ်ပါဘူး။ "ဩော်. . . စမစ်နယ်



ဖြစ်မှဖြစ်ရလေ၊ သူ့အဖေကတော့ စိတ်ရော[illegible]တာပဲ" လို့ ခင်ဗျားပြောကောင်းပြောမိမယ်။ "စမစ်တစ်ယောက်ကိုလည်း [illegible]နဲ့ရန်ဖြစ်လာဟန်တူတယ်" လို့လဲ ပြောချင်ပြောမိမှာပဲ၊ တစ်နည်းပြောရရင် အကြောင်းမဲ့ထင်ရတဲ့ ခင်ဗျားအပေါ်မှာ ရိုင်းပျတဲ့ စမစ်ရဲ့ အပြုအမူဟာ ဘာဖြစ်လို့လဲ ဆိုတာကို ခင်ဗျား အကြောင်းရှာ စဉ်းစားမှာပဲ။ အကြောင်းမရှိဘဲနဲ့လုပ်မှာမဟုတ်ဘူး၊ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်လို့ခင်ဗျား ယုံကြည်တာကိုး။

အဲ. . .ဆာအက်ဆိုင်ရာဘာလင်း အလိုအရ ဆိုရင်တော့ အကြောင်းရှာရမလား ဆိုပြီး ခင်ဗျားကို စိတ်ဆိုးချင်ဆိုးမှာပဲ။ စမစ်ရဲ့ အပြုအမူကို အကြောင်းရှာတဲ့အတွက် ခင်ဗျားဟာ ဟီဂဲလ်နဲ့မတ်တို့ရဲ့ အကြောင်းတရား ပြဋ္ဌာန်းခံ အယူအဆ(ဟေတုကဝါဒ) ကို လက်ခံရမလား၊ စမစ်ကို အပြစ်မဆိုကောင်းလားလို့ အပြစ်တင် ချင်တင်မှာပဲ။ ဒါပေမယ့် တကယ့် လက်တွေ့ဘဝမှာတော့ လူတွေဟာ ဒီလို စဉ်းစားမှာ မဟုတ်ဘူး။ စမစ်ကို ဒီလိုလုပ်ရတာဟာ အကြောင်းတရား တစ်ခုခုကြောင့်ရင်လဲ ဖြစ်ရမယ်။ ဒါမှမဟုတ်ရင်လဲ သူ့ရဲ့ ကျင့်ဝတ်ပျက်ပြားနေလို့ရင် ဖြစ်ရမယ်လို့ပဲ ယူဆကြမှာပဲ။

စမစ် ဒီလိုဖြစ်ရတာဟာ သူ့စိတ်ဆန္ဒအရ အလိုအလျောက်ဖြစ်ရတာမဟုတ်ဘူး။ တချို့သော လူများရဲ့ အပြုအမူကို ကြည့်တဲ့အခါမှာ အကြောင်းတရားက ပြဋ္ဌာန်းလို့ ဖြစ်ရတယ်လို့ပြောပြီး တချို့သော လူများကျတော့ သူ့စိတ်ဆန္ဒအလျောက် အလိုလို ဖြစ်ရတာလို့မပြောသင့်ဘူး။ မပြောလည်း မပြောနိုင်ဘူး၊ လူတစ်ယောက်ရဲ့ အပြုအမူတွေဟာ အကြောင်းတရားက ပြဋ္ဌာန်းတာလား၊ သူ့စိတ်ဆန္ဒအလျောက် ဖြစ်လာတာလား ဆိုတာ ရှုမြင်သူရဲ့ ထင်မြင်ချက်သာ ဖြစ်တယ်။ တကယ်ကျတော့ ဒီလိုမဟုတ်ဘူး။ စမစ် အပါအဝင် လူတိုင်းရဲ့ အပြုအမူတွေမှာ အကြောင်းတရား တစ်ခု ဒါမှမဟုတ်လည်း အကြောင်းတရားများစွာရှိတယ်။ ပြင်ပ အကြောင်းတရားရဲ့ စေ့ဆော်မှုကြောင့် ဟုတ်ရင်ဟုတ်၊ ဒီလိုမှ မဟုတ်ရင်လဲ သူ့မှာ ကျင့်ဝတ်အရ ပျက်ပြားလို့သာလျှင် ဖြစ်ရလိမ့်မယ်။ သာမန် အရွယ်ရောက်သူတိုင်းမှာ သူ့အပြုအမူအတွက် ကျင့်ဝတ်အရ တာဝန်ရှိတာချည်းပဲ။ စမစ်ကို ဒီလိုလုပ်တာဟာ ပြင်ပ အကြောင်းတရားကြောင့်လား၊ ဒါမှမဟုတ် သူ့ကျင့်ဝတ်ပျက်ပြားလာလို့လား ဆိုတာကတော့ ကိုယ်ကြိုက်သလို ဆုံးဖြတ်နိုင်တယ်။ ကျင့်ဝတ်ပျက်ပြားလို့ဖြစ်လာရင်လည်း အကြောင်းရှိတယ်။ အကြောင်းတရား မရှိဘူးလို့ပြောလို့မရဘူး။

ခု ကိန်းဗရစ်တက္ကသိုလ်မှာ မှုခင်းဗေဒဌာန တစ်ခုကို ဖွင့်လှစ်လိုက်ပြီ။ ဘာဖြစ်လို့ ရာဇဝတ်မှု ကျူးလွန်ရသလဲဆိုတဲ့ အကြောင်းတရားကို ရှာဖွေတဲ့နေရာမှာ ရာဇဝတ်မှု ကျူးလွန်သူရဲ့ ကျင့်ဝတ်ပျက်ပြားတာတွေကိုလည်း အကြောင်းတရား တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သမိုင်းဆရာကိုလည်း ပြန်ဆက်ရအောင်၊ အဖြစ်အပျက်တို့သည် ရှုစမ်းရှာဖွေရနိုင်သော အကြောင်းတရားများကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်တယ်လို့ သာမန်လူတွေလို သမိုင်းဆရာလည်း ယူဆတယ်။ ဒီလိုမယူဆရင် သမိုင်းဆိုတာလည်း မရှိနိုင်ဘူး။ သမိုင်းဆရာရဲ့ အထူးအလုပ်ဟာ အဲဒီ အကြောင်းတရားတွေကို ရှုစမ်းဖို့ဖြစ်တယ်။ ဒီလိုပြောလိုက်တဲ့အတွက် သမိုင်းဆရာဟာ အကြောင်းတရားက ပြဋ္ဌာန်းတယ် လို့ပဲ နေရာတကာမှာ ယူဆနေတာလို့ထင်ကောင်းထင်ကြလိမ့်မယ်။ ဒါပေမယ့် လူ့ရဲ့ လွတ်လပ်စွာ လုပ်ဆောင်တဲ့စိတ်ဆန္ဒကိုလည်း သမိုင်းဆရာ မပစ်ပယ်ပါဘူး။ သမိုင်းဆရာ ပစ်ပယ်တာက လူ့ရဲ့ ဆန္ဒကိုပြဋ္ဌာန်းတဲ့ အကြောင်းတရားတွေ မရှိဘူး၊ လူ့ရဲ့စိတ်ဆန္ဒဟာ အမြဲ အကြောင်းတရားနဲ့ကင်းပြီးနေတယ်ဆိုတဲ့ အချက်ကိုသာ စွန့်ပယ်တာပါ။

အလားတူပဲ သမိုင်းဆရာဟာ ဧကန်တရား(မရှောင်မလွှဲသာ ဖြစ်မှု) ကိုလည်း မပစ်ပယ်ပါဘူး။ သာမန်လူများလိုပဲ သမိုင်းဆရာဟာလည်း တစ်ခါတစ်ရံမှာ အများနားလည်အောင် စကားလုံးကို လွယ်လွယ်သုံးလိုက်ရတာတွေ ရှိတယ်။ အဖြစ်အပျက်တစ်ခုဟာ မရှောင်မလွှဲသာ ဖြစ်ရတယ်လို့သမိုင်းဆရာတွေက ပြောလိုက်တဲ့အခါမှာ အဲဒီအဖြစ်အပျက်ကို ဖြစ်ပေါ်စေနိုင်မယ့် အကြောင်းတရားတွေ၊ အချက်အလက်တွေ စုစည်းဖြစ်ပေါ်မှုဟာ သိပ်အားကြီးလာတဲ့အတွက် ဒီစကားလုံးကို သုံးလိုက်ရခြင်းသာ ဖြစ်ပါတယ်။

မကြာသေးမီမှာပဲ ကျွန်တော်ရေးတဲ့ သမိုင်းကျမ်းကို ပြန်ဖတ်တဲ့အခါမှာ အဲဒီ စကားလုံးကို သုံးထားတာတွေ့ရသေးတယ်။ ရုရှားပြည် ၁၉၁၇ခု၊ တော်လှန်ရေးပြီးတဲ့နောက် ဘော်ရှီဗစ်တွေနဲ့ရုရှား အော်သိုဒေါ့ ခရစ်ယာန်သာသနာတို့ဟာ 'မလွှဲမရှောင်သာ' ပဋိပက္ခ ဖြစ်လာကြတော့ မယ်လို့စာပုဒ်တစ်ပုဒ်မှာ ကျွန်တော်ရေးခဲ့တယ်။ အမှန်ကတော့ 'မလွှဲမရှောင်သာ' လို့ ပြောတာထက် 'ဖြစ်လာနိုင်စရာ အလားအလာများစွာ ရှိတယ်' လို့ပြောရင်ပိုကောင်းပါတယ်။ ပညာရှိဆန်ဆန် စကားကို သုံးတယ်လို့ထင်ရင်တော့ ခွင့်လွှတ်ကြပါ။ လက်တွေ့မှာ သမိုင်းဆရာဟာ အဖြစ်အပျက်တွေဖြစ်ပြီးမှသာလျှင် ဒီအဖြစ်အပျက်တွေဟာ မလွှဲမရှောင်သာ ဖြစ်လာကြရတယ်လို့ရေးတာပါ။ သမိုင်းဆရာဟာ ဒီအဖြစ်အပျက်တွေ ဘာကြောင့် ဖြစ်ခဲ့ရတယ်ဆိုတာကိုလည်းရေးပြီး တခြားနည်းဖြစ်နိုင်တာတွေကိုလည်း ဆွေးနွေးခဲ့ကြတာပါပဲ။

သမိုင်းမှာ မလွှဲမရှောင်သာတဲ့ အရာဆိုလို့ဘာမှမရှိဘူး။ တစ်ခုတော့ ရှိတယ်ပေါ့လေ၊ အကြင် အကြောင်းတရားရှိရင် ထိုအကြောင်းတရား ကပြဋ္ဌာန်း ပေးလိုက်တဲ့ အကျိုးတရားတော့ရှိရမှာပေါ့။ အခြားတစ်ပါးသော အကြောင်းတရားရှိရင် အခြားတစ်ပါးသော အကျိုးတရားလည်း ရှိရမှာပေါ့ (ဇာဘုရင် နန်းကျစေတဲ့





အကြောင်းတရားတွေရှိရင် ဇာဘုရင်နန်းကျတာပေါ့၊ ဇာဘုရင်နန်းကျစေတဲ့အကြောင်းတရားမရှိရင် ဇာဘုရင်နန်းမကျဘူးပေါ့)။ သမိုင်းဆရာ တစ်ယောက်အနေနဲ့ 'မလွှဲမရှောင်သာ' တို့၊ 'မလွှဲမသွေ' တို့၊ 'လွှဲဖယ်ခြင်းငှာ မတတ်နိုင်သော' တို့ ဆိုတဲ့ စကားလုံးကို မသုံးဘဲနေနိုင်ပါတယ်။ ထားပါတော့လေ . . . .ဒီပြဿနာက ကဗျာဆရာတွေနဲ့ယုတ္တိဗေဒပညာရှင်တွေ စဉ်းစားကြပါလိမ့်မယ်။

ကျွန်တော်ပြောလိုတာက လွန်ခဲ့တဲ့ နှစ်များအတွင်းမှာ ကျွန်တော်တို့ သမိုင်းလောကမှာ 'မလွှဲမရှောင်သာဖြစ်မှု' ဆိုတဲ့ အယူအဆကို ပြင်းပြင်းထန်ထန် ငြင်းခုံ့ဖွယ်ကောင်းလောက်အောင် တိုက်ခိုက်တာတွေရှိတယ်။ ဘာဖြစ်လို့ဒီလိုဝေဖန်တိုက်ခိုက်ကြသလဲဆိုတဲ့ အကြောင်းရင်းကို ပြောချင်တာပါ။ ဒီအကြောင်းရင်းကို ကျွန်တော်ရှာကြည့်ပါတယ်။ ဒီလို ကြည့်လိုက်တော့ ဒီလိုတိုက်ခိုက်မှုဟာ 'ဒီလို မဟုတ်ဘဲ ဟိုလိုဖြစ်ခဲ့ရင်' ဆိုတဲ့ ဂိုဏ်းရဲ့လက်ချက်၊ တစ်နည်းပြောရရင် စိတ်နောက်ကိုယ်ပါ လုပ်ချင်တဲ့ ဂိုဏ်းရဲ့လက်ချက် ဆိုတာကို တွေ့လာရပါတယ်။ အဲဒီ ဂိုဏ်းဟာ သမိုင်းဆိုရင် ခေတ်ပြိုင် သမိုင်းလောက်ကိုသာ သိပ်အရေးတကြီး ထားနေတာကိုး။

ပြီးခဲ့တဲ့ နှစ်ဝက်တုန်းက ဒီ တက္ကသိုလ်ကို ကျွန်တော်လာတော့ နံရံတစ်ခုပေါ်မှာ ဟောပြောမယ့် ကြော်ငြာတစ်ခု ကပ်ထားတာတွေ့ရတယ်။ ခေါင်းစဉ်က 'ရုရှားတော်လှန်ရေးသည် မလွှဲမရှောင်သာ ဖြစ်ပေါ်လာရခြင်းလော' တဲ့။ လေးနက်တဲ့ ဟောပြောပွဲ၊ အတည်ဟောတဲ့ ဟောပြောပွဲ တစ်ခုပဲလို့ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် နှင်းဆီစစ်ပွဲများသည် မလွှဲမရှောင်သာဖြစ်ခဲ့ရခြင်းလော' ဆိုတဲ့ ကြော်ငြာတွေ့ရင်တော့ အပြောင်အပြက် ဟောပြောပွဲလို့ပဲ ထင်မိမှာပဲ။ (နှင်းဆီစစ်ပွဲတွေ ဖြစ်ခဲ့တာ နှစ်ရာချီပြီး ကြာခဲ့ပါပကော။ ခုမှ မလွှဲမရှောင်သာ ဖြစ်တာလား၊ ဘာလားလို့ ဆွေးနွေးဟောပြောနေရင် နောက်ပြောင်တာလို့ပဲ ထင်ကြမှာပေါ့)။ သမိုင်းဆရာ တစ်ယောက်ဟာ နှစ်ပေါင်းရာချီပြီး ကြာခဲ့ပြီဖြစ်တဲ့ အင်္ဂလန်ကို နော်မန်လူမျိုးတို့ သိမ်းပိုက်တဲ့ အကြောင်းကို ဖြစ်ဖြစ်၊ အမေရိကန် လွတ်လပ်ရေးစစ်ပွဲအကြောင်းကို ဖြစ်ဖြစ် ရေးကယ်ဆိုပါတော့။ ဒီလိုရေးရာမှာလည်း ဒီအဖြစ်အပျက်တွေ ဖြစ်ခဲ့ရတာဟာ မလွှဲမရှောင်သာ ဖြစ်ခဲ့ရတာပဲလို့ရေးခဲ့တယ်ဆိုပါတော့၊ ဒီလိုရေးခဲ့ရင် ဟောတုကပါဒီ တစ်ဦး၊ ဧကန်တရားကို လက်ခံယုံကြည်သူ တစ်ဦးလို့ဘယ်သူကမှသူ့ကို ရှုပ်ချမှာ မဟုတ်ဘူး။ ဝီလျံသည် တွန်ကဲဗျားနဲ့အမေရိကန်သောင်းကျန်းသူ များအရေးနိမ့်သွားရင် ဘယ်လိုဖြစ်မယ်ဆိုတာ မဆွေးနွေးရကောင်းလားလို့သူ့ကို ဘယ်သူကမှ အပြစ်ကင်ရာ မဟုတ်ဘူး။ ဒါပေမယ့် ၁၉၁၇ ခုနှစ်၊ ရုရှားတော်လှန်ရေးကြီးဟာ မလွှဲမရှောင်သာတဲ့ အကြောင်းများကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်တယ်လို့ရေးလိုက်တဲ့ အခါကျတော့



www.burmeseclassic.com

www.burmeseclassic.com

(သမိုင်းဆရာတိုင်း ဒီအတိုင်းပဲရေးရမှာပဲ)။ ဒီအကြောင်းကို ရေးရကောင်းလား၊ ဒီလို မလွဲမရှောင် ဖြစ်ပေါ်ရတယ်လို့ရေးရကောင်းလား၊ အခြားနည်း ဖြစ်နိုင်တာတွေကို ဝေဖန်ဆွေးနွေးခြင်း မပြုရကောင်းလားဆိုပြီး ဝိုင်းဝန်းတိုက်ခိုက်ကြတာကို တွေ့နေရပါတယ်။

ဥပမာ ဆိုပါစို့ . . .။ အဲဒီ တုန်းက ရုရှားနန်းရင်းဝန် စလိုလီပင်ဟာ မြေယာပြုပြင်ပြောင်းလဲရေးကို အပြီးသတ်ဖို့အချိန်ရခဲ့ရင်၊ ရုရှားပြည်ကလည်း စစ်တွေမဖြစ်နေခဲ့ရင်၊ တော်လှန်ရေးရယ်လို့ဖြစ်နိုင်စရာမရှိဘူးလို့ ဘာဖြစ်လို့ ဆွေးနွေးခြင်း မပြုရသလဲလို့ဝေဖန်ခဲ့ကြတယ်။ တစ်ခါ ကရင်စကီအစိုးရဟာ အရည်အချင်းရှိခဲ့ရင်၊ တော်လှန်ရေးခေါင်းဆောင်မှုဟာလည်း မင်ရှီဗစ်တွေလက်ထဲ ရောက်သွားရင်၊ တော်လှန်ရေး ဖြစ်မှာမဟုတ်ဘူးလို့ဆွေးနွေးမပြုရကောင်းလား၊ မလွဲမရှောင်သာ ဖြစ်ရမယ်လို့ရေးရကောင်းလားဆိုပြီး ကျွန်တော့်ကို ဝိုင်းဝန်းဝေဖန်ခဲ့ကြတယ်။ ဟုတ်ပါတယ်၊ သူတို့တင်ပြတဲ့ အချက်တွေဟာ သဘောတရားအရ ဖြစ်နိုင်ပါတယ်။ 'ဒီလိုမဟုတ်ဘဲ ဟိုလိုဖြစ်ခဲ့ရင်' ဆိုတဲ့ ဂိုဏ်းဝင်များဟာ ညှိခန်းမှာထိုင်ပြီး အပျင်းပြေစဉ်းစားနိုင်ပါတယ်။ ဒါပေမယ့် ယေဘုယျ ဝါဒကိုတော့ ဘာမှ အပြစ်ပြောစရာ မရှိပါဘူး။

ဒီလိုဆိုရင် ယေဘုယျဝါဒကို လက်ကိုင်ထားသူများကလည်း ပြန်ပြောလိမ့်မယ်။ ခင်ဗျားတို့ပြောသလို ဖြစ်စေချင်ရင် အကြောင်းတရားတွေကလည်း ခြားနားရပေလိမ့်မယ်လို့ပြန်ပြောလိမ့်မယ်။ သမိုင်းကို ဘာမှအပြစ်ဆိုစရာ အကြောင်းမရှိပေဘူး။ ဒီနေ့ ဒီအချိန်မှာ နော်မန်သိမ်းပိုက်မှုနဲ့အမေရိကန် လွတ်လပ်ရေး စစ်ပွဲကြောင့် ပေါ်ပေါက်လာရတဲ့ အကျိုးတရားများကို ဘယ်သူကမှ ပြောင်းပြန်လှန်ပစ်လိုတဲ့ စိတ်လည်း မရှိကြတော့ပါဘူး။ ဒီအဖြစ်အပျက်တွေ ဖြစ်ခဲ့ရကောင်းလားလို့လည်း ဘယ်သူကမှ ပြင်းပြင်းထန်ထန် ကန့်ကွက်ပြောဆိုနေကြတော့မှာ မဟုတ်ပါဘူး။ ဒီအဖြစ်အပျက်တွေကို သမိုင်းဆရာက နိဋ္ဌိတံပြီဆိုပြီး အခန်းပိတ်လိုက်ရင်လည်း ဘယ်သူကမှ ကန့်ကွက်ကြတော့မှာမဟုတ်ပါဘူး။ ဒါပေမယ့်ရုရှားအောက်တိုဘာတော်လှန်ရေးကြီး အောင်မြင်ခဲ့တဲ့အတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်ခဲ့သူတွေ၊ ဒါမှမဟုတ် အဲဒီတော်လှန်ရေးကြီးရဲ့ ဂယက်အရှိန်ကို ကြောက်နေတဲ့ သူတွေကတော့ ဒီတော်လှန်ရေးကြီးကို ကန့်ကွက်ချင်နေကြတယ်။ ဒီတော်လှန်ရေးကြီးရဲ့ သမိုင်းကို ဖတ်ကြည့်တဲ့အခါမှာ သူတို့ဖြစ်စေချင်တာတွေပါရင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်နေကြတယ်။ သူတို့ဖြစ်စေချင်တာတွေ မပါဘဲ သူ့အလုပ်ကိုသူလုပ်တဲ့ အနေနဲ့ အဖြစ်အပျက်တွေကို အရှိကို အရှိအတိုင်း မှတ်တမ်းတင်တဲ့ သမိုင်းဆရာကို ဒေါသထွက်နေကြတယ်။

ဒီနေ့ခေတ်ပြိုင်သမိုင်းမှာတွေ့နေရတဲ့ ပြဿနာက တခြားပြဿနာမဟုတ်ဘူး။ လူတွေက အစစအရာရာ ဖြစ်နိုင်တဲ့ လမ်းဆုံလမ်းခွ အချိန်တစ်ချိန်ကိုသာ သတိရနေတတ်ကြပြီး နောက်ဆုံးဖြစ်သွားတဲ့ အဖြစ်အပျက်အကြောင်းကိုရေးတဲ့ သမိုင်းဆရာရဲ့ သဘောထားကို လက်ခံဖို့ခက်နေတဲ့ ပြဿနာပဲ။ သမိုင်းဆရာက ဖြစ်သွားတဲ့ အဖြစ်အပျက်ကို အရှိကို အရှိအတိုင်းရေးလိုက်တော့ သူတို့လက်မခံနိုင်တဲ့ ပြဿနာပဲ။ ဒီလိုလက်မခံနိုင်တာမျိုးကတော့ ဆန္ဒအစွဲပဲ ဖြစ်လိမ့်မယ်။ ဒါကြောင့်မို့သာလျှင် သူတို့ဟာ 'သမိုင်းဆိုင်ရာ ကောန်တရား' အယူအဆကို အကြီးအကျယ် ဆန့်ကျင်တိုက်ခိုက်နေကြခြင်းဖြစ်တယ်။ ဒီအစွဲအလမ်းကို ကျွန်တော်တို့အပြီးအပိုင် စွန့်လွှတ်ကြဖို့ကောင်းပြီ။







www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းရှောင်တခင်ဖြစ်မှု၊ သို့မဟုတ် ကလီယိုပက်ထရာ၏နှာတံ

သမိုင်းဆရာ ဇကန်တရားကို တိုက်ခိုက်ရာမှာ အခြေတည်ထားတဲ့ နောက် အယူအဆတစ်ခုကတော့ အားလုံးသိကြတဲ့ **ကလီယိုပက်ထရာ ၏နှာတံ**[1] ကိစ္စဖြစ်ပါတယ်။ ဒီအယူအဆကတော့ ဒီလိုပါ။ ယေဘုယျအားဖြင့် သမိုင်းဆိုတာဟာ မတော်တဆ ဖြစ်မှုတွေနဲ့ပြီးတဲ့အရာ၊ သမိုင်းဆိုတာ အကြောင်းတိုက်ဆိုင်လို့ဖြစ်လာတဲ့ ရှောင်တခင်ဖြစ်မှုတွေရဲ့အစဉ်၊ သမိုင်းဆိုတာ အမှတ်မထင် ဖြစ်လာတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်လာတဲ့ အရာဖြစ်တယ်ဆိုတဲ့ အယူအဆဖြစ်ပါတယ်။ သမိုင်းမှာ **အက်တီယန်**[2] စစ်ပွဲကြီးဖြစ်လာရတာဟာ သမိုင်းဆရာတွေပြောတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်လာတာ မဟုတ်ဘဲ **မက်အန်တော်နီ**[3] က ကလီယိုပက်ထရာ ဘုရင်မကို အရူးအမူးချစ်မိလို့ဖြစ်လာရတာလို့ သူတို့ကဆိုကြတယ်။

**ဈေမဘုရင်ဘာဇယာဇက်**[4] ဟာ အဆစ်အမြစ်ကိုက်တဲ့ ရောဂါထလို့ဥရောပ အလယ်ပိုင်းကို ဝင်မတိုက်နိုင်တာနဲ့ပတ်သက်လို့ သမိုင်းဆရာကြီး **ဂစ်ဗွန်း**[5] က လူပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ခန္ဓာထဲတွင်ရှိသည့် အကြောအမျှင်တစ်ခုပေါ်သို့ ဘေးဥပါဒ်ဖြစ်စေတတ်သော သားနံ့ရည်တို့စီးကျခြင်းကြောင့် လူမျိုးတစ်မျိုး၏ ဆင်းရဲဒုက္ခကို တားဆီးနိုင်ရာ၏။ သို့မဟုတ်လျှင်လည်း ဖယ်ရှားနိုင်ရာ၏' လို့ ရေးခဲ့ဖူးပါတယ်။

၁၉၂၀ ပြည့်နှစ်မှာ ဂရိပြည်က အယ်လက်ဇန္ဒြား ဘုရင်ဟာ သူအလုမွေးထားတဲ့ မျောက်တစ်ကောင်ကိုက်လို့ သေသွားခဲ့ရတယ်။ ဒီမတော်တဆဖြစ်မှုကြောင့် နောက်ဆက်တွဲ အဖြစ်အပျက်တွေ အများကြီး ပေါ်ပေါက်လာတဲ့ အခါကျတော့ သမိုင်းဆရာ ဝင်စတန်ချာချီက 'သန်းတစ်စိတ်မျှရှိသော လူတို့သည် မျောက်ကိုက်သဖြင့် သေဆုံးခဲ့ကြရလေသည်' လို့မှတ်ချက်ချခဲ့ပါတယ်။

---

1. Cleopatra's Nose 2. Actium 3. Mark Antony 4. Bajazet 5. Gibbon

www.burmeseclassic.com

တစ်ခါမှာ ရုရှား တော်လှန်ရေးခေါင်းဆောင် **ထရော့စကီး**[1] ဟာ တောကို ဘဲပစ်သွားရင်း အအေးမိပြီးဖျားတော့ သူနဲ့ပြိုင်ဘက်တွေဖြစ်တဲ့ **ဇိုနိုဗီ**[2] တို့၊ **ကာမီနက်**[3] တို့၊ စတာလင်တို့နဲ့အပူတပြင်းဆွေးနွေးရမယ့် ပြဿနာတွေကို မဆွေးနွေးနိုင်တော့ဘဲ အရေးနိမ့်သွားခဲ့ရတယ်။ ဒီတော့ ထရော့စကီးက 'တော်လှန်ရေးတစ်ခု၊ စစ်ပွဲတစ်ခုကို ကြိုတင်သိမြင်နိုင်ပါ၏။ သို့ရာတွင် ဆောင်းဦးပေါက် ဘဲပစ်ထွက်သည့်အတွက် ပေါ်ပေါက်လာရသော နောက်ဆက်တွဲရလာဒ်တို့ကိုမူ မြင်နိုင်စွမ်းမရှိချေတကား' လို့ရေးခဲ့ဖူးပါတယ်။

သူတို့ပြောနေတာတွေဟာ သမိုင်းဆိုင်ရာ ဟေတုကဝါဒနဲ့ဘာမှမဆိုင်ဘူး။ အန်ထော်နီက ကယ်လီယိုပက်ထရာကိုချစ်တာ၊ ဘာယာဇက်မှာ အဆစ်အမြစ် ရောဂါဖြစ်တာ၊ ထရော့စကီး အအေးမိတာစတဲ့ ကိစ္စတွေဟာ တခြားကိစ္စတွေ ဖြစ်သလို သူ့ဘာသာသူမတော်တဆဖြစ်လာတဲ့ကိစ္စတွေပဲ။ သူ့အကြောင်းနဲ့သူဖြစ်လာတဲ့ ကိစ္စတွေပဲ။ အန်ထော်နီဟာကယ်လီယိုပက်ထရာ ကို ဘာကြောင့်အရူးအမူး ချစ်တာလဲ။ အကြောင်းမရှိဘဲ ချစ်တာဘယ်ဟုတ်မလဲ။ အကြောင်းမရှိဘဲ ချစ်တယ်လို့ပြောရင် ကယ်လီယိုပက်ထရာရဲ့အလှကို ကျွန်တော်တို့ မလိုအပ်ဘဲနဲ့ဘေးချိတ်ထားသလို ဖြစ်မှာပေါ့။ မိန်းမရဲ့အလှနဲ့ယောကျ်ားရဲ့အချစ်ဟာ ကျွန်တော်တို့နေ့စဉ်ဘဝမှာ တွေ့နေရတဲ့ အကြောင်းတရားနဲ့အကျိုးတရား ဖြစ်စဉ်ပဲ။ ဘာမှမဆန်းပါဘူး။ သမိုင်းမှာ မတော်တဆဖြစ်မှုလို့ခေါ်ကြတဲ့ ဒီကိစ္စမျိုးဟာ သမိုင်းဆရာက အဓိကရှာဖွေစူးစမ်းနေတဲ့ ဖြစ်စဉ်ကို အဟန့်အတားပြုနေတဲ့၊ တစ်နည်းအားဖြင့် ဆန့်ကျင်နေတဲ့ အကြောင်းအကျိုးကွင်းဆက် အစဉ်တစ်ခုပဲ။

ဒီလိုဖြစ်ရတာမျိုးကို သမိုင်းဆရာ **ဘယ်ရီ**[4] က 'သီးခြားလွတ်လပ်စွာဖြစ်ပေါ်နေကြသော ပစ္စယကွင်းဆက်များ' လို့မှန်ကန်စွာခေါ်ခဲ့တယ်။ သူ့ရဲ့ 'သမိုင်းဆိုင်ရာ ဇာက်တရား' ဆိုတဲ့ ကျမ်းအဖွင့်မှာ ဆာအက်ဆိုင်ရာဘာလင်းက 'ရှောင်တစ်ခင် သမိုင်းအမြင်' ဆိုတဲ့ **ဘားနတ်ဘာရင်ဆန်**[5] ရဲ့ ဆောင်းပါးကို ချီးကျူးခန်းဖွင့်သွားရင်း သမိုင်းရဲ့ ရှောင်တခင်ဖြစ်မှုကို ဟေတုကဝါဒနဲ့ရောထွေးပြီး ဝိုးတိုးဝါးတား လုပ်ထားတယ်။ သူ ဝိုးတိုးဝါးတားလုပ်ပစ်တာတွေ၊ သူရှုပ်ထွေးနေတာတွေကို အသာထားပါတော့။ ကျွန်တော်တို့တကယ်ဆွေးနွေးစဉ်းစားရမယ့် ပြဿနာက တခြားမဟုတ်ဘူး၊ သမိုင်းမှာ ရှေ့နောက်ညီညွတ်တဲ့ အကြောင်းအကျိုးတရား (တစ်နည်း-ပစ္စည်းနဲ့ ပစ္စယုပ္ပန်တရား)ကို ဘယ်လိုရှာဖွေကြမလဲ။

သမိုင်းမှာ ကျွန်တော်တို့မြင်ထားတဲ့ ကွင်းဆက်ဖြစ်စဉ် တစ်ခုခုကြောင့် အစဉ် ပြတ်သွားတယ်ဆိုရင် သမိုင်းရဲ့အဓိပ္ပာယ်ကို ကျွန်တော်တို့ဘယ့်နယ့်လုပ်ရှာလို့ရနိုင်

1. Trostsky. 2. Zonoviev. 3. Karminev. 4. Bury. 5. Bernard Berenson





တော့မှာလဲ။ ခု ကျွန်တော်တို့ကြုံတွေ့နေရတဲ့ ပြဿနာဟာ အဲဒီ ပြဿနာဖြစ်တယ်။

မကြာခင် နှစ်များအတွင်းတုန်းက သမိုင်းမှာ **ရှောင်တခင်ဖြစ်မှုအယူအဆ**[1] ဟာ အတော်ကလေး ပျံ့နှံ့ခဲ့တယ်။ ဒီတော့ ဒီနေရာမှာ အယူအဆနဲ့ဇာစ်မြစ်ကို ကျွန်တော်ကြားဖြတ်ပြီး ပြောချင်ပါတယ်။ သမိုင်းမှာ ရှောင်တခင်ဖြစ်မှု အယူအဆကို စနစ်တကျ စတင်ဖြန့်ချိခဲ့သူကတော့ ဂရိသမိုင်းဆရာကြီး **ပိုလီဘီးယတ်စ်**[2] ဖြစ်ပါတယ်။ အဲဒီ အယူအဆဘာကြောင့် ပေါ်ပေါက်လာရတယ်ဆိုတဲ့ အကြောင်းကို သမိုင်းဆရာ ဂစ်ဗွန်းက ပြောခဲ့ရာမှာ 'မိမိတို့၏ တိုင်းပြည်ကြီးလက်နက်နိုင်ငံ အဖြစ်မှ ပြည်နယ်ကလေး တစ်နယ်အဖြစ်သို့လျှော့ကျသွားပြီးတဲ့နောက် မိမိတို့အပေါ်တွင် ရောမလူမျိုးတို့ အောင်ပွဲခံသွားရခြင်းမှာ သူတို့အစွမ်းအစကြောင့်မဟုတ်ဘဲ သူတို့ကံဇာတာ တက်ကာ စည်းစိမ်ဥစ္စာတို့ပေါကြွယ်လာခြင်းကြောင့် ဖြစ်သည်ဟု ဂရိလူမျိုးတို့က ယူဆကြပေသည်' လို့ရေးခဲ့ပါတယ်။

အဲဒီခေတ် သမိုင်းဆရာကြီးတစ်ဦးဖြစ်တဲ့ **တက်ဆီးတပ်စ်**[3] ကလည်း ဂရိနိုင်ငံ ပြိုကွဲသွားပြီး ရောမလူမျိုးတို့တန်ခိုးဩဇာကြီးမားလာတာဟာ မတော်တဆ ဖြစ်သွားတာ ဖြစ်တယ်လို့ရေးခဲ့ပါတယ်။ ကျွန်တော်တို့ဗြိတိန်သမိုင်းဆရာတွေ ကြားထဲမှာ သမိုင်းရှောင်တခင်ဖြစ်မှု အယူအဆပြန်လည် ခေတ်စားလာတာကတော့ ဗြိတိန်မှာ ပေါ်ပေါက်လာခဲ့တဲ့ မသေချာမရေရာမှုတွေ၊ စိုးရိမ်ထိတ်လန့်မှုတွေ လွှမ်းမိုးတဲ့ ၁၉ရာစု နှစ်အစဖြစ်ပြီး ၁၉၁၄ခု၊ ပထမ ကမ္ဘာစစ်ကြီးဖြစ်တဲ့အခါကျတော့ ဒီအယူအဆဟာ အထွတ်အထိပ်ကို ရောက်လာခဲ့ပါတယ်။ ဒီအယူအဆကို ပထမဆုံး ပြန်လည်ဆန်းသစ်တဲ့ ဗြိတိသျှသမိုင်းဆရာကတော့ သမိုင်းဆရာ ဘယ်ရီဖြစ်ပါတယ်။

ဘယ်ရီဟာ အတန်ကြာ တိတ်ဆိတ်နေခဲ့ရာက ၁၉၀၉ ခုနှစ်မှာ 'သမိုင်းဆိုင်ရာ ဒါဝင်ဝါဒ' ဆိုတဲ့ ဆောင်းပါးတစ်စောင် ရေးခဲ့ပါတယ်။ ဒီဆောင်းပါးမှာ သူက လူမှုဆိုင်ရာပြောင်းလဲမှု ဖြစ်စဉ်ထဲက အဖြစ်အပျက်တွေကို ဆုံးဖြတ်ပြဋ္ဌာန်းရာမှာ မတော်တဆ ဖြစ်လာတဲ့ ရှောင်တစ်ခင် ဖြစ်မှုတွေဟာ ဘယ်လောက်အရေးပါတယ် ဆိုတာကို ရေးခဲ့ပါတယ်။ တစ်ခါ ၁၉၁၆ ခုနှစ်မှာ 'ကလီယိုပက်ထရာ၏နှာခေါင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ဒီအကြောင်းကိုပဲ သီးခြားရေးခဲ့ပြန်ပါတယ်။

ပထမကမ္ဘာစစ်ပြီးသွားလို့လစ်ဘရယ်ဝါဒရဲ့ မျှော်လင့်ချက်တွေ ပြိုကွဲပျက်စီးသွားတဲ့ အခါကျတော့ သမိုင်းဆရာ **ဖစ်ရှား**[4] ကလည်း သမိုင်းမှာ ကြိုတင်မြင်နိုင်စွမ်း မရှိတဲ့ ရှောင်တခင်ဖြစ်ရပ်တွေဟာ ဘယ်ကလောက် အရေးကြီးကြောင်းကို အသိအမှတ်ပြုဖို့သူ့စာဖတ်ပရိသတ်တွေကို တိုက်တွန်းခဲ့ပြန်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သမိုင်းရှောင်တခင်ဖြစ်မှု အယူအဆက ဒီလိုခေတ်စားနေတုန်းမှာပဲ

1. The role of chance in history. 2. Polyvius. 3. Tacitus. 4. Fisher

www.burmeseclassic.com



ပြင်သစ်ပြည်မှာ ဖြစ်တည်မှုပဓာန[1] ဂိုဏ်းဆိုတဲ့ ဒဿန ဂိုဏ်းတစ်ဂိုဏ်း ပေါ်ပေါက်နေတာနဲ့ သွားပြီးတိုက်ဆိုင်နေပါတယ်။ အဲဒီ ဂိုဏ်းကတော့ ဖြစ်တည်မှုတို့ဌာ 'အကြောင်းတရားလည်းမရှိ၊ ယုတ္တိတရားလည်းမရှိ၊ လိုအပ်ခြင်းတရားလည်းမရှိ' ဆိုတဲ့ ဆာ့တ်[2] ရဲ့ ဖြစ်တည်မှုပဓာနဂိုဏ်း ဖြစ်ပါတယ်။

အဲဒီ အချိန်လောက်မှာပဲ ဂျာမနီမှာလည်း ပါရင့်သမိုင်းဆရာကြီးတစ်ဦးဖြစ်တဲ့ မိန်းနက်ကေးဟာ အသက်အရွယ်ကြီးပြီး အိုမင်းတွင်းဆုံးကျခါနီးမှာ သမိုင်းမှာ ရှောင်ဟာမင်ဖြစ်မှု အယူအဆကို တိမ်းညွတ်သွားပါတယ်။ သူက သမိုင်းဆရာ ရန်ကေးဟာ ဒီအယူအဆကို အာရုံမစိုက်ရကောင်းလားရယ်လို့ဆိုပြီး အပြစ်တင် ဝေဖန်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက်မှာလည်း မိန်းနက်ကေးဟာ သူတို့တိုင်းပြည်မှာလည်း လွန်ခဲ့တဲ့ အနှစ်လေးဆယ်တစ်လျှောက်လုံး ဖရိုဖရဲ ပြိုကွဲခဲ့တာတွေနဲ့ ပတ်သက်လို့ဒါတွေအားလုံးဟာ ရှောင်တခင်ဖြစ်မှုတွေသာ ဖြစ်တယ်လို့ယူဆခဲ့ပါတယ်။ ဥပမာအားဖြင့် ဂျာမန်ဘုရင် ကိုင်ဇာဝီလျံ ဘဝင်မြင့်တာ၊ ဝေမာသမ္မတနိုင်ငံရဲ့ သမ္မတအဖြစ် ဟင်ဒင်ဘတ် အရွေးခံရတာ၊ ဟစ်တလာ တဇောက်ကန်းလုပ်တတ်တာ စတဲ့ အရာတွေဟာရှောင်တခင် ဖြစ်လာတာတွေလို့ ယူဆလာခဲ့ပါတယ်။ ကိုယ့်တိုင်းပြည်ဖြစ်တဲ့ ဂျာမနီပြည်ကြီးရဲ့ ဒုက္ခသုက္ခတွေကို တွေ့တဲ့အခါကျတော့ စိတ်သောကဖြစ်ပြီး သမိုင်းဆရာကြီး မိန်းနက်ကေးရဲ့ စိတ်ဓါတ်ဟာ ချွတ်ချုံကျသွားတော့တာပါပဲ။

သမိုင်းအဖြစ်အပျက်တွေရဲ့ လှိုင်းတွေပေါ်မှာ မဟုတ်ဘဲ သမိုင်းအဖြစ်အပျက်လှိုင်းတွေရဲ့ကြားမှာ လူးလိမ့်ခံနေရတဲ့ လူမျိုးတစ်မျိုး သို့မဟုတ် အစုတစ်စုမှာ သမိုင်းဆိုတာ ဒီလိုပဲရှောင်တခင်ဖြစ်မှုတွေနဲ့ပြည့်နေတဲ့အရာပဲဆိုတဲ့ အယူအဆ ဟာလည်း မလွဲမရှောင်သာ ပေါ်ပေါက်လာတော့တာပါပဲ။ စာမေးပွဲမှာ တတိယ အဆင့်လောက်ကနေ အောင်သူတွေကြားထဲမှာ စာမေးပွဲဆိုတာ ထီထိုးရတာမျိုးနဲ့ အတူတူပဲဆိုတဲ့ အယူအဆမျိုး ခေတ်စားတဲ့ သဘောပါပဲ။

ဒါပေမယ့် ဒီအယူအဆရဲ့ဇာစ်မြစ်ကို ဖော်ထုတ်တင်ပြရုံနဲ့ ဒီအယူအဆဟာ ပျောက်သွားမှာ မဟုတ်ပါဘူး။ ဒီတော့ ကလီယိုပက်ထရာရဲ့ နှာတံဟာ သမိုင်းစာမျက်နှာတွေပေါ်မှာ ဘာတွေလုပ်နေသလဲ ဆိုတာကို ကျွန်တော်တို့ရှာကြည့်ဖို့ လိုပါသေးတယ်။ သမိုင်းရဲ့ဥပဒေသများထဲကို ဒီအယူအဆဝင်ရောက်လာတာကို ပထမဆုံးစတင် တိုက်ခိုက်ခဲ့သူကတော့ **မွန်တက်စကျူး**[3] ဖြစ်ပါတယ်။ ရောမလူမျိုးတို့ရဲ့ ကြီးကျယ်မှုနဲ့ကျဆုံးမှု အကြောင်းကို ရေးထားတဲ့ သူ့ကျမ်းထဲမှာ မွန်တက်စကျူးက 'တိုက်ပွဲတစ်ပွဲမှာ မတော်တဆ ပေါ်ပေါက်လာသည့်ရလာဒ်မျိုးကဲ့သို့သော အကြောင်းတရား တစ်စုံတစ်ခုကြောင့် နိုင်ငံကြီးတစ်ခု ပြိုကွဲပျက်စီးသွားခဲ့သည်ဆိုအံ့။ ထို

1.Existentialism. 2. Jean Paul Satre. 3. Montesque





တိုက်ပွဲတစ်ပွဲကြောင့် နိုင်ငံကြီးကို ပျက်စီးသွားစေသော ယေဘုယျအကြောင်းတစ်ခုလည်း ရှိရပေလိမ့်မယ်' လို့ရေးခဲ့ပါတယ်။ မတ်စ်ဝါဒများဟာလည်း ဒီပြဿနာမှာ တော်တော်လေးအခက်အခဲ တွေ့နေကြပါတယ်။ **ကားလ်မတ်**[1] ဟာ ဒီအကြောင်းနဲ့ ပတ်သက်လို့တစ်ခါပဲရေးခဲ့ဖူးပြီး ရေးတာကလည်း ကျမ်းစာတစ်စောင်ထဲမှာ မဟုတ်ဘဲ ပေးစာတစ်စောင်ထဲမှာ ဖြစ်ပါတယ်။

"ရှောင်တခင်ဖြစ်မှုကို ပစ်ပယ်လျှင် ကမ္ဘာ့သမိုင်းသည် နားလည်ရခက်သော ကိစ္စကြီးတစ်ရပ် အသွင်သဏ္ဌာန်ကို ဆောင်လာပေလိမ့်မယ်။ ထိုရှောင်တခင်ဖြစ်မှုသည် ဖြစ်ပေါ်တိုးတက်မှုအထွေထွေ လက္ခဏာချက်၏ အစိပ်အပိုင်းတစ်ရပ်ဖြစ်ပြီး အခြားသော ပုံသဏ္ဌာန်ရှိသည့် ရှောင်တခင်ဖြစ်မှုများက အစားထိုးသွားကြပေလိမ်မည်။ သို့ရာတွင် 'အရှိန်အဟုန်ပြင်းမှု' နှင့် 'နှောင့်နှေးမှု' တို့သည် ထိုမတော်တဆဖြစ်မှုများအပေါ်တွင် တည်လျက်ရှိပေသည်။ ထိုမတော်တဆဖြစ်မှုများထဲတွင် လှုပ်ရှားမှုကြီးကို ဦးဆောင်နေသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ရှောင်တခင်ဖြစ်လာသော စရိုက်တို့ အကျုံးဝင်နေပေသည်" လို့ မတ်စ်က ရေးခဲ့ပါတယ်။

သမိုင်းမှာ ရှောင်တခင်ဖြစ်မှု အယူအဆနဲ့ပတ်သက်လို့ ကားလ်မတ်ဟာလည်း သိပ်ရှင်းရှင်းလင်းလင်း မရှိခဲ့ပါဘူး။ သမိုင်းရှောင်တခင် ဖြစ်မှုနဲ့ပတ်သက်လို့ မတ်ရဲ့သဘောထားကို ချုပ်ကြည့်လိုက်ရင် အချက်သုံးချက် တွေ့ရပါတယ်။ ပထမအချက်အားဖြင့် သမိုင်းမှာ ရှောင်တခင်ဖြစ်မှုဟာ သိပ်အရေးကြီးတဲ့ ကိစ္စမဟုတ်ဘူး။ ရှောင်တခင်ဖြစ်မှုကြောင့် အဖြစ်အပျက်တစ်ခုဟာ အရှိန်အဟုန် မြန်ချင်မြန်လာနိုင်တယ်။ နှေးချင်နှေးသွားနိုင်တယ်။ ဒါပေမယ့် အဖြစ်အပျက်ရဲ့ လမ်းကြောင်းကိုတော့ ပြောင်းလဲသွားအောင် မလုပ်နိုင်ဘူး။ ဒုတိယအားဖြင့် ရှောင်တခင်ဖြစ်မှုတစ်ခုကို အခြားရှောင်တခင်ဖြစ်မှုတစ်ခုက အစားထိုးသွားနိုင်တယ်။ ဒီအခါမှာ ရှောင်တခင်ဖြစ်မှုဆိုတဲ့ကိစ္စဟာလည်း အလိုလို ပျက်ပြယ်သွားတယ်။ တတိယအားဖြင့် ရှောင်တခင်ဖြစ်မှုဆိုတာ အထူးသဖြင့် လူပုဂ္ဂိုလ်တွေရဲ့ အကျင့်စာရိတ္တထဲမှာ ပေါ်လာတယ်ဆိုတဲ့ အချက်တွေပါပဲ။ အထက်က မတ်ရဲ့ စကားကိုချုပ်ကြည့်လိုက်ရင် အဲဒီလို အဓိပ္ပာယ်သုံးချက် ထွက်လာပါတယ်။ ထရော့စကီးကလည်း မတော်တဆဖြစ်မှုများကို အခြားမတော်တဆဖြစ်မှုက အစားထိုးဝင်ရောက်လာတဲ့အတွက် မတော်တဆဖြစ်တယ်ဆိုတာ အလိုလို ပျက်ပြယ်ပြီးသား ဖြစ်သွားတယ်ဆိုတဲ့သဘောကို ထောက်ခံပါတယ်။

"သမိုင်းဖြစ်စဉ်တစ်ရပ်လုံးသည် မတော်တဆဖြစ်မှုများမှတစ်ဆင့် ချုပ်ယူထားသည့် သမိုင်းဥပဒေသများသာလျှင် ဖြစ်ပေ၏။ ထိုသဘောကို ဇီဝဗေဒဆိုင်ရာ စကားနှင့် ပြောရလျှင် သမိုင်းဥပဒေတို့မည်သည် မတော်တဆဖြစ်မှုများ၏ သဘာဝ

1 Karl Marx



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်မှုမှတစ်ဆင့် ပေါ်ပေါက် လာခြင်းသာဖြစ်ပေ၏" လို့ထရော့စကီးက ပြောခဲ့ပါတယ်။

ကျွန်တော်ကတော့ ဒီအယူအဆကို သိပ်လက်မခံချင်ဘူး။ ဒီနေ့ခေတ်မှာ သမိုင်း ရှောင်တခင်ဖြစ်မှု အယူအဆကို ရေးကြီးခွင်ကျယ် လုပ်ချင်သူများက ဒီအယူအဆကို ပုံကြီးချဲ့ပြီးပြောနေကြတယ်။ သမိုင်းမှာ ရှောင်တခင်ဖြစ်မှု ဆိုတာ ရှိတယ်။ ဒါပေမယ့် ဒီရှောင်တခင်ဖြစ်မှုကြောင့် အဖြစ်အပျက်တစ်ခုရဲ့ အရှိန်အဟုန်ဟာ နှေးကွေး သွားနိုင်တယ်။ သို့မဟုတ် မြန်ဆန်သွားနိုင်တယ်။ ဒါပေမယ့် ဒီရှောင်တခင်ဖြစ်မှုဟာ အဖြစ်အပျက်ကြီးရဲ့ အစဉ်ကိုတော့ ပြောင်းလဲခြင်း မပြုနိုင်ဘူးလို့ပြောခြင်းဟာ စကားလုံးတွေကို မျက်လှည့်ပြနေတဲ့ သဘောပါပဲ။ ပြီးတော့ ရှောင်တခင်ဖြစ်မှုတစ်ခုကို အခြားရှောင်တခင်ဖြစ်မှုတစ်ခုက အစားထိုးသွားတယ်။ ဒီနည်းအားဖြင့် သမိုင်း ဖြစ်ပေါ်မှုအစဉ်ကို ညီမျှအောင် လုပ်ပေးတယ် ဆိုတာကိုလည်း ကျွန်တော် လက်မခံနိုင်ဘူး။ ဥပမာအားဖြင့် လီနင်သည် အသက်ငါးဆယ့်လေးနှစ် အရွယ်မှာ စောစောစီးစီး သေသွားတဲ့အတွက် (ရှောင်တခင်ဖြစ်မှု) ရုရှားပြည်ရဲ့ သမိုင်း လမ်းကြောင်းဟာ ပြောင်းသွားခြင်း ဖြစ်တယ်ဆိုတာမျိုးကို ကျွန်တော် လက်မခံနိုင်ဘူး။ (ကားလ်မတ်၏ အယူအဆကို ပြောခြင်းဖြစ်သည်။)

တစ်ခါ သမိုင်းမှာပေါ်ပေါက်လာတဲ့ ရှောင်တခင်ဖြစ်မှုတွေကို ကျွန်တော်တို့ နားမလည်နိုင်ဘူး။ ကျွန်တော်တို့နားမလည်နိုင်တဲ့ အဖြစ်အပျက် တစ်ခုကို ရှောင်တခင်ဖြစ်မှုလို့ခေါ်ရတော့မယ်ဆိုတဲ့ အယူအဆကိုလည်း ကျွန်တော် လက်မခံနိုင်ပါဘူး။ (တော်လစတွိုင်း၏ အယူအဆကို ပြောခြင်းဖြစ်သည်။) ဟုတ်ပါတယ်။ တစ်ခါတလေမှာတော့ အဖြစ်အပျက်တစ်ခုဟာ ဘာကြောင့် ဖြစ်လာသလဲဆိုတာကို ကျွန်တော် နားမလည်နိုင်တဲ့ အခါမျိုးတွေ ရှိတတ်ပါတယ်။ အကြောင်းတရားကို ရှာလို့မရဘူး ဆိုပါတော့။ ဥပမာအားဖြင့် ဂြိုဟ်နက္ခတ်များဟာ ကောင်းကင်မှာအစီအစဉ်မရှိ သွားချင်ရာသွားနေတယ်လို့ယူဆကြတဲ့အတွက် သူတို့ကို 'လှည့်ပတ်သွားလာနေသောအရာများ' (နက္ခတ်များ) လို့ကျွန်တော်တို့ခေါ်ခဲ့ကြတယ်။ အဲဒီတုန်းက ကျွန်တော်တို့တစ်တွေဟာ အဲဒီဂြိုဟ်နက္ခတ်များရဲ့ အစီအစဉ်ရှိတဲ့ ပုံမှန်လှုပ်ရှားမှုကို နားမလည်လို့ပြောခဲ့ကြခြင်းသာဖြစ်တယ်။ အဖြစ်အပျက်တစ်စုံတစ်ခု ဖြစ်လာတာဟာ ရှောင်တခင်ဖြစ်တယ်လို့ပြောလိုက်ခြင်းဟာ ပင်ပင်ပန်းပန်း ခဲခဲ ကတ်ကတ် ရှုးစမ်းလေ့လာ ကြံဆရမှာကို ကြောက်လို့လွယ်လွယ်ပြောလိုက်တဲ့ စကားသာ ဖြစ်တယ်။

ဒါကြောင့် သမိုင်းဆိုတာ မတော်တဆဖြစ်မှုတွေကို စုစည်းထားတဲ့ အရာလို့မျိုး တစ်ယောက်ယောက်ကပြောလာရင် အဲဒီလူဟာ ဉာဏ်အားထုတ်ရမှာကို ပျင်းတဲ့





သူရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ်ရင်လဲ ဉာဏ်နည်းသူရင်လည်း ဖြစ်လိမ့်မယ်လို့ ကျွန်တော် သံသယ ဖြစ်ချင်ပါတယ်။

အလျင်တုန်းက အတော်တဆဖြစ်မှုလို့ယူဆခဲ့တဲ့ သမိုင်းအဖြစ်အပျက်တစ်ခုဟာ တကယ်အမှန်ကျတော့ မတော်တဆဖြစ်တာ မဟုတ်ဘူး။ ကျိုးကြောင်းယုတ္တိနဲ့ ဖော်ပြနိုင်တဲ့အရာ၊ သမိုင်းအဖြစ်အပျက်တွေရဲ့ ကျယ်ပြန့်တဲ့ ဖြစ်စဉ်ပုံစံကြီးထဲမှာ သူ့နေရာနဲ့သူ အံဝင်အောင် ဖြစ်လာတဲ့အရာ ဆိုတာ ထောက်ပြရှင်းလင်းပေးဖို့ဟာ လေးနက်တဲ့ သမိုင်းဆရာတိုင်းရဲ့ အလုပ်ဖြစ်တယ်။ မတော်တဆဖြစ်မှုဆိုတာဟာ ကျွန်တော်တို့နားမလည်နိုင် နားမလည်အပ်တဲ့အရာ မဟုတ်ဘူး။ ဒါကြောင့် သမိုင်းမှာ မတော်တဆဖြစ်မှု ပြဿနာကို အခြားနည်းနဲ့တွေးခေါ်စဉ်းစားပြီး ကျွန်တော်တို့ အဖြေထုတ်ရပေလိမ့်မယ်။

သမိုင်းဆိုတာဟာ သမိုင်းဆရာက ရွေးချယ်စုစည်းပေးလိုက်တဲ့ အချက်အလက် အစုအဝေးဖြစ်တယ်။ အချက်အလက်များဟာလည်း သမိုင်းဆရာက ရွေးထုတ် လိုက်တော့မှ သမိုင်းအချက်အလက်များ ဖြစ်လာကြတယ်ဆိုတာကို အလျင်တစ်ခါ တုန်းက ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ဟုတ်ပါတယ်။ အဖြစ်အပျက်အားလုံးဟာ သမိုင်းအဖြစ်အပျက် မဟုတ်ဘူး။ ဒါပေမယ့် သမိုင်းအချက်အလက်နဲ့သမိုင်းမဟုတ်တဲ့ အချက်အလက်တွေ ကြားထဲမှာ တင်းကျပ်တဲ့ခြားနားမှုကြီး အမြဲတမ်း ရှိနေတာမဟုတ် ဘူး။ အဖြစ်အပျက်တစ်ခုနဲ့ဆက်စပ်ပတ်သက်မှု၊ အဖြစ်အပျက်ရဲ့ အရေးကြီးမှုကို ကျွန်တော်တို့တွေ့လာပြီ ဆိုတာနဲ့တစ်ပြိုင်နက် အဲဒီ အဖြစ်အပျက်ကို သမိုင်းအဖြစ် အပျက် တစ်ခုအဖြစ် ကျွန်တော်တို့အဆင့်တိုးပေးလို့ရတယ်။

အလားတူပဲ။ အကြောင်းတရားများကို လေ့လာချဉ်းကပ်တဲ့နေရာမှာလည်း သမိုင်းဆရာဟာ ဒီအတိုင်းပဲ ချဉ်းကပ်ရလိမ့်မယ်။ သမိုင်းဆရာနဲ့အကြောင်းတရား တို့ရဲ့ ဆက်သွယ်မှုဟာ သမိုင်းဆရာနဲ့အချက်အလက်များရဲ့ ဆက်သွယ်မှုလိုပဲ နှစ်ခွသဘောကို ဆောင်တယ်။ တစ်ခုနဲ့တစ်ခုအပြန်အလှန်သဘော ကိုဆောင်တယ် သမိုင်းဆရာဟာ သမိုင်းဖြစ်စဉ်တွေကို ဘယ်လို အနက်အဓိပ္ပာယ်ဖွင့်မလဲ၊ ဘယ်လို ကောက်ချက်ထုတ်မလဲဆိုတဲ့အချက်ကို အကြောင်းတရားများက ပြဋ္ဌာန်းဆုံးဖြတ် တယ်။

တစ်ခါ သမိုင်းဆရာဟာ အချက်အလက်တွေကို ဘယ်လိုစုစည်းရွေးထုတ်မလဲ ဆိုတဲ့ အချက်ကိုလည်း သမိုင်းဆရာရဲ့ အနက်ဖွင့်ဆိုချက်က တစ်ဖန်ပြန်ပြီး ပြဋ္ဌာန်းဆုံးဖြတ်ပြန်တယ်။ သမိုင်းဆရာဟာ သမိုင်းအချက်အလက်တစ်ခုကို အနက်ဖွင့် ဆိုတဲ့ နေရာမှာ သူအရေးကြီးတယ်လို့ယူဆတဲ့ အကြောင်းတရားများကို ရှေ့နောက် နံပါတ်စဉ်ထိုးတယ်။ သူအရေးကြီးတယ်လို့ထင်တဲ့ ၊ သူထူးခြားတယ်လို့ထင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားတွေကို အလျင်ရှေ့ကထားပြီး၊ မထူးခြားဘူးလို့ထင်တဲ့ အရေးမကြီးဘူးလို့ထင်တဲ့အကြောင်းတရားများကို နောက်ကိုပို့တယ်။ ဒီနည်းအားဖြင့် အကြောင်းတရားများကို အဆင့်ခွဲပြီး ရှေ့နောက်စီစဉ်တယ်။

ဒီလိုရှာဖွေကြည့်လိုက်ရင် သမိုင်းမှာ မတော်တဆဖြစ်မှု ပြဿနာကို သဲလွန်စရှာလို့ရနိုင်တယ်။ ကလီယိုပက်ထရာဘုရင်မရဲ့ နှာတံတိုတာရှည်တာ၊ ဘာယာဇက် အဆစ်အမြစ်ကိုက်တဲ့ ရောဂါဖြစ်တာ၊ အလက်ဇန္ဒြားဘုရင် မျောက်ကိုက်လို့သေတာ၊ လီနင်သေဆုံးတာ စတဲ့အကြောင်းတရားများဟာ သမိုင်းလမ်းကြောင်းကို ပြောင်းစေတဲ့ မတော်တဆဖြစ်မှုတွေ မှန်တယ်။ ဒီအချက်များကို ပစ်ပယ်တာ၊ ဒါမှမဟုတ် သူတို့ဟာ ဘာမှ အကျိုးသက်ရောက်မှုမရှိဘူးလို့လုံးဝငြင်းပယ်တာ မှားတယ်။ ဒါပေမယ့် ဒီအဖြစ်အပျက်များဟာ မတော်တဆ ဖြစ်မှုများသာဖြစ်တဲ့အတွက် သူတို့ကို ကျိုးကြောင်းယုတ္တိရှိရှိနဲ့ အနက်အဓိပ္ပာယ်ကောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သမိုင်းဆရာအနေနဲ့ သူတို့ကိုအရေးကြီးတဲ့ အကြောင်းတရားတွေမှာမထည့်ဘူး။ ပါမောက္ခ ပေါ့ပါးနဲ့ ပါမောက္ခ ဘာလင်းကတော့ (သူတို့နှစ်ယောက်ရဲ့ နာမည်ကို ထည့်ပြောရတာကတော့ သူတို့နှစ်ဦးစလုံးဟာ သမိုင်းရှောင်တခင်ဖြစ်မှု အယူအဆကိုဏ်းမှာ ဩဇာရှိတဲ့ သမိုင်းဆရာများဖြစ်နေလို့ပါ။) သမိုင်းဆရာက သမိုင်းဖြစ်စဉ်ထဲက အရေးကြီးတဲ့ အချက်ကို ဆွဲထုတ်ခြင်း၊ အဲဒီအချက်ကနေ ကောက်ချက်ဆွဲထုတ်ခြင်းစတဲ့ လုပ်နည်းများဟာ 'အတွေ့အကြုံကြီး တစ်ရပ်လုံး' ကို ပုံသေကားကျဖြစ်အောင် စီစဉ်တာဖြစ်တယ်လို့ယူဆကြပါတယ်။ ဒီလိုလုပ်တာ မှန်သမျှဟာ သမိုင်းမှာပေါ်ပေါက်တဲ့ ရှောင်တခင်ဖြစ်မှုတွေကြောင့် နောက်ဆုံးတော့ သူတို့အယူအဆ (ထင်ရှားတဲ့ အဖြစ်အပျက်ကနေ ကောက်ချက်ဆွဲထုတ်ရမယ်ဆိုတဲ့ အယူအဆ)ဟာ ကျဆုံးသွားရတော့တယ်လို့ ယူဆကြပါတယ်။

ဒါပေမယ့် သူတို့ပြောသလို ဘယ်သမိုင်းဆရာမှ 'အတွေအကြုံ တစ်ခုလုံး' ကို တစ်ခါတည်း စဉ်းစားကိုင်တွယ်ကြတာ မဟုတ်ပါဘူး။ သမိုင်းဆရာဟာ သူရေးမယ်လို့ ရွေးချယ်ထားတဲ့ သမိုင်းခေတ် တစ်ခေတ်မှာတောင်မှပဲ အကုန်လုံးကို တစ်ခါတည်း ကိုင်တွယ်နိုင်တာ မဟုတ်ဘဲ အလွန်ကို သေးငယ်တဲ့ အစိပ်အပိုင်းလေးတစ်ခုကိုသာ ကိုင်တွယ်နိုင်ပါတယ်။ သမိုင်းဆရာရဲ့ လောကဟာ ဒီနေရာမှာတော့ သိပ္ပံပညာရှင်ရဲ့ လောကနဲ့အတူတူပါပဲ။ သမိုင်းဆရာရဲ့ လောကဟာ ပြင်ပကမ္ဘာလောကကြီးရဲ့ပုံကို အတိအကျကူးထားတဲ့ ဓါတ်ပုံကော်ပီကူးတာမျိုး မဟုတ်ပါဘူး။ အဲဒီ ပြင်ပကမ္ဘာလောကကြီးကို နားလည်အောင် ပိုင်နိုင်အောင် လုပ်ဖို့အတွက် အလုပ်လုပ်လို့ဖြစ်ရဲ့ တည်ဆောက်ထားတဲ့ ပုံစံငယ်တစ်ခုသာ ဖြစ်ပါတယ်။

'သမိုင်းဆရာဟာ အတိတ်ကအတွေ့အကြုံများထဲက အရေးကြီးတာတွေကို



စစ်ထုတ်ယူတယ်။ သူရနိုင်တဲ့အထောက်အထား[illegible]ရဲ့ အတွေ့အကြုံတွေကို သုံ့ယူပါတယ်။ မလိုအပ်ဖူးလို့ထင်တဲ့ အရာတွေကိုဘေးဖယ်ပြီး လိုအပ်မယ်လို့ထင်တဲ့အရာတွေ၊ ကျိုးကြောင်းယုတ္တိရှိရှိ အနက်ဖွင့်ရမယ်လို့ ထင်ရတဲ့အရာတွေကို စစ်ယူပါတယ်။ အဲဒီ အချက်အလက်များကနေပြီး ကောက်ချက် ဆွဲထုတ်ပြီးတော့မှ သူ့အလုပ်ရဲ့ လမ်းညွှန်အဖြစ် အသုံးပြုပါတယ်။ သိပ္ပံပညာရဲ့ အောင်မြင်မှုများကို ရေးသားရင်း မကြာသေးမီတုန်းက လူကြိုက်များတဲ့ စာရေးဆရာတစ်ဦးက လူ့စိတ်ရဲ့ ဖြစ်စဉ်အတက်အကျ၊ လူ့စိတ်ရဲ့ အလုပ်လုပ်ပုံကို ဖော်ပြထားပါတယ်။

သူက 'လူ့စိတ်အစဉ်သည် စုဆောင်းရရှိပြီးသော အချက်အလက်လွှယ်အိတ်ကြီးကို မွှေနှောက်ပြီးနောက် တူရာကို ရွေးထုတ်သည်။ ခွဲခြမ်းစိတ်ဖြာသည်။ ထို့နောက် သက်ဆိုင်သောအချက်အလက်မျိုးကို ပုံစံတကျစုစည်းသည်။ မသက်ဆိုင်သော အချက်အလက်များကို ဖယ်ထုတ်သည်။ ဤသို့ဖြင့် ယုတ္တိကျ၍ ကျိုးကြောင်းညီညွတ်သော အသိပညာတည်းဟူသော ဖျင်စောင်ကို ရက်လုပ်ခြင်းပြုပေသည်' လို့ ရေးခဲ့ပါတယ်။ သမိုင်းဆရာရဲ့ စိတ်အလုပ်လုပ်ပုံဟာလည်း ဒီသဘောနဲ့အတူတူပဲလို့ ကျွန်တော် ပြောချင်ပါတယ်။

ဒီလုပ်ထုံးဟာ အချို့သော ဒဿန ဆရာများနဲ့အချို့သော သမိုင်းဆရာများအဖို့တော့ အနည်းငယ်ရှုပ်ထွေးနေပါလိမ့်မယ်။ ဒါပေမယ့် လူတိုင်းဟာ သူတို့နေ့စဉ်ပြုဖွယ်ကိစ္စကို ဆောင်ရွက်တဲ့နေရာမှာ ဒီအတိုင်း လုပ်နေကြတာပါပဲ။ ဥပမာ တစ်ခု ကျွန်တော်ပြောပါမယ်။ ဂျုံးဆိုတဲ့ သူဟာ ညစ့်ခံပွဲတစ်ခုက အပြန်မှာ ခါတိုင်းထက် အရက်နည်းနည်း ပိုသောက်လာခဲ့ပြီး ကားမောင်းပြန်လာခဲ့တယ်။ သူ့ကားကလည်း ဘရိတ်ကောင်းကောင်းမမိချင်ဘူး၊ မြင်ကွင်းမကောင်းဘူးလို့နာမည်ကြီးတဲ့ တံတောင်ဆစ်ချိုးကွေ့ကြီးနားရောက်တော့ လမ်းထောင့်မှာရှိတဲ့ ဆေးလိပ်ဆိုင်ကို ဆေးလိပ်ဝယ်သွားမလို့လမ်းဖြတ်ကူးလာတဲ့ ရော်ဘင်ဆန်ဆိုတဲ့သူကိုဝင်တိုက်မိတယ်။ ကားတိုက်မှုဖြစ်လို့ဂျုံးကို ရဲစခန်းခေါ်လာပြီး ကားတိုက်မှု ဖြစ်တဲ့ အကြောင်းကို စစ်ဆေးကြပြီဆိုပါတော့။ ဒရိုင်ဘာက အရက်မူးပြီးမောင်း လာလို့ဒီလိုဖြစ်တာလား။ ဒီလိုဆိုရင် သူ့ကိုရာဇဝတ်ကြောင်းနဲ့တရားစွဲရတော့မယ်။ ဒါမှမဟုတ် မော်တော်ကားက ဘရိတ်ကောင်းကောင်းမမိလို့လား။ ဒီလိုဆိုရင် အလျင်တစ်ပတ်ကမှ ကားပြင်လာတဲ့ ဝပ်ရှော့ရဲ့ တာဝန်လို့ပြောရတော့မယ်။ ဒါမှ မဟုတ်ရင်လည်း တစ်ဖက်အကွေ့ကို မမြင်ရအောင် ကွယ်နေတဲ့ တံတောင်ဆစ်ချိုး လမ်းတွေကြောင့်လား။ ဒီလိုဆိုရင် သက်ဆိုင်ရာ စည်ပင်သာယာ အာဏာပိုင်တွေဖိတ်ပြီး ဒီလမ်းကို လာရောက်စစ်ဆေးဖို့ပြောရတော့မယ်။

ကျွန်တော်တို့က ဒီလိုစဉ်းစားနေတုန်းမှာ ထင်ရှားတဲ့ ဂုဏ်သရေရှိလူကြီးလူကောင်း နှစ်ယောက် ရောက်လာပြီး ခင်ဗျားတို့ပြောတာတွေ တစ်ခုမှမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီနေ့ညဘွန့်ကား ရော်ဘင်ဆန်မှာ ဆေးလိပ်ကုန်မနေလို့ရှိရင် ဒီလမ်းကို ဖြတ်ကူးပြီး ဆေးလိပ်ဝယ်မှာမဟုတ်ဘူး။ ဆေးလိပ်ဝယ်ဖို့လမ်းကိုဖြတ်ကူးခြင်းမပြုရင် ကားတိုက်ပြီးသေစရာ အကြောင်းလည်းမရှိဘူး။ ဒီအကြောင်းကို မစဉ်းစားဘဲ တခြားအကြောင်းတွေကို စဉ်းစားနေရင် ခင်ဗျားတို့အချိန်ကုန်ရုံပဲ ရှိမှာပါပဲ။ ဒီအကြောင်းကို အခြေခံစဉ်းစားပြီး ကောက်ချက်ဆွဲတာတွေ၊ အနက်ဖွင့်တာတွေဟာလည်း အချည်းနှီးပဲဖြစ်မှာပဲလို့ပြောပြီဆိုပါစို့။ ကဲ ဒီလိုပြောလာရင် ကျွန်တော်တို့ဘာလုပ်ရမလဲ။ ဘာမှ ပြောစရာမရှိတော့ဘူး။ သူတို့စကားပြတ်သွားတာနဲ့တစ်ပြိုင်နက် သူတို့နှစ်ယောက်ကို အသာ အခန်းအပြင်ဘက် တွန်းပို့ပြီး အခန်းတောင့်ကိုလည်း နောက်တစ်ခါ ဒီလူနှစ်ယောက်ကို ဘယ်နည်းနဲ့မှ ဝင်ခွင့်မပြုနဲ့လို့ပြောပြီး ကျွန်တော်စုံစမ်းစရာရှိတာကို ဆက်စုံစမ်းရုံပဲ ရှိတော့တယ်။

ဟုတ်ပါတယ်။ ရော်ဘင်ဆန်ဟာ ဆေးလိပ်သောက်သူဖြစ်တဲ့အတွက် ဆေးလိပ်သွားဝယ်ရင်း ကားတိုက်ခံရတယ် ဆိုတာ မှန်ပါတယ်။သမိုင်းမှာ ရှောင်တခင်ဖြစ်မှု၊ အရေးပေါ်ဖြစ်မှုတို့ကို အသားပေးသူများပြောတဲ့ စကားဟာ လုံးဝမှန်ပါတယ်။ ယုတ္တိဗေဒနဲ့လည်း လုံးဝ ညီညွတ်ပါတယ်။ အဲလစ်ရဲ့ 'အံ့ဩဖွယ် တိုင်းပြည်' ဆိုတဲ့ စာအုပ်၊ 'မှန်ထဲတွင်ပြန်ကြည့်ခြင်း' ဆိုတဲ့စာအုပ်ထဲမှာပါသလို ဖောက်ပြန်ခြင်းမရှိတဲ့ ယုတ္တိဗေဒ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့ ယုတ္တိဗေဒကို လက်မခံနိုင်ဘူး။ အော့ချ်ဆန်ရဲ့ ယုတ္တိဗေဒပုံစံဟာ သမိုင်းပုံစံမဟုတ်ပါဘူး။



## သမိုင်းဟာ အစဉ်တိုးတက်နေတယ်

တချို့က တိုးတက်မှုနဲ့အီဗော်လူးရှင်းလို့ခေါ်တဲ့ ဆင့်ကဲဖြစ်စဉ်ကို ရောထွေးစဉ်းစားနေကြတယ်။ ဒါကြောင့် ပထမအချက်အားဖြင့် ဒီနှစ်ခုရဲ့ ခြားနားချက်ကို ကျွန်တော်ရှင်းချင်တယ်။ ဉာဏ်သစ်လောင်း အရေးတော်ပုံခေတ်က ဒဿနပညာရှင်များဟာ ဆက်စပ်ခြင်းမရှိတဲ့ အမြင်နှစ်ခုကို ရောထွေးပစ်ခဲ့ကြတယ်။ သူတို့က သဘာဝလောကကြီးမှာ လူ့ရဲ့အခန်းကဏ္ဍဟာ အဓိကလို့ပြောကြတယ်။ ဒါကြောင့်မို့ သမိုင်းရဲ့ နိယာမများဟာလည်း သဘာဝလောကကြီးရဲ့ နိယာမများနဲ့အတူတူပဲလို့ဆိုကြတယ်။ ဒါပေမယ့် တစ်ဖက်ကကျတော့လည်း တိုးတက်မှုဆိုတာကို သူတို့လက်ခံကြပြန်တယ်။ တိုးတက်မှုဆိုတာဟာ ပန်းတိုင်တစ်ခုဆီကို ရွေ့လျားနေတဲ့ ရွေ့လျားမှုကို ဆိုလိုတာဖြစ်တယ်။ ဒီလိုဆိုရင် သဘာဝကြီးဟာ ဘယ်ပန်းတိုင်ဆီကို ရွေ့လျားနေသလဲ။ သဘာဝကြီးကို တိုးတက်တယ်လို့ပြောရအောင် ဘာအခြေခံတွေများရှိနေသလဲ။

**ဟီဂယ်**[1] ကတော့ ရှင်းတယ်။ သူက သမိုင်းနဲ့သဘာဝလောကကြီးကို ခွဲခြားတယ်။ သမိုင်းက တိုးတက်တယ်လို့သူယူဆတယ်။ သဘာဝကြီးကတော့ တိုးတက်ခြင်းမရှိဘူးလို့သူလက်ခံတယ်။ ဒါဝင်[2]ရဲ့ ဖော်လှန်ရေးပေါ်ပေါက်လာတဲ့ အခါကျတော့ ဒီအရှုပ်အထွေးကို သူကရှင်းလိုက်တယ်။ သဘာဝလောကကြီးဟာလဲ သမိုင်းလိုပဲ ရှေ့ကို တိုးတက်ပြောင်းလဲနေတယ်လို့သူယူဆတယ်။ ဒါပေမယ့် ဒီမှာပိုပြီးခက်ခဲတဲ့ ပြဿနာတစ်ရပ် ပေါ်လာပြန်တယ်။ ဒါဝင်ရဲ့ အခြေခံဟာ **ဇီဝဗေဒဆိုင်ရာ ဆက်ခံမှု**[3] ဖြစ်တယ်။ သမိုင်းမှာ ရှိတဲ့တိုးတက်မှုရဲ့ အခြေခံဟာ **လူမှုစုဆည်းမှု**[4] ဖြစ်တယ်။ ဒီနှစ်ခုရဲ့ ခြားနားချက်ဟာ ရှင်းပါတယ်။ သိသာပါတယ်။ ဥရောပ ကလေးငယ်လေး တစ်ယောက်ကို တရုတ်မိသားစုထဲမှာ ထည့်လိုက်ပါ။ ကလေးဟာ လူဖြူတစ်ယောက်

1. Hegel. 2. Darwin. 3. Biological inheritance. 4. Social acquisition



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်ကြီးလာပြီး တရုတ်စကားကို ပြောနေပါလိမ့်မယ်။ သူ့အသားအရောင်ဟာ ဇီဝဗေဒဆိုင်ရာ ဆက်ခံမှုဖြစ်ပြီး သူပြောတဲ့ဘာသာစကားက လူမှုစုစည်းမှုဖြစ်ပါတယ်။ လူ့ဦးနှောက်ကတစ်ဆင့် ရရှိလာတဲ့ လူမှုစုစည်းမှုဖြစ်ပါတယ်။ ဆက်ခံမှုအားဖြင့် ရရှိတဲ့ ဆင့်ကဲဖြစ်စဉ်ဟာ နှစ်သန်းပေါင်းများစွာ ကြာမှ သိသာထင်ရှားလာပါတယ်။

စာတင်ပြီးတဲ့ သမိုင်းတစ်လျှောက်လုံးမှာ လူဟာ ဇီဝဗေဒဆိုင်ရာ ပြောင်းလဲမှု ရယ်လို့ ဘာမျှ ကြီးကြီးကျယ်ကျယ် မရှိခဲ့သေးပါဘူး။ ဒါပေမယ့် လူမှုစုစည်းချက် အားဖြင့် ရရှိတဲ့ တိုးတက်မှုကတော့ မျိုးဆက်သုံးလေးဆက်အတွင်းမှာပဲ ရာကြည့်လို့ ရနိုင်ပါတယ်။ လူဟာ ကျိုးကြောင်းဆင်ခြင်တတ်တဲ့သတ္တဝါရယ်လို့ ဖြစ်လာတာဟာ လွန်ခဲ့တဲ့ မျိုးဆက်တွေရဲ့ အတွေ့အကြုံကို စုစည်းပြီး စဉ်းစား တွေးခေါ်လာရာက ဖြစ်လာရတာပါပဲ။

ခေတ်သစ်လူသားဟာ လွန်ခဲ့တဲ့နှစ်ပေါင်းငါးထောင်က လူသားထက် ဦးနှောက် အရွယ်အစားလည်း ပိုမကြီးပါဘူး။ ပကတိ တွေးခေါ်နိုင်စွမ်းအားလည်း ပိုကြီး မလာပါဘူး။ ဒါပေမယ့် သူ့တွေးခေါ်မှုကတော့ ပိုကြီးလာတယ်။ ဒီလို ပိုပြီး တွေးခေါ် နိုင်စွမ်းအားကောင်းလာတာဟာ တခြားကြောင့် မဟုတ်ပါဘူး။ ရှေ့က သွားနှင့်ကြတဲ့ မျိုးဆက်တွေရဲ့ အတွေ့အကြုံတွေကို သင်ခန်းစာယူ၊ အဲဒီအတွေ့အကြုံတွေကို ပေါင်းစပ်လာကြလို့ပဲ ဖြစ်ပါတယ်။

ဇီဝဗေဒ ပညာရှင်များဟာ ဒီလို လက္ခဏာချက်တွေပေါင်းချုပ် ယူတတ်ခြင်းကို လက်မခံကြပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ လူမှုတိုးတက်မှုများ ရရှိလာခဲ့ခြင်းဟာ အဲဒီ စုစည်းတဲ့ လက္ခဏာချက်တွေကို ပေါင်းချုပ်ယူတတ်လို့ပါပဲ။ သမိုင်းဆိုတာဟာ မျိုးဆက်သစ် တစ်ခုကနေတစ်ခု ကျွမ်းကျင်မှုများကို ပေါင်းချုပ်ယူလို့ရလာတဲ့ တိုးတက်မှုပဲ ဖြစ်ပါတယ်။

ဒုတိယအချက်။ ။ တိုးတက်မှုဟာ အစလည်းမရှိပါဘူး။ အဆုံးလည်း မရှိပါဘူး။ လူ့ရဲ့ ယဉ်ကျေးမှုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးထောင်လောက်က နိုင်းမြစ်ဝှမ်းက အစပြုခဲ့တယ်ဆိုတဲ့ အဆိုဟာ ခရစ်မပေါ်မီ (ဘီစီ)၄၀၀၀ လောက်က ကမ္ဘာကြီးစတင် ဖြစ်ပေါ်လာတယ်ဆိုတဲ့ သက္ကရာဇ် သတ်မှတ်ချက်လိုပဲ တော်တော်ယုံကြည်ဖို့ခက်ခဲတဲ့ အဆိုတစ်ရပ်ဖြစ်ပါတယ်။ ကောင်းပြီ။ ယဉ်ကျေးမှု ပေါ်ပေါက်လာခြင်းဟာ တိုးတက်မှုရဲ့ အစပဲလို့ကျွန်တော်တို့ယူဆထားကြပါစို့။ အဲဒီ ယဉ်ကျေးမှုကြီးဟာ အဲဒီ အချိန်ကျမှ ဖြုန်းခနဲ နေ့ချင်းညချင်း ထပြီး ပေါ်ပေါက်လာ တာမဟုတ်ဘူး။ အစမရှိတဲ့၊ နှေးကွေးတဲ့ ဖြစ်ပေါ်တိုးတက်မှု အစဉ်ထဲက ပေါ်ပေါက်လာတာ ဖြစ်တယ်။ တစ်ခါတစ်ခါမှာ ကြီးစွာ ခုန်ကူးတိုးတက် ခဲ့တယ်ဆိုတာ တွေ့ရှိပေမယ့် တဖြည်းဖြည်း အစမရှိ တိုးတက်လာတဲ့ ဖြစ်စဉ်တစ်ရပ်သာ ဖြစ်တယ်။





ယဉ်ကျေးမှု၊ သို့မဟုတ် တိုးတက်မှု ဘယ်တုန်းက စပေါ်လာသလဲဆိုတာကို ကျွန်တော်တို့ဒုက္ခခံပြီး စဉ်းစားဖို့မလိုပါဘူး။ အလားတူပဲ ယဉ်ကျေးမှုကြီး ဘယ်သော အခါမှာ ပျက်စီးတော့မယ်လို့အဆုံးကို နိမိတ်ဖတ်ခြင်းဟာလည်း များစွာအန္တရာယ် ကြီးလှပါတယ်။ ပရုပ်ရှန်း သက်ဦးဆံပိုင် ဧကရာဇ်စနစ်ကြီး ဘယ်တော့ပျက်စီးမယ် ဆိုတာကို နိမိတ်ဖတ်ခဲ့တဲ့အတွက် ဟီဂဲလ်ကို မှန်ကန်စွာရှုပ်ချဝေဖန်ခဲ့ကြပြီ မဟုတ်လား။ နိမိတ်ဖတ်လို့မရနိုင်တဲ့အရာကို နိမိတ်ဖတ်ရာက ပေါ်ထွက်လာတဲ့ ကောက်ချက်တစ်ရပ် ပါပဲ။ ဒါပေမယ့် ဟီဂဲလ်ကမှ တော်သေးတယ်။ သူ့ထက်ပိုဆိုး၊ ပိုလွဲတဲ့နိမိတ်ဖတ်ချက် ကြီးတစ်ခုကို လုပ်ခဲ့သူကတော့ ဝိတိုရိယခေတ် ထင်ရှားတဲ့ သမိုင်းဆရာကြီး တစ်ဦးဖြစ်တဲ့ ရပ်ဘီက အားနဲလ်[1] ပါပဲ။ ၁၈၄၁ ခုနှစ်မှာ အောက်စဖို့တက္ကသိုလ် ဂုဏ်ထူးဆောင် သမိုင်းပါမောက္ခအဖြစ် လက်ခံတဲ့ မိန့်ခွန်းမှာ အားနဲလ်က ခုကျွန်တော်တို့ရောက်နေတဲ့ ခေတ်သစ်သမိုင်းကာလဟာ လူ့လောကရဲ့ သမိုင်းမှာ နောက်ဆုံးအဆင့်ပါပဲလို့ ပြောခဲ့ပါတယ်။ "(ကျွန်ုပ်တို့၏ခေတ်သည်) အချိန်ကာလ၏ အပြည့်ဆုံးသော အမှတ်သို့ရောက်ရှိနေလေပြီ။ ထိုနောက်တွင် အနာဂတ်သမိုင်းဟူ၍ ရှိမည်မထင်တော့" လို့သူကရေးခဲ့ပါတယ်။ ပစ္စည်းမဲ့ တော်လှန်ရေးကြီးဟာ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းကြီးရဲ့ အဆုံးစွန်သော ရည်မှန်းချက်များကို အကောင် အထည် ဖော်ပေးလိမ့်မယ်ဆိုတဲ့ ကားလ်မတ်ရဲ့ စကားကမှ နည်းနည်းတော်သေး တယ်လို့ဆိုရဦးမယ်။

သမိုင်းဟာ တစ်နေ့မှာ အန္တိမ နိဂုံးကိုရောက်လိမ့်မယ်ဆိုတဲ့ အယူအဆဟာ ဘာသာရေး သိပ်ဆန်လွန်းနေတဲ့အတွက် ဒီအမြင်ဟာ သမိုင်းဆရာရဲ့ အမြင်မဟုတ်ဘဲ ဘာသာရေးပုဂ္ဂိုလ် တစ်ယောက်ရဲ့အမြင်သာ ဖြစ်သင့်တယ်လို့ကျွန်တော်ထင်တယ်။ ဒီအယူဟာ သမိုင်းရဲ့ အပြင်ဘက်မှာ ရည်မှန်းချက် ပန်းတိုင်တစ်ခုရှိတယ်ဆိုတဲ့ မှောက်မှားတဲ့ အယူအဆကို ပြန်သွားနေတာနဲ့အတူတူဖြစ်တယ်။ ဟုတ်တော့ဟုတ် ပါတယ်။ အရာဝတ္ထုတစ်ခုမှာ အန္တိမ နိဂုံးတစ်ခုရှိရမယ်ဆိုတဲ့ အမြင်ကိုလူတွေက သဘောကျလေ့ရှိတတ်ပါတယ်။ သမိုင်းရဲ့ချီတက်မှုဟာ အဆုံးမရှိတဲ့တိုးတက်မှု၊ လွတ်လပ်မှုဆီကိုသွားနေတဲ့ အဆုံးမသတ်တဲ့ တိုးတက်မှုလို့ အက်တန်[2] ပြောတုန်း ကတော့ သူ့စကားက နည်းနည်းဝေဝါးခဲ့တာကိုး။ ဒါပေမယ့် သမိုင်းဆရာဟာ တိုးတက်မှုရှိတယ်ဆိုတဲ့ အယူကိုလက်ခံရင်တော့ သူဟာ သမိုင်းဆိုတာ ဖြစ်စဉ်ကြီး တစ်ခု၊ အဆက်ဆက်သောခေတ်များက တောင်းဆိုချက်များနဲ့အခြေအနေများဟာ သူတို့ဘာသာသူတို့အဓိပ္ပာယ်ဆောင်လာမယ့်ဖြစ်စဉ်ကြီးတစ်ခု ဖြစ်တယ်ဆိုတာကိုတော့ လက်ခံဖို့အသင့်ပြင်ထားရပေလိမ့်မယ်။ သမိုင်းဆိုတာဟာ တိုးတက်မှုတွေကို

1. Arnold of Rugby 2. Acton



www.burmeseclassic.com

www.burmeseclassic.com

မှတ်တမ်းတင်တဲ့ အရာတစ်ခုမျှသာမက တိုးတက်နေတဲ့ သိပ္ပံပညာရပ် တစ်ရပ်ဖြစ်တယ်လို့အက်တန်ပြောတာဟာလည်း ဒီသဘောပါပဲ။ သမိုင်းဆိုတာဟာ အဖြစ်အပျက် လမ်းကြောင်းတွေနဲ့ဆိုင်တဲ့ ကိစ္စမှာရော၊ အဲဒီ အဖြစ်အပျက်တွေကို မှတ်တမ်းတင်ရာမှာရော ရှေ့ကိုတိုးတက်နေတဲ့ အရာတစ်ခုလို့ပဲ ဆိုရပါလိမ့်မယ်။ သမိုင်းမှာ လွတ်လပ်ခွင့်ဘယ်လို တိုးတက်လာတယ်ဆိုတာနဲ့ပတ်သက်လို့ သမိုင်းဆရာကြီး အက်တန်ရဲ့ စကားတစ်ခွန်းကို ကျွန်တော် ဖော်ပြချင်ပါတယ်။

"အားကြီးသူတို့၏အုပ်စိုးမှုကို အားနည်းသူတို့က ပူးပေါင်းဆန့်ကျင် ခုခံလာခဲ့ခြင်းအားဖြင့် လွတ်လပ်မှုကို ရရှိလာခဲ့ခြင်း၊ ထိန်းသိမ်းနိုင်ခဲ့ခြင်း၊ တိုးချဲ့လာနိုင်ခြင်း၊ နောက်ဆုံးတွင် နားလည်လာခဲ့ခြင်း ဖြစ်ပေသည်" လို့ သူကရေးခဲ့ပါတယ်။

အဖြစ်အပျက်များနဲ့လမ်းကြောင်းကို ဖော်ပြရာ ဖြစ်တဲ့သမိုင်း၊ အဖြစ်အပျက်များကို မှတ်တမ်းတင်ရာဖြစ်တဲ့ သမိုင်းဟာ လွတ်လပ်မှုကို နားလည်ရေးနဲ့ပတ်သက်တဲ့ တိုးတက်မှုလို့အက်တန် ယူဆပါတယ်။ ဒီတိုးတက်မှု နှစ်ခုဟာ ရင်ပေါင်တန်းပြီး ရှေ့သို့ ချီတက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ဆင့်ကဲဖြစ်စဉ် သာဓကတွေကို ထုတ်ပြီးရေးတဲ့ အရေးအသားတွေ ခေတ်စားနေစဉ်က 'ဘာသာတရားအဖို့ကား ဆင့်ကဲပြောင်းလဲလာသော အရာတို့ကို ဖော်ပြလိုက်ရုံဖြင့် ဆင့်ကပြောင်းလဲမှု ဖြစ်စဉ်သည် အပြီးသို့ ရောက်လေပြီ' လို့ ဒဿနဆရာ **ဘရက်လေ**[1] က ရေးခဲ့ဖူးပါတယ်။

သမိုင်းဆရာအဖို့တော့ တိုးတက်မှုရဲ့ အဆုံးဟာ ဆင့်ကဲပြောင်းလဲလာခဲ့တာ မဟုတ်ပါဘူး။ ယခုထက်တိုင် ဝေးနေတဲ့ အရာတစ်ခုပဲ ဖြစ်နေပါသေးတယ်။ ရှေ့ကိုတက်လာမှသာ ခရီးပန်းတိုင်ကို ညွှန်ပြတဲ့ အိမ်မြှောင်ဖြစ်ရုံပဲ ရှိပါသေးတယ်။ ဒီလို ပြောခြင်းအားဖြင့် သမိုင်းဟာ အရေးမကြီးဘူးလို့ ဆိုတာမဟုတ်ပါဘူး။ လမ်းပြအိမ်မြှောင်ဆိုတာ အလွန်အဖိုးတန်ပြီး လမ်းပြတဲ့အခါမှာ မပါမပြီးတဲ့ အရာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအိမ်မြှောင်ဟာ လမ်းကြောင်းကို ပြတဲ့မြေပုံ မဟုတ်ပါဘူး။ ကျွန်တော် တို့ဟာ သမိုင်းကို ဖြတ်သန်းရင်းဖြင့်သာ သမိုင်းရဲ့ အနှစ်သာရကို သိနားလည် လာကြခြင်း ဖြစ်ပါတယ်။

တတိယအချက်။ ။တိုးတက်မှုတစ်ခုဟာ အပြတ်အတောက်မရှိ၊ နောက်ပြန်ဆုတ်မှု မရှိ၊ သွေဖယ်မှုမရှိဘဲ တစ်ဖြောင့်တည်း အမြဲရှေ့ ကိုချီတက်နေတယ်လို့ စဉ်းစားဉာဏ်ရှိသူ ဘယ်သူကမှ မယုံကြည်ကြပါဘူး။ သမိုင်းတစ်လျှောက်မှာ ရှေ့သို့တိုးတက်နေတဲ့ ကာလတွေရှိခဲ့သလို နောက်ပြန်ဆုတ်တဲ့ကာလတွေလည်း ရှိခဲ့ဖူးတာပါပဲ။ နောက်တစ်ခါ ရှေ့ကိုပြန်တတ်တော့လည်း ဒီနေရာ၊ ဒီအမှတ်ကနေပြီး ဒီမျဉ်းကြောင်းအတိုင်း ချီတတ်လိမ့်မယ်လို့လည်း ပြောလို့မရဘူး။ ဟီဂဲလ်နဲ့

1. Brsdley





ကားလ်မတ်တို့ကတော့ သမိုင်းမှာ ယဉ်ကျေးမှုကြီး သုံးလေးခုရှိတယ်လို့ပြောခဲ့ကြပြီး တွိုင်ဘီ[1] ကတော့ ယဉ်ကျေးမှုကြီး နှစ်ဆယ့်တစ်ခု ရှိတယ်လို့ ပြောခဲ့ဖူးပါတယ်။ သမိုင်းယဉ်ကျေးမှုကြီးတွေ ပေါ်ထွန်းခဲ့ကြ၊ ယိုယွင်းခဲ့ကြ၊ ပျက်စီးခဲ့ကြတဲ့ ယဉ်ကျေးမှု သံသရာစက်ဝိုင်းကြီးရှိတယ်လို့ပြောခဲ့ကြပါတယ်။ အမှန်ကတော့ ဒီဇယားဟာ ဘာအဓိပ္ပာယ်မှမရှိပါဘူး။ ဒါပေမယ့် ယဉ်ကျေးမှုကို ရှေ့ကိုတွန်းတင်မောင်းနှင်တဲ့ အားထုတ်မှုဟာ တစ်နေရာမှာ ကျဆုံးသွားပြီး နောက်တစ်နေရာမှာ ပြန်ပေါ်တယ်။ ဒါကြောင့် သမိုင်းမှာတွေ့ရတဲ့ တိုးတက်မှုဆိုတာဟာ အချိန်ကာလအားဖြင့်လည်းကောင်း နေရာဒေသအားဖြင့်လည်းကောင်း အမြဲတမ်း စဉ်ဆက်မပြတ်ဖြစ်ပေါ်နေတာ မဟုတ်ဘူးဆိုတဲ့ အချက်ကို ဖော်ပြတဲ့ သင်္ကေတများ အဖြစ်တော့ ပြောလို့ရပါတယ်။

ကျွန်တော်သာ သမိုင်းရဲ့ နိယာမတွေကို ချမှတ်လေ့ရှိတဲ့ ရောဂါများ စွဲကပ်နေခဲ့လို့ရှိရင် အဲဒီနိယာမကို ဒီလိုချမှတ်ချင်ပါတယ်။ အဲဒီ နိယာမကတော့ ဒီလိုပါ။ လူတန်းစား သို့မဟုတ် လူမျိုးတစ်မျိုး၊ ပထဝီတိုက်ကြီးတစ်တိုက်၊ ယဉ်ကျေးမှုကြီး တစ်ခု(ကြိုက်သလိုခေါ်ပါ) စတဲ့ အစုတစ်စုဟာ တစ်ချိန်တစ်ခါမှာ တိုးတက်ရေးအတွက် ခေါင်းဆောင်အခန်းကဏ္ဍက ပါခဲ့ပေမယ့် နောက်ကာလတစ်ခုကြတော့ ခေါင်းဆောင်တဲ့ အခန်းကဏ္ဍက ပါချင်မှပါတတ်တယ်။ ဘာဖြစ်လို့လည်း ဆိုတော့ အဲဒီအစုဟာ ရှေးခေတ်က အစဉ်အလာတွေ အကျိုးစီးပွားတွေ၊ အယူအဆတွေကို အသေစွဲမြဲဆုပ်ကိုင်ထားတဲ့အတွက် နောက်ခေတ်တစ်ခေတ်ရဲ့ အခြေအနေတွေ တောင်းဆိုချက်တွေနဲ့မဟပ်မိတော့လို့ပဲ ဖြစ်တယ်ဆိုတဲ့ နိယာမပါပဲ။ ဒါကြောင့်မို့အစုတစ်စုအတွက် ပျက်စီးယိုယွင်းနေတယ်လို့ထင်ရတဲ့ ခေတ်တစ်ခေတ်ဟာ အခြားအစုတစ်စုအတွက် တိုးတက်နေတဲ့ခေတ်လို့မြင်နေကြခြင်းဖြစ်ပါတယ်။ တိုးတက်မှုဆိုတာ လူတိုင်းအတွက် တန်းတူညီမျှရှိတဲ့ တိုးတက်မှုရယ်လို့မရှိနိုင်ပါဘူး။ ရှိလည်းမရှိပါဘူး။ ယဉ်ကျေးမှုကြီးပျက်စီးယိုယွင်းနေတယ်လို့ ထင်တဲ့ ပဏ္ဍိတ်တွေ၊ သံသယဝါဒီတွေ၊ သမိုင်းဟာ ဘာအဓိပ္ပာယ်မှ မရှိတော့ဘူးလို့မြင်တဲ့သူတွေ၊ တိုးတက်မှုဟာ သေသွားပြီလို့မြင်တဲ့ သူတွေဟာ ယဉ်ကျေးမှုတိုးတက်ရေးမှာ မျိုးဆက်ပေါင်းများစွာ ကြာအောင် ရှေ့ဆောင်အခန်း၊ ခေါင်းဆောင်မှုအခန်းက ပါခဲ့ဖူးတဲ့ လူတန်းစား သို့မဟုတ် အစုတစ်စုကလူတွေ ဖြစ်နေတတ်တယ် ဆိုတာကို တွေ့ရပါတယ်။ အလျင်တုန်းက သူတို့ပိုင်ခဲ့တဲ့ ခေါင်းဆောင်မှု အခန်းဟာ နောက်တစ်စုလက်ထဲကို ရောက်သွားပြီဆိုတာ သူတို့ကိုပြောနေလို့ဘယ်နည်းနဲ့မှ လက်ခံကြမှာမဟုတ်ပါဘူး။ ဒီတော့ သူတို့အမြင်မှာ သူတို့ကိုလှည့်စားသွားတဲ့သမိုင်းဟာ ဘယ်မှာအဓိပ္ပာယ်ရှိတယ်လို့ထင်နိုင်ပါ

1. A Toynbee



www.burmeseclassic.com

www.burmeseclassic.com

တော့မလဲ။ ဘယ်မှာ ကျိုးကြောင်းညီညွတ်တယ်လို့ထင်ပါနိုင်တော့မလဲ။ ဒါပေမယ့် တိုးတက်မှုရှိတယ်ဆိုတဲ့ သဘောကို ကျွန်တော်တို့လက်ခံတယ်ဆိုရင်တော့ အစဉ်ဖြတ်တောက်မှုလည်းရှိတယ်ဆိုတဲ့အချက်ကိုလည်း ကျွန်တော်တို့လက်ခံရပေလိမ့်မယ်။

နောက်ဆုံးအချက်။ ။သမိုင်းအမြင်အားဖြင့် တိုးတက်မှုဆိုတာဘာကိုခေါ်တာလဲ ဆိုတဲ့ အရေးကြီးတဲ့အချက်ကို ကျွန်တော်တင်ပြချင်ပါတယ်။ ဆိုပါစို့။ လူမှုလွတ်လပ်ခွင့်တွေရအောင်၊ ရာဇဝတ်ဥပဒေတွေကို ပြင်ဆင်အောင်၊ လူမျိုးနဲ့ အဆင့်အတန်းခွဲခြားမှုတွေ ပပျောက်အောင် တိုက်ပွဲဝင်ကြသူများဟာ ဒီအရာတွေကို သိစိတ်ရှိရှိနဲ့လုပ်နေကြသူများ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ဟာ တိုးတက်မှုရအောင်၊ သမိုင်းနိယာမအချို့ကို အကောင်အထည်ပေါ်အောင်၊ သမိုင်းမှာ တိုးတက်မှု ရှိအောင်ဆိုပြီး သိစိတ်ရှိရှိလုပ်နေကြတာတော့ မဟုတ်ပါဘူး။ လူ့အပြုအမူတွေဟာ တိုးတက်မှု ရှိတယ်၊ မရှိဘူးလို့ပြောနေသူများ၊ အနက်ဖွင့်နေသူများဟာ သမိုင်းဆရာများသာ ဖြစ်ပါတယ်။ ဒီလိုပြောလိုက်တဲ့အတွက် တိုးတက်မှုရဲ့ သဘောကို ကျွန်တော် ဝေဝါးအောင်ပြောတာ မဟုတ်ပါဘူး။ တိုးတက်မှုဆိုတာ ရှိတာအမှန်ပါပဲ၊ ဒီနေရာ မှာတော့ ကျွန်တော်ဟာ ဆာအက်ဆိုင်ရာဘာလင်းနဲ့သွားတူလို့ဝမ်းသာရပါသေးတယ်။ သူက 'တိုးတက်မှုနဲ့ဆုတ်ယုတ်မှု စသည့် စကားလုံးများကို မည်မျှအလွဲသုံးစား ပြုနေကြစေ၊ ယင်းတို့သည် အနှစ်မရှိသော စကားများမဟုတ်ကြချေ။' လို့ပြောခဲ့ပါတယ်။ လူဟာ မိမိဘိုးဘေးများရဲ့ အတွေ့အကြုံများကနေ မိမိအကျိုးအတွက် အမြတ်ထုတ်ယူ နိုင်စွမ်းရှိတယ်။ သမိုင်းမှာ တိုးတက်မှုဟာ သဘာဝမှ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်နဲ့ မတူဘဲ အဲဒီလို စုစည်းရရှိထားတဲ့ အမွေအနှစ်တွေကို အသုံးချခြင်းအပေါ်မှာ တည်တယ်လို့သမိုင်းကယူဆပါတယ်။ ဒီအမွေအနှစ်တွေထဲမှာ ရုပ်ဝတ္ထုဆိုင်ရာ ပစ္စည်းတွေ၊ ဉာဏဆိုင်ရာ စွမ်းရည်တွေ ပါဝင်ပါတယ်။ ဒီအချက်နှစ်ချက်ဟာ တစ်ခုကို တစ်ခု အညမညပြုနေကြပြီး တစ်ခုကို တစ်ခု အပြန်အလှန် ဩဇာပေးနေကြပါတယ်။ ကားလ်မတ်ကတော့ သူတို့နှစ်ခုစလုံးရဲ့အချုပ်ဟာ လူ့ရဲ့အလုပ်လို့သတ်မှတ်ပါတယ်။ အလုပ်ဆိုတဲ့ စကားကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံရင်တော့ သူပြောတဲ့အတိုင်း မှန်ပါတယ်။ ဒါပေမယ့် ဒီအမွေအနှစ်တွေကို ရရုံနဲ့ကိစ္စမပြီးပါဘူး။ အဲဒီအမွေအနှစ်တွေနဲ့အတူ တိုးတက်လာတဲ့ နည်းပညာနဲ့လူမှုအတွေ့အကြုံ၊ လူမှုအသိပါဖို့ လိုသေးတယ်။ ဒါတင်မကဘူး။ လူတွေရဲ့ ပတ်ဝန်းကျင်ကို ပိုင်နိုင်ဖို့လိုပါသေးတယ်။ ဒီနေ့ခေတ်မှာ ကျွန်တော်တို့တတွေဟာ ရုပ်ဝတ္ထုရင်းမြစ်များ၊ သိပ္ပံပညာအသိများ၊ နည်းပညာများအားဖြင့် ပတ်ဝန်းကျင်ကို အောင်နိုင်မှုများကို ရရှိနေကြပြီဆိုတော့ ဘယ်သူကမှ အငြင်းပွားမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့တတွေဟာ ဒီနှစ်ဆယ်ရာစု ခေတ်အတွင်းမှာ လူ့အဖွဲ့အစည်းကြီးတွေကို စီစဉ်တကျ ဖြစ်အောင်လုပ်ရာမှာ၊ လူမှုပတ်ဝန်းကျင်ကို ပိုင်နိုင်အောင်လုပ်ရာမှာ





တကယ်ပဲ တိုးတက်မှုရှိသလားဆိုတဲ့ အချက်မှာတော့ အငြင်းပွားကြလိမ့်မယ် ထင်ပါတယ်။ ကျွန်တော်တို့ သမိုင်း တစ်လျှောက်မှာ ထင်ရှားတဲ့ နောက်ပြန်ဆုတ်မှုကြီးတွေ ရှိမရှိ ဆိုတဲ့ကိစ္စမှာ အငြင်းပွားကြလိမ့်မယ်လို့ ထင်ပါတယ်။ လူမှုသတ္တဝါတစ်ဦးဖြစ်တဲ့ လူဟာ စက်မှုနည်းပညာနဲ့ တိုးတက်မှုရဲ့ နောက်ကွယ်မှာ အများကြီး နောက်ကျကျန်ရစ်ခဲ့တယ် လို့လည်း ပြောကောင်း ပြောကြပါလိမ့်မယ်။


www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းနဲ့ အကြွင်းမဲ့တရား

ပေါင်းသင်း ဆက်ဆံရေး(လူမှု) သတ္တဝါအဖြစ် လူရဲ့အဆင့်ဆင့် ပြောင်းလဲမှု ဖြစ်စဉ်ဟာ စက်မှုနည်းပညာတိုးတက်မှုရဲ့ နောက်မှာလွန်စွာ နောက်ကျကျန်ရစ်ခဲ့သလား။

ဒီမေးခွန်းကို မေးအောင်စေ့ဆော်နေတဲ့ အခြေအနေတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် ဒီမေးခွန်းဟာ အထားအသိုမှားနေတယ်လို့ကျွန်တော်ထင်ပါတယ်။ သမိုင်းမှာ အကွေ့အပြောင်းကာလတွေ အများကြီးရှိတယ်။ ခေါင်းဆောင်မှုနဲ့ရှေ့ဆောင်မှုဟာ အစုတစ်စုလက်ကနေပြီး အခြားအစုတစ်စုလက်ကို ရောက်သွားတတ်တယ်။ ကမ္ဘာ့အစိတ်အပိုင်းတစ်ခုရဲ့လက်ထဲကနေပြီး အခြားအစိတ်အပိုင်းတစ်ခုရဲ့ လက်ထဲကို ရောက်သွားတယ်။ ခေတ်သစ်နိုင်ငံတော် ပေါ်ထွန်းလာတဲ့ကာလ၊ အာဏာရဲ့ ဗဟိုချက်မဟာ မြေထဲပင်လယ် တစ်ဝိုက်ကနေပြီး ဥရောပကို ရောက်သွားတဲ့ကာလ၊ ပြင်သစ်တော်လှန်ရေးကြီး ဖြစ်ပွားတဲ့ကာလ စသည်တို့ဟာ ထင်ရှားတဲ့ နမူနာတွေပါပဲ။ အဲဒီလို ခေတ်ကာလများဟာ ပြင်းထန်တဲ့ အုံကြွမှုကြီးတွေ၊ ပြင်းထန်တဲ့ အာဏာလုပွဲတွေ ပေါ်ပေါက်တဲ့ကာလတွေ ဖြစ်လေ့ရှိတတ်တယ်။ အခွင့်အာဏာဟောင်းဟာ အားနည်းသွားပြီး စံဟောင်းတွေဟာလည်း ပျောက်ကွယ်သွားကြတယ်၊ ပြင်းထန်တဲ့ မျှော်မှန်းချက်ချင်း ပဋိပက္ခဖြစ်မှုတွေ၊ အမျက်ဒေါသချင်း ပဋိပက္ခဖြစ်မှုတွေကနေပြီး စနစ်သစ်တစ်ရပ်ဟာ ပေါ်ပေါက်လာခြင်း ဖြစ်တယ်။ ခုချိန်မှာ ကျွန်တော်တို့တတွေဟာ အလားတူ ကာလမျိုး တစ်ခုကို ဖြတ်သန်းနေရခြင်း ဖြစ်တယ်လို့ကျွန်တော် ပြောချင်တယ်။

လူမှုဖွဲ့စည်းပုံ ပြဿနာများနဲ့ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ နားလည်မှုတွေ၊ အဲဒီနားလည်မှုအရ လူ့အဖွဲ့အစည်းကြီးကို ပြုပြင်ပြောင်းလဲ ချင်တဲ့ ကျွန်တော်တို့ရဲ့ စိတ်စေတနာတွေဟာ ဆုတ်ယုတ်ပျက်ပြားသွားပြီဆိုတဲ့ အမြင်ဟာ မမှန်ဘူးလို့

www.burmeseclassic.com

ကျွန်တော်ထင်တယ်။ ဆုတ်ယုတ်ပျက်ပြားသွားခြင်းမရှိတဲ့အပြင် ပိုလို့တောင် တိုးတက်လာနေသေးတယ်လို့ ကျွန်တော်ထင်တယ်။ တချို့ကပြောကြသေးတယ်။ ကျွန်တော်တို့ရဲ့ စွမ်းအားတွေ ပျက်ပြားဆုတ်ယုတ်သွားတယ်တဲ့။ အရည်အချင်းတွေညံ့သွားတယ်တဲ့။ ကျွန်တော်တို့ရဲ့ စာရိတ္တဆိုင်ရာ အရည်အသွေးတွေ ယုတ်လျော့သွားတယ်တဲ့။ အမှန်ကတော့ မဟုတ်ပါဘူး။ ပဋိပက္ခတွေ၊ အုံကြွမှုတွေကို ဖြတ်သန်းလာခဲ့ရတဲ့ လူမျိုးတွေ၊ နိုင်ငံတွေ၊ လူတန်းစားတွေကြားမှာ အာဏာ ချိန်ခွင်လျှာဟာ ပြောင်းသွားတဲ့အတွက် အဲဒီစွမ်းအားတွေ အရည်အသွေးတွေဟာ ပင်ပန်းသွားကြတယ်။ အဲဒီလို ပင်ပန်းသွားတဲ့အတွက် ဒီအရာတွေကြောင့် အပြုသဘောဆောင်တဲ့ အောင်မြင်ချက်တွေကို မလုပ်နိုင်ကြတော့ဘဲ အားကုန်သွားကြတယ်။

လွန်ခဲ့တဲ့ အနှစ်ငါးဆယ်အတွင်း အနောက်တိုင်းနိုင်ငံများမှာ တိုးတက်မှုရှိတယ်ဆိုတဲ့ အယူအဆကို စိန်ခေါ်တဲ့ အင်အားစုများကို ကျွန်တော်အထင်သေးခြင်း မရှိသော်လည်း သမိုင်းမှာ တိုးတက်မှု အဆုံးစွန်ရောက်ပြီ။ နိဂုံးကို ရောက်ပြီဆိုတဲ့ အယူအဆကိုတော့ ကျွန်တော်လက်မခံ နိုင်သေးပါဘူး။ ကောင်းပြီ။ ဒါဖြင့်ရင် ခင်ဗျားပြောတဲ့ သမိုင်းမှာ တိုးတက်မှုရှိတယ်ဆိုတာဘာလဲ ပြောစမ်းပါဦးလို့ အတင်းမေးလာရင်တော့ ကျွန်တော်ဒီလိုဖြေချင်ပါတယ်။ ဆယ့်ကိုးရာစုနှစ် ဒဿနများပြောခဲ့တဲ့ သမိုင်းမှာ တိုးတက်မှုရှိတယ်ဆိုတဲ့ အယူအဆဟာ လက်တွေ့ ဆုပ်ကိုင်ပြလို့မရဘူး။ အမြဲလိုဖြစ်နေတယ်။ ဒါကြောင့် ဒီတိုးတက်မှုမျိုးကို ကျွန်တော်ပြောလိုတာ မဟုတ်ပါဘူး။

ကျွန်တော်ပြောလိုတဲ့ တိုးတက်မှုက အလိုအလျောက် မလွဲမရှောင်သာ ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်ကိုပြောတာ မဟုတ်ဘူး။ လူ့ရဲ့စွမ်းရည်များရှေ့ကိုသည့်ထက်သည် ပြောင်းလဲဖြစ်ပေါ်နေတဲ့ တိုးတက်မှုမျိုးကို ပြောတာဖြစ်တယ်။ တိုးတက်မှုဆိုတာဟာ ဖြပ်မဲ့တဲ့၊ အကောင်အထည်မဲ့တဲ့ စကားတစ်လုံးပဲ။ လူ့လောကကြီးက ရှာဖွေတဲ့ ရည်မှန်းချက်ကတော့ သမိုင်းအပြင်ပမှာရှိတဲ့ နေရာတစ်နေရာက ထွက်ပေါ်လာတာ မဟုတ်ဘဲ သမိုင်းရဲ့လမ်းကြောင်းထဲက အခါအားလျော်စွာ ပေါ်ထွက်လာတာဖြစ်တယ်။ လူဟာ လုံးဝဥဿုံပြည့်စုံသော လူသားဖြစ်လာရမယ်လို့ကျွန်တော် မယုံဘူး။ ကမ္ဘာ့မြေပေါ်မှာ လောကနိဗ္ဗာန်ကြီးတစ်ခု ပေါ်ပေါက်လာခဲ့လိမ့်မယ်လို့လည်း ကျွန်တော် မယုံပါဘူး။

သမိုင်းတစ်လျှောက်မှာ ပြည့်စုံခြင်းဆိုတာ မရှိနိုင်ဘူးလို့ပြောတဲ့ ဘာသာရေးဘက်က ပုဂ္ဂိုလ်တွေ၊ လောကုတ္တရာသမားတွေနဲ့ဒီနေရာမှာ ကျွန်တော်သဘောတူချင်တယ်။ ဒါပေမယ့် လူ့လောကမှာ လူဟာအတိုင်းအဆမရှိ တိုးတက်နိုင်တယ်ဆိုတာကတော့ ကျွန်တော်လက်ခံတယ်။ တိုးတက်မှုရဲ့ ပန်းတိုင်များဟာလည်း





ဘာရယ်လို့ကြိုတင်ပြောလို့မရဘဲ ရှေ့ကိုသွားရင်းသွားရင်းနဲ့သာ သိသာနိုင်တယ်။ ဒီပန်းတိုင်တွေ ခိုင်မာခြင်း ရှိမရှိဆိုတဲ့ အချက်ဟာလည်း အဲဒီပန်းတိုင်ကို အောင်မြင်ရေးဖြစ်စဉ် အတွင်းကျမှသာ သိနိုင်တယ်ဆိုတဲ့ အချက်များကိုတော့ ကျွန်တော်လက်ခံတယ်။ ဒီလိုတိုးတက်မှုကို ယုံကြည်ခြင်းမရှိခဲ့ရင် လူ့အဖွဲ့အစည်းတစ်ရပ်ဟာလည်း ဘယ်နည်းနဲ့မှာ တည်တံ့မှာ မဟုတ်ဘူး။

ဘယ်လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ် လက်ရှိမျိုးဆက်ဟာ နောင်လာမယ့် မမွေးသေးတဲ့ မျိုးဆက်အတွက် စွန့်လွှတ်မှုတွေ လုပ်ခဲ့ကြရတယ်။ အဲဒီ စွန့်လွှတ်မှုတွေကို ခံသာအောင်အတွက် ကျွန်တော်တို့ရဲ့စွန့်လွှတ်မှုများဟာ နောက်ပိုမိုကောင်းမွန်တဲ့ ကမ္ဘာသစ်ကြီးအတွက်လို့ ကျွန်တော်တို့ပြောရခြင်းဖြစ်တယ်။ ဘုရားသခင်ရဲ့ အလိုတော်ကို ဖြည့်စွမ်းဖို့အတွက် စွန့်လွှတ်အနစ်နာခံကြခြင်း ဖြစ်တယ်လို့ လောကုတ္တရာနယ်ပယ်က ပုဂ္ဂိုလ်တွေ ပြောကြတဲ့ စကားနဲ့အတူတူပါပဲ။ သမိုင်းဆရာ ဘယ်ရီရဲ့ စကားနဲ့ပြောရရင် "နောင်လာနောက်သားတို့အပေါ်မှာ တာဝန်ကျေခြင်းဟာ တိုးတက်မှုနဲ့ပတ်သက်တဲ့ အတွေးအခေါ်မှ တိုက်ရိုက်ပေါ်ထွက် လာတဲ့ အကျိုးတရားဖြစ်တယ်" (တိုးတက်မှုဆိုတဲ့ စလိုတဲ့ စေတနာရှိတဲ့အတွက် နောင်လာနောက်သားများအပေါ် တာဝန်ကျေခဲ့ကြခြင်း ဖြစ်တယ်) လို့ပြောခဲ့တယ်။ ဘာကြောင့် တာဝန်ကျေရသလဲ ဆိုတာကိုတော့ ပြောစရာမလိုတော့ဘူးလို့ ထင်ပါတယ်။

ဒီမှာတင် အများပြောနေကြ စကားတစ်လုံးဖြစ်တဲ့ သမိုင်းမှာ အဓိဋ္ဌာန်ကျမှုဆိုတဲ့ ပြဿနာပေါ်လာတယ်။ ဒီစကားလုံးဟာ တော်တော်လေးဝေဝါးပြီး တော်တော်လေး အမေးပုစ္ဆာထွက်တဲ့ စကားလုံးဖြစ်ပါတယ်။ သမိုင်းပညာရပ် အပါအဝင် လူမှုသိပ္ပံပညာရပ်များဟာ ပြုလုပ်နေသူနဲ့ပြုလုပ်ခြင်းခံရသူကို တခြားစီခွဲခြားပစ်တဲ့ သိမြင်မှုသဘောတရားတစ်ရပ်၊ ကြည့်မြင်သူနဲ့ကြည့်မြင်ခြင်းခံရတဲ့ အရာတို့အကြားမှာ အသေခွဲခြားထားတဲ့ သိမြင်မှု သဘောတရားတစ်ရပ်နဲ့ကိုက်ညီခြင်း မရှိပါဘူး။ ဒီအကြောင်းကို ရှေ့ကပို့ချချက်တွေထဲမှာ ကျွန်တော်ပြောခဲ့ပါပြီ။ ဒီတော့ ကျွန်တော်တို့ဟာ ကြည့်မြင်သူနှင့် ကြည့်မြင်ခံရတဲ့အရာ၊ ပြုလုပ်သူနဲ့ပြုလုပ်ခြင်းခံရတဲ့ အရာတို့အကြားက ရှုပ်ထွေးတဲ့ အပြန်အလှန် ဆက်သွယ်မှု၊ အပြန်အလှန် တုံ့ပြန်မှုတို့ကို ပြနိုင်တဲ့ ပုံစံငယ်ကလေးတစ်ခု တည်ဆောက်ပြီး ဒီပြဿနာကို ကိုင်တွယ် ကြည့်ရှုရင် ကောင်းမယ်လို့ထင်ပါတယ်။

အမှန်ပြောရရင်တော့ သမိုင်းအချက်အလက်များဟာ ဘယ်တော့မှ တကယ့် အစစ်အမှန် ဓမ္မဓိဋ္ဌာန်မကျနိုင်ပါဘူး။ သမိုင်းဆရာရဲ့ အမြင်မှာ ထူးခြားတယ်လို့မှဆ မှသာလျှင် အဖြစ်အပျက်များဟာ သမိုင်းအဖြစ်အပျက် ဖြစ်လာရတာဖြစ်ပေတော့ ဘယ့်နှယ်လုပ်ပြီး တကယ်ဓမ္မဓိဋ္ဌာန်ကျနိုင်တော့မှာလဲ။ သမိုင်းမှာ ဓမ္မဓိဋ္ဌာန်ကျမှု


www.burmeseclassic.com

www.burmeseclassic.com

ဆိုတာဟာ (ဒါကလည်း ပြောရိုးပြောစဉ် စကားလုံးကို သုံးစွဲလိုက်ခြင်းပါ။) အချက်အလက်ရဲ့ ဓမ္မဓိဋ္ဌာန်ကျမှု မဖြစ်နိုင်ဘူး။ အချက်အလက်နဲ့အနက် ဖွင့်ဆိုမှု တို့ရဲ့ ဆက်သွယ်မှု အတိတ် ပစ္စုပ္ပန်နဲ့အနာဂတ်တို့ရဲ့ကြားက ဆက်သွယ်မှုတို့ရဲ ဓမ္မဓိဋ္ဌာန်ကျမှုသာ ဖြစ်နိုင်တယ်။

ဒီနေရာမှာ သမိုင်းအဖြစ်အပျက်များကို အကဲဖြတ်ရာမှာ သမိုင်းရဲ့ အပြင်ဘက်က စံတွေ၊ သမိုင်းနဲ့ကင်းလွတ် တည်ရှိနေတဲ့ အကြွင်းမဲ့ စံတွေနဲ့ကျွန်တော် တန်ဖိုးမဖြတ်ချင်ဘူး။ အကြွင်းမဲ့ အမှန်တရားဆိုတာ သမိုင်းနယ်ပယ်မှာရော၊ သိပ္ပံပညာနယ်ပယ်မှာရော ဘာမှအဓိပ္ပာယ်မရှိဘူးလို့ကျွန်တော်ယူဆတယ်။ သိပ်ရှင်းပြီး သိပ်လွယ်ကူတဲ့ သမိုင်းဖွင့်ဆိုချက် တစ်ခုကိုသာလျှင် အကြွင်းမဲ့ မှန်တယ်၊ သို့မဟုတ် အကြွင်းမဲ့ မှားတယ်လို့ ပြောလို့ရတယ်။ နည်းနည်းရှုပ်ထွေးတဲ့ သမိုင်းအနက်ဖွင့်ဆိုချက် တစ်ခုဆိုရင်တော့ ဒီလိုအကြွင်းမဲ့ မှားတယ်၊ သို့မဟုတ် အကြွင်းမဲ့မှန်တယ်လို့ လွယ်လွယ်နဲ့ ပြောလို့မရတော့ဘူး။ ဆိုပါစို့။ ရှေ့က သမိုင်းဆရာတစ်ဦးရဲ့ ကောက်ချက်ကို မကျေနပ်တဲ့နောင်းခေတ် သမိုင်းဆရာဟာ ရှေ့သမိုင်းဆရာရဲ့ ကောက်ချက်ကို လုံး၀ အကြွင်းမဲ့ မှားတယ်လို့တော့ ပြောမှာမဟုတ်ဘူး။ မသင့်တဲ့ကောက်ချက်၊ တစ်ဖက်သတ်ကျတဲ့ကောက်ချက်၊ ခေတ်မမီတော့တဲ့ ကောက်ချက်၊ ဒါမှမဟုတ် အထောက်အထားနဲ့မကိုက်ညီတဲ့ ကောက်ချက်လို့ပဲပြောမှာပဲ။ ရုရှား အောက်တိုဘာတော်လှန်ရေးကြီးဟာ ဒုတိယမြောက် နီကလတ်ဇာဘုရင်ရဲ့ မိုက်မဲမှုကြောင့် ဖြစ်ရတယ်လို့ပြောတာ၊ လီနင်ရဲ့ အမြော်အမြင်ကြီးမှုကြောင့် ဖြစ်လာရတယ်လို့ပြောတာမျိုးဟာ လုံလောက်ခြင်း မရှိရုံတင်မကဘူး၊ လမ်းလွဲကိုလည်း ရောက်စေတယ်။ ဒါပေမယ့် ဒီလိုပြောတဲ့အတွက် အကြွင်းမဲ့ မှားနေပြီလို့တော့ မပြောနိုင်ဘူး။ ဒါကြောင့်မို့သမိုင်းဆရာဟာ ဒီလို အကြွင်းမဲ့ပြောတဲ့ ကိစ္စမျိုးတွေနဲ့ မဆိုင်ဘူး။

ဒီနေရာမှာ ရောဘင်ဆန် သေတဲ့ ကိစ္စကလေးကိုပဲ ပြန်ပြီး နမူနာယူပြချင်တယ်။ ရောဘင်ဆန် သေတဲ့ကိစ္စမှာ ကျွန်တော်တို့စုံစမ်းနေတာဟာ အချက်အလက် မှန်မမှန်ကို စုံစမ်းနေတာ မဟုတ်ဘူး။ အချက်အလက်တွေကတော့ မှန်သားပဲ။ ဘယ်သူကမှ မငြင်းပါဘူး။ ကျွန်တော်တို့စုံစမ်းနေတာက ကျွန်တော်တို့စိတ်ဝင်စားတဲ့ တကယ်ဖြစ်ပြီး ထူးခြားတဲ့ အချက်အလက်တွေနဲ့ကျွန်တော်တို့ချန်လှပ်ထားနိုင်တဲ့ မတော်တဆ တိုက်ဆိုင်တဲ့ အချက်အလက်တွေကို ခွဲခြားရွေးထုတ်နေကြတာဖြစ်တယ်။ ဒီကိစ္စမှာ အချက်အလက်တွေကို ခွဲခြားရွေးထုတ်လို့လွယ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့စစ်ဆေးကြည့်တဲ့ စံ၊ ကျွန်တော်တို့စမ်းသပ်ကြည့်တဲ့ မှတ်ကျောက်၊ ကျွန်တော်တို့ရဲ့ ဓမ္မဓိဋ္ဌာန်ကျမှု အခြေခံက ရှင်းလင်းလေတော့ ခွဲခြားရတာ လွယ်ပါတယ်။ ပြီးတော့ ဒီကိစ္စမှာ ကျွန်တော် စုံစမ်းစစ်ဆေးရတဲ့ အကြောင်းရင်း ပန်းတိုင်





ကလည်း လမ်းမပေါ်မှာ ကားတိုက်မှုများ လျော့နည်းရေး ပန်းတိုင်ကို ဦးတည်ထားလေတော့ ဒီပန်းတိုင်ကို သွားရမှာ အထောက်အကူဖြစ်စေတဲ့ အချက်အလက်တွေဟာ အရေးကြီးတာပေါ့။ လွယ်လွယ်ကလေးနဲ့ခွဲခြားလို့ ရနိုင်ပါတယ်။

ဒါပေမယ့် သမိုင်းဆရာကတော့ လမ်းမှာကားတိုက်မှုတွေ လျော့ပါးအောင် ဘယ်လိုလုပ်မလဲလို့ စုံစမ်းစစ်ဆေးတဲ့လူလောက် အလုပ်လုပ်ရတာ မလွယ်ပါဘူး။ ကားတိုက်မှု လျော့ပါးရေးကို စုံစမ်းတဲ့ အရာရှိလို သမိုင်းဆရာမှာလည်း ဘယ်အရာဟာ အရေးကြီးသလဲ၊ ဘယ်အရာဟာ အရေးမကြီးဘူးလဲ ဆိုတာကို ခွဲခြားဖို့ စံတစ်ခု လိုအပ်တယ်။ အဲဒီစံဟာ ဓမ္မဓိဋ္ဌာန်ကျ မကျကိုလည်း အဲဒီစံနဲ့ပဲ ဆုံးဖြတ်ရမှာပါပဲ။ ဒီလိုစံရှိမှသာလျှင် ဘယ်သင်းဟာ အရေးကြီးပြီး ဘယ်သင်းဟာ မတော်တဆ ဖြစ်လာတာလည်းဆိုတာကို ခွဲခြားလို့ရမှာပေါ့။ သူသွားနေတဲ့ ပန်းတိုင်၊ သူမျှော်မှန်း ထားတဲ့ ရည်ရွယ်ချက်နဲ့သက်ဆိုင်ခြင်း ရှိမရှိ ဆိုတာကိုပါ ထည့်သွင်း စဉ်းစားရမှာပေါ့။ ဒါပေမယ့် အဲဒီပန်းတိုင်၊ အဲဒီရည်ရွယ်ချက်ဟာ အသေတော့မဟုတ်ရဘူး။ အဆင့်ဆင့် ပြောင်းနေတဲ့ ရည်ရွယ်ချက်တော့ ဖြစ်ရလိမ့်မယ်။ အတိတ်ကို အဆင့်ဆင့် အနက်ဖွင့်ဆိုတာဟာလည်း သမိုင်းရဲ့ အလုပ်ဖြစ်နေပေတာကိုး။ ပြောင်းလဲမှုဆိုတာကို အနက်ဖွင့်ချင်ရင် မပြောင်းလဲတာ၊ အသေတည်နေတာနဲ့ နှိုင်းယှဉ်ပြီး အနက် အဓိပ္ပာယ် ဖွင့်ရမယ်လို့ အစဉ်အလာ ယူဆခဲ့ကြဖူးတယ်။ဒီအယူအဆဟာ သမိုင်းဆရာရဲ့အတွေ့အကြုံနဲ့တော့ ပြောင်းပြန်ပဲ။ "သမိုင်းဆရာအဖို့တစ်ခုတည်းသော အကြွင်းမဲ့ တရားသည်ကား ပြောင်းလဲခြင်း တရားပေတည်း" လို့ပါမောက္ခ ဘတ်တာဖီးက ရေးခဲ့ပါတယ်။

ကောင်းပြီ။ ဒါဖြင့်ရင် သမိုင်းမှာ အကြွင်းမဲ့ဆိုတာ ဘာကိုခေါ်တာလဲ။ အကြွင်းမဲ့ဟာ ကျွန်တော်တို့အစပြုခဲ့ရာ အတိတ်မှာရှိတဲ့ တစ်စုံတစ်ခုသော အရာလည်း မဟုတ်ဘူး။ ပစ္စုပ္ပန်မှာရှိတဲ့ တစ်စုံတစ်ခုသော အရာလည်း မဟုတ်ဘူး။ ပစ္စုပ္ပန် အတွေးဟူသမျှဟာ သမုတိသဘော နှိုင်းယှဉ်မှုအားဖြင့်သာ ပေါ်ပေါက်ရခြင်း ဖြစ်တယ်။ ကျွန်တော်တို့ဦးတည်ရွေ့လျားနေတဲ့ အနာဂတ်ရှိတဲ့ အရာဟာလည်း အကြွင်းမဲ့ မဟုတ်ဘူး။ ပြည့်စုံခြင်း မရှိသေးဘူး။ ဖြစ်ဆဲ ဖြစ်လတ္တံ့အရာမျှသာဖြစ်တယ်။ အဲဒီ အနာဂတ်ကို ရွေ့လျားနေရင်းပဲ ကျွန်တော်တို့ဟာ အနာဂတ်ရဲ့ အလင်းရောင် ထဲမှာ အတိတ်နဲ့ပတ်သက်တဲ့ အနက်ဖွင့်ဆိုချက်ကို တဖြည်းဖြည်း ပုံဖော်နေခြင်းဖြစ်တယ်။ ဒါဟာ လောကီသမိုင်းရဲ့ လောကီအမြင်ဖြစ်တယ်။

သမိုင်းနဲ့ပတ်သက်တဲ့ လောကုတ္တရာအမြင်ကတော့ သမိုင်းရဲ့ အဓိပ္ပာယ်ဟာ အန္တိမနေ့မှာ အဓိပ္ပာယ်ပေါ်လာလိမ့်မယ်လို့ယူဆတယ်။ ကျွန်တော်တို့ရဲ့စံဟာ အကြွင်းမဲ့ တရားမဟုတ်ဘူး။ အသေသဘောမဟုတ်ဘူး။ မနေ့ကရော၊ ဒီနေ့ရော၊ နောင်မှာရော အမြဲတမ်းအတူတူဖြစ်နေမယ်ဆိုတဲ့ သဘောမဟုတ်ဘူး။ ဒီလို အကြွင်းမဲ့သဘောဟာ



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းရဲ့ သဘာဝနဲ့ဆီလျော်ကိုက်ညီခြင်း မရှိဘူး။ ဒါပေမယ့် အတိတ်နဲ့ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကတော့ အကြွင်းမဲ့ဖြစ်တယ်။ သမိုင်းအနက်ဖွင့်ဆိုချက်တိုင်းဟာ သူ့နည်းနဲ့သူ မှန်တယ်ဆိုတဲ့ နှိုင်းယှဉ်ဖွင့်ဆိုတဲ့ သဘောတရားကို ကျွန်တော်တို့ငြင်းပယ်တယ်။ သမိုင်းအနက် ဖွင့်ဆိုချက်တိုင်းဟာ သူ့ခေတ်သူ့အခါနဲ့သူ၊ သူ့နေရာဒေသနဲ့သူ မှန်တယ်ဆိုတဲ့ နှိုင်းယှဉ်ဖွင့်ဆိုချက်မျိုးကို ကျွန်တော်တို့ငြင်းပယ်တယ်။ အတိတ်နဲ့ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ အနက်ဖွင့်ဆို ချက်ကို ဒီသဘောတရား၊ ဒီစံ၊ ဒီမှတ်ကျောက်နဲ့သာလျှင် ကျွန်တော်တို့ စမ်းသပ် စစ်ဆေးကြည့်တယ်။ သမိုင်းမှာ ဒီလို ဦးတည်ချက် သဘောမျိုးရှိတယ်ဆိုတာကို မြင်မှသာလျှင် ကျွန်တော်တို့ဟာ အတိတ်ရဲ့ အဖြစ်အပျက်တွေကို အနက်ဖွင့်ဆိုနိုင်လိမ့်မယ်။ (ဒါဟာ သမိုင်းဆရာရဲ့အလုပ်ဖြစ်တယ်။) ဒီလို လုပ်မှသာလျှင် လူ့ရဲ့စွမ်းအားများကို လွတ်မြောက်စေပြီး အနာဂတ်ကောင်းကျိုးအတွက် စုစည်းအသုံးချနိုင်လိမ့်မယ်။ (ဒါကတော့ နိုင်ငံရေး သုခမိန်၊ ဘောဂဗေဒပညာရှင်နဲ့လူမှုပြုပြင်ရေး ဝါဒီတို့ရဲ့ အလုပ်ဖြစ်တယ်။) ဒါကြောင့်မို့ကျွန်တော်တို့ရဲ့ ဦးတည်ချက်သဘော၊ ကျွန်တော်တို့ရဲ့ အတိတ်ကို အနက်ဖွင့်ဆိုမှု စသည်တို့ဟာ ရှေ့ကိုတတ်နေသရွေ့ အမြဲပြောင်းလဲနေတယ်။ အမြဲဆင့်ကဲဖြစ်ပေါ်နေတယ်။

ဟီဂဲလ်က သူ့အကြွင်းမဲ့သဘောကို ထာဝရဝိညာဉ်တော်လို့ခေါ်ပြီး သမိုင်းရဲ့ လမ်းကြောင်းဟာ အနာဂတ်ကို သွားရမယ့်အစား ပစ္စုပ္ပန်မှာ အဆုံးသတ်သွားပြီလို့ ပြောခဲ့တယ်။ ဒီနည်းအားဖြင့် ဟီဂဲလ်ဟာ ကြီးလေးတဲ့အမှားကြီးကို ကျူးလွန်ခဲ့တယ်။ အတိတ်မှာ စဉ်ဆက်မပြတ် တော်လှန်ပြောင်းလဲနေတယ်လို့မြင်ခဲ့ပြီး အနာဂတ်မှာတော့ တော်လှန်ပြောင်းလဲမှု မရှိတော့ဘူးလို့ငြင်းပယ်ခဲ့တယ်။ နောက်ပိုင်းမှာတော့ သမိုင်းလမ်းကြောင်းနဲ့ပတ်သက်လို့အလေးအနက် စဉ်းစားခဲ့သူများ အားလုံး လောက်ကပဲ သမိုင်းရဲ့ သဘာဝဟာ အတိတ်နဲ့အနာဂတ်တို့ရဲ့ ပေါင်းစပ်ဖွဲ့စည်းခြင်း ဆိုတာကို လက်ခံလာခဲ့ကြတယ်။ သူ့ခေတ်က ဘာသာရေး အမြင်တွေကို လွှမ်းမိုးခြင်း ခံခဲ့ရတဲ့ တော့ကွီဗီးလ်သည်ပင် ဒီနေရာမှာတော့ အမှန်ကိုမြင်ခဲ့တယ်။ တန်းတူညီမျှခွင့် တိုးတက်ဖြစ်ထွန်းလာရေးဟာ ကမ္ဘာလုံးဆိုင်ရာထာဝရ အချင်းအရာ တစ်ရပ်ဖြစ်ကြောင်း ပြောဆိုတဲ့နေရာမှာ သူကဒီလိုပြောခဲ့တယ်။

"တန်းတူညီမျှခွင့် တဖြည်းဖြည်းနှင့် ရှေ့သို့တိုးတက်ပေါ်ထွန်းလာခြင်းသည် မိမိတို့သမိုင်း၏ အတိတ်နှင့်အနာဂတ်ဖြစ်သည်ဆိုသည့် အချက်ကို တွေ့ရှိလာခဲ့ကြပါက ထိုတွေ့ရှိချက်ကြောင့်ပင် ထိုတိုးတက်မှုအား ဘုရားသခင်ကပေးသော မြင့်မြတ်သော အလိုတော် ဖြစ်သည်ဟု ယူဆလာပေလိမ့်မည်" လို့ ရေးခဲ့တယ်။



## နိုင်လျှင်အာဏာနည်း ရှုံးလျှင်သစ္စာဖောက်

ယခုထက်တိုင် မပြီးပြတ်သေးတဲ့ တိုးတက်မှု ပြဿနာနဲ့ပတ်သက်လို့သမိုင်းမှာ အရေးကြီးတဲ့ အခန်းတစ်ခန်းကို ရေးနိုင်တယ်။ အနာဂတ်ကို ကြည့်ရေးနဲ့စပ်လျဉ်းလို့ ဟီဂဲလ်ရဲ့ အမြင်အချို့ကို လက်ခံခဲ့ပြီး သူ့ရဲ့ အယူအဆကို အတိတ်သမိုင်းမှာ စွဲမြဲစွာ အခြေခံထူထောင်ခဲ့တဲ့ ကားလ်မတ်ဟာ သမိုင်းတိုးတက်မှု သဘောကို ယုံကြည်ခဲ့တဲ့ အတွက် အနာဂတ်မှာ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းကြီး တည်ထောင်ရမယ်ဆိုတဲ့ အယူအဆကို တင်ပြခဲ့တယ်။

သမိုင်းဆရာ ဘယ်ရီကတော့ တိုးတက်မှုဆိုတာဟာ 'အတိတ်ကို ပေါင်းချုပ်သုံးသပ်မှုနဲ့အနာဂတ်ကို ကြိုတင် နိမိတ်ဖတ်တဲ့ သဘောတရား' လို့ ခေါ်ခဲ့တယ်။ နမီးယားကတော့ 'သမိုင်းဆရာဟူသည် အတိတ်ကို စိတ်ကူးမျှော်တွေးပြီး အနာဂတ်ကို အမှတ်ရသူများ ဖြစ်ပေ၏' လို့စကားလုံး ပြောင်းပြန်နဲ့ပြောခဲ့တယ်။ အနာဂတ်ကသာလျှင် အတိတ်ကို အနက်အဓိပ္ပာယ်ဖွင့်ဖို့သော့ချက်ကို ပေးနိုင်တယ်။ ဒီနည်းအားဖြင့်သာလျှင် ကျွန်တော်တို့ဟာ သမိုင်းမှာ အဆုံးစွန်သော ဓမ္မဓိဋ္ဌာန်ကျမှု အကြောင်းကို ပြောနိုင်တယ်။ အဲဒီလို လုပ်နိုင်တာနဲ့ တစ်ပြိုင်နက် အတိတ်ဟာ အနာဂတ်ကို အလင်းရောင် ထိုးပေးတယ်။ အနာဂတ်ဟာလည်း အတိတ်ကို အလင်းရောင်ထိုးပေးနိုင်တယ်ဆိုတဲ့ အချက်ဟာ သမိုင်းရဲ့ ဖော်ပြချက် လည်းဖြစ်တယ်။ တစ်ပြိုင်နက်တည်းမှာ သမိုင်းရဲ့ တန်ဖိုးဖြတ်ချက်လည်း ဖြစ်တယ်။

သမိုင်းဆရာ တစ်ယောက်ဟာ ဓမ္မဓိဋ္ဌာန်ကျပါပေတယ်လို့ ကျွန်တော်တို့ ပြောလေ့ရှိကြတယ်။ ဒါမှ မဟုတ်ရင်လဲ အဲဒီ သမိုင်းဆရာဟာ တခြားသမိုင်းဆရာ တစ်ယောက်ထက် ပိုပြီး ဓမ္မဓိဋ္ဌာန်ကျတယ်လို့ ကျွန်တော်တို့ပြောလေ့ရှိကြတယ်။ ဒီလိုပြောတာ ဘာအဓိပ္ပာယ်လဲ။ ဘာကိုဆိုလိုတာလဲ။ ရှင်းပါတယ်။ အချက်အလက် မှန်တယ်ဆိုတဲ့ သဘောတင် မဟုတ်ဘူး။ မှန်တဲ့အချက်အလက်ကို ရွေးထုတ်နိုင်


www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ပြောတာလည်း ဖြစ်တယ်။ တစ်နည်းပြောရရင် မှန်ကန်တဲ့ ထူးခြားမှုစံချိန်ကို ကိုင်တွယ်ကျင့်သုံးတယ်လို့ ပြောလိုရင်း ဖြစ်တယ်။

သမိုင်းဆရာတစ်ယောက်ဟာ ဓမ္မဓိဋ္ဌာန်ကျတယ်လို့ပြောတိုင်း ကျွန်တော်တို့ဟာ အဓိပ္ပာယ်နှစ်မျိုးနဲ့ပြောနေခြင်းဖြစ်တယ်။ တစ်မျိုးက သူဟာ သမိုင်းနဲ့ လူ့အဖွဲ့အစည်းမှာ မိမိရောက်ရှိနေတဲ့ အခြေအနေက ကန့်သတ်ထားတဲ့ ကန့်သတ်ချက်ထက် ကျော်လွန်ပြီး အရှည်မြင်နိုင်တဲ့သူလို့ဆိုလိုတာ ဖြစ်တယ်။ တစ်နည်း ပြောရရင် အခြေအနေထဲမှာ မိမိပါဝင်နေရတဲ့ အတိုင်းအတာကို အသိအမှတ်ပြုသူဖြစ်ပြီး လုံးဝ ဓမ္မဓိဋ္ဌာန်ကျမှုဟာ မဖြစ်နိုင်ဘူးဆိုတာကို အသိအမှတ် ပြုနိုင်စွမ်းရှိသူဖြစ်တယ်လို့ ဆိုလိုတာ။ နောက်တစ်မျိုးကတော့ အနာဂတ်ကို လှမ်းမျှော်ကြည့်နိုင်စွမ်းရှိပြီး အတိတ်ကို ထိုးထွင်းမှုရှိရှိ ပြန်လည်စောင်းငဲ့ကြည့် နိုင်စွမ်း ရှိသူလို့ဆိုလိုတာဖြစ်တယ်။ မိမိတို့ရောက်ရှိနေတဲ့ အခြေအနေရဲ့ တုတ်နှောင်ခြင်းခံနေရတဲ့ သမိုင်းဆရာတွေထက် အတိတ်ကို ထိုးထွင်းမှုရှိရှိနဲ့ မြင်နိုင်စွမ်းရှိသူ ဖြစ်တယ်လို့ဆိုလိုတာဖြစ်တယ်။

ဒီနေ့ခေတ်မှာ အက်တန်ရဲ့ အန္တိမသမိုင်းဆိုတာကို ဘယ်သမိုင်းဆရာကမှ လက်မခံကြတော့ပါဘူး။ အချို့သော သမိုင်းဆရာများဟာ ပိုမိုခိုင်မာပြီး ပိုမိုတိကျ၊ ပိုမိုဓမ္မဓိဋ္ဌာန်ကျတဲ့ သဘောကိုဆောင်တဲ့ သမိုင်းကျမ်းတွေကို ရေးခဲ့ကြတယ်။ ဒီလိုသမိုင်းဆရာမျိုးဟာ အတိတ်ကိုရော အနာဂတ်ကိုပါ အရှည်မြင်နိုင်စွမ်းရှိတဲ့ သမိုင်းဆရာမျိုးလို့ကျွန်တော်ခေါ်ချင်တယ်။ အတိတ်အကြောင်းကိုရေးတဲ့ သမိုင်းဆရာဟာ အနာဂတ်ကို နားလည်အောင် ချဉ်းကပ်နိုင်ပါမှ ဓမ္မဓိဋ္ဌာန်ကျမှုကို ရနိုင်ပေလိမ့်မယ်။

အရင် ဟောပြောချက်တစ်ခုထဲမှာ သမိုင်းဆိုတာဟာ အတိတ်နဲ့ ပစ္စုပ္ပန်တို့ရဲ့ ဆွေးနွေးနှီးနှောခြင်းလို့ ကျွန်တော်ပြောခဲ့ဖူးတယ်။ တစ်နည်းပြောရရင် အနာဂတ်ကို ရည်ရွယ်တဲ့ အတိတ်အဖြစ်အပျက်တွေနဲ့ ပစ္စုပ္ပန်အဖြစ်အပျက်တွေရဲ့ ဆွေးနွေးနှီးနှောခြင်းလို့ပြောရလိမ့်မယ်။ သမိုင်းဆရာရဲ့ အတိတ်ကို အနက်ဖွင့်ဆိုမှု၊ သမိုင်းဆရာရဲ့ ထူးခြားပြီး သက်ဆိုင်တဲ့ အချက်အလက်တွေကို ရွေးချယ်မှုတို့ဟာ ပန်းတိုင်သစ်တွေ၊ မျှော်မှန်းချက်အသစ်တွေဟာ အဆင့်ဆင့် ပေါ်ထွက်ဖြစ်ပေါ်လာခဲ့ကြတယ်။

အဓိကပန်းတိုင်ဟာ ဖွံ့စည်းအုပ်ချုပ်ပုံဆိုင်ရာ လွတ်လပ်မှုများနဲ့ နိုင်ငံရေးလွတ်လပ်ခွင့်တို့ပေါင်းစည်းရေးဖြစ်တယ်ဆိုရင် သမိုင်းဆရာဟာလည်း အတိတ်ကို အနက်ဖွင့်ဆိုတဲ့နေရာမှာ ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ စကားလုံးတွေနဲ့ အနက်ဖွင့်ဆိုရပေလိမ့်မယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာနဲ့နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်တွေနေရာမှာ စီးပွားရေးနဲ့လူမှုရေးဆိုင်ရာ ရည်မှန်းချက်တွေ အစားထိုး ဝင်ရောက်လာခဲ့ရင် သမိုင်းဆရာဟာလည်း အတိတ်က စီးပွားရေးနဲ့လူမှုရေး ဆက်သွယ်မှုတွေဘက်ကို ဦးလှည့်ရတော့မယ်။





ဒီလို အနက်ဖွင့်ရာမှာ အနက်ဖွင့်ဆိုချက်အသစ်ဟာ အဟောင်းထက် ဘာမှ ပိုမထူးဘူးလို့သံသယဝါဒီများက စွပ်စွဲကောင်း စွပ်စွဲကြပေလိမ့်မယ်။ ခေတ်တိုင်း ခေတ်တိုင်းမှာ သူ့ခေတ်နဲ့သူတော့ မှန်နေတာပဲလို့ပြောကြလိမ့်မယ်။ ဒါပေမယ့် စီးပွားရေးနဲ့လူမှုရေးဆိုင်ရာတို့ဟာ လူရဲ့ဖွံ့စည်းတိုးတက်မှုမှာ နိုင်ငံရေးနဲ့ဖွံ့စည်းအုပ်ချုပ်ပုံဆိုင်ရာ ရည်မှန်းချက်များထက် ပိုမို ကျယ်ပြန့်လာပြီး ပိုမို ရှေ့တန်းရောက်တဲ့ အသွင်ကို ဆောင်လာခဲ့ကြတဲ့အတွက် သမိုင်းကို စီးပွားရေး လူမှုရေးသဘောနဲ့ အနက်ဖွင့်ဆိုမှုများဟာလည်း နိုင်ငံရေးသက်သက် အနက်ဖွင့်ဆိုချက်ထက် ပိုမိုပြီး ကျယ်ပြန့်၊ ပိုမိုပြီး တိုးတက်လာတယ်လို့ဆိုနိုင်ပေလိမ့်မယ်။

ဒီလို လုပ်လိုက်တဲ့အတွက် အနက်ဖွင့်ဆိုချက်ဟောင်းကို ကျွန်တော်တို့ပစ်ပယ်တာ မဟုတ်ဘူး အဟောင်းကို အသစ်ထဲမှာ သွတ်သွင်းလိုက်ပြီး သူ့ကိုကျော်လွန်သွားအောင် လုပ်လိုက်ခြင်းသာဖြစ်တယ်။ အဖြစ်အပျက်တွေဟာ ရှေ့ကိုတိုးတက်ပြောင်းလဲနေတယ်။ သမိုင်းဟာ အဲဒီလို ရှေ့ကိုတိုးတက်ပြောင်းလဲနေတဲ့ အဖြစ်အပျက် လမ်းကြောင်းထဲကို ပိုမိုကျယ်ပြန့်ပြီး ပိုမိုနက်ရှိုင်းတဲ့ အမြင်နဲ့ကြည့်နိုင်အောင် ကြိုးစားနေတယ်။ ဒီသဘောနဲ့ကြည့်ရင် သမိုင်းဗေဒဟာ ရှေ့ကိုတိုးတက်နေတဲ့ သိပ္ပံပညာတစ်ရပ်ဖြစ်တယ်။ 'အတိတ်ကို အပြုသဘောဆောင်တဲ့ အမြင်နဲ့ကြည့်ရမယ်' လို့ ကျွန်တော်ပြောခြင်းဟာ ဒီသဘောနဲ့ပြောခြင်းဖြစ်တယ်။ ခေတ်သစ်သမိုင်းဗေဒဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာ အတွင်းမှာ တိုးတက်မှုရဲ့ နှစ်ခွသဘောကို ယုံကြည်မှုနဲ့ တိုးတက်ဖွံ့ဖြိုးလာခြင်း ဖြစ်တယ်။ တိုးတက်မှုကို ယုံကြည်ခြင်းမရှိရင် သမိုင်းဗေဒဟာလည်း တည်တံ့နိုင်မှာ မဟုတ်ဘူး။ တိုးတက်မှုကို ယုံကြည်မှသာလျှင် သမိုင်းမှာ ထူးခြားမှုစံကို ထူထောင်လို့ရနိုင်လိမ့်မယ်။ တိုးတက်မှုကို ယုံကြည်မှသာလျှင် သမိုင်းမှာ အစစ်အမှန်နဲ့မတော်တဆဖြစ်မှုကို မှတ်ကျောက်တင် ခွဲခြားနိုင်လိမ့်မယ်။ သူကွယ်လွန်ကာနီးမှာ ဂျာမန်ဒဿန ဆရာဂါထေး က ဒီစံကို ဟောဒီလို ရှင်းရှင်းလင်းလင်း ပြောခဲ့ဖူးတယ်။

သူက 'ခေတ်တွေ ပျက်သုဉ်းချိန်ကို ရောက်လာပြီဆိုရင် အားလုံးသော အလားအလာတို့သည် ဝေဝါးကာ ဆန္ဒစွဲသဘောကို ဆောင်လာတတ် ကြ၏။ သို့ရာတွင် ခေတ်သစ်အတွက် အရာအားလုံး ရင့်မှည့်လာချိန်ကို ရောက်လာသည်နှင့် အားလုံးသော အလားအလာတို့သည်လည်း တိကျလာပြီး ဒိဋ္ဌိမ္မကျသော သဘောကို ဆောင်လာကြတော့သည်' လို့ ပြောခဲ့တယ်။

သမိုင်းရဲ့အနာဂတ်ကိုယုံရမယ်။ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်ကို ယုံရမယ်လို့ ဘယ်သူ့မှာမှ တာဝန်မရှိပါဘူး။ ကျွန်တော်တို့လူ့အဖွဲ့အစည်းကြီးဟာ ပျက်စီးရင်စီးသွားနိုင်တာပါပဲ။ ဒါမှမဟုတ်ရင်လည်း တဖြည်းဖြည်းပုပ်သိုးပြီး ဆွေးမြေ့သွားနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။ သမိုင်းဟာလည်း လောကုတ္တရာအမြင်တစ်ခု၊ ဘာသာရေးအမြင်တစ်ခု အဖြစ် ပြောင်းလဲသွားနိုင်တာပါပဲ။ တစ်နည်းပြောရရင် သမိုင်းဟာ လူတွေရဲ့အောင်မြင်ချက်တွေကို လေ့လာတဲ့ပညာတစ်ရပ် မဟုတ်တော့ဘဲ တန်ခိုး ကြွဒ္ဓိပါဒ်ရှင်များရဲ့ အောင်မြင်မှုကို လေ့လာတဲ့ ပညာတစ်ရပ်အဖြစ် ပြောင်းလဲသွားနိုင်တာပါပဲ။ ဒီလိုမှ မဟုတ်သေးရင်လည်း သမိုင်းဟာ အနုစာပေပညာရပ် တစ်ရပ်အဖြစ် ပြောင်းလဲသွားနိုင်တာပါပဲ။ ဘာမှအရေးမကြီးတဲ့ ရည်ရွယ်ချက်မဲ့တဲ့ ပုံပြင်ဝတ္ထုတွေ၊ ဒဏ္ဍာရီတွေအဖြစ် ပြောင်းလဲသွားနိုင်တာပါပဲ။ ဒါပေမယ့် ဒီလိုပြောင်းလဲသွားပြီ ဆိုရင်တော့ အဲဒီအရာဟာ လွန်ခဲ့တဲ့ အနှစ် ၂၀၀ လောက်အတွင်းမှာ ကျွန်တော်တို့သိခဲ့၊ နားလည်ခဲ့ကြတဲ့ သမိုင်းတော့ မဟုတ်တော့ဘူး။

ဒီနေရာမှာ ကျွန်တော်တို့မကြာခဏကြားနေရပြီး လူတော်တော်များများက ပြောဆိုနေခဲ့ကြတဲ့ ကန့်ကွက်ချက်တစ်ခု အကြောင်းကို ကျွန်တော်ပြောချင်သေးတယ်။ ကျွန်တော်တို့ဟာ အနာဂတ်မှာ သမိုင်းကို ဘယ်လိုအကဲဖြတ်ရမလဲဆိုတဲ့ စံတစ်ခု၊ မှတ်ကျောက်တစ်ခုကို ရှာဖွေနေကြတယ်။ ဒီလို မှတ်ကျောက်တစ်ခု ရှိရမယ်လို့ ယူဆနေတယ်။ လူတော်တော်များများကပဲ ဒီလို မှတ်ကျောက်တစ်ခုရှာဖွေနေတာကို ကန့်ကွက်ပြောဆိုနေကြတယ်။ သမိုင်းအကဲ ဖြတ်ချက်မှာ အောင်မြင်မှု(နိုင်လျှင် အာဇာနည်၊ ရှုံးလျှင်သစ္စာဖောက် ဆိုတဲ့ အယူအဆ)ကို စံထားနေတယ်လို့သူတို့က စွပ်စွဲကြတယ်။ ယခု မဟုတ်သေးသည့်တိုင် နောင်တစ်နေ့မှာ ဖြစ်လာမယ့် အဖြစ်ဟာ အမှန်ဆိုတဲ့ အယူအဆ(သမိုင်းက သက်သေပြပါလိမ့်မယ်ဆိုတဲ့ အယူအဆ)ကို စံထားနေကြတယ်လို့စွပ်စွဲကြတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ အတွင်းမှာ သမိုင်းဆရာ တော်တော်များများဟာ သမိုင်းဦးတည်သွားနေတဲ့ တူရူရာအရပ်တစ်ခုရှိတယ်လို့ယူဆခဲ့ကြရုံမက အဲဒီ ဦးတည်ချက်ဟာလည်း မှန်ကန်တဲ့ဦးတည်ချက်လို့ သိစိတ်ရှိလျက်နှင့်ဖြစ်စေ၊ မသိဘဲ ဖြစ်စေယုံကြည်ခဲ့ကြတယ်။ လူ့လောကကြီးဟာ အဆိုးကနေအကောင်း၊ အနိမ့်ကနေ အမြင့်ကို ရွေ့လျားနေတယ်လို့ယူဆခဲ့ကြတယ်။ သမိုင်းဆရာဟာ အဲဒီဦးတည်ချက်ကို အသိအမှတ် ပြုရုံမက ထောက်ခံယုံကြည်ခဲ့တယ်။ အတိတ်ကို ချဉ်းကပ်လေ့လာတဲ့ အခါမှာ သူအသုံးပြုတဲ့စံဟာ သမိုင်းသွားနေတဲ့လမ်းကြောင်းကြီးကို နားလည်သိမြင် ရေးမှုသာမကတော့ဘဲ အဲဒီလမ်းကြောင်းထဲမှာ သူကိုယ်တိုင် စိတ်ပါတ်ရေးအရ လူ့ကျင့်ဝတ်ရေးအရ ဘယ်လောက်ပါဝင်နေသလဲဆိုတာကို သိမြင်နားလည်ရေး ဖြစ်တယ်လို့ ယူဆခဲ့ကြတယ်။ ဒီနည်းအားဖြင့်"ဖြစ်နေတာ"နဲ့ "ဖြစ်သင့်တာ"ကြားမှာ ရှိနေတယ်ဆိုတဲ့ကွာဟမှုဟာ အလိုလို ဖြေရှင်းပြီးသားဖြစ်သွားတယ်။ အချက် အလက်နဲ့တန်ဖိုးကြားမှာရှိတဲ့ ကွာဟမှုဟာ အကောင်းမြင်ဝါဒဖြစ်တယ်။ အနာဂတ်ကို





ခိုင်မာစွာယုံကြည်ရာက ပေါ်ပေါက်လာတဲ့အမြင်ဖြစ်တယ်။ ဂုဏ်ဝါဒီတွေနဲ့ လစ်ဘရယ်ဝါဒီတွေ၊ ဟီဂဲလ်ဝါဒ သမားတွေနဲ့ မတ်ဝါဒီတွေ၊ ဘာသာရေးဝါဒီတွေနဲ့ ဆင်ခြင်တုံတရားဝါဒီတွေဟာ ဒီအယူအဆကို စွဲစွဲမြဲမြဲကြီး ဆုတ်ကိုင်ခဲ့ကြတယ်။

ဒီအယူအဆဟာ သမိုင်းဆိုတာဘာလဲဆိုတဲ့ မေးခွန်းရဲ့အဖြေဖြစ်တယ်လို့ နှစ်ပေါင်း ၁၀၀ လုံးလုံးလက်ခံယုံကြည်ခဲ့တယ်။ နောက်ပိုင်း ကျတော့ အဆိုးမြင်ဝါဒနဲ့ ကမ္ဘာကြီးပျက်စီးတော့မှာပဲဆိုတဲ့ စိုးရိမ်မှုတွေဝင်လာပြီးတဲ့နောက်မှာ ဒီအယူအဆ တွေပျောက်သွားကြပြီး သမိုင်းရဲ့အဓိပ္ပာယ် ကိုသမိုင်းရဲ့အပြင်ဘက် တစ်နေရာမှာရှာ ရမယ်ဆိုတဲ့ ဘာသာရေးဝါဒီတို့ရဲ့ အမြင်နဲ့သမိုင်းဆိုတာ ဘာမှအဓိပ္ပာယ်မရှိဘူး ဆိုတဲ့ သံသယဝါဒီတွေရဲ့ အမြင်တွေကြီးစိုးကျန်ရစ်ခဲ့တယ်။ "ဖြစ်နေတာ"နဲ့ "ဖြစ်သင့်တာ"တို့ရဲ့ ကြားမှာရှိတဲ့ ကွာဟချက်ဟာ အဆုံးစွန်ကျတဲ့ ပရမတ္ထတရား ဖြစ်ပြီး ဘယ်တော့မှဖြေရှင်းလို့မရဘူး။ "တန်ဖိုး" ဟာ "အချက်အလက်" ကနေ ဆွဲထုတ်လို့မရဘူးလို့ အလေးအနက်ပြောသံတွေကို ဘက်ပေါင်းစုံကကြားနေရတယ်။

ကျွန်တော့်အမြင်ကိုပြောရရင် အဲဒီအယူအဆဟာ မှားယွင်းတဲ့အယူအဆ ဖြစ်တယ်။ မှားယွင်းတဲ့လမ်းဖြစ်တယ်။ ဒီပြဿနာနဲ့စပ်လျဉ်းလို့ကျွန်တော်ရုတ်တရက် သတိရသလို ကောက်ပြီးပြောလိုက်တဲ့ သမိုင်းဆရာအချို့ သို့မဟုတ် သမိုင်းရေးသူအချို့ ဘယ်လို သဘောထားကြတယ်ဆိုတဲ့ အကြောင်းကိုတင်ပြချင်တယ်။

အစ္စလာမ်ဘာသာလွှမ်းမိုးခဲ့တာနဲ့စပ်လျဉ်းလို့သူ့ကျမ်းမှာဘာဖြစ်လို့ ဒီလောက် အကျယ်တဝင့် ရေးသားခဲ့သလဲဆိုတာကို သမိုင်းဆရာ ဂစ်ဗွန်းက 'မိုဟာမက်၏ သာဝကများသည် အရှေ့တိုင်းတွင်ယခုထက်တိုင် အုပ်ချုပ်ရေး နှင့်ဘာသာရေးလုပ်ပိုင်ခွင့်ကို ကိုင်ထားဆဲဖြစ်သောကြောင့် ဤသို့အကျယ်တဝင့် ဖော်ပြရခြင်းဖြစ်ပေသည်' လို့ ရေးခဲ့တယ်။ သူကဆက်ပြီး '၇ ရာစုနှစ်နှင့် ၁၂ရာစု နှစ်များအတွင်းက ဆိုက်သီယား လွင်ပြင်မှ ဆင်းသက်လာခဲ့ကြသော လူရိုင်း အုပ်များအကြောင်းကိုမူ ထိုမျှအကျယ် ဖော်ပြခြင်းငှာ မထိုက်ချေ။ အကြောင်းမှာ ဘိုင်ဇန်တိုင်းရာဇပလ္လင်သည် ထိုပရမ်းပတာ တိုက်ခိုက်မှုများကို တွန်းလှန်ဖြိုဖျက်ကာ ဆက်လက်တည်တံ့နေခဲ့သောကြောင့် ဖြစ်သည်' လို့ရေးခဲ့တယ်။

သူ့ရေးသားချက်ဟာ ယုတ္တိမတန်ဘူးလို့မပြောနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမိုင်းဆိုတာဟာ လူတွေဘာလုပ်ခဲ့တယ်ဆိုတာကို မှတ်တမ်းတင်ထားတဲ့ မှတ်တမ်း တစ်စောင်ဖြစ်လို့ပဲ။ သမိုင်းဟာလူတွေလုပ်လို့မအောင်မြင်တာတွေကို ရေးထားတဲ့ မှတ်တမ်းတစ်စောင်မဟုတ်ဘူး။ လူတွေလုပ်လို့အောင်မြင်တာတွေကို ရေးထားတဲ့ မှတ်တမ်းတစ်စောင်သာဖြစ်တယ်။ ဒီသဘောနဲ့ပြောရရင် သမိုင်းဆိုတာဟာ အောင်မြင် ကြီးပွားကြောင်း ကိုပြောပြတဲ့ပုံပြင် တစ်ခုပဲလို့ဆိုနိုင်တယ်။


www.burmeseclassic.com

www.burmeseclassic.com

'သမိုင်းဆရာများဟာ အောင်မြင်သွားတဲ့ အင်အားစုများကို နောက်တန်းပို့ပစ်လိုက်ခြင်းဖြင့် လက်ရှိ အခြေအနေတစ်ရပ်သည် မရှောင်မလွှဲ သာဖြစ်ပေါ်လာရလေဟန် ရေးတတ်ကြပေသည်' လို့သမိုင်းဆရာ **ပါမောက္ခတော်နီ**[1] ကပြောခဲ့ဖူးတယ်။ ဒါပေမယ့် တစ်နည်းပြောရရင် ဒီလိုလုပ်ခြင်း သည်ပင်လျှင် သမိုင်းဆရာရဲ့ အလုပ်မဟုတ်ပေဘူးလား။ သမိုင်းဆရာဟာ ဆန့်ကျင်ဘက်ကိုလျှော့မတွက်သင့်ဘူး။ အောင်ပွဲတစ်ခုဟာအလွယ်နှင့် ရသည့်တိုင် ဒီအောင်ပွဲဟာ လမ်းလျှောက်ရင်း ကောက်ရလာတာမျိုးပါလို့သမိုင်းဆရာအနေနဲ့မပြောသင့်ဘူး။ တစ်ခါတလေမှာ ရှုံးနိမ့်သူများဟာလည်း အောင်နိုင်သူများလို နောက်ဆုံးပန်းတိုင်ကိုရောက်အောင် ကူညီပံ့ပိုးပေးခဲ့တာတွေ အများကြီးရှိတယ်။

သမိုင်းဆရာတိုင်းမှာ ကိုယ်ကြိုက်တဲ့ ဆောင်ပုဒ်တွေရှိတတ်ကြတယ်။ ဒါပေမယ့် ရှုံးနိမ့်သူဖြစ်စေ၊ အောင်နိုင်သူဖြစ်စေ တစ်ခုခုကို ပြီးမြောက်အောင် လုပ်ခဲ့သူများသာလျှင် သမိုင်းဆရာနဲ့သက်ဆိုင်တယ်။ ကျွန်တော်ဟာ ကရစ်ကက် ဘောလုံးကစားနည်းရဲ့ သမိုင်းကို ကျွမ်းကျင်သူ တစ်ယောက်မဟုတ်ပါဘူး။ ဒါပေမယ့် ကရစ်ကက် သမိုင်းစာမျက်နှာတွေထဲမှာ အမှတ်တစ်ရာရအောင် ကစားနိုင်ခဲ့သူများရဲ့ စာရင်းတွေကိုသာ တွေ့ရပြီး ဘဲဥသာရတဲ့သူတွေရဲ့နာမည်ကိုတော့ တစ်ယောက်မှမတွေ့ရပါဘူး။ 'သမိုင်းဦး နိုင်ငံတစ်ခုကို ထူထောင်နိုင်ခဲ့သူတို့ကိုသာလျှင် ကျွန်ုပ်တို့သတိပြုနိုင်ပေလိမ့်မယ်' လို့ ဟီဂဲလ်က ရေးခဲ့ဖူးတယ်။

ဟီဂဲလ်ရဲ့အဆိုဟာ လူမှုအဖွဲ့အစည်းပုံသဏ္ဌာန်တစ်ခုကို သိပ်အသားပေး တန်ဖိုးထားလွန်းပြီး နိုင်ငံတော်ကိုးကွယ်ရေးဆိုတဲ့ အဆိပ်အတောက် တစ်မျိုးကို ရေလောင်းပေးတာနဲ့တူတယ်လို့အချို့ကမှန်ကန်စွာ ဝေဖန်ခဲ့ကြဖူးတယ်။ ဒါပေမယ့် မူအားဖြင့်ပြောရရင် ဟီဂဲလ်ရဲ့ စကားကမှန်တယ်။ သူ့စကားဟာ သမိုင်းမတိုင်မီနဲ့ သမိုင်းကို ခွဲခြားလိုက်တဲ့စကားတစ်ရပ် ဖြစ်တယ်။ မိမိတို့ရဲ့လူ့အဖွဲ့အစည်းကို တစ်စုံတစ်ခု သောအတိုင်းအတာအထိ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သူများသာလျှင် ခေတ်ဦးလူရိုင်းတွေအဖြစ်က ရပ်စဲပြီး သမိုင်းစာမျက်နှာထဲကို ရောက်လာကြ တာဖြစ်တယ်။ သူ့ရဲ့ 'ပြင်သစ်တော်လှန်ရေးသမိုင်း' ဆိုတဲ့ ကျမ်းမှာ သောမတ်စ်ကာလိုင်းက ၁၅ ကြိမ်မြောက် လူဝီဘုရင်ကို ကမ္ဘာ့အမှားဝါဒ ဝင်စားသူလို့ခေါ်ခဲ့တယ်။ ကာလိုင်းဟာ ဒီစကားလုံးကိုတော်တော်နှစ်သက်ဟန်တူတယ်။ နောက်တစ်နေရာမှာလည်း ဒီ စကားလုံးကိုသုံးပြီး အကျယ်တဝင့်ရေးသားခဲ့တယ်။

'အသစ်ဖြစ်သော တစ်ကမ္ဘာလုံးနှင့်ဆိုင်သော မူးဝေစေသော လှုပ်ရှားမှုဆိုသည်မှာ အခြားမဟုတ်။ တစ်ခါက ပူးပေါင်းဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းများ၊ လူမှု အစီ

1. Tawney ၊





အစဉ်များ၊ တစ်ဦးချင်းတို့၏စိတ်နေသဘောထားများသည် ယနေ့အချိန်တွင် ဖရိုဖရဲ အကွဲကွဲဖြင့် တစ်ခုနှင့်တစ်ခု တိုက်ခိုက် ဆန့်ကျင်နေကြခြင်းပင်ဖြစ်၏။ ထိုအချက်သည် မရှောင်မလွှဲသာချေ။ ကမ္ဘာ့အမှားဝါဒကြီးသည် နောက်ဆုံးတွင် ယိုယွင်းပြိုကွဲ ပျက်စီးသွားခြင်းပင် ဖြစ်သည်' လို့သူကရေးခဲ့တယ်။

ဒီမှတ်ကျောက်ဟာလည်း၊ သမိုင်းနဲ့ဆိုင်ပါတယ်။ တစ်ခေတ်တစ်ခါတုန်းက အဲဒီခေတ်နဲ့လိုက်လျောကိုက်ညီတဲ့အရာများဟာ နောက်တစ်ခေတ်နဲ့ကိုက်ညီ ဆီလျော်ခြင်းမရှိဘဲ ပစ်ပယ်ခံခဲ့ကြရတယ်။ သမိုင်းဆရာ အက်ဆိုင်ရာဘာလင်း သည်ပင်လျှင် သမိုင်းဆိုင်ရာ ဒဿနတွေကိုထုတ်နေရာကနေပြီး လက်တွေ့ကျတဲ့ သမိုင်းအခြေအနေများကို စဉ်းစားလာတဲ့အခါမှာ ဒီအတိုင်းပဲစဉ်းစားခဲ့တာကို တွေ့နိုင်တယ်။ 'သမိုင်းဆိုင်ရာ ဇကန်တရား' ဆိုတဲ့ စာတမ်းငယ်ကိုထုတ်ဝေပြီးနောက် မကြာခင်မှာ ပြောကြားသွားတဲ့ သူ့ အသံလွှင့်ချက်တစ်ခုထဲမှာ သူက '**ဘစ္စမတ်**[1] ဟာ ကျင့်ဝတ်ဆိုင်ရာ ချွတ်ယွင်းချက်တွေရှိသည့်တိုင် ပါရမီရှင် တစ်ဦးဖြစ်တယ်၊ လွန်ခဲ့တဲ့ ရာစုနှစ်အတွင်းမှာ နိုင်ငံရေးအကဲဖြတ်ချက် စွမ်းအားထက်မြက်တဲ့ အကြီးကျယ်ဆုံး စံပြနိုင်ငံရေးသမားတစ်ဦး' ဖြစ်တယ်လို့ပြောခဲ့တယ်။ ဘစ္စမတ်ဟာ ဩစထရီးယား ထီးနန်းရှင် ဒုတိယမြောက် **ဂျိုးဇက်**[2] ဘုရင်၊ **ရို့ဗ်စပီယာ**[3]၊ လီနင်နဲ့ဟစ်တလာတို့ထက်စာရင် အများကြီးတော်တဲ့အကြောင်း၊ အထက်ပါပုဂ္ဂိုလ်များကတော့ သူတို့ရဲ့ 'အပြုသဘောဆောင်တဲ့ပန်းတိုင်' များကို အကောင်အထည်မဖော်ပြနိုင်ခဲ့ကြောင်းနဲ့ပြောသွားခဲ့ပါတယ်။

ဆာအက်ဆိုင်ရာဘာလင်းရဲ့ အကဲဖြတ်ချက်ဟာ တော်တော်ထူးဆန်းတဲ့ အကဲဖြတ်ချက်ပဲလို့ကျွန်တော်မြင်တယ်။ ဒါပေမယ့် ကျွန်တော် စိတ်ဝင်စားတာက သူ့ရဲ့ဆုံးဖြတ်ချက်မှတ်ကျောက်ဖြစ်ပါတယ်။ ဘစ္စမတ်ဟာ သူအလုပ်လုပ်နေတဲ့ ပစ္စည်းကို နားလည်တဲ့အကြောင်း၊ အခြားသူများကတော့ သူတို့ရဲ့ ဒြပ်မဲ့တဲ့ သဘောတရားတွေနဲ့ပဲ ကိစ္စများနေကြပြီး သူတို့ရဲ့ လုပ်ငန်းတွေမှာအောင်မြင်ခြင်း မရှိတဲ့အကြောင်း ဆာအက်ဆိုင်ရာဘာလင်းက ပြောသွားပါတယ်။ သူတို့တစ်တွေ ဆုံးရှုံးရတာဟာ 'အကောင်းဆုံးနည်း' တွေကို ငြင်းပယ်ခြင်းကြောင့်ဖြစ်တယ်လို့လည်း ဆာအက်ဆိုင်ရာဘာလင်းက ဥပဒေတစ်ခုထုတ်ပြသွားသေး တယ်။ ဒီတော့ သူကိုင်တဲ့ အကဲဖြတ်ချက် မှတ်ကျောက်ဟာ 'တိကျခိုင်မာတဲ့ မူများ' မဟုတ်ဘဲ 'အလုပ်ဖြစ်တဲ့ အရာများသာဖြစ်တယ်' ဆိုတဲ့ သဘောသက်ရောက်သွား ပါတယ်။

1. Bismark 2. Joseph 3. Robespierre


www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းဟာ ပြောင်းလဲမှု၊ လှုပ်ရှားမှု

'အကောင်းဆုံးနည်း' ဖြစ်တယ်ဆိုတဲ့နည်းဟာ အတိတ်ကိုသုံးသပ်ရာမှာတင် ကျွန်တော်တို့အသုံးပြုတာမဟုတ်ဘူး။ ဆိုပါစို့။ ယခု လောလောဆယ်မှာ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုကို အချုပ်အချာအာဏာတစ်ခုတည်းအောက်မှာ နိုင်ငံတစ်နိုင်ငံတည်းအဖြစ်ပေါင်းလိုက်ရင် မကောင်းဘူးလားလို့ တစ်ယောက်ယောက်က ပြောလာရင် ကောင်းသားပဲလို့ခင်ဗျားဖြေမိမှာပဲ။ အုပ်ချုပ်ရေးစနစ်တစ်ခုအနေနဲ့ စည်းမျဉ်းခံဘုရင်စနစ်ဟာ သမ္မတဒီမိုကရေစီစနစ်ထက် မကောင်းဘူးလားလို့ မေးလာရင်လည်း ကောင်းသားပဲလို့ခင်ဗျားဖြေမိဦးမှာပဲ။ ကောင်းပြီ။ ဒီလိုဆိုရင် ဒီတိုင်းပြည်နှစ်ပြည်ကို ဗြိတိသျှဘုရင်မရဲ့အုပ်စိုးမှုအောက်မှာ ပေါင်းစည်းဖို့ သူကြီးကြပ်ဆော်ကြတော့မယ်လို့ပြောရင် ဒီလိုလုပ်တာဟာ အချိန်ဖြုန်းရာပဲ ရောက်မယ်လို့ ခင်ဗျားပြောမှာပဲ။ ဘာကြောင့်လဲလို့ခင်ဗျားရှင်းပြတော့မယ်ဆိုပါစို့။ ဒီလိုရှင်းပြရင် ဒီလိုပြဿနာမျိုးဟာ လက်တွေ့ကျင့်သုံးတဲ့ ကိစ္စတွေပေါ်မှာ အခြေခံ စဉ်းစားလို့မဖြစ်တဲ့အကြောင်း၊ လက်ရှိ သမိုင်းရေးအခြေအနေများမှာ ဘယ်လိုဖြစ်နိုင်သလဲဆိုတဲ့ အချက်ပေါ်မှာ အခြေခံစဉ်းစားရမှာဖြစ်ကြောင်း ခင်ဗျားရှင်းပြရလိမ့်မယ်။

ဒါတင်မကဘူး။ သမိုင်းဆိုတာကို အကျယ်ချဲ့ပြောပြီး သမိုင်းလမ်းကြောင်းဟာ သူဖြစ်စေချင်သလို မဖြစ်နိုင်တဲ့အကြောင်းကိုပါ ပြောရတော့မယ်။ နိုင်ငံရေးသမားရဲ့ အလုပ်ဟာ ကျင့်ဝတ်ရေးအရ၊ သဘောတရားရေးအရ လိုအပ်တာတွေချည်း စဉ်းစားနေရုံနဲ့ကိစ္စမပြီးဘူး။ ဒီနေ့ကမ္ဘာမှာရှိနေတဲ့ အင်အားစုတွေ၊ ဒီအင်အားစုတွေကို ရည်မှန်းချက်အောင်မြင်ရေးအတွက် ဘယ်လိုအသုံးချမလဲ၊ ဘယ်လိုဦးတည်ချက်ပေးမလဲဆိုတာတွေကိုပါ စဉ်းစားရလိမ့်မယ်။ သမိုင်း အဓိပ္ပာယ်နဲ့ကြည့်လို့ရှိရင် ကျွန်တော်တို့ရဲ့နိုင်ငံရေး ဆုံးဖြတ်ချက်များဟာ အဲဒီနှစ်ခုကို ပြေပြစ်အောင် မျှမျှတတ ဖြစ်အောင် စဉ်းစားပြီး ပြုလုပ်ထားတဲ့ ဆုံးဖြတ်ချက်တွေဖြစ်တယ်။

မြန်မာ့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်စိတ်ကူးထဲမှာ ကောင်းမယ်လို့ယူဆထားတဲ့ အရာတွေကို စံအဖြစ် သတ်မှတ်ပြီး အဒီစံနဲ့မကိုက်ညီတဲ့အခြားအရာတွေဟာ မကောင်းဘူးလို့ပြစ်တင် ရှုတ်ချတာမျိုးလောက်ကမ္ဘာ့သမိုင်းမှာ မရှိတော့ဘူး။ ဒီတော့ 'အောင်မြင်မှု'ဆိုတဲ့ စကားလုံးအစား ကြားကျတဲ့ စကားလုံးဖြစ်တဲ့ 'အကောင်းဆုံးနည်း' ဆိုတဲ့ စကားလုံး ကို ကျွန်တော်အစားထိုးချင်တယ်။ ဒီတစ်ချက်မှာတော့ ဆာအက်ဆိုင်ရာဘာလင်း နဲ့သဘောတူတယ်ပဲ ထားပါတော့။ ဒါပေမယ့် 'အကောင်းဆုံးနည်း' ကိုစံအဖြစ်၊ မှတ်ကျောက်အဖြစ် စိတ်ထဲက သတ်မှတ်လိုက်ပေမယ့် ဒီမှတ်ကျောက်၊ ဒီစံနဲ့ လက်တွေ့တိုင်းဖို့ကျတော့ သိပ်မလွယ်လှဘူး။ ဒီမှတ်ကျောက်ဟာ ကောက်ကာငင်ကာ ပေးလိုက်တဲ့မှတ်ကျောက်မျှ၊ ဆုံးဖြတ်ချက်တွေကိုလက်မခံဘူး။ ဖြစ်နေတာ မှန်သမျှ ဟာ မှန်တယ်ဆိုတဲ့ အချက်ကိုလက်မခံဘူး။ သမိုင်းမှာ မလုပ်ခင် ကတည်းကဆုံးရှုံးရတဲ့ အဖြစ်အပျက်တွေ၊ သာဓကတွေဟာ အများကြီးပါပဲ။

ကျွန်တော်ပြောတဲ့မှတ်ကျောက်ဟာ ပုံသေသတ်မှတ်ထားတဲ့ မှတ်ကျောက် ထက်ပိုပြီး အကျိုးရှိပြီး ပိုလည်းမှန်တယ်လို့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှတ်ကျောက်ဟာ ကျွန်တော်တို့ဆုံးဖြတ်ချက်တွေ၊ အကဲဖြတ်ချက်တွေကို ရွှေ့ဆိုင်း ထားနိုင်လို့ပဲ။ ဒါမှမဟုတ်ရင်လည်း မပေါ်ပေါက် သေးတဲ့ အဖြစ်အပျက်တွေရဲ့ အလင်း ရောင်ထဲမှာ မှန်မမှန် စမ်းသပ်ကြည့်နိုင်လို့ပဲ။ ဒြပ်မဲ့တဲ့ ကျင့်ဝတ်ဆိုင်ရာ အခြေခံမှုတွေကို တဖွဖွပြောခဲ့တဲ့ ပရိုဒွန်ဟာ တတိယမြောက် နပိုလီယန်ရဲ့နန်းတွင်း အာဏာသိမ်းမှု အောင်သွားတဲ့အခါမှာ အဲဒီ အာဏာသိမ်းမှုကို ခွင့်လွှတ်ခဲ့တယ်။ ဒြပ်မဲ့တဲ့ ကျင့်ဝတ် ဆိုင်ရာ အခြေခံမှုတွေကို မှတ်ကျောက်အဖြစ်ထားတာကိုငြင်းပယ်တဲ့ ကားလ်မတ်ဟာ အာဏာသိမ်းမှုကိုခွင့်လွှတ်ရမလားလို့ ပရိုဒွန်ကို အပြစ်တင်ခဲ့တယ်။ ခု အချိန်ကြာလာ လို့ သမိုင်းကိုအဝေးကလှမ်းကြည့်လိုက်တဲ့အခါကျတော့ ပရိုဒွန်ဟာမှားပြီး ကားလ်မတ် ကမှန်နေတာကို ကျွန်တော်တို့တွေ့နိုင်တယ်။

ဘစ္စမတ်ရဲ့စွမ်းဆောင် အောင်မြင်ချက်များဟာ ခု ကျွန်တော်တို့ပြောနေတဲ့ သမိုင်း အကဲဖြတ်ချက် ပြဿနာကို ကိုင်တွယ်တဲ့ နေရာမှာ အကောင်းဆုံးနမူနာပဲ၊ ဟုတ်ပါ တယ်။ ဆာအက်ဆိုင်ရာဘာလင်းပြောသလို 'အကောင်းဆုံးနည်း' ဟုတ်မဟုတ် ကြည့်တဲ့နည်းဟာ မှတ်ကျောက်တစ်ခုအနေနဲ့ကောင်းပါတယ်။ ဒါပေမယ့် ဆာအက် ဆိုင်ရာဘာလင်းရဲ့နည်း (သို့မဟုတ်မှတ်ကျောက်)ဟာ ရေတိုနိုင်လွန်းတယ်လို့ ကျွန်တော်ထင်တယ်။ ကျဉ်းမြောင်းလွန်းတယ်လို့ကျွန်တော်ထင်တယ်။ ဆာအက်ဆိုင် ရာဘာလင်းဟာ အဲဒီ ရေတိုအချိန်ကလေးကိုကြည့်ပြီး ကျေနပ် နေတယ်လို့ကျွန်တော် ထင်တယ်။

ကောင်းပြီ။ ဒါဖြင့်ရင် ဘစ္စမတ်ရဲ့နည်း၊ ဘစ္စမတ် ထူထောင်ခဲ့တဲ့ပေါ်လစီဟာ 'အကောင်းဆုံးနည်း' ဖြစ်ရဲ့လား။ ဘယ်မှာဖြစ်ခဲ့လို့လဲ။ ဘစ္စမတ်ရဲ့ပေါ်လစီဟာ အကြီးအကျယ် ဆုံးရှုံးမှုကို ဖြစ်စေခဲ့တယ်မဟုတ်လား။ ဟုတ်ပါတယ်။ ဘစ္စမတ်ဟာ ဂျာမနီသမ္မတနိုင်ငံကြီးကိုထူထောင်နိုင်ခဲ့ပါတယ်။ ဂျာမန်လူထုများဟာလည်း ဒီ သမ္မတနိုင်ငံကြီးကိုမျှော်မှန်းပြီး ဒီလိုထူထောင်နိုင်ခဲ့အောင် ဝိုင်းဝန်းကူညီခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဒီလိုထူထောင်နိုင်ခဲ့တဲ့ ဘစ္စမတ်နဲ့ဂျာမန်လူထုများကို ရှုတ်ချပြစ်တင်နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် သမိုင်းဆရာတစ်ယောက် အနေနဲ့ ကျွန်တော့်မှာ မေးစရာမေးခွန်းတွေ အများကြီး ရှိနေတယ်။ နောက်ဆုံးမှာ ဘစ္စမတ်ရဲ့ ဂျာမနီသမ္မတနိုင်ငံကြီး ပျက်စီးသွားရတာဟာ သမ္မတနိုင်ငံအဆောက်အအုံထဲမှာ မမြင်ရတဲ့ ချွတ်ယွင်းချက်တွေ၊ အပြစ်အနာအဆာတွေ ပါနေလို့ပဲ မဟုတ်လား။ ဒါမှမဟုတ် ဂျာမနီသမ္မတနိုင်ငံကြီး ကိုမွေးဖွားပေးလိုက်တဲ့ ပြည်တွင်းရေး အခြေအနေ များထဲမှာ ကိုယ့်ကိုယ်ကို အလွန်အမင်းဘဝင်မြင့်ပြီး ကျူးကျော်ရန်လိုတဲ့သဘောတွေ တွယ်ကပ်ပါနေလို့လား။ ဒါမှမဟုတ်သေးရင်လည်း ဂျာမနီသမ္မတနိုင်ငံထူထောင်ကာစ မှာ ဥရောပနဲ့ကမ္ဘာ့အင်အားကြီးနိုင်ငံများရဲ့ အရေးအခင်းဟာ များစွာရှုပ်ထွေးနေပြီး သူတို့ရဲ့နယ်ပယ်ချဲ့ထွင်မှု ဆန္ဒများဟာ သိပ်ပြီးအင်အားကြီးနေလို့လား။ ဒီလို ဖြစ်နေတဲ့အချိန်မှာ နောက်ထပ် အင်အားကြီးနိုင်ငံတစ်ခုပေါ်လာတော့ မရှုဆိတ်နိုင်ကြဘဲ ပဋိပက္ခကြီးတွေ ပေါ်လာပြီး ဒီနိုင်ငံကြီးကို ပျက်စီးအောင် လုပ်ခဲ့ကြလို့လား။

တကယ်လို့နောက်ဆုံးအချက်ကြောင့်ဖြစ်တယ်ဆိုရင်တော့ ဘစ္စမတ်နဲ့ ဂျာမန် လူမျိုးတွေမှာ တာဝန်မရှိဘူးပေါ့။ သူတို့ကို အပြစ်မတင် သင့်ဘူးပေါ့။ နောက်ဆုံး ကောက်ရိုးမျှင်ကို အပြစ်မတင်သင့်ဘူးပေါ့။ ဒါပေမယ့် ဘစ္စမတ်ရဲ့ စွမ်းဆောင် အောင်မြင်ချက်တွေကို ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်ချင်တယ ဆိုရင်တော့၊ သူ့ပေါ်လစီတွေ ဘယ်လိုအလုပ်လုပ်ခဲ့တယ်ဆိုတာကို မှန်မှန်ကန်ကန်အကဲဖြတ်ချင်တယ်ဆိုရင်တော့ သမိုင်းဆရာဟာ အဲဒီမေးခွန်းတွေကို ဖြေရပေလိမ့်မယ်။ ဒီမေးခွန်းတွေကို ပြတ်ပြတ် ရှင်းရှင်း ဖြေနိုင်တဲ့ အနေအထားမှာရှိတယ်လို့ကျွန်တော် ထင်ဘူး။ အဲ ကျွန်တော် ပြောနိုင်တာ တစ်ချက်တော့ရှိတယ်။ အဲဒါကဘာလဲဆိုတော့ ၁၈၂၀ ခုနှစ်များဟာစ်ပိုက်က သမိုင်းဆရာဟာ ၁၈၈၀ ခုနှစ်များ တစ်ပိုက်က သမိုင်းဆရာထက် ပိုပြီး ဓမ္မဓိဋ္ဌာန် ကျနိုင်တယ်။ ဒီနေ့ခေတ် သမိုင်းဆရာများဟာလည်း ၁၉၂၀ ခုနှစ်များတစ်ပိုက်က သမိုင်းဆရာထက် ပိုပြီး ဓမ္မဓိဋ္ဌာန်ကျနိုင်တယ်ဆိုတဲ့ အချက်ပဲ။ သမိုင်း ဓမ္မဓိဋ္ဌာန် ကျမှုဆိုတာဟာ ပြောင်းလဲခြင်းမရှိ အသေဖြစ်နေတဲ့ အကဲဖြတ်ချက်စံနဲ့ တိုင်းထွာ ဆုံးဖြတ်လို့မရဘူး။ အနာဂတ်မှာရှိတဲ့ သမိုင်းလမ်းကြောင်းကြီးရွေ့လျားရာက ပေါ်ထွက် လာတဲ့စံနဲ့သာ တိုင်းထွာဆုံးဖြတ်ရမယ်လို့ကျွန်တော်ယူဆတယ်။ အတိတ် ကာလနဲ့ အနာဂတ်ကာလကိုရှေ့နောက် ညီညွတ်တဲ့ ဆက်သွယ်မှုကိုတည်ဆောက် ပေးနိုင်မှ



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် သမိုင်းဟာ အဓိပ္ပာယ်ရှိလာပြီးမေ့မိဋ္ဌာန်ကျ လာလိမ့်မယ်။

အချက်အလက်နဲ့တန်ဖိုးကြားမှာ ခြားနားမှုရှိတယ်လို့ပြောနေကြတဲ့ ကိစ္စကိုလည်း ကျွန်တော်ပြောချင်သေးတယ်။ တန်ဖိုးဆိုတာ အချက်အလက်ထဲက ပေါ်ပေါက်လာတာ မဟုတ်ဘူးလို့သူတို့က ဆိုကြတယ်။ ဒီစကားဟာ တစ်ဝက်သာမှန်ပြီး တစ်ဝက်မှား နေတယ်။ ခေတ်တစ်ခေတ်၊ ဒါမှမဟုတ် တိုင်းပြည်တစ်ပြည်မှာ ပေါ်ပေါက်လက်ခံနေတဲ့ တန်ဖိုးစနစ်ကို လေ့လာကြည့်လိုက်ရင် အဲဒီတန်ဖိုးစနစ်ဟာ ပတ်ဝန်းကျင် အချက် အလက်တွေက ပေါ်ထွက်လာတာဖြစ်ကြောင်း၊ အချက်အလက်တွေက ပုံသွင်း ပေးလိုက်တာ ဖြစ်ကြောင်းကို တွေ့ရလိမ့်မယ်။

အရင် ဟောပြောချက်တွေတုန်းက လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုဆိုတဲ့ တန်ဖိုးစကားလုံးများရဲ့ သမိုင်းရေးအနှစ်သာရဟာ အချိန်ကာလနဲ့လိုက်ပြီး ပြောင်းလဲ သွားတတ်ကြောင်းကို ကျွန်တော်ပြောခဲ့ပါတယ်။ တခြား မကြည့်ပါနဲ့။ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးတွေ အရေးကြီးကြောင်းကို တဖွဖွပြောခဲ့တဲ့ ခရစ်ယာန်သာသနာကိုပဲကြည့်ပါ။ ခေတ်ဦး ခရစ်ယာန်သာသနာက သတ်မှတ်ခဲ့တဲ့တန်ဖိုးတွေနဲ့ခေတ်လယ် ပုပ်ရဟန်း မင်းကြီးသာသနာက သတ်မှတ်ခဲ့တဲ့ တန်ဖိုးတွေဟာ တစ်ခုနဲ့တစ်ခုတူသေးရဲ့လား၊ ခေတ်လယ် ပုပ်ရဟန်းမင်းကြီးသာသနာက သတ်မှတ်ခဲ့တဲ့ တန်ဖိုးတွေ၊ ၁၉ရာစုနှစ် ပရိုတက်စတင့် သာသနာကသတ်မှတ်ခဲ့တဲ့ တန်ဖိုးတွေကော တစ်ခုနဲ့တစ်ခု တူသေးရဲ့ လား။ ဒီနေ့ခေတ်မှာတောင် စပိန်ပြည်က ခရစ်ယာန်သာသနာကသတ်မှတ်ခဲ့တဲ့ တန်ဖိုးတွေနဲ့အမေရိကန်ပြည်ထောင်စုက ခရစ်ယာန်သာသနာက သတ်မှတ်ခဲ့တဲ့ တန်ဖိုးတွေဟာ တူသေးရဲ့လား။



## အချက်အလက်နဲ့ တန်ဖိုး

ဒီတန်ဖိုးသတ်မှတ်ချက်များကွဲပြားလာခြင်းဟာ သမိုင်းအချက်အလက်များ ကွဲပြားလာရာက ပေါ်ထွက်လာခြင်းဖြစ်တယ်။ ကျေးကျွန်စနစ် ရှိခဲ့တာ၊ အသွေးအရောင် ခွဲခြားတာ၊ အရွယ်မရောက်တဲ့ကလေးသူငယ်တွေကို အလုပ်ကြမ်းလုပ်ခိုင်းတာတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း၁၅၀လောက်တုန်းကတော့ ကျင့်ဝတ်ဆိုင်ရာအရ အရေးမကြီးတဲ့ အရာ၊ လျစ်လျူပြုလို့ရနိုင်တဲ့အရာ၊ ဒါမှမဟုတ် အငြင်းမထွက်နိုင်တဲ့အရာလို့ယူဆ သတ်မှတ် ခဲ့ကြပေမယ့် ဒီနေ့ခေတ်မှာတော့ ကျင့်ဝတ်နဲ့မညီဘူးလို့ယေဘုယျ လက်ခံ နေရပြီ မဟုတ်လား။

တန်ဖိုးဟာ အချက်အလက်ကပေါ်ထွက်လာတာမဟုတ်ဘူးဆိုတဲ့ အယူအဆဟာ အကြမ်းဖျင်းပြောရရင် တစ်ဘက်သတ်ကျရာရောက်ပြီး အယူအကောက်လွဲစေတယ်။ တစ်ခါ အဲဒီအဆိုကို ပြောင်းပြန်စဉ်းစားကြည့်ကြစို့။ အချက်အလက်တွေဟာလည်း တန်ဖိုးကပြောင်းပြန်ပေါ်ထွက်လာတာ မဟုတ်ဘူးလို့ပြောတယ် ဆိုပါတော့။ ဒီ အချက်ဟာ တစ်ပိုင်းတစ်စသာ မှန်ပြီး အယူအကောက်လွဲစေနိုင်ပြန်တယ်။ ရှင်းလင်း ဖွင့်ဆိုချက်လိုနေပြန်တယ်။ ကျွန်တော်တို့မေးတဲ့ အမေးများနဲ့ ကျွန်တော်တို့ရတဲ့ အဖြေများဟာ တည်ရှိနေဆဲ တန်ဖိုးစနစ်ထဲက ပေါ်ထွက်လာရခြင်း၊ ဖြစ်တယ်။ ကျွန်တော်တို့ခေတ်က အချက်အလက်တွေကို ကျွန်တော်တို့ ဘယ်လို မြင်သလဲ ဆိုတဲ့အချက်ကို ကျွန်တော်တို့ခေတ်ရဲ့တန်ဖိုးများကဆုံးဖြတ်တယ်။ ဒီလိုရလာတဲ့ အချက်အလက်များဟာ ကျွန်တော်တို့အတွက်အရေးကြီးလာတယ်။ တန်ဖိုးတွေဟာ အချက်အလက်တွေနဲ့ရောနှောသွားကြပြီး အချက်အလက်တွေရဲ့ အစိပ်အပိုင်းတွေ ဖြစ်လာခဲ့ကြတယ်။ ကျွန်တော်တို့သတ်မှတ်ထားတဲ့ တန်ဖိုးများဟာ လူသားအနေနဲ့ ကျွန်တော်တို့မှာရှိရမယ့် အရည်အချင်းတွေရဲ့ အရေးကြီးတဲ့ အစိတ် အပိုင်းတွေ ဖြစ်လာခဲ့ကြတယ်။ ကျွန်တော်တို့ဟာ ပတ်ဝန်းကျင်နဲ့လိုက်လျောညီထွေ ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

နေနိုင်လာတာ၊ ဒီတန်ဖိုး ဒီပတ်ဝန်းကျင်ကို ကျွန်တော်တို့နဲ့ လိုက်လျော ညီထွေဖြစ်အောင် ပြောင်းလဲနိုင်တာ၊ ကျွန်တော်တို့ပတ်ဝန်းကျင်ကို ကျွန်တော်တို့ အောင်နိုင်လာတာဟာ ဒီတန်ဖိုးတွေကြောင့်သာလျှင် ဖြစ်တယ်။

ဒီလို လုပ်နိုင်တာတွေကို သမိုင်းက စာတင်လာတဲ့အခါမှာ သမိုင်းဟာလည်း တိုးတက်မှုကို မှတ်သားထားတဲ့ မှတ်တမ်းတစ်စောင် ဖြစ်လာခဲ့တယ်။ ဒါပေမယ့် လူနဲ့ပတ်ဝန်းကျင်တို့တိုက်ခိုက်ကြတာကို ရေးပြရာမှာ အချက်အလက်နဲ့တန်ဖိုးကြားမှာ ပဋိပက္ခရှိသယောင် တစ်ခုနဲ့တစ်ခုခြားနားကွဲပြားနေသယောင်တော့ လုပ်လို့မဖြစ်ပေဘူး၊ အချက်အလက်နဲ့တန်ဖိုးတို့ရဲ့ အပြန်အလှန် ဆက်စပ်မှု၊ အပြန်အလှန် တုံ့ပြန်မှုအားဖြင့်သာလျှင် သမိုင်းမှာတိုးတက်မှုရယ်လို့ပေါ်ပေါက်လာရခြင်းဖြစ်တယ်။ ဓမ္မဓိဋ္ဌာန်ကျတဲ့ သမိုင်းဆရာဆိုတာ တခြားမဟုတ်ဘူး။ အဲဒီ အရာနှစ်ခုရဲ့ အညမည ဖြစ်စဉ် (အချက်အလက်နဲ့တန်ဖိုးတို့ရဲ့ ဆက်သွယ်မှုဖြစ်စဉ်)ကို နက်ရှိုင်းစွာ ထိုးဖောက်လေ့လာသူဖြစ်တယ်။

အချက်အလက်နဲ့တန်ဖိုးတို့ရဲ့ ဆက်သွယ်မှု ပြဿနာကို အဖြေရှာရာမှာ အဖြေကိုတွေ့အောင် သဲလွန်စပေးနိုင်တဲ့ စကားလုံးတစ်လုံးကတော့ 'အမှန်တရား' ဆိုတဲ့ စကားလုံးပဲ၊ ဒီစကားလုံးဟာ အချက်အလက်လောကနဲ့လည်း ဆိုင်တယ်။ အဲဒီ စကားလုံးထဲမှာ နှစ်ခုစလုံးရဲ့သဘောတွေ အကျုံးဝင်နေတယ်။ ဒီစကားလုံးဟာ အင်္ဂလိပ်ဘာသာစကားရဲ့ ဆန်းပြားမှုကြောင့် ပေါ်ပေါက်လာတဲ့စကားလုံးမဟုတ်ဘူး။ လက်တင်ဘာသာစကားမှာပဲဖြစ်ဖြစ်၊ ဂျာမန်ဘာသာစကားမှာပဲဖြစ်ဖြစ်၊ ရုရှားဘာသာစကားမှာပဲဖြစ်ဖြစ် ဒီစကားလုံးဟာ နှစ်ခွလက္ခဏာကိုဆောင်တယ်။ ဘယ်ဘာသာစကားမှာဖြစ်ဖြစ် အမှန်တရားဆိုတဲ့ စကားလုံးဟာ အချက်အလက် တစ်ခုအကြောင်းကို ဖော်ထုတ်ပြောဆိုခြင်း၊ တန်ဖိုးအကဲဖြတ်ချက်တစ်ခုကို ပြောဆိုခြင်း ဆိုတဲ့ အဓိပ္ပာယ်မျှသာမကဘဲ နှစ်ခုစလုံးရဲ့ အဓိပ္ပာယ်တွေ အကျုံးဝင်နေပါတယ်။

လွန်ခဲ့တဲ့အပတ်ထဲက လန်ဒန်ကို ကျွန်တော်သွားခဲ့တယ်ဆိုတဲ့ အချက်ဟာလည်း အချက်အလက်တစ်ခုပါပဲ။ ဒါပေမယ့် ဒါကိုအမှန်တရား တစ်ခုလို့သာမန်အားဖြင့် မပြောပါဘူး။ အဲဒီ စကားထဲမှာ တန်ဖိုးအနှစ်သာရ မပါပါဘူး။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စုကို တည်ထောင်ခဲ့သူများက သူတို့ရဲ့လွတ်လပ်ရေး ကြေညာစာတမ်းထဲမှာ လူတိုင်းဟာ မွေးကတည်းက လွတ်လပ်စွာ မွေးဖွားလာခြင်း ဖြစ်သည်လို့ဆိုလိုက်ရင်တော့ ဒီစကားလုံးဟာ အချက်အလက် အနှစ်သာရကို ဖော်ပြရုံတင်မကတော့ဘူး။ တန်ဖိုးအနှစ်သာရတစ်ခုကိုပါ ဖော်ပြလိုက်တယ်လို့ နားလည်နိုင်ပါတယ်။ ဒီအနှစ်သာရကြောင့်ပဲ လူ့ရဲ့အခွင့်အရေးကို အမှန်တရားအဖြစ် သဘောထားဖို့၊ လက်ခံဖို့တောင်းဆိုနိုင်ပါတယ်။





တန်ဖိုးမရှိတဲ့အချက်အလက်များဆိုတဲ့ မြောက်ဝင်ရိုးစွန်းနဲ့ တန်ဖိုးအကဲဖြတ်ချက်ဆိုတဲ့ တောင်ဝင်ရိုးစွန်းနှစ်ခုကြား တစ်နေရာမှာ သမိုင်း အမှန်တရားရဲ့ နယ်ပယ်ရှိပါတယ်။ သမိုင်းဆရာဟာ အချက်အလက်နဲ့အနက်ဖွင့်ဆိုချက်၊ အချက်အလက်နဲ့တန်ဖိုးကြားမှာ ညီမျှစွာရပ်နေသူဖြစ် ပါတယ်။ ဒီနှစ်ခုကို တခြားစီခွဲပစ်လို့မရနိုင်ပါဘူး။ အသေဖြစ်နေတဲ့ လှုပ်ရှားခြင်းမရှိတဲ့ ပညာရပ် နယ်ပယ်များမှာတော့ အချက်အလက်နဲ့ တန်ဖိုးကို တခြားစီ ခွဲထားလို့ရနိုင်ပါတယ်။ ဒါပေမယ့် လှုပ်ရှားခြင်းမရှိတဲ့ ပညာရပ်နယ်ပယ်မှာ သမိုင်းဟာ ဘာအဓိပ္ပာယ်မှ မရှိပါဘူး။ အနှစ်သာရအားဖြင့် ပြောရရင် သမိုင်းဟာပြောင်းလဲမှုပါပဲ။ လှုပ်ရှားမှုပါပဲ။ ခေတ်ဟောင်းကစကားနဲ့ပြောရရင် တိုးတက်မှုပါပဲ။

ဒါကြောင့်မို့ဒီနေရာမှာ ပါမောက္ခ အက်တန်ရဲ့ စကားနဲ့ကျွန်တော်အဆုံးသတ်ချင်ပါတယ်။ သူက 'တိုးတက်မှုဆိုတာဟာ သိပ္ပံနည်းကျ မှန်းဆချက်တစ်ခုဖြစ်ပြီး အဲဒီမှန်းဆချက်ပေါ်မှာ သမိုင်းကိုရေးရမယ်' လို့ပြောခဲ့ဖူးပါတယ်။ သမိုင်းအပြင်ဘက်မှာရှိတဲ့ တန်ခိုးကြွဒ္ဒိပါဒ်တွေ၊ ဆင်ခြင်တုံတရားလွန် တန်ခိုးကြွဒ္ဒိပါဒ်တွေကို အခြေပြုပြီး အတိတ်ကို အနက်အဓိပ္ပာယ်ဖွင့်ခြင်းဖြင့် သမိုင်းကို လောကုတ္တရာအမြင်၊ ဘာသာရေးအမြင်တစ်ခုအဖြစ် ပြောင်းချင်သပဆိုရင်လည်း ပြောင်းနိုင်ပါတယ်။ ထူးခြားချက်ဆိုလို့ ဘာမှမရှိဘဲ အတိတ်က ပုံပြင်တွေ၊ ဒဏ္ဍာရီတွေကိုရေးပြခြင်းဖြင့် သမိုင်းကို အနုစာပေတစ်ရပ်အဖြစ် ပြောင်းချင်သပဆိုလည်း ပြောင်းနိုင်ပါတယ်။ ဒါပေမယ့် သမိုင်းဦးတည်ချက်ကို သိမြင်သူ၊ လက်ခံသူများသာလျှင် တကယ့်သမိုင်းအစစ်ကို ရေးနိုင်ပါလိမ့်မယ်။

ကျွန်တော်တို့ဟာ တစ်နေရာက လာကြတယ်ဆိုတဲ့ ယုံကြည်ချက်ဟာ တစ်နေရာကို သွားနေတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ဆက်စပ်နေပါတယ်။ အနာဂတ်မှာ မိမိဟာ တိုးတက်ခြင်း မရှိနိုင်တော့ဘူးလို့ယူဆနေတဲ့လူ့အဖွဲ့အစည်းတစ်ရပ်ဟာ အတိတ်တုန်းကလည်း တိုးတက်မှုရှိခဲ့တယ်ဆိုတဲ့ အယူအဆကို စွန့်လွှတ်လိုက်တာနဲ့ အတူတူပါပဲ။ အထက်မှာပြောခဲ့တဲ့အတိုင်း သမိုင်းနဲ့စပ်လျဉ်းတဲ့ ကျွန်တော်တို့အမြင်ဟာ လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ကျွန်တော်တို့အမြင်ကို ရောင်ပြန်ဟပ်နေပါတယ်။ ကျွန်တော်ကတော့ လူ့အဖွဲ့အစည်းရဲ့အနာဂတ်ကိုလည်း ယုံကြည်တယ်။ သမိုင်းရဲ့ အနာဂတ်ကိုလည်း ယုံကြည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းနဲ့အနာဂတ်

ကျွန်တော်ရဲ့ ဟောပြောချက်တွေထဲမှာ သမိုင်းဟာ အစဉ်ရွေ့လျားပြောင်းလဲနေတဲ့ ဖြစ်စဉ်တစ်ရပ်၊ သမိုင်းဆရာဟာလည်း အဲဒီသမိုင်း ဖြစ်စဉ်ထဲမှာ ရွေ့လျားပြောင်းလဲနေသူအဖြစ် ဖော်ပြခဲ့ပါတယ်။ ဒီလိုပြောခဲ့တဲ့အတွက် ကျွန်တော်တို့ခေတ်မှာ သမိုင်းရဲ့ အနေအထားဟာဘာလဲ၊ သမိုင်းဆရာရဲ့ အနေအထားဟာ ဘယ်နေရာမှာလဲဆိုတဲ့ ကောက်ချက်ကိုဆွဲထုတ်ပြဖို့ တာဝန်ရှိလာပါတယ်။ ကျွန်တော်တို့ခေတ်ကြီးဟာ ကမ္ဘာကြီး ပျက်သုဉ်းတော့မယ်ဆိုတဲ့ နိမိတ်ဖတ်ချက်တွေ လေထဲမှာ ဝဲပျံနေတဲ့ ခေတ်ဖြစ်တယ်။ (ဒီလို နိမိတ်ဖတ်ချက်တွေ ပေါ်ထွက်တာဟာ သမိုင်းမှာ ဒီအကြိမ်ဟာ ပထမဆုံးအကြိမ်တော့ မဟုတ်ပါဘူး။) ဒီနိမိတ်ဖတ်ချက်တွေဟာ မှန်ချင်လည်း မှန်နိုင်တယ်။ မှားချင်လည်း မှားနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့မှာ လူအားလုံးဟာ သေကြရမှာပဲဆိုတဲ့ နိမိတ်ဖတ်ချက်လောက် တပ်အပ်သေချာမမှန်သည့်တိုင် ဒီနိမိတ်ချက်တွေဟာ မှန်သင့် သလောက်တော့ မှန်နေတယ်။ ဒါပေမယ့် ကမ္ဘာကြီးပျက်ကာမှပျက်ရော၊ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့အနာဂတ်အတွက် စိတ်ကူးမျှော်မှန်းချက် တွေကတော့ ရှိမြဲရှိနေရမှာပဲ။ ဒါကြောင့် ကပ်ဆိုးကြီးတွေနဲ့တွေ့သည့်တိုင် ကမ္ဘာပေါ်မှာ တိုင်းပြည်တစ်ပြည်မဟုတ် တစ်ပြည်ကတော့ ကျန်ရစ်ခဲ့ရဦးမယ်။ အဲဒီလိုဆိုရင် သမိုင်းဟာလည်း ဆက်လက် ရွေ့လျား မြဲ ရွေ့လျားနေဦးမယ်ဆိုတဲ့ ခံယူချက်နဲ့ကျွန်တော်တို့လူ့အဖွဲ့အစည်းကြီးရဲ့ ပစ္စုပ္ပန်နဲ့အနာဂတ်ရဲ့ အကြောင်းကို ကျွန်တော် ဆက်လက်တင်ပြပါ့မယ်။

နှစ်ဆယ်ရာစုနှစ်ရဲ့ အလယ်ပိုင်း ကာလများအတွင်း ကမ္ဘာကြီးမှာ နက်ရှိုင်းတဲ့ ပြောင်းလဲမှုကြီးတွေ ဖြစ်ပေါ်ခဲ့တယ်။ ဒီပြောင်းလဲမှုကြီးတွေဟာ အလယ်ခေတ် ပြိုကွဲပျက်စီးပြီး ခေတ်သစ်ကမ္ဘာကြီး ပေါ်ပေါက်လာတဲ့နောက်မှာ အကြီးမားဆုံး၊ အနက်ရှိုင်းဆုံးသော ပြောင်းလဲမှုကြီးတွေ ဖြစ်တယ်။ ဒီပြောင်းလဲမှုကြီးတွေ ပေါ်ပေါက်

www.burmeseclassic.com



သာ၍ဘာသကတော့ သိပ္ပံပညာတွေ ရှာဖွေတွေ့ရှိချက်တွေ၊ တီထွင်မှုတွေနဲ့ အဲဒီတွေ့ ရှိချက်တွေ၊ အဲဒီတီထွင်မှုတွေကို တွင်းပြည့်အမျိုးအပြားက လက်တွေ့အသုံးချလာ ကြလို့ပဲ ဖြစ်ပါလိမ့်မယ်။

ပြောင်းလဲမှုရဲ့ အထင်ရှားဆုံးအချက်ကတော့ ကျွန်တော်တို့ခေတ်ရဲ့ လူမှုတော်လှန်ရေးကြီးပါပဲ။ ဒီလူမှုတော်လှန်ရေးကြီးဟာ ၁၅ရာစုနဲ့ ၁၆ ရာစုနှစ်များအတွင်းက ပေါ်ပေါက်ခဲ့တဲ့ ဘဏ္ဍာအရင်းနဲ့ကုန်သွယ်မှု၊ နောက်ပိုင်းမှာ စက်မှုလုပ်ငန်းတို့အပေါ်မှာ အခြေခံတဲ့ လူတန်းစားတစ်ရပ် အာဏာရလာခဲ့တဲ့ ကိစ္စနဲ့သာ နှိုင်းယှဉ်လို့ ရနိုင်ပါတယ်။

ကျွန်တော်တို့စက်မှုလုပ်ငန်းရဲ့ အဆောက်အအုံသစ်နဲ့ကျွန်တော်တို့ လူမှုအဖွဲ့အစည်းရဲ့ အဆောက်အအုံသစ်များနဲ့ ပတ်သက်တဲ့ ပြဿနာများဟာ ဒီနေရာမှာ ဆွေးနွေးဖို့အတွက် ကျယ်ပြန့်လွန်းလှပါတယ်။ ဒါပေမယ့် အဲဒီ ပြောင်းလဲချက်ကြီးထဲမှာ အကျုံးဝင်နေတဲ့ အချက်နှစ်ချက်ကတော့ ကျွန်တော် ဆွေးနွေးမယ့် ပြဿနာနဲ့တိုက်ရိုက်သက်ဆိုင်နေပါတယ်။ တစ်ခုကတော့ နက်ရှိုင်းမှုနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုဖြစ်ပြီး နောက်တစ်ခုကတော့ ပထဝီဝင် အကျယ်အဝန်းနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုတို့ ဖြစ်ပါတယ်။ ဒီအချက်နှစ်ချက် အကြောင်းကို ကျွန်တော် အတိုချုပ် ဆွေးနွေးတင်ပြချင်ပါတယ်။

အရင်တုန်းက လူတွေဟာ ရာသီစက်များ လှည့်ပတ်သွားလာခြင်း၊ လူ၏သက်တမ်း အတိုအရှည်စတဲ့ သဘာဝဖြစ်စဉ်များနဲ့အချိန်ကာလရဲ့ ရွေ့လျားမှု အတိုင်းအတာကို သတ်မှတ်ခဲ့ကြတယ်။ နောက်တော့ ဒီအရာတွေနဲ့ သတ်မှတ် ပိုင်းခြားခြင်းမပြုကြတော့ဘဲ လူတွေက သိစိတ်ရှိရှိ ပါဝင်လှုပ်ရှားခဲ့ပြီး သူတို့ကိုယ်တိုင်သိစိတ်ရှိရှိ လွှမ်းမိုးချုပ်ကိုင်ခဲ့တဲ့ အဖြစ်အပျက်များနဲ့အချိန်ကာလကို ပိုင်းခြားသတ်မှတ်လာခဲ့ကြတယ်။ အဲဒီလို သတ်မှတ်လာတာနဲ့တစ်ပြိုင်နက် သမိုင်းဟာ အစပြုလာခဲ့တာပါပဲ။ 'သိစိတ် နိုးကြားလာခဲ့ပြီး သဘာဝကြီးနဲ့လမ်းခွဲလိုက်ခြင်းဟာ သမိုင်းပါပဲ' လို့သမိုင်းဆရာ **ဘတ်ဟတ်**[1] ကပြောခဲ့ဖူးပါတယ်။

မိမိဆင်ခြင်တုံတရားကို အသုံးပြုပြီး မိမိပတ်ဝန်းကျင်ကို နားလည်အောင်၊ မိမိပတ်ဝန်းကျင်နဲ့အညီ နေထိုင်နိုင်အောင် ပြုလုပ်တဲ့လူရဲ့ ရှည်ကြာတဲ့ တိုက်ပွဲဟာ သမိုင်းပါပဲ။ ဒါပေမယ့် ခေတ်သစ်ရောက်တဲ့အခါကျတော့ ဒီတိုက်ပွဲဟာ တော်လှန်ရေးကျကျ ကျယ်ပြန့်လာခဲ့ပါတယ်။ လူဟာ မိမိပတ်ဝန်းကျင်ကိုသာမက မိမိကိုယ်ကိုပါ နားလည်အောင် ကြိုးစားလာခဲ့ပါတယ်။ ဒါနဲ့အတူ လူရဲ့ဆင်ခြင်တုံ တရားမှာရော၊ သမိုင်းမှာပါ အသွင်သဏ္ဌာန်သစ်တစ်ရပ် ပေါ်လာခဲ့ပါတယ်။ ခေတ်တကာတို့အနက်

1. Buckheart





ကျွန်တော်တို့ဒီခေတ်ကြီးဟာဖြင့် သမိုင်းစိတ်ဓါတ် အထက်သန်ဆုံး ခေတ်ကြီးဖြစ်ပါတယ်။

ခေတ်သစ်လူသားတွေဟာ သူ့ကိုယ်သူ သိစိတ်အရှိဆုံးဖြစ်တဲ့အတွက် သမိုင်းသိစိတ်လည်း အရှိဆုံး ဖြစ်ပါတယ်။ ခေတ်သစ်လူသားဟာ သူဖြတ်သန်းလာခဲ့ရာအတိတ် ဆည်းဆာကို စိတ်အားထက်သန်စွာ ပြန်ပြောင်းကြည့်ရှုပြီး အဲဒီ အတိတ်ဆည်းဆာရဲ့ အလင်းရောင် ဖျော့ဖျော့ကလေးဟာ သူသွားနေတဲ့ အနာဂတ်လမ်းကိုများလမ်းပြနိုင်လေမလားလို့လည်း မျှော်လင့်တတ်ပါတယ်။ ပြောင်းပြန်ပဲ။ အနာဂတ်နဲ့စပ်လျဉ်းတဲ့ သူ့မျှော်မှန်းချက်တွေ၊ သူ့စိုးရိမ်မှုတွေ ကြီးလာသည်နှင့်အမျှ အတိတ်ကိုလည်း ထိုးထွင်းမြင်တတ်အောင် ကြိုးစားလာပါတယ်။ တကယ်တော့ အတိတ်၊ ပစ္စုပ္ပန်နဲ့အနာဂတ်တို့ဟာ အဆုံးမရှိတဲ့ သမိုင်း ကွင်းဆက်ကြီးထဲမှာ တစ်ခုနဲ့တစ်ခု ဆက်သွယ်နေကြပါတယ်။

ခေတ်သစ်ကမ္ဘာရဲ့ ပြောင်းလဲမှုဟာ လူက သူ့ကိုယ်သူ သိစိတ်ရှိလာခြင်းပဲဖြစ်ပါတယ်။ ဒီအချက်ကို **ဒေးကား**[1] ကစတင်တွေ့ရှိ ဖော်ထုတ်ခဲ့ခြင်း ဖြစ်ပါတယ်။ သူက လူဟာ တွေးခေါ်ကြံစည်ခြင်းပြုရုံသာမက သူ့တွေးခေါ်မှုကိုပါပြန်ပြီး တွေးခေါ်တတ်သူဖြစ်တယ်။ သဘာဝကို လေ့လာနေတုန်းမှာပဲ သူ့ကိုယ်သူလည်း ပြန်လေ့လာနိုင်တယ်။ လူဟာ တစ်ပြိုင်နက်တည်းမှာ ပြုလုပ်သူလည်းဖြစ်တယ်။ ပြုလုပ်ခံရသူလည်းဖြစ်တယ်။ ကတ္တာလည်းဖြစ်တယ်၊ ကံလည်းဖြစ်တယ်၊ တွေးတော ကြံစည်သူလည်းဖြစ်တယ်၊ တွေးတောကြံစည်ခြင်းခံရသူလည်းဖြစ်တယ် ဆိုတဲ့ အချက်ကို စတင်တွေ့ရှိလာခဲ့ပါတယ်။ ဒါပေမယ့် သူ့တွေ့ရှိချက်ဟာ ၁၈ ရာစုနှစ်ကျမှ ပီပြင်လာခဲ့ပါတယ်။

လူရဲ့ သူ့ကိုယ်သူနားလည်ရေးနဲ့ သူ့ကိုယ်သူ သိစိတ်ရှိရေးကို ပိုပြီးနက်ရှိုင်းလာအောင် လုပ်ပေးခဲ့သူကတော့ **ရူးဆိုး**[2] ပဲဖြစ်ပါတယ်။ သူ့ကြောင့် လူဟာ သဘာဝလောကကြီးနဲ့အစဉ်အလာ ယဉ်ကျေးမှုတို့ကို အမြင်သစ်နဲ့ကြည့်နိုင်လာခဲ့ပါတယ်။ 'ပြင်သစ် တော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့ရတာဟာ တခြားကြောင့်မဟုတ်ဘူး။ ရှုပ်ထွေးတဲ့ အဲဒီခေတ်က လူမှုအစဉ်အလာတွေ၊ လူမှုထုံးစံတွေနေရာမှာ သဘာဝ နိယာမတရားနဲ့လူ့ဆင်ခြင်တုံတရားက ပေါ်ထွက်လာတဲ့ ရိုးစင်းတဲ့ အခြေခံစည်းမျဉ်းတွေကို အစားထိုးရမယ်ဆိုတဲ့ ယုံကြည်ချက်ကြောင့် ပေါ်ပေါက်လာခဲ့တာဖြစ်တယ်' လို့ **တော့ကွီဗီးလ်**[3] ကရေးခဲ့ဖူးပါတယ်။ 'လူတွေဟာ လွတ်လပ်မှုကို အဲဒီတုန်းကလောက် ဘယ်တုန်းကမှ ရှာဖွေခြင်း မပြုခဲ့ကြဘူး' လို့လည်း သမိုင်းဆရာကြီး **အက်တန်**[4] ကရေးခဲ့ဖူးပါတယ်။ ဟီဂဲလ်လိုပဲ အက်တန်ဟာလည်း

1. Descarte. 2. Russeau. 3. Tocquiville. 4. Acton



www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်မှုနဲ့ဆင်ခြင်တုံတရားကို ဘယ်တော့မှ တခြားစီခွဲမထားဘဲ အတူတူပဲလို့ ယူဆခဲ့ပါတယ်။ အမေရိကန်တော်လှန်ရေးဟာလည်း ပြင်သစ်တော်လှန်ရေးနဲ့ ဆက်စပ်ခဲ့တာပါပဲ။

'လွန်ခဲ့သော ၈၇ နှစ်ကျော်က ကျွန်ုပ်တို့ဘိုးဘေးများသည် ဤပထဝီတိုက်ပေါ်သို့ လူမျိုးသစ် တစ်မျိုးကို ယူဆောင်ခဲ့ပေ၏။ ထိုလူမျိုးသည် လွတ်လပ်မှုကို သက်ဝင်ယုံကြည်၍ လူတိုင်းသည် တန်းတူလွတ်လပ်ကြပေသည်ဟု ယုံကြည်ကြပေ၏။' လို့ လင်ကွန်းက ရေးခဲ့ဖူးပါတယ်။

လင်ကွန်းရဲ့ စကားထဲမှာ အရိပ်အမြွက် ဖော်ပြထားတဲ့အတိုင်းပါပဲ။ ဒီအဖြစ်အပျက်ကြီးဟာ တော်တော်ထူးခြားတဲ့ အဖြစ်အပျက်ကြီး ဖြစ်ပါတယ်။ လူတွေဟာ သိစိတ်ရှိရှိ၊ ရည်ရွယ်ချက်ရှိရှိနဲ့ သူတို့ကိုယ်ကိုသူတို့ လူမျိုးတစ်မျိုးအဖြစ် ပေါင်းစည်းဖန်တီးလာခဲ့ပြီး အခြားသူများကိုလည်း အလားတူလူမျိုးတစ်မျိုးအဖြစ် ဖန်တီးကြဖို့နမူနာပြလိုက်တာဟာ သမိုင်းမှာဖြင့် အဲဒီ အကြိမ်ဟာ ပထမဆုံးအကြိမ်ပါပဲ။

၁၇ ရာစုနှစ်နဲ့ ၁၈ ရာစုနှစ်များအတွင်းမှာတော့ လူများဟာ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ ကမ္ဘာလောကကြီးနဲ့ကမ္ဘာလောကကြီးရဲ့ နိယာမ တရားများကို ကောင်းစွာနားလည်လာကြပါပြီ။ အဲဒီ နိယာမများဟာလည်း ဘုရားသခင်ရဲ့ ပြဋ္ဌာန်းခံအရာများ မဟုတ်ကြတော့ဘဲ ဆင်ခြင်တုံတရားရဲ့ လက်အောက်ခံ ဖြစ်တယ်ဆိုတာကို နားလည်လာကြပါပြီ။ ဒါပေမယ့် အဲဒီ နိယာမများဟာ လူတွေဖန်တီးတဲ့ နိယာမများ မဟုတ်ဘဲ လူတွေလိုက်နာတဲ့ နိယာမများဖြစ်ပါတယ်။ နောက်တစ်ဆင့် မှာတော့ လူဟာ မိမိပတ်ဝန်းကျင်နဲ့မိမိကိုယ်တိုင် အပေါ်မှာ လွှမ်းမိုးသြဇာပေးနိုင်တဲ့ တန်ခိုးသတ္တိ ရှိတယ်ဆိုတာကို သိလာပြီး သူလိုက်နာရမယ့် နိယာမများ၊ ဥပဒေသများကိုလည်း သူကိုယ်တိုင် လုပ်ပိုင်ခွင့်ရှိတယ် ဆိုတာကို နားလည်လာခဲ့ပါတယ်။

၁၈ ရာစုနှစ်ကနေ ဒီနေ့ခေတ်သစ်ကြီးကို ကူးပြောင်းလာတဲ့ ကာလဟာ ရှည်လျားပြီး နေးကွေးပါတယ်။ အဲဒီခေတ်ကို ကိုယ်စားပြုနိုင်တဲ့ အဘိဓမ္မာဆရာများကတော့ **ဟီဂဲလ်**[1] နဲ့ **ကားလ်မတ်**[2] တို့ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးစလုံးရဲ့ အနေအထားဟာ နှစ်ခွသဘောကို ဆောင်နေကြပါတယ်။ ဘုရားရဲ့ဥပဒေများဟာ ဆင်ခြင်တုံတရားရဲ့ နိယာမများ ဖြစ်လာတယ်ဆိုတဲ့အယူအဆကို ဟီဂဲလ် အခြေပြုပါတယ်။ ဟီဂဲလ်ရဲ့ ကမ္ဘာ့ဝိညာဉ်တော် အယူအဆဟာ တစ်ဘက်မှာ ဘုရားသခင်ကို ဆုပ်ကိုင်ထားပြီး အခြားတစ်ဘက်မှာ ဆင်ခြင်တုံတရားကို ဆုပ်ကိုင်ထားပါတယ်။ တကယ်တော့ ဟီဂဲလ်ဟာ **အဒမ်စမစ်**[3] ရဲ့ အယူအဆကို ပုံတင်ထပ်လိုက်ခြင်းသာဖြစ်ပါတယ်။ 'လူပုဂ္ဂိုလ်တို့သည် မိမိတို့၏အကျိုးစီးပွားကိုသာ ရှေ့ရှုကြကုန်၏။

1. Hegel. 2. Karl Marx. 3. Adam Smith





သို့ရာတွင် ထိုမျှလည်းမကသေး၊ ထိုထက်လည်းပိုပေသေး၏။ ထိုအဘောသည် သူတို့သိစိတ်ထဲတွင် မရှိဘဲ သူတို့အလုပ်ထဲတွင် တည်ရှိပေ၏' လို့ ဟီဂဲလ်က ရေးခဲ့ပါတယ်။

ကမ္ဘာ့ဝိညာဉ်တော်ရဲ့ ဆင်ခြင်တုံတရားရှိမှုနဲ့ပတ်သက်လို့တော့ သူက 'ကမ္ဘာ့ဝိညာဉ်တော်ကို အကောင်အထည်ဖော်ရင်း လူတို့သည် မိမိတို့၏ အလိုဆန္ဒများကိုလည်း ဖြည့်စွမ်းကြကုန်၏။ သို့ရာတွင် ထိုသို့ဖြည့်စွမ်းကြရာ၌ ရည်ရွယ်ချက်သို့မရောက်ဘဲ ခြားနားခြင်းမရှိသော ရလာဒ်များကို ရရှိကြ၏' လို့ရေးခဲ့ပါတယ်။ သဘောကတော့ လူတွေရဲ့အကျိုးစီးပွားတွေဟာ ပေါင်းစည်းသွားကြတယ်ဆိုတာကို ပြောချင်တာပါပဲ။ အဒမ်စမစ်က 'ကွယ်ဝှက်ထားသောလက်' လို့ပြောခဲ့သလို၊ ဟီဂဲလ်ကလည်း 'စဉ်းလဲသောဆင်ခြင်တုံတရား' လို့ပြောခဲ့ပါတယ်။ သဘောကတော့ သိစိတ်မရှိသော ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် နေကြရတယ်လို့ဆိုတဲ့ သဘောပါပဲ။ ဒါပေမယ့် သမိုင်းပြောင်းလဲမှုတွေရဲ့ တကယ့်အမှန်တရားကို တွေ့ရှိခဲ့သူ၊ ကိုယ့်ကိုယ်ကိုသိရှိလာသောသိစိတ်ကို နားလည်သူကတော့ ဟီဂဲလ်မဟုတ်ပါဘူး။ ပြင်သစ်တော်လှန်ရေးရဲ့ အဘိဓမ္မာဆရာဖြစ်တဲ့ ရူးဆိုးပဲ ဖြစ်ပါတယ်။

သမိုင်းမှာ ဖြစ်ပေါ်တိုးတက်မှုဆိုတာ လွတ်လပ်မှုနဲ့ပတ်သက်တဲ့ အတွေးအခေါ်ရဲ့ ဖြစ်ပေါ်တိုးတက်မှုပဲ ဖြစ်ပါတယ်။ သို့သော်လည်း ၁၈၁၅ ခုနှစ် နောက်ပိုင်းရောက်တဲ့ အခါကျတော့ ပြင်သစ်တော်လှန်ရေးရဲ့မျှော်မှန်းချက်များဟာ နန်းဆက် ပြန်လည်စိုးမိုးရေးခေတ်ရဲ့ ပြောင်းလဲမှုထဲမှာ မှေးမှိန်ပျောက်ကွယ်သွား ခဲ့ပါတယ်။ ဟီဂဲလ်ဟာ နိုင်ငံရေးအရ အလွန်အားနည်းချိနဲ့သူဖြစ်ပြီး အသက်ကြီးတဲ့အချိန်မှာတော့ သူ့ခေတ်ကကြီးစိုးခဲ့တဲ့ အဆောက်အဦးဟောင်းကို သံယောဇဉ် တွယ်လွန်းတဲ့အတွက် တက္ကဗေဒနဲ့စပ်လျဉ်းတဲ့ သူ့အမြင်များကို ခိုင်ခိုင်မာမာ ကိုင်တွယ်တင်ပြခြင်း မရှိတော့ပါဘူး။ ဟီဂဲလ်ရဲ့ အယူအဆများကို 'တော်လှန်ရေးရဲ့ အက္ခရာသင်္ချာ' လို့ ဟာဇင်[1] ကခေါ်ခဲ့တာဟာ သင့်မြတ်တယ်လို့ပဲ ထင်ပါတယ်။ ဟီဂဲလ်ဟာ အမှတ်အသားသင်္ကေတတွေကိုသာ ရေးပြခဲ့ပြီး အဲဒီ သင်္ကေတတွေ နေရာမှာ တိကျတဲ့ အကြောင်းအရာတွေကို ထည့်သွင်းမပေးနိုင်ခဲ့ဘူး။ ဟီဂဲလ်ရဲ့ အက္ခရာသင်္ချာ ညီမျှခြင်း တွေထဲကို ကိန်းဂဏန်းသင်္ချာတွေ ထည့်ပေးခဲ့သူကတော့ ကားမတ်လ် သာလျှင် ဖြစ်ပါတယ်။

မတ်ဟာ အဒမ်စမစ်နဲ့ ဟီဂဲလ်တို့နှစ်ဦးရဲ့ သာဝကဖြစ်ပြီး ကမ္ဘာလောကကြီးဟာ ကျိုးကြောင်းယုတ္တိ ရှိတဲ့ နိယာမများအတိုင်းဖြစ်ပေါ် ပြောင်းလဲနေတယ်လို့ ယူဆသူဖြစ်တယ်။ ဟီဂဲလ်လိုပဲ ကမ္ဘာကြီးဟာ(လောကသဘာဝ နိယာမများလို) ပြောင်းလဲရာမှာ လူရဲ့ဦးဆောင်မှုနဲ့ပြောင်းလဲ တယ်လို့ယူဆတယ်။ ဒါပေမယ့်

1. Herzen



www.burmeseclassic.com

www.burmeseclassic.com



ဟီဂဲလ်ထက် သူကပိုပြီး လက်တွေ့ကျကျတင်ပြတယ်။

မတ်ရဲ့ အလိုအရ သမိုင်းမှာ အရာဝတ္ထု သုံးခုရှိတယ်။ အဲဒီ အရာဝတ္ထုတွေဟာ တစ်ခုနဲ့တစ်ခုခွဲခြားလို့မရအောင် ဆက်စပ်နေကြပြီး ဒီသုံးခုပေါင်းလိုက်တာနဲ့ ပြည့်စုံတဲ့အရာတစ်ခုဖြစ်လာတယ်လို့ သူယူဆတယ်။ အဲဒီ အရာဝတ္ထု သုံးခုကတော့ ဒိဋ္ဌဓမ္မကျတဲ့ ဥပဒေသများ၊ အထူးသဖြင့် စီးပွားရေးဥပဒေသများနှင့်အညီ အဖြစ်အပျက်များဟာ ရွေ့လျားပြောင်းလဲနေတယ်ဆိုတဲ့အချက်။ အတွေးအခေါ်ဟာ အနုပဋိလောမ ဖြစ်စဉ်အရ ဖြစ်ပေါ်တိုးတက်လာတယ်ဆိုတဲ့ အချက်နဲ့လှုပ်ရှားမှုဟာ လူတန်းစားတိုက်ပွဲ ပုံသဏ္ဌာန်ဖြင့် ပေါ်ပေါက်လာတယ်ဆိုတဲ့ အချက်တို့ပဲ ဖြစ်ပါတယ်။

ဒိဋ္ဌဓမ္မကျတဲ့ ဥပဒေသများနဲ့အဲဒီ ဥပဒေသများကို သိစိတ်ရှိရှိ လက်တွေ့လုပ်ဆောင်ဖို့တင်ပြတဲ့ မတ်ရဲ့တင်ပြချက်များကို တချို့သမိုင်းဆရာများက ပြဋ္ဌာန်းခံဝါဒလို့ တစ်မျိုး၊ သယံဇာတ ဝါဒလို့တစ်မျိုး ခေါ်ခဲ့ကြပါတယ်။ (အမှန်ကတော့ သူတို့အခေါ်ဟာလွဲနေပါတယ်။) လူဟာ အလျင်တုန်းကလည်း အဲဒီ ဥပဒေသတွေကို လိုက်နာခဲ့ရတယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ သိစိတ်မရှိဘဲ လိုက်နာခဲ့ရတာဖြစ်တယ်လို့မတ်က မကြာခဏ ရေးဖူးပါတယ်။ အရင်းရှင်စီးပွားရေးနဲ့အရင်းရှင်လူ့အဖွဲ့အစည်းမှာ ပါဝင်လှုပ်ရှားနေတဲ့ အရာတွေကို မတ်က 'မှားယွင်းသော သိစိတ်' လို့မကြာခဏ ဖော်ပြခဲ့ဖူးပါတယ်။ 'အရင်းရှင်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးတို့၏ ကိုယ်စားလှယ်များ၏စိတ်တွင် ယူဆနေကြသည့် ထုတ်လုပ်ရေး ဥပဒေသများသည် တကယ့် ဥပဒေသများနှင့်များစွာ ခြားနားကြပေသည်' လို့လည်း မတ်ကရေးခဲ့ပါတယ်။

သိစိတ်ရှိသော၊ တော်လှန်သောလှုပ်ရှားမှုရှိရေးနဲ့ စပ်လျဉ်းလို့လည်း မတ်က 'အဘိဓမ္မာဆရာများသည် ကမ္ဘာလောကကြီးကို အနက် အဓိပ္ပာယ်ဖွင့်ရုံသာ ဖွင့်ခဲ့ကြ၏။ အဓိကအချက်မှာ ကမ္ဘာလောကကြီးကို ပြောင်းလဲပစ်ရန် ဖြစ်လေသည်' လို့လည်း ဖူးဝါးဗက်နဲ့ပတ်သက်တဲ့ စစ်တမ်းမှာ ဖော်ပြခဲ့ဖူးပါတယ်။ 'ခေတ်ရှင် လူတန်းစားလက်မှ အရင်းကို တဖြည်းဖြည်းသိမ်းယူရန်၊ ကုန်ထုတ်ကိရိယာများကို နိုင်ငံတော်လက်ထဲသို့ စုပြုံ သိမ်းယူရန်အတွက် ပစ္စည်းမဲ့လူတန်းစားသည် မိမိ၏ နိုင်ငံရေးအာဏာကို အသုံးပြုရပေလိမ့်မည်' လို့လည်း ကွန်မြူနစ်ကြေငြာစာတမ်းမှာ ဖော်ပြခဲ့ပါတယ်။ 'နပိုလီယံ ဘိုနာပတ်ရဲ့ ဒုတိယလ ၁၈ ရက်' ဆိုတဲ့ ကျမ်းမှာလည်း မတ်က 'ရာစုနှစ်ချီကြာခဲ့ပြီဖြစ်သော သမားရိုးကျ အတွေးအခေါ်များကို သိစိတ်ရှိမှုက ဖြိုဖျက်ပစ်ရမည်' လို့ရေးခဲ့ပါတယ်။

အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ မှားယွင်းတဲ့ သိစိတ်ကို ဖျက်သိမ်းပစ်ပြီး စစ်မှန်တဲ့ လူတန်းစားမဲ့ လူ့အဖွဲ့အစည်း သိစိတ်ကို တူထောင်ရမယ့်သူဟာ ပစ္စည်းမဲ့ လူတန်းစား ဖြစ်တယ်လို့မတ်က ယူဆခဲ့ပါတယ်။ ဒါပေမယ့် ၁၈၄၈ခု (ဂျာမနီ)တော်လှန်ရေးတွေ





အရေးရှုံးနိမ့်သွားတဲ့ အခါမှာတော့ မတ်မျှော်မှန်းထားတဲ့ တိုးတက်မှုတွေအတွက် များစွာ အတားအဆီးတွေ ဖြစ်ခဲ့ကြပါတယ်။

၁၉ ရာစုနှစ်ကုန်ခါနီးကာလပိုင်းဟာ စည်ပင်ဝပြောမှုနဲ့ လုံခြုံမှုတို့ရှိတဲ့ ကာလကြီး ဖြစ်ပါတယ်။ ၂၀ ရာစုနှစ်အစကျမှသာလျှင် ခေတ်ပြိုင် သမိုင်းကာလကြီးရဲ့ ကူးပြောင်းမှုဟာ ပြီးဆုံးသွားခဲ့ပါတယ်။ အဲဒီ အချိန်ကိုရောက်တဲ့အခါကျတော့ ဆင်ခြင်တုံတရားရဲ့ အဓိကအလုပ်ဟာ လူကို စိုးမိုးချုပ်ကိုင်နေတဲ့ ဥပဒေသများကို နားလည်ရုံသက်သက်မျှသာ မကတော့ဘဲ လူ့အဖွဲ့အစည်းကြီးကို ပြောင်းလဲပစ်ဖို့ ဖြစ်လာခဲ့ပါပြီ။ မတ်ရဲ့ လက်ထက်တုန်းကတော့ 'လူတန်းစား' ဆိုတဲ့ ဝေါဟာရကို ပီပီပြင်ပြင် သတ်မှတ်ခဲ့ခြင်း မရှိသေးဘဲ စီးပွားရေးအရ ခွဲခြမ်းစိတ်ဖြာပြီး သတ်မှတ် ထားတဲ့ ပညတ်ချက်တစ်ခုပဲ ဖြစ်နေပါတယ်။ ဒါပေမယ့် လီနင်လက်ထက်ကတော့ လူတန်းစားဆိုတာကို ဒီလောက် အလေးမပေးတော့ဘဲ 'ပါတီ' ဆိုတာကို အလေးပေးလာပါတယ်။ သူတို့အဆိုအရ 'ပါတီ' ဟာ လူတန်းစားရဲ့ တပ်ဦးဖြစ်ပြီး လူတန်းစား သိစိတ်ရှိရမယ့် အရာလို့ဆိုပါတယ်။

မတ်တို့လက်ထက်တုန်းက 'သဘောတရား' ဆိုတာ မကောင်းတဲ့အရာ၊ အရင်းရှင်လူ့အဖွဲ့အစည်းက ထုတ်လုပ်ပေးလိုက်တဲ့ မှောက်မှားတဲ့ သိစိတ်လို့ အဓိပ္ပာယ်ထွက်ခဲ့သော်လည်း လီနင်တို့လက်ထက်ကျတော့ သဘောတရားဆိုတာ ကောင်းတဲ့အရာ၊ လူတန်းစားစိတ်ရှိတဲ့ အလုပ်သမား တွေကြားထဲမှာ လူတန်းစားစိတ်အရှိဆုံးခေါင်းဆောင်တွေ ယုံကြည်စွဲမက်တဲ့အရာလို့ အနက်ထွက်လာခဲ့ပါတယ်။ လူတန်းစားစိတ်ရှိရေးဟာလည်း အလိုအလျောက် သူ့ဘာသာသူ ဖြစ်ပေါ်လာတဲ့ အရာမဟုတ်ဘဲ ကိုယ်က ဂရုတစိုက် မွေးမြူရမယ့်အရာလို့ယူဆလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းဆရာနဲ့ ဖရှိုက်

ကျိုးကြောင်းဆင်ခြင်တုံတရားနဲ့စပ်လျဉ်းလို့ကျွန်တော်တို့ခေတ်မှာ နောက်ထပ် အမြင်သစ်တစ်ခုကို ဖြည့်စွက်တင်ပြခဲ့တဲ့ တွေးခေါ်ရှင် တစ်ဦးကတော့ ဆစ်ဂမန် ဖရွိုက်ပါပဲ။ ဒီနေ့ခေတ်မှာ ဖရွိုက်ဟာ နားလည်ရခက်တဲ့ ပုဂ္ဂိုလ်တစ်ဦးလိုဖြစ်နေပါ တယ်။ သူဟာ ပညာသင်ကြားမှုအရရော၊ မျိုးရိုးနောက်ခံအရရော ဆယ့်ကိုးရာစုနှစ် လစ်ဘရယ် ပုဂ္ဂလိကဝါဒီတစ်ဦးဖြစ်တယ်။ လူ့အဖွဲ့အစည်းနဲ့လူပုဂ္ဂိုလ်ကြားမှာ အခြေခံကျတဲ့ ဝိရောဓိတွေ ရှိတယ်ဆိုတဲ့ မှားယွင်းသော်လည်း အများက လက်ခံထား ကြတဲ့ အယူအဆကို ခြွင်းချက်မရှိ လက်ခံသူဖြစ်တယ်။

ဖရွိုက်ဟာ လူကိုလေ့လာရာမှာ ပေါင်းသင်းဆက်ဆံရေး အစုတစ်စုအဖြစ်ထက် ဇီဝဗေဒဆိုင်ရာ အစုတစ်စုဖြစ်တယ်၊ (ပေါင်းသင်းဆက်ဆံရေး သတ္တဝါတစ်ခု မဟုတ်ဘဲ ဇီဝဗေဒဆိုင်ရာ သတ္တဝါတစ်ခု ဖြစ်တယ်)ဆိုတဲ့ အယူအဆကို လက်ခံသူဖြစ်တယ်။ လူမှုအခြေအနေ အားလုံးဟာ လူရဲ့ပြုပြင်ဖန်တီးမှုကြောင့် ပေါ်ပေါက်လာရတာ မဟုတ်ဘဲ သမိုင်းပေးအရ သူ့ဘာသာသူ ပေါ်ထွက်လာခြင်းဖြစ်တယ်လို့ ယူဆသူ ဖြစ်တယ်။

အများနဲ့ဆိုင်တဲ့ လူမှုပြဿနာများကို ပုဂ္ဂလဝါဒီ ရှုထောင့်က ကြည့်မြင် ရကောင်းလားဆိုပြီး သူ့ကို မတ်ဝါဒီများက အပြီတိုက်ခိုက်ကြပြီး ဒီအမြင်ကြောင့် သူ့ကို ဖောက်ပြန်တယ်လို့ပြစ်တင်ဝေဖန်ခဲ့ကြတယ်။ မတ်ဝါဒီတွေရဲ့ တိုက်ခိုက် ဝေဖန်မှုဟာ မူလတုန်းကတော့ တစ်စိတ်တစ်ဒေသ မှန်သင့်သလောက်ပဲမှန်ခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စုမှာ ယခုလက်ရှိ ရှိနေတဲ့ လက်သစ် ဖရွိုက် ဝါဒီ ဂိုဏ်းရဲ့ အယူအဆပေါ်လာတဲ့ အခါကျတော့ မတ်ဝါဒီတွေရဲ့ တိုက်ခိုက်ချက်ဟာ လုံးလုံးလျားလျား မှန်သလို ဖြစ်လာပါတော့တယ်။

အဲဒီဂိုဏ်းသစ်ရဲ့ အယူအဆအရ လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ ကမောက်ကမ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှုတွေ၊ မညီမမျှဖြစ်မှုတွေဟာ လူ့အဖွဲ့အစည်းရဲ့ တည်ဆောက်ပုံကြောင့် မဟုတ်ဘဲ လူတွေရဲ့ပင်ကိုယ် အတွင်းသန္တာန် ကိုယ်နှိုက်က ပါလာတဲ့ ဗီဇကြောင့်ဖြစ်တဲ့အတွက် လူပုဂ္ဂိုလ်ကို လူ့အဖွဲ့အစည်းနဲ့သင့်တင့်ညီမျှအောင် လုပ်ပေးရေးကိစ္စဟာ စိတ္တဗေဒဆိုင်ရာ အလုပ်(စိတ်ပညာရဲ့အလုပ်)လို့သူတို့က ယူဆခဲ့ကြတာကိုး။

ဖရွိုက်ကိုတိုက်ခိုက်ဝေဖန်တဲ့ တခြားအချက် တစ်ချက်လည်း ရှိသေးတယ်။ အဲဒါကတော့ ဖရွိုက်ဟာ လူ့ကိစ္စတွေမှာ ဆင်ခြင်တုံတရားမဲ့မှုကို အလွန်အကြူးအလေးတင်းလွန်းတယ်ဆိုတဲ့ အချက်ပါပဲ။ ဒီတစ်ချက်တော့ တော်တော်ကို မှားယွင်းတဲ့ စွဲချက်ဖြစ်ပါတယ်။ လူ့ရဲ့အပြုအမူဟာ ဆင်ခြင်တုံတရားမဲ့တယ်ဆိုတဲ့ အချက်ကို အသိအမှတ်ပြုတာကို သူတို့က ဆင်ခြင်တုံတရားကို ကိုးကွယ်ဆည်းကပ်တယ်ဆိုတဲ့အထိ ဗလုံးဗထွေးနဲ့ကောက်ချက်ချပစ်လိုက်တဲ့အတွက် ဒီစွပ်စွဲချက် ပေါ်လာခြင်းဖြစ်ပါတယ်။

ဟုတ်ပါတယ်။ ဒီနေ့အင်္ဂလိပ်စကားပြောတိုင်းပြည်များမှာ ဆင်ခြင်တုံတရားမဲ့မှုကို ကိုးကွယ်ဆည်းကပ်တဲ့ အယူအဆ (ဆင်ခြင်တုံတရားရဲ့အခန်းကဏ္ဍ၊ ဆင်ခြင်တုံတရားရဲ့စွမ်းအားတွေ ယုတ်လျော့လာပြီး လောကကြီးမှာ ဆင်ခြင်တုံတရားရယ်လို့ မရှိကြတော့ဘူးဆိုတဲ့ အယူအဆ)ဟာ ဒီနေ့ခေတ်စားနေတဲ့ အဆိုးမြင်ဝါဒနဲ့ အလွန်အကျွံ သမားရိုးကျဝါဒတို့ရဲ့ အစိပ်အပိုင်းတစ်ခုဖြစ်နေလေတော့ ပြောစရာဖြစ်နေတာပေါ့။ (ဒီအကြောင်းကို နောက်မှ ကျွန်တော် ထပ်ပြောပါ့မယ်။) ဒါပေမယ့် ဒီလိုဖြစ်လာတာဟာ ဖရွိုက်ရဲ့အယူအဆကြောင့် မဟုတ်ပါဘူး။ မဟုတ်တဲ့အပြင် ဖရွိုက်ဟာ ဆင်ခြင်တုံတရားကို လုံးဝ ယုံကြည်အားထားတဲ့ ရှေးဟောင်း ဆင်ခြင်တုံတရားဝါဒီတစ်ဦး ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အသိပညာနဲ့နားလည်မှုကို သိစိတ်ရှိမှုနဲ့ဆင်ခြင်တုံတရားနဲ့အညီ စူးစမ်းမှုဖြစ်အောင်တောင် တိုးချဲ့ပေးခဲ့ပါသေးတယ်။ ဒီလို လုပ်လိုက်ခြင်းဟာ ဆင်ခြင်တုံတရားရဲ့နယ်ပယ်ကို တိုးချဲ့ပေးလိုက်ခြင်းဖြစ်ပါတယ်။ လူနဲ့ပတ်ဝန်းကျင်ကို ပိုမိုသိရှိနားလည်အောင် လုပ်ပေးလိုက်ခြင်းဖြစ်ပါတယ်။ ဒီအချက်မှာဖြင့် ဖရွိုက်ရဲ့ ဖြည့်ဆည်းချက်ဟာ တော်လှန်တိုးတက်တဲ့ သဘောကိုတောင် ဆောင်နေပါသေးတယ်။ ဒီနေရာမှာတော့ ဖရွိုက်ဟာ ကားလ်မတ်ကို ဆန့်ကျင်ခြင်းပြုရာ မရောက်တဲ့အပြင် ထောက်ကူဖြည့်စွမ်းပေးရာတောင် ရောက်ပါသေးတယ်။

ဖရွိုက်ဟာ ပုံသေဖြစ်ပြီး ပြောင်းလဲခြင်းမရှိတဲ့ လူ့သဘာဝစရိုက်ကို သူကိုယ်တိုင် ကျော်လွှန်ခြင်းမပြုနိုင်ပေမယ့် လူ့အပြုအမူရဲ့ အရင်းအမြစ်တွေကို သိနားလည် ရေးမှာ ကျွန်တော်တို့အတွက် လက်နက်ကိရိယာကောင်းတွေကို ပေးခဲ့တယ်။ ဒီနည်းအားဖြင့် ဆင်ခြင်တုံတရားရဲ့ဖြစ်စဉ်များကို ဖြတ်သန်းပြီး လူဟာ မိမိတို့ရဲ့ အပြုအမူများကို





သိစိတ်ရှိရှိနဲ့ပြောင်းလဲပြုပြင်နိုင်တယ်လို့ယူဆခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ဒီအဓိပ္ပာယ်နဲ့ ကြည့်ရင် ဖရွိုက်ဟာ ခေတ်ပြိုင်ကမ္ဘာနဲ့သာ သက်ဆိုင်တယ်၊ ခေတ်မီနေတယ်လို့တောင် ပြောလို့ရပါတယ်။

သမိုင်းဆရာအနေနဲ့ကြည့်ရင် ဖရွိုက်ဟာ အချက်နှစ်ချက်ကြောင့် အထူးအရေးကြီးနေပါတယ်။ ပထမအချက်အားဖြင့် လူတွေရဲ့ ပြုမူ ဆောင်ရွက်ချက်များဟာ သူတို့ရဲ့ ရည်ရွယ်ချက်များကို တည်မှီ၍ ပေါ်ထွက်လာခြင်းဖြစ်တယ်ဆိုတဲ့ သမားရိုးကျအစွဲကို အသုဘခေါင်းထဲထည့်ပြီး နောက်ဆုံးသံချက်ကို ရိုက်ခဲ့လို့ပါပဲ။ ဒီအချက်ဟာဖြင့်ရင် အရေးကြီးတဲ့ အဖျက်သဘောဆောင်တဲ့ အောင်မြင်မှုကြီးပါပဲ။

ဖရွိုက်ဟာ သမိုင်းမှာရှိတဲ့ ကြီးကျယ်ထင်ရှားသူ ပုဂ္ဂိုလ်များရဲ့အပြုအမူများကို စိတ်သရုပ်ခွဲ ပညာနည်းနဲ့သရုပ်ခွဲပြနိုင်ခဲ့တယ်လို့ သူ့နောက်လိုက်များက ပြောကြပေမယ့် ဒီအချက်ကို ကျွန်တော် သဘောမတူချင်ဘူး။ စိတ်သရုပ်ခွဲပညာဆိုတာဟာ စစ်ဆေးမေးမြန်းခံရတဲ့ လူနာကို ပြန်လှန်မေးခွန်းထုတ်တဲ့ ပညာရပ်တစ်ခုပဲ။ ကွယ်လွန်ပြီးသူ (သမိုင်းဝင် ပုဂ္ဂိုလ်များ)ကို ပြန်လှန်မေးခွန်းထုတ်လို့ရတဲ့ ကိစ္စမှ မဟုတ်တာ။

ဒုတိယအချက်အားဖြင့် ဖရွိုက်ဟာ သမိုင်းဆရာကို သူ့ကိုယ်သူ ပြန်လှန် စစ်ဆေးကြည့်ဖို့၊ သမိုင်းမှာသူရောက်နေတဲ့အနေအထားကို စစ်ဆေးကြည့်ဖို့တိုက်တွန်း ခဲ့တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ သမိုင်းဆရာဟာ သမိုင်းကိုပြုစုရာမှာ ဘယ်ဦးတည်ချက်ကိုရွေးသလဲ၊ ဘယ်ခေတ်ကို ရွေးသလဲ၊ ဘယ်အချက်တွေကို ဘယ်လိုရွေးပြီး၊ ဘယ်လို အနက်အဓိပ္ပာယ်ဖွင့်သလဲ ဆိုတာတွေကို စေ့ဆော်နေတဲ့ သမိုင်းဆရာရဲ့ရည်ရွယ်ချက်၊ သမိုင်းဆရာရဲ့ ရှုထောင့်ကိုပြဋ္ဌာန်းတဲ့ သမိုင်းဆရာ ရဲ့မျိုးရိုးနဲ့လူမှုရေးနောက်ခံ၊ သမိုင်းရဲ့ အတိတ် ရှုမြင်ချက်ကို ပုံသွင်းပေးခဲ့တဲ့ သမိုင်းဆရာရဲ့ အနာဂတ်နဲ့ဆိုင်တဲ့ ရှုမြင်ချက် စတာတွေကိုလည်း စစ်ဆေးဖို့ဖရွိုက်က သမိုင်းဆရာကိုတိုက်တွန်းခဲ့ပါတယ်။ ဒီနည်းအားဖြင့် ဖရွိုက်ဟာ ကားလ်မတ်ရဲ့ အယူအဆကို ထောက်ခံဖြည့်စွက်ပေးသလို ဖြစ်ခဲ့ပါတယ်။

သမိုင်းဆရာဟာ လူ့အဖွဲ့အစည်း အပြင်မှာရပ်နေတဲ့၊ သမိုင်းရဲ့အပြင်ဘက်မှာ ရပ်နေတဲ့ သီခြားကင်းလွတ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့သူ့ကိုယ်သူ ထင်နေရအောင် သမိုင်းအကြောင်းပြချက် မရှာသင့်ဘူးလို့ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ ခေတ်ဟာ ကိုယ့်ကိုယ်ကို သိစိတ်ရှိတဲ့ ခေတ်ကြီး မဟုတ်လား။ သမိုင်းဆရာဟာ သူဘာလုပ်နေတယ်ဆိုတာကို သိနိုင်ရမှာပေါ့။ သိလည်းသိသင့်တာပေါ့။

ဆင်ခြင်တုံတရားရဲ့လုပ်ဆောင်ချက်နဲ့ စွမ်းအားနယ်ပယ်သစ်တွေကို တိုးချဲ့လာတာကို ခေတ်ပြိုင် ကမ္ဘာလို့ကျွန်တော်ခေါ်ချင်ပါတယ်။ ဒီတော့ အဲဒီခေတ်ပြိုင် ကမ္ဘာကြီးကို ကူးပြောင်းနေတဲ့ကာလဟာ အဆုံးမသတ်သေးပါဘူး။ ဒီပြောင်းလဲမှု



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ တော်လှန်တဲ့ပြောင်းလဲမှုကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နှစ်ဆယ်ရာစု ခေတ်ကြီးဟာ အဲဒီပြောင်းလဲမှုကြီးကို ဖြတ်သန်းလို့နေပါတယ်။ ဒီတော့ အဲဒီ ကူးပြောင်းရေးကာလရဲ့ အဓိကကျတဲ့ လက္ခဏာချက်တွေကို ကျွန်တော်စစ်ဆေးကြည့် ချင်ပါတယ်။

ကဲ. . . ဘောဂဗေဒကစပြီး စစ်ဆေးကြည့်ရအောင်။ ၁၉၁၄ ခုနှစ်ကို ရောက်သည်အထိ ဘောဂဗေဒရဲ့ နိယာမများဟာ ဒိဋ္ဌဓမ္မကျပါတယ်။ လူတွေနဲ့ လူမျိုးတွေရဲ့ စီးပွားရေး အပြုအမူများကို အဲဒီနိယာမက ပြဋ္ဌာန်းတယ်။ ဒီနိယာမတွေကို ဆန့်ကျင် အန်တုတာနဲ့အမျှ လူတွေရဲ့ အကျိုးစီးပွားတွေဟာပျက်သုဉ်း ရတယ်ဆိုတဲ့ အယူအဆဟာ အင်မတန်ကို ခိုင်မာခဲ့ပါတယ်။

ခုအချိန်ထိလည်း ဒီအယူအဆတွေဟာ ကျန်ရှိနေဆဲပါ။ ကုန်သွယ်မှုသံသရာ စက်ဝိုင်းတွေ၊ ဈေးနှုန်းမတည်မငြိမ်ဖြစ်မှုတွေ၊ အလုပ်လက်မဲ့ ဖြစ်မှုတွေကို ဒီနိယာမ တွေကပဲ ပြဋ္ဌာန်းနေတုန်းပါပဲ။ ၁၉၃၀ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဆိုက်ချိန် မှာလည်း ဒီအမြင်ဟာ အသာစီးရတုန်းပါပဲ။ ဒီနောက်မှာတော့ အကြောင်းချင်းတ တွေဟာ လျင်မြန်စွာပြောင်းလဲလာခဲ့ကြတယ်။

၁၉၃၀ ပြည့်လွန် နှစ်များတစ်ဝိုက်ကျတော့ လူတွေဟာ 'ဘောဂဗေဒ လူသား' ကို အဆုံးသတ်ရမယ်လို့ပြောလာခဲ့ကြတယ်။ 'ဘောဂဗေဒ လူသား' ဆိုတာကတော့ ဘောဂဗေဒရဲ့ နိယာမများနဲ့အညီ မိမိတို့စီးပွားရေး အကျိုးစီးပွားများကို လိုက်လံ ရှာဖွေနေကြတဲ့ လူသားကို ဆိုလိုတာပါ။ အဲဒီ နောက်မှာတော့ ၁၉ရာစုနှစ်ထဲမှာ အိပ်ပျော်ကျန်ရစ်ခဲ့တဲ့ ရစ်ဗင်းဝင်ကဲလို လူမျိုးအချို့ကလွဲလို့ ဘောဂဗေဒ နိယာမများကို ယုံကြည်တဲ့ လူရယ်လို့သိပ်မရှိတော့ပါဘူး။

ဒီနေ့ခေတ်မှာဆိုရင်တော့ ဘောဂဗေဒဆိုတာဟာ သဘောတရားရေးရာအရ တွက်ချက်ထားတဲ့ သချာညီမျှခြင်းတွေအဖြစ်လောက်ပဲ ကျန်ပါတော့တယ်။ ဒါမှ မဟုတ်ရင်လည်း တစ်ယောက်ကိုတစ်ယောက်တွန်းထိုးပြီး အပြိုင်အဆိုင် လုပ်နေ ကြတာကိုလေ့လာတဲ့ပညာရပ်အဖြစ်လောက်ပဲ သဘောထားကြပါတော့တယ်။

ဒီလို ပြောင်းလဲလာတာကတော့ ပုဂ္ဂလိက အရင်းရှင်စနစ်ကနေပြီး အကြီးအကျယ် ထုတ်လုပ်တဲ့ အရင်းရှင်စနစ်ကို ပြောင်းလဲလာခဲ့တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းပိုင်ရှင်၊ ပုဂ္ဂလိက ကုန်သည်တွေ လွှမ်းမိုးနေသမျှ ကာလပတ်လုံး စီးပွားရေးကို ဘယ်သူမှ ချုပ်ကိုင်ထားနိုင်စွမ်း မရှိဘူးလို့ထင်ရပါတယ်။ ဒါမှမဟုတ်ရင် လည်း စီးပွားရေးကို ထိရောက်စွာ ညွှန်ကြားမပေးနိုင်ဘူးလို့ထင်ရပါတယ်။

ဒီမှာတင် ပုဂ္ဂိုလ်မဆန်တဲ့ နိယာမတွေ၊ ဖြစ်စဉ်တွေရှိတယ်လို့ယုံကြည် လာကြတော့တာပါပဲ။ တခြားကိုမကြည့်နဲ့။ အဲဒီခေတ်တုန်းက အလွန်အရိုန် ညွှန်ကြား





ကြီးတဲ့ အင်္ဂလန်ဘဏ်တိုက်ကြီးကိုတောင်မှပဲ ကျွမ်းကျင်တဲ့ မောင်းနှင်ရေးအား၊ ချုပ်ကိုင်ရေးအား တစ်ခုလို့မထင်ကြတော့ဘဲ ဖြစ်ပေါ်နေတဲ့ ဘောဂဗေဒ တိမ်းညွှတ်မှု အမျိုးမျိုးကို မှတ်တမ်းတင်ပေးတဲ့ ဒိဋ္ဌဓမ္မကျတဲ့ မှတ်တမ်းတင်ဌာနကြီး၊ အလိုအလျောက် မှတ်တမ်းတင် ဌာနကြီးလို့ ယူဆခဲ့ကြသေးတယ်။

ဒါပေမယ့် လွတ်လပ်တဲ့အသေးစား စီးပွားရေးကနေပြီး စီမံခန့်ခွဲမှုရှိတဲ့ စီးပွား ရေးစနစ် (စီမံခန့်ခွဲမှုရှိတဲ့ အရင်းရှင် စီးပွားရေးစနစ်ကိုပဲ ဖြစ်ဖြစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ကိုပဲဖြစ်ဖြစ်၊ ပုဂ္ဂလိက စီမံခန့်ခွဲတာကိုပဲဖြစ်ဖြစ်၊ နိုင်ငံတော်က စီမံ ခန့်ခွဲတာကိုပဲဖြစ်ဖြစ်၊ ဘယ်သင်းကိုမဆို အားလုံးကို ဆိုလိုတာပါ။) ကို ကူးပြောင်း လာတဲ့အခါကျတော့ စောစောကပြောခဲ့တဲ့ အယူအဆတွေဟာ ပျောက်ကွယ်သွားကြ ပါတယ်။ ဒီအခါကျတော့မှ အချို့သောလူများဟာ အချို့သော ရည်ရွယ်ချက်များ အတွက် အချို့သော ဆုံးဖြတ်ချက်များကို ချမှတ်နေကြပါကလား၊ အဲဒီ ဆုံးဖြတ်ချက် များဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးလမ်းကြောင်းကို ဖန်တီးနေကြတာ ဖြစ်ပါကလား ဆိုတာ ထင်ရှားစွာ သဘောပေါက်ခဲ့ကြပါတယ်။

ရေနံဈေးနှုန်းပဲဖြစ်ဖြစ်၊ ဆပ်ပြာဈေးနှုန်းပဲ ဖြစ်ဖြစ် ဈေးနှုန်းတွေ အတက်အကျ ပြောင်းလဲနေကြတာတွေဟာ ရောင်းလိုအားနဲ့ ဝယ်လိုအားတို့ရဲ့ နိယာမတွေ အတိုင်း ဖြစ်ပျက်နေတာ မဟုတ်ဘူးဆိုတာကို ဒီနေ့ခေတ်မှာ လူတိုင်းရှင်းလင်းစွာ မြင်နေ ကြရပါပြီ။ စီးပွားရေးကပ်တွေဆိုက်တာ၊ အလုပ်လက်မဲ့တွေ ဖြစ်တာဟာ လူကလုပ်လို့ ဖြစ်တယ်ဆိုတာ လူတိုင်းသိနေကြပါပြီ။ ဒါမှမဟုတ် သိတယ်လို့ ထင်နေကြပါပြီ။ အစိုးရများကလည်း ဒီအချက်ကို လက်ခံပြီး ဒီပြဿနာတွေကို သူတို့ကုသ ဖြေရှင်း နိုင်တယ်လို့တောင် ပြောနေကြပါပြီ။

စီးပွားရေးမှာ လွတ်လပ်တဲ့စီးပွားရေးစနစ်ကနေပြီး စီမံကိန်းကျ စီးပွားရေးကို ပြောင်းနေပါပြီ။ မသိစိတ်ကနေပြီး ကိုယ့်ကိုယ်ကို သိစိတ်ကို ပြောင်းနေကြပါပြီ။ ဒိဋ္ဌဓမ္မကျတဲ့ စီးပွားရေး နိယာမများကို ယုံကြည်ရာကနေပြီး လူဟာမိမိကိုယ်တိုင်ရဲ့ လုပ်ဆောင်ချက်ဖြင့် စီးပွားရေး ကံကြမ္မာကို ပြောင်းလဲနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကို ကူးပြောင်းနေပါပြီ။ လူမှုရေးပေါ်လစီဟာ စီးပွားရေးပေါ်လစီနဲ့အတူတူလက်တွဲပါပြီ။ အမှန်ကတော့ စီးပွားရေးပေါ်လစီဟာ လူမှုရေးပေါ်လစီထဲကို ကူးပြောင်း ရောယှက် လို့တောင် သွားပါပြီ။

ဒီနေရာမှာ ၁၉၁၀ ပြည့်နှစ်က ထုတ်ဝေခဲ့တဲ့ ကိန်းဗရစ်ခေတ်သစ်သမိုင်းကျမ်းထဲ စာလေးတစ်ပိုဒ်ကို ကိုးကားပြလိုက်ချင်ပါတယ်။ ဒီစာပိုဒ်ကိုရေးတဲ့ ပုဂ္ဂိုလ်ဟာ မတ်ဝါဒီတစ်ယောက်မဟုတ်တဲ့အပြင် လီနင်ကိုတောင် ကြားခဲ့ဖူးဟန် မတူပါ။ သူရဲ့ စာပိုဒ်ဟာ အလွန်ရှင်းလင်းတဲ့စာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


'လူ၏ သိစိတ်ရှိသော'အားထုတ်ကြိုးပမ်းမှုဖြင့် လူမှုပြောင်းလဲမှုများကို ပြုလုပ်နိုင်သည်ဟူသော အယူအဆသည် ဥရောပအတွေးအခေါ်တွင် လွှမ်းမိုးနေသော ရေစီးကြောင်းဖြစ်သည်။ ထိုယုံကြည်ချက်က လွတ်လပ်မှုသည် မောင်းနှင်ရေး အင်အားစုဖြစ်သည်ဆိုသည့် ယုံကြည်ချက်ကို ကျော်လွှားသွားခဲ့လေပြီ။ . . .ပြင်သစ်တော်လှန်ရေး ကာလအတွင်းက လွတ်လပ်မှုဆိုသော ယုံကြည်ချက်ခေတ်စားခဲ့သကဲ့သို့ ထိုအတွေးအခေါ် သည်လည်း လက်ရှိအချိန်တွင် ခေတ်စားလာပေတော့မည်' လို့ ရေးသားထားပါတယ်။ ။



## ဆင်ခြင်တုံတရား တော်လှန်ရေး

ဒီစာပိုဒ်ကိုရေးပြီး အနှစ်ငါးဆယ်အကြာ၊ ရုရှတော်လှန်ရေးကြီး ဖြစ်ပြီးလို့ အနှစ်လေးဆယ်ကျော်အကြာ၊ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဖြစ်ပြီးလို့အနှစ်သုံးဆယ်ကျော် အကြာဖြစ်တဲ့ ဒီနေ့အချိန်မှာတော့ အထက်ဖော်ပြပါ အယူအဆကိုအားလုံးက လက်ခံနေကြပါပြီ။ လူတွေရဲ့ ထိန်းချုပ်မှုနဲ့ကင်းလွတ်တဲ့ ဒိဋ္ဌဓမ္မကျတဲ့စီးပွားရေး ဥပဒေသများကို လိုက်နာနေကြရတယ်ဆိုတဲ့ အယူအဆကနေပြီး လူဟာ မိမိရဲ့ စီးပွားရေး ကံကြမ္မာကို သိစိတ်ရှိစွာနဲ့ထိန်းချုပ်နိုင်တဲ့စွမ်းအား ရှိပြီဆိုတဲ့ အယူအဆကို ပြောင်းလဲလက်ခံလာခဲ့ကြပါပြီ။

ဒီလိုပြောင်းလဲလက်ခံလာခြင်းဟာ လူ့မှုကိစ္စတွေမှာ ဆင်ခြင်တုံတရားကို ထင်ဟပ်ကျင့်သုံးမှုတိုးတက်လာတဲ့သဘောဆောင်နေတယ်လို့ ကျွန်တော်ယူဆပါတယ်။ လူဟာ သူကိုယ်တိုင်နဲ့ သူ့ပတ်ဝန်းကျင်ကိုနားလည်မှုစွမ်းအား၊ ချုပ်ကိုင်နိုင်မှု စွမ်းအား ပိုမိုလာတယ်ဆိုတဲ့ သဘောပဲလို့ ယူဆပါတယ်။ ဒါကို ရှေးတုန်းက သုံးခဲ့တဲ့ စကားလုံးနဲ့ပြောရရင် တိုးတက်မှုပဲလို့ ကျွန်တော် ပြောချင်ပါတယ်။

အခြားသော ပညာရပ်ဆိုင်ရာ နယ်ပယ်များမှာလည်း ဒီလိုတိုးတက်ပြောင်းလဲလာတာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် နေရာမရှိတဲ့ အတွက် ဒီအကြောင်းတွေကိုတော့ အသေးစိတ်မပြောတော့ပါဘူး။ တခြားကိုမကြည့်နဲ့။ သိပ္ပံပညာရပ်တွေမှာတောင်မှပဲ ဒိဋ္ဌဓမ္မကျတဲ့ သဘာဝနိယာမ တရားတွေကို စူးစမ်း လေ့လာပြီး ဒါဟာဖြင့်နိယာမဖြစ်တယ်လို့ကံသေကံမ မပြောတော့ဘဲ အလုပ်လုပ်လို့ရနိုင်တဲ့ အခြေခံမှန်းဆချက် အဖြစ်လောက်ပဲ လက်ခံကြပါတော့တယ်။

လူဟာမိမိပတ်ဝန်းကျင်ကိုပြောင်းလဲပစ်ဖို့၊ မိမိအကျိုးအတွက် သဘာဝကို ဖက်ကြိုးတပ်နိုင်ဖို့အတွက် ဒီလိုပဲ သိပ္ပံပညာအခြေခံမှန်းဆချက်တွေနဲ့ အစပြုခဲ့ရတာပါပဲ။ ဒါတင်မကဘူး၊ လူဟာ သူ့ကိုယ်သူကိုရော၊ ပတ်ဝန်းကျင်ကိုရော ပြောင်းလဲ


www.burmeseclassic.com

www.burmeseclassic.com

ပစ်ဖို့အတွက် သူ့ရဲ့ဆင်ခြင်တုံတရားကို သိစိတ်ရှိရှိနဲ့ အသုံးပြုလေ့ကျင့်ခဲ့တယ်ဆိုတဲ့ အချက်ဟာလည်း အလွန်အရေးကြီးပါတယ်။

၁၈ ရာစုနှစ်ကုန်ခါနီးမှာ သူ့ရဲ့မော်ကွန်းထိုးလောက်တဲ့ကျမ်းတစ်စောင်ထဲမှာ **'မဲလ်သတ်စ်'**[1] ကလူဦးရေနဲ့ပတ်သက်တဲ့ ဒိဋ္ဌဓမ္မကျတဲ့ နိယာမများကို ထုထောင်ဖို့ ကြိုးစားခဲ့ပါတယ်။ အဒမ်စမစ်ရဲ့ ဈေးကွက်နိယာမလိုပဲ သူ့ရဲ့ အဲဒီနိယာမကို ထုထောင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့အချိန်မှာတော့ ဒီလို ဒိဋ္ဌဓမ္မကျတဲ့ နိယာမတွေကို ဘယ်သူကမှ အယုံအကြည် မရှိကြတော့ပါဘူး။ လူဦးရေ ကန့်သတ်ရေး ကိစ္စဟာ ဆင်ခြင်တုံတရားနဲ့ သိစိတ်ရှိတဲ့ လူမှုရေး ပေါ်လစီ တစ်ခုဖြစ်နေပါပြီ။

ကျွန်တော်တို့ခေတ်မှာ လူ့ရဲ့ လုံ့လဝီရိယနဲ့လူ့သက်တမ်းကို ရှည်အောင် လုပ်တာမျိုးကို တွေ့နေရပါပြီ။ ကျွန်တော်တို့လူဦးရေရဲ့ မျိုးဆက်တွေ အချင်းချင်း ကြားထဲမှာ ချိန်ခွင်ညှာညီအောင် လုပ်တာမျိုးကိုတွေ့နေရပါပြီ။ လူ့ရဲ့အပြုအမူကို ပြောင်းလဲစေဖို့အတွက် မူးယစ်ဆေးတွေကို သုံးတာမျိုးကို တွေ့နေရပါပြီ။ လူ့ရဲ့ အသွင်သဏ္ဌာန်ကိုပြောင်းလဲစေတဲ့ ခွဲစိတ်မှုမျိုးတွေကို ကျွန်တော်တို့ တွေ့နေရပါပြီ။ ကျွန်တော်တို့မျက်စိ ရှေ့မှောက်မှာတွင်ပဲ လူနဲ့လူ့အဖွဲ့အစည်းဟာ ပြောင်းလဲသွားပြီး လူ့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ပြောင်းလဲခဲ့တာကို မြင်ခဲ့ကြရပါပြီ။ ဒါပေမယ့် ပြောင်းလဲမှုတွေထဲမှာ အထူးခြားဆုံး၊ အထင်ရှားဆုံးကတော့ ခေတ်သစ်ပညာ သင်ကြားရေးနဲ့ခေတ်သစ်စည်းရုံးသိမ်းသွင်းမှု နည်းတွေကြောင့် ရရှိလာခဲ့တဲ့ပြောင်းလဲမှုတွေပါပဲ။

ဒီနေ့ခေတ်မှာ ပညာပေးသူများဟာ လူ့အဖွဲ့အစည်းကြီးကို သူတို့လိုချင်တဲ့ ပုံသဏ္ဌာန်အတိုင်း ပြောင်းလဲလာအောင် သိစိတ်ရှိရှိနဲ့ကြိုးပမ်းအားထုတ်နေကြပါတယ်။ အဲဒီ လူ့အဖွဲ့အစည်းနဲ့ကိုက်ညီတဲ့ သဘောထားတွေ၊ သစ္စာစောင့်သိမှုတွေ၊ ထင်မြင်ချက်တွေ ပေါ်ပေါက်ရရှိ လာအောင် နောက်တက်လာမယ့် မျိုးဆက်တွေကို လမ်းညွှန်သင်ကြားပေးနေကြပါတယ်။ ဆင်ခြင်တုံတရားနဲ့အညီ စီမံကိန်းချထားတဲ့ လူမှုပေါ်လစီ တစ်ခုမှာ ပညာရေးပေါ်လစီဟာ အဓိကကျတဲ့ အခန်းက ပါနေပါတယ်။

လူ့အဖွဲ့အစည်းအတွင်းမှာ မှီတင်းနေထိုင်တဲ့ လူသားအဖို့ဆင်ခြင်တုံတရားရဲ့ အဓိက လုပ်ငန်းတာဝန်ဟာ စူးစမ်းလေ့လာခြင်း သက်သက် မဟုတ်တော့ပါဘူး။ လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့မိမိရဲ့လူမှုရေး၊ စီးပွားရေးနဲ့နိုင်ငံရေး ပြဿနာများကို စီမံကွပ်ကဲဖို့အတွက် လူ့ရဲ့စွမ်းအား ဘယ်လောက်ကြီးမားတယ်ဆိုတာကို သိရှိလာခြင်းဟာ နှစ်ဆယ်ရာစုနှစ် တော်လှန်ရေးရဲ့ အဓိကကျတဲ့ အချက်ကြီး တစ်ချက်လို့ကျွန်တော်ထင်ပါတယ်။

ဒီလို ဆင်ခြင်တုံတရားဟာ တိုးတက်ဖွံ့ဖြိုး ကျယ်ပြန့်လာခြင်းဟာ အရင် ပို့ချချက်

1. Malthus





များတုန်းက ကျွန်တော်ပြောခဲ့တဲ့ 'တစ်သီးပုဂ္ဂလဆန်မှု' ဆိုတဲ့ ဖြစ်စဉ်ကြီးရဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါတယ်။ 'ပုဂ္ဂလိက ဆန်မှု' ဆိုတာ လူအသီးသီးဟာ ကျွမ်းကျင်မှုချင်း ကွဲပြားကြတယ်။ အလုပ်အကိုင်ချင်းကွဲပြားခြားနားပြီး ထွေပြား ကြတယ်။ အခွင့်အလမ်းချင်း ကွဲပြားကြတယ်ဆိုတဲ့ သဘောကိုပြောတာပါ။ ဒါဟာ တိုးတက်နေတဲ့ ယဉ်ကျေးမှုရဲ့ မပါမပြီးတဲ့ အရာတွေဖြစ်တယ်။

စက်မှုတော်လှန်ရေးကြီးကြောင့် ပေါ်ထွက်လာတဲ့ အရေးကြီးဆုံး၊ လူမှု အကျိုးသက်ရောက်မှုကတော့ ကိုယ်တိုင်ကြံဆ၊ ကိုယ်တိုင်စဉ်းစား ဆင်ခြင်တတ်တဲ့ လူဦးရေ အရေအတွက် များပြားလာခြင်းပါပဲ။ ဗြိတိန်မှာတော့ ကျွန်တော်တို့ အင်္ဂလိပ်လူမျိုးရဲ့ စရိုက်ကိုက ဖြည်းဖြည်းညင်းညင်း ပြောင်းလဲတတ်တဲ့ အကျင့်ရှိနေတဲ့အတွက် ဒီ ပြောင်းလဲမှုဟာ သိပ်ပြီးတော့သိသိသာသာ မရှိလှပါဘူး။ ကျွန်တော်တို့ဟာ လူတိုင်း အခြေခံပညာ မသင်မနေရစနစ်ကို ပြဋ္ဌာန်းခဲ့တာ ရာစုနှစ်တစ်ခုလောက်ရှိသွားပေမယ့် ဒီလောက်နဲ့ပဲရပ်ပြီး ကျေနပ်နေကြပါတယ်။ လူတိုင်းအထက်တန်းပညာ မသင် မနေရ အဆင့်ကိုမရောက်လာသေးပါဘူး။ ကျွန်တော်တို့က ရှေ့ရောက်ပြီး ကမ္ဘာကြီးကို ခေါင်းဆောင် နေနိုင်တုန်းမှာတော့ ဒါဟာ သိပ်ပြီးတော့ အရေးမကြီးလှသေးပါဘူး။ ဒါပေမယ့် ဒီပြင့်လူမျိုးတွေက ကျွန်တော်တို့ကို အမီလိုက်လာကြပြီး ရှေ့ကို အပြင်း ချီတက်နေချိန်မျိုးမှာတော့ ဒီကိစ္စဟာ ကျွန်တော်တို့အတွက် အရေးကြီးလာပါပြီ။

စက်မှုနည်းပညာပြောင်းလဲမှုတွေကြောင့် ဒီပြင့်လူမျိုးတွေရဲ့ခြေလှမ်းက ခပ်မြန်မြန် ခပ်စိပ်စိပ်ဖြစ်လာပြီဆိုရင်တော့ ဒီအချက်ဟာ အရေးကြီး လာပါပြီ။ ဘာဖြစ်လို့ လည်းဆိုတော့ လူမှုတော်လှန်ရေးတို့၊ စက်မှုနည်းပညာတော်လှန်ရေးတို့၊ သိပ္ပံပညာ တော်လှန်ရေးတို့ဆိုတာတွေဟာ ဖြစ်စဉ် တစ်ခုတည်းမှာရှိပြီး တစ်ခုနဲ့တစ်ခု ခွဲလို့ မရတဲ့အရာတွေ ဖြစ်နေလို့ပါပဲ။

'တသီးပုဂ္ဂလဆန်မှု' ဆိုတာကို တခြားမှာမကြည့်ဘဲ ပညာရေးနယ်ပယ် တစ်ခုထဲမှာကြည့်ပါ။ လွန်ခဲ့တဲ့ အနှစ်ငါးဆယ် ခြောက်ဆယ် အတွင်းမှာ ပေါ်ပေါက်ခဲ့တဲ့ သမိုင်းပညာရပ်၊ သိပ္ပံပညာရပ်၊ ဒါမှမဟုတ် တစ်ခုခုသော ပညာရပ်မှာပဲကြည့်လိုက်ပါ။ ပညာရပ် အကိုင်းအခက်တွေ ဘယ်လောက်များပြားလာသလဲ။ သီးခြား အထူးပြု ပညာရပ်တွေဘယ်လောက်များပြားလာသလဲ။ ဒီထက်ထင်ရှားတဲ့ ဥပမာတစ်ခုကို ကျွန်တော် ပြပါဦးမယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်က ဆိုဗီယက်ယူနီယံကို သွားရောက်လည်ပတ်တဲ့ အထက်တန်း ဂျာမန်စစ်အရာရှိကြီးတစ်ဦးကို ဆိုဗီယက် လေတပ်မတော်တည်ဆောက်ရေးဆိုင်ရာ အရာရှိကြီးတစ်ယောက် ပြောလိုက်တဲ့ စကားဟာ တော်တော်မှတ်သားဖို့ကောင်းပါတယ်။

"ကျွန်တော်တို့ရုရှားတွေမှာ ရှေးကျတဲ့၊ ခေတ်နောက်ကျတဲ့ လူ့အင်အားနဲ့



www.burmeseclassic.com

www.burmeseclassic.com



အစပြုခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်တို့လေတပ်ကသုံးမယ့် လေယာဉ်တွေဟာလည်း အဲဒီလို ရှေးကျတဲ့လေယာဉ် မောင်းသမားတွေသာ မောင်းနိုင်တဲ့ လေယာဉ်မျိုးတွေ ဖြစ်ရလိမ့်မယ်။ နောက်ထပ် လူအမျိုး အစားသစ်ကို ကျွန်တော်တို့ ဘယ်လောက် ဖန်တီးမွေးထုတ်နိုင်သလဲဆိုတာကိုကြည့်ပြီး ကျွန်တော်တို့ပစ္စည်းတွေကိုလည်း နည်းပညာဆိုင်ရာ တိုးတက်မှုတွေနဲ့အညီ လုပ်ရမှာပဲ။ လူနဲ့ပစ္စည်းဟာ တစ်ခုကိုတစ်ခု အမှီသဟဲပြုနေကြရတယ်။ ရှေးကျတဲ့၊ ခေတ်နောက်ကျတဲ့ လူသားကို သိပ်ခေတ်မီပြီး ရှုပ်ထွေးဆန်းကြယ်တဲ့ စက်ကိရိယာတွေကို ဘယ့်နှယ်လုပ်ပြီး အကိုင်နိုင်းလို့ရမှာလဲ" လို့သူက ပြောခဲ့တယ်။

မျိုးဆက်ခေတ် တစ်ခေတ်လောက် ကြာလာပြီဖြစ်တဲ့ ဒီနေ့မှာတော့ ရုရှားပစ္စည်းတွေဟာ သိပ်ပြီးခေတ်နောက်မကျတော့ဘူး။ အလားတူပဲ ဒီစက်ပစ္စည်း တွေကို ပုံစံထုတ်၊ တည်ဆောက်မောင်းနှင်နေတဲ့ သန်းပေါင်းများစွာသော ရုရှားများဟာလည်း ခေတ်နောက်ကျတဲ့ လူသားတွေ မဟုတ်ကြတော့ဘူး။ သမိုင်းဆရာတစ်ယောက်အနေ နဲ့တော့ ကျွန်တော်ဟာ ဒုတိယအချက်ဖြစ်တဲ့ လူတွေရဲ့ တိုးတက်မှုကို ပိုပြီးစိတ်ဝင် စားတယ်။ ကုန်ထုတ်လုပ်ရေးကို ဆင်ခြင်တုံတရား နဲ့အညီ ပြုလုပ်ခြင်း ဖြစ်တယ်ဆိုတဲ့ သဘောက လူဟာဆင်ခြင်တုံတရားနဲ့ ပြည့်ဝလာတယ် ဆိုတဲ့သဘောကို ဆိုလိုတာ ပဲဖြစ်တယ်။

ဒီနေ့ကမ္ဘာမှာ ရှေးကျတဲ့လူများဟာ ရှုပ်ထွေးဆန်းကြယ်တဲ့ စက်ကိရိယာများကို ကိုင်တွယ်နေကြပြီ။ ဒီလို ကိုင်တွယ်ကျင့်သုံးရင်း တွေးတောကြံဆတတ်အောင် သူတို့ရဲ့ ဆင်ခြင်တုံတရားကို အသုံးပြုတတ်လာအောင် လေ့ကျင့်သင်ကြားနေပြီ။ တော်လှန်ရေး ခင်ဗျားတို့က လူမှုတော်လှန်ရေးလို့ခေါ်ပြီး ကျွန်တော်တို့က ဆင်ခြင်တုံတရားကို ထုတ်ဖော်ပြသတဲ့ တော်လှန်ရေးကြီးလို့ခေါ်တဲ့အရာဟာ ခု အစပြုနေပြီ။ ဒါဟာ အစပဲရှိသေးတယ်။ ဒီတော်လှန်ရေးကြီးဟာ ရှေ့ကမျိုးဆက်ရဲ့ ဒယီးဒယိုင်ဖြစ်တဲ့ စက်မှုနည်းပညာတိုးတက်မှုနောက်ကနေပြီး ဒယီးဒယိုင် ခြေလှမ်းနဲ့အမီလိုက်နေပြီ။ ဒီအချက်ဟာဖြင့်ရင် ကျွန်တော်တို့နှစ်ဆယ်ရာစု တော်လှန်ရေးကြီးရဲ့ အဓိက လက္ခဏာ ချက်ပဲလို့ကျွန်တော် မြင်ပါတယ်။

မျက်မှောက်ကမ္ဘာမှာ ဆင်ခြင်တုံတရားကို အလေးပေးလွန်းတဲ့အတွက် ဖြစ်ပေါ် လာနိုင်တဲ့ အန္တရာယ်တွေ၊ မသေချာ မရေရာမှုတွေ မရှိဘူးလားလို့မေးရင် ရှိပါတယ်လို့ ဖြေရမှာပဲ။ ဒါတွေကို အသိအမှတ်ပြုဖို့ငြင်းဆိုရင် အဆိုးမြင်ဝါဒတွေ၊ သံသယဝါဒီတွေက ကျွန်တော့်ကို ရပ်တန်းကရပ်ဖို့ဝိုင်းပြောကြမှာပဲ။ ဒါပေမယ့် ဒီလို 'တစ်သီးပုဂ္ဂလ ဆန်မှု' ကြောင့် လူတွေတူညီမှုရှိရမယ်၊ ညီတူညီမျှရှိရမယ်ဆိုတဲ့ လူမှု တောင်းဆိုချက်ကို အားနည်းစေမှာ မဟုတ်ဘူးလို့အရင်ပို့ချချက်တစ်ခုမှာ ကျွန်တော် ပြောခဲ့ပြီးပါပြီ။





တကယ်တော့ ဒီလို တစ်ဖက်က တစ်သီးပုဂ္ဂလ ဆန်ပြီး တခြားတစ်ဖက်မှာ တူညီမှု ရှိရမယ်ဆိုတဲ့ အချက်သည်ပင်လျှင် ကျွန်တော်တို့ရဲ့ ရှုပ်ထွေးတဲ့ ခေတ်သစ် လူ့ အဖွဲ့အစည်းရဲ့ ကမောက်ကမ ဖြစ်မှုပါပဲ။

တစ်သီးပုဂ္ဂလတွေရဲ့ စွမ်းအားများနဲ့အခွင့်အလမ်းများ တိုးချဲ့ကျယ်ပြန့်လာရေးကို ဦးတည်တဲ့ ပညာသင်ကြားခြင်း ကိစ္စဟာ သက်ဆိုင်ရာ စိတ်ဝင်စားသူ အစုများမှာ လူ့အဖွဲ့အစည်းကြီး တန်းတူညီမျှဖြစ်ရေးအတွက်လည်း အလွန်အားကောင်းတဲ့ လက်နက်ကိရိယာကြီး တစ်ခု ဖြစ်နေတယ်မဟုတ်လား။ ရေဒီယိုအသံလွှင့်ချက်တွေ၊ ရုပ်မြင်သံကြားအသံလွှင့်ချက်၊ သတင်းစာအရေးအသားတွေမှာ တာဝန်ရှိရှိ ပြောကြ ရေးကြဖို့မေတ္တာရပ်ခံနေကြတာဟာ တကယ်တော့ မကောင်းတဲ့ အချက်တွေကို ရပ်တန်းကရပ်ဖို့ တောင်းပန်မေတ္တာရပ်ခံနေကြတာပဲ မဟုတ်လား။

ဒီမေတ္တာရပ်ခံချက်တွေရဲ့ ရည်ရွယ်ချက်ကတော့ ရုပ်သံလွှင့်ချက်တွေ၊ သတင်းစာ တွေထဲကနေပြီး လိုလားအပ်တဲ့အမြင်တွေ၊ လိုလားအပ်တဲ့ သဘောထားတွေ ပေါ်ပေါက် အောင် အဲဒီပစ္စည်းကိရိယာတွေကိုသုံးကြဖို့မေတ္တာရပ်နေတာတာပဲ မဟုတ်ဘူးလား။ ဒီလိုမေတ္တာရပ်နေကြတာတွေဟာ လူ့အဖွဲ့အစည်းဝင်တွေကို ပုံသွင်းဖို့၊ အဲဒီ နည်း အားဖြင့်လူ့အဖွဲ့အစည်းကြီးကို ပုံသွင်းဖို့ရည်ရွယ်တဲ့ သိစိတ်ရှိတဲ့၊ ဆင်ခြင်တုံတရားရှိတဲ့ ကြိုးပမ်းချက်တွေပဲ မဟုတ်ဘူးလား။

နောက် အန္တရာယ်တစ်ခုကတော့ စီးပွားရေး ကြော်ငြာသမားတွေနဲ့ နိုင်ငံရေးဝါဒ ဖြန့်ချိသူတွေရဲ့ အန္တရာယ်ဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုမှာဆိုရင် ပြောင်ပြောင်တင်းတင်း၊ အင်္ဂလန်မှာဆိုရင် ကွယ်ကွယ်ဝှက်ဝှက်နဲ့နိုင်ငံရေးပါတီတွေနဲ့ အမတ်လောင်းများဟာ ကြေးစား ကြော်ငြာသမားအတွက် အသုံးပြုနေကြတယ်။ သူတို့ နှစ်မျိုးဟာ ပုံသဏ္ဌာန်အားဖြင့် ခြားနားကြသည့်တိုင် သဘောကတော့ အတူတူပါပဲ၊

ကြေးစား ကြော်ငြာသမားများနဲ့ နိုင်ငံရေးပါတီကြီးများက ဝါဒဖြန့်ချိရေးဌာန အကြီးအကဲများဟာ အလွန်ဉာဏ်ပညာထက်မြက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လေ့ရှိပါတယ်။ သူတို့လုပ်ငန်းတွေ အောင်မြင်ရေးအတွက် ရှိသမျှ အကြံဉာဏ်များကိုထုတ်ပြီး အသုံးချ တတ်သူတွေဖြစ်ပါတယ်။ ဒါပေမယ့် အထက်မှာ ကျွန်တော်ပြောခဲ့တဲ့အတိုင်း ဆင်ခြင်တုံတရားဆိုတာမျိုးဟာ ဒီရည်ရွယ်ချက်မျိုးအတွက် သုံးဖို့တင် မဟုတ်ပါဘူး။ လူ့လောက အကျိုးအတွက် သုံးဖို့ပါ။ 'အသေသဘော' နဲ့သုံးဖို့မဟုတ်ပါဘူး။ 'အရှင်သဘော' ရှင်သန်တတ်ကြွတဲ့ သဘောနဲ့သုံးဖို့ပါ။ ကြေးစား ကြော်ငြာသမားနဲ့ ရွေးကောက်ပွဲ မဲဆွယ်တရားပွဲ ကြီးကြပ်သူများဟာ တကယ့်အချက်အလက်တွေကို သိပ်အရေးမပေးကြပါဘူး။ ဈေးဝယ်သူ၊ ဒါမှမဟုတ် မဲဆန္ဒရှင်အကြိုက်ကိုပဲ လိုက်ပြီး ပြောလေ့ရှိကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သူတို့နားလည်တဲ့ လူထု စိတ်ပညာဆိုတာဟာလည်း ကျိုးကြောင်းညီညွတ်တာ မညီညွတ်တာကို သိပ်အလေးမပေးဘဲ လူထုအကြိုက်ကိုလိုက်ပြောရင် ကိုယ်လိုရာကိုရတယ်လို့ထင်တဲ့ နားလည်မှုမျိုးဖြစ်ပါတယ်။ သူတို့ဟာ ဆင်ခြင်တုံတရားကို ဘေးဖယ်ပြီး လူထုကြိုက်တွေကိုချည်းလိုက်ပြောခြင်းဖြင့် သူတို့ရည်ရွယ်ချက်အောင်မြင်အောင် လုပ်သွားခဲ့ကြတာချည်းပါပဲ။ သူတို့ပြောတဲ့ အချက်တွေဟာ ဆင်ခြင်တုံတရားနဲ့မညီပါဘူး။ အော်စကာဝိုင်းလ် ပြောသလို 'အသိဉာဏ်ရဲ့ ချက်အောက်ကို ထိုးလိုက်တာမျိုး' ပဲဖြစ်ပါတယ်။ ဒီအချက်ကို ဒီလောက် ရှည်ဝေးစွာ ပြောရတာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဒီလိုအန္တရာယ်တွေကိုမမြင်ဘဲ ဆင်ခြင်တုံတရား အဓိကဖြစ်တယ်လို့ ပြောနေတာ ထင်မှာစိုးလို့ပါ။

ကျွန်တော်အပေါ်မှာ ဖွဲ့ဆိုထားတဲ့ လေးနက်မိုင်မာတဲ့စွဲချက်နဲ့ပတ်သက်လို့တော့ ကျွန်တော့်မှာ ချေပစရာ နှစ်ချက်ပဲရှိပါတယ်။ ပထမတစ်ချက်ကတော့ တီထွင်မှုတိုင်း၊ ဖန်တီးမှုတိုင်း သမိုင်းတစ်လျှောက်မှာ တွေ့ရှိခဲ့တဲ့ တွေ့ရှိချက်တိုင်းမှာ ဆိုးတဲ့ဘက်ရှိသလို ကောင်းတဲ့ဘက် လည်းရှိတယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီဒဏ်ကို တစ်ဦးဦးကတော့ ခံရတာချည်းပါပဲ။ စာပုံနှိပ်စက် ပေါ်လာခဲ့တဲ့အတွက် မှောက်မှားတဲ့ထင်မြင်ချက်တွေကို ဖြန့်ဖြူးရာမှာ ပျံ့နှံ့လွယ်တယ်လို့ပြောခဲ့ကြတာကြာပြီ မဟုတ်လား။ မော်တော်ကား ပေါ်လာတဲ့အတွက် လမ်းမပေါ်မှာ ကားတိုက်သေတဲ့ လူဦးရေစာရင်းဟာ ကြောက်စရာကောင်းနေပြီလို့ညည်းနေကြပြီ မဟုတ်လား။ အဏုမြူဓါတ်အားကို အသုံးပြုဖို့ရှာဖွေတွေ့ရှိ ခဲ့တဲ့အတွက် တစ်ဖက်မှာ မကောင်းတဲ့ အကျိုးတွေပေါ်ခဲ့ရတယ်လို့ သိပ္ပံပညာရှင်အချို့ ကိုယ်တိုင်ကတောင် ညည်းတွားနေကြပြီ မဟုတ်လား။

ဒါပေမယ့် ဘယ်လိုပဲကန့်ကွက်ကြသည်ဖြစ်စေ တီထွင်မှုအသစ်တွေ၊ တွေ့ရှိချက်အသစ်တွေကို ပြုလုပ်ရာမှာတော့ ဒီကန့်ကွက်ချက်တွေ၊ ဒီညည်းတွားသံတွေဟာ အရင်တုန်းကလည်း တားဆီးခြင်းမပြုနိုင်ကြပါဘူး၊ နောင်မှာလည်း တားဆီးခြင်းပြုနိုင်ကြမှာ မဟုတ်ပါဘူး။ ဒီတွေ့ရှိချက် သစ်တွေကြောင့်ရခဲ့တဲ့ အသိတရားတွေကိုလည်း ချေဖျက်ပစ်လို့ရနိုင်မှာ မဟုတ်ပါဘူး။ လော့ခ်တို့ခေတ်ကလို အသေးစားတစ်သီးပုဂ္ဂလ ဒီမိုကရေစီခေတ်ကို ပြန်သွားလို့လည်း မဖြစ်နိုင်တော့ပါဘူး။ မြင်းနဲ့ဆွဲတဲ့ ဘာဂီရထားခေတ်ကို ပြန်သွားဖို့မဖြစ်သလို၊ လွတ်လပ်တဲ့ အရင်းရှင်စနစ်ကို ပြန်သွားဖို့မဖြစ်သလို ဆယ့်ကိုးရာစုနှစ် အလယ်လောက်တုန်းက အင်္ဂလန်မှာ ခေတ်စားခဲ့တဲ့ လစ်ဘရယ် သဘောတရားကို ပြန်သွားလို့လည်း မဖြစ်နိုင်တော့ပါဘူး။ ဒါပေမယ့် ဒီမကောင်းမှုတွေဟာ သူတို့နဲ့အတူ ကုသစရာဆေးတွေကိုလည်း ယူလာခဲ့ကြပါတယ်။ အဲဒီ ဆေးကတော့ ဆင်ခြင်တုံတရားမဲ့မှုကိုပယ်ရေး မဟုတ်ပါဘူး။ ခေတ်သစ်လူ့အဖွဲ့အစည်းမှာ ဆင်ခြင်တုံတရားရဲ့ အရေးကြီးလာတဲ့ အခန်းကဏ္ဍကို ပစ်ပယ်ရေး





မဟုတ်ပါဘူး။ ဆင်ခြင်တုံတရားရဲ့ အခန်းကဏ္ဍကို သိစိတ်ရှိလာဖို့ပဲ ဖြစ်ပါတယ်။

သမိုင်းမှာရှိတဲ့ အခြားသောတိုးတက်မှုများလိုပဲ ဆင်ခြင်တုံတရားကို အသုံးပြုမှု တိုးတက်ကျယ်ပြန့်လာခြင်းမှာလည်း တန်ဖိုးပေးရတာတွေ၊ ဆုံးရှုံးမှုတွေရှိပါတယ်။ ဒီတန်ဖိုးတွေ၊ ဒီဆုံးရှုံးမှုတွေကိုတော့ ပေးလျော်ရမှာပဲ။ သူ့ကြောင့်ပေါ်ပေါက်လာတဲ့ အန္တရာယ်တွေကိုတော့ ရင်ဆိုင်ရမှာပဲ။ သံသယဝါဒီတွေက ဘယ်မျှ သံသယရှိကြစေ၊ အဆိုးမြင်သမားများက မည်မျှလှောင်ပြောင် အထင်သေးကြစေ၊ အပျက်ဘက်ကို တွေးတဲ့ ပဏ္ဍိတ်တွေက ဘယ်လိုပဲ ညည်းတွားကြစေ၊ အထူးသဖြင့် ယခင်က အခွင့်ထူးခံ တိုင်းပြည်များမှာရှိတဲ့ ပညာတတ်တွေက မည်မျှကန့်ကွက်ကြစေ ဆင်ခြင်တုံတရားကို အရေးပေးလာတာဟာဖြင့်ရင် သမိုင်းတိုးတက်မှုကို အချက်ပြလိုက်တဲ့ နမူနာတစ်ခုပဲလို့ဆိုတာကိုတော့ ကျွန်တော်ပြောလိုက်ချင်ပါတယ်။ ဒီအချက်ဟာ ကျွန်တော်တို့ခေတ်ရဲ့ အထူးခြားဆုံးနဲ့တော်လှန်ရေး အကျဆုံးသော အချင်းအရာတစ်ရပ်ဖြစ်တယ် ဆိုတာကိုတော့ ပြောလိုက်ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပရမတ္တသမိုင်း

ကျွန်တော်တို့ဖြတ်သန်းနေရတဲ့ တိုးတက်မှုတော်လှန်ရေးကြီးရဲ့ ဒုတိယ လက္ခဏာချက်ကတော့ ကမ္ဘာကြီးရဲ့ပုံသဏ္ဌာန်ပြောင်းလဲသွားခြင်းပါပဲ။ ဆယ့်ငါးရာစုနဲ့ ဆယ့်ခြောက်ရာစုကာလများဟာ အလယ်ခေတ်ကမ္ဘာကြီး လုံး၀ ပြိုကွဲပျက်စီးသွားပြီး ခေတ်သစ် ကမ္ဘာကြီးရဲ့ အခြေခံ အုတ်မြစ်တွေ စတင်ချခဲ့တဲ့ ကာလဖြစ်ပါတယ်။ အဲဒီခေတ်ကြီးဟာ ပထဝီတိုက်သစ်ကြီးများကို တွေ့ရှိခဲ့ခြင်း၊ ကမ္ဘာ့ဗဟိုဆွဲအားဟာ မြေထဲပင်လယ်ဒေသမှာ အတ္တလန္တိတ်သမုဒ္ဒရာ တစ်ဖက်ကမ်းကို ရောက်သွားခဲ့ခြင်းတို့ကြောင့် ထူးခြားခဲ့ပါတယ်။ ဒါ့ကြောင့် အဲဒီကာလဟာ ထူးခြားတဲ့ ကာလကြီးလို့ ဆိုနိုင်ပါတယ်။ အံ့ကြွမှုအရှိန်နှေးကွေးတဲ့ ပြင်သစ်တော်လှန်ရေး ကြီးသည်ပင်လျှင် ပထဝီဝင်သဘောကို ရှောင်လွှဲလို့ မရနိုင်ဘဲ ကမ္ဘာသစ်(အမေရိကန်ပြည်ထောင်စု)အား အဟောင်းချိန်ခွင်ညှာကို ပြန်လည်တည့်မတ်ပေးဖို့လှုံ့ဆော်ခဲ့တာတွေ ရှိခဲ့ပါသေးတယ်။

ဒါပေမယ့် ၁၈ ရာစုနှစ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ပြောင်းလဲမှုကြီးတွေက ၁၆ ရာစုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ ပြောင်းလဲမှုကြီးတွေထက်တောင် ပိုလို့အရှိန်အဟုန် ပြင်းခဲ့ပါသေးတယ်။ နှစ်ပေါင်းလေးရာကြာပြီးတဲ့နောက်မှာ ဗဟိုဆွဲငင်အားဟာ အနောက်ဥရောပကနေပြီး လုံးလုံးလျားလျား ပြောင်းရွှေ့သွားခဲ့တယ်။ အနောက်ဥရောပနဲ့တကွ အနီးအနား တစ်ဝိုက်မှာရှိတဲ့ အင်္ဂလိပ်စကားပြောတိုင်းပြည်များဟာ မြောက်အမေရိကတိုက်ရဲ့ နောက်ဆွဲများသာဖြစ်လာခဲ့ကြတယ်။ ဒါမှမဟုတ်ရင်လည်း အမေရိကန်ပြည်ထောင်စုက ဓါတ်အားပေးရုံကြီးအဖြစ် သို့မဟုတ် ခလုတ်ထိန်း မျှော်စင်အဖြစ်ပါဝင်နေတဲ့ အစုအဝေးကြီး တစ်ခုသာဖြစ်လာခဲ့တယ်။

ထူးခြားတဲ့ပြောင်းလဲမှုဟာ ဒီလောက်တွင် မဟုတ်သေးဘူး။ ကမ္ဘာ့ဗဟိုဆွဲအားဟာ ယခုအချိန်မှာ အင်္ဂလိပ်စကားပြောတိုင်းပြည်များနဲ့အနောက်ဥရောပ အဆွယ်အပွားတို့မှာ တည်သာတည်နေတယ်၊ ဒါမှမဟုတ် ကာလအတန်ကြာတည်ရှိနေဦးမယ်

www.burmeseclassic.com

ဆိုတဲ့ အချက်ဟာ မမှန်တော့ဘူးဆိုတာ တစ်နေ့တခြား ထင်ရှားလာနေပါတယ်။

ဥရောပအရှေ့ပိုင်းဆိုတဲ့ ကြီးမားတဲ့ ကုန်းမြေကြီးနဲ့အာရှတိုက်နဲ့ အာဖရိကတိုက်တို့ဟာလည်း ဒီနေ့အချိန်မှာ ကမ္ဘာ့ရေးရာများမှာ ပြောရေးဆိုခွင့် ရှိလာခဲ့ကြတယ်။ 'ပြောင်းလဲခြင်း မရှိတဲ့ အရှေ့တိုင်း' ဆိုတဲ့ စကားလုံးဟာ ဒီနေ့အချိန်မှာ ဆီသည်မလက်သုတ်ဖတ်လို စုတ်ပြတ်သွားတဲ့ စကားလုံးတစ်လုံး ဖြစ်သွားခဲ့ပါပြီ။

မျက်မှောက် ရာစုနှစ်အတွင်း အာရှတိုက်မှာ ဘာတွေ ဖြစ်ခဲ့သလဲဆိုတာကို ကျွန်တော်တို့အကြမ်းဖျင်း ကြည့်လိုက်ကြရအောင်။ ၁၉၀၂ ခုနှစ်မှာ အင်္ဂလိပ်နဲ့ဂျပန်တို့ မဟာမိတ်ဖွဲ့ခဲ့ကြတယ်။ ဒါဟာ လူတိုင်းက အထင်ကြီးရတဲ့ ဥရောပအင်အားကြီးနိုင်ငံများထဲကို အာရှနိုင်ငံတစ်ခု ပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်တယ်။

ဂျပန်ဟာ ရုရှားကို နိုင်အောင်တိုက်ပြီး သူ့အဆင့်အတန်းကို တိုးအောင်လုပ်ခဲ့တာကတော့ တိုက်ဆိုင်မှုပဲလို့ဆိုရင် ရနိုင်လိမ့်မယ်ထင်ပါရဲ့။ ဂျပန်ကိုရှုံးခဲ့လို့ပဲ နှစ်ဆယ်ရာစုနှစ်အတွင်းအကြီးဆုံး တော်လှန်ရေးကြီးလို့ခေါ်နိုင်တဲ့ အောက်တိုဘာ တော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့ရတာ မဟုတ်လား။ ၁၇၈၉ခုနှစ်နဲ့ ၁၈၄၈ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ပြင်သစ်တော်လှန်ရေးများဟာ ဥရောပတိုက်မှာ နောက်ထပ်တော်လှန်ရေး များကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ၁၉၀၅ ခုနှစ် ရုရှားတော်လှန်ရေးဟာ ဥရောပတိုက်မှာ ပဲ့တင်သံရယ်လို့ခေါ်နိုင်တဲ့ တော်လှန်ရေးတွေ မပေါ်ပေါက်ခဲ့ပေမယ့် အာရှတိုက်မှာတော့ အဲဒီတော်လှန်ရေးကြီးကို အတုယူခဲ့တဲ့ တော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့ပါတယ်။

ရုရှားတော်လှန်ရေးကြီး ပေါ်ပေါက်ပြီးမကြာခင်မှာပဲ ပါရှား၊ တူရကီနဲ့ တရုတ်ပြည်တို့မှာ အလားတူ တော်လှန်ရေးတွေ ပေါ်ပေါက် လာခဲ့ကြတယ်။ ပထမကမ္ဘာစစ်ကြီးဟာ တိတိကျကျပြောရရင် ကမ္ဘာစစ် မဟုတ်ပါဘူး။ ကမ္ဘာအနှံ့ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့တဲ့ ဥရောပတိုက်က ပြည်တွင်းစစ်ပွဲကြီး တစ်ခုသာ ဖြစ်ပါတယ်။

ဒီစစ်ပွဲကြီးကြောင့် အာရှတိုက် တိုင်းပြည်များစွာမှာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကျစိတ်တွေပေးလာခဲ့ပြီး တရုတ်ပြည်မှာ ဆိုရင် နိုင်ငံခြားဆန့်ကျင်ရေး စိတ်ဓါတ်တွေ ပေါ်ထွန်းလို့လာခဲ့ပါတယ်။ ဒါတွင်မကဘူး အိန္ဒိယအမျိုးသား စိတ်ဓါတ်နဲ့အာရပ် အမျိုးသားရေး စိတ်ဓါတ်များဟာလည်း နိုးကြားလို့လာခဲ့ပါတယ်။

၁၉၁၇ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ရုရှား အောက်တိုဘာ တော်လှန်ရေးကြီးကတော့ နောက်ထပ် အဆုံးအဖြတ်ပေးတဲ့ တွန်းအားတွေကို ပေးခဲ့ပါတယ်။ အဲဒီ တော်လှန်ရေးကြီးမှာ ထူးခြားတာ တစ်ချက်ကတော့ ရုရှားတော်လှန်ရေး ခေါင်းဆောင်များဟာ ဥရောပမှာ သူတို့တော်လှန်ရေးကို အတုခိုးမယ့်သူများကို မျှော်ကိုးခဲ့ကြပေမယ့်





ဥရောပတိုက်မှာ မပေါ်လာခဲ့ကြဘဲ အာရှတိုက်မှာ ပေါ်လာခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ဒီလိုနဲ့ 'ပြောင်းလဲခြင်းမရှိ'တဲ့ သူဟာ ဥရောပတိုက်ကြီး ဖြစ်လာခဲ့ပြီး အာရှတိုက်ကတော့ ရှေ့ကို ဆက်လက်ချီတက်လာခဲ့ပါတယ်။ ဒီအဖြစ်အပျက်ဟာ လူတိုင်းသိပြီးသားဖြစ်လေတော့ ဒီအကြောင်းကို ဒီနေ့ခေတ်ကာလအထိ ဆက်ပြီးပြောဖို့ မလိုတော့ဘူးလို့ထင်ပါတယ်။

သမိုင်းဆရာဟာ အာရှနဲ့အာဖရိက တော်လှန်ရေးတွေရဲ့ အရေးပါအရာရောက်ပုံနဲ့ ပမာဏကို အကဲဖြတ်ခန့်မှန်းဖို့အနေအထားကို မရသေးပါဘူး။ ဒါပေမယ့် ခေတ်သစ်စက်မှုနည်းပညာတွေနဲ့စက်မှုလုပ်ငန်းတွေ ပျံ့နှံ့လာတာ၊ ပညာရေးနဲ့နိုင်ငံရေးအသိတွေ ထွန်းကားလာတာကတော့ဖြင့် အဲဒီတိုက်ကြီးနှစ်တိုက်ရဲ့ မျက်နှာပြင်ကို ပြောင်းလဲပေးနေတာ အမှန်ပဲ။ ကျွန်တော်ဟာ အနာဂတ်အကြောင်းကိုကြိုတင် ဟောကိန်းထုတ်နိုင်တဲ့ ပုရောဟိတ် တစ်ယောက်မဟုတ်ပေမယ့် ဒီပြောင်းလဲမှုတွေဟာ ကမ္ဘာ့သမိုင်းအမြင်နဲ့ကြည့်ရင် တိုးတက်တဲ့ ပြောင်းလဲဖြစ်ပေါ်မှုတွေပဲဆိုတဲ့ ကောက်ချက်ကလွဲလို့တခြား ကောက်ချက်ကို ပေးနိုင်တဲ့ အကဲဖြတ်ချက် စံရယ်လို့တော့တစ်ခုမှ မတွေ့သေးပါဘူး။

ဒီအဖြစ်အပျက်တွေကို အခြေတည်ပြီး ပြောင်းလဲသွားတဲ့ ကမ္ဘာ့ပုံသဏ္ဍာန်ကြောင့် ယေဘုယျအားဖြင့် အင်္ဂလိပ်စကားပြောတိုင်းပြည်များနဲ့အထူးသဖြင့် အင်္ဂလန်ပြည်တို့ဟာ ကမ္ဘာ့ရေးရာကိစ္စများမှာ နှိုင်းယှဉ်ချက်အားဖြင့် အရှိန်အဝါ ကျဆင်းခဲ့တာကတော့ အမှန်ပဲ၊ ဒါပေမယ့် နှိုင်းယှဉ်ချက်အားဖြင့် အရှိန်အဝါ ကျဆင်းသွားတယ်ဆိုတာ လုံးဝ အရှိန်အဝါ ကျဆင်းသွားတာမျိုးတော့ မဟုတ်ပါဘူး။ ကျွန်တော် စိုးရိမ်ပြီးကြောင့်ကြနေတာကတော့ အာရှနဲ့အာဖရိကတိုက်တွေမှာ တိုးတက်မှုတွေရလာလို့ မဟုတ်ဘဲ ကျွန်တော်တို့တိုင်းပြည်နဲ့အခြားနေရာများက ကြီးစိုးသူအစုတွေဟာ ဒီတိုးတက်မှုတွေကို မမြင်မျက်ကွယ်ပြုနေကြလို့ပါ။ အဲဒီ ပြောင်းလဲမှုတွေအပေါ်မှာ သင်္ကာမကင်းဖြစ်တဲ့ အထင်သေးမှု၊ လေချိုကလေးနဲ့အပေါ်စီးယူမှု၊ အတိတ်က ရွှေထီးဆောင်းရတာတွေကိုတွေးပြီး အထည်ကြီးပျက် ဂိုက်ဖမ်းနေကြလို့ပါပဲ။

အထက်က ကျွန်တော်ပြောခဲ့တဲ့ နှစ်ဆယ်ရာစုနှစ်ရဲ့ ဆင်ခြင်တုံတရားနယ်ပယ်ချဲ့ထွင်လာမှုဟာ သမိုင်းဆရာအဖို့အထူးကို အရေးကြီးပါတယ်။ ဆင်ခြင်တုံတရားနယ်ပယ်ကျယ်ပြန့်လာမှုဆိုတာ တခြား မဟုတ်ပါဘူး။ အရင်တုန်းက အပယ်ခံဖြစ်တဲ့ လူတန်းစားတွေ၊ အစုတွေ၊ လူမျိုးတွေဟာ သမိုင်းထဲကို ရောက်ရှိလာတာကို ဆိုလိုတာပါ။

ခေတ်လယ်တုန်းက သမိုင်းဆရာတွေက ခေတ်လယ် လူ့အဖွဲ့တို့ကို ကြည့်မြင်ရာမှာ ဘာသာတရား မှန်ပြောင်းတပ်ပြီး ကြည့်ခဲ့ကြောင်း၊ ဒီလို ကြည့်ခဲ့တာဟာ



www.burmeseclassic.com

www.burmeseclassic.com

သူတို့အချက်အလက်ရှာဖွေရာ ရင်းမြစ်များက တစ်ဖက်သတ်ကျလို့ ဖြစ်ကြောင်း ကျွန်တော်ရဲ့ပထမပို့ချချက်မှာတင်ပြခဲ့ပါတယ်။ ဒီအကြောင်းကို ဒီနေရာမှာ ကျွန်တော် နည်းနည်း အကျယ်ရှင်းချင်ပါတယ်။ အဲဒီတုန်းက ခရစ်ယာန်သာသနာဟာ အလယ်ခေတ်ရဲ့ တစ်ခုတည်းသော ဆင်ခြင်တုံတရားနဲ့ပြည့်စုံတဲ့ အဆောက်အအုံ တစ်ရပ်လို့ပြောခဲ့ကြပါတယ်။ ဒီစကားဟာ နည်းနည်းချဲ့ကားပြောသည့်တိုင် တော်တော်လေးတော့မှန်ပါတယ်။ တစ်ခုတည်းသော ဆင်ခြင်တုံတရားနဲ့ပြည့်စုံတဲ့ အဆောက်အအုံဖြစ်တဲ့အတွက် တစ်ခုတည်းသော သမိုင်းအဆောက်အအုံ လည်းဖြစ်ပါတယ်။ အဲဒီအဆောက်အအုံသာလျှင် ဆင်ခြင်တုံတရားနဲ့ပြည့်စုံတဲ့ ဖြစ်ပေါ်တိုးတက်မှုလမ်းကြောင်းဖြစ်ပြီး သမိုင်းဆရာကလည်း အဲဒီအဆောက်အအုံ ကိုသာလျှင် မြင်ခဲ့သိခဲ့ရပါတယ်။

အဲဒီတုန်းက လောကီ လူ့အဖွဲ့အစည်းဟာလည်း သာသနာရဲ့ပြုပြင်စီမံတာကို ခံရတာကိုသာ သမိုင်းဆရာမြင်ခဲ့ရပါတယ်။ လူထုတွေဟာလည်း သမိုင်းမတင်မီခေတ်က လူတွေလိုသမိုင်းကို မပိုင်ဆိုင်ခဲ့ကြဘဲ သဘာဝကိုသာပိုင်ဆိုင်ခဲ့ကြပါတယ်။ လူထုတွေက လူမှုရေးနဲ့နိုင်ငံရေး သိစိတ်တွေထဲကို တဖြည်းဖြည်းရောက်လာတဲ့အခါကျမှသာလျှင် ခေတ်သစ်သမိုင်းဟာ အစပြုလာခဲ့ခြင်းဖြစ်တယ်။ မိမိတို့မှာ အတိတ်နဲ့အနာဂတ် ရှိပြီး မိမိတို့သက်ဆိုင်ရာ အစုအသီးသီးဟာလည်း အတိတ်နဲ့အနာဂတ်ရှိတဲ့ သမိုင်းရဲ့ ပစ္စည်းတွေဖြစ်တယ်လို့သိရှိလာတဲ့အခါကျမှသာလျှင် ခေတ်သစ်သမိုင်းဟာ အစပြုခဲ့ခြင်းဖြစ်တယ်။ လူထုတွေကိုယ်တိုင်က သမိုင်းထဲကို လုံးလုံးလျားလျား ဝင်ရောက်လာတဲ့အခါကျမှသာလျှင် ခေတ်သစ်သမိုင်းဟာ အစပြုခဲ့ခြင်းဖြစ်တယ်။

ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်များမှာပင်လျှင် လူမှုရေး၊ နိုင်ငံရေးနဲ့ သမိုင်းရေးစိတ်ဓါတ် လူထုတွေကြားထဲကို နှံ့ပျံ့လာတာ ဘယ်လောက်များကြာသေးလို့လဲ။ အနှစ် ၂၀၀ လောက်ပဲရှိသေးတယ်။ တစ်ကမ္ဘာလုံးမှာ ရှိသမျှလူတွေဟာ ကိုလိုနီအုပ်ချုပ်ရေးသမားတွေ၊ ဒါမှမဟုတ် မနုဿဗေဒ ပညာရှင်တွေရဲ့ အရေးမဟုတ်တော့ဘဲ သမိုင်းဆရာတွေရဲ့ အရေးကိစ္စဖြစ်လာပြီလို့ပထမဆုံးအကြိမ် ယူဆစရာဖြစ်လာတာဟာ ဒီခေတ် ဒီနေ့အချိန်မှာသာလျှင် ဖြစ်ပါတယ်။

ဒီလို ဖြစ်လာတာဟာ သမိုင်းအမြင်နဲ့စပ်လျဉ်းတဲ့ တော်လှန်ရေးကြီး တစ်ရပ်ပါ။ ဆယ့်ရှစ်ရာစုနှစ်တုန်းကတော့ လူ့လောကရဲ့သမိုင်းဟာ အထက်တန်းစား မင်းစိုးရာဇာတွေရဲ့ သမိုင်းမျှသာ ဖြစ်နေဆဲပါ။ ဆယ့်ကိုးရာစုကျတော့ ဗြိတိသျှ သမိုင်းဆရာများက သမိုင်းဆိုတာဟာ လူမျိုးတစ်မျိုး လုံးရဲ့သမိုင်းကို ဆိုလိုခြင်းဖြစ်တယ်ဆိုတဲ့ အယူအဆကို ဆုတ်ဆိုင်းဆိုင်း၊ မဝံ့မရဲနဲ့လှမ်းတက် စွဲကိုင်ခဲ့ကြပါတယ်။





နယ်လှည့်သမိုင်းဆရာတစ်ဦးဖြစ်တဲ့ ဂျေ၊ ဘီ၊ ဂရင်း[1] ဟာ 'အင်္ဂလိပ်လူမျိုးတို့၏သမိုင်း' ဆိုတဲ့ ပထမဆုံးသမိုင်းကျမ်းကိုရေးခြင်းဖြင့် နာမည်ကြီးလာခဲ့ပါတယ်။ နှစ်ဆယ်ရာစုနှစ်ပိုင်းကျတော့ သမိုင်းဆရာတိုင်းကလိုလိုပဲ ဒီအမြင်ကို လက်ခံတယ်လို့ ပါးစပ်က ပြောခဲ့ပါတယ်။ အပြောသာရှိပြီး အလုပ်က မပါခဲ့ကြသော်လည်း ဒီအကြောင်းတွေကို ရှည်ရှည်ဝေးဝေး သိပ်မပြောချင်တော့ပါဘူး။ ကျွန်တော်ပြောချင်တာက အင်္ဂလန်နဲ့ဥရောပ အပြင်ဘက်မှာ သမိုင်းမိုးကုတ်စက်ဝိုင်းကြီး ကျယ်ပြန့်လာတာကို ပြောမှာဆိုတော့ ဒီအကြောင်းကို ဒီလောက်ပဲ ပြောတော့မယ်။

၁၈၉၆ ခုနှစ်ကရေးတဲ့ သူ့အစီရင်ခံစာထဲမှာ သမိုင်းဆရာ 'လော့ဒ်အက်တန်' က 'ပရမတ္ထကျသော သမိုင်း[2] ဆိုတာ တိုင်းပြည်တွေရဲ့စုပေါင်းထားတဲ့ သမိုင်းကိုခေါ်တာ မဟုတ်ဘူး' လို့ပြောခဲ့ပြီး သူက ပရမတ္ထကျသော ကမ္ဘာလုံးဆိုင်ရာ သမိုင်းအကြောင်းကို အောက်ပါအတိုင်း ဆက်ပြောခဲ့ပါတယ်။

'ကမ္ဘာလုံးဆိုင်ရာ ( ပရမတ္ထကျသော ) သမိုင်းသည် လူမျိုးအားလုံး တစ်ခုနဲ့တစ်ခု အပြန်အလှန် ကူညီဆက်စပ်နေသည့် သဘောဆီသို့အစဉ်တစိုက် ရွေ့လျားနေပေသည်၊ လူမျိုးများအကြောင်းကို ပြောရာတွင် ထိုလူမျိုးများအတွက် ပြောခြင်းမဟုတ်။ ပို၍မြင့်မားသော ဖြစ်စဉ်များ၏ လက်အောက်ခံအဖြစ်၊ အညွှန်းအဖြစ် ပြောဆိုခြင်းဖြစ်ပေသည်။ လူ့လောကကြီး၏ ဘုံကံကြမ္မာအတွက် သူတို့လုပ်ဆောင်ခဲ့ကြသော အချိန်ကာလနှင့် အတိုင်းအတာတို့နှင့်အညီ ပြောခြင်း ဖြစ်ပေသည်' လို့ရေးခဲ့ပါတယ်။

ဒီအတိုင်းဆိုရင် ပရမတ္ထကျတဲ့ ကမ္ဘာလုံးဆိုင်ရာ သမိုင်းရေးဖို့ကိစ္စဟာ သမိုင်းဆရာတိုင်းရဲ့ အလုပ်လို့လော့ဒ်အက်တန် ယူဆနေတယ်ဆိုတာ ဘာမှ ပြောစရာ မလိုတော့ပါဘူး။ ကောင်းပြီ။ အက်တန်ပြောတဲ့အတိုင်း ပရမတ္ထကျတဲ့ ကမ္ဘာ့သမိုင်းကို ရေးနိုင်ဖို့အတွက် ဒီနေ့အချိန်မှာ ကျွန်တော်တို့သမိုင်းဆရာတွေ ဘာတွေလုပ်နေကြပြီလဲ။

ဒီနေရာမှာ ဒီတက္ကသိုလ်မှာ သမိုင်းကို ဘယ်လိုလေ့လာရမယ်ဆိုတဲ့ ကိစ္စကို ကျွန်တော်ပြောဖို့မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်ပြောမယ့် အကြောင်းအရာအတွက် နမူနာပြလို့ကောင်းတဲ့ကိစ္စတစ်ခု ဖြစ်နေတဲ့အတွက် ဒီအကြောင်းကို ကျွန်တော် ပြောရတော့မှာပဲ။ မပြောရင် ပျားအုံကို တုတ်နဲ့မဆွရဲလို့တမင်သက်သက် ရှောင်ကွင်းသွားတယ်လို့ပြောစရာ ဖြစ်နေတော့မှာကိုး။

လွန်ခဲ့တဲ့ အနှစ်လေးဆယ်အတွင်း ကျွန်တော်တို့တက္ကသိုလ်က သမိုင်း သင်ရိုးညွှန်းတမ်းတွေထဲမှာ အမေရိကန် ပြည်ထောင်စုရဲ့ သမိုင်းကို အတော်များများ နေရာပေးပြီး သင်ခဲ့ကြတယ်။ ဒီလိုသင်ကြားလာတာဟာ အရေးကြီးတဲ့ လှမ်းတက်မှု တစ်ခုပါပဲ။ ဒါပေမယ့် ဒီလိုသင်ကြား လာခြင်းဟာ ကျွန်တော်တို့ရဲ့ သင်ရိုးညွှန်းတမ်းထဲမှာ

1. J.B Green. 2. Universal History



www.burmeseclassic.com

www.burmeseclassic.com



အမြဲလိုလိုမပါမပြီးဖြစ်နေတဲ့ ဘုန်ကြီးကျောင်းပညာရေးက ပြဌာန်းတဲ့ သမိုင်းသင်ရိုးကို ပြန်ပြီးအသက်သွင်းပေးသလို ဖြစ်နေတယ်။ ဒါနဲ့အတူ အင်္ဂလိပ် စကားပြော တိုင်းပြည်များရဲ့ ဘုန်းကြီးကျောင်း ပညာရေးက ပြဌာန်းတဲ့ သမိုင်းသင်ရိုးကို ပြန်ပြီး အသက်သွင်းပေးနေသလို ဖြစ်နေတယ်။

ဟုတ်ပါတယ်။ လွန်တဲ့ အနှစ်လေးရာအတွင်းမှာ အင်္ဂလိပ်စကားပြောတိုင်းပြည် များရဲ့ သမိုင်းဟာ သမိုင်းမှာအရေးကြီးတဲ့ ခေတ်ကြီးတစ်ခု ဖြစ်ခဲ့တယ်ဆိုတာ မှန်ပါ တယ်။ ဒါပေမယ့် အဲဒီ တိုင်းပြည်တွေရဲ့သမိုင်းကို ပရမတ္ထကျတဲ့ ကမ္ဘာ့သမိုင်းရဲ့ ဗဟိုချက်မအဖြစ် သဘောထားပြီး အခြားတိုင်းပြည်များရဲ့သမိုင်းကိုတော့ အရန် လောက်သာ သဘောထားတဲ့ ကိစ္စမျိုးကတော့ သမိုင်းမြင်ကွင်းကို စိတ်မချမ်းမြေ့ဖွယ် ဖျက်ဆီးတဲ့ သဘောကို ရောက်နေပါတယ်။ ဒီလိုလူတွေ အမြင်မှားအောင်လုပ်တဲ့ ကိစ္စမျိုးကို အမှန်ရောက်အောင်လုပ်ဖို့အတွက်ဟာ တက္ကသိုလ်တစ်ခုရဲ့ တာဝန်ပါ။ ခု ဒီတက္ကသိုလ်မှာရှိတဲ့ ခေတ်သစ်သမိုင်ဂိုဏ်းဟာ ဒီတာဝန်ကို ကျေပွန်အောင် မထမ်း ဆောင်နိုင်ဘူးလို့ကျွန်တော်မြင်ပါတယ်။ အဓိကရ တက္ကသိုလ်ကြီးတစ်ခုမှာ အင်္ဂလိပ် ဘာသာစကားအပြင် တခြားခေတ်သစ် ဘာသာစကား တစ်ခုခုကို မတတ် ကျွမ်းဘဲနဲ့ သမိုင်းဂုဏ်ထူးတန်း တက်ခွင့်ပေးတာမျိုးကဖြင့် တော်တော်ကို မှားယွင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။ အောက်စဖို့တက္ကသိုလ်မှာ လေးစားခံရတဲ့ ရှေးဟောင်း ဒဿန ပညာရပ်ကို သာမန် အင်္ဂလိပ်စာလောက်တတ်ရင် သင်နိုင်တယ်လို့ ယူဆခဲ့တဲ့အတွက် ဘယ်လိုမှားခဲ့တယ်ဆိုတာကို ကျွန်တော်တို့ သင်ခန်းစာယူဖို့ ကောင်းပါတယ်။

ဥရောပ တိုင်းပြည်တစ်ပြည်ရဲ့ ခေတ်သစ်သမိုင်းကို လေ့လာရာမှာ ကျောင်းသုံး စာအုပ်အဆင့်ထက် ပိုပြီး လေ့လာနိုင်တဲ့ အခွင့်အရေး မျိုးတွေကို ကျောင်းသားတွေကို ပေးမထားတာဟာ တော်တော့်ကို မှားတယ်လို့ကျွန်တော် ထင်ပါတယ်။ အာရှ၊ အာဖရိကနဲ့လက်တင်အမေရိကတို့ရဲ့ ရေးရာများကို သိကျွမ်းထားတဲ့ ကျောင်းသား တစ်ယောက် အဖို့သူသိထားတာတွေကို 'ဥရောပနိုင်ငံများ၏ နယ်ပယ်ချဲ့ထွင်ခြင်း' ဆိုတဲ့ ခေါင်းစဉ်အောက်မှာသွတ်သွင်းထားလိုက်ရပြီး ဒီအကြောင်းတွေကို ဖြေဆို ရေးသားဖို့အခွင့်အရေးဟာ တော်တော့်ကို နည်းလွန်းနေတယ်လို့ကျွန်တော် ထင်ပါ တယ်။

ဒီခေါင်းစဉ်ဟာ အတွင်းမှာသင်ရတဲ့ အကြောင်းအရာတွေနဲ့မကိုက်ညီဘဲ ဖြစ်နေပါတယ်။ စာသင်သားဟာ အရေးကြီးပြီး အထောက် အထားတွေ အနိုင် အလုံရှိတဲ့ တရုတ်ပြည်တို့၊ ပါရှားတို့အကြောင်းကို ကောင်းကောင်းတောင် သိခွင့် မရခဲ့ကြပါဘူး။ သိခွင့်ရတယ်ဆိုရင်လဲ ဥရောပ တိုင်းပြည်များက ဝင်ရောက်သိမ်းပိုက်တဲ့ အကြောင်းများနဲ့ပတ်သက်တာလောက်ကိုပဲ သိခွင့်ရခဲ့ ကြပါတယ်။ ဒီတက္ကသိုလ်မှာ





ရုရှားပြည်၊ ပါရှားနဲ့တရုတ်ပြည်တို့အကြောင်းကို ပို့ချချက်တွေ ပြုလုပ်တယ်လို့တော့ ကျွန်တော် သိရပါတယ်။ ဒါပေမယ့် တက္ကသိုလ် သမိုင်းဌာနက ဆရာများက ပို့ချခဲ့တာ တော့ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်လိုပဲဖြစ်ဖြစ်၊ ကမ္ဘာကြီးဟာလှုပ်ရှားပြောင်းလဲနေတယ်

နိဂုံးအပိုင်း---

လွန်ခဲ့တဲ့ ၆ နှစ်လောက်တုန်းက တရုတ် သမိုင်းပါမောက္ခတစ်ယောက်က သူ့ရဲ့ အဖွင့်မိန့်ခွန်းထဲမှာ 'တရုတ်ပြည်ကို လူ့လောကသမိုင်းရဲ့ ပင်မရေစီးကြောင်းကြီး အပြင်ဘက်မှာ ဖယ်ထုတ်ထားလို့မရတော့ဘူး' လို့ ပြောခဲ့ဖူးတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကိန်းဗရစ်တက္ကသိုလ် သမိုင်းဆရာများဟာ ဒီစကားကို မကြားယောင် ပြုခဲ့ကြတယ်။

နောင်မှာ တကယ့် သမိုင်းကျမ်းကြီးတစ်စောင်လို့ပြောကြရမယ့် လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း ကိန်းဗရစ်တက္ကသိုလ်က ထုတ်ဝေလိုက်တဲ့ သမိုင်းကျမ်းကြီးကတော့ သမိုင်းဌာနရဲ့ အကူအညီဆိုလို့လုံးဝမပါဘဲ ထုတ်ဝေခဲ့တဲ့ သမိုင်းကျမ်း ဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တဲ့ သမိုင်းကျမ်းက တခြားမဟုတ်ပါဘူး။ ဒေါက်တာနီဒမ်ရဲ့ 'တရုတ်ပြည် သိပ္ပံပညာနှင့်ယဉ်ကျေးမှု' ဆိုတဲ့ ကျမ်းဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ သမိုင်းဆရာ အချင်းချင်းရဲ့ အိမ်တွင်းရေး ကိစ္စဖြစ်တဲ့အတွက် ကိုယ့်ပေါင်ကိုယ် လှန်ထောင်းဆိုသလို အများရှေ့မှာ ထုတ်ဖော်ပြောလို့တော့ မကောင်းပါဘူး။ ဒါပေမယ့် ဒီကိစ္စဟာ နှစ်ဆယ်ရာစုနှစ်အလယ်ပိုင်းကာလအတွင်း အခြားသော ဗြိတိသျှ တက္ကသိုလ်များနဲ့ယေဘုယျအားဖြင့် ဗြိတိသျှပညာတတ်တွေကြားထဲမှာ ဒီအတိုင်း ဖြစ်နေတဲ့အတွက် ကျွန်တော် ထုတ်ဖော်ပြောဆိုရဲခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ဗြိတိသျှလူမျိုးတွေကို 'ဝိတိုရိယခေတ် ကျွန်းသားစိတ်'၊ 'ရေလက်ကြားထဲက မုန်တိုင်းများ'၊ 'အထီးတည်းဖြစ်နေတဲ့ ပထဝီတိုက်' လို့ ခေါ်ခဲ့ကြတဲ့ ရှေးတုန်းက အခေါ်အဝေါ်များများဟာ ယခုတိုင် ခေတ်စားပြီး အမြစ်တွယ် နေပါသေးတယ်။ ခုဆိုရင် ကျွန်တော်တို့ကျွန်းငယ်ရဲ့ အပြင်ဘက်မှာ မုန်တိုင်းတွေ တိုက်ခတ်နေတယ်။

**မြန်မာ့စာအုပ်တိုက်**

www.burmeseclassic.com

အင်္ဂလိပ်စကားပြော တိုင်းပြည်များမှာတော့ အသာကလေး ကုပ်နေကြပြီး တခြားသော တိုင်းပြည်များနဲ့တခြားသော ပထဝီတိုက်ကြီး များဟာ ကျွန်တော်တို့ယဉ်ကျေးမှုကြီးရဲ့ကောင်းချီးသြဘာကို မရကြရှာဘဲ အံ့မခန်းတဲ့ ကြောက်ဖွယ်အမှုကြီးတွေကို လုပ်နေကြတယ်လို့အချင်းချင်း အတင်းပြောနေကြလေရဲ့။ ဒီလိုလုပ်နေတာကတော့ ကိုယ်မသိ နားမလည်တာနဲ့ ကိုယ်လိုက်မမီတာနဲ့သူများကိုလိုက်အတင်းပြောပြီး ကိုယ့်ကိုယ်ကို အထီးကျန်ဖြစ်အောင် လုပ်နေတာနဲ့အတူတူပါပဲ။

ကျွန်တော်ရဲ့ ပထမပို့ချချက်အစမှာ နှစ်ဆယ်ရာစုနှစ် အလယ်ပိုင်းနဲ့ ဆယ့်ကိုးရာစုနှစ် နောက်ဆုံးနှစ်များအတွင်း ရှုမြင်ချက် ကွဲနေပုံကို ကျွန်တော်ပြောခဲ့ပါတယ်။ ခု နိဂုံးချုပ်အပိုင်းမှာ ဒီကွဲပြားချက် နှစ်ခုအကြောင်းကို နည်းနည်း အကျယ်ချဲ့ပြီး ပြောချင်ပါတယ်။

ကျွန်တော့် ပို့ချချက်ထဲမှာ 'လစ်ဘရယ်' ဆိုတဲ့ စကားလုံးနဲ့ 'ကွန်ဆားဗေးတစ်' ဆိုတဲ့ စကားလုံးတွေကို သုံးထားတာများ တွေ့ခဲ့ရင် ဒီစကားလုံးများဟာ ယခုဗြိတိန်ပြည်မှာ ရှိနေတဲ့ လစ်ဘရယ်ပါတီနဲ့ကွန်ဆားဗေးတစ်ပါတီတို့ကို ပြောတာ မဟုတ်ဘူးဆိုတာ နားလည်ထားကြစေချင်ပါတယ်။ သမိုင်းဆရာကြီး အက်တန်ဟာ တိုးတက်မှုအကြောင်းကို ပြောတဲ့နေရာမှာ ကျွန်တော်တို့ဗြိတိသျှ လူမျိုးတွေ အများက လက်ခံထားကြတဲ့ 'တဖြည်းဖြည်း ဘိုးတက်မှုသဘော' ကို ဆိုလိုတာ မဟုတ်ပါဘူး။ ၁၈၈၇ ခုနှစ်ထဲက ရေးသွားတဲ့ စာတစ်စောင်ထဲမှာ သူက 'တော်လှန်ရေး သို့မဟုတ် လစ်ဘရယ်ဝါဒလို့ကျွန်တော်တို့ပြောနေတဲ့စကား' ဆိုပြီး သုံးနှုန်းသွားပါတယ်။

နောက် ဆယ်နှစ်အကြာမှာရေးတဲ့ ခေတ်သမိုင်းနဲ့ပတ်သက်တဲ့စာတစ်စောင်ထဲမှာတော့ အက်တန်က 'ခေတ်သစ်တိုးတက်မှုကိုရအောင်လုပ်တဲ့နည်းကတော့ တော်လှန်ရေးနည်းပဲဖြစ်တယ်' လို့ပြောခဲ့ပြီး၊ နောက်တစ်စောင်ထဲမှာတော့ 'တော်လှန်ရေးလို့ ကျွန်တော်တို့ခေါ်နေကြတဲ့ အထွေထွေအတွေးအခေါ်တိုးတက်မှု' လို့ သုံးခဲ့ပြန်ပါတယ်။ ဒီသဘောကိုပဲ ပုံနှိပ်ထုတ်ဝေခြင်းမပြုရသေးတဲ့ မှတ်စုတစ်ခုထဲမှာ 'ဝှစ်ပါတီဝင်များသည် ဆွေးစပ်ဆွေးနွေးမှုဖြင့် တိုင်းပြည်ကို အုပ်ချုပ်ကြ၍ လစ်ဘရယ် ပါတီဝင်များကမူ အတွေးအခေါ် နိုင်ငံကြီးကို ထူထောင်ခဲ့ကြပေသည်' လို့ ရေးသား ခဲ့ပြန်ပါတယ်။

အတွေးအခေါ် နိုင်ငံဆိုတာဟာ လစ်ဘရယ်ဝါဒကို ဆိုလိုခြင်းဖြစ်ပြီး လစ်ဘရယ်ဝါဒဆိုတာလည်း တော်လှန်ရေးကို ဆိုလိုခြင်းဖြစ်ပါတယ်။ အက်တန်တို့ခေတ်တုန်းကတော့ လစ်ဘရယ်ဝါဒဟာ လူမှုအပြောင်းအလဲကြီးကို ဖြစ်ပေါ်အောင် စေ့ဆော်တဲ့နေရာမှာ အဓိက တွန်းအားကြီးအဖြစ် ပေါ်ထွန်းမလာခဲ့သေးပါဘူး။ ခု ကျွန်တော်တို့ခေတ်မှာတော့ လစ်ဘရယ်ဝါဒဟာ နေရာတကာမှာ လူ့အဖွဲ့အစည်းအတွက် ကွန်ဆာဗေးတစ်ကျတဲ့ အင်အားစုတစ်ရပ် ဖြစ်သွားပါပြီ။ ဒါကြောင့်မို့ဒီနေ့





ခေတ်မှာ အက်တန်ရဲ့ အယူအဆဆီကို ပြန်သွားမယ်ဆိုရင် ဘာမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ပါဘူး။

ဒါပေမယ့် သမိုင်းဆရာ တစ်ယောက်အနေနဲ့ပြောရရင်တော့ သမိုင်းဆရာဟာ အက်တန်တင်ပြတဲ့ အချက်ကို ပထမတင်ပြဖို့လိုပါလိမ့်မယ်။ ဒုတိယအားဖြင့် အက်တန်ရဲ့ ရပ်တည်ချက်ကို ဒီနေ့ခေတ် ဆရာများရဲ့ ရပ်တည်ချက်နဲ့ကွဲလွဲကြောင်းကို ယှဉ်ထိုးပြသရပါလိမ့်မယ်။ တတိယ အချက်အားဖြင့် သူ့ရပ်တည်ချက်ထဲမှာ ဒီနေ့အထိ ဘယ်အချက်တွေဟာ မှန်ကန်သေးကြောင်းကို စူးစမ်းလေ့လာရပါလိမ့်မယ်။ အက်တန်တို့ရဲ့မျိုးဆက်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးမှု၊ အကောင်မြင်ဝါဒဆိုတဲ့ ရောဂါတွေ စွဲကပ်ခဲ့ကြလေတော့ သူတို့ပါဝင်လှုပ်ရှားတဲ့ အဆောက်အအုံကြီးဟာ မခိုင်မြဲဘူး၊ ပြိုကျသွားနိုင်တယ်ဆိုတဲ့ အချက်ကိုလဲ ကောင်းကောင်း သဘောမပေါက် နိုင်ခဲ့ကြဘူးပေါ့။ ဒါပေမယ့် အက်တန်တို့မျိုးဆက်ဟာ ဒီနေ့ကျွန်တော်တို့မပိုင်ဆိုင်တဲ့ အရည်အချင်းနှစ်ခုကိုတော့ ပိုင်ဆိုင်ခဲ့ကြတယ်။ အဲဒါကတော့ ပြောင်းလဲမှုဆိုတာ လူ့အဖွဲ့အစည်းတိုးတက်မှုမှာ အဓိကကျတဲ့ အကြောင်းတစ်ရပ် ဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ရှုပ်ထွေးတဲ့ခေတ်ကြီးကို နားလည်ရေးမှာ ဆင်ခြင်တုံတရားဟာ ကျွန်တော်တို့ရဲ့ ရှေ့ဆောင်လမ်းညွှန် ဖြစ်တယ်ဆိုတဲ့ အချက်ကို ယုံကြည်ခြင်းပါပဲ။

အဲဒီတော့ ၁၉၅၀ ခုနှစ်များ တစ်ဝိုက်က အသံကို ကျွန်တော်တို့ နားထောင်ကြည့်ကြရအောင် ကျွန်တော်ရဲ့ စောစောပိုင်း ဟောပြောချက်တွေထဲမှာ သမိုင်းဆရာ ဆာလူဝီနီမီးယား[1] ရဲ့ ကျေနပ်မှုတစ်ခုကို ထုတ်နုတ်ကိုးကားခဲ့ပါတယ်။ အဲဒီမှာ သူက 'သက်ဆိုင်ရာပါတီများ(ကွန်ဆားဗေးတစ်နဲ့လစ်ဘရယ်ပါတီများ) ဟာ ခိုင်မာတိကျတဲ့ ပြဿနာတွေအတွက် လက်တွေ့ကျတဲ့ အဖြေများကို ရှာဖွေနေချိန်မှာ လုပ်ငန်းစဉ်တွေနဲ့ စံပြပန်းတိုင်တွေကို မေ့လျော့ခဲ့ကြတယ်' လို့သူက ပြောခဲ့ပါတယ်။ ဒီလို ဖြစ်တာဟာလည်း ကောင်းတယ်။ ဒါဟာ 'ရင့်ကျက်မှုကို ပြသတဲ့ လက္ခဏာချက်' တစ်ခုလို့ သူက ကျေနပ်ရောင့်ရဲစွာ ပြောခဲ့ပါတယ်။

ဒါဟာ လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ သက်တမ်းနဲ့လူမျိုးရဲ့သက်တမ်းတို့ကို နှိုင်းယှဉ်ပြသလိုက်တဲ့ သဘောသက်ရောက်နေတယ်။ ကျွန်တော်ကတော့ လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ သက်တမ်းနဲ့လူမျိုးတစ်မျိုးရဲ့ သက်တမ်းတွေကို အတူတူလို ညီမျှခြင်းထိုးကြည့်တာကို သိပ်လက်မခံချင်ဘူး။ ကောင်းပြီ၊ လူမျိုးတစ်မျိုး သက်တမ်းရှည်လာလို့ 'ရင့်ကျက်မှု' ရလာတာဟာ လူတစ်ယောက်အသက်ကြီးလာလို့ ရင့်ကျက်မှုရလာတာနဲ့ အတူတူပဲ ဆိုလို့ရှိရင် လူမျိုးတစ်မျိုး ရင့်ကျက်မှုရလာတော့ ဘာဖြစ်သလဲလို့တစ်ယောက်ယောက်က မေးခွန်းထုတ်လာနိုင်တယ်။

1.Sir Lewis Nemeir

www.burmeseclassic.com

ကျွန်တော်စိတ်ဝင်စားတာကတော့ နိုမီးယား ရှုတ်ချအပြစ်တင်တဲ့ 'လုပ်ငန်းစဉ်' နဲ့ 'စံပြရည်မှန်းချက်' ဆိုတာတွေကို သူအမွှန်းတင်နေတဲ့ 'ခိုင်မာတိကျတဲ့ ပြဿနာတွေအတွက် လက်တွေ့ကျတဲ့ အဖြေ' ဆိုတာတွေဟာ ဘာတွေများ ခြားနားသလဲဆိုတဲ့ အချက်ကို ကျွန်တော် စိတ်ဝင်စားပါတယ်။ အမှန်ကတော့ လက်တွေ့ကို ချီးမြှောက်ပြီး အတွေးအခေါ်ကို ဘေးဖယ်ပစ်ချင်တဲ့ သဘောဟာ ကွန်ဆားဗေးတစ်ဝါဒရဲ့ အဓိက အချက်ကြီးပဲဖြစ်ပါတယ်။ ဆာနိုမီးယားရဲ့ အမြင်မှာတော့ ဒါဟာ ဆယ့်ရှစ်ရာစုနှစ်ရဲ့ အသံ၊ တတိယမြောက် ဂျော့ဘုရင် နန်းတက်ခါစခေတ်က အင်္ဂလန်ပြည်ရဲ့အသံ၊ အက်တန်ရဲ့ တော်လှန်ရေးနဲ့ အတွေးအခေါ်နိုင်ငံများ ထူထောင်ရေးကို ဆော်ဩတာကို ကန့်ကွက်တဲ့ အသံလို့ယူဆကောင်း ယူဆပေလိမ့်မယ်။ ဒါပေမယ့် အလားတူ လုံးဝ ကွန်ဆားဗေးတစ်ဖြစ်တဲ့ အယူအဆဟာ ကျွန်တော်တို့ တိုင်းပြည်မှာ ဒီနေ့လည်းပဲ ခေတ်စားပြီး လူကြိုက်များနေ ပါသေးတယ်။

ဒီအချက်ကို သမိုင်းဆရာ ပါမောက္ခ ထရီဗာရိုးဝါး[1] ရဲ့ ရေးသားချက်တွေထဲမှာ ကျွန်တော်တို့တွေ့နိုင်ပါတယ်။ သူက 'ရေဒီကယ် တွေဟာ သူတို့တွေ အောင်ပွဲခံ... ကြွေးကြော်အော်ဟစ်နေချိန်မှာ အမြော်အမြင်ရှိတဲ့ ကွန်ဆားဗေးတစ် များက ...ခါင်းကို ရိုက်ချိုးလိုက်ကြပြီ' လို့ သူကရေးခဲ့ပါတယ်။

ပါမောက္ခ ... အုတ်ရှော့[2] ကဆိုရင် သည့်ထက်တောင် လွန်လွန်ကျွံကျွံ ရေးခဲ့ပါသေးတယ်။ 'ကျွန်... တော်တို့တတွေဟာ ကမ်းမမြင်လမ်းမမြင် နက်ရှိုင်းတဲ့ ပင်လယ်ကြီးထဲမှာ ရွက်လွှင့်နေ...ကြတာဖြစ်တယ်။ အဲဒီမှာ ခရီးဘယ်ကစပြီး ဘယ်မှာဆုံးမှန်းလည်း မသိဘူး။ ကျွန်...တော်...တို့ရဲ့ ရည်ရွယ်ချက်က ဒီလို အရမ်းကာရော လုပ်နေဖို့မဟုတ်ဘူး။ ငြိမ်သက်တဲ့ ...မှာ ထိုင်လိုက်ပြီး အသာအယာ လှော်ခတ်သွားဖို့သာ ဖြစ်တယ်' လို့သူကပြောခဲ့တယ်။

ခေတ်သစ်နိုင်ငံရေး မျှော်မှန်းချက်များဟာ 'စိတ်ကူးယဉ်ဆန်တယ်'၊ 'ဝါဒစွဲကြီးတယ်' လို့ ပြစ်တင်ဝေဖန်ကြတဲ့ အခြားသော သမိုင်းဆရာတွေရဲ့ စာရင်းတွေကိုတော့ ကျွန်တော်ဖတ်မပြတော့ပါဘူး။ အနာဂတ်လူ့အဖွဲ့အစည်း တိုးတက်ရေးနဲ့ ပတ်သက်တဲ့ ရေဒီကယ်ကျတဲ့ ဒီအတွေးအခေါ်တွေကို ဒီလို ပြစ်တင်ရှုတ်ချပြီး နာမည်အမျိုးမျိုးပေးတာတွေကတော့ အများကြီးပါပဲ။ ဓရတွက်လို့ တောင် ကုန်နိုင်မှာမဟုတ်ပါဘူး။ ဒါတွင်မကဘူး၊ ကျွန်တော်တို့ဆီမှာထက်တောင် ကွန်ဆားဗေးတစ်ဝါဒကို ပြောင်ကျကျစွဲကိုင်ပြီး ခေတ်ရေစီးကြောင်းကို ဆန့်ကျင်နေကြတဲ့ အမေရိကန်ပြည်ထောင်စုက သမိုင်းဆရာများရဲ့ အယူအဆတွေကိုလည်း ဒီမှာ ကျွန်တော်တို့ မပြောတော့ပါဘူး။

1. Trevor Roper. 2. Oakshot





အဲဒီအထဲက အထင်ရှားဆုံး သမိုင်းဆရာတစ်ဦးဖြစ်ပြီး ... အရှိဆုံးလို့ ယူဆရတဲ့ ဟားဗက်တက္ကသိုလ်က သမိုင်းဆရာ ပါမောက္ခ ဆင်မျူရယ်မော်ရစ်ဆန်[1] ရဲ့ စကားတစ်ခွန်းကိုပဲ ကျွန်တော်ကိုးကားပြပါတော့မယ်။ ၁၉၅ဝ ခု ဒီဇင်ဘာလထဲက အမေရိကန်ပြည်ထောင်စု သမိုင်း အသင်းရဲ့ အစည်းအဝေးတစ်ခုမှာ မိန့်ခွန်းပြောရာမှာ ပါမောက္ခမောရစ်ဆန်က 'ခုအချိန်ဟာ ဂျက်ဖာဆင်-ဂျက်ဆင်-ရုစဗဲ့လမ်းစဉ်' လို့ သူအမည် ပေးတဲ့ အယူအဆတစ်ခုကို ဆန့်ကျင်တိုက်ဖျက်ဖို့ အချိန်ရောက်လာပြီလို့ ပြောခဲ့ပါတယ်။ ဒါတွင်မကဘူး 'အမေရိကန်ပြည်ထောင်စုရဲ့ သမိုင်းကို မှန်ကန်ဖော်ပြနိုင်ခြင်းမရှိ တည်ငြိမ်တဲ့ ကွန်ဆားဗေးတစ် ရှုထောင့်ကရေးဖို့လိုအပ်လာပြီ' လို့လည်း ပြောသွားခဲ့ပါသေးတယ်။

ဒါပေမယ့် ကွန်ဆားဗေးတစ် အမြင်ကို အထင်ရှားဆုံးနဲ့အပြင်းထန်ဆုံး ရှေ့နေလိုက်ပေးနေတဲ့ သူကတော့ ကျွန်တော်တို့တိုင်းပြည်က ပါမောက္ခ ထရီဗာရိုးပါး ပါပဲ။ သူက နိုမီးယားရဲ့အသံကို ပဲ့တင်ထပ်ပြီး လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးကို 'ပြန်လည်ပုံသွင်းဖို့' လုပ်နေတာတွေကို ဝေဖန်တိုက်ခိုက်ပြီး 'လူမှုအင်ဂျင်နီယာရင်းကို တစ်ပိုင်းတစ်စ လုပ်တာ' လို့ သူပြောတဲ့ဝါဒကို ချီးကျူး ထောက်ခံသွားပါတယ်။

အဲ ပါမောက္ခရိုးပါးကို ကျွန်တော် ချီးကျူးချင်တာ တစ်ချက်ကတော့ ရှိပါတယ်။ အဲဒါကတော့ ပါမောက္ခရိုးပါးဟာ ဆင်ခြင်တုံတရားဘက်က အခိုင်အမာကာကွယ်သူတစ်ဦးဖြစ်ပြီး အတိတ်ကရော၊ ပစ္စုပ္ပန်မှာပါ ဘယ်တုန်းကမှ ဆင်ခြင်တုံတရားမဲ့ဝါဒကို လက်မခံတဲ့အချက်ပါပဲ။ ဒါပေမယ့် သူပြောတဲ့ လူမှု အင်ဂျင်နီယာရင်း လုပ်ငန်းကို လုပ်ရမယ်ဆိုတဲ့အချက်ကို ကြည့်လိုက်ရင်တော့ ဆင်ခြင်တုံတရားရဲ့ အခန်းကို လျှော့တွက် ထားတာကို တွေ့ရပါတယ်။ သူပြောတဲ့ 'လူမှုအင်ဂျင်နီယာရင်း' လုပ်ငန်းကို တဖြည်းဖြည်းလုပ်ရမယ်ဆိုတဲ့ အညွှန်းဟာ တိကျခြင်းမရှိသည့်တိုင် 'ရည်မှန်းချက်ပန်းတိုင်' တွေကိုတော့ မကြည့်နဲ့လို့ပြောထားပါတယ်။ ပြီးတော့ သူပြသွားတဲ့ ဥပမာတွေဖြစ်တဲ့ 'ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတွင်း ပြုပြင်ပြောင်းလဲရေး' တို့၊ 'လူတွေ ဝင်ငွေ ပိုမိုတိုးတက်လာရေး' တို့ဆိုတာဟာလည်း တကယ်ကတော့ လက်ရှိ လူ့အဖွဲ့အစည်းအတွင်းမှာပဲ လုပ်ရမယ်ဆိုတဲ့သဘောကို တိတိလင်းလင်း ဖော်ပြနေပါတယ်။

ပါမောက္ခရိုးပါးရဲ့ စီမံကိန်းထဲမှာရှိတဲ့ ဆင်ခြင်တုံတရား ဆိုတာဟာလည်း လက်စသတ်တော့ တည်ဆဲအစိုးရရဲ့ ပေါ်လစီများကို စီမံခန့်ခွဲ နိုင်တဲ့ အရည်အချင်းရှိတဲ့ ဗြိတိသျှအုပ်ချုပ်ရေး အရာရှိတစ်ဦးရဲ့ ဆင်ခြင်တုံတရားမျိုး၊ လက်ရှိ အခြေအနေမှာ တိုးတက်အောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတဲ့ အကြံပေးနိုင်ရုံ ဆင်ခြင်တုံ

1. Samuel Morrison

www.burmeseclassic.com



တရားမျိုးသာ ဖြစ်ပါတယ်။ သူ့အထဲမှာ အခြေခံကျတဲ့ အဆုံးစွန်ရည်မှန်းချက်ကို ဖော်ညွှန်းတဲ့ အချက်ရယ်လို့တစ်ချက်မှမပါပါဘူး။

ဟုတ်ပါတယ်၊ ‘ဒီလို လုပ်တာဟာကောင်းပါတယ်’ ကျွန်တော် ကိုယ်တိုင်ဟာလည်းပဲ အစိုးရအမှုထမ်းတစ်ဦးဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဆင်ခြင်တုံတရားကို လက်ရှိစနစ်အောက်မှာပဲ ကျင့်သုံးရမယ်ဆိုတဲ့ သဘောကိုတော့ ရေရှည်မှာ ကျွန်တော် လက်မခံနိုင်ပါဘူး။ ဒါဟာ သမိုင်းဆရာကြီး အက်တန်ပြောခဲ့တဲ့ ဆင်ခြင်တုံတရားမျိုး မဟုတ်ပါဘူး။

လူ့အဖွဲ့အစည်းမှာဖြစ်စေ၊ သမိုင်းမှာဖြစ်စေ၊ သိပ္ပံပညာမှာဖြစ်စေ၊ တိုးတက်မှုကို ရရှိလာတယ်ဆိုတာ လူတွေကလက်ရှိ စနစ်အောက်မှာ ဖြည်းဖြည်းချင်း နည်းနည်းချင်း ပြောင်းလဲလို့ရလာတာ မဟုတ်ပါဘူး။ ဆင်ခြင်တုံတရားရဲ့ကိုယ်စား တည်ဆဲစနစ်ကို အန်တုတဲ့အတွက် ပြောင်းလဲတိုးတက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်က သမိုင်းဆရာများ၊ လူမှုဗေဒပညာရှင်များနဲ့ နိုင်ငံရေးတွေးခေါ်ရှင်များဟာ ဒီလို လက်ရှိစနစ်ကို စိန်ခေါ်ရဲတဲ့ သတ္တိမျိုး တစ်နေ့မှာရှိလာလိမ့်မယ်လို့ပဲ ကျွန်တော် မျှော်လင့်ထားပါတယ်။

ကျွန်တော်စိတ်ပျက်နေတာက ကျွန်တော်တို့တိုင်းပြည်ကသမိုင်းဆရာတွေ၊ နိုင်ငံရေးတွေးခေါ်ရှင်တွေထဲမှာ ဆင်ခြင်တုံတရားကို ယုံကြည်မှု နည်းလာလို့ စိတ်ပျက်တာ မဟုတ်ပါဘူး။ ကမ္ဘာကြီးဟာ အစဉ်သဖြင့် ပြောင်းလဲလှုပ်ရှား နေတယ်ဆိုတာကို သူတို့မမြင်နိုင်ကြလို့စိတ်ပျက်တာပါ။ ဒီလိုပြောတော့ ထူးဆန်းနေသယောင် ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ လူမှုပြောင်းလဲရေးအကြောင်းကို အပေါ်ယံ ဟန်ဆောင် ပန်ဆောင်ကလေးကိုတောင်မှ သူတို့တစ်တွေ မပြောကြပဲကိုး။

သူတို့က ပြောင်းလဲမှု စွမ်းဆောင် အောင်မြင်ချက်ကြီးတစ်ခုလို့မယူဆကြဘဲ ကြောက်စရာကြီးတစ်ခုလို ယူဆနေကြတော့ ခက်တာပေါ့။ ကျွန်တော်တို့ နိုင်ငံရေးပဏ္ဍိတ်တွေနဲ့ဘောဂဗေဒပဏ္ဍိတ်တွေ အားလုံးကလည်း ရေဒီကယ်အယူအဆတွေနဲ့ ခေတ်ရှေ့ပြေးတဲ့ အယူအဆမှန်သမျှကို သတိထားဖို့၊ တော်လှန်ပြောင်းလဲမှုရဲ့ အနံ့ကလေးကိုတောင်မခံဖို့ အမြဲတမ်း သတိပေးနေခဲ့ကြတယ်။ ပြောင်းလဲမှု လုပ်တယ်ဆိုရင်လည်းပဲ ဖြည်းဖြည်းချင်း၊ နေးနေးချင်း သတိကြီးစွာထားဖို့ အမြဲတမ်း ဆော်ဩခဲ့ကြတယ်။

ဒီနေ့လို အလွန်လျင်မြန်စွာ ကမ္ဘာကြီး ပြောင်းလဲနေတဲ့အချိန်မျိုးမှာ ဒီလို ခေတ်နောက်ပြန်ဆွဲတဲ့ သတိပေးချက်၊ ဟန့်တားချက်မျိုးဟာ တိမ်သလ္လာဖုံးရာရောက်ပြီး ဒီအတိုင်းသာဆိုရင် ကျွန်တော်တို့တိုင်းပြည်နဲ့တကွ အင်္ဂလိပ်စကားပြောတိုင်းပြည်များ အားလုံးဟာ အထွေထွေတိုးတက်မှုကြီးရဲ့နောက်မှာ ဖုန်တထောင်းထောင်းနဲ့နောက်ကျ





ကျန်ရစ်ခဲ့မှာကို ကျွန်တော်စိုးရိမ်ပါတယ်။

ကျွန်တော် တစ်ဦးတည်းအနေနဲ့ပြောရရင်တော့ ကျွန်တော်ဟာ အကောင်းမြင်ဝါဒီ တစ်ဦးဖြစ်ပါတယ်။ ပါမောက္ခနီမီးယားက ကျွန်တော့်ကို လူမှုတိုးတက် ပြောင်းလဲမှုတွေကိုရှောင်ဖို့၊ သတိထားဖို့ပြောသည့်တိုင်၊ ပါမောက္ခအုတ်ရှော့ကလည်း ဒီအတိုင်းသာဆိုရင် ကျွန်တော်တို့ဘယ်ကိုမှ ခရီးရောက်မှာ မဟုတ်ဘူး၊ အရေးကြီးတာက လှေပေါ်မှာ ငြိမ်ငြိမ်လိုက်လာဖို့ပြောသည့်တိုင်၊ ပါမောက္ခရိုးပါးကလည်း လမ်းပေါ်မှာ ပုံစံဟောင်းနဲ့ကျန်ရစ်ပြီး ဖြည်းဖြည်းတိုးသွားဖို့သတိပေးသည့်တိုင်၊ ပါမောက္ခ မောရစ်ဆန်ကလည်း သမိုင်းကိုရေးရာမှာ ကွန်ဆားဗေးတစ် ရှုထောင့်နဲ့ပဲရေးဖို့ နှိုးဆော်သည့်တိုင် ကျွန်တော်ကတော့ ရှုန်းရင်းဆန်ခတ် ဖြစ်နေတဲ့ကမ္ဘာကြီး၊ ဝရုန်းသုန်းကား ဖြစ်နေတဲ့ ကမ္ဘာကြီးကိုသာ စောင့်ကြို့နေပြီးထင်ရှားတဲ့ သိပ္ပံပညာရှင်ကြီးတစ်ဦးရဲ့ အများသိစကားလုံးတစ်လုံးနဲ့ပဲ သူတို့ကိုပြန်ပြီး အဖြေပေးမှာပါပဲ။ အဲဒီ စကားလုံးကတော့ ‘ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာကြီးဟာ လှုပ်ရှားပြောင်းလဲနေတယ်’ ဆိုတဲ့စကားပါပဲ။

မြသန်းတင့်

(ဤဆောင်းပါးများကို ‘အတွေးအမြင်’တွင် ၁၉၈၇-ဖေဖော်ဝါရီလမှ ၁၉၈၉ခု ဩဂုတ်လအထိ ရေးသားဖော်ပြခဲ့သည်။)



www.burmeseclassic.com